http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(ဒသမတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဓမ္မဒါန

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http://www.dhammadownload.com

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
မင်းကွန်းဆရာတော်ဘုရားကြီး၏
တိဏကုဋိဒါယက ထေရာပဒါန်နှင့်အညီ ဖွဲ့သီအပ်သော

# ကျောင်းလှူကျိုး ၇ ပါး

# တရားလင်္ကာ

✿ ✿ ✿

သုံးတန်စေတနာ ညီညွတ်စွာဖြင့် သာသနိက
ဝိဟာရကျောင်း တန်ဆောင်းအလှူ ဆောက်လှူသူတို့
ကြီးထူကဲဝှန် ကျိုးရဟန်ကို ကျမ်းဂန်ထောက်ချင့်
နိဒါန်းဖွင့်သော်

၁။ နတ်နှင့်လူနှယ် သန္ဓေတွယ်၍၊
၂။ စိတ်ဝယ်တောင့်တ ဆောက်အုံရ၏။
၃။ မထကြွက်သီး ကိုယ်လည်းမလှုပ် ကြောက်ရပ်မထင် ထိတ်လန့်စင်၏။
၄။ ခြင်္သေ့–သစ်–ကျား သားရဲများနှင့် ဖမ်းစားကလူ နှိပ်စက်မှုသားတောသူ–ဘုတ်–ပြိတ်–အဆိပ်ထန်ပြင်း မြွေနှင့်ကင်းက အဆင်းဖောက်ပြန် ကုမ္ဘဏ် ရက္ခိုသ် နတ်မိုက် ရန်ပေါင်း ဘေးလွတ်ရောင်း၏။
၅။ မကောင်းအိပ်မက် မမြင်မက်ဘူး။
၆။ ထင်လျက်သတိ မြဲခိုင်ဘိ၍ ဝိပရိဏာ် ဖောက်ပြန်စိတ်ရင်း ရူးသွပ်ခြင်းမှ ရှင်းရှင်းလွတ်ရောင်း ကျိုးဆက်ကောင်း၏။
၇။ နောက်နှောင်းဘဝ ပစ္ဆိမဝယ် ဂုဏကဲပို အရဟတ္တဖိုလ်ဟု ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည် ဆောက်ဦးအလှူ ကျိုးခုနစ်တည်း။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(ဒသမတွဲ)


တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဓမ္မဒါန

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http://www.dhammadownload.com

ပုံနှိပ်ထုတ်ဝေသူ

ဦးအောင်သန်း (၂)

အတွင်းရေးမှူး၊ တိပိဋက=နိကာယ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့၊

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

http://www.dhammadownload.com



## အရှင်ဝိစိတ္တသာ ရာဘိဝံသ၏ ဟောစဉ်တရားတော်များ (ဒသမတွဲ) ဒုတိယအကြိမ် ထုတ်ဝေရခြင်းအကြောင်း

### အမှာစာ

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ ဒသမတွဲတွင် ၁။ ဓမ္မစကြာတရားတော်၊ ၂။ ဗြဟ္မယာစနကထာ အဖြေစာတမ်း၊ ၃။ ဒွယတာနုပဿနာသုတ္တန်တရားတော်၊ ၄။ မဟာသုဒဿန သုတ္တန်တရားတော်ဟူ၍ သုတ္တန်တရားတော်ကြီး သုံးပုဒ်နှင့် ဝိနည်းမဟာဝဂ္ဂလာ ဗြဟ္မယာစနကထာနှင့်စပ်၍ အဖြေစာတမ်းတစ်ပုဒ်တို့ ပါဝင်ပါသည်။

၁။ ဓမ္မစကြာတရားတော်

ဤဓမ္မစကြာတရားတော်တွင် မြတ်စွာဘုရား ဗောဓိပင်အနီး သတ္တသတ္တာဟ စံနေတော်မူစဉ် ဖြစ်ရပ်များနှင့် မိဂဒါဝုန်တောဌ် ပဉ္စဝဂ္ဂီရဟာန်းတို့အား ဓမ္မစကြာတရားဟောခြင်း စသည်တို့ ပါဝင်ပါသည်။

ပလ္လင်္ကသတ္တာဟ စံနေတော်မူစဉ် ပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်တော်မူခြင်း၊ ဥဒါန်းသုံးဆင့် ကျူးရင့်တော်မူခြင်း၊ အနိမိသသတ္တာဟ စံနေတော်မူခြင်း၊ စင်္ကမသတ္တာဟ စံနေတော်မူခြင်း၊

ရတနာဃရ သတ္တာဟ စံနေတော်မူစဉ် – အဘိဓမ္မဒေသနာတော်ကို ဆင်ခြင်တော်မူခြင်း၊ ဆဗ္ဗဏ္ဏရံသီဝန္ဒနာဂါထာများ၊

အဇပါလသတ္တာဟ စံနေတော်မူစဉ် – ဟုံဟုင်္ကပုဏ္ဏားဏ၏ အမေးနှင့်စပ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း၊

မုစလိန္ဒသတ္တာဟ စံနေတော်မူစဉ် – မုစလိန္ဒနဂါးနှင့်စပ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း၊

ရာဇာယတန သတ္တာဟ စံနေတော်မူစဉ် – တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ ဘုရားထံမှောက် ရောက်လာ၍ ဒွေဝါစိက သရဏဂုံ ဆောက်တည်ခြင်းနှင့် ဥက္ကလာပအရပ် ယူဆပုံ၊

အဇပါလသတ္တာဟ တဖန် စံနေတော်မူစဉ် တရားမဟောရန် အကြံ

http://www.dhammadownload.com



ဖြစ်တော်မူခြင်း၊ သဟမ္ပတိဗြဟ္မာမင်း တောင်းပန်လာခြင်း၊ ကြာဥပမာဖြင့် ဆင်ခြင်ကာ သဟမ္ပတိဗြဟ္မာအား တရားဟောတော်မူရန် ဝန်ခံ၍ တရားဟောရမည့်သူများကို ကြည့်ရှုဆင်ခြင်တော်မူခြင်းတို့ ဖြစ်ပါသည်။ အစဉ်အတိုင်း အာဠာရရသေ့၊ ဥဒကရသေ့၊ ပဉ္စဝဂ္ဂီရဟန်းတို့ကို တရားဟောရန် အကြံဖြစ်တော်မူပါသည်။ နောက်ဆုံး၌ ပဉ္စဝဂ္ဂီတို့ကို တရားဟောရန် ဂယာသီသမှ ပဉ္စဝဂ္ဂီတို့ရှိရာ မိဂဒါဝုန်သို့ မြတ်စွာဘုရား ခြေလျင်ခရီး ကြွတော်မူပါသည်။ ဝါဆိုလပြည့်နေ့ရောက်၍ ထိုည ဓမ္မစကြာတရားကို ဟောတော်မူပါသည်။

ထိုဓမ္မစကြာတရားဒေသနာ၌ ရှောင်ကြဉ်ရမည့် အစွန်းနှစ်ပါး၊ ကျင့်ပွားရမည့် မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါး၊ သိမြင်ရမည့် သစ္စာလေးပါးတရားတို့ ပါဝင်ပါသည်။ ပဉ္စဝဂ္ဂီငါးဦးတို့တွင် အရှင်ကောဏ္ဍညသည် သာသနာတော်၌ ရှေးဦးစွာ သိမြင်သူဖြစ်၍ အညာသိကောဏ္ဍည အမည်တွင်ပါသည်။ အရှင်ကောဏ္ဍည၏ အတိတ်ဘဝဇာတ်ကြောင်း၊ ဘုရား ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးကျွတ်တမ်းဝင်သူ သုဘဒ္ဒပရိဗိုဇ်တို့၏ အတိတ်ဘဝ ဇာတ်ကြောင်းများပါ ဟောစဉ်ဒသမတွဲတွင် ဖတ်ရှုကြည့်ရှုနိုင်ပါသည်။

၂။ ဗြဟ္မယာစနကထာအဖြေစာတမ်း

ယင်းစာတမ်းမှာ သဟမ္ပတိဗြဟ္မာမင်း၏ မြတ်စွာဘုရားအား တရားဟောရန် လျှောက်ထားတောင်းပန်ခန်း ဖြစ်ပါသည်။ သဟမ္ပတိဗြဟ္မာ တောင်းပန်၍ မြတ်စွာဘုရား တရားဟောရသည် ဟူသောအချက်ကို မနှစ်သက်နိုင်သော ဝန်ကြီးချုပ်ဟောင်း ဦးနုသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်သို့ ကြွရောက်လာကြသည့် သံဂါယနာတင် မထေရ်ကြီးတို့အား ဖြေကြားပေးပါရန် အချက်လေးချက်ပြကာ လျှောက်ထားတောင်းပန်ခဲ့သည်။

ထိုကိစ္စကို သံဃာတော်များက သံဃာ့ကိုယ်စား ဖြေကြားပေးရန် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသအား တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည်။ သို့အတွက် ဆဋ္ဌသံဂီတိဝိသဇ္ဇက ဖြစ်တော်မူသည့် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဗြဟ္မယာစနကထာ အဖြေလွှာစာတမ်းကို အကျဉ်းနည်းအားဖြင့်လည်းကောင်း၊ အကျယ်နည်းအားဖြင့်လည်းကောင်း ရှင်းလင်းကာ ရေးသားဖြေဆိုခဲ့ပါသည်။ ထို့ကြောင့် ဗြဟ္မယာစနကထာ

http://www.dhammadownload.com



အဖြေစာတမ်း ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ထိုစာတမ်းကို ဤဟောစဉ် တရားတော်များ ဒသမတွဲတွင် ဓမ္မစကြာဒေသနာတော်နှင့် ဆက်စပ်သဖြင့် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၃။ ဒွယတာနုပဿနာ သုတ္တန်တရားတော်

ဤသုတ္တန်သည် သစ္စာလေးပါးတရားကို ဝဋ္ဋသစ္စာ–ဒုက္ခ၊ သမုဒယ ကျိုးကြောင်းတစ်စုံ၊ ဝိဝဋ္ဋသစ္စာ – နိရောဓ၊ မဂ္ဂ ကျိုးကြောင်းတစ်စုံ၊ ဤသို့ နှစ်စုံနှစ်စုံပြု၍ ရှုပွားရသော ဒေသနာ ဖြစ်ပါသည်။ ဤအတူ ဒုတိယပဗ္ဗ ဉပဓိပိုင်း၌လည်း ဉပဓိနှင့်စပ်၍ သစ္စာလေးချက် ဟောထားခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ဉပဓိဆိုသည်မှာ ကာမ, ရူပ, အရူပ ဘုံသုံးပါး ကံဖြစ်သည့် အဘိသင်္ခါရုပဓိ ဖြစ်ပါသည်။ အဘိသင်္ခါရ သမုဒယသစ္စာကြောင့် တေဘူမက ဝဋ် ဒုက္ခသစ္စာ ဖြစ်ရပါသည်။ ဤသို့ ဝဋ္ဋသစ္စာ နှစ်ခု ဖြစ်ပါသည်။ မဂ္ဂသစ္စာဖြင့် တေဘူမကဝဋ် ဒုက္ခတရားတို့ကို ရှုပွားက ဒုက္ခဖြစ်ကြောင်း အဘိသင်္ခါရုပဓိ ငြိမ်းကာ ဒုက္ခနိရောဓနိဗ္ဗာန်သို့ ဆိုက်ရောက်ပါသည်။ ဤသို့ မဂ္ဂနှင့် နိရောဓ ဝိဝဋ္ဋသစ္စာနှစ်ပါး ဖြစ်ပါသည်။ ဉပဓိနှင့်စပ်၍ ဝဋ္ဋသစ္စာ နှစ်ပါး၊ ဝိဝဋ္ဋသစ္စာနှစ်ပါးတို့ကို အစုံအစုံပြု၍ ရှုမှတ်ရပါသည်။

ထို့အတူ အဝိဇ္ဇာပဗ္ဗ၌လည်း အဝိဇ္ဇာကြောင့် ဒုက္ခဖြစ်ပုံ တစ်စုံ၊ မဂ္ဂင်ပွား က ဒုက္ခသိ၍ အဝိဇ္ဇာချုပ်ပုံတစ်စုံ အစုံလိုက်ရှုနည်း၊ သင်္ခါရပဗ္ဗ၌လည်း ဉပဓိပဗ္ဗနှင့် အတူရှုပုံ စသည်ဖြင့် အပိုင်း ၁၆ ပိုင်းခွဲကာ သစ္စာရှုနည်းများကို ဟောကြားထားပါသည်။

၄။ မဟာသုဒဿနသုတ္တန်တရားတော်

ဤသုတ္တန်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုမည့် ကုသိနာရုံပြည်သည် မြို့သိမ်မြို့ငယ်ကလေးမျှသာဖြစ်၍ ဤနေရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် မပြုသင့်ကြောင်း၊ ထင်ရှားသည့် မြို့ကြီးများ၌သာ ပရိနိဗ္ဗာန်ပြုသင့်ကြောင်း မြတ်စွာဘုရားအား ရှင်အာနန္ဒာ လျှောက်ထားသည်ကို တားမြစ်လိုသဖြင့် ဤသုတ္တန်ကို ဟောတော်မူခြင်း ဖြစ်ပါသည်။

အလောင်းတော် မဟာသုဒဿနစကြာမင်း ဖြစ်စဉ်အခါက ဤကုသိနာရုံ ပြည်သည် ကုသာဝတီရာဇဓာနီ မင်းနေပြည်ဖြစ်ခဲ့ပုံ၊ အရှေ့အနောက် တစ်ဆယ့်နှစ်ယူဇနာ ရှည်လျား၍ တောင်မြောက်ခုနစ်ယူဇနာ ကျယ်ဝန်းပုံ၊

http://www.dhammadownload.com



ဆန့်ရေစပါး ပေါ်များ၍ အသံဆယ်ပါး မဆိတ်ပုံ၊ မြို့တော်ကို ရတနာတံတိုင်း ခုနစ်ထပ် ရံပတ်ထားပုံ၊ ဓမ္မပါသာဒ ပြာသာဒ်တော်၊ ဓမ္မရေကန်တော်တို့နှင့် ပြည့်စုံပုံ၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ စသော ရတနာခုနစ်ပါးနှင့် ပြည့်စုံပုံ၊

မဟာသုဒဿန စကြာမင်းကြီး၏ စည်းစိမ်တော်များကား ကုသာဝတီ မင်းနေပြည် အမှူးရှိသည့် မြို့တော်ပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မပါသာဒ ပြာသာဒ်တော်ကြီး အဦးရှိသည့် ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ အဆောင်ပေါင်း ရှစ်သောင်းလေးထောင်၊ ပလ္လင်တော်ပေါင်း ရှစ်သောင်း လေးထောင်၊ ဆင်ရတနာပေါင်း ရှစ်သောင်းလေးထောင်၊ မြင်းရတနာပေါင်း ရှစ်သောင်းလေးထောင်၊ မိဖုရားရတနာပေါင်း ရှစ်သောင်းလေးထောင် ရှိပေသည်။

ဤမျှသော စည်းစိမ်ဥစ္စာတို့ကို ၊ဂလေးဘဝဖြင့် နှစ်ပေါင်းရှစ်သောင်း လေးထောင်၊ မင်းသားငယ်ဘဝ၊ အိမ်ရှေ့စံဘဝ၊ မဟာသုဒဿနစကြာမင်း ဘဝ၊ ဓမ္မပါသာဒပြာသာဒ်ထက်၌ ဈာန်သမာပတ် ချမ်းသာဖြင့်နေသော ဘဝ အသီးသီးတို့၌လည်း နှစ်ပေါင်း ရှစ်သောင်းလေးထောင်စီ ကုန်လွန်ပြီးနောက် ဗြဟ္မာ့ပြည်သို့ လားရောက်ခဲ့သည်။ ဤသို့ ခမ်းနားကြီးကျယ်လှသည့် ကုသာဝတီမင်းနေပြည် အမှူးရှိသည့် မြို့တော်ပေါင်း ရှစ်သောင်းလေးထောင် စသည့် စည်းစိမ်ဥစ္စာ ရုပ်နာမ်ဓမ္မ သင်္ခါရအစုတို့သည် ယခုအခါ အိပ်မက်ပမာ ချုပ်ပျောက် ပျက်စီးခဲ့ကြကုန်ပြီ၊ သင်္ခါရဓမ္မတို့၏ မခိုင်မြဲပုံကို ဆင်ခြင် သုံးသပ်၍ သင်္ခါရတရားအစုတို့၌ ငြီးငွေ့ကာ သင်္ခါရတရားတို့၏ လွတ် မြောက်ရာသို့ ရောက်အောင် အားထုတ်အပ်ကြောင်း ဟောကြားထားသည့် သုတ်တော်ကြီး ဖြစ်ပေသည်။

ဤသို့ သုတ်တော်ကြီး သုံးသုတ်နှင့် ဗြဟ္မယာစနကထာ အဖြေ စာတမ်း ပါဝင်သည့် ဟောစဉ်တရားတော်များ ဒသမတွဲကို မျှော်လင့် တောင့်တနေကြသည့် သပ္ပုရိသနွယ်ဝင် သူတော်စင်တို့အတွက် ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပေသည်။

တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက
စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့

http://www.dhammadownload.com



# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ (ဒသမတွဲ)
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **ဓမ္မစကြာတရားတော်** | ၁ |
| | ဘုရားရှိခိုး | ၁ |
| | ဓမ္မစကြာတရားတော်နိဒါန်း | ၃ |
| | ပလ္လင်္ကသတ္တာဟ စံနေတော်မူခြင်း | ၄ |
| | ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းဆင်ခြင်တော်မူခြင်း | ၅ |
| | ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတော်မူခြင်းအကြောင်းရင်း | ၇ |
| | ပထမဥဒါန်းကျူးရင့်တော်မူခြင်း | ၁၀ |
| | ဒုတိယဥဒါန်းကျူးရင့်တော်မူခြင်း | ၁၁ |
| | တတိယဥဒါန်းကျူးရင့်တော်မူခြင်း | ၁၂ |
| | အနိမိသ သတ္တာဟ စံနေတော်မူခြင်း | ၁၃ |
| | စင်္ကမ သတ္တာဟ စံနေတော်မူခြင်း | ၁၄ |
| | ရတနာဃရသတ္တာဟ စံနေတော်မူခြင်း | ၁၄ |
| | ဆဗ္ဗဏ္ဏရံသီဝန္ဒနာဂါထာများ | ၁၅ |
| | အဇပါလ သတ္တာဟ စံနေတော်မူခြင်း | ၂၂ |
| | ဟုံဟုက်၏အမေးနှင့်စပ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း | ၂၃ |
| | မုစလိန္ဒ သတ္တာဟ စံနေတော်မူခြင်း | ၂၆ |
| | မုစလိန္ဒနဂါးနှင့်စပ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း | ၂၇ |
| | ရာဇာယတန သတ္တာဟ စံနေတော်မူခြင်း | ၂၉ |
| | ဥက္ကလာပအရပ် | ၃၀ |
| | တပုဿနှင့်ဘလ္လိကတို့ ဘုရားထံမှောက် ရောက်လာခြင်း | ၃၂ |
| | စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဘုရားရှင်အား သပိတ်လှူဒါန်းခြင်း | ၃၄ |
| | တပုဿနှင့်ဘလ္လိက ဒွေဝါစိက သရဏဂုံတည်ကြခြင်း | ၃၆ |
| | မြတ်စွာဘုရား စိတ်အကြံ ဖြစ်တော်မူခြင်း | ၃၇ |

http://www.dhammadownload.com



## ဟောစဉ်တရားတော်များ (ဒသမတွဲ)

သဟမ္ပတိဗြဟ္မာကြီး တောင်းပန်လာခြင်း ၄၉
ကြာဥပမာ ထင်လာခြင်း ၅၅
သဟမ္ပတိဗြဟ္မာကို ဝန်ခံတော်မူခြင်း ၅၆
တရားဟောရမည့်သူကို ကြည့်တော်မူခြင်း ၅၈
အာဠာရကို ပထမ စဉ်းစားခြင်း ၅၉
ဥဒကကို ဒုတိယ စဉ်းစားခြင်း ၆၁
ပဉ္စဝဂ္ဂီတို့ကို မြင်တော်မူခြင်း ၆၁
ဥပကနှင့်တွေ့တော်မူခြင်း ၆၄
မိဂဒါဝုန်သို့ ရောက်တော်မူခြင်း ၆၈
ဓမ္မစကြာတရားဟောတော်မူခြင်း ၇၄
ဓမ္မစကြာတရားတော် ၇၄
မဇ္ဈိမပဋိပဒါ ၇၅
သစ္စာလေးပါး ၇၈
သစ္စာလေးပါးတရားသာ ကျင့်စရာ ၇၉
သမ္မာဒိဋ္ဌိ ပိုင်နိုင်အောင် ကိုင်ကြလေ ၈၀
ဒုက္ခသစ္စာ ဉာဏ်ပေါ်အောင် အားထုတ်ခြင်း ၈၁
သမုဒယသစ္စာ ဉာဏ်ပေါ်အောင် အားထုတ်ခြင်း ၈၃
နိရောဓသစ္စာ ဉာဏ်ပေါ်အောင် အားထုတ်ခြင်း ၈၄
မဂ္ဂသစ္စာ ဉာဏ်ပေါ်အောင် အားထုတ်ခြင်း ၈၄
ဆင်ခြင်ဖွယ်တရားအနှစ် ၈၅
အရှင်ကောဏ္ဍည တရားထူးရတော်မူခြင်း ၈၅
အညာသိကောဏ္ဍညဟု တွင်ရခြင်း ၈၆
အရှင်ကောဏ္ဍည၏ အလှူဦး ကိုးမျိုး ၈၇
သုဘဒ္ဒလောင်းလျာ၏ နောက်ဆုံးအလှူ ၈၈
ဧဟိဘိက္ခု ဖြစ်တော်မူခြင်း ၈၉
သစ္စကမ္မဋ္ဌာန်းအားထုတ်ကြရန် ၉၁
နိဂုံးဆုတောင်း ၉၃

http://www.dhammadownload.com




၂။ ဗြဟ္မယာစနကထာအဖြေစာတမ်း ၉၅

လျှောက်ထားချက် ၉၆

ဗြဟ္မယာစနကထာ မြန်မာပြန် ၉၆

ဗြဟ္မယာစနကထာ ဝိသဇ္ဇနာ ၁၁၆

ဗြဟ္မယာစနကထာ သံခေပဝိသဇ္ဇနာ ၁၂၃

ဗြဟ္မယာစနကထာ ဝိတ္ထာရဝိသဇ္ဇနာ ၁၃၀

ဗြဟ္မယာစနကထာ အကျဉ်းချုပ်အဓိပ္ပါယ် ၁၆၂

၃။ ဒွယတာနုပဿနာ သုတ္တန်တရားတော် ၁၆၇

ဒွယတာနုပဿနာ သုတ္တန်ဟောကြားရန် ကြံတော်မူခြင်း ၁၆၉

၁။ ပထမပဗ္ဗ (သစ္စာပဗ္ဗ – သစ္စာပိုင်း) ၁၇၃

၂။ ဒုတိယပဗ္ဗ (ဥပဓိပဗ္ဗ – ဥပဓိပိုင်း) ၁၈၈

၃။ တတိယပဗ္ဗ (အဝိဇ္ဇာပဗ္ဗ – အဝိဇ္ဇာပိုင်း) ၁၉၄

၄။ စတုတ္ထပဗ္ဗ (သင်္ခါရပဗ္ဗ – သင်္ခါရပိုင်း) ၂၀၂

၅။ ပဉ္စမပဗ္ဗ (ဝိညာဏပဗ္ဗ – ဝိညာဉ်ပိုင်း) ၂၂၁

၆။ ဆဋ္ဌပဗ္ဗ (ဖဿပဗ္ဗ – ဖဿပိုင်း) ၂၂၆

၇။ သတ္တမပဗ္ဗ (ဝေဒနာပဗ္ဗ – ဝေဒနာပိုင်း) ၂၃၀

၈။ အဋ္ဌမပဗ္ဗ (တဏှာပဗ္ဗ – တဏှာပိုင်း) ၂၃၄

၉။ နဝမပဗ္ဗ (ဥပါဒါနပဗ္ဗ – ဥပါဒါန်ပိုင်း) ၂၅၃

၁၀။ ဒသမပဗ္ဗ (အာရမ္ဘပဗ္ဗ – အာရမ္ဘပိုင်း) ၂၆၀

၁၁။ ဧကာဒသမပဗ္ဗ (အာဟာရပဗ္ဗ – အာဟာရပိုင်း) ၂၆၅

၁၂။ ဒွါဒသမပဗ္ဗ (ဣဉ္ဇိတပဗ္ဗ – ဣဉ္ဇိတပိုင်း) ၂၇၄

၁၃။ တေရသမပဗ္ဗ (စလိတပဗ္ဗ – စလိတပိုင်း) ၂၇၉

၁၄။ စုဒ္ဒသမပဗ္ဗ (အရူပပဗ္ဗ – အရူပပိုင်း) ၂၈၅

၁၅။ ပန္နရသမပဗ္ဗ (သစ္စာနှင့်စပ်၍ ပုထုဇဉ်နှင့် အရိယာတို့၏အမြင်) ၂၈၉

၁၆။ သောဠသပဗ္ဗ (ချမ်းသာဆင်းရဲနှင့်စပ်၍ ပုထုဇဉ်နှင့် အရိယာတို့၏အမြင်) ၂၉၈

နိဂုံးဆုတောင်း ၃၁၁

http://www.dhammadownload.com



၄။ မဟာသုဒဿနသုတ္တန်တရားတော် ၁၁၃
ဘုရားရှိခိုးဂါထာ ၁၁၃
ပါရမီဆယ်ပါး အပြားသုံးဆယ် ၁၁၆
မြတ်စွာဘုရား၏ ကုသိနာရုံနောက်ဆုံးခရီး ၁၁၈
ရှင်အာနန္ဒာက ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မမူရန် လျှောက်ထားခြင်း ၁၁၉
ကုသိနာရုံသို့ ကြွတော်မူခြင်း အကြောင်းသုံးပါး ၁၂၃
မဟာသုဒဿနသုတ္တန်ဟောတော်မူခြင်း ၁၂၆
ကုသာဝတီရာဇဓာနီ မင်းနေပြည် ၁၂၇
အကျယ်အဝန်း ၁၂၇
ဆန်ရေစပါးပေါများခြင်း ၁၂၈
အသံဆယ်ပါးမဆိတ်ခြင်း ၁၂၉
ရတနာတံတိုင်း ၁၃၂
တံတိုင်းအဆင့်ဆင့် တည်နေပုံ ၁၃၃
ရတနာတံခါးနှင့် တံခါးတိုင်များ ၁၃၄
ရတနာထန်းပင်တန်း ၁၃၆
မာန်ယစ်စေသော ထန်းပင်တန်း ၁၃၉
စကြာရတနာ ၁၄၁
စကြာရတနာဖြင့် မင်းပရိသတ်တို့ လိုက်ပါခြင်း ၁၄၈
မင်းတို့အား ဆုံးမဩဝါဒပေးခြင်း ၁၅၀
အရှေ့သမုဒ္ဒရာသို့ ၁၅၄
ကျွန်းကြီးလေးကျွန်းကို ကြည့်တော်မူခြင်း ၁၅၅
ဆင်ရတနာ ၁၅၆
မြင်းရတနာ ၁၅၈
ပတ္တမြားရတနာ ၁၅၉
မိဖုရားရတနာ ၁၆၁
သူဌေးရတနာ ၁၆၃
သားကြီးရတနာ ၁၆၆

http://www.dhammadownload.com



## မာတိကာ


| | |
|---|---|
| ဣဒ္ဓိလေးမျိုး | ၃၆၇ |
| လေးထောင့်ကန်များ | ၃၇၀ |
| ရတနာလှေကား လေးစင်း | ၃၇၂ |
| ကြာပန်းများ | ၃၇၅ |
| ရေချိုးသမား | ၃၇၆ |
| အလှူဝတ်ခုနစ်မျိုး | ၃၇၇ |
| ဓမ္မပါသာဒပြာသာဒ်တော် | ၃၈၂ |
| ရွှေဇာကွန်ယက် ငွေဇာကွန်ယက် | ၃၈၉ |
| ဓမ္မရေကန်တော် | ၃၉၁ |
| ဓမ္မပါသာဒနန်းမသို့ တက်တော်မူခြင်း | ၃၉၂ |
| ကသိုဏ်းပွားခြင်း | ၃၉၅ |
| ဗြဟ္မဝိဟာရဈာန်ပွားခြင်း | ၃၉၇ |
| အတိတ်ဘဝ | ၃၉၉ |
| မဟာသုဒဿနစကြာမင်း ဖြစ်တော်မူခြင်း | ၄၀၆ |
| စည်းစိမ်တော်များ | ၄၀၉ |
| မဟာသုဘဒ္ဒါဒေဝီမိဖုရား အခစားလာခြင်း | ၄၁၁ |
| စည်းစိမ်များနှင့် ဖွဲ့နှောင်စကား လျှောက်ထားခြင်း | ၄၁၆ |
| စည်းစိမ်များ မငဲ့ကွက်ရန် လျှောက်ထားခြင်း | ၄၂၁ |
| မဟာသုဒဿနစကြာမင်း ဗြဟ္မာ့ရွာ လားခြင်း | ၄၂၃ |
| မဟာသုဒဿနစကြာမင်း၏ အသက်တမ်း | ၄၂၅ |
| ပစ္စုပ္ပန်ဇာတ်ကြောင်း | ၄၂၇ |
| သံဝေဂယူဖွယ် | ၄၂၈ |
| ဖောက်ပြန်သောတရားအစု | ၄၃၁ |
| ဝသဘမင်း လက်ခမောင်းခတ်သောတရား | ၄၃၄ |
| ခြောက်ကြိမ် ခန္ဓာဝန်ချခဲ့ | ၄၃၅ |
| နောက်ဆုံးအကြိမ် ခန္ဓာဝန်ချခြင်း | ၄၃၆ |
| ရတနာခုနစ်ပါးကွယ်ခဲ့ပုံ | ၄၃၇ |
| ဒေသနာတော်နိဂုံး | ၄၃၇ |

http://www.dhammadownload.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သာသနာ ၂၅၀၀ပြည့်နှစ်၊ ဝါဆိုဦးသမယ
မင်းကွန်းဓမ္မနာဒတိုက်၌
**ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ**
ဟောကြားအပ်သော

## ဓမ္မစကြာတရားတော်

အခိလဂုဏနိဓာနော ယော မုနိန္ဒော်ပဂန္တွာ၊
ဝနမိသိပတနဝှံ့ သညတာနံ နိကေတံ။
တဟိမကုသလဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလမဘိကန္တံ့ ဝန္ဒနေယျံ နမာမိ။

**နမက္ကာရဂါထာ၊ ၁၆။**

အခိလဂုဏနိဓာနော=သရီရ+ဓမ္မ နှစ်ဌာနဝယ် ရှိသမျှဉသုံ ကောင်းသိရ်ဂုဏ်တို့ ကုံလုံဖက်ပြွန်း ဘဝဂ်ချုံးမျှ စုရုံးတည်နေရာလည်း ဖြစ်တော်မူပါပေထသော။ ယော မုနိန္ဒော=အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော အကြင်မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။

သညတာနံ= ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးနှိပ်ကွပ် သမာပတ်ဟု အမြတ်ချမ်းသာ မြိုက်ရသာဖြင့် အခါ ချိန်ကျွန်း ကုန်ခန်း စေသည့် ရဟန္တာသခင် ပဉ္စဝဂ္ဂီ အရှင်တို့၏။နိကေတံ= အင်္ဂါငါးရပ် ပြည့်စုံလတ်၍ ကိန်းဝပ်ပျော်အောင်း စံနေညောင်းသည့် ရွှေကျောင်းဟော် သဖွယ်လည်း ဖြစ်တော်မူပါပေထသော။ ဣသိပတနဝှံ့= ဘုရားပဉ္စဝဂ္ဂီ အရိယာတို့ အာကာသခွင် မိုးကောင်းကင် မှ မြေအပြင်သို့ သက်ဆင်းရာ,

http://www.dhammadownload.com



ပထဗျာတလင် မြေအပြင်မှ ကောင်းကင်သို့ ပျံတက်ရာ, မင်္ဂလာထုတိ သမုတ်ဖြင့် ဣသိပတန နာမကျူးသီ ထူးသော အမည်လည်း ရှိပါပေထသော။ ဝန်= မိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တောသို့။ ဥပဂန္တွာ= တရားကျင့်ဘက် ပဉ္စဝဂ်တို့ကို ဖိုလ်မဂ်အရသာ ပေးအံ့ငှာဟု ဒယာပြဋ္ဌာန်း ကြွမြန်းကပ်ရောက်တော်မူပြီး၍။

တဟိံ= ထိုမိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တော၌။ အကုသလဆေဒံ= အဝိဇ္ဇာမြစ်မှ ပွားစီးရသော ပါပညစ်ကျူ မကောင်းမှုကို တခုမကျန် ပယ်လှန်ဖျက်ဆီးနိုင်ထသော။ ဓမ္မစက္ကံ= ဓမ္မစကြာ ဒေသနာမြတ်ထူး တရားဦးကို။ ပဝတ္တေသာ=လည်စေ ဖြစ်စေ ဟောမြွက်တော်မူခဲ့လေ်ပြီ(ဝါ) ပဝတ္တေသာ=ဒွေ+မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ–အစဖြာ၍ ဒေသနာရွေမိုး ဧကာကျိုးလျက် ဇွေဖြိုးရှာသွန်းတော်မူခဲ့လေပြီ။

အတုလံ=သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းပုံယှဉ်ဘိ တူမရှိသား အတုလိယ ကျေးဇူး ဂုဏ်အထူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပါပေထသော (ဝါ) ပြည့်စုံတော်မူသောကြောင့်လည်းကောင်း။ အဘိကန္တံ= ဗာတ္တိံသ လက္ခဏာ သိတာနုဗျည်း ရှုမငြီးတို့ဖြင့် မြင့်လည်းမြင့်ကယ် သပ္ပာယ်ရှင်ပျို နှစ်မျိုးခြင်းကိုလည်း ဖြစ်စေတော်မူတတ်သောကြောင့်လည်းကောင်း။

တံ မုနိန္ဒံ=အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ ဝန္ဒနေယျံ= လူမင်းနတ်မင်းဗြဟ္မာမင်းတို့ ဝပ်စင်းဦးခိုက် ရှိညွတ်ထိုက်သည်ကို ခံထိုက်သည် ကျေးဇူး အရဟံအစရှိသော ဂုဏ်အထူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပါပေထသော(ဝါ) ပြည့်စုံတော်မူသောကြောင့်လည်းကောင်း။

တံ မုနိန္ဒံ= အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ နမာမိ= မင်္ဂလာစရဏ လက်ဦးစဝယ် ကြည်ဆွကော်ရော် ပူဇော်မြတ်နိုး တုံ့ဝပ်လျှိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

http://www.dhammadownload.com



## ဓမ္မစကြာတရားတော်နိဒါန်း

ယနေ့ကနေပြီးတော့ ပဋိလောမနောက်ပြန် ၂၅၄၅–နှစ်ကို လွန်ပြီးတော့ အောက်မေ့ကြည့်။ လွန်ခဲ့တဲ့ ၂၅၄၅–ခုနှစ်၊ ဒီအချိန်မှာ ဓမ္မစကြာတရားဦး ဟောတဲ့အချိန်ပဲ့လို့ စိတ်ထဲမှာ အောက်မေ့ထားကြ။

ပြန်ပြီးတွက်လေ၊ ဘုရားဖြစ်တဲ့ ၄၅–ဝါ+ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် နှစ်ပေါင်း ၂၅၀၀=၂၅၄၅–နှစ် အတိတ်ခေတ် ထိုနေ့ကို ပြန်ပြီးတော့ စဉ်းစားလိုက်လို့ရှိယင် ဣသိပတန မိဂဒါဝုန်တောမှာ စကြ၀ဠာတိုက်တသောင်းက နတ်ဗြဟ္မာအပေါင်းခြံရံ၍ သဗ္ဗညုမြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူနေတဲ့ပုံ အာရုံပြုမိလိမ့်မယ်။ အဲဒီသဗ္ဗညုမြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူခဲ့တဲ့ ကျေးဇူးဂုဏ် အာရုံပြုပြီးကြည်ညိုနိုင်ရန်ဆိုပြီးတော့ မဟာနမက္ကာရကျမ်းမှာ စောစောက ရွတ်ပြတဲ့ ပဏာမဂါထာကို ရေးသားထားခဲ့တယ်။

ဒါဖြင့် ကောင်းပြီ။ အဲဒီ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်ကို ယနေ့ည ဟောကြစို့။ ဓမ္မစကြာအခါတော်နေ့မှာ ဓမ္မစကြာတရားကို နာကြစို့၊ ဓမ္မစကြာတရားကို ဟောကြစို့။

စ–ယင်တော့ အလွယ်သားပဲ။ ဒွေ+မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ– အဲဒီကစပြီးတော့ တရားဟော ယင် ဘုန်းကြီးဟောလိုတာ နာရီဝက်နဲ့ပဲ ပြီးသွားနိုင်တယ်။ ဒါပေမယ်လို့- မိမိတို့ အာရုံထဲမှာ မြင်နေရတဲ့ စကြ၀ဠာတိုက်တသောင်းက နတ်ဗြဟ္မာ အပေါင်းခြံရံ၍ အဘိကန္တ ဝဏ္ဏနေယျအတုလိယဂုဏ်ကျေးဇူးတို့နဲ့ ပြည့်စုံ တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရား ဣသိပတန မိဂဒါဝုန်တောကို ဘယ်က ကြွလာရတုန်း၊ အခြေအမြစ်နဲ့တကွ သိကြစမ်းပါ။

http://www.dhammadownload.com



## ပလ္လင်္ကသတ္တာဟစံနေတော်မူခြင်း

အဲဒီလွန်ခဲ့တဲ့ ၂၅၄၅–ခုနှစ် ယနေ့မှပြန်ပြီးတော့ ရေလိုက်လို့ရှိယင် ဖြင့် ၂၅၄၅–ခုနှစ် အရောက်မှာ ကဆုန်လပြည့်နေ့၌ သဗ္ဗညုမြတ်စွာဘုရား ဘုရား ဖြစ်တော်မူခဲ့တယ်။ ကဆုန်လပြည့်နေ့ ဘုရားဖြစ်တော်မူပြီးတဲ့နောက် မဟာဗောဓိပလ္လင်အောက်မှာပဲ ခုနှစ်ရက်ပတ်လုံး သီတင်းသုံးတဲ့ အချိန်ပိုင်း ကိုတော့ ပလ္လင်္ကသတ္တာဟ–လို့ခေါ်တယ်။

အဲဒါကို ဝိနည်းမဟာဝဂ္ဂကျမ်းမှာတော့–

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။

**ဝိနယ၊ မဟာဝဂ္ဂ၊ ဗောဓိကထာ၊ ၁။**

တေန သမယေန= ယနေ့မှ ပဋိလောမ ပြန်၍ရေတွက်သည်ရှိသော် ၂၅၄၅–ခု ရောက်နိုင်သည့် ကဆုန်လပြည့်နေ့၌။ ဘဂဝါ= ဘုန်းတော် နေဝန်း ထွန်းတောက်ပတော်မူသော။ ဗုဒ္ဓေါ=မြတ်စွာဘုရားသည်။ ဥရုဝေ လာယံ=ဥရုဝေလတောအုပ်အတွင်း၌။ နဇ္ဇာ နေရဉ္ဇရာယတီရေ= နေရဉ္ဇရာ မြစ်သာဆိပ်ဦး ကမ်းနဖူး၌။ ဗောဓိရုက္ခမူလေ=မဟာဗောဓိပင်၏ အရင်း၌။ အဘိသမ္ဗုဒ္ဓေါ= သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဟုတွာ= ဖြစ်၍။ ပဌမံ=ရှေးဦးစွာ။ ဝိဟရတိ= ဣရိယာပထ မျှတရှင်ပြုး သီတင်း သုံးနေတော်မူပါပေ၏။

ဘုရားကိုယ်တော်မြတ် ဘုရားဖြစ်ပြီးတဲ့ နောက် တခြားဘယ်မှာမှ မနေသေးပဲ၊ ရှေးဦးစွာ မဟာဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော်ပေါ်မှာ နေတော်မူတဲ့ အခိုက်ပါပဲတဲ့။

အဲဒီ အပရာဇိတပလ္လင်တော်ပေါ်၌ ဘယ်နှစ်ရက် သီတင်းသုံးတုန်း ဆိုတော့–

အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခ ပဋိသံဝေဒီ။

အထခေါ=ထိုအခါ၌။ ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းတောက်ပ

http://www.dhammadownload.com



တော်မူသော မြတ်စွာဘုရားသည်။ ဗောဓိရုက္ခမူလေ= မဟာဗောဓိပင်ရင်း အပရာဇိတ ဝဇိရာသန ပလ္လင်ပျံထက်၌။ သတ္တာဟံ= ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိသုခ ပဋိသံဝေဒီ= အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက်။ သတ္တာဟံ=ခုနစ်ရက်ပတ်လုံး။ ဧကပလ္လင်္ကေန= တခုတည်းသော တင်ပလ္လင်ဖြင့်။ နိသီဒိ= နေတော်မူ၏။

ဣရိယာပုထ်မပြောင်းပဲ မဟာဗောဓိပင်အောက်မှာပဲ ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ချမ်းသာခံစားပြီး နေတော်မူပါတယ်။ အဲဒီလို ဖလသမာပတ်ချမ်းသာခံစားရင်းနေတော်မူရာက အကြားအကြားကာလဘာကိုနှလုံးသွင်းတုန်းဆိုတော့–

## ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းဆင်ခြင်တော်မူခြင်း

အထ ခေါ ဘဂဝါ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမ ပဋိလောမံ မနသာကာသိ။

အထ ခေါ= ထိုသို့ ပလ္လင်္ကသတ္တာဟဝယ် သီတင်းသုံးနေတော်မူသော ကာလ၌။ ဘဂဝါ= ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ရတ္တိယာ=ကဆုန်လပြည့်ကျော်တရက် (အထွက်တရက်)နေ့၏ ညဉ့်ကာလ၌။ ပဌမံ ယာမံ= ပဌမယံ အခါကာလပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ= ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို။ အနုလောမ ပဋိလောမံ= သံသရာဝဋ်အဖြစ် အားလျော်စွာလည်းကောင်း၊ သံသရာဝဋ်ပြတ်ပုံကို ဖော်ပြသော အားဖြင့်လည်းကောင်း။ မနသာကာသိ= နှလုံးသွင်းတော်မူခဲ့လေပြီ။

## အနုလောမဆင်ခြင်တော်မူခြင်း

ဘယ်လိုနှလုံးသွင်းတုန်း?။ ပဋိစ္စသမုပ္ပါဒ်မှာလာတဲ့အတိုင်း–

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊

http://www.dhammadownload.com



နာမရူပပစ္စယာ သဠာယတနံ၊

သဠာယတနပစ္စယာ ဖဿော၊

ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာပစ္စယာ တဏှာ၊

တဏှာပစ္စယာ ဥပါဒါနံ၊

ဥပါဒါနပစ္စယာ ဘဝေါ၊

ဘဝပစ္စယာ ဇာတိ၊

ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခဒေါမန သုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခ က္ခန္ဓဿ သမုဒယော ဟောတိ။

လို့ အနုလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တာတဲ့။

**ပဋိလောမဆင်ခြင်တော်မူခြင်း**

ပဋိလောမအားဖြင့် ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပုံမှာ–

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊

သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊

ဝိညာဏနိရောဓာ နာမရူပနိရောဓော၊

နာမရူပနိရောဓာ သဠာယတန နိရောဓော။

သဠာယတနနိရောဓာ ဖဿနိရောဓော၊

ဖဿနိရောဓာ ဝေဒနာနိရောဓော၊

ဝေဒနာနိရောဓာ တဏှာနိရောဓော၊

တဏှာနိရောဓာ ဥပါဒါနနိရောဓော၊

ဥပါဒါနနိရောဓာ ဘဝနိရောဓော၊

ဘဝနိရောဓာ ဇာတိနိရောဓော၊

ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါ

http://www.dhammadownload.com



မနသုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

အများအားဖြင့် ဇရာမရဏသောကပရိဒေဝ-လို့ ဆက်ပြီးတော့ ဆိုတတ်တယ်နော်။ ဇရာမရဏံ-တဲ့ သူ့တွင်ပဲ တခါရပ်ရမယ်။

## ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတော်မူခြင်းအကြောင်းရင်း

အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူခဲ့တယ်။ ဒါဖြင့်ယင် မြတ်စွာဘုရား ဆင်ခြင်တော်မူဖို့ရန် တရားတွေအများကြီး ရှိပါလျက်ကနဲ့ ဘာပြုလို့ ပဋိစ္စသမုပ္ပါဒ်ကိုသာ သဗ္ဗညုမြတ်စွာဘုရား ဆင်ခြင်တော်မူရတုန်း? အကြောင်းရှိတယ်။

သဗ္ဗညုမြတ်စွာဘုရား မဟာဝဇိရဝိပဿနာအလုပ် လုပ်တော်မူတဲ့ အခါ သာဝကတွေ၏ဝိပဿနာနဲ့ ဘုရားသဗ္ဗညု၏ ဝိပဿနာအလုပ် မတူကြဘူး။

ဘုရားသဗ္ဗညုဝိပဿနာအလုပ် လုပ်တော်မူတဲ့အခါ သမ္မာသမ္ဗောဓိ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ရဖို့ရန် ဝိပဿနာအလုပ် မဟာ ဗောဓိပင်ရင်းမှာ အားထုတ်တော်မူတဲ့အချိန်တုန်းက ခန္ဓာနဲ့ အားထုတ်ခဲ့ သလား? အာယတနနဲ့ အားထုတ်ခဲ့သလား? ဓာတ်အားဖြင့် အားထုတ်ခဲ့ သလား? သစ္စာအားဖြင့် အားထုတ်ခဲ့သလား? ဣန္ဒြေအားဖြင့် အားထုတ်ခဲ့ သလား? အဲဒီလား? ဘယ်လားမှ မဟုတ်ပါဘူး။

ဘယ်အနေနဲ့ အားထုတ်ခဲ့သလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ အားထုတ်ခဲ့တယ်။ ဘုရားကိုယ်တော်မြတ် မဟာဝဇိရ ဝိပဿနာဉာဏ်တော် အနေနဲ့ ရုပ်နာမ်တရားတွေကို လက္ခဏာယာဉ်တင်၍ သုံးသပ်တော်မူတဲ့ မဟာဝဇိရဝိပဿနာဉာဏ်တော်၏ အာရုံကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆယ့်နှစ်ပါး။

ဘယ်လိုများ နှလုံးသွင်းတုန်း။ စကြဝဠာတိုက်ပေါင်း ကုဋေတသိန်း

http://www.dhammadownload.com



သည် သဗ္ဗညုမြတ်စွာဘုရားတို့ရဲ့ အာဏာခေတ်ဖြစ်ခဲ့တယ်။ အဲဒီစကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းက စကြဝဠာတတိုက်တတိုက်မှ သတ္တဝါတယောက်တယောက်ကို ရွှေဉာဏ်တော်နဲ့ ယူခဲ့တယ်။ ဒီတော့သတ္တဝါပေါင်း ကုဋေတစ်သိန်းရခဲ့တယ်။ အဲဒီသတ္တဝါတယောက် တယောက်ကိုမှ သတ္တဝါအနေနဲ့ မထားတော့ပဲ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ–ရယ်လို့ ခွတ်ခွဲပြီး ပဋိစ္စသမုပ္ပါဒ် စက်ထဲချလိုက်တဲ့အခါ အင်္ဂါဆယ့်နှစ်မျိုးပဲရှိတယ်။ အဲဒီအင်္ဂါဆယ့်နှစ်မျိုးမှအလွတ် ပုဂ္ဂိုလ်ရယ်၊ သတ္တဝါရယ်၊ လူရယ်၊နတ်ရယ်၊ ဗြဟ္မာရယ်လို့ မရှိဖူး။ သဘာဝဓမ္မကို စင်စစ် သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်ရဲ့ ရွှေဉာဏ်တော်နဲ့ ဝေဖန်ကြည့်လိုက်တဲ့အခါ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါးပဲ တရားသားတွေ့ခဲ့တယ်။

အဲဒီတွေ့တဲ့ တရားသားပေါင်းဟာ စကြဝဠာတိုက် ကုဋေတစ်သိန်းမှ သတ္တဝါတယောက်တယောက်လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ပါး တဆယ့်နှစ်ပါးစီရတဲ့အတွက် ဝိပဿနာတင်၍ ရှုဖို့ရန် ကုဋေတစ်သိန်းကိုတည်၊သတ္တဝါတစ်သိန်းရခဲ့။ အဲဒီသတ္တဝါပေါင်း ကုဋေတစ်သိန်းမှ တယောက်တယောက်လျှင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်စီ တရားသားရလို့ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းကို တည်ပြီးတော့ တဆယ့်နှစ်ပါးနဲ့မြှောက်တော့ ကုဋေပေါင်း တစ်သန်းနှစ်သိန်း ရခဲ့တယ်။

ဘုရားအလောင်းတော် မဟာဝဇိရဝိပဿနာဉာဏ်ဖြင့်တင်၍ ဆင်ခြင်တော် မူဖို့ရန်–

အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း
သင်္ခါရပေါင်း ကုဋေတစ်သိန်း
ဝိညာဏ်ပေါင်း ကုဋေတစ်သိန်း
နာမ်ရုပ်ပေါင်း ကုဋေတစ်သိန်း

http://www.dhammadownload.com



သဋ္ဌာယတနပေါင်း၊ ဖဿပေါင်း၊ ဝေဒနာပေါင်း၊ တဏှာပေါင်း၊ ဥပါဒါန်ပေါင်း၊ ဘဝပေါင်း၊ ဇာတိပေါင်း၊ ဇရာမရဏပေါင်း ကုဋေတစ်သိန်း ရခဲ့တော့ ကုဋေပေါင်းတစ်သန်းနှစ်သိန်းရှိခဲ့တယ်။

အဲဒီလို ဘုရားအလောင်းတော် ဝိပဿနာတင်ဖို့ရန် တရားသား ကုဋေတစ်သန်းနှစ်သိန်းရတော့မှ တပါးတပါးသော တရားအပေါ်၌ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးချက်စီ သုံးချက်စီတင်တော့ ကုဋေ သန်းနှစ်သိန်းကိုတည်ပါ၊ တရားတပါးတပါးမှ အနိစ္စ ဝိပဿနာ ်, ဒုက္ခ ဝိပဿနာဉာဏ်, အနတ္တ ဝိပဿနာဉာဏ်ကို ဝိပဿနာဉာဏ် ချက်စီသွားတော့–

အနိစ္စဝိပဿနာဉာဏ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊

ဒုက္ခ ဝိပဿနာ ဉာဏ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊

အနတ္တဝိပဿနာ ဉာဏ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်းရယ်လို့ မဟာဝဇိရဝိပဿနာဉာဏ် ပေါင်း ကုဋေသုံးသန်းခြောက်သိန်း ဖြစ်ခဲ့တယ်။

ကိုယ်တော်မြတ်ရဲ့ မဟာဝဇိရဝိပဿနာဉာဏ်ပေါင်း ကုဋေသုံးသန်း ခြောက်သိန်း အာရုံဖြစ်တဲ့ တရားတွေကို တည်ရာဖြစ်ပြီးတော့ တရားအစစ် တရားအနှစ်ကို စုလိုက်လို့ရှိယင်ဖြင့် ဒိပဋိစ္စသမုပ္ပါဒ်တရားတွေပဲ။

အဲဒီလို ကိုယ်တော်မြတ်နှလုံးသွင်းတော်မူခဲ့တဲ့ သုံးသပ်တော်မူခဲ့တဲ့ လေ့လာတော်မူ ခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ ပဋိလောမအားဖြင့် ဆင်ခြင်လို့ သဗ္ဗညုတ ရွှေဉာဏ်တော်မြောက် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ပြီ။ ရောက်ပြီးတဲ့နောက် ကိုယ်တော်နှလုံးသွင်းခဲ့တဲ့ တရားကို ထပ်ပြီးတော့ နှလုံးသွင်းရပြန်တော့လဲ တဖန်ထပ်၍ ဝမ်းမြောက်တော် မူခဲ့တယ်။

အဲဒီ ဝမ်းမြောက်တော်မူတဲ့အတိုင်း စိတ်တော်ထဲမှာ မထားနိုင်ပဲနဲ့ နှလုံးတော်မှ တဖြည်းတဖြည်း ပီတိသောမနဿအဟုန်တွေ ပြည့်ပြီးတော့ ဆီခွက်ထဲ ဆီအိုးထဲမှာ ဆီတွေထည့်လို့ တဖြည်းတဖြည်း ဆီတွေ

http://www.dhammadownload.com



ပြည့်လာတဲ့အခါ အပေါ်ယံ ဆီတွေလျှံတက်သလို ပီတိသောမနဿ အဟုန်တွေ ကိုယ်တော်မြတ်ရဲ့ရင်တော်တွင်း ဝမ်းတော်တွင်းမှာမဆန့်ပဲ အစဉ်သဖြင့် ခံတွင်းတော်ကို ရောက်ပြီးတော့ ဆီကြည်တွေ လျှံတက်သလို ကိုယ်တော်မြတ်ရဲ့ခံတွင်းတော်မှ ဥဒါန်းဆိုတဲ့ စကားတော်တွေ ထွက်တယ်။

### ပထမဥဒါန်းကျူးရင့်တော်မူခြင်း

ပထမပိုင်းမှာ ဘယ်လိုဥဒါန်းထွက်ခဲ့တုန်း–

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ဝမ်းသာလွန်းလို့ ဝမ်းမြောက်တော်မူလွန်းလို့ ရွှေနှုတ်တော်ကလျှံပြီး အန်ပြီးထွက်လာတဲ့ ဥဒါန်းပါပဲ။

ဘာဆိုလိုသလဲလို့ဆိုတော့–

ယတော=အကြင်အခါကာလ၌။ သဟေတုဓမ္မံ= အကြောင်းဖြစ်သော အဝိဇ္ဇာအစရှိသော တရားတို့နှင့်တကွ အကျိုးဖြစ်သော သင်္ခါရ အစရှိသော ပဋိစ္စသမုပ္ပါဒ်တရားအစုကို။ ပဇာနာတိ= ပိုင်းခြားထင်ထင် သိမြင်ခဲ့လေပြီ။

အကြင်အခါ အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ဂိုဏ်းဝင် အကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်တင်၍ သိမြင်တော်မူခဲ့၏။

အဲဒီလို သိပြီးပြီဆိုတော့ ဘာဖြစ်သလဲ?

ယဒါ=အကြင်အခါ၌။ ဟဝေ=စင်စစ်အားဖြင့်။ ဓမ္မာ=ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးတို့သည်။ အာတာပိနော= ကိလေသာကို ပူပန်စေတတ်သည့် လုံ့လဝီရိယနှင့် ပြည့်စုံတော်မူသော။ ဈာယတော= အာရမ္မဏူပ, လက္ခဏူပ ဈာန်နှစ်ဝဖြင့် ဓမ္မတို့ကို ရှုဆင်ခြင်လေ့ရှိသော။

http://www.dhammadownload.com



ဗြာဟ္မဏဿ= မကောင်းမှုကို အပပြုပြီးသော ရဟန္တာသခင်အရှင်သူမြတ်၏ သန္တာန်၌။ ဓမ္မာ=ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးတို့သည်။ ပါတုဘဝန္တိ=ထင်ရှားဖြစ်ပေါ်၍ လာပါကုန်၏။

ပဋိစ္စသမုပ္ပါဒ်တရားတွေကို လက္ခဏာယာဉ်သုံးချက်တင်၍ ယထာဘူတ အမှန်အတိုင်း သိပြီဆိုလို့ရှိယင်ဖြင့် ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါး အဲဒီပုဂ္ဂိုလ်သန္တာန်မှာ ထင်ရှားဖြစ်လိမ့်မယ်။

အဲဒီလိုဖြစ်ပြီ ဆိုလို့ရှိယင်–

အထ=ထိုသို့ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဗောဓိပက္ခိယဓမ္မအပြား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်သော အခါကာလ၌။ အဿ=ထိုရဟန္တာသခင် အရှင်သူမြတ်၏ သန္တာန်၌။ သဗ္ဗာ ကင်္ခါ= တဆယ့်ခြောက်ပါးအပြားရှိတဲ့ အလုံးစုံသောယုံမှားခြင်းတို့သည်။ ဝပယန္တိ– ဝိအပယန္တိ=အကြွင်းမဲ့ ကင်းကွာကြကုန်၏။

ယုံမှားခြင်း တဆယ့်ခြောက်ပါး ထိုအခါကျကင်းပြီ–လို့ပထမ ဥဒါန်း ညည့်ဦးယံဥဒါန်းတဲ့။

ဒါနဲ့ တင်းတိမ်အားရတော်မူပြီလားဆိုတော့ မဠှိမယံခေါ်တဲ့ ညဉ့်၏အလယ်ပိုင်းမှာလဲပဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ–အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုပဲ အနုလုံဆင်ခြင်တော်မူခဲ့တယ်။

ညလယ်ပိုင်းမဠှိမယံ ကုန်ပြန်တော့ နှစ်လိုအားရမ်း ဝမ်းမြောက်တော်မူလှတဲ့အတွက် ကိုယ်တော်မြတ်ခံတွင်းတော်ထဲမှာ မဆန့်တော့ပဲ ပြင်ဖက်ကို ဒုတိယဥဒါန်းထွက်ခဲ့တယ်။

## ဒုတိယဥဒါန်းကျူးရင့်တော်မူခြင်း

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

http://www.dhammadownload.com



အကြောင်းတရားတို့ရဲ့ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ပိုင်းပိုင်းခြားခြား သိပြီဆိုလို့ရှိယင်ဖြင့် ထိုအရိယာသခင် အရှင်သူမြတ်၏ သန္တာန်၌ ယုံမှားခြင်းတရား ကင်းစင်၍ သွားပါရောတဲ့။ ဒီအဓိပ္ပါယ်ကိုဖော်ပြတဲ့ ဥဒါန်း- ဒုတိယဥဒါန်း ကျူးရင့်တော်မူခဲ့တယ်။

## တတိယဥဒါန်းကျူးရင့်တော်မူခြင်း

ည၏တတိယပိုင်း ပစ္ဆိမယံမှာလည်းပဲ ထိုနည်းလည်းကောင်း ပဋိစ္စသမုပ္ပါဒ်ကိုပင် အနုလုံ ပဋိလုံ ဆင်ခြင်တော်မူခဲ့တယ်။

ထင်နေတာကတော့ "အနုလုံဆိုယင်-

အဝိဇ္ဇာပစ္စယာ သင်္ခါရာ= အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရပြီးဝိညာဉ်၊ ဝိညာဉ်ပြီး နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ဇရာမရဏ အဲဒီလိုသွားတာကို အနုလုံမှတ်ပြီးတော့ နောက်ပြန်-

ဇရာမရဏကား အကျိုး၊ ဇာတိကား အကြောင်း။

ဇာတိကား အကျိုး၊ ဘဝကားအကြောင်း။

ဘဝကား အကျိုး၊ ဥပါဒါန်ကားအကြောင်း။

ဥပါဒါန်ကား အကျိုး၊ တဏှာကား အကြောင်းလို့ အဲဒီလို နောက်ပြန်လာတာကို ပဋိလုံလို့ခေါ်တာ မဟုတ်ဖူး။

အခုနေရာမှာ ဘယ်ဟာကို အနုလုံ၊ ဘယ်ဟာကို ပဋိလုံခေါ်တုန်း။ သံသရာစက် မပြတ်လည်နေတာ ဖော်ပြတဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ-အစ, ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-တိုင်အောင်သောစကားရပ်ဟာ သံသရာစက်တည်းဟူသော ပဝတ္တတရား၏လည်ပုံကို အလျော်အားဖြင့် ဖော်ပြလို့ အနုလောမ (အနုလုံ)တဲ့။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော- အစ, ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ

http://www.dhammadownload.com



အဆုံးရှိတဲ့ တရားသဘောကိုတော့ သံသရာစက်ကြီးပြတ်တာကို အဝိဇ္ဇာ အစရှိသော တရားတို့ရဲ့ မိမိအလုပ် မလုပ်တာကို ဖော်ပြလို့ ဆန့်ကျင်တဲ့ တော်လှန်တဲ့ ပဋိလောမဒေသနာ–လို့ အဲဒါကို ပဋိလုံလို့ခေါ်တယ်။ သင်္ခါရတနေ၊ နာမ်ရုပ်၊ ဝိညာဉ်၊ သင်္ခါရ၊ အဝိဇ္ဇာ–လို့ နောက်ပြန်လာခဲ့တဲ့ ပဋိလုံမဟုတ်ဖူး။

အနုအနုလုံ ပဋိလုံခေါ်ခြင်းက သံသရာဝဋ်မပြတ်တာကို ဖော်ပြလို့ ရှေ့ပိုင်းက အနုလုံ၊ သံသရာဝဋ်ပြတ်တာကို ဖော်ပြလို့ ဝဋ်ဟုအပြန်ကို ဖော်ပြလို့ ပဋိလုံလို့ခေါ်တာနော်။

တညကို သုံးပုံပုံ၊နောက်ဆုံးအပိုင်းဖြစ်တဲ့ ပစ္ဆိမယံမှာလဲပဲ အနုလုံ ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကိုပဲဆင်ခြင်တယ်။ နှစ်လိုအားရမ်း ဝမ်းမြောက် တော်မူလွန်းလို့–

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

လို့ တတိယဥဒါန်း ကျူးရင့်တော်မူခဲ့တယ်။

## အနိမိသသတ္တာဟ စံနေတော်မူခြင်း

မဟာဗောဓိပင်၌ ကဆုန်လပြည့်ကျော်တရက်နေ့မှာ ပထမပိုင်း၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ ဥဒါန်းတကြိမ်ကျူးလို့၊ အလယ်ပိုင်းမှာ အနုလုံပဋိလုံဆင်ခြင် ဥဒါန်းတကြိမ်ကျူးလို့၊ အဆုံးပိုင်း၌ အနုလုံ ပဋိလုံတကြိမ်ဆင်ခြင် ဥဒါန်းတကြိမ်ကျူးလို့ ကဆုန်လပြည့်ကျော် တရက် နေ့လွန်မြောက်၊ နောက်ရက်များမှာတော့ ဖလသမာပတ်နဲ့နေ၊ ခုနစ်ရက် ဝိုင်တိုင် ဖလသမာပတ်ချမ်းသာဖြင့် သီတင်းသုံးနေတော်မူတော့ အချို့ အချို့သော နတ်ဗြဟ္မာတွေက ဘုရားကိုယ်တော်မြတ်မှာ ဘုရားအဖြစ် ပြုတတ်တဲ့ တရားတွေများ ကျန်သေးလို့လား၊ မဟာဗောဓိပင်မှ မထသေး

http://www.dhammadownload.com



ဖူးလို့၊ ယုံမှားသံသယရှိကြတဲ့ နတ်တွေဗြဟ္မာတွေ တချို့အတွက် ယမိုက်ပြာဋိဟာခေါ်တဲ့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ခုနစ်ရက်မြောက်မှာပြတော်မူခဲ့တယ်။

ပြပြီးတော့ မဟာဗောဓိပင်မှ အရှေ့မြောက်ထောင့် ဩသန်ခေါ်တဲ့ အရပ်ကနေပြီး မဟာဗောဓိပင်ကို ကြည့်ပြီးတော့ မမှိတ်သော မျက်စိတော်တို့ဖြင့် ခုနှစ်ရက်ကြည့်ပြီးတော့ ဖလသမာပတ် ချမ်းသာကို ခံစံ၍နေတဲ့ ခုနှစ်ရက်ကိုတော့ အနိမိသသတ္တာဟလို့ခေါ်တယ်။

အဲဒီအနိမိသသတ္တာဟမှာလဲပဲ ဖလသမာပတ်ချမ်းသာကို မပြတ်ဝင်စံတော်မူခဲ့တယ်။ အနိမိသသတ္တာဟကို နောင်အခါ၌ အနိမိသစေတီရယ်လို့ မဟာဗောဓိပင်နားမှာတည်၍ ထားခဲ့တယ်။

## စင်္ကမသတ္တာဟစံနေတော်မူခြင်း

အနိမိသသတ္တာဟ ခုနှစ်ရက်လွန်မြောက်လို့ နောက်ခုနှစ်ရက်ကျတော့ မဟာဗောဓိပင်နဲ့ အနိမိသကုန်းတို့ရဲ့အကြား အရှေ့အနောက် လူးလာတဲ့ခေါက်စင်္ကြံလျှောက်၍ ခုနှစ်ရက်ကြွသွား။ ကြွသွားတဲ့ ခုနှစ်ရက်ကိုတော့ စင်္ကမသတ္တာဟလို့၊ အဲဒီစင်္ကမသတ္တာဟမှာလဲပဲ ခုနှစ်ရက်ပတ်လုံး လူးလာတဲ့ခေါက် စင်္ကြံလျှောက်တော်မူပြီးသကာလ ဖလသမာပတ်ချမ်းသာဖြင့် နေတော်မူခဲ့တယ်။

## ရတနာဃရသတ္တာဟစံနေတော်မူခြင်း

အဲဒီဖလသမာပတ်ချမ်းသာဖြင့် ခုနှစ်ရက်စင်္ကြံလျှောက်ပြီး နေတော်မူပြီးတဲ့နောက်၊ စတုတ္ထမြောက်ကျတော့ မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်ဆီမှာကျတဲ့ ရတနာဃရနန်းအိမ်မှာ အဘိဓမ္မာတည်းဟူသော တရားရတနာတွေကို သင်ခြင်တော်မူခဲ့တယ်။ ရတနာဃရသတ္တာဟလို့ခေါ်တယ်။

အဲဒီမှာ ဓမ္မသင်္ဂဏီပါဠိတော်ကို ဆင်ခြင်တော်မူတဲ့အခါ သဗ္ဗညုတဉာဏ်တော် ကျက်စားတော်မမူလောက်လို့ နှလုံးတော် သွေးတော်

http://www.dhammadownload.com



မကြည်သေးဖူးတဲ့။ ပိဘင်းကျမ်းဆင်ခြင်တဲ့အခါ ထိုနည်းငင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်စတဲ့ အောက်အဘိဓမ္မာ ခြောက်ကျမ်းကို ဆင်ခြင်တော်မူတဲ့အခါ သဗ္ဗညုတရွှေဉာဏ်တော်နဲ့ တရားသဘောနဲ့ ဉာဏ်တော်ကွန့်မြူးကျက်စားလောက်တဲ့ အခြေအနေသို့ မရောက်သေးတဲ့ အတွက် သွေးတော်စသည် မကြည်လင်ခဲ့သေးဖူး၊ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်တွေ မထွက်ခဲ့သေးဖူး။ ခုနှစ်ဆင့်မြောက်ဖြစ်တဲ့ အနန္တနယ သမန္တပဋ္ဌာန်း အဘိဓမ္မာကျမ်းကို သုံးသပ်ဆင်ခြင်တော်မူတဲ့ အခါကျတော့မှ ကိုယ်တော်မြတ်ရဲ့ သန္တာန်မှာ သွေးဟော်တွေက ကြည်လင်တော်မူတယ်။ သွေးတော်တွေ ကြည်လင်တော်မူတဲ့အတွက် ရူပကာယမှ ရောင်ခြည် တော်ခြောက်ပါးဟာ တဖိတ်ဖိတ်ကွန့်မြူးတော်မူခဲ့တယ်။

## ဆဗ္ဗဏ္ဏရံသိဝန္ဒနာဂါထာများ

အဲဒီကွန့်မြူးတော်မူတဲ့အကြောင်းကို မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးကတော့ ဂါထာတွေ အပြည့်အစုံအားဖြင့် ဆဗ္ဗဏ္ဏရံသိဂန္ဒနာ ဂါထာ ဆိုပြီးတော့ ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုးဂါထာအနေနဲ့ အပြည့်အစုံရေးခဲ့တယ်။

ဒါပေမယ့်လို့ ကောင်းနိုးရာရာကိုသာ ဓမ္မကထိက ဆရာတော်များက သုံးစွဲကြတယ်။ သုံးစွဲပြီးတော့ အဲဒီထဲက ရွတ်လို့အကောင်းဆုံးဆိုတဲ့ ဂါထာတခုကို ဓမ္မကထိကဆရာတော်တွေက အသုံးအစွဲပြုကြတယ်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မူလရေးသားတော်မူခဲ့တုန်းကတော့ အကြောင်းနဲ့ အပြည့်အစုံပါပဲ။ အားလုံးဓမ္မကထိက အရှင်သူမြတ်တွေ သုံးလို့စွဲလို့ကောင်းလို့ သုံးစွဲရွတ်ဖတ်တော်မူကြတာကတော့-

နီလာယော နီလဋ္ဌာနေဟိ  
ပိတောဒါတာ စ လောဟိတာ။  
တမှာ တမှာ ဝ့ မဥ္ဇေဋ္ဌာ၊  
နိက္ခမိ်သု ပဘဿရာ။

http://www.dhammadownload.com



လို့ အဲဒိဂါထာလေးတပုဒ်နဲ့ တရားတပွဲတော့ ဟောလိုက်တာပဲ။

ဒါပေမယ်လို့ "များများလဲအံ၊ မြန်မြန်လဲရောက်" ဆိုတာလို ပထမမဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ အရင်းအတိုင်းပဲ မြန်မြန်သိကြပါစေ။

ထိပ်ဆုံး၌ ရတနာဃရသတ္တာဟဝယ် အဘိဓမ္မာခုနှစ်ကျမ်း ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ရူပကာယအစုမှ နီလ, ပီတ, လောဟိတ,ဩဒါတ,မဉ္ဇေဋ္ဌ, ပဘဿရ ဆိုတဲ့ ရောင်ခြည်တော်ခြောက်ပါး တရိပ်ရိပ်တဖွားဖွား ကွန့်မြူးနေတာကို စိတ်ကအာရုံပြုပြီးတော့ထား။ ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ပါဠိအနက် အဲဒီအသံတွေ ဘုန်းကြီးက ရှေ့ကနေရွတ်မယ်။ အဲဒီအသံနောက် စိတ်ကရောက်ပြီးတော့ အဲဒီအသံထဲက အနက်တွေကို ဉာဏ်ထဲမှာမြင်အောင် ဗုဒ္ဓါနုဿတိဂုဏ်ကို နှလုံးထုံကြလေ။

> သတ္တသတ္တာဟမဇ္ဈိမှိ၊
> နာထော ယော သတ္တ သမ္မသိ။
> ပတ္ထာ သမန္တပဋ္ဌာန်၊
> ဩကာသံ လဘာတေ တဒါ။

နာထော=လူသုံးမျိုးတို့၏ ကိုးစားရာတည့်သူ ဖြစ်တော်မူပါပေသော။ ယော သတ္တာ=အကြင်မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ သတ္တသတ္တာဟမဇ္ဈိမှိ= ပလ်+နိမ်+စင်+ဃ +အ+မုံ+ရ ဟု သတ္တာဟခုနစ်လီ နှောစာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရ သတ္တာဟ၌(ဝါ) သတ္တသတ္တာဟမဇ္ဈိမှိ= ပလ္လင်္ကသတ္တာဟ, အနိမိသသတ္တာဟ,စင်္ကမသတ္တာဟ,ရတနာဃရ သတ္တာဟ,အဇပါလသတ္တာဟ, မုစလိန္ဒသတ္တာဟ, ရာဇာယတန သတ္တာဟ-ဟူသော သတ္တာဟခုနစ်လီ နှောစာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရ သတ္တာဟ၌။ သတ္တ=ဓမ်+ဝိ+ဓာ+လ,+က+ယ+ပဋ္ဌာန်း အဘိဓမ္မာခုနှစ်ကျမ်းတို့ကို( ဝါ) သတ္တ=ဓမ္မသင်္ဂဏီ, ဝိဘင်း,ဓာတုကထာ, ပုဂ္ဂလပညတ်,

http://www.dhammadownload.com



ကဿာဝတ္ထု, ယာမိုက်, ပင္သာန်း အဘိဓမ္မာခုနှစ်ကျမ်းတို့ကို။ သမ္မသိ= ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည် ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုဖြင့် ရေးရှု တပ်တပ် သုံးသပ်ဆင်ခြင်တော်မူလေပြီ။ တဒါ=ထိုသို့ သုံးသပ်ဆင်ခြင် တော်မူသော အခါ၌။ သမန္တပဋ္ဌာန်=ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်း သောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနေကျယ်ဝှမ်း နည်းစုံဆန်းသည့် သမန္တပဋ္ဌာန်းကျမ်းကြီးသို့။ ပတ္တာ= ဉာဏ်ရည်တော် ပျှောက် အစဉ်ရောက်၍။ ဉာဏ်=ကပ်အလီလီ ဖြည့်ခဲ့ည်သား ပါရမီဘုန်း အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။ ဩကာသံ= မြူးဝှူး ကျက်စား ကစားခွင့်ကို။ လဘတေ= ရတော်မူလေ၏။

ယောဇနာနံ သတာယာမော၊
ပဥ္စ တိမိရပိင်္ဂလော။
ကိဠောကာသံ သမုဒ္ဒေဝ၊
ဂမ္ဘီရေ လဘတေ ယထာ။

ယထာ=ပမာတန္တု အပြိုင်ပြု၍ နှိုင်းရှုစရာ ဥပမာပုံဆို အဘာယ်လို နည်းဟူမူကား။ ယောဇနာနံ= ခုနစ်တောင်တတာ ဝိဿာဥဿဘ ဂါဝုတ သီတိ စဋ္ဌာရိဂါဝ ယူဇနာတို့၏။ ပဥ္စသတာယာမော= ငါးရာရှည်လျား လွန်ကြီးမားလှသော။ တိမိရပိင်္ဂလော=တိမိရပိင်္ဂလ အမည်ရှသော ငါးကြီး သည်။ ဂမ္ဘီရေ=ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်းသောင်သော။ သမုဒ္ဒေဝ= တောင်ခွေပတ်ချုပ် ရေသမုဒ်၌သာလျှင်။ ကိဠောကာသံ= မြီးဆံရွှင်ပျှယ် ဖံပယ်ခတ်ကူး မြူးတူးကျက်စား ကစားခွင့်ကို။ လဘတေ ယထာ=ရလေသကဲ့သို့။ ဇဝံ တထာ=ထို့အတူ။ ဉာဏ်=ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။

http://www.dhammadownload.com



သြကာသံ=မြူးထူးကျက်စား ကစားခွင့်ကို။ လဘာတေ= ရတော်မူလေ၏။

သမ္ဗသန္တသဿ တံ ခမ္ဗံ၊
တဒါ သတ္ထု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊
လောဟိတာဒိပသီဒနာ

တဒါ= ထိုသို့ အခွင့်ရတော်မူသောအခါ၌။ တံ ခမ္ဗံ=ပရမာဏုမြူ ပုံတူအလား သိမ်မွေ့နူးညံ့စွာသော ထိုပဋ္ဌာန်းတရားကို။ သမ္မ သန္တ သဿ= သုံးသပ်ဆင်ခြင်တော်မူသော။ တဿသတ္ထု=ဗုဒ္ဓါနတ်လူ သုံးဘုံသူကို ကြည်ဖြူရွှင်ပြုံး ရွှေနှလုံးဖြင့် ဆုံးမတော်မူပေတတ်သော မြတ်စွာဘုရား၏။ လောဟိတာဒိပသီဒနာ= သွေးတော်စသည် ကြည်လင်တောက်ပခြင်း ကြောင့်။ သရီရတော= ပကတိအတောင် တဆယ့်ရှစ်တောင်ပေါ် ရွှေ ကိုယ်တော်မှ။ ဆဗ္ဗဏ္ဏာ=ညို+ရွှေ+ဖြူ+နီ,+မောင်းရီ+ပြိုးပြက် တခဲနက် အား ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ တံ တံ ဌာနံ= ဝဲယာရှေ့နောက် အထက်အောက်ဟု ဆိုအပ်သော ထိုထို အရပ် ဌာနသို့။ ဓာဝန္တိ= ထိုဤမှားမှား ပြေးသွားတော်မူကြလေကုန်၏။

ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးပုံက–

နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဉ္စေဋ္ဌာ။
နိက္ခမိံသု ပဘဿရာ။

နီလဋ္ဌာနေဟိ=ဆံတော်မျက်နက်တော်ဟု ဆိုအပ်သော ညိုရာရာ အရပ်တော်တို့မှ။ နီလာယော= ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အောင်မဲညို ကြာညို မျက်စဉ်းညိုကဲ့သို့လည်းကောင်း၊ တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တနွဲ့နွဲ့တလွဲ့လွဲ့ခပ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့ လည်းကောင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို

http://www.dhammadownload.com



လွှမ်းအုပ်ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ပီတဋ္ဌာနေပဟိ=ရှန်းအိကိုယ်ရေ ဝါရွှေရာအရပ်တော်တို့မှ။ ပီတာ=ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုးဖြန့်လှန်းသကဲ့သို့လည်းကောင်း၊ ကျီကျူမှုန့်ရွှေဝါ မြင်းသီလာဆေးဒန်း ပွင့်မဟာလှေကားပန်းတို့သည် ကောင်းကင်ပြည့်ပြွမ်းသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက်ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဋ္ဌာနေပဟိ=အရိုးတော် သွားတော် မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရာရာအရပ်တော်တို့မှ။ ဩဒါတာ=ပတ်လည်ဝန်းကျင် ငွေအိုးမှသွန်အပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗြိတာန် ဝေဟာ သံတိမ်မြင့်က တဝင့်ဝင့်တန္တံ့န္တံ့တလွှဲလွှဲခပ်အပ်သော ငွေပြားယပ် ငွေစပယ် သင်းခွေနှယ် ကြာဖြူ မြတ်လေးဖြူကြက်ရုံးတို့ အုပ်ပုံးကာ ယှက်ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် စင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

http://www.dhammadownload.com



လောဟိတဌာနေဟိ=မျက်စိသားသွေး နီတွေးရာအရပ်တော်တို့မှ။ လောဟိတာ= ဆုန်းမှုန့်တပ်စွဲ ရဲသောချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်းမိုးစွေ ပန်းကသစ်အနေလို ရေမြေရောကောင်းကင်ပါ အာကာသအဇ္ဈာမှာ တိမ်မိလ္လာယှက်ပြေးသကဲ့သို့ နီတွေးထိန်ကျင် လွင်သောအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြွတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင် လုံးခန့်ပမဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက်ခွာစေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

တု=ထိုမှတပါးကုန်သော။မဋ္ဌေဋ္ဌာ=မည်းနီညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမဲ့မှိုင်းအုံ မှုန်ရည်သောအဆင်းရှိသော ရောင်ခြည်တော်တို့သည်လည်းကောင်း။ ပဘဿရာ=လကဆုန်ခါ အဇ္ဈာပြင်ကျယ်ကောင်းကင်လယ်က လျှပ်နှယ်ယှက်ကူး ပိုးရေမြှုးစံ မီးပေါက်လျှံကဲ့သို့ ဝဲပျံတက်သက် တခဲနက်အဆင်းရှိသော ရောင်ခြည်တော်တို့သည်လည်းကောင်း။ တမှာ တမှာ သရီရပဒေသာ=ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထိုကိုယ်တော်အစိတ်မှ။ နိက္ခမိံသု= ပဋ္ဌာန်းဒေသနာတော်မြွတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင် လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက်ခွာစေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊
ဒေဟာ ယာဝဇ္ဈဝါသရာ။
သဗ္ဗာ ဒိသာ ဝိခါဝန္တိ၊
ပဘာ နသာန္တိ တဏ္ဍိကာ။

ဧဝံ=ဤသို့။ ဒေဟာ ဆဗ္ဗဏ္ဏရံသိယော= ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်အားဖြင့် ထိုခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ ယာဝဇ္ဈဝါသရာ= သာသနာတော်ရောင် ထွန်းပြောင်

http://www.dhammadownload.com



ထိန်လက် ယနေ့ထက်တိုင်အောင်။ သဗ္ဗာ ဒိသာ=ဝန်းကျင်ပတ်ခြာ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိဓာဝန္တိ=ထိုဤမားမား ပြေးသွားတော်မူကြလေကုန်ပြီ။တတ္ထိကာ= ရောင်ခြည်တော်ခြောက် အစဉ်လျှောက်၍ ရောက်လေရာ ရာ ပဒေသာပင် ဥယျာဉ်ဗိမာန်အစရှိသော ထိုထိုအရပ်၌ ဖြစ်ကုန်သော။ ပဘာ= လက်ဆယ်ချောင်းဖြင့် သောင်းစကြဝဠာ ထွန်းနိုင်ပါသား ပြဘာ နတ်မင်း စသည်တို့၏ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည်။ နသန္တိ= တေဇိန်ပယ်ရှင်း မထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်းပြေ ပျောက်ကြရလေကုန်၏။

ယနေ့တိုင် ရောင်ခြည်တော်တွေ ကွန့်မြူးလျှက်ရှိနေတုန်း၊ရောက်လေရာရာအရပ်မှာ ပဒေသာပင် ဥယျာဉ်ဗိမာန် အစရှိသော ထိုထိုအရပ်ဌာနဝယ် ရှိရင်းစွဲအရောင်တွေကို ရောင်ခြည်တော်တွေက လွှမ်းမိုးပြီးတော့သွားတဲ့ပုံ အာရုံပြုနိုင်ပါစေ။ အဲဒီလို ရောင်ခြည်တော်တွေရဲ့ အရင်းအမြစ်ဖြစ်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကိုလဲ ရှိခိုးနိုင်ပါစေလို့။

ဣတိ ဆဗ္ဗဏ္ဏရံသိတ္တာ၊
အင်္ဂီရသောတိ နာမသော။
လောကေ ပတ္ထဋဂုဏံ တံ၊
ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။

ဣတိ– ဧဝံ ယထာဝုတ္တနယေန= အကြင် အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဆဗ္ဗဏ္ဏရံသိတ္တာ=ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်ရှိတော်မူသည်၏ အဖြစ်ကြောင့်။ နာမသော= လွန်ကဲထူးမြတ်ဂုဏ်သကတ်ကြောင့် ရတော်မူအပ်သော အတ္ထာနုဂတအမည်တော်အားဖြင့်။ အင်္ဂီရသောတိ= အင်္ဂီရသဟူ၍။ လောကေ= လောကသုံးရပ် ဘုံသုံးထပ်၌။ ပတ္ထဋဂုဏံ= ကျေညာအောက်ထက် ပြန့်တက်ကျော်စောသော ကျေးဇူးတော်ဂုဏ်တော်နှင့် ပြည့်စုံတော်မူထသော။ နမဿိယံ= တလောကလုံးညွှတ်ရုံးဖြန့်မိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော်မူပေထသော။တံ ဗုဒ္ဓံ=သစ္စာလေးပါး မြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြ

http://www.dhammadownload.com



သိတော်မူပါသော လောကထွတ်ထား ထိုမြတ်စွာဘုရားကို။ အဟံ=တရားဉာဏ်ဝင်ရှဆင်ခြင်မှု မစင်မကြယ် ရွံဘွယ်လုံးလုံး သုံးဆယ့် နှစ်ဝကောဋ္ဌာသကို ကာယသမုတ်အကျုန်ပ်သည်။ဝန္ဒေ ဝန္ဒာမိ= သက်တော်ရှိစဉ် သုံးလူ့ရှင်ကို ထင်ထင်မှန်းရည် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် ဦးနှိမ်ညွတ်ကာလက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

အဲဒီလို ရတနာဃရ သတ္တာဟမှာ အဘိဓမ္မာတရားကို သုံးသပ်လို့ပဋ္ဌာန်းတရားတော်ရောက်တဲ့အခါ သဗ္ဗညုတဉာဏ်ကြီး ကျက်စားလောက်လို့ ရောင်ခြည်တော်တွေ ကွန့်မြူးနေပုံ အာရုံပြုနိုင်ပါစေလို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုးဂါထာအနေနဲ့ ရေးသားထားခဲ့ပြီ။ အဲဒါလဲ နှလုံးသွင်းနိုင်ကြပါစေ။

## အဇပါလသတ္တာဟစံနေတော်မူခြင်း

ကောင်းပြီ၊ သတ္တာဟလေးခုဖြင့် လွန်ခဲ့ပြီ။

ရတနာဃရသတ္တာဟက လွန်မြောက်တော့ ဘယ်ကြွတုန်း၊ မဟာဗောဓိပင်မှ အရှေ့အရပ်မှာရှိတဲ့ အဇပါလညောင်ပင်ရင်းသို့ ဘုရားကိုယ်တော်မြတ် ကြွခဲ့တယ်။

## အဇပါလခေါ်ရပုံ

ဘာကြောင့် အဇပါလ ခေါ်တုန်းဆိုတော့ ဆိတ်ကျောင်းသားတွေလာနေလို့ အဇပါလခေါ်တယ်တဲ့။ တနည်းအားဖြင့် အဇပ=ဗေဒင်မန္တန်ကိုမရွတ်နိုင်တဲ့ ပုဏ္ဏားကြီးတွေ အဲဒီညောင်ပင်အောက်မှာ လာရောက်ပြီးတော့နေရာယူကြလို့ အဇပါလ=အဇပ+အလပေါ့။ ဗေဒင်မရွတ်နိုင်တဲ့ ပုဏ္ဏားကြီးတွေသည် ညောင်ပင်အောက်မှာလာရောက်ပြီးသကာလ နေရာအသီးသီးယူကြလို့ အဇပါလ။ တနည်းအားဖြင့် မွန်းတည့်ရှိန်ရှိန် နေပူနေတဲ့အချိန်ညောင်ပင်အောက်ရောက်လာတဲ့ ဆိတ်တွေကို ဒီညောင်ပင်ကပဲ စောင့်ရှောက်လို့ အဇပါလ။အဇေ ပါလေတီတိ အဇပါလော-လို့။

ပထမနည်း ကတော့ အဇပါလဆိုတဲ့နာမည်က ဆိတ်ကျောင်းသမား

http://www.dhammadownload.com



တွေရဲ့ နာမည်၊ အဲဒီ ဆိတ်ကျောင်းသမားတွေ အရိပ်ခိုလို့ ဒီညောင်ပင်ကို အဇပါလခေါ်တယ်။ ဒုတိယနည်းကတော့ ဗေဒင်ကိုမရွတ်နိုင်တဲ့ ပုဏ္ဏားအိုကြီးတွေ ဒီ ညောင်ပင်အောက်မှာ လာရောက်ပြီးသကာလ နေရာအသီးအသီး ယူကြရာဖြစ်လို့ အဇပါလခေါ်တယ်။ တတိယနည်းကတော့ ဒီညောင်ပင်ကိုယ်က မိမိအောက်ရောက်လာတဲ့ ဆိတ်များကို စောင့်ရှောက်တတ်တယ်၊ ဒါကြောင့် အဇပါလခေါ်တယ်။

## ဟုံဟုက်၏အမေးနှင့်စပ်၍ ဥဒါန်းကျူးတော်မူခြင်း

အဲဒီ အဇပါလညောင်ပင်ရင်းမှာ ပဌမသတ္တာဟ ဘုရားကိုယ်တော်မြတ် သီတင်းသုံး၍ ဖလသမာပတ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေတဲ့ တချိန် တနေ့မှာ ဟုံဟုက်လို့ခေါ်တဲ့ ပုဏ္ဏားကြီးရောက်လာတယ်။

ဟုံဟုက် ဇာတိက ပုဏ္ဏား၊ ဒါကြောင့်မို့လို့ စေတီတည်တဲ့အခါမှာ ဌာပနာပစ္စည်းထဲမှာ ပုဏ္ဏားရုပ်လဲ ပါရတယ်။သတ္တဌာနလုပ်ယင် ပုဏ္ဏားရုပ်လဲ ပါရတယ်။ အဲဒါဘာလဲဆိုတော့ ဟုံဟုက်ပုဏ္ဏားပဲ။

အဲဒီဟုံဟုက်ပုဏ္ဏားက ဘုရားထံမှောက်ရောက်၊ ရှိခိုးသလား၊ မခိုးပါဖူး။ ကစ္စိ ဘော ဂေါတမ ခမနိယံ= ရှင်ကြီးဂေါတမ ခန့်ကျန်းပါရဲ့လား။ ကစ္စိ ယာပနိယံ= ဣရိယာပထ မျှတပါရဲ့လား"။ အဲဒီလိုစကားပဋိသန္ထာရပြော၊ ပြောပြီးပြီ ဆိုတော့ တထောင့်တကွေးက သူရပ်။ ရပ်ပြီးတော့ သူသိချင်တဲ့အချက် ဘုရားကို လျှောက်ထားတယ်။

ဘယ်လို လျှောက်ထားသလဲ-

ကိတ္တာဝတာ နု ခေါ ဘော ဂေါတမ ဗြာဟ္မဏော ဟောတိ၊
ကတမေ စ ပန ဗြာဟ္မဏကရဏာ ဓမ္မာ။

ဝိနယ၊ မဟာဝဂ္ဂ၊ အဇပါလကထာ၊

ဘော ဂေါတမ=အိုရှင်ကြီး ဂေါတမ။ ကိတ္တာဝတာ= အဘယ်မျှလောက်သော တရားအစုဖြင့်။ ဗြာဟ္မဏော နု ခေါ= ဗြာဟ္မဏမည်သည်။ ဟောဘိ=ဖြစ်နိုင်ပါသနည်း။ ဗြာဟ္မဏကရဏာ= ဗြာဟ္မဏအဖြစ်ပြုတတ်သော တရားတို့ကား။ ကတမေ စ ပန=အဘယ်တရားတို့ ဖြစ်ပါသနည်း။

ပထမနည်းက မေးလိုက်တယ်-အို ရှင်ကြီးဂေါတမ၊ဗြာဟ္မဏ

http://www.dhammadownload.com



ဖြစ်အောင် ပြုလုပ်နိုင်တဲ့တရားပေါင်းက ဘယ်လောက်ရှိသလဲ။ တရားပေါင်း ဘယ်လောက်ရှိမှ ဗြာဟ္မဏမည်နိုင်သလဲ။

ဆင့်ပြီးတော့ မေးလိုက်တာက–အဲဒီတရားတွေက ဘယ်တရားတွေတုန်း–လို့ သရုပ်ကိုမေးတာ။

ပထမနည်းက ပမာဏ=အတိုင်းအရှည်ကို မေးတယ်။ မေးတာတော်တော်လဲ သဘာ၀ကျတယ်။ ဘုရားကိုယ်တော်မြတ်ကလဲပဲ ဟောချင်ပါတယ်။ဟောချိန်ကျပလား။ ဟောချင်လိုက်တာလေ။ အားမနာတမ်းသဘာ၀စစ်စစ် ပြောမယ်ဆိုလို့ရှိယင် ရွှေနှုတ်တော်ကို လှုပ်ပြီးတော့နေတာပဲ။ အဲဒီဟုံဟုက်ပုဏ္ဏားကို ဘုရားတရားဟောလိုက်ကဲ့လား။ မဟောပါဖူး။

ဘာပြုလို့တုန်းဆိုတော့ သူ့တရားဟောပေမယ့် သရဏဂုံမှုတည်မဲ့ပုဂ္ဂိုလ် မဟုတ်။ တရားတော်ရဲ့တည်ရာ ဘာဇနပုဂ္ဂိုလ်မဟုတ်။

တွက်ကြည့်၊ ဒီမေးတဲ့ ပြဿနာရှင်ဖြစ်တဲ့ ဟုံဟုက် ပုဏ္ဏားကလဲ တရားရဲ့တည်ရာ= ဓမ္မဘာဇန မဟုတ်ခဲ့၊ မေးတဲ့ပြဿနာ လေးနက်သလောက် အမေးရှင်က တရားနဲ့ဝေးတဲ့ပုဂ္ဂိုလ်။ ဒီတော့ မဟောရအခက်၊ ဟောရအခက်။

တရားနဲ့ ဒီလောက်ဝေးတဲ့ပုဂ္ဂိုလ်ကို ပြဿနာ လေးနက်တာတဖက်ကိုကြည့်ပြီးသကာလ ဒလဟော ဈေးပေါပေါနဲ့ ဘုရားကတရားဟောလိုက်ရမယ်၊ ဒီလိုလဲမဖြစ်နိုင်ဖူး။ ဈေးပေါပေါထားပြီးတော့ ဟောရမဲ့တရားမျိုးလဲ မဟုတ်ဖူး။ မဟောပဲကလဲ နေလို့မဖြစ်၊ အဲဒီတော့ ဖြစ်တဲ့နည်းနဲ့ ဘာလုပ်ရတုန်းလို့ဆိုတော့ တရားရဲ့တည်ရာ မဟုတ်တဲ့ ဟုံဟုက်ပုဏ္ဏားကို တရားနာခံမထားပဲနဲ့ ကိုယ်တော်မြတ်ဘာသာကိုယ်တော်မြတ် ဥဒါန်းကျူးရင့်သောအနေနဲ့ ရွှေနှုတ်တော်က မြွက်ဆိုတော်မူခဲ့တယ်။

ယော ဗြာဟ္မဏော ဗာဟိတပါပဓမ္မော၊
နိဟုံဟုကော် နိက္ကသာဝေါ ယတတ္တော။
ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော၊
ဓမ္မေန သော ဗြဟ္မဝါဒံ ဝဒေယျ။
ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။

http://www.dhammadownload.com



ယော ဗြာဟ္မဏော=အမှတ်မထင် အကြင်ဗြာဟ္မဏဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ ဗာဟိတပါပဓမ္မော= အပပြုအပ်သော မကောင်းမှု အကုသိုလ်တရားစု ရှိပါပေ၏(ဝါ) မကောင်းမှု အကုသိုလ်တရားကို အပပြုပြီးလည်း ဖြစ်ပါပေ၏။ (တပိုင်း)

ဗြာဟ္မဏမည်ဖို့ရန် နိဟုံဟုက် မာန်မာနအမျက်ကောဓတို့၏ အစွမ်းအားဖြင့် တဟုန်းဟုန်းမူလည်း ပြုလေ့မရှိ၊ ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ မာန်မာနတွေ အမျက်ဒေါသတွေ မပြောခြင်း သဘောရှိပါပေ၏။

နိက္ကသာဝေါ= ရာဂအစရှိသော ကိလေသာဖန်ရည်မှလည်း ကင်းစင်ပါပေ၏။ ယတတ္တော= သမထဝိပဿနာ ဘာဝနာနှလုံးကျင့်သုံးပြီးလည်း ဖြစ်ပါပေ၏။ (ဝါ) ယတတ္တော=သီလသံဝရဖြင့် စောင့်စည်းအပ်သော စိတ်နှလုံးလည်း ရှိတော်မူပါပေ၏။ ဝေဒန္တဂူ=မဂ်ဉာဏ်လေးပါးဖြင့် အဆုံးဖြစ်သော နိဗ္ဗာန်သို့လည်း ရောက်တော်မူပါပေ၏(ဝါ) ဝေဒန္တဂူ= မဂ်ဉာဏ် လေးပါး၏အဆုံး အရဟတ္တဖိုလ်သို့လည်း ရောက်ပြီးဖြစ်ပါပေ၏။ ဝုသိတ ဗြဟ္မစရိယော= ကျင့်သုံးအပ်ပြီးသော မဂ်တည်းဟူသော မြတ်သော အကျင့်လည်း ရှိပါပေ၏။ သော တာဒိသော=ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည်။ ယဿ=အကြင်အရိယာသခင်၏ သန္တာနန်၌။ ကုဟိဉ္စိ လောကေ=တစုံတခု သော လောကမှာမှ။ ဥဿဒါ=ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ–တည်းဟူသော လှည့်ဖျားခြင်း ငါးမျိုးတို့သည်။ နတ္ထိ–န သန္တိ=မရှိပါကုန်။ သော တာဒိသော=ထိုသို့ ဆိုအပ်ပြီးသော တရားခြောက်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှ။ ဓမ္မေန=တရားသဖြင့်။ ယထာဘူတံ=အမှန်သဘာဝကျသဖြင့်။ ဗြဟ္မဝါဒံ=ငါကားဗြာဟ္မဏဟူ၍ ပြောဆိုခြင်းကို။ ဝဒေယျ= မုချပိုင်ပိုင် ပြောဆိုနိုင်ရာ၏။

တရားခြောက်ပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်များမှ ငါကားဗြာဟ္မဏလို့ ရဲရဲရင့်ရင့် ဝင့်ဝင့်စားစား ယထာဘူတ အမှန်အတိုင်း ပြောကြားနိုင်တယ်တဲ့။

http://www.dhammadownload.com



ဟုံဟုက်ပုဏ္ဏားကို အဖက်မထားပဲနဲ့ ကိုယ်တော်မြတ်ဘာသာ ဥဒါန်းကျူးရင့်သောအနေနဲ့ ဂါထာတွေရွတ်ကော်မူခဲ့ရတယ်။

## မုစလိန္ဒသတ္တာဟ စံနေတော်မူခြင်း

အဇပါလညောင်ပင်ရင်းက ခုနှစ်ရက်လွန်မြောက်လို့ ဖလသမာပတ်သမာဓိ၊ အရဟတ္တဖိုလ်သမာဓိမှ ထတော်မူပြီးတဲ့နောက် မုစလိန္ဒာခေါ်တဲ့ မဟာဗောဓိပင်မှ တောင်အရပ် ကျည်းပင်ရှိခဲ့တယ်။ အဲဒီကျည်းပင်အောက်သို့ ဘုရားကိုယ်တော်မြတ်ကြွ၊ ဘုရားကိုယ်တော်မြတ် မုစလိန္ဒာဌာနသို့ ရောက်တော်မူလျှင်ပဲ ခုနှစ်ရက်ဆွေတဲ့ မိုးကြီးဖြစ်ခဲ့တယ်။

အဲဒီမိုးကြီးမျိုးက စကြာမင်းများပေါ်တဲ့ အခါမှာလည်း ခုနစ်ရက်မိုးကြီးဆွေတတ်တယ်။ သဗ္ဗညုမြတ်စွာဘုရားများပွင့်တော်မူတဲ့ အခါမှာလည်းပဲ ဒီခုနစ်ရက်မိုးကြီး ဆွေတတ်တယ်။ တပည့်တော်တို့ တွေ့နေကျဖြစ်တဲ့ ခုနစ်ရက်မိုးအဆွေမျိုး မဟုတ်ဖူးတဲ့။ အခုပြောတဲ့ ခုနှစ်ရက်ဆွေတဲ့မိုးက စကြာမင်းဖြစ်ထွန်းတဲ့အခါ သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ–ဤနှစ်ခါမှာမှ ပေါ်ပေါက်တဲ့ ခုနစ်ရက်ဆွေတဲ့ မိုးကြီးမျိုး။

## မုစလိန္ဒာနဂါး ပါးပျဉ်းမိုး၍ပူဇော်ခြင်း

မုစလိန္ဒာကျည်းပင်ရဲ့အနီးမှာ မြတ်စွာဘုရားကြွလို့ ခုနစ်ရက်မိုးကြီးဆွေနေတော့ မနေသာတဲ့အတွက် မုစလိန္ဒာရေအိုင်အောက်မှာရှိတဲ့ မုစလိန္ဒာနဂါးမင်းက မိမိကိုယ်တိုင် ရတနာခုနှစ်ပါး ရတနာဆယ်ပါး ဖြင့်ပြီးတဲ့ ဘုံဗိမာန်ဖန်ဆင်းပြီးတော့ ဘုရားသဗ္ဗညုအား လှူနိုင်ပါတယ်။

ဒါပေမဲ့ ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြုလုပ်လိုတဲ့အတွက် မိမိဘုံဗိမာန်ကထွက်၊ ကြီးစွာသောမိမိကိုယ်ကို ဖန်ဆင်းပြီးသကာလ ဘုရားကိုယ်တော်မြတ်ရဲ့ရူပကာယကို ခုနှစ်ခွေခုနှစ်ပတ်၊ ပတ်ပြီးတော့ ဘုရားကိုယ်တော်မြတ်ရဲ့ ဦးခေါင်းတော်အထက်မှ ဘယ်မိုးပေါက်မှ မကျမရောက်နိုင်အောင် ကြီးစွာသော ပါးပျဉ်းကြီးကို မိုးအုပ်၍ တည်နေတယ်။

http://www.dhammadownload.com



အဲဒီလို တည်နေတဲ့အတွက် အတွင်းမှာ ဘုရားကိုယ်တော်မြတ် ထက်ဝယ် ဖွဲ့ခွေနေတော်မူရင်း ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ချမ်းသာဖြင့် နေတော်မူခဲ့ပါတယ်။

## မုစလိန္ဒာနဂါးနှင့်စပ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း

ခုနစ်ရက်လွန်မြောက်ရောက်သကာလ မုစလိန္ဒာနဂါးဟာ ကောင်းကင်ကိုကြည့်တဲ့အခါ ကောင်းကင်ပြင်ကြီးတစ်ခုလုံးဟာ နီလာရောင်တွေ အပြာရောင်တွေ သမ်းပြီးဟော့ မိုးတိမ်တိုက်တွေ ရှင်းတာကို မြင်တော့ မိမိရဲ့အခွေတွေကိုဖြေ၊ ပကတိနဂါးအဆင်းကို ပယ်ဖျောက်၊ လုလင်အသွင် ဖန်ဆင်းပြီးတော့ ဘုရားရှေ့မှောက်မှာ လက်အုပ်ချီမိုး ရှိခိုး၍ ရပ်တည်နေခဲ့တယ်။

အဲဒီရပ်တည်နေတဲ့ လုလင်အသွင်ဖန်ဆင်းနေတဲ့ မုစလိန္ဒာနဂါးကိုလဲ တရားမဟောရသေးဖူး၊ ဘာပြုလို့တုန်း။ အဲဒီမုစလိန္ဒာနဂါးလဲပဲ ဓမ္မဘာဇနမဟုတ်သေးဖူး။ တရားဟောပေမဲ့ မဂ်ရဖို့တည် မဖြစ်နိုင်သေးဖူး။ တိုက်ရိုက်တဲ့တိုး ပြောရမယ်ပ ဆိုလို့ရှိယင်ဖြင့် ဒီဘုရားသာသနာမှာ နိဗ္ဗေဓဘာဂိယ-တရားဟောမှုဖြစ်မှာက ဓမ္မစကြာတရားဒါဟာမှ မဂ်ရောက် ဖိုလ်တည်ဆိုတဲ့ ဘုရားပေးတော်မူလိုတဲ့ မဂ်ဖိုလ်အကျိုးကို ရနိုင်မှာ။ ဒီတော့ အချိန်ကမကျသေးတော့ မုစလိန္ဒာနဂါးကိုလဲ တရားမဟောပဲနဲ့ ဘုရားကိုယ်တော်မြတ် ရှေ့မှောက်မှာ မုစလိန္ဒာနဂါး လုလင်အသွင် ဖန်ဆင်း၍ လက်အုပ်ချီမိုး ရှိခိုးရပ်ကသည် နေတဲ့အချိန်မှာ

> သုခေါ ဝိဝေကော တုဋ္ဌဿ၊
> သုတဓမ္မဿ ပဿတော။
> အဗျာပဇ္ဇံ သုခံ လောကေ၊
> ပါဏဘူတေသု သံယမော။

ဝိနယ၊ မဟာဝဂ္ဂ၊ မုစလိန္ဒကထာ၊ ၄။

http://www.dhammadownload.com



ဝိဝေကော=ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်ပရမတ်သည်။ သုခေါ=အလွန်အမင်း ချမ်းသာလှပါပေ၏။ (ဝိဝေကခေါ်ဆိုရတဲ့ နိဗ္ဗာန်ဟာဖြင့် အင်မတန်ချမ်းသာတဲ့ တရားပဲလို့)။ သုတဓမ္မဿ= ထင်လင်းပြီးသော သစ္စာလေးပါး တရားရှိသော။ တံ ဓမ္မံ=ထိုမိမိဉာဏ်ဝယ် ထင်လင်းပြီးတဲ့ သစ္စာလေးချက် တရားနက်ကို။ ပဿတော= ပဿန္တဿ= ရှုဆင်ခြင်တော်မူတဲ့ ရဟန္တာသခင် အရှင်သူမြတ်၏။ လောကေ=လောကကြီးထဲ၌။ အဗျာပဇ္ဇံ=ဒေါသမလွှမ်းမိုးပဲ နေရခြင်းသည်လည်း။သုခံ=ချမ်းသာလှပေ၏။ ပါဏဘူတေသု=သတ္တဝါတို့အပေါ်၌။ သံယမော=မေတ္တာရှေ့ထား စောင့်စည်း၍နေရခြင်းသည်လည်း။ သုခေါ=ချမ်းသာလှပေ၏။

သတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာမိုးရွေ၍ နေရခြင်းဟာဖြင့် အင်မတန်ချမ်းသာတာပဲ။ နိဗ္ဗာန်ချမ်းသာက အင်မတန်ချမ်းသာလှ၏။ သစ္စာလေးချက်တရားနက်ကို ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင် သိမြင်ပြီးသောပုဂ္ဂိုလ်ဟာ မိမိသိမြင်တဲ့ သစ္စာတရားကိုကြည့်နေ၊ အဲဒီလိုကြည့်ရာက ကရုဏာမိုးရွေရ၊ မေတ္တာမိုးရွေရခြင်းဟာလဲပဲ ချမ်းသာလှပေ၏။ ဒါကြောင့်မို့လို့–

> သုခါ ဝိရာဂတာ လောကေ၊
> ကာမာနံ သမတိက္ကမော။
> အသ္မိမာနဿ ယော ဝိနယော၊
> ဧတံ ဝေ ပရမံ သုခံ။

လောကေ=သတ္တလောကကြီးထဲ၌။ ယာ ဝိရာဂတာ=အကြင်ရာဂကင်း ခြင်းကို။ ကာမာနံ သမတိက္ကမောတိ= ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို လွန် မြောက်ခြင်းဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။ တာ ဝိရာဂတာ=ထိုကာမရာဂ ကင်းရှင်း၍ နေရခြင်းသည်လည်း။ သုခါ=ပဌမချမ်းသာလှပေ၏။

ဒါဘာဆိုလိုသလဲ? ကာမစ္ဆန္ဒနီဝရဏကင်းပြီးတော့ အနာဂါမိမဂ်ဖိုလ်ဖြင့် နေရခြင်းဟာလဲ ချမ်းသာလှပေ၏။ ပဌမချမ်းသာ။

http://www.dhammadownload.com



အသ္မိမာနသ= ငါ ငါဆိုတဲ့ မာန်မာနကို။ ယော ဝိနယော= အကြွင်းဖယ်ရှားရာ အရဟတ္တမဂ် အရဟတ္တဖိုလ်သည်။ အတ္ထိ=ရှိ၏။ ဧတံ= ဤငါငါဆိုတဲ့ မာန်မာနကို ပယ်ချရာ အရဟတ္တမဂ် အရဟတ္တဖိုလ် သည်လည်း။ ဝေ=စင်စစ်ကေန် အမှန်အားဖြင့်။ ပရမံ သုခံ= အတုမရှိ ချမ်းသာလှပါပေ၏။

တုမရတဲ့ချမ်းသာကတော့ဖြင့် ငါငါဆိုတဲ့ မာန်မာနကို ပယ်ချရာ အရဟတ္တမဂ်အရဟတ္တဖိုလ်က အတုမရှိတဲ့ အသာဆုံးအမြတ်ဆုံး ချမ်းသာဘဲလို့ ဥဒါန်းကျူးပြီးတော့ အဲဒီကနေပြီး ရာဇာယတနခေါ်တဲ့ လင်းလွန်းပင်သို့ ကြွခဲ့တယ်။

## ရာဇာယတနသတ္တာဟစံနေတော်မူခြင်း

မဟာဗောဓိမှ အနောက်တောင်ထောင့် ရာဇာယတနလင်းလွန်းပင်သို့ ဘုရားကိုယ်တော်မြတ် ကြွရောက်ပြီးတော့ ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ချမ်းသာဖြင့် သီတင်းသုံးနေတော်မူ၍ ခုနစ်ရက်ပြည့်မြောက်ပြီဆိုပါစို့။ အဲဒီနံနက်မိုးသောက်တဲ့အချိန်မှာ သိကြားမင်းက ဒန်ပူများကပ်တယ်။ ဆေးကြဖုများ ဘုဉ်းပေးတော်မူတယ်ဆိုယင်ပဲ ဘုရားကိုယ်တော်မြတ် သရီရဝလဥ္စနကိစ္စခေါ်တဲ့ ကိုယ်လက်သုတ်သင်မှုကိစ္စပြုရတယ်။ လေးဆယ့် ကိုးရက်ရှိခဲ့ပြီ။

လေးဆယ့်ကိုးရက်ရှိလို့ ယနေ့ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပြီလို့ သိတဲ့အတိုင်း သိကြားက ဆေးကြဖုကို ကပ်ခဲ့တယ်။ ဩသဓဟာရီတကခေါ် တယ်။ ဆေးကြဖု ကိုယ်တော်မြတ်ဘုဉ်းပေးပြီးသကာလ ကိုယ်လက် သုတ်သင်ခြင်းအမှု ပြုရတယ်။ ကာယဗလတွေ မပျက်မစီးပဲ တည်ရှိတယ်။ ပြီးပြီဆိုတော့ ဒန်ပူကိုစားလို့၊ အဲဒီရာဇာယတနလင်းလွန်းပင်ရင်းမှာပဲ မြတ်စွာဘုရားကိုယ်တော်မြတ် သီတင်းသုံးနေခိုက် ဥက္ကလာခေါ်တဲ့အရပ်က တပုဿနဲ့ ဘလ္လိကကုန်သည်ညီနောင်ရောက်လာကြတယ်။

http://www.dhammadownload.com



## ဥက္ကလာပအရပ်

ဥက္ကလာဆိုကာ ဗမာပြည်က ဘယ့်နှယ်ပြောသလဲဆိုတော့– ရန်ကုန်ခေါ်တာတဲ့။ အိန္ဒိယကလူတွေကလဲ ဥက္ကလာဆိုတာ ကျုပ်တို့အိန္ဒိယထဲမှာရှိတာတဲ့။ ကိုင်းဘယ်သူ့ဟာမှန်တယ် မှားတယ်ဆိုတာတော့ သဘာဝကသာဆုံးဖြတ်ပေါ့။ဒီတွင်ပဲလားဆိုတော့ မဟုတ်သေးဖူး။ စူဠပုဏ္ဏ မဟာပုဏ္ဏဆိုတာ ဗမာပြည်က ကျောင်းတော်ရာအရပ်ကတဲ့၊ ဗမာကလဲ ထက်အောက်စက်တော်ရာတွေက အခုအထင်အရှားရှိသားပဲဆိုပြီးတော့ သုနာပရန္တ တိုင်းမှာ ဘုရားကိုယ်တော်မြတ် ကြွရောက်ပြီးသကာလ ချခဲ့တဲ့စက်တော်ရာဟာဒို့ဗမာပြည်က သုနာပရန္တတိုင်း လယ်ကိုင်းကျောင်းတော်ရာက စူဠပုဏ္ဏမထေရ်ပဲလို့ အဲဒီလို ဗမာကဆွဲတာပဲ။ အိန္ဒိယကလဲပဲ ဘယ့်နှယ်ပြောသလဲဆိုတော့ အပရန္တ တိုင်းဆိုတာ ကျုပ်တို့အိန္ဒိယအနောက်ပိုင်းကိုခေါ်တာတဲ့။ သူတို့ဆီမှာလဲပဲ စက်တော်ရာနှစ်ဆူရှိသတဲ့။ အဲဒါ ဘယ်သူကမှန်သလဲလို့ သဘာဝမှူက ဆုံးဖြတ်ပေါ့နော်။ ဘာဘဲဖြစ်ဖြစ်–

> တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
> သမေ စိတ္တေ သမံ ဖလံ။
> စေတောပဏိဓိ ဟေတု ဟိ၊
> သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။ ။

ဝိမာန၊ ပီတဝိမာနဝတ္ထု၊ ဂါထာ– ၈၁၆၊ စာ–၆၆။

သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်မှာပဲဖြစ်ဖြစ်၊ ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားမှာပဲဖြစ်ဖြစ်၊ စိတ်အညီအမျှထားနိုင်ယင် အကျိုးအညီအမျှ ရနိုင်တယ်။

## စိတ်ထားတတ်ကြမှ

ဒါကြောင့် တကဲ့စက်တော်ရာပဲ ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ၊ ဟုတ်ဟုတ်, မဟုတ်ဟုတ်။ ဟာ–ရန်ကုန်က ရွှေတိဂုံဆံတော်ရှင်ဆိုတာဟာ အိန္ဒိယကလဲ သူတို့ဆီမှာ၊ တပုဿ ဘလ္လိကတို့ ဥက္ကလာပဆိုတာ

http://www.dhammadownload.com



သူတို့ဆိုကလို့ ဘယ်လိုပဲပြောပြော မိမိစိတ်ထဲမှာ ဘုရားကိုယ်တော်မြတ်ရဲ့ ဆံတော်မှ နီလရောင်ခြည်တော်တွေ ကွန့်မြူး နေတဲ့ပုံ၊ အဲဒီကနေပြီးတော့ နီလရောင်ခြည်တော်ရှင် ဖြစ်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရား ကိုယ်ခန္ဓာပေါ် ရောက် စိတ်အာရုံပို့ပြီးတော့ တရား နှလုံးသွင်းလို့ ဘုရားဂုဏ်အာရုံပြုပြီ ဆိုလို့ရှိယင်ဖြင့် မိမိတို့အကျိုးရခြင်း အတူတူပါပဲတဲ့။

ငြင်းမနေကြပါနဲ့၊ခုန်မနေကြပါနဲ့။ ပစ္စည်းအစစ်ပဲဖြစ်ဖြစ် နှလုံးမသွင်းတတ်ယင် အကျိုးမရဖူးနော်။ အဲဒီပစ္စည်းအတုပင် ဖြစ်လင့် ကစား သဲပုံကလေးပုံပြီးတော့ ဘုရားစေတီပုံဖော်၊ အဲဒီကနေပြီးတော့ ဘုရားဂုဏ် အာရုံရောက်အောင်ယူပြီးတော့ ပူဇော်လို့ရှိယင်ဖြင့် သက်တော် ထင်ရှား ဘုရားအား ပူဇော်ရခြင်းနဲ့ အတူတူပါပဲ။

ယနေ့ရုပ်ပွားဆင်းတုတွေလဲပဲ အဲဒီဆင်းတုကလေးထဲတင် စိတ်ထားဖို့မဟုတ်ဖူး၊ ဆင်းတုငယ်ငယ်ဆိုလို့ရှိယင်အဏုမာဘုန်းတော်ကို အာရုံပြုပြီး–

ကုဇ္ဇန္တော သာသပ ဂဗ္ဘေ၊
စက်မတိ ကူတော စိတော။

ဘဂဝါ=ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ကုဇ္ဇန္တော=အလိုတော်မြတ် ရှိပါမူကား။ သာသပေ ဂဗ္ဘေ=မုန်ညင်းစေ့ တိုက်အတွင်း၌ပင်သော်လည်း။ ကူတော စိတော=အရှေ့အနောက် တောင် မြောက်လူးလာ ဤမှထိုမှ။ စက်မတိ= လူးလာတဲ့ခါက် စကြံလျှောက် တော်မူနိုင်ပါပေ၏။

ကိုယ်တော်မြတ်အလိုရှိပါမူ ပရိသတ်တွေက ကြည့်နေစမ်းတဲ့။ မုန်ညင်းစေ့ကလေးအတွင်းမှာပင်လျှင် အရှေ့အနောက် တောင်မြောက် လူးလာ ပရိက္ခရာရှစ်ပါးယူဆောင်၍ စင်္ကြံလျှောက်နိုင်တယ်။ အဏု မာဘုန်းတော်လို့ခေါ်တယ်။ အဏုမာဘုန်းတော်ဆိုတာက ကိုယ်တော်မြတ် ကို အနုဏုမြူသဖွယ် သေးငယ်အောင်ဖန်ဆင်းတဲ့ဘုန်းတော်။

http://www.dhammadownload.com



မဟာမြတ်မုနိဘုရားကြီးလို မဟာသကျသီဟ ဘုရားတို့လို ရုပ်ပွား တော်ကြီး ကြီးကြီးတွေ့ပြန်တော့လဲ–

ဣစ္ဆန္တော စက္ကဝါဠမ္ဟိ၊
အတ္တဘာဝေန ဆာဒယိ။

ဘဂဝါ=ဘုန်းတော်သခင် ငါတို့ဘုရားရှင်သည်။ ဣစ္ဆန္တော= အလိုတော်မြဝ် ရှိပါမူကား။ စက္ကဝါဠမ္ဟိ= စကြဝဠာတိုက်အလုံးကိုပင် သော်လည်း။ အတ္တဘာဝေန= ကိုယ်တော်မြတ်၏ အတ္တဘောဖြင့်။ ဆာဒယိ=ဖုံးလွှမ်းတော်မူနိုင်ပါပေ၏ ။

အဲဒီလိုမဟိမာဘုန်းဂုဏ်အာရုံပြုပြီးသကာလ တကယ့်သက်တော် ထင်ရှား ဘုရားကိုယ်တော်မြတ်ထံမှောက် စိတ်အာရုံရောက်ဖို့က အရေးကြီး တယ်။ ဒါကြောင့် ရုပ်ပွားငယ်လို့ရှိယင် အဏိမာဘုန်းတော်နဲ့၊ ရုပ်ပွားတော် ကြီးယင်လဲ မဟိမာဘုန်းတော်နဲ့ အာရုံပြုပြီးတော့ ဘုရားထံမှောက် မိမိတို့ စိတ်တွေရောက်အောင် ပို့ကြပါ။

## တပုဿနှင့် ဘလ္လိကတို့ ဘုရားထံမှောက်ရောက်လာခြင်း

ဘုရားကိုယ်တော်မြတ် ရာဇာယတန လင်းလွန်းပင်ရင်း သီတင်းသုံး ပို့ လေးဆယ့်ကိုးရက်ပြည့်တဲ့နေ့မှာ ရောက်လာတဲ့ပုဂ္ဂိုလ်တွေကဘယ်သူ လဲလို့ဆိုတော့ တပုဿနဲ့ ဘလ္လိကကုန်သည်ညီနောင်၊ ဥက္ကလာအရပ်က။ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဥရုဝေလ ဗုဒ္ဓဂယာအရပ်သို့ အဝေးနှင့်ရှည်သောခရီးကို သွားလာဆဲဖြစ်ကြတယ်။

အဲဒီလို လာကြတဲ့အခါ အဲဒီလေးဆယ့်ကိုးရက်နေ့မြောက် ရောက် သကာလ တပုဿ ဘလ္လိကတို့က ဘုရားနဲ့မနီးမဝေးသို့ ရောက်ခဲ့ပြီ။ လွန်ခဲ့သောဘဝက သူတို့နဲ့ ဆွေရင်းမျိုးခြာတော်စပ်တဲ့ နတ်တဦးက ဘယ့်နှယ်ပြောသလဲ ပထမသူကို့ရဲ့ ကုန်လှည်းတွေကို ရှေ့မတိုးနောက် မဆုတ်အောင် လှည်းတွေ ရပ်ကုန်အောင် လုပ်လိုက်တယ်။ အဲဒီလှည်းတွေ

http://www.dhammadownload.com



ရုပ်သကာလ လမ်းခရီး စောင့်ကြပ်တဲ့ နတ်တွေကို ဗလိနတ်စာပေးလို့ ကန်တော့ပွဲတွေပေး၊ တောင်းပန်တိုးလျှိုးတဲ့အခါကျတော့မှ အဲဒီနတ်က ကိုယ်ထင်ပြပြီးတော့-

အယံ မာရိသာ ဘဂဝါ ရာဇာယတနမူလေ ဝိဟရတိ ပဌမာဘိသမ္ဗုဒ္ဓေါ။

ဝိနယ၊မဟာဝဂ္ဂ၊ ရာဇာယတနကထာ၊ ၄။

မာရိသာ=အချင်းပိလု တပုဿနှင့် ဘလ္လိကတို့။ အယံ ဘဂဝါ= ဤဘုန်းတော်နေ့ဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ အဘိသမ္ဗုဒ္ဓေါ ဟုတ္တွာ= သဗ္ဗညုဘုရားဖြစ်၍။ ပဌမံ=ရှေးဦးစွာ။ ရာဇာယတနမူလေ= လင်းလွန်းပင်၏အရင်း၌။ ဝိဟရတိ= ဣရိယာပထမျှတရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူဆဲ ဖြစ်ပါပေ၏။

အမောင်တို့- လူသုံးပါး၌ အတုမရှိတဲ့ သဗ္ဗညုမြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီး၍၊ ရှေးဦးစွာ ယခုအခါ ရာဇာယတန လင်းလွန်းပင်ရင်းမှာ ကြွရောက်ပြီးတော့ သီတင်းသုံးနေဆဲရှိတယ်။

ဂစ္ဆထ တံ ဘဂဝန္တံ မန္ထေန စ မဓုပိဏ္ဍိကာယ စ ပတိမာနေထ။

အမောင်တို့ သွားကြကုန်၊ အမောင်တို့ စားနပ်ရိက္ခာအလို့ငှာ ယူဆောင်လာတဲ့ မဖွဲ့မယှက်အပ်သေးတဲ့ မုယောမုန့်၊ ထောပတ် ပျား တင်လဲတို့ဖြင့် ဖွဲ့ပြီးဖြစ်တဲ့ မုယောမုန့် အဲဒါများဖြင့် ဘုရားထံသွားပြီး ပူဇော်ကြလို့- သူတို့ပါတဲ့ရိက္ခာများဖြင့် ဘုရားအား သွားပူဇော်ကြလို့ ပြောတယ်။ တပုဿ ဘလ္လိကတို့ ဘုရားထံမှောက်သွားရောက်ပြီး-

ပဋိဂ္ဂဏှာတု နော ဘန္တေ ဘဂဝါ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ၊ ယံ အမှာကံ အဿ ဒီဃရတ္တံ ဟိတာယ သုခါယ။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား- ဝါပည့်ကော်တို့ ခရီးရိက္ခာအလို့ငှာ ယူဆောင်လာကဲ့မုန့်ကြွက်ကျစ်တို့ ပျားမုန့်ဆုပ်တို့ခေါ်တဲ့ မဆုပ်ရသေးတဲ့ မုယောမုန့်၊ထောပတ်၊ပျား၊တင်လဲတို့ဖြင့်ရော၍ ဆုပ်ပြီး

http://www.dhammadownload.com



ဖြစ်တဲ့ မုယောမုန့်၊ အဲဒီမုန့်နှစ်မျိုးကို အလှူခံတော်မူပါဘုရား–လို့ လျှောက်ထားတဲ့အခါ သဗ္ဗညု မြတ်စွာဘုရား၌ အဲဒီအချိန်မှာ ဘယ်အခြေအနေရှိနေတုန်း။

တောထွက်တော်မူစဉ်က ဃဋိကာရလှူဒါန်းလိုက်တဲ့ ပရိက္ခရာ ရှစ်ပါးထဲမှာပါတဲ့ သပိတ်ကလဲ သုဇာတာဃနာနို့ဆွမ်း လှူတဲ့နေ့ ညောင်ပင်အောက်မှာ ဘုရားသိတင်းသုံးကတဲကိုက အလိုလိုကွယ်ပျောက်ခဲ့ပြီ။ သပိတ်မရှိမှ သုဇာတာက ရွှေခွက်နဲ့တကွလှူမှာနော်။ သုဇာတာလှူတဲ့ ရွှေခွက်ကြီးလဲပိုက်ပြီးတော့ ဘုရားကိုယ်တော်မြတ်က လာတာမဟုတ်။ နေရဥ္ဇရာမြစ်ထဲ မျှောခဲ့ပြီ။ အခုအချိန်မှာ ဘုရားကိုယ်တော်မြတ်ရဲ့ ရွှေလက်တော်မှာ သပိတ်မရှိခဲ့။ ဆွမ်းဘုဉ်းပေးဖို့ရန် အလှူခံဖို့ရန်လဲ အချိန်ကကျခဲ့ပြီ။ အတိတ်က ဘုရားရှင်တွေရဲ့ ဗုဒ္ဓဝင်ကို ပြန်စဉ်းစားလိုက်တဲ့အခါ–

န ခေါ တထာဂတာ ဟတ္ထေသု ပဋိဂ္ဂဏှန္တိ။

တထာဂတာ= ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူကြတဲ့ အဆူဆူသော ရှေးရှေးဘုရားရှင်တို့သည်။ ဟတ္ထေသု= လက်တော်တို့ဖြင့်။ နော ပဋိဂ္ဂဏှန္တိ=ခံယူကြရိုး ထုံးစံမရှိကြကုန်။ ဘယ်ဘုရားမှ အမြင်မတော် လှူဒါန်းလာတဲ့ဝတ္ထုကို လက်နဲ့ခံတယ်လို့ ထုံးတမ်းမရှိခဲ့ဖူး။

ကိမှိ နု ခေါ အဟံ ပဋိဂ္ဂဏှေယျံ မန္ထဥ္စ မဓုပိဏ္ဍိကဉ္စ။

အဟံ= ငါဘုရားသည်။ မန္ထဥ္စ= မုန့်ကြွက်ကျစ်ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ= ပျားဆုပ်မုန့်ကိုလည်းကောင်း။ ကိမှိ နု ခေါ= အဘယ်၌(ဝါ) အဘယ်ဖြင့်။ ပဋိဂ္ဂဏှေယျံ= ခံယူရပါအံ့နည်း။

**စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဘုရားရှင်အား သပိတ်လှူဒါန်းခြင်း**

သပိတ်လဲမရှိခဲ့၊ လက်နဲ့လဲ ရှေးနောင်တော့် နောင်တော်ဘုရားရှင်တို့ ခံယူရိုးထုံးစံမရှိခဲ့။ ယခုတပုဿ ဘလ္လိကညီနောင်တို့လှူတဲ့ ပျားမုန့်ဆွမ်း

http://www.dhammadownload.com



ဘာနဲ့မျှား ငါခံရပါ့မတုန်းလို့ စဉ်းစားဆင်ခြင်တော်မူတဲ့အခါ-

အထ ခေါ စတ္တာရော မဟာရာဇာနော ဘဂဝတော စေတသာ စေတောပရိဝိတက္ကမညာယ စတုဒ္ဒိသာ သေလမယေ ပတ္တေ ဘဂဝတော ဥပနာမေသုံ။

ဝိနယ၊မဟာဝဂ္ဂ၊ရာဇာယတနကထာ၊၄။

အထ ခေါ= ထိုသို့ ဆင်ခြင်တော်မူသောအခါကာလ၌။ စတ္တာရော မဟာရာဇာနော= စတုမဟာရာဇ် နတ်မင်းကြီးတို့သည်။ ဘဂဝတော စေတော ပရိဝိတက္ကံ= မြတ်စွာဘုရား၏ စိတ်အကြံတော်ကို။ စေတသာ= မိမိတို့၏စိတ်ဖြင့်။ အညာယ=သိ၍။ စတုဒ္ဒိသာ- စတူဟိ ဒိသာဟိ= အရပ်လေးမျက်နှာတို့မှ။ စတ္တာရော သေလမယေ= စပ်တူတစ်ယောက် တလုံးကျ လေးလုံးသော ပဲနောက်ရောင်အဆင်းရှိသော ကျောက်သပိတ် တို့ကို။ ဥပနာမေသုံ= ကပ်လှူကြကုန်ပြီ။

စတုမဟာရာဇ်နတ်မင်းကြီးလေးဦးက အရပ်လေးမျက်နှာမှနေပြီး သကာလ-

ဣဓ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ။

ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူတဲ့ မြတ်စွာဘုရား။ဟောဒီ ကျောက်သပိတ်ထဲမှာ မုန့်ကြွက်ကျစ်တို့ ပျားမုန့်ဆုပ်တို့ကို အလှူခံတော် မူပါဘုရားလို့ လျှောက်ထားပြီးတော့၊ တကိုယ်လျှင် ကျောက်သပိတ်တလုံးစီ လှူခဲ့တယ်၊ ဆက်ကပ်ကြတယ်။

ပထမရှေ့ပိုင်းမှာတော့ ဣန္ဒနီလာ ကျောက်ညိုသပိတ်ကြီးလေးလုံး လှူတယ်တဲ့၊ ဘုရားကိုယ်တော်မြတ် မခံဖူး။ ဣန္ဒနီလာဆိုတာ ရတနာ ဆယ်ပါးထဲက၊ အဲဒါကြောင့် မခံဘူး။ အဲဒီဟာကို မခံတော့မှ ပဲနောက် အဆင်းရှိတဲ့ ပကတိကျောက်သားဖြင့်ပြီးတဲ့ ကျောက်ညိုသပိတ်လေးလုံး လှူကြတော့မှ ဘုရားကိုယ်တော်မြတ်လက်ခံ။ ရွှေလက်တော်ထဲ ရောက်တဲ့ အခါကျတော့ အနားရစ်ထင်တဲ့ သပိတ်တလုံးထဲဖြစ်စေသားလို့ အဓိဋ္ဌာန်

http://www.dhammadownload.com



တော်မူ၊ သပိတ်လေးလုံးဟာ တခါထဲပေါင်း ပြီးတော့ သပိတ်တလုံးတည်း ဖြစ်ပြီး အနားရစ်လေးမျိုးနဲ့ဖြစ်နေတယ်။ အဲဒီသပိတ်ထဲမှာ တပုဿ ဘလ္လိကတို့လှူတဲ့ ပျားမုန့်ဆွမ်း မုန့်ကြွက်ကျစ်များကို ခံယူသုံးဆောင်တော်မူပြီးသကာလ တပုဿ ဘလ္လိကတို့က–

ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ။

ဝိနယ၊မဟာဝဂ္ဂ၊ရာဇာယတနကထာ၊၅။

ဘန္တေ= အရှင်သူမြတ်ဘုရား။ ဧတေ= ထိုတပည့်တော်တို့သည်။ ဘဂဝန္တဉ္စ= ဘုန်းတော်သခင် ရှင်ပင်ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ= တရားတော်ကိုလည်းကောင်း။သရဏံ=ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမ= သိကြပါကုန်၏။ နော= တပည့်တော်တို့ကို။ အဇ္ဇတဂ္ဂေ= ယနေ့မှအစပြု၍။ ပါဏုပေတေ= အသက်နှင့်ပြည့်စုံသမျှကာလပတ်လုံး။ သရဏံ ဂတေ= သရဏဂုံတည်သူ ဥပသကာဒါယကာတို့ဟူ၍။ ဥပဓာရေတု= အသိအမှတ်ပြုတော်မူပါဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားကြတယ်။

## တပုဿနှင့်ဘလ္လိက ဒွေဝါစိကသရဏဂုံတည်ကြခြင်း

ဘုရားရယ် တရားရယ်= ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံလို့ နှစ်မျိုး ရွတ်ဆိုခြင်းရှိတဲ့ ဒကာတွေမို့လို့ ဥပါသကာတွေမို့လို့ ဒွေဝါစိက ဥပါသကာတဲ့။ ဒွေက=ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ–လို့ သရဏဂုံ စာပိုဒ်နှစ်မျိုး+ ဝါစိက=က ရွတ်ဆိုခြင်းရှိတဲ့ ဥပါသကာမို့လို့ သူတို့ကို ဒွေဝါစိက ဥပါသကာ။ သူတို့ဆောက်တည်တဲ့ သရဏဂုံကိုတော့ ဒွေဝါစိက သရဏဂုံလို့ခေါ်တယ်။ လူ့ပြည်မှာဖြင့် သူတို့ဟာ ဒွေဝါစိက သရဏဂုံ ပထမဆုံးတည်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ။

အဲဒီရာဇာယတနသတ္တာဟမှာ တပုဿ ဘလ္လိကတို့ သရဏဂုံ ခံပြီးလို့ ရှစ်ခုမြောက်ဖြစ်တဲ့ အဋ္ဌမသတ္တာဟကျတော့ ဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ် ဘယ်ကြွတုန်း၊ အဇပါလ ညောင်ပင်ရင်းသို့ တဖန်ပြန်ပြီးကြွတယ်။

အဲဒီ အဇပါလညောင်ပင်ရင်းမှာ ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာအားဖြင့်ဖြစ်တဲ့ အကြံတော်ကို ကြံတော့မလို့- အဇပါလ ညောင်ပင်ရင်း တဖန်ပြန်၍ ကြွခဲ့ပြီ၊ ရောက်ပြီဆိုပါစို့။ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်မိပြီဆိုတဲ့အခါကျတော့ စဉ်းစားတယ်။

## မြတ်စွာဘုရား စိတ်အကြံဖြစ်တော်မူခြင်း

အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော၊ သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။

ဝိနယ၊မဟာဝဂ္ဂ၊ ဗြဟ္မယာစနကထာ၊ ၅။

မေ=မယာ=ငါသည်။ အယံ ဓမ္မော= သစ္စာလေးချက် ဤတရားနက်ကို။ အဓိဂတော= ရအပ် သိအပ်ခဲ့လေပြီ။

ဘယ်လောက်ကြာသလဲ? လေးအသင်္ချေ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီ စာဂ စရိယတို့ဆည်းပူးမှ ကိုယ်တော်တိုင် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဆိုတဲ့ သစ္စာလေးချက် တရားနက်ကိုဖြင့် ငါကား ပိုင်းပိုင်းခြားခြားသိအပ် ရအပ်ခဲ့လေပြီ။

ငါရထားသိထားတဲ့ သစ္စာလေးပါးတရားတွေ၊ အဲဒီထဲအပါအဝင် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေရဲ့သဘောကို ပြောရလို့ရှိယင်ဖြင့်- ဂမ္ဘီရော=ထောက်ရာမမှီ တည်ရာမရ နက်လည်းနက်နဲလှပေ၏။ သာမည ဘုန်းသမ္ဘာမရှိတဲ့ ပုဂ္ဂိုလ်တွေကို ဒီတရားပြောလို့ရှိယင်ဖြင့် ဒီတရားတော်ဟာ ဉာဏ်အမြင် အထောက်အမှီမရအောင် နက်နဲလှပေ၏။

ဂမ္ဘီရော=နက်နဲလှသောကြောင့်။ ဒုဒ္ဒသော=မြင်နိုင်ခဲလှပေ၏။ (မြင်တော့မြင်နိုင်တယ်။ လွယ်လွယ်နှင့်မမြင်ဖူး)။ဒုဒ္ဒသတ္တာ= မြင်နိုင်ခဲသည်၏အဖြစ်ကြောင့်။ ဒုရနုဗောဓော= သိဖို့ရန် ခဲယဉ်းလှပေ၏။ သန္တော=ငြိမ်သက်လှပေ၏။ ပဏီတော= ရောင့်ရဲနှစ်သိမ့်ခြင်းကိုလည်း မဖြစ်စေတတ်။အတက္ကာဝ စရော=ဝိတက်ဖြင့်ကြံဆ၍ သိအပ်တဲ့ တရား

http://www.dhammadownload.com



မျိုး မဟုတ်ဖူး။ ဝိတက်နဲ့ ထွေထွေရာရာ ကြံပြီးသကာလ ထင်ရာ တွေကြံပြီး၊ ထင်ရာတွေ လျှောက်ပြော လျှောက်တွေးလို့ရတဲ့ တရားမျိုး မဟုတ်ဖူးတဲ့။ ဝိတက်ရဲ့ ဂေါစရဂါမ်မဟုတ်ပါ။ နိပုဏော= သိမ်လည်း သိမ်မွေ့လှပါပေ၏။ ပဏ္ဍိတဝေဒနီယော= တကဲ့ပညာရှိများမှ သိမြင်အပ်သောတရားလည်း မှန်လှပါပေ၏။

## နက်နဲလွန်း၍

ကိုယ်တော်မြတ်သိပြီးဖြစ်တဲ့ သစ္စာလေးချက်တရားနဲ့၊ အဲဒီထဲမှာ ပါတဲ့ အဝိဇ္ဇာ, သင်္ခါရအစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာတရားအတွက်ကို ပြန်ပြီး စဉ်းစားတဲ့အခါ သိပ်ပြီးတော့ နက်နဲတယ်။ အဝိဇ္ဇာလွှမ်းမိုးနေတဲ့ သတ္တဝါတွေကို အဝိဇ္ဇာပြောဖို့ ခက်တယ်။ သင်္ခါရထဲမှာ တဝဲလယ်လယ် နေတဲ့ သတ္တဝါတွေမို့လို့ သင်္ခါရကို ပြောဖို့ခက်တယ်။ တရားတော်က လေးနက်တယ်။

ဒါဖြင့်ကောင်းပြီ၊ သတ္တဝါတွေဖက် တဖက်လှည့်ပြီး ကြည့်ကြပါ အုန်းစို့။ သတ္တဝါတွေဖက် တဖက်လှည့်ပြီး စဉ်းစားကြအုန်းစို့ရဲ့ ဆိုပြီးတော့ စဉ်းစားတော့–

အာလယရာမာ ခေါ ပနာယံ ပဇာ အာလယရတာ အာလယ သမ္မုဒိတာ။

ဝိနယ၊မဟာဝဂ္ဂ၊ ဗြဟ္မယာစနကထာ၊ ၅။

အယံ ပဇာ ပန= ဤသတ္တဝါအပေါင်းသည်ကား။ အာလယ ရာမာ= အာရုံငါးပါး ကာမဂုဏ်တရားဖြင့်သာ မွေ့လျော်တတ်ပေ၏။ အာလယရတာ= အာရုံငါးပါး ကာမဂုဏ်တရား၌သာ မွေ့လျော်လေ့ရှိ ကြပေ၏။ အာလယ သမ္မုဒိတာ= အာရုံငါးပါး ကာမဂုဏ်တရား၌ မငြီး ငွေ့နိုင် မပင်ပန်းမနွမ်းနိုင်ပဲ အမြဲပင် အလွန့်အလွန် ဝမ်းမြောက်၍ နေကြပါပေ၏။

ဘယ့်နယ်တူနေသတုန်းဆိုတော့ ဘုရားကိုယ်တော်မြတ်ဲ့ တရားက

http://www.dhammadownload.com



အရှေ့ဖက်ကို လှည့်နေတယ်။ သတ္တဝါတွေရဲ့ စိတ်နေစိတ်ထားက အနောက်ဖက် လှည့်နေတယ်။ အဲဒီလောက်ပဲ ကွာနေတယ်။

### လောကဥပမာ

လောကဥပမာ အားဖြင့် ငါ့သားတွေ ငါ့သမီးတွေဝတ်ဖို့ ဆင်ဖို့ဟဲ့ ဆိုပြီးသကာလ အမိအဖပြုလုပ်တဲ့ပုဂ္ဂိုလ်တွေက ကြိုးစားမင်းစားရှာဖွေလို့ ရွှေတွေ ငွေတွေရ၊ ရတဲ့ငွေတွေနဲ့ စိန်လည်တံ့တို့ စိန်နားကပ်တို့ ရွှေလက်ကောက်လက်ကြပ် အဆင်တန်ဆာအမျိုးမျိုးဝယ်ပြီးလာလို့ ပေးနိုင်တဲ့အရည်အချင်း ရှိပြီဆိုပါစို့။ အဲဒီပေးနိုင်တဲ့ အရည်အချင်းရှိတဲ့ အမိအဖက အဖေးခံရမဲ့ သားသမီးအပေါ်မှာ ငါယခုပေးမဲ့ စိန်လည်တံ့ကြီး စိန်ဘယက်ကြီး စိန်နားကပ်ကြီး စိန်လက်ကောက်ကြီး စိန်လက်စွပ်ကြီးနဲ့ ငါ့သမီး ဒီဘုတ်ထိုင်းနဲ့ တော်ပါ့မလား၊ ငါ့သား မောင်ဘုတ်ထိုင်းနဲ့ တော်ပါ့မလား၊ စဉ်းစားရအုန်းမယ်။ ရော့ကွယ် သားရယ်၊ ရော့ကွယ် သမီးရယ်–ဆိုလို့ မတော်သေးဖူး၊ အဲဒီလို စဉ်းစားသလိုနော်။

ဘုရားကိုယ်တော်မြတ်လဲ ကိုယ်တော်မြတ်ရပြီးသိပြီးဖြစ်တဲ့ သစ္စာလေးချက် တရားနက်တည်းဟူသော ဓမ္မစက်ကို ဝေနေယျသတ္တဝါတည်းဟူသော သားတော်သမီးတော်တို့ကို ဖြန့်ဖြူးပြီးတော့ ပေးချင်တဲ့အတွက် တရားသဘောကဖြင့် ဤမျှလောက် လေးနက်တယ်၊ အဖိုးတန်ပါဘိတယ်။ ငါ့သားငါ့သမီးကြီးတွေက ဘယ်လိုနေသလဲလို့ စဉ်းစားတဲ့အခါကျတော့ အဲဒီအဆင်တန်ဆာတွေ ကျောပေးပြီးတော့ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံငါးပါး ကာမတရားထဲမှာ မငြီးနိုင် မမုန်းနိုင်ပဲနဲ့ အပျော်ကြီးပျော် အမွေ့လျော်ကြီးမွေ့လျော် အဝမ်းမြောက်ကြီး ဝမ်းမြောက်ပြီးတော့ နေကြတယ်။ ခက်တော့တာပဲ။ မိဘအနေနဲ့ကြည့်ယင် ခက်တာပဲ။ ငါကလဲ ငါ့သမီးကြီးကို ငါ့သားကို ဒီအဆင်တန်ဆာတွေ ဆင်ချင်တယ်၊ ငါ့သာ ကလဲ ဒီအဆင်တန်ဆာဖက်ကို လှည့်မလှည့်တော့ဖူး။ ငါ့သမီးကလဲ ဒီအဆင်တန်ဆာဖက်ကို မလှည့်တော့ဖူး။ အဲဒီတော့ မလှည့်တော့ဖူး

http://www.dhammadownload.com



ဆိုလို့ရှိယင် ရတ်တရက် ဆင်ပေးပါ့မလား၊ မပေးပေးဖူးနော်။

အာလယရာမာယ ခေါ ပန ပဇာယ အာလယရတာယ အာလယသမ္မုဒိတာယ ဒုဒ္ဒသံ ဣဒံ ဌာနံ ယဒိဒံ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒေါ။

ယဒိဒံ- ယောအယံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ=အကြင်သို့သဘောရှိတဲ့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်က အစ၊ ဒုက္ခဒေါမနဿ ဥပါယာသတို့တိုင်အောင် အကြောင်းအကျိုးဆက်သွယ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်တရားသည်။ အတ္ထိ=ရှိ၏။ ဣဒံ=ဤပဋိစ္စသမုပ္ပါဒ်တရားကို။ အာလယရာမာယ ခေါ ပန=အာရုံငါးပါးဖြင့်မွေ့လျော်ပျော်ပိုက်၍နေသော။ အာလယရတာယ= အာရုံငါးပါး၌နှစ်ခြိုက်၍နေသော။ အာလယသမ္မုဒိတာယ= အာရုံငါးပါး၌ မငြီးငွေ့နိုင်အောင် အလွန်အမင်း ဝမ်းမြောက်၍နေသော။ ပဇာယ=သတ္တဝါအပေါင်းသည်။ ဒုဒ္ဒသံ= သိမြင်ဖို့ရန် ခဲယဉ်းလှပါပေ၏။

ငါဟောကြားရတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို အာရုံငါးပါး လိုက်စားမေ့လျော့နေတဲ့ သတ္တဝါတွေ သိဖို့ရန် ခဲယဉ်းလှချေရဲ့။

ဣဒမ္ပိ ခေါ ဌာနံ သုဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။

ဝိနယ၊မဟာဝဂ္ဂ၊ ဗြဟ္မယာစနကထာ၊ ၅။

ယဒိဒံ- ယောအယံ သဗ္ဗသင်္ခါရသမ(ထော=အကြင်အလုံးစုံသောသင်္ခါရတို့ငြိမ်းရာ နိဗ္ဗာန်သည်။ အတ္ထိ=ရှိ၏။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ=ဥပဓိခပ်သိမ်းကို စွန့်လွှတ်ရာ နိဗ္ဗာန်သည်။ အတ္ထိ=ရှိ၏။ တဏှာက္ခယော= တဏှာ၏ကုန်ရာ။ ဝိရာဂေါ= ရာဂကင်းရာ။ နိရောဓော= ဒုက္ခခပ်သိမ်းငြိမ်းအေးရာ။ နိဗ္ဗာနံ= ဝါနခေါ်တဲ့ တဏှာမှ လွတ်မြောက်ရာဖြစ်တဲ့ အကြင်တရားသည်။ အတ္ထိ=ရှိပါပေ၏။ ဣဒမ္ပိ ခေါ ဓမ္မံ= ဤနိဗ္ဗာန်တည်းဟူသော သဘာဝဓမ္မကလဲပဲ။ သုဒုဒ္ဒသံ=သိမြင်ဖို့ရာ အလွန့်အလွန်ခဲယဉ်းလှပါပေ၏။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်မြင်မှ နိဗ္ဗာန်ကို မြင်ဖြစ်မှာ။ ဒုက္ခသစ္စာကိုမြင်မှ ဒုက္ခရဲ့အကြောင်းဖြစ်တဲ့ သမုဒယသစ္စာကို ပယ်နိုင်မှာ။ အဲဒီလို ဒုက္ခရဲ့ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာကို ပယ်နိုင်တဲ့ မဂ်ဉာဏ်ပေါ်မှ နိရောဓသစ္စာဖြစ်တော့ နိဗ္ဗာန်ကိုမြင်ရမှာ။ လောကားကို သုံးလေးထစ် တက်တော့မှ မြင်ရမဲ့နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားဆိုယင် သာပြီးတော့ သိဖို့မြင်ဖို့ ခဲယဉ်းစွတကား။

အဟာဥ္ဓေဝ ခေါ ပန ဓမ္မံ ဒေသေယျံ၊ ပရေ စ မေ န အာဇာနေယျုံ။

ငါဘုရားသာ အကယ်၍ မသိတဲ့သတ္တဝါတွေကို သစ္စာလေးပါး တရားဟောမယ်ဆိုပါစို့။ အဲဒီဟောလို့ရှိယင်–

ပရေစ= ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်မှတပါး မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တို့။ မေ=ငါဘုရား၏။ ဓမ္မံ=တရားကို။ န အာဇာနေယျုံ=အကယ်၍များ မသိကုန်ငြားအံ့။

ကျွတ်ထိုက်သူနည်းလှ၍

မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ဘာနဲ့တူသလဲ ဆိုတော့ ဘုရားကိုယ်တော်မြတ် သတ္တလောကကြီးကို ရှေ့ဉာဏ်မျက်စိနဲ့ ဖြန့်ပြီးကြည့်လိုက်တဲ့အခါ နခသိခသုတ္တန်လို့ရှိတယ်။ နခသိခသုတ္တန် ဆိုတာ ဘာပြတာလဲ။

တချိန်က ဘုရားကိုယ်တော်မြတ်ဟာ လက်သည်းတော်ဖျားပေါ်မှာ မြေမှုန့်ကလေးတင်ပြီးသကာလ ရဟန်းတော်တွေကို ခေါ်ပြီး–

"ချစ်သားတို့၊ ဘယ်လိုအောက်မေ့ကြတုန်း၊ ငါဘုရားရဲ့ လက်သည်း တော်ဖျားမှာရှိတဲ့ မြေမှုန့်နဲ့ အောက်မဟာပထဝီမှာရှိတဲ့ မြေမှုန့်ဘယ်သူက များသတုန်း"

"မဟာပထဝီ မြေမှုန့်က များပါတယ်ဘုရား။ မဟာပထဝီမြေမှုန့်နဲ့ နှိုင်းစာလို့ရှိယင်ဖြင့် ရှင်တော်ဘုရား လက်သည်းတော်ဖျားမှာရှိတဲ့ မြေမှုန့်က

http://www.dhammadownload.com



ဂဏန်းထဲမှာထည့်ပြီး မရေတွက်သောက်ပါဖူးဘုရား"လို့ လျှောက်ထားကြတယ်။

"ဒီအတိုင်းပဲ၊သတ္တဝါတွေရှိကြတဲ့အနက်က အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ ဝိပဿနာဉာဏ်အမြင်ကိုရောက်တဲ့သတ္တဝါက ငါဘုရားရဲ့ လက်သည်းတော်ဖျားမှာတင်ထားတဲ့ မြေမှုန့်မျှရှိတယ်။ **အနိစ္စမှန်း ဒုက္ခမှန်း** အနတ္တမှန်း မသိကြတဲ့ အန္ဓဘူတ= အကန်းအတိဖြစ်နေကြတဲ့ သတ္တဝါတွေက အောက်က မဟာပထဝီမြေကြီးကရှိကဲ့ မြေမှုန့်မျှမက များလှပါပေတယ်" လို့ နခသိခသုတ္တန်မှာ ဘုရားဟောထားတယ်နော်။

အဲဒီလို မဟာပထဝီမြေကြီးက မြေမှုန့်မျှမကများတဲ့ လူတွေကပဲ သူတို့မမြင်နိုင်တဲ့ မသိနိုင်တဲ့အတွက် ဗုဒ္ဓရဲ့တရားကို သူတို့က လက်မခံပါဖူးလို့ ပြောကြသေး။ မသိပဲကိုး။ သဒ္ဓါတရားမရှိတော့ ဗုဒ္ဓရဲ့တရားကို လက်မခံနိုင်ဖူးနော်။

အဲဒီ နခသိခသုတ္တန်၌ မြတ်စွာဘုရား ဟောတော်မူထားတဲ့အတိုင်း သတ္တဝါဝေနေယျကို ကြည့်လို့ရှိယင်ဖြင့် ကျွတ်ထိုက်တဲ့သတ္တဝါတွေက လက်သည်းတော်ဖျားမှာ တင်ထားတဲ့ မြေမှုန့်ခန့်မျှသာ ရှိတယ်။ မကျွတ်ထိုက်တဲ့ သတ္တဝါတွေက မဟာပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့်မက ရှိကြတယ်။

ဥပမာတနည်းပြောကြဦးစို့။ နှမ်းဖြူဂှတင်းလောက် ရှေ့မှာချထားပြီးတော့ အဲဒီနှမ်းဖြူထဲမှာ နှမ်းအနက်ကလေးတဆုပ်လောက် ထည့်။ ထည့်ပြီးတော့ မွှေ၊ ကျပ်ကျပ်မွှေလို့ရှိယင် ခပ်လှမ်းလှမ်းကကြည့်လိုက်မယ်၊ ဖြုန်းကနဲကြည့်ယင် ပထမဘယ်သူ့မြင်မလဲဆိုတော့ အများဆုံးဖြစ်တဲ့ နှမ်းအဖြူတွေကိုပဲ မြင်ရမယ်၊ အနက်အင်မတန်နည်းတယ်၊ အနက်ကနည်းလို့ရှိယင် အနက်ကိုနောက်မှ မြင်ရလိမ့်မယ်၊ အဖြူကများယင် အဖြူကိုအယင် မြင်ရလိမ့်မယ်။

http://www.dhammadownload.com



အခုလဲ ဝေနေယျသတ္တဝါတွေ ကြည့်လိုက်တဲ့အခါကျတော့ ကိုယ်တော်မြတ်ဉာဏ်ထဲမှာ မဟာပထဝီမြေကြီးက မြေမှုန့်မှုမက မကျွတ်ထိုက်တဲ့ အဘဗ္ဗပုဂ္ဂိုလ်တွေ ကိုယ်တော်မြတ်ရဲ့ဉာဏ်ဝမှာမြင်တော့ အကယ်၍ ငါဘုရားကလဲ တရားဟောမယ်၊ မဟာပထဝီမြေမှုန့်မှု မက များလှတဲ့ ဒီအဘဗ္ဗပုဂ္ဂိုလ်တွေကလဲ ငါဘုရားတရားကို မသိဖူးဆိုလို့ ရှိယင်–

သော မမဿ ကိလမထော၊ သာ မမဿ ဝိဟေသာ။

သော=ထိုမသိတဲ့ အဘဗ္ဗပုဂ္ဂိုလ်တွေကို တရားဟောရခြင်းသည်။ မမ=ငါဘုရား၏။ ကိလမထော= ကိုယ်တော်ပင်ပန်းခြင်းသည်။ အဿ=ဖြစ်ရာ၏။ ဝိဟေသာ=ငါဘုရား၏ နွမ်းမောခြင်းငှာ။ အဿ=ဖြစ်လေရာ၏။

ဘုရားကိုယ်တော်မြတ် စဉ်းစားတဲ့အခါ မကျွတ်ထိုက်တဲ့ အဘဗ္ဗပုဂ္ဂိုလ်တွေက အယင်ဆုံးအယင်ဆုံး ပြေးလာတာပဲ။ အယင်ဆုံးမြင်ပါသော်ကော၊ မဟာပထဝီမြေကြီးက မြေလိုများတာ။ အဲဒီသတ္တဝါတွေကို ငါတရားဟောသော်လဲပဲ သိမှာမဟုတ်၊ မသိတဲ့သတ္တဝါတွေကို ငါတရားဟောပါက ငါပင်ပန်းရုံပဲရှိမှာပဲ၊ ဘယ်လောက်ပဲ ဘယ်လောက်ပဲချွတ်ချွတ်တဲ့၊ အဲဒီ မကျွတ်ထိုက်တဲ့ သတ္တဝါအတွက်ပြောတာ။

## နိဒါန်းမပြည့်စုံသေး၍

တနည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိယင် အချိန်စောသေးတယ်တဲ့။ ကျွတ်ထိုက်တဲ့ သတ္တဝါတွေအတွက် တရားဟောဖို့ရန် ဘယ်လောက်စောသေးသလဲ၊ မကြာပါဖူး။ တရားဟောသင့်တဲ့ အချိန်မကြာပါဖူး၊ မြတ်စွာဘုရား တရားဟောတော်မူရတဲ့ နေရာမှာ နိဒါန်းကနှစ်ခုရှိတယ်။

၁။ ကိုယ်တော်မြတ်ရဲ့ သန္တာန်မှာ ထင်ရှားဖြစ်ပွားတဲ့ မဟာကရုဏာတော်ဆိုတဲ့ အဇ္ဈတ္တနိဒါန်း၊ အဲဒီမဟာကရုဏာတော်တည်းဟူသော အဇ္ဈတ္တနိဒါန်းကြောင့်လည်းကောင်း။

၂။ လောကမှာ ဒုပိကာလို အထွတ်တပ်ထားတဲ့ လောကသမ္မုတိ =လောကကဘုရားကြီးလို့ ခေါ်ဆိုရတဲ့ ပုဂ္ဂိုလ်များရဲ့ တောင်းပန်

http://www.dhammadownload.com



ခြင်း တည်းဟူသော ဗာဟိရနိဒါန်း။

တရားဟောဖို့ရန် အဲဒီအကြောင်း နိဒါန်းနှစ်ရပ်တွင် သဗ္ဗညုမြတ်စွာဘုရား၏ သန္တာန်၌ မဟာကရုဏာတော်တည်းဟူသော အဇ္ဈတ္တိကနိဒါန်းက ပြည့်စုံပြီးဖြစ်ခဲ့လေပြီ။ လောကသမ္မုတိ= လောကသမ္မုတပုဂ္ဂိုလ်များက တောင်းပန်ခြင်းဆိုတဲ့ ဗာဟိရနိဒါန်းက မကြာမြင့်မီ ပြည့်စုံပါလိမ့်မယ်။ အဲဒါကြောင့် နိဒါန်းမပြည့်စုံသေးတဲ့အချိန်မှာ နိဒါန်းပြည့်စုံရန် အကြောင်းဖြင့် ဤကဲ့သို့ ကြံစည်နေတာပဲ။

ဒီလိုကြံတဲ့နေရာမှာလဲ အဘဗ္ဗပုဂ္ဂိုလ်တွေက ကိုယ်တော်မြတ်နှမ်းလျှမှာဖယ်ထားလို့ အဲဒီအဘဗ္ဗပုဂ္ဂိုလ်တွေအတွက် ကြံစည်စဉ်းစားတော်မူတဲ့အခါ ဒီလိုစဉ်းစားတဲ့ အသိဉာဏ်အမြင်မျှမက ဘာတွေပါ ပေါ်လာတုန်းဆိုတော့ အနစ္ဆရိယအင်မတန်အံ့သြဖွယ်ကောင်းတဲ့ ဂါထာ တွေလဲ ကိုယ်တော်မြတ်ဉာဏ်ထဲမှာ ဝင်လာတယ်။ ဘယ်လိုတုန်း-

ကိစ္ဆေန မေ အဓိဂတံ၊
ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊
နာယံ ဓမ္မော သုသမ္ဗုဓော။

မေ= မယာ= ငါဘုရားသည်။ ကိစ္ဆေန= အလွန်ငြိုငြင် ပင်ပန်းသဖြင့် ပါရမီဖြည့်စဉ်ကာလဝယ် ပင်ပန်းနွမ်းလျသဖြင့်(ဝါ) ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်အားဖြင့်။ အဓိဂတံ= သိအပ်မြင်အပ် ရရှိအပ်သော ဤသစ္စာလေးချက် တရားနက်ကို။ ဒါနိ= ယခု လောလောဆယ်၌။ ပကာသိတုံ= နတ်လူတို့အား အထင်အရှား ဟောကြားခြင်းငှာ။ အလံ= မသင့်သေးပါတကား။

ဒါနိ=ယခုအခါ အခုလောလောဆယ်လို့ပြောတာ။ နောက်မဟောဖူးလို့ ပြောတာမဟုတ်ဖူး။ အခုလောလောဆယ် နိဒါန်းမပြည့်စုံသေးပဲ၊ အဇ္ဈတ္တိကနိဒါန်း တဖက်သတ်သာပြည့်စုံ၍၊ ဗာဟိရနိဒါန်းဆိုတဲ့ ဒေသနာတော်ဟောဖို့ရန် ဗာဟိရအပြင်ပက အကြောင်းနိဒါန်း မပြည့်စုံသေးဖူး။

http://www.dhammadownload.com



ယခုအခါ၌-

အယံ ဓမ္မော=ဤယခု ငါသိတဲ့ သစ္စာလေးပါး တရားနက်ဆိုတာ။ ရာဂဒေါသပရေတေဟိ=ရာဂဒေါသလွှမ်းမိုးကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ န သုသမ္ဗုဓော= အလွယ်တကူသိနိုင်ကြမည် မဟုတ်ချေ။

လွယ်လွယ်နဲ့ သိမှာမဟုတ်ဖူး။ ရှေးဦးစွာ ငါဘုရားအပေါ်၌ ယုံကြည်မှုသဒ္ဓါတရားရှိမှ၊ ယုံကြည်မှ ဆည်းကပ်မယ်။ ဆည်းကပ်မှ တရားနာကောင်းတယ် အောက်မေ့မယ်။ တရားနာကောင်းတယ် အောက်မေ့မှ တရားနာမယ်။ တရားနာမှသာလျှင် ယထာဘူတ အမှန်အတိုင်း ယောနိသောမနသိကာရ ဆင်ခြင်စဉ်းစားမယ်။ စဉ်းစားမှ ငါဟောတဲ့ တရားကိုသိမြင်မယ်။ တရားသိဆိုတာ လွယ်တဲ့ကိစ္စဟုတ်ဖူး။

## ယုံကြည်ခြင်းသဒ္ဓါတရားမရှိသေး၍

ပထမဦးစွာ တရားဟောတဲ့ပုဂ္ဂိုလ်ကို ယုံကြည်ခြင်း သဒ္ဓါတရားရှိရ လိမ့်ဦးမယ်။ အဲဒီသဒ္ဓါတရား အရင်းမရှိပဲသာဖြင့် ဘယ်တော့မှ တရားသိဖို့ မလွယ်ပါဖူး။ သဒ္ဓါတရား အရင်ရှိဖို့ကလဲပဲ လောကသမ္မုတ- လောကက ဘုရားလို့သမုတ်ထားတဲ့ပုဂ္ဂိုလ်များလေးစားမှ၊ သဒ္ဓါတရားဆိုတာ ယောင်ယောင်ဝါးဝါးနဲ့ ယောယောင်ကိုးပေါက် ဆိုသလိုနော်။ ရှေ့က ဂုဏ်ရှိတဲ့ ပုဂ္ဂိုလ် လောကသမ္မုတပုဂ္ဂိုလ်က သဒ္ဓါတရားနဲ့ ပြဋ္ဌာန်းလာမှ အဲဒီပုဂ္ဂိုလ် နောက်က လိုက်ပြီးသကာလ ထိုပုဂ္ဂိုလ်ယုံကြည်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ အားလုံးစုရုံးပြီးလိုက်တတ်တဲ့ လောကသဘောရှိတယ်။ လောကသမ္မုတ ပုဂ္ဂိုလ်ရဲ့ ကရုဏာဆိုတဲ့ အကြောင်းရင်းမပေါ်သေးဖူး။ မကြာခင်ပေါ်လိမ့်မယ်။ အဲဒီပေါ်တဲ့အချိန်ကျမှ တရားဟောမယ်ဆိုတဲ့ ဒီအနေဖြင့်နော်-

> ပဋိသောတဂါမိ နိပုဏံ၊
> ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
> ရာဂရတ္တာ န ဒက္ခန္တိ၊
> တမောခန္ဓေန အာဝုဋာ။

ပဋိသောတဂါမိ= နိဗ္ဗာန်သို့ သွားလေ့ရှိသော(ဝါ) သတ္တဝါတို့မှ

http://www.dhammadownload.com



အပြန် အဆန်ဖြစ်လေ့ရှိသော။

သတ္တဝါတွေ သိနေတာက နိစ္စလို့ သိနေတယ်။ ငါဟောရမှာက အနိစ္စလို့ ဟောရလိမ့်မယ်။ သတ္တဝါတွေက သုခထင်တယ်၊ အတ္တထင် တယ်၊ သုဘထင်တယ်။ ငါဘုရားဟောရမဲ့ တရားက ဒုက္ခ၊အနတ္တ၊အသုဘ ဟောရလိမ့်မယ်။ ဒီတော့သတ္တဝါတွေနဲ့ အင်မတန်ကို အပြန် ဆန့်ကျင်ဖက် ဖြစ်နေတဲ့ ငါ့တရား။

နိပုဏံ= အလွန်သိမ်မွေ့စွာသော။ ဂမ္ဘီရံ=နက်နဲစွာထသော။ အဏုံ= အဏုမြူသဖွယ် သေးငယ်စွာထသော။ ဒုဒ္ဒသံ= မြင်နိုင်ခဲတဲ့ သစ္စာလေး ချက် တရားနက်ကို။ တမောခန္ဓေန=အဝိဇ္ဇာမှောင်ထုသည်။ အာဝုဋ္ဌာ= ပိတ်ဆို့အပ်ကုန်သည်ဖြစ်၍။ ရာဂရတ္တာ=ရာဂဖြင့် (ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂ တည်းဟူသော) ရာဂသုံးမျိုးဖြင့် လွှမ်းမိုးနှိပ်စက်ခြင်း ခံနေရသော သတ္တဝါတို့သည်။ န ဒက္ခန္တိ=မြင်ကြမည် မဟုတ်ချေ။

သလောက်ပဲ အင်မတန်သိမ်မွေ့တဲ့တရား။ သတ္တဝါတွေနဲ့ ဘဲ့တိုက် ပြီးသကာလ အနိစ္စ ဒုက္ခ အနတ္တ အသုဘလို့ ဟောရမယ်။ သတ္တဝါ တွေက သုခ အတ္တ နတ္တ သုဘလို့ ထင်နေတဲ့ သူတို့နဲ့ အပြန်ဟောရမဲ့ တရားကို သူတို့သိဖို့ရန်အတွက် မလွယ်ကူပါတကားလို့ ဒီအကြံဖြစ်တယ်၊

အဲဒီဖြစ်တဲ့ အကြံသည်ပင်လျှင် လွန်ခဲ့တဲ့ လေးအသချေ်နဲ ကမ္ဘာတသိန်း သုမေဓာဘဝတုန်းက–

ဗုဒ္ဓေါ ဗောဓေယျံ၊
မုတ္တော မောစေယျံ၊
တိဏ္ဏော တာရေယျံ–လို့

ငါကိုယ်တိုင် သစ္စာလေးပါးတရား သိပါမူ သတ္တဝါတွေကို သိစေ မယ်။ ငါကိုယ်တိုင် သံသရာဝဋ်မှ လွတ်ပါမူ သတ္တဝါတွေကို လွတ်စေမယ် ငါကိုယ်တိုင် သံသရာပြင်ကျယ် သမုဒ္ဒရာပြင်ကျယ်ကြီးကို ကူးခတ်ပြီ သကာလ သတ္တဝါတွေကို ကူးမြောက်စေမယ်လို့ ကိုယ်တော့်ထပ်ဝ

http://www.dhammadownload.com



သနားတော်မူခဲ့တဲ့ မဟာကရုဏာနဲ့ အခုတကယ် ကယ်တင်နိုင်သော ဘ၀ရောက်သကာလကျတော့ တရားပဲ မဟောတော့မဲ့ စိတ်အကြံဖြစ်မှု ဟာဖြင့် ခုနအကြံနဲ့ ယခုဖြစ်တဲ့အကြံ အလွန်ဆန့်ကျင်နေတဲ့အတွက် အံ့သဖွယ်ကောင်းတယ်။ ဘယ့်နှယ်ဖြစ်ပါလိမ့်လို့ လက်ဖျစ်တီးစရာ လက်ကိုခေါက်စရာ အကြံဂါထာတွေပဲ။ အကြံတွေပဲ။ အနက်တွေပဲ။

ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က သလောက် ရာဂ ဒေါသ မောဟ ထူပြောတဲ့ သတ္တဝါတွေကိုဖြင့် ငါဘုရား လုံး၀တရား မဟောတော့ ပါဖူးလို့– စိတ်ဒုန်းဒုန်းချလိုက်တာ တလုံးမှမပါသေးဖူး၊ နောင်လဲ ဘယ်တော့မှ မပါဖူးလို့မှတ်ပါ။

ဘာပြုလို့တုန်းဆိုတော့ တရား မဟောဖို့ စိတ်ဒုန်းဒုန်း ဘယ်တော့မှ မချတဲ့ဘုရား၊ ဘယ်လောက်များ ဟောသွားသလဲဆိုလို့ရှိယင် တရားဟော ချိန် မကျသေးတဲ့ အချိန်မှာတောင် ဟုံဟုက်ပုဏ္ဏားလျှောက်ထားတဲ့သံကာလ မဖြစ်နိုင်ပေမဲ့ ဖြစ်နိုင်တဲ့နည်းလမ်းနဲ့ ဥဒါန်းကျူးရင့်သောအနေနဲ့ တရား ဟောခဲ့တယ်။ အင်မတန် တရားဟောချင်တဲ့ ဘုရားနော်။ တရားဟောဖို့ရန် ဘုရားသဗ္ဗညုအဖြစ် ရယူခဲ့တဲ့ဘုရား။ ဘယ်လောက်ထိအောင် ဟောတော် မူချင်တုန်း၊ နောက်ဆုံး ပရိနိဗ္ဗာနညောင်စောင်း လျောင်းတော်မူတဲ့ အချိန်မှာတောင် ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်အားကိုမရအရယူပြီးတော့–

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

သုတ္တန္တပိဋက၊ မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ ၁၂၈။

ဟန္ဒ–ဆိုတဲ့ ဒီအသုံးဟာ ပါဠိလိုအားဖြင့် အင်မတန်ပင်ပန်း နွမ်း နယ်ရာက အင်မတန်အားယူလိုက်ရတဲ့ အသံ။ အင်မတန်ပင်ပန်းနွမ်းနယ် ရာကနေပြီးတော့ဟန္ဒ–ဆိုပြီးတော့ ကိုယ်တော်မြတ် ကိုယ်တော်အားယူပြီး တော့တောင်မှ အပ္ပမာဒတရားကို နောက်ဆုံးဟောခဲ့တဲ့ဘုရား။

အခုကား တကယ်တရားဟောဖို့ရန် အချိန်မကျသေးလို့သာ မဟော

http://www.dhammadownload.com



ရသေးတာ။ ဒါကြောင့် တရားမဟောတော့ဖူးဆိုတဲ့ အကြံဖြစ်တယ်လို့ မဟုတ်ဖူးနော်။ ဘေးကကြည့်လိုက်မယ်ပ ဆိုလို့ရှိယင်ဖြင့် မြတ်စွာဘုရား သည် တရားဟောတော်မူတော့မှာ မဟုတ်ပါဖူးလို့၊ သူတဖက်သားတို့က ထင်မှားယူလောက်တဲ့ အကြံတွေ။

ဣတိဟ ဘဂဝတော ပဋိသဉ္စိက္ခတော အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ။

ဣတိ= ဤသို့။ ပဋိသဉ္စိက္ခတော=ဆင်ခြင်တော်မူသော။ ဘဂဝတော=မြတ်စွာဘုရား၏ သန္တာန်၌။ အပ္ပေါဿုက္ကတာယ=တရား ဟောရန် အရေး အားထုတ်မှုမရှိသေးသည်၏အဖြစ်ဖြင့်။ စိတ္တံ= စိတ်တော်သည်။ နမတိ= ညွတ်တော်မူပြီ။

တရားဟောဖို့ရန်အရေး ခုလောလောဆယ် အားထုတ်မှုမရှိသေး သောအနေနဲ့ ရွှေစိတ်တော်ဖြစ်ခဲ့ပုံ ညွတ်ခဲ့ပုံ။ အဲဒီလို လောလောဆယ် တရားဟောဖို့ရန်အရေး အားထုတ်မှုပြင်ဆင်မှုမရှိသေးတာက ဘာကြောင့် လဲဆိုတော့ နိဒါန်းမစုံသေးလို့။ အချိန်မကျသေးလို့။

အချိန်မကျခင် တရားမဟောတာ ဗာဟိယသုတ္တန်များကြည့်စမ်း။ ဗာဟိယက တရားဟောဖို့ရန် တောင်းပန်တယ်။အကာလော ခေါ ဗာဟိယ=တရားဟောဖို့ အချိန်မကျသေးဖူးလို့ပဲ ပယ်တယ်။အန္တရဃရံ ပဝိဋ္ဌော= အဲဒီလို အချိန်မကျသေးပဲ ဘယ်တော့မှ တရားမဟောဖူး။ အခုလဲ အချိန်မကျသေးလို့ တရားမဟောတာ။

သို့သော် ကိုယ်တော်မြတ် ဆင်ခြင်စဉ်းစားချက်တွေက သူတဖက် သားက စဉ်းစားကြည့်လို့ရှိယင်ဖြင့် ဘုရား တရားဟောတော့မှာ မဟုတ် တော့ပါဖူးလို့ ထင်ယူရ မှတ်ယူရတဲ့ အကြံမျိုးဖြစ်လို့။

ဓမ္မံ အဒေသေတုကာမတာကာရပတ္တော စေတသော ပရိဝိတက္ကော ဥဒပါဒိ။

ဓမ္မံ=တရားကို။ အဒေသေတုကာမတာကာရပတ္တော= ဟောဆိုခြင်း

http://www.dhammadownload.com



၄၁ အလိုမရှိသောအခြင်းအရာအခြေအနေသို့ ရောက်သော(ဝါ) သူတဖက်သားတို့က စဉ်းစားတွေးတောလိုက်လို့ရှိယင် သဗ္ဗညုမြတ်စွာ ဘုရား တရားဟောတော့မှာ မဟုတ်ပါဖူးဟု မှတ်ယူလောက်တဲ့ အခြေအနေ သို့ရောက်သော။ စေတသော ပရိဝိတက္ကော=စိတ်အကြံအစည်သည်။ အဟောသိ=ဖြစ်ပြီ-လို့ အဋ္ဌကထာ ဋီကာတွေကလဲ ဒီအတိုင်းပဲ ဖွင့်တယ်။

အဲဒီလို တဖက်သားက စဉ်းစားလို့ရှိယင်ဖြင့် ဘုရားကိုယ်တော်မြတ် တရားဟောတော့မှာ မဟုတ်ဖူးလို့ မှတ်ယူလောက်တဲ့ အခြေအနေရောက်တဲ့ အကြံမို့လို့လဲပဲ တချိန်က မိလိန္ဒမင်းက မေးခဲ့လျှောက်ခဲ့တယ်။

ဟိုတချိန်က မိလိန္ဒမင်းက ရှင်နာဂသိန်ကို လျှောက်သလို၊ အခု ပြည်ထောင်စုခေတ်မှာလဲပဲ ဒုတိယမိလိန္ဒဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော် သံဃာတော်တွေကို လျှောက်ထားခဲ့တယ်။ ဘာပြုလို့လဲဆို၊ သူလဲ ဒီအတိုင်းမှတ်တာပဲ။ **(နိုင်ငံတော်ဝန်ကြီးချုပ် လျှောက်ထားသော စာတမ်းနှင့်မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော ဝိသဇ္ဇနာစာတမ်းတို့ကို ဤဓမ္မစကြာတရားတော်၏ နောက်ဆက်တွဲတွင် ဖတ်ရှုကြည်ညိုတော်မူကြပါ။ ။)**

ဘုရားကိုယ်တော်မြတ်ရဲ့ အကြံဖြစ်ပုံကိုက စာဖတ်ကြည့်လို့ရှိယင် ဘုရားကိုယ်တော်မြတ် တရား မဟောတော့ပါဖူးလို့ စိတ်ကိုဒုန်းဒုန်းချတဲ့ အနေမှတ်ယူလောက်တဲ့ အခြေအနေသို့ရောက်တဲ့ စိတ်အကြံတော်ပါ။ တကယ်စင်စစ်ဖြစ်တဲ့ စိတ်အကြံတော်ကတော့ နိဒါန်းတဖက်မပြည့်စုံသေး တဲ့အတွက် လောလောဆယ် ယခုချက်ချင်း တရားဟောဖို့ရန်အရေး အားထုတ်မှုမရှိသေးသောအနေနဲ့ စိတ်တော်ဖြစ်နေတယ်။

## သဟမ္ပတိဗြဟ္မာကြီးတောင်းပန်လာခြင်း

နိုင်ငံတော်ဝန်ကြီး ချုပ်တို့၊ မိလိန္ဒမင်းကြီးတို့လိုပဲ ထင်မှတ်တဲ့ပထမ ဈာန်ဘုံက သဟမ္ပတိ ဗြဟ္မာကြီးလဲပဲ အဲဒီစာရင်းထဲကနေပြီးသကာလ ဘုရားကိုယ်တော်မြတ် စိတ်အကြံတွေကို မိမိ၏စိတ်ဖြင့် စေတောပရိယ အဘိညာဉ်ဖြင့် သိပြီးသကာလ၊ အပူကြီးပူပြီး အစိုးရိမ်ကြီးစွာဖြင့်

http://www.dhammadownload.com



စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာအပေါင်း ကြားလောက်အောင်-

နသာတိ ဝတ ဘော လောကော၊ ဝိနဿတိ ဝတ ဘော လောကော။

ဝိနယ၊ မဟာဝဂ္ဂ၊ ဗြဟ္မယာစနကထာ၊၆။

စကြဝဠာတိုက်တသောင်း ကြားလောက်အောင် အော်ဟစ်တဲ့ကြွေးကြော်သံကြီးတဲ့။

ဘော=အိုအချင်းတို့။ လောကော= သတ္တလောကကြီးသည်။ နဿတိ ဝတ= ပျက်စီးတော့မည်တကား။ ဟိ နဿတိ ဝတ= အဖတ်ဆယ်၍ မရအောင် ပျက်စီးတော့မည်တကား-လို့ ကြီးစွာစိုးရိမ်ခြင်းပြင်းပြီးသကာလ စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာတွေ ကြားလောက်အောင် ကြွေးကြော်လိုက်ပြီးသကာလ၊ အဲဒီစကြဝဠာ တိုက်တသောင်းက နတ်ဗြဟ္မာတွေခဏအတွင်း သဟမ္ပတိ ဗြဟ္မာကြီးရှိရာသို့ လာရောက်၊ သဟမ္ပတိဗြဟ္မာရဲ့ ကွေးတဲ့လက်ဆန့်သလို ဆန့်တဲ့လက်ကွေးသလို ဒီအချိန်ကလေးအတွင်းမှာပဲ ဘုရားထံမှောက် လာရောက်ပြီးသကာလ၊ စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာတွေ စုပေါင်းပြီးသကာလ ဘုရားထံမှောက် လာရောက်ခဲ့တယ်။ ရှေ့ဆောင် ပရိသတ်အနေနဲ့ သဟမ္ပတိဗြဟ္မာကြီးက ဘုရားကိုလျှောက်တယ်။

ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ။ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ၊ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။

ဘန္တေ=အရှင်မြတ်ဘုရား။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရား။ ဓမ္မံ= သစ္စာလေးချက် ဓမ္မစက်ကို။ ဒေသေတု= ကရုဏာရှေ့ထားဟောကြားတော်မူပါ။သုဂတော= သုဂတဂုဏ်ထူးဖြင့်ချီးကျူးအပ်ပါသောမြတ်စွာဘုရားသည်။ ဓမ္မံ=သစ္စာလေးချက် ဓမ္မစက်ကို။ ဒေသေတု= ဟောကြားတော်မူပါ။ အပ္ပရဇက္ခဇာတိကာ= ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန် နည်းပါးကြသော သဘောရှိကုန်သော။ သတ္တာ- သတ္တာပိ= သတ္တဝါတို့ သည်လည်း။ သန္တိ=အထင်အရှား ရှိကြပါကုန်

http://www.dhammadownload.com



လိမ့်မည်ဘုရား။

ဒါလောက်များတဲ့ သတ္တဝါတွေထဲမှာ ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန်နည်းပါးတဲ့ သတ္တဝါတွေလဲ ရှိကြပါလိမ့်မယ်ဘုရား။

တေ=ထိုဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန် နည်းပါးကြတဲ့ သတ္တဝါတို့သည်။ အဿဝနတာ-အဿဝနတာယ=တရားတော်ကို မနာရခြင်းကြောင့်။ ပရိဟာယန္တိ= မဂ်ဖိုလ်နိဗ္ဗာန်မှ ဆုံးရှုံးကြပါကုန်လိမ့်မည်ဘုရား။

ဘာလို့တုန်း။ တရားမှမနာရပဲနဲ့ ယောနိသောမနသိကာရ မဖြစ်ဖူး။ တရားနာမှ ယောနိသောမနသိကာရ ဖြစ်တယ်။ တရားနာလို့ ယောနိသောမနသိကာရဖြစ်လို့ အဲဒီအကြောင်းနှစ်ပါးဆုံမှ သမ္မာဒိဋ္ဌိ ဆိုတဲ့ ရုပ်နာမ်ကို ယထာဘူတအမှန်သိတဲ့ ဉာဏ်ပညာပေါ်တယ်။ အဲဒီရုပ်နာမ်မှန်းသိကဲ့ ယထာဘူတဉာဏ်ပညာပေါ်မှ ဟိုဖက်ဝိပဿနာဉာဏ် အဆက်ဆက်ပေါ်၍ ဘုရားပေးတော်မူလိုရင်းဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမှာ ဖြစ်တယ်။

တရားမှ မနာရပဲ ပရတောဃောသ ခေါ်တဲ့ သူတပါးထံမှ တရားသံကြားနာရခြင်းဆိုတဲ့ အကြောင်းချို့တဲ့နေပေါ့။ အပ္ပရဇက္ခ ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန်နည်းပါးတဲ့ သတ္တဝါပင်ဖြစ်စေကာမူ တရားနာရခြင်းအကြောင်း ချို့တဲ့လို့ရှိယင်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားမှ ဆုံးရှုံးနစ်နာကြပါလိမ့်မယ်။

ဘဝိဿန္တိ ဓမ္မဿ အညာတာရော။

ရှင်တော်ဘုရား ဟောကြားခဲ့လို့ရှိယင်ဖြင့် ဟောကြားတော်မူတဲ့ သစ္စာလေးချက် တရားနက်ကို ခွဲဝက်သိမြင်ကြမဲ့ သတ္တဝါတွေလဲ ရှိကြပါလိမ့်မယ်ဘုရား-လို့ အဲဒီလို စကားပြေနဲ့ လျှောက်ထားသော်လဲ အားမရတဲ့အတွက် ဂါထာဗန္ဓနဲ့-

ပါတုရဟောသိ မဂဓေသု ပုဗ္ဗေ၊
ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော။
အပါပုရေတံ အမတဿ ဒွါရံ၊
သုဏန္တု ဓမ္မံ ဝိမလေနာနုဗုဒ္ဓံ။

http://www.dhammadownload.com



ပုဗ္ဗေ=ရှေးအခါကာလ ရှင်တော်ဘုရား ပွင့်တော်မမူမီကာလ၌။ မဂဓေသု=မဂဓတိုင်းတို့၌။ သမလေဟိ= ရာဂ ဒေါသ မောဟရစ်မှေး အညစ်အကြေးတို့ လိမ်းထေး၍နေကြသော။ ဆ သတ္ထာရာ=ဘုရားအမည်ခံ တိတ္ထိဆရာကြီး ခြောက်ဦးတို့သည်။ စိန္တိတော=ဝိတက်ဖြင့်ကြံဆ၍ ဟောမိဟောရာ ဟောကြားအပ်သော။ အသုဒ္ဓေါ ဓမ္မော=မစင်ကြယ်တဲ့တရားသည်။ မဂဓေသု=မဂဓတိုင်းတို့၌။ပါတုရဟောသိ=ထင်ရှားဖြစ်ပေါ်၍နေပါတယ်။

စကြဝဠာကြီးအပြည့် ဆူးတွေလျှောက်ခင်းထားသလိုပဲ ဘုရားတဲ့, တိတ္ထိဆရာကြီးခြောက်ဦးတို့က သူတို့ကြံမိကြံရာ စည်မိစည်ရာနဲ့ မိစ္ဆာအယူတွေ လျှောက်ပြီးသကာလ မဂဓတိုင်း, အင်္ဂတိုင်း, တိုင်းသောဠသ အနှံ့အပြား လျှောက်ပြီးတော့ မိစ္ဆာဝါဒတည်းဟူသော ဆူးခက်ကြီးတွေ လျှောက်ချထားပါတယ်။

အမတဿ=အမြိုက်နိဗ္ဗာန်၏။ ဒွါရံ=တံခါးသဖွယ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို။ (ဝါ)ဒွါရံ=မဂ္ဂင်ရှစ်ပါးတည်းဟူသော ကဿပမြတ်စွာဘုရား သာသနာကွယ်တော်မူသည်မှ ယနေ့ကျအောင် ပိတ်ဆို့၍နေသော။ အမတဿ ဒွါရံ= အမြိုက်နိဗ္ဗာန်၏တံခါး မဂ္ဂင်ရှစ်ပါးကို။အပါပုရ=ဒေသနာဉာဏ်လက်ဖြင့် ဖွင့်လှစ်တော်မူပါ။

ဒေသနာဉာဏ်တော်တည်းဟူသော ရွှေလက်တော်ဖြင့် မဂ္ဂင်ရှစ်ပါးတည်းဟူးသော နိဗ္ဗာန်တံခါးကြီးတွေဟာ ကဿပမြတ်စွာဘုရား သာသနာကွယ်တော်မူတဲ့ အချိန်ကစပြီး ယနေ့တိုင် ပိတ်လျက်သားရှိပါတယ်။ အဲဒီပိတ်နေတဲ့ မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်တံခါးကြီးတို့ကို ရှင်တော်ဘုရား ဖွင့်လှစ်တော်မူပါ။

သုဏန္တု ဓမ္မံ ဝိမလေနာနုဗုဒ္ဓံ= ရာဂ ဒေါသ မောဟညစ်ကြေးကင်းဝေးတော်မူတဲ့ ရှင်တော်ဘုရားသိတဲ့ သစ္စာလေးချက် တရားနက်ကို သတ္တဝါတွေ နာခွင့်ပြုတော်မူပါ။

လောကဥပမာအားဖြင့် ကျောက်အတိပြီး၍ မြင့်လည်းမြင့် ခိုင်လည်း

http://www.dhammadownload.com



ခိုင်မာတဲ့ ကျောက်တောင်ကြီးပေါ်မှာ ရောက်နေတဲ့ မျက်စိ အမြင်ကောင်းတဲ့ အမျိုးကောင်းသား မင်းယောကျ်ားသည် တမင်အားထုတ်ပြီး ကြည့်မနေ ရတော့ပဲ၊ ပကတိရပ်မြဲတိုင်း ပကတိ တည်မြဲတိုင်းက မိမိအလိုရှိရာကို ကြည့်နိုင်သလို၊အရှင်ဘုရားလဲပဲ လောကုတ္တရာတရား တည်းဟူသော ဓမ္မပါသာဒ=ပြာသာဒ်မကြီးထက်သို့ တက်တော်မူပြီး သကာလကိုယ်တော် တိုင်က စိုးရိမ်သောကမှကင်းဝေးတော်မူတဲ့ အရှင်ဘုရားသည် စိုးရိမ်သောက တည်းဟူသော ရေယဉ်ကြော မျောပါနေတဲ့ သတ္တဝါတွေကို ကြည့်ရှုတော်မူ ပါအုန်းဘုရား။ ဒီအနေနဲ့နော်–

သေလေ ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော၊
ယထာပိ ပဿေ ဇနတံ သမန္တတော။
တထူပမံ ဓမ္မမယံ သုမေဓ၊
ပါသာဒမာရုယှ သမန္တစက္ခု။
သောကာဝတိဏ္ဏံ ဇနတမပေတသောကော၊
အဝေက္ခဿု ဇာတိဇရာဘိဘူတံ။

တိုက်တွန်းပါရစေ၊ တောင်းပန်ပါရစေ၊ လျှောက်ထားပါရစေ။

ဥဋ္ဌေဟိ ဝီရ ဝိဇိတသင်္ဂါမ၊
သတ္ထဝါဟ အဏဏ ဝိစရ လောကေ။
ဒေသဿု ဘဂဝါ ဓမ္မံ၊
အညာတာရော ဘဝိဿန္တိ၊

ဝီရ=သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာ ဘုရား။ ဥဋ္ဌေဟိ=ထတော်မူ။ ဝိဇိတသင်္ဂါမ=ဒေဝပုတ္တ ကိလေသမာရ် မာရ်စစ်ပွဲ အောင်ပွဲဆင်တော်မူပြီးသော မြတ်စွာဘုရား။ ဥဋ္ဌေဟိ=ထ တော်မူ။ သတ္ထဝါဟ=သတ္တဝါဗိုလ်လူတို့ကို ဇာတိ–တည်းဟူသော ခရီးခဲ၊ ဇရာ–တည်းဟူသော ခရီးခဲ၊ ဗျာဓိမရဏ–ခရီးခဲတို့မှ ထုတ်ဆယ်ကယ်တင် တော်မူဘတ်တဲ့ လှည်းမှူးကြီးသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဥဋ္ဌေဟိ=ထတော်မူ။အဏဏာ=ကာမစ္ဆန္ဒအညစ်အကြေး ကင်းဝေးတော်မူပြီးသော မြတ်စွာဘုရား။ လောကေ=သတ္တလောကကြီး ထဲ၌။ ဝိစရ=ဒေသစာရီ ကြွချီတော်မူပါဘုရား။ ဘဂဝါ= ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ ဓမ္မံ=အလင်းထိန်လက် ဓမ္မစက်ကို။ဒေသေသု=ကရုဏာရှေ့ထား ဟောကြားတော်မူပါ။ အညာတာရော= သစ္စာလေးပါး တရားသိကြတဲ့ နတ်လူဗြဟ္မာ သတ္တဝါတွေ။ ဘဝိဿန္တိ= ထင်ရှား ရှိကြပါကုန်လိမ့်မည်ဘုရား။

အဲဒီလို ဗြဟ္မာတောင်းပန်ခဲ့တယ်။ ဝိနည်း မဟာဝါပါဠိတော်မှာတော့ သုံးကြိမ်တိုင်ပဲ တောင်းပန်တယ်လို့လာတယ်။ မူလပဏ္ဏာသ အစရှိတဲ့ ပါဠိတော်များမှာတော့လဲပဲ သုံးကြိမ်ပဲ တောင်းပန်တယ်လို့လာတယ်။ မဟာပဒါနသုတ်များမှာတော့ တကြိမ်ပဲ တောင်းပန်တယ်လို့လာတယ်။ ဒီတော့ ဓမ္မဂါရဝဖြစ်ဖို့ရန်အတွက် သုံးကြိမ်တောင်းပန်တယ်ထားကြပါစို့။သုံးကြိမ်တောင်းပန်တာ သုံးကြိမ်စေ့တဲ့အခါကျတော့ သဗ္ဗညုမြတ်စွာဘုရား နိဒါန်းကစုံခဲ့ပြီ။

ကိုယ်တော်မြတ်သန္တာန်မှာ ဖြစ်တော်မူတဲ့ မဟာကရုဏာတည်းဟူသော အဇ္ဈတ္တိကနိဒါန်း၊ ဗြဟ္မာ၏တောင်းပန်ခြင်းတည်းဟူသော ဗာဟိရနိဒါန်း–အဲဒီနိဒါန်းတရားဟောဖို့ရန် အတွင်းအပ အကြောင်းနှစ်ပါး နိဒါန်းနှစ်ပါးစုံပြီဆိုတော့ ဗုဒ္ဓစက္ခုခေါ်တဲ့ အာသယာနုသယဉာဏ်= သတ္တဝါတို့ရဲ့ အာသယ အလိုအကြိုက်အနုသယကို သိတော်မူတဲ့ဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်= ဣန္ဒြေအနုအရင့်ကို သိတဲ့ဉာဏ်၊ အဲဒီဗုဒ္ဓစက္ခုဉာဏ်ပညာမျက်စိအစုံဖြင့် သတ္တလောကကို ဖြန့်ပြီးကြည့်ပြီ။ အခုဟာ တရားဟောမလို့ ကြည့်လိုက်တာနော်၊ တရားဟောဖို့ရန် ဒေသနာ နိဒါန်းစုံလို့ သတ္တဝါကိုကြည့်လိုက်တဲ့အခါကျတော့ သတ္တဝါတွေကို ဘယ်လိုမြင်ရတုန်း။

http://www.dhammadownload.com



## ကြာဥပမာထင်လာခြင်း

အဒ္ဒသာ ခေါ ဘဂဝါ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော သတ္တေ အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ သွာကာရေ ဒွါကာရေ သုဝိညာပယေ ဒုဝိညာပယေ။

**ဝိနယ၊ မဟာဝဂ္ဂ၊ ဗြဟ္မယာစနကထာ၊ ၉။**

ဉာဏ်ပညာမျက်စိမှာ ကိလေသာမြူမှုန်နည်းတဲ့ သတ္တဝါတွေ၊ ဉာဏ် ပညာမျက်စိမှာ ကိလေသာမြူမှုန်တွေ ထူပြောနေတဲ့ သတ္တဝါတွေ အတိုချုပ်အားဖြင့် ကျွတ်ထိုက်တဲ့ သတ္တဝါတွေ၊ မကျွတ်ထိုက်တဲ့သတ္တဝါတွေ ဗုဒ္ဓစက္ခုဉာဏ်ပညာမျက်စိအစုံဖြင့် ကြည့်ရှုတော်မူတဲ့အခါကျတော့ သန့်လျက်သန့်လျက်ကန့်လျက် ကိုယ်တော်မြတ်ရဲ့ ဉာဏ်ဝမှာထင်ခဲ့တယ်။

လောကဥပမာ ဘာလိုလဲလို့ဆိုတော့ ပဒုံမာကြာအိုင်ကမ်းပါးပေါ်က နေပြီး ကြည့်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီပဒုံမာကြာအိုင်ကြီးထဲမှာ ကြာတောကြီးထဲ မှာပေါ့လေ၊ တချို့ကြာတွေကရေပေါ်မှာပေါ်ပြီးသကာလ ဖူးနေငုံနေတဲ့ ကြာတွေ။အချို့ကြာတွေက ရေပြင်နဲ့အညီပဲ အဖူးအငုံတည်နေတဲ့ ကြာတွေ။ တချို့ကြာတွေက ကြည်လင်လှတဲ့ ရေအပြင်အောက်နားမှာပဲ ရှိနေတဲ့ ကြာတွေ။ အဲဒီလို ကြာသုံးမျိုးမြင်တာလို သဗ္ဗညုမြတ်စွာဘုရားလဲပဲ ဥဃဋိတညူခေါ်တဲ့ ရေပေါ်မှာစွင့်စွင့်ထောင်နေတဲ့ ကြာဖူးကြာငုံတို့နဲ့ တူတဲ့ သတ္တဝါတွေကိုလဲ မြင်တော်မူရတယ်။ အကျယ်ဟောမှ သိမဲ့ ဝိပဉ္စိတညူခေါ်ဆိုတဲ့ ရေနဲ့အညီအမျှတည်နေတဲ့ ကြာဖူးကြာငုံနဲ့တူတဲ့ သတ္တဝါတွေကိုလဲမြင်ရတယ်။ ဒီတထိုင်တည်းနဲ့သာဖြင့် တရားမဖြစ်သေး ဘူး၊ကလျာဏ မိတ်ဆွေတွေဆည်းကပ်လို့ မှီဝဲလို့ နေ့ရှည်ရက်လျားပွား များအားထုတ်တော့မှ ထိုဘဝမဂ်ဖိုလ်ရမဲ့ နေယျခေါ်တဲ့ တတိယပုဂ္ဂိုလ် တည်းဟူသော ရေအတွင်းမှာပဲ ကြီးပွားနေတဲ့ ကြာနဲ့တူတဲ့ သတ္တဝါတွေကို လဲ မြင်ခဲ့တယ်။

ဒါတင်ပဲလားလို့ဆိုတော့ ရေရဲ့အတွင်းမှာပဲ ပွင့်ခြင်းသို့မရောက်ပဲနဲ့ ငါးလိပ်တို့ရဲ့အစာဖြစ်သွားတဲ့ ကြာနဲ့တူတဲ့ပဒပရမပုဂ္ဂိုလ်တည်းဟူသော

http://www.dhammadownload.com



သတ္တဝါတွေကိုလဲ မြင်ခဲ့တယ်။ စာရင်းမထည့်လောက်လို့ ဒီဘဝကျွတ်မဲ့ သတ္တဝါသုံးမျိုးကိုသာလျှင် သံဂါယနာပါဠိမှာ ထားတာတဲ့။

ရေပေါ်မှာ စွင့်စွင့်ကြီးမြင့်တက်နေတဲ့ ကြာတွေက ယနေ့နေ့ထွက် ယင် ပွင့်မဲ့ကြာတွေ။ ရေအပြင်နဲ့ ထိပ်ချင်းညီနေတဲ့ ကြာတွေက ယနေ့မပွင့်သေးဖူး၊ နက်ဖြန်ခါကာလမှပွင့်မဲ့ကြာတွေ။ ရေရဲ့အတွင်းမှာပဲ ရှိနေတဲ့ ကြာဖူးကြာငုံတွေက သန့်ဖက်ဖိန်းနွံ နောက်နောက်ရက်များမှ ပွင့်မဲ့ကြာဖူးကြာငုံတွေ။ အဲဒါလိုပဲ အကျဉ်းဟောရုံမျှ ကျွတ်တဲ့ဥဃ္ဃဋိတညူ သတ္တဝါတွေ၊အကျယ်ဝိတ္ထာရ ဒီနေရာမှာဟောလို့ ကျွတ်သွားမဲ့ ဝိပဉ္စိတညူ သတ္တဝါတွေ။ ဒီနေရာတထိုင်တည်းဖြင့် တရားမရသေး မသိသေးပဲနဲ့ ဒီဘဝမှာ ကလျာဏမိတ်ဆွေတွေဆည်းကပ် တရားကိုနာ၊ ထပ်တလဲလဲ ပွားများ အားထုတ်လို့ရှိယင်ဖြင့် ဒီဘဝမဂ်ဖိုလ်ရမဲ့ နေယျပုဂ္ဂိုလ်ဆိုတဲ့ ပုဂ္ဂိုလ်သုံးမျိုးကို မြင်ခဲ့တယ်။

## သဟမ္ပတိဗြဟ္မာကိုဝန်ခံတော်မူခြင်း

မြင်ပြီးပြီဆိုတော့မှ ဘုရားကိုယ်တော်မြတ် သဟမ္ပတိဗြဟ္မာအား ဘာမိန့်ကြားသလဲ။

> အပါရုတာ တေသံ အမတဿ ဒွါရာ၊
> ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။
> ဝိဟိံသသညီ ပဂုဏံ န ဘာသိံ၊
> ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။ ။

ဗြဟ္မေ=သဟမ္ပတိဗြဟ္မာ။ ယေ=အကြင်သူတို့သည်။ သောတဝန္တော= နားရှိကြပေကုန်၏။ (အရူပါဝစရဗြဟ္မာတွေကိုထား၊အသညသတ်ဗြဟ္မာတွေကိုထား၊ကျန်တဲ့ လူ့ပြည်နတ်ပြည်ဗြဟ္မာပြည်မှာရှိကြတဲ့ နားပါတဲ့ သတ္တဝါတွေ ရှိတယ် မှတ်ဖူးလား၊ ရှိပါတယ်။) ယေ= အကြင်သူတို့သည်၊ သောတဝန္တော= သောတိန္ဒြေ နားအကောင်းပါကြပါပေကုန်၏။ တေ=ထို သောတိန္ဒြေ နားအကောင်းပါကြကုန်တဲ့ သတ္တဝါတို့သည်။ သဒ္ဓံ=ငါဘုရားနှင့်

http://www.dhammadownload.com



တရားတော်အပေါ်၌ ယုံကြည်ခြင်းသဒ္ဓါတရားကို။ ပမုဉ္စန္တု=ဆုပ်၍ မထားကြကုန်လင့်၊ လွှတ်၍ထားကြပါကုန်။ အထုပ်ကိုထုပ်ထားသလို ဆုပ်မထားကြနဲ့။

ငါဘုရားနှင့် တရားတော်အပေါ်၌ ယုံကြည်ခြင်း သဒ္ဓါတရားတည်း ဟူသောရတနာတွေကို တကယ့်တရားအစစ်အမှန်ကို ယုံကြည်ဖို့ရန်အချိန် မတန်သေးတဲ့အတွက် ကဿပမြတ်စွာသာသနာတော် ကွယ်ပသည်က ယနေ့ကျအောင် သဒ္ဓါတရားတည်းဟူသော ရတနာတွေကို သတ္တဝါတွေက အထုပ်ကလေးနဲ့ ကျစ်ကျစ်ပါအောင် ထုပ်ထားသလိုရှိနေတယ်။ လေးနက်တယ်နော်။

ဒါဖြင့်ယင် အဲဒီအတွင်းမှာ တိတ္ထိဆရာကြီးတွေကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေမပေါ်ဖူးလား၊ ပေါ်ပါတယ်။သဒ္ဓါအစစ်အမှန်မဟုတ်ဖူး၊ မိစ္ဆာ ဓိမောက္ခလို ခေါ်ပါတယ်။ သဒ္ဓါအစစ်အမှန်က ဝတ္ထုအစစ်အမှန်၊ရတနာ သုံးပါးအစစ်အမှန်ကိုကြည်ညိုမှ တကယ့်သဒ္ဓါတရား အစစ်အမှန် ဖြစ်နိုင် တယ်။ တကယ့်သဒ္ဓါတရား အစစ်အမှန်က ကဿပမြတ်စွာ သာသနာ ကွယ်ပသည်က ယနေ့တိုင်ကျအောင် သတ္တဝါတို့ရဲ့ သန္တာန်မှာ အလွန် မွန်မြတ်တဲ့ ရတနာကို ထုပ်၍ထားသလို သဒ္ဓါတရား တည်းဟူသော သူတော့်ဥစ္စာရတနာကို ထုပ်ပြီးတော့ထားကြတယ်။

ယနေ့ကား သူတော့်ဥစ္စာ သဒ္ဓါတရားတည်းဟူသော ရတနာ ထုပ်ကြီးကို ဖြေဖို့ရန် အချိန်တန်ပြီ။ အဲဒါကြောင့် ငါဘုရားနှင့်တရားတော် တို့ရဲ့ အပေါ်မှာ ကဿပမြတ်စွာ သာသနာကွယ်ပသည်မှ ယနေ့တိုင် ကျအောင် အချိန်မရောက်သေး၍ ထုပ်ထားတဲ့ ဖွဲ့ထားတဲ့ နှောင်ထားတဲ့ ရတနာနှင့်တူတဲ့ သဒ္ဓါတရားကို ထိုသောဟိန္ဒြေနား အကင်းပါးကြတဲ့ သတ္တဝါတို့ကသာ သဒ္ဓါတရားတည်းဟူသော ရတနာထုပ်ကြီးကို ဖြေလိုက် ကြပါတဲ့၊ ဖွင့်လိုက်ကြပါ။

တေသံ= ထိုသောတိန္ဒြေနား အကင်းပါးသူတို့အတွက်။ အမတဿ= အမြိုက်နိဗ္ဗာန်၏။ဒွါရာ= မဂ္ဂင်ရှစ်ပါး တံခါးကြီး ရှစ်ပေါက်တို့ကို။အပါ

http://www.dhammadownload.com



ဂုတာ= ငါကား ပိတ်၍မထား အမြဲပင်ဖွင့်လှစ်ထားအပ်ပါကုန်ပြီ။

မဂ္ဂင်ရှစ်ပါးနိဗ္ဗာန်တံခါးကို အမြဲပဲဖွင့်ထားပါတယ်။ ရှေးရှေးရက်တွေတုန်းကတော့ နိဒါန်းမပြည့်စုံသေးတဲ့အတွက် ငါဘုရား ဝိဟိံသညီ ပဂုဏံ နဘာသိ = လောလောဆယ် တရားဟောသော်လဲ ပင်ပန်းရုံသာရှိမယ်၊ နိဒါန်းမပြည့်စုံသေးတဲ့အတွက် သတ္တဝါတွေ အကျိုးမဖြစ်နိုင်ဖူး၊ အဲဒီလို ကိုယ်တော်ပင်ပန်းနွမ်းနယ်မှာကို သိတော်မူတဲ့အတွက် ရှေးရှေးရက်တုန်းက ငါဘုရား တရားမဟောခဲ့ဖူးလို့ မြတ်စွာဘုရား မိန့်ကြားတော်မှ သဟမ္ပတိဗြဟ္မာက–

ကတာဝကာသော ခေါမိ ဘဂဝတာ ဓမ္မဒေသနာယ။

မြတ်စွာဘုရား တရားဟောဖို့ရန်အတွက် ခွင့်ပြုတော်မူခြင်းပဲလို့ ဘုရားကိုယ်တော်မြတ်ကို လက်ျာရစ်ရှိခိုးပြီးသကာလ ဗြဟ္မာပြည်ပြန်ခဲ့တယ်။

## တရားဟောရမည့်သူကိုကြည့်တော်မူခြင်း

အဲဒီအချိန်မှာ အဇပါလညောင်ပင်ရင်း၌ ဘုရားကိုယ်တော်မြတ် တဆူတည်းသာ ကျန်ခဲ့ပြီ၊ စဉ်းစားတယ်။

ကဿ နု ခေါ အဟံ ပဌမံ ဓမ္မံ ဒေသေယျံ၊ ကော ဣမံ ဓမ္မံ ခိပ္ပမေဝ အာဇာနိဿတိ။

ငါဘယ်သူများ တရားလက်ဦးဟောရပါ့မတုန်း၊ အဘယ်သူသည် ငါယခုဟောမဲ့တရားကို ပိုင်းပိုင်းခြားခြားသိပါလိမ့်မတုန်း၊ သိမှာပါလိမ့်–လို့ ပထမအကြံဖြစ်ရာက၊ တဆင့်တက်ပြီးသကာလ ဘုရားကိုယ်တော်မြတ်ရဲ့စိတ်ထဲမှာ တရားရေးနဲ့ ပတ်သက်လာယင် အကြံဖြစ်တဲ့ ပုဂ္ဂိုလ်သုံးစုရှိပါတယ်။

တစ်–က ဘယ်သူလဲ၊ အလောင်းတော်ဘဝတုန်းက တရားဆွေးနွေးခဲ့ဖူးတဲ့ အာဠာရရသေ့။

နှစ်–က အဲဒီစဉ်ကာလက တရားဆွေးနွေးခဲ့ဖူးတဲ့ ဥဒကရသေ့။

http://www.dhammadownload.com



သုံး-က အလောင်းတော်ဘ၀တုန်းက ဒုက္ကရစရိယာ ခြောက်နှစ် ကြာကျင့်တော်မူစဉ်ကာလ၀ယ် ရေပူရေချမ်း ကမ်းလှမ်းပြီးတော့ ၀တ်ကြီး ၀တ်ငယ်ပြုလုပ်တဲ့ ပဉ္စ၀ဂ္ဂီရဟန်းတော်ငါးပါး။

အဲဒီပုဂ္ဂိုလ်သုံးစုကို ဘုရားကိုယ်တော်မြတ် တရားနဲ့စပ်ပြီ ဆိုလို့ ရှိယင်ဖြင့် ပထမ-အာဠာရ၊ ဒုတိယ-ဥဒက၊ တတိယ-ပဉ္စ၀ဂ္ဂီတို့ကို ဆင်ခြင်မြဲတဲ့။

## အာဠာရကိုပထမစဉ်းစားခြင်း

အဲဒီလို စဉ်းစားသလို ဘုရားကိုယ်တော်မြတ်လဲပဲ ပထမဘယ်လို စဉ်းစားလဲ-

အယံ ခေါ အာဠာရော ကာလာမော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဒီဃရတ္တံ အပ္ပရဇက္ခဇာတိကော။

ကာလာမရဲ့အမျိုးအနွယ်ဖြစ်တဲ့ အာဠာရရသေ့ဟာဖြင့် ပညာရှိတယ်၊ လိမ်မာတယ်၊ ထိုးထွင်းတဲ့ တခဲဏုပ္ပတ္တိဉာဏ်နဲ့လဲ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ် တယ်။ နေ့ရှည်ရက်လျား သမာပတ်ဖြင့် ကာမစ္ဆန္ဒဗျာပါဒအစရှိတဲ့ ကိလေသာမြူမှုန်ထွေ့ခွာထားတဲ့အတွက် ဉာဏ်ပညာမျက်စိ၀ယ် ကိလေသာ မြူမှုန်နည်းပါးတဲ့ သဘောရှိတဲ့ ပုဂ္ဂိုလ်လဲမှန်တယ်။

ယန္နူနာဟံ အာဠာရဿ ကာလာမဿ ပဌမံ ဓမ္မံ ဒေသေယျံ၊ သော ဣမံ ဓမ္မံ ခိပ္ပမေဝ အာဇာနိဿတိ။

ငါကား ကာလာမ၏ အနွယ်ဖြစ်တဲ့ အာဠာရရသေ့ကို လက်ဦးဟရား ဟောရမူ ကောင်းလေစွ။ သူကား လက်ဦးတရားကို သိနိုင်တဲ့ ပုဂ္ဂိုလ်ပဲလို့ အကြံအစည်ဖြစ်တယ်။

အဲဒီအကြံအစည်ဖြစ်လို့လဲဆုံးရော မထင်မရှားနဲ့ ကွယ်ပနေတဲ့ နတ်တစ်ဦးက-

"ဘုန်းတော်နေ၀န်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ကာလာမအမျိုးအနွယ်ဖြစ်တဲ့ အာဠာရရသေ့ကား ယနေ့မှ လွန်ခဲ့တဲ့

http://www.dhammadownload.com



ခုနှစ်ရက်မြောက်နေ့တုန်းက စုတိပြတ်ကြွေ သေခဲ့ပါပြီဘုရား”

နတ်ပြောစကားနဲ့ ယုံပြီးလားဆိုတော့ ဘုရားကိုယ်တိုင်လဲပဲပြန်၍ အာဠာရရဲ့ဂတိကို စဉ်းစားတဲ့အခါ ယနေ့မှအတိတ် လွန်ခဲ့တဲ့ ခုနစ်ရက် မြောက်တုန်းက စုတိပြတ်ကြွေ သေလွန်ပြီးသကာလ အရူပါဝစရဗြဟ္မာ လေးဘုံတို့အနက် တတိယဖြစ်တဲ့ အာကိဉ္စညာယတနဘုံရောက်နေတာကို ဘုရားကိုယ်တော်မြတ်သိခဲ့တယ်။ အဲဒီလိုသိပြီးတော့ ဘုရားစိတ်ထဲမှာ ဘယ်လိုအကြံဖြစ်သလဲ။

မဟာဇာနိယော ခေါ အာဠာရော ကာလာမော။

ကာလာမော= ကာလာမအနွယ်၌ဖြစ်သော။ အာဠာရော= အာဠာရ ရသေ့သည်။ မဟာဇာနိယော ခေါ= အဆုံးရှုံးကြီး ဆုံးရှုံးခဲ့တကား။

ခုနှစ်ရက်လောက်များ ဆိုင်းတွလိုက်လို့ရှိယင် ငါဘုရားနဲ့ ယနေ့ တွေ့ပြီး တရားဟောရယင် မြန်မြန်ကို အကျွတ်တရားရမဲ့ပုဂ္ဂိုလ်။အခုဖြင့် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့လေပြီ။

သစေ ဟိ သော ဣမံ ဓမ္မံ သုဏေယျ၊ ခိပ္ပမေဝ အာဇာနေယျ။

အကယ်၍များ အာဠာရဟာ ယခု ငါဟောမဲ့တရားကို နာလိုက်ရလို့ ရှိယင် မြန်မြန်သိမဲ့ပုဂ္ဂိုလ်။ခုတော့ငါဘုရား သွားရောက်၍လည်း မဟောနိုင်။ ကရဏာရှေ့ထား သွားပြီးဟောပြန်ပါတော့လဲ နားမပါတဲ့အတွက် တရား မနာနိုင်ဖူး။ နားမပါတဲ့အတွက် တရားမနာနိုင်တော့ ပရတောဃောသ– ဆိုတဲ့ သူတပါးထံမှ တရားသံတည်းဟူသော အကြောင်းချို့တဲ့နေတယ်။

ပဌမအကြောင်းချို့တဲ့ကတဲက ဘယ်လိုနည်းနဲ့ ယောနိသောမန သိကာရဆိုတဲ့ ဒုတိယအကြောင်းရဖြစ်မတုန်း၊ မဖြစ်နိုင်တော့ဖူး။ အဲဒီ အကြောင်းနှစ်ပါးမှ မရပဲနဲ့ ဘယ်လိုနည်းနဲ့မှ သမ္မာဒိဋ္ဌိ မဖြစ်နိုင်တော့ဖူး။ အဲဒီတော့ အာဠာရကား အရှုံးကြီး ရှုံးခဲ့၊ အဆုံးကြီးဆုံးခဲ့လေပြီတကားလို့ အာဠာရအတွက် အကြံဖြစ်တယ်။

http://www.dhammadownload.com



## ဥဒကကို ဒုတိယစဉ်းစားခြင်း

အယံ ခေါ ဥဒကော ရာမပုတ္တော ပဏ္ဍိတော ဗျတ္တော မေဓာဝီ။

ရာမရဲ့သား ဥဒကရသေ့လဲ ပညာရှိတဲ့ ပုဂ္ဂိုလ်၊ လိမ်မာတဲ့ပုဂ္ဂိုလ်၊ ဌာနုပ္ပတ္တိက ဉာဏ်အမြင်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ငါဘုရားကား ရာမရဲ့သား ဖြစ်တဲ့ ဥဒကရသေ့ကို ရှေးဦးစွာတရားဟောရမှု ကောင်းလေစွ။ သူသည် ငါ့တရားကို အလျင်အမြန်သိမဲ့ပုဂ္ဂိုလ်ပဲလို့ အကြံဖြစ်ပြန်တော့လဲ ရှေးနည်း အတူ ကိုယ်ထင်မပြပဲနဲ့ အဲဒီနားမှာရှိတဲ့ နတ်က ဘာလျှောက်သလဲဆိုတော့–

အဘိဒေါသကာလင်္ကတော ဘန္တေ ဥဒကော ရာမပုတ္တော။

"ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ ရာမရဲ့သားဖြစ်တဲ့ ဥဒကရသေ့လဲပဲ ယမန်နေ့ည သန်းခေါင်က ကွယ်လွန်ခဲ့ ပါပြီဘုရား"

သူပြောတာနဲ့ ယုံကြည်သလားလို့ဆိုတော့ မယုံသေးပဲနဲ့ စဉ်းစား တယ် ဥဒကရဲ့ဂတိကို။ဟုတ်တယ်– ယမန်နေ့ည သန်းခေါင်က စုတိ ပြတ်ကြွေ သေလွန်ပြီး သကာလ ယခုအချိန်၌ ဥဒကကား နေဝသညာ နာသညာယတနဘုံသို့ ရောက်ခဲ့လေပြီ။

ရှေးနည်းအာဠာရကဲ့သို့ပဲ ဘုရားကိုယ်တော်မြတ်စိတ်ထဲမှာ ဥဒက ကားအဆုံးရှုံးကြီး ဆုံးရှုံးခဲ့လေပြီတကားလို့ အကြံဖြစ်ခဲ့တယ်။ အဲဒီလို အကြံဖြစ်ပြီးတော့ ရှေးတဆင့်တက်ပြီးတော့ အကြံဖြစ်တော်မူတာက ဘယ်သူ့များ ဤတရားလက်ဦး ဟောရပါမတုန်း။

## ပဉ္စဝဂ္ဂီတို့ကိုမြင်တော်မူခြင်း

ဗဟုကာရာ ခေါ မေ ပဉ္စဝဂ္ဂိယာ ဘိက္ခူ၊ ယေ မံ ပဓာနပဟိ တတ္တံ ဥပဋ္ဌဟိံသု။

ယေ= အကြင် ပဉ္စဝဂ္ဂီမထေရ်ငါးပါးတို့သည်။ မံ= ငါ့ကို။ ပဓာန ပဟိတတ္တံ= ပဓာနအလုပ်အားထုတ်စဉ်ကာလ။ ဥပဋ္ဌဟိံသု= ရေပူရေချမ်း ကမ်းလှမ်းပြုစုခဲ့ကြလေကုန်ပြီ။ တေ= ပဉ္စဝဂ္ဂိယာ ဘိက္ခူ= ထိုပဉ္စဝဂ္ဂီ

http://www.dhammadownload.com



ငါးပါးတို့သည်။ မေ= ငါဘုရားအပေါ်၌။ ဗဟုပကာရာ= ကျေးဇူးဥပကာရ များလှကုန်၏။

အင်မတန် ကျေးဇူးဥပကာရများတယ်။ပဉ္စဝဂ္ဂီတွေဟာ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင်ကျင့်စဉ်က ရေပူရေချမ်းကမ်းလှမ်းပြီး ငါ့အား ပြုစုတယ်။

ယန္နူနာဟံ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ ပဌမံ ဓမ္မံ ဒေသေယျံ။

ပဉ္စဝဂ္ဂီတို့ကို ငါက တရားဟောရမှုကောင်းလေစွ-လို့ အဲဒီလို အကြံဖြစ်ခဲ့တယ်။

ဖြစ်တော့ ပဉ္စဝဂ္ဂီတွေ ကိုယ်တော်အပါးမှာရှိသလားဆိုတော့ မရှိဘူး။ ဘယ်အချိန်ကလဲဆိုတော့ ငါးနှစ်ကျော် ခြောက်နှစ်ရာသီတွင်းရောက်အောင် ဘုရားကိုယ်တော်မြတ်နောက်က ဥရုဝေလတောမှာနေကြတယ်။ ရေပူ ရေချမ်း ကမ်းလှမ်းကြတယ်။ငါးနှစ်ကျော် ခြောက်နှစ်ရာသီရောက်အောင် ဘုရားကိုယ်တော်မြတ်လဲပဲ အစာမစားပဲနဲ့ ပင်ပန်းကြီးစွာဖြင့် ကျင့်ခဲ့တယ်၊ ကိုယ်တော်ပင်ပန်းအောင်ကျင့်တဲ့ အတ္တကိလမထ သဘောသက်နေတဲ့ အကျင့်တွေပေါ့။ အဲဒီလို ပင်ပန်းကြီးစွာကျင့်ခဲ့ပေမဲ့ ပင်ပန်းကြီးစွာ ကျင့်လို့သာ ဘုရားဖြစ်ရမယ်ဆိုယင် ငါ့ထက်တော့ ဘယ်သူမှ ကျင့်နိုင် တော့မှာမဟုတ်ဖူးလို့ ဘုရားအလောင်းကကြံစည်ပါတယ်။ ဒီတော့ကို ယခုကဲ့သို့ ပင်ပန်းကြီးစွာ ကျင့်ခြင်းဟာလဲပဲ လမ်းမမှန်သေးဖူး။ ရှန့်ရှင်းတဲ့ အစာအဟာရကို လက်ခံပြီးသကာလ ခန္ဓာကိုယ် မျှတအောင် ထားပြီး တရားအားထုတ်ရယင် ကောင်းလေစွလို့ လုံးဝ အစာမစားတဲ့ ဘဝက နေပြီးတော့ ကုလားပဲစွပ်ပြုတ်ကလေးတွေ၊ မတ်ပဲစွပ်ပြုတ်ကလေးတွေ၊ ပဲနောက်စွပ်ပြုတ်ကလေးတွေ-အဲဒီဟာလေးလောက်ကို စားသုံးပြီးတော့ ပဓာနအလုပ်အားထုတ်တဲ့အချိန်က ပဉ္စဝဂ္ဂီတွေက ပဓာနအလုပ်က ရဟန်းကြီးဂေါတမ လျှောကျသွားပြီဆိုတော့ အဲဒီအချိန်မှာ သူတို့ ပစ်သွားကြတယ်။ စွန့်သွားကြတယ်။

http://www.dhammadownload.com



အဲဒီလို စွန့်သွားတော့ အခုအချိန်မှာ ငါဘုရားကိုယ်တော်မြတ် အနီးအပါးမှာ ပဉ္စဝဂ္ဂီတို့ မရှိကြ။ မရှိတော့ ဘယ်မှာများ ပဉ္စဝဂ္ဂီတို့ နေသလဲလို့ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်တော်မူတဲ့အခါ ဗာရာဏသီ ပြည် ဣသိပတန မိဂဒါဝုန်တောမှာ ရောက်နေကြတာကို မြင်ခဲ့တယ်။ မြင်ပြီးတော့ ကိုယ်တော်တိုင်က ဥရုဝေလတောရပ်ကနေပြီးတော့ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ကြွဖို့အချိန်တန်ခဲ့ပြီ။

တခြား တခြားသော ဘုရားသဗ္ဗညုတွေမှာတော့ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်ဟောသို့ မဟာဗောဓိမှ ကြွတော်မူပြီဆိုလို့ရှိယင် ကောင်းကင်ခရီးက ချာန်ယာဉ်စီးပြီးတော့ ဘုရားတိုင်း ဘုရားတိုင်း ကြွတော်မူခဲ့တယ်။ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဖြစ်တဲ့ ဘုန်းကြီးတို့ ဒကာကြီးဒါယိကာမကြီးတို့ရဲ့ ဘုရားကျတော့ သက်တော်အားဖြင့်လဲ ရှစ်ဆယ် အငယ်ဆုံး အနည်းဆုံးနေရတဲ့ဘုရား။ သက်တော် ရှစ်ဆယ်ဆိုပေမဲ့ ဘုရားအဖြစ်နဲ့နေရတာက ၄၅–နှစ်၊ ၄၅–ဝါရယ်။ ဘယ်လောက်အသက်တော် အငယ်ဆုံး အတိုတောင်းဆုံးလဲဆို။ သည့် သက်အောက်လျော့ရင်တော့ ဘုရားကို ဖြစ်မရတော့ဘူး။ ဒီလောက် ပင်ပင်ပန်းပန်း အရေးတကြီး ၄၅–ဝါအတွင်းမှာဖြစ်ပြီးတော့ ဝေနေယျ သတ္တဝါတွေ ချေချွတ်ရတာကတော့ သက်တော်ရှည်ဘုရားတို့နဲ့မခြား ဝေနေယျသတ္တဝါတွေကိုကား ချေချွတ်ရတယ်။ ဘယ်လောက်ပင်ပန်းတုန်း။

အဲဒီလို ပင်းပန်ပါတယ်ဆိုတဲ့အထဲက ခါးတော်နာရမယ့် ဒုက္ခဝဋ်၊ ခေါင်းတော်ခဲရတဲ့ဝဋ်၊ ဒီတော့ဒုက္ခတွေကလဲပဲ ခဏခဏ နှိပ်စက်တယ်။ ကြည့်စမ်းပါအုန်း–အခု ဗုဒ္ဓဂယာခေါ်တဲ့ ဥရုဝေလ ဗုဒ္ဓဂယာက နေပြီး သကာလ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ဓမ္မစကြာ တရားဟောကြွတော်မူတဲ့ ဘုရားတိုင်းဘုရားတိုင်းဟာ ကောင်းကင်ခရီး က ချာယာဉ်စီးပြီးကြွမြဲ၊ ကြွတော်မူကြတာချည်းထဲပဲ။

အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားမှာတော့ အခြားဘုရားတွေလို ချာန်ယာဉ်စီးပြီး ကောင်းကင်ခရီးက ကြွတော်မမူ

http://www.dhammadownload.com



နိုင်ဘူး။ ဘာလို့လည်းဆိုတော့ မြေပြင်က ဝေနေယျကရှိသေးတယ်။ ဥပကအတွက်ပေါ့။

## ဥပကနှင့်တွေ့တော်မူခြင်း

တခြားဘုရားတွေလို ကောင်းကင်က မကြွနိုင်ပဲ ဥရုဝေလကနေပြီး ၁၈–ယူဇနာဝေးတဲ့ခရီးကို ခြေလျင်ခရီးဖြင့် ကြွတော်မူခဲ့ရတယ်။ ဂယာနဲ့ ဗောဓိရဲ့အကြား သုံးဂါဝုတ်မှာ ဥပကနဲ့ မြတ်စွာဘုရားတွေ့ခဲ့တယ်။ တွေ့တော့ ဥပကက မြတ်စွာဘုရားကို ဘာလျှောက်သလဲ၊

ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ၊ ပရိသုဒ္ဓေါ ဆဝိ ဝဏ္ဏော ပရိယောဒါတော။

ငါ့ရှင်ကြည့်ရတာဟာ မျက်စိတွေ နားတွေ နှာတွေ လျှာတွေ ကိုယ်တွေစိတ်တွေဆိုတဲ့ ဣန္ဒြေခြောက်ပါးက ကြည်လင်သန့်ရှင်းလှပါပေ၏။ အရေအဆင်းကားစင်ကြယ်လှပါပေ၏။အပြစ်ကင်းစင်လှပါပေ၏။

အရေအဆင်းသန့်ရှင်းစင်ကြယ်တာကို မြင်ပြီးသကာလ ဣန္ဒြေတွေက ကြည်လင်တဲ့ပုဂ္ဂိုလ်ပဲလို့ မှန်းဆပြီး အနုမာနဗုဒ္ဓိအားဖြင့်သိ၍ သူ ပြောခဲ့တယ်။

ကံ သိတ္တံ အာဝုသော ဥဒ္ဒိဿ ပဗ္ဗဇိတော?။

အာဝုသော= ငါ့ရှင်။ တွံ=သင်သည်။ ကံ=အဘယ်သူကို။ ဥဒ္ဒိဿ= ရည်ညွှန်း၍။ ပဗ္ဗဇိတော အသိ= ရဟန်းပြုခဲ့သ နည်း?။ သင်ဘယ်သူ့ကို ရည်ညွှန်း၍ ရဟန်းပြုခဲ့တာလဲ?။

ကော ဝါ တေ သတ္ထာ၊ကဿ ဝါ တွံ ဓမ္မံ ရောစေသိ။

ကော ဝါ တေ သတ္ထာ= သင့်ဆရာဘယ်သူလဲ?။ ကဿ ဝါ တွံ ဓမ္မံ ရောစေသိ= ဘယ်သူ့တရားကိုသင်နှစ်သက်သလဲ လို့ အဲဒီလို သူ့နှယ်ငါ့ဟန် လူသာမန်အတန်းအစားထားပြီးတော့ သူကလဲ သူ့နှယ်ငါ့ဟန် လူသာမန်တို့ရဲ့ အတန်းအစားထဲက ပုဂ္ဂိုလ်ဆိုတော့ အဲဒီစကားပဲပြောတတ်တယ်။ ပြောတော့ သဗ္ဗညုမြတ်စွာဘုရားက ရဲရဲတောက် မိန့်ခွန်းအနေနဲ့

http://www.dhammadownload.com



သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ။သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော။ သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော။သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

ဥပက=ချစ်သား ဥပက။ အဟံ=ငါဘုရားကား။ သဗ္ဗာဘိဘူ= အလုံးစုံသော တေဘူမကတရားကို လွှမ်းမိုးစိုးပိုင်သောသူသည်။ အသ္မိ= ဖြစ်ပေ၏။

ဘယ်သူက ငါ့အပေါ် ဆရာဖြစ်ရမှာလဲကွယ်။ တေဘူမက ရှိသမျှ တရားတွေအပေါ်ကို ငါဘုရားကား အနိစ္စလက္ခဏာယာဉ် တင်လိုယင်တင်၊ ဖြုန်းဆို ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်လှည့်ကာ လှည့်ကာ အလိုရှိသမျှ ပိုင်စိုးပိုင်နင်းတင်နိုင်တဲ့အရည်အချင်းရှိတဲ့အတွက် တေဘူမက တရားတွေအပေါ်မှာ ငါဘုရားက စိုးပိုင်တယ်၊ လွှမ်းမိုးတယ်တဲ့။ အတ္တဒိဋ္ဌိ အစိုးပိုင်မျိုး ပြောတာမဟုတ်ဘူးနော်။ တေဘူမကတရားတွေကို အလိုတော် ရှိတဲ့အချိန်မှာ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာယာဉ်တင်၍ သုံးသပ်နိုင်တာကို သဗ္ဗာဘိဘူ=အလုံးစုံသော တေဘူမကတရား တို့ကို လွှမ်းမိုးစိုးပိုင်သူသည်။ အသ္မိ=ဖြစ်ပေ၏ လို့ ဒီလိုပြောတာ။

သဗ္ဗဝိဒူ= အလုံးစုံသောတေဘူမကတရားတို့ကို အရဟတ္တဖိုလ်ပေါက် အဿိဉာဏ်ရောက်ပြီးသော သူသည်။ အသ္မိ=ဖြစ်ပေ၏။

သိပြီးသား တေဘူမကတရားတွေကို ပိုင်ပြီးသား နိုင်ပြီးသား သိပြီးသား။

သဗ္ဗေသု ဓမ္မေသု= အလုံးစုံသော တေဘူမကတရားတို့၌။ အနုပလိတ္တော= မလိမ်းကျံသောသူသည်။ အသ္မိ=ဖြစ်ပေ၏။ဝါဏှာဖြင့် မလိမ်းကျံဖူး၊ မာနဖြင့်မလိမ်းကျံဖူး၊ ဒိဋ္ဌိဖြင့် မလိမ်းကျံဖူး။

သဗ္ဗဉ္ဇဟော=အလုံးစုံသော တေဘူမက ဝဋ္ဋဒုက္ခတရားဝယ် ငွယ်ကာ တပ်မက်တဲ့တဏှာကို ပယ်ရှားပြီးဖြစ်၏။အသ္မိ=ဖြစ်ပေ၏။ (ပယ်ရှားပြီး ဖြစ်သော ကြောင့်) တဏှာက္ခယေ= တဏှာကုန်ရာ နိဗ္ဗာန်ပရမတ်၌။ ဝိမုတ္တော= ညွတ်သူ ကိုင်းသူ ရှိုင်းသူသည်။အသ္မိ=ဖြစ်ပေ၏။ သယံ= ကိုယ်တော်တိုင်။ အဘိညာယ= ထူးသောဉာဏ်ဖြင့် နိဗ္ဗာန်ပရမတ်ကို

http://www.dhammadownload.com



ပိုင်းဖြတ်ထင်ထင် သိမြင်ပြီးဖြစ်သောကြောင့်။ ကံ=ဦးမည်းဦးဖြူ အဘယ်သူကို။ ကံ=ကြီးငယ်မဟူ အဘယ်သူကို။ ဥဒ္ဒိသေယျံ= ဤသူကား ငါ့ဆရာပဲဟူ၍ ညွှန်ကြားဖွယ် ရှိပါလိမ့်မည်နည်း၊ မရှိကေန် မှန်လှပါပေ၏။

လောကကြီးမှာ ဘယ်သူကိုမှ ဆရာရယ်လို့ ငါညွှန်ပြစရာ မရှိပါဘူး။

န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။

လောကုတ္တရာတရားအပေါ်၌ ငါ့မှာဆိုယင် ဆရာမရှိပါဖူး။ ဆရာရှိဖို့ နေနေသာသာ လောကုတ္တရာသိတဲ့နေရာမှာ ငါဘုရားနဲ့တူတဲ့ သူတောင်မှမရှိဘူး။

သဒေဝကသ္မိံ လောကသ္မိံ နတ္ထိ မေ ပဋိပုဂ္ဂလော။

နတ်ပြဟ္မာနဲ့တကွ သတ္တလောကကြီးတစုလုံးမှာ ငါဘုရားနဲ့ တုပြိုင် ယှဉ်ပြိုင်ဖို့ရန် ပုဂ္ဂိုလ်ရယ်လို့ မရှိပါဖူး။

ဓမ္မစက္ကံ ပဝတ္တေတုံ၊
ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊
အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

ဓမ္မစကြာတရား– ဓမ္မစကြာခေါ်တဲ့ ဒေသနာဉာဏ်ကို လည်စေဖြစ်စေဖို့ရန်အတွက် ငါဘုရားကား ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ယခုသွားပေအံ့။အမြိုက်နိဗ္ဗာန်စည်ကြီးကို ယခုငါဘုရားက တီးပေအံ့–လို့ အဲဒီလိုပြောလိုက်လျှင်ပဲ၊ ဥပကက မထိတထိနဲ့–

ယထာ ခေါ တွံ အာဝုသော ပဋိဇာနာသိ၊အရဟာသိ အနန္တ ဇိနော။

သင်ပြောသလိုဆိုလို့ရှိယင်ဖြင့်၊ အနန္တဇိန ဖြစ်ထိုက်ပါပေသနော်။ ငါ့ရှင်ရဲ့နာမည်ဟာ အနန္တဇိနဖြစ်ရမည်ပေါ့။ ငါ့ရှင်ဝန်ခံခဲ့တဲ့အတိုင်းသာဖြင့်ယင် အနန္တဇိနဖြစ်ထိုက်ပါပေတယ်။

http://www.dhammadownload.com



ဒီတော့မှ မြတ်စွာဘုရားက–

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊
ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊
တသ္မာဟမုပက ဇိနော။

ဥပက...လောကမှာ ငါကဲ့သို့သောပုဂ္ဂိုလ်မှ ဇိနဆိုတဲ့အမည်ရတယ်။ အာသဝက္ခယဉာဏ်သို့ ရောက်ပြီးပြီ။ ငါ့မှာ မကောင်းမှု အကုသိုလ်တရားတွေကို အကြွင်းမဲ့အောင်ပြီးဖြစ်သောကြောင့် ငါကား ဇိနအမည်ရှိပေတယ်လို့ ဘုရားကိုယ်တော်မြတ်က ရဲရဲတောက် မိန့်ကြားတော်မူတဲ့အခါ ဥပက က–

"ဟုပေယျပါဝုသော"တိ ဝတွာ သီသံ ဩကမ္ပေတွာ ဥမ္မဂ္ဂံ ဂဟေတွာ ပက္ကာမိ။

ဟုပေယျပါဝုသော= ဟုတ်ပါလိမ့်မယ်ငါ့ရှင် လို့ (မယုံချင်ယုံချင်၊ မယုံတဝက် ယုံတဝက်အနေနဲ့)။ အာဝုသော=ငါ့ရှင်။ ဟုပေယျအပိ= ဟုတ်သော်မူ ဟုတ်ပါလိမ့်မယ်၊ မဟုတ်ချင်လဲ ရှိမယ်ပေါ့။ (မယုံ့တယုံ့ မယုံတဝက် ယုံတဝက်နဲ့ ပြောပြီးသကာလ)သီသံ ဩကမ္ပေတွာ= ဦးခေါင်းကိုညွတ်၍။ ဥမ္မဂ္ဂံ ဂဟေတွာ ပက္ကာမိ= လမ်းလွဲကို ယူပြီးတော့ ဖဲသွားပြီ။

မျက်နှာချင်းဆိုင်တွေ့တဲ့ဥစ္စာမှာပေါ့လေ၊ ဘုရားနောက်က လိုက်သွားမယ်မှတ်ဖူး။ တခါထဲ ဘေးကလမ်းဖယ်ပြီးသကာ၊ သူသွားမြဲလမ်းကိုပဲ သွားတယ်။ သို့သော် သူ့ရဲ့အကြောင်းဝတ္ထုကပြောချင်လို့မှတ်ဖူးနော်။ ဘုရားကိုယ်တော်မြတ် အစဉ်သဖြင့် ခရီးဒေသစာရီကြွချီတော်မူခဲ့လို့ ဗာရာဏသီ ဣသိပတနမိဂဒါဝုန်တောအတွင်း ပဉ္စဝဂ္ဂီမထေရ်တို့နေတဲ့ နေရာသို့ ရောက်ပြီ။

http://www.dhammadownload.com



## မိဂဒါဝုန်သို့ရောက်တော်မူခြင်း

ခပ်လှမ်းလှမ်းကပဲ ပဉ္စဝဂ္ဂီမထေရ်တို့က ဘုရားကိုယ်တော်မြတ် ကြွလာတာကို မြင်ခဲ့ပြီ။ မြင်တော့အချင်းချင်း ကတိကဝတ်ထားကြတယ်။ ဘယ်လိုထားတုန်း–

အယံ အာဝုသော သမဏော ဂေါတမော အာဂစ္ဆတိ ဗာဟုလ္လိကော ပဓာနဝိဗ္ဘန္တော အာဝတ္တော ဗာဟုလ္လာယ။

အာဝုသော=ငါ့ရှင်တို့။ ဗာဟုလ္လိကော= ပစ္စည်းလေးပါး ပွားများဖို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်လေ့ရှိသော။ ပဓာနဝိဗ္ဘန္တော= ကမ္မဋ္ဌာန်း အလုပ်မှ လျှောကျလေပြီးသော။ ဗာဟုလ္လာယ= ပစ္စည်းလေးပါး ပေါ်များဖို့ရန်။ အာဝတ္တော=လည်ကျလေပြီးသော။ အယံ သမဏော ဂေါတမော= ဤရဟန်းကြီးဂေါတမသည်။ အာဂစ္ဆတိ= ဟော ဟိုမှာ လာနေပြီ။

ကြည့်စမ်းဟော့၊ ကမ္မဋ္ဌာန်းလူထွက်ကြီး။ ကမ္မဋ္ဌာန်းအလုပ်မှ လျှောကျပြီးဖြစ်တဲ့ ကမ္မဋ္ဌာန်းလူထွက်ကြီးဂေါတမ။ ပစ္စည်းလေးပါးလိုက်စားတဲ့ ရဟန်းကြီးဂေါတမ ဟောဟိုက လာနေတယ်။

သော နေဝ အဘိဝါဒေတဗ္ဗော၊ န ပစ္စုဋ္ဌာတဗ္ဗော၊ နာဿ ပတ္တစီဝရံ ပဋိဂ္ဂဟေတဗ္ဗံ။

သော=ထိုရဟန်းကြီးဂေါတမကို။ နေဝ အဘိဝါဒေတဗ္ဗော= ရှိမခိုးကြစတမ်း။ န ပစ္စုဋ္ဌာတဗ္ဗော=ခရီးဦးကြို မပြုကြစတမ်း။ အဿ= ထိုရဟန်း ကြီးဂေါတမ၏။ ပတ္တစီဝရံ= သပိတ်သင်္ကန်းကို။ န ပဋိဂ္ဂဟေတဗ္ဗံ= မခံယူကြစတမ်း။

ခရီးဦးလဲ မကြိုဆိုကြနဲ့၊ သပိတ်သင်္ကန်းလဲ လှမ်းမယူကြစို့နဲ့။ ငါတို့ ငါးပါး ရှိမခိုးကြစတမ်း။ သို့သော် ဘာလေးတော့ ထားသင့်သေးသလဲ ဆိုတော့–

အပိ စ ခေါ အာသနံ ဌပေတဗ္ဗံ၊သစေ သော အာကင်္ခိဿတိ၊ နိသီဒိဿတိ။

http://www.dhammadownload.com



အကယ်၍ ထိုင်ချင်ယင်ထိုင်ရအောင် နေရာလေးတော့ခင်းထားကြ ပါကွယ်။ ဒီလိုဒီလို ချစ်ခြင်းကလဲ မကင်းသေးဘူး, ဟန်ကလဲလုပ်ချင် သေးတယ်။ ဒီတော့ ဒီနားလာလို့ရှိယင်ဖြင့် နေချင်ယင်ထိုင်ချင်ယင် ထိုင်ရအောင်တော့ နေရာလေးတော့ ခင်းထားကြပါစို့–လို့ ကတိကဝတ် ထားပြီး တစ်ယောက်အကဲ တစ်ယောက်ခတ်နေ။

သဗ္ဗညုမြတ်စွာဘုရားလဲ ခြေတလှမ်းမှတလှမ်း တလှမ်းမှတလှမ်းနဲ့ ပဥ္စဝဂ္ဂီမထေရ်ငါးဦးတို့ရှိရာ အကြင်အကြင် အချင်းအရာအားဖြင့် ချဉ်းကပ်တော်မူခဲ့ပြီ။

တလှမ်းနဲ့တလှမ်း နီးကပ်ပြီးလာလေ ကတိကဝတ်တွေပျက်လေ၊ တန်ခိုးတော်ကိုး။ သူတို့က စောစောက ခရီးဦး မကြိုဆိုစတမ်းလို့ဆိုတယ်။ ဒါပေမယ်လို့ ရှေ့ဆုံးနီးတဲ့ကိုယ်တော်က စပြီးသကာလ ဘယ်လိုထလိုက် ဘယ်လိုကြွလိုက်တယ် မသိဘူး၊ ကတိကဝတ်ပျက်ပြီးတော့ ဘုရားကို လှမ်းပြီးတော့ ခရီးဦးကြိုဆိုခဲ့တယ်။

ဟိုကိုယ်တော်မှ ကတိကဝတ်ပျက်ပကောဆိုပြီးသကာလ တပါးက–ငါက သူတော့ အရှုံးမခံဘူးဆိုပြီးတော့ သပိတ်သင်္ကန်းထပြီးတော့ သွားပြီးကြိုပြီး ယူခဲ့တယ်။သယ်… သူကသပိတ် သင်္ကန်းယူလို့ရှိယင် ငါက အညံ့မခံပါဘူးဆိုပြီးတော့ တတိယပုဂ္ဂိုလ်က နေရာခင်းတယ်။ သူ့အညံ့ခံပါရိုးလားဆိုပြီးတော့ တပါးသောစတုတ္ထပုဂ္ဂိုလ်က ခြေဆေးရေ ထည့်ခဲ့တယ်။ ပဥ္စမပုဂ္ဂိုလ်က ခြေဆေးအင်းပျဉ်တို့ ခြေသုတ်ပုဆိုးကြမ်းတို့ တကထဲဘုရားကိုယ်တော်မြတ်သုံးစွဲဖို့ရန်အတွက် လျှောက်ထားခဲ့တယ်။

မူလကတိကဝတ်တွေ အကုန်ပျက်၊ နေရာ ခင်းသူ ခင်း၊ သပိတ် လှမ်းယူတဲ့သူက ယူ၊ခြေဆေးရေ တည်၊ခြေဆေးအင်းပျဉ်တွေခင်း၊ ခင်းထား တဲ့နေရာ၌ ဘုရားသဗ္ဗညုထိုင်၊ ခြေတော်တို့ဆေးပြီးသကာလ ပဋိသန္ထာရ ပဥ္စဝဂ္ဂီတို့ ပြောကြားတဲ့စကားထဲမှာ "အာဝုသော ဂေါတမ ငါ့ရှင်ဂေါတမ။ ငါတို့ ဉရုဝေလက ပြန်လာတဲ့အခါ ငါ့ရှင်စိတ်ထဲမှာ ဘယ်လိုများ ဖြစ်သေးသတုန်း။ အာဝုသော ဂေါတမ=ငါ့ရှင်ဂေါတမ။ ငါ့ရှင်ဂေါတမနဲ့

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့ သုခ ဒုက္ခအကြောင်းကိုပြောတိုင်းပြောတိုင်း စကားနှီးနှော ပြောဆိုတဲ့ အခွန်းတွေထဲမှာ"အာဝုသော"ဆိုတဲ့ ကိုယ်ရေတူထား၍ ပြောတဲ့ စကား၊ ဂေါတမ-လို့ မြတ်စွာဘုရားကိုအနွယ်တော်ဖြင့် အမည်တော်ဖြင့် ခေါ်ဆိုလိုက်တဲ့စကား၊ သူတော်ကောင်းဖက်ကကြည့်ရင်ဖြင့် အင်မတန် ရိုင်းပြတဲ့စကားနှစ်လုံးကို သုံးနေတယ်။အဲဒီအသုံးတွေကို သိတော့ သဗ္ဗညု မြတ်စွာဘုရားက-

မာ ဘိက္ခဝေ တထာဂတံ နာမေန စ အာဝုသောဝါဒေန စ သမုဒါစရထ။

ဘိက္ခဝေ=ရဟန်းတို့။ တထာဂတံ= ရှေးဘုရားတို့အတူလာခြင်း ကောင်းတော်မူတဲ့ သဗ္ဗညုထွတ်ထား ငါဘုရားကို။ နာမေန စ=ဂေါတမ, ဂေါတမဟူ၍ ရိုင်းပြစွာ အမည်ရင်းဖြင့်လည်းကောင်း။ အာဝုသော ဝါဒေန စ=ကိုယ်ရေတူထား အာဝုသော-ငါ့ရှင်ဟူသော စကားဖြင့် လည်းကောင်း။ မာ သမုဒါစရထ= မပြောကြားကြလင့်။ အဂါရဝ ဖြစ်လိမ့်မယ်။ ရိုသေခြင်းကင်းမဲ့တဲ့ အဂါရဝဖြစ်လိမ့်မယ်။ ဒါကြောင့် ငါဘုရားရဲ့အပေါ်၌"အာဝုသော"ဆိုတဲ့ ကိုယ်ရေတူထား၍ စကားမျိုး ပြောကြားမှု၊ ဂေါတမလို့အမည်ရင်းထုတ်ဖော်ခေါ်ငင်တဲ့ ရိုင်းပြတဲ့ စကားမျိုးနဲ့ ချစ်သားတို့ မပြောကြကုန်လင့်။

အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ။

ဘိက္ခဝေ=ချစ်သားတို့။ အရဟံ= လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ=သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော။ အဟံ=ငါသည်ကား ။ တထာ ဂတော= ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူခဲ့လေပြီ။(ဝါ) ငါသည်ကား အရဟံ=အရဟံဂုဏ်ရှင်ဖြစ်ပါ ပေ၏။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူပါပေ၏။တထာ ဂတော=ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူပါပေ၏။

ဩဒဟထ ဘိက္ခဝေ သောတံ။ အမတမဓိဂတံ၊ အဟံ မနုသာသာမိ၊ ဒေသေမိ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတို့။သောတံ=နားကို။ဩဒဟထ=စိုက်ထောင်ကြကုန်။ချစ်သားတို့ နားကို စိုက်ထောင်ကြ။ အဟံ=ငါဘုရားသည်။ အနုသာသာမိ=ဆုံးမပေအံ့။အဟံ=ငါဘုရားသည်။ဓမ္မံ=တရားကို။ဒေသေဟိ=ဟောပေအံ့။

ယထာနုသိဋ္ဌ တထာ ပဋိပဇ္ဇမာနာနစိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿထ။

ငါဘုရားဆုံးမတဲ့အတိုင်း သင်ချစ်သားတို့ လိုက်နာကျင့်ကြံလို့ရှိယင်ဖြင့် အမျိုးကောင်းသားဖြစ်တဲ့ သင်ချစ်သားတို့ လိုလားတောင့်တတဲ့ အရဟတ္တဖိုလ်ကို ယခုဘဝမျက်မှောက်မှာပင်လျှင် ပြည့်စုံ၍ သင်ချစ်သားတို့ နေရလိမ့်မယ်။ အရဟတ္တဖိုလ်ပေါက် အသင်ချစ်သားတို့ ယခုဘဝပင် ရောက်နိုင်ပါတယ်။

အဲဒီလိုပြောတော့ ပဥ္စဝဂ္ဂီတွေက ဘာပြန်ပြောသလဲ။

တာယပိ ခေါ တွံ အာဝုသော ဂေါတမ ဣရိယာယတာယ ပဋိပဒါယ တာယ ဒုက္ကရကာရိကာယ နေဝဇ္ဈဂါ ဥတ္တရိ မနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ။

ငါ့ရှင်ဂေါတမ၊ ဒီလောက်ကြီး အပြောမကြီးပါနဲ့။ ဟို ဥရုဝေလတောအုပ်မှာ ကျွန်ုပ်တို့ရှိစဉ်ကာလ အစားမစားပဲနဲ့ ခဲခဲယဉ်းယဉ်း ဒုက္ကရစရိယာကို ကျင့်နေစဉ်ကာလကမှ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုတဉာဏ်မရဘဲလျက်–

ကိံ ပန တွံ ဧတရဟိ ဗာဟုလ္လိကော ပဓာနဝိဗ္ဘန္တော အာဝတ္တော ဗာဟုလ္လာယ အဓိဂမိဿသိ ဥတ္တရိ အနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ။

အစာမစားပဲ ကျင့်တုန်းကမှ သဗ္ဗညုတဉာဏ်ကို မရပါပဲလျက်

http://www.dhammadownload.com



ယခု ကမ္မဋ္ဌာန်းမှလျှော့ကျတဲ့ ပဓာနဝိဗ္ဘန္တပဓာနလူထွက်ကြီးဖြစ်မှ၊ ပစ္စည်းလေးပါးပေါများဖို့ရန် အားထုတ်တဲ့ ဗာဟုလ္လိကသမားကြီးဖြစ်မှ သဗ္ဗညုတဉာဏ်ကို ဘယ်မှာရနိုင်မလဲ။ ဒါရိုးရိုးပဲ ပြောတာနော်။သူတို့စိတ် ထဲမှာရှိတဲ့အတိုင်း ရိုးရိုးပဲပြောတာ။မျှစ်ချိုးမှိုချိုး နိုင်လိုမင်းထက် ပြောတာမှုတ်ဖူး။စိတ်ထဲမှာရှိတဲ့အတိုင်း ရိုးရိုးပဲ ပြောလိုက်တာ၊

ဒီတော့မြတ်စွာဘုရားကဘာပြောသလဲ။

န ဘိက္ခဝေ တထာဂတော ဗာဟုလ္လိကော၊ န ပဓာနဝိဗ္ဘန္တော၊ န အာဝတ္တော ဗာဟုလ္လာယ။

ဘိက္ခဝေ=ချစ်သား ရဟန်းတို့။တထာဂတော=ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူတဲ့ ငါဘုရားသည်။န ပဓာနဝိဗ္ဘန္တော=ကမ္မဋ္ဌာန်းအလုပ်မှ လျှော့ကျသူလည်း မဟုတ်ပါပေ။ပဓာနလူထွက်ကြီးမဟုတ်ပါဘူးတဲ့။ န ဗာဟုလ္လိကော=ပစ္စည်းလေးပါးများဖို့ရန်အားထုတ်ကျင့်ကြံသူလည်း မဟုတ်ပေ။ န ဗာဟုလ္လာယ အာဝတ္တော=ပစ္စည်းလေးပါးများဖို့ရန်အတွက် လာဘ်လာဘဖက်သို့ လည်၍ကျသူလည်း မဟုတ်ပေ။ အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ=အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် တထာဂတဂုဏ်ရှင်စင်စစ်ဧကန် ငါဘုရားမှန်ခဲ့တယ်။

ဩဒဟထ ဘိက္ခဝေ သောတံ အမတမဓိဂတံ။

ချစ်သားတို့၊ နားကို စိုက်ထောင်ကြကုန်။အမြိုက်နိဗ္ဗာန်ကို ငါဘုရား သိခဲ့ မြင်ခဲ့ပြီ။

အဟမနုသာသာမိ၊အဟံ ဓမ္မံ ဒေသေမိ။ ယထာနုသိဋ္ဌံ တထာ ပဋိပဇ္ဇမာနာ န စိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿထ။

ငါဘုရား ဆုံးမမယ်။ ငါဘုရား တရားကို ဟောမယ်။ ငါဘုရား ဆုံးမတဲ့အတိုင်း လိုက်နာကျင့်ကြံလို့ရှိယင်ဖြင့် သင်ချစ်သားတို့ လိုလား

http://www.dhammadownload.com



တောင့်တတဲ့ အရဟတ္တဖိုလ်ကို ဒိဋ္ဌဓမ္မပစ္စက္ခဘဝမှာပင် မျက်မှောက်ပြု၍ နေရပါလိမ့်မယ်။ မကြာခင် နေရလိမ့်မယ်လို့ အဲဒီလို တဖန်ပြောပြန်တော့လဲ ဒုတိယအကြိမ် ပဥ္စဝဂ္ဂီတွေက ရှေးနည်းအတိုင်းပဲပြော။ ဘုရားကိုယ်တော် မြတ်လဲရှေးနည်းအတိုင်းပဲ ပြောရတယ်။

တတိယအကြိမ်လဲပဲ-တာယ ပိ ခေါ တွံ အာဝုသော ဂေါတမ ဣရိယာယ- စသည်ဖြင့် ဟိုဥရုဝေလမှာ ကျွန်ုပ်တို့ထင်ရှားရှိစဉ်ကာလက အစာမစားပဲကျင့်လို့မှ သဗ္ဗညုဘုရား မဖြစ်နိုင်ပဲ၊ အခုဗာဟုလ္လိကသမားကြီး ဖြစ်မှ ပဓာန ဝိဗ္ဘန္တ = ပဓာနကမ္မဋ္ဌာန်းအလုပ်မှ လျှောကျတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်မှ၊ ဘယ်က သဗ္ဗညုတဉာဏ်ကို ရနိုင်မှာလဲ လို့ ပြောတော့ တတိယအကြိမ်မှာ တော့ ဘုရားကိုယ်တော်မြတ်က စကားကို ပြောင်းပြီးတော့ ပြောရတယ်။

အဘိဇာနာထ မေ နော တုမှေ ဘိက္ခဝေ ဣတော ပုဗ္ဗေ ဧဝရူပံ ဘာသိတမေတံ။

ဘိက္ခဝေ=ချစ်သားတို့။ တုမှေ= သင်ချစ်သားတို့သည်။မေ= ငါဘုရား၏အပေါ်၌။ ဣတော ပုဗ္ဗေ=ယခုအချိန်မှ ရှေးဖြစ်တဲ့ ပဓာနအလုပ် အားထုတ်စဉ်ကာလတုန်းက။ ဧဝရူပံ=ဤသို့သဘောရှိသော။ ဧတံ= ဤစကားမျိုးကို။ ဘာသိတံ= ပြောခဲ့ဖူး၏ဟူ၍။ အဘိဇာနာထ နော- အဘိဇာနာထ နု= သင်ချစ်သားတို့ အမှတ်ရကြကုန်သလား။

တတိယအကြိမ်ကျတော့ ရိုးရိုးပြောမရတော့-ချစ်သားတို့ ပြန်ပြီးများ စဉ်းစားကြစမ်းပါ။ ဥရုဝေလတောအုပ်မှာ ပဓာနအလုပ်ကို အားထုတ်စဉ် ကာလ ဒုက္ကရစရိယာကျင့်စဉ်ကာလတုန်းက သင်ချစ်သားတို့ကို ငါဘုရားကိုအထင်ကြီးအောင်လို့ ကိုယ်ရောင်ကိုယ်ဝါမရောက်ပဲနဲ့ ငါ့မှာ ကိုယ်ရောင်ကိုယ်ဝါတွေ ရောက်ပြီလို့များ အထင်ကြီးအောင် ဝါကြွားပလွှား ပြောကြားခဲ့ဖူးသလား။ ငါ့မှာ အာရုံနိမိတ်တွေထင်ပြီလို့ သင်တို့အထင်ကြီး အောင် ငါပြောခဲ့ဖူးသလား။ သိဖူးသလားတဲ့။ စဉ်းစားတယ်၊ တကြိမ်မျှ အထင်ကြီးအောင် မပြောခဲ့ဖူးဘူး။

ဒီတော့မှ ဤကဲ့သို့ ကိုယ်တော်မြတ်ဘုရား ဖြစ်လာကြောင်း

http://www.dhammadownload.com



ကောင်းကောင်းကြီး သိစေနိုင်တယ်။ အသိဉာဏ်လဲ ရောက်တော့ ဟုတ်တယ်၊ ရှေးတုန်းက ဒီလိုစကားတွေ မပြောဖူး။ အခု ရဲရဲတောက် အားဖြင့် သဗ္ဗညုဘုရားဖြစ်လို့သာ ဤစကားတွေ ပြောတာပဲလို့ ကိုင်းပြင်ကြ အုန်းစို့ရဲ့ ဆိုပြီးတော့ ရိုရိုသေသေ နာခံ၊ ဘုရားဟောမဲ့တရားကို နားစိုက်ထောင်၊ စကားတလုံးမှ မပြောတော့ဖူး။

## ဓမ္မစကြာတရားဟောတော်မူခြင်း

အညာ စိတ္တံ သဏ္ဌာတိ= သစ္စာလေးပါး တရားကိုသိဖို့ရန်အတွက်ပဲ စိတ်ကိုဆောက်တည်ပြီး နေကြတယ်။ ဒါအင်္ဂါသုံးပါးပေါ့နော်။

၁။ သုဿုသိ'သု= ရိုရိုသေသေနာခြင်း။

၂။ သောတံ ဩဒဟိ'သု=နားထောင်၍နေခြင်း။

၃။ စိတ္တံ ဥပဋ္ဌာပေသုံ=ဟောကြားတဲ့တရားကို သိဖို့ရန်အတွက် စိတ်ကိုထားခြင်း။အင်္ဂါသုံးရပ်နဲ့ ပြည့်စုံတဲ့ အဲဒီအချိန်မှာမှ သဗ္ဗညုမြတ်စွာ ဘုရားက–

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ– ဟောဒီစာပိုဒ် ကလေးဟာ ဘယ်လောက်ထိအောင် ကြားရသလဲဆိုတော့ စကြဝဠာတိုက် တသောင်း နတ်တွေဗြဟ္မာတွေကြားရအောင် ထွက်သွားတဲ့ အသံပါပဲ။ ဒီဘုရားသာသနာမှာဖြင့် တရားဟောသောအနေနဲ့ ပထမဆုံးထွက် လာတဲ့ တရားသံဟာ ဒါပါပဲ။ ခုနကဟာတွေဟာ တရားဟောတာမဟုတ် သေးဖူးနော်။ စကားပြောတာပဲ ဖြစ်နေတာ။

## ဓမ္မစကြာတရားတော်

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ကတမေဒွေ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ပဗ္ဗဇိတေန= ရဟန်း အဖြစ်သို့ ကပ်ရောက်သော ပုဂ္ဂိုလ်သည်။ ဒွေ=နှစ်ပါးကုန်သော။ ဣမေ အန္တာ= ဤအယုတ်တရားနှစ်ပါးတို့ကို။ န သေဝိတဗ္ဗာ= မမှီဝဲအပ်ကုန်။ ကတမေ ဒွေ= တရားနှစ်ပါးဆိုတာ ဘာတွေလဲဆိုတော့။

http://www.dhammadownload.com



ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယုတ်လဲယုတ်ညံ့တယ်၊ ရိုင်းလဲရိုင်းပျတယ်။ ပုထုဇဉ် သူ့သူငါငါ လူတကာနဲ့ ဆက်ဆံတဲ့အလုပ်မျိုးလဲဖြစ်တယ်။ အရိယာတို့၏ ဥစ္စာ အရိယာတို့၏ အကျင့်လမ်းစဉ်လဲမဟုတ်ဖူး။အကျိုးမဲ့နဲ့သာ စပ်ဆိုင်တယ်။ အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်တဲ့ ဝတ္ထုကာမတို့၌ ကိလေသာကာမဖြင့် ငြိတွယ်မဲ့အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း၊ အဲဒါက ရဟန်းတို့ မမှီဝဲ မသုံးစွဲရတဲ့ ပယ်ရှားရမဲ့ ပထမအဖို့အစု တရားပါပဲတဲ့၊ လောဘ တရားပေါ့။

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ဆူးပေါ်မှာတက်ပြီး အိပ်တာတွေ၊ အပေါ်ကနေကျက်ကျက်ပူကုန်း လေးမျက်နှာက မီးပုံကြီးတွေ ထားပြီးသကာလ အလယ်ခေါင်မှာ နေပြီး တော့ ကိလေသာအပူတွေကို ကိလေသာတွေ မီးကင်ပစ်တယ်ဆိုတဲ့ အဲဒီဆင်းရဲမျိုးတွေ၊ ဆောင်းတွင်းများစွာ အဋ္ဌကရဋ္ဌကဆိုတဲ့အင်မတန်ချမ်းတဲ့ ရက်ထဲမှာ ဂင်္ဂါမြစ်ကြောမှာ အရဏ်တက်၊ ကိလေသာတွေ ပျော်ဘယ်ဆိုပြီး သကာလ အင်မတန်ချမ်းတဲ့ စီးတဲ့အချိန် ဂင်္ဂါမြစ်ဆင်းပြီး ရေချိုးတဲ့ အကျင့်တွေ၊ အဲဒါတွေ အတ္တကိလမထာနုယောဂ။ အဲဒီတရားကိုလဲ ပယ်ရှားရမယ်။

## မဇ္ဈိမပဋိပဒါ

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ။

ချစ်သားတို့၊ ယခုပြောခဲ့တဲ့ တရားနှစ်ခုကို မကပ်မရောက်ပဲနဲ့ ခုပြောတဲ့ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ အဲဒီ တရားနှစ်စုဆိုတဲ့ လုပ်ငန်းစဉ်အရ ပြောတာနော်။ တရားသဘောနဲ့ ပြောလို့ရှိယင်ဖြင့် လောဘနှင့်ဒေါသနှစ်ခုမကပ်ပဲနဲ့ လောဘဖက်လဲ

http://www.dhammadownload.com



မလိုက်ပါ၊ ဒေါသဖက်လဲမလိုက်ပါ။ အလယ်ခေါင်မှာဖြစ်တဲ့ မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို သင်တို့ဆရာ ငါဘုရားကား ပိုင်းခြားထင်ထင် သိမြင်အပ်ခဲ့လေပြီ။ ဘယ်လိုဂုဏ်မျိုးရှိတုန်း။

ငါဘုရား ခုပြောခဲ့တဲ့ မဇ္ဈိမပဋိပဒါလမ်းဟာဖြင့် ဉာဏ်မျက်စိကို ပြုတတ်ပါတယ်။ ဒါဖြစ်ယင် ဒီမဇ္ဈိမပဋိပဒါလမ်းက ဒီကျေးဇူးတင်ပဲလား ဆိုတော့–

စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပသမာယ= ကိလေသာခပ်သိမ်း ငြိမ်းအေးဖို့ရန်။အဘိညာယ= ထူးသောဉာဏ်ဖြင့် သိမြင်ဖို့ရန်။ သမ္ဗောဓာယ= မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး သိမြင်ဖို့ရန်။နိဗ္ဗာနာယ= အနုပါဒိသေသနိဗ္ဗာန်ခံစံဖို့ရန်။သံဝတ္တတိ= ဖြစ်၏။

အနုပါဒိသေသနိဗ္ဗာန်တိုင်ရောက်အောင် ဖြစ်စေနိုင်တဲ့ မဇ္ဈိမပဋိပဒါလမ်းပဲ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ငါဘုရားသိတဲ့ အဘိညာအကျိုးရှိ၊ သမ္ဗောဓ အကျိုးရှိ၊ နိဗ္ဗာန်အကျိုးရှိ၊ ကိလေသာခပ်သိမ်း ငြိမ်းအေးတဲ့ သဥပါဒိသေသ နိဗ္ဗာန်အကျိုးရနိုင်တဲ့ မဇ္ဈိမပဋိပဒါအကျင့်ဆိုတာ ဘယ်တရားတွေလဲလို့ သင်ချစ်သားတို့ မေးလို့ရှိယင်–

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။သေယျထိဒံ– သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ၊သမ္မာဝါစာ၊သမ္မာကမ္မန္တော၊သမ္မာအာဇီဝေါ၊သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

အင်္ဂါရှစ်ပါးမဂ်ပါပဲတဲ့။ သမ္မာဒိဋ္ဌိဆိုတာဘာလဲ= ဒုက္ခသစ္စာကို သိအောင်အားထုတ်တာ။ သမုဒယသစ္စာကို၊ နိရောဓသစ္စာကို၊ မဂ္ဂသစ္စာကို၊ သိအောင်အားထုတ်တဲ့ သိနေတဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိ။

http://www.dhammadownload.com



သမ္မာသင်္ကပ္ပ–ဆိုတာဘာလဲ၊ နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသာ သင်္ကပ္ပ။နေက္ခမ္မသင်္ကပ္ပ=ခေါ်တဲ့ ဝတ္ထုကာမမှ ထွက်မြောက်ဖို့ရန် ကြံစည်တဲ့အကြံ။ အဗျာပါဒ=ကရုဏာနဲ့စပ်ယှဉ်တဲ့ အကြံ၊အဝိဟိံသာ= သူတပါးတို့အား မညှဉ်းဆဲမှုနဲ့ စပ်ယှဉ်တဲ့အကြံ၊ အဲဒီအကြံကို သမ္မာသင်္ကပ္ပလို့ခေါ်တယ်။

သမ္မာဝါစာ–ဆိုတာက မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ–ဆိုတဲ့ ဝစီဒုစရိုက်လေးပါးမှ ရှောင်ရှားပြီးပြောဆိုတဲ့စကား။ အဲဒီပြောဆိုတဲ့စကားကိုဖြစ်စေတဲ့ဝိရတီစေတသိက်မျိုးကို သမ္မာဝါစာ။

သမ္မာကမ္မန္တ–က ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဆိုတဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ် တဲ့ ဝိရတီစေတသိက်ကို သမ္မာကမ္မန္တ မဂ္ဂင်ငှာ့် ခေါ်တယ်နော်။

သမ္မာအာဇီဝ–ဆိုတာ မိစ္ဆာဇီဝကို ရှောင်ပြီးတော့ ကာယ,ဝစီဒုစရိုက် တို့ဖြင့် အသက်မမွေးပဲ ဘုရားချီးမွမ်းအပ်တဲ့ အသက်မွေးမှုဖြင့် အသက်မွေးတာ။

သမ္မာဝါယာမ–ဆိုတာ မဖြစ်သေးတဲ့ အကုသိုလ်တရား မဖြစ်ဖို့ရန် ဖြစ်ပြီးတဲ့ အကုသိုလ်တရား ပယ်ရှားဖို့ရန်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ပေါ်ဖို့ရန်၊ ဖြစ်ပြီးတဲ့ ကုသိုလ်တွေ အတိုင်းထက်အလွန် တိုးပွားဖို့ရန် အားထုတ်ခြင်းဆိုတဲ့ သမ္မပ္ပဓာန်လုံ့လ ဝိရိယလေးပါးကို သမ္မာဝါယာမ မဂ္ဂင်ခေါ်တယ်။

သမ္မာသတိ– က သတိပဋ္ဌာန်လေးပါးကို ခေါ်တယ်။

သမ္မာသမာဓိ– ကဉ္စုက္က၊ ပရိစ္ဆေဒအားဖြင့် ပထမဈာန်၊ ဒုတိယဈာန် တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အထက်တန်း သမ္မာသမာဓိလို့ခေါ်တယ်၊

သမ္မာဒိဋ္ဌိ ဖြစ်အောင်လုပ်နေမယ်။ သမ္မာသင်္ကပ္ပဖြစ်အောင် လုပ်နေတဲ့ အခါမှာပါတဲ့ ဒေသနာဇကဂ္ဂတာစေတသိက်ကိုလဲပဲ သမ္မာသမာဓိလို့ ခေါ်ရပါတယ်။ သမထဝိပဿနာအလုပ်ကို လုပ်နေတဲ့အခါမှာဖြစ်တဲ့ ဧကဂ္ဂတာစေတသိက်ကိုလဲ သမ္မာသမာဓိလို့ ခေါ်ရတယ်။

http://www.dhammadownload.com



အဲဒီမဂ္ဂင်ရှစ်ပါးကို မဇ္ဈိမပဋိပဒါပဲလို့ မြတ်စွာဘုရားဟောလိုက်တယ်။ မဇ္ဈိမပဋိပဒါ ဘာလဲ။ မဂ္ဂင်ရှစ်ပါး။ အဲဒီမဂ္ဂင်ရှစ်ပါးဆိုတာ သမ္မာဒိဋ္ဌိအစရှိတဲ့ ရှစ်ပါးပဲ။ ကောင်းပြီ။

သမ္မာဒိဋ္ဌိက ဘာလဲ= ကောင်းသောအသိ။ သမ္မာသင်္ကပ္ပဆိုတာ= ကောင်းသောအကြံ။ သမ္မာဝါစာ=ကောင်းစွာဆိုပြော။ သမ္မာကမ္မန္တ= ကောင်းသောအပြု။ သမ္မာအာဇီဝ= ကောင်းမှုသက်မွေး။ သမ္မာဝါယာမ= ကောင်းရေးလုံ့လ။ သမ္မာသတိ= ကောင်းထသတိ။ သမ္မာသမာဓိ= ကောင်းဘိ တည်ကြည်၊ အဲဒီရှစ်မည်ကို မဇ္ဈိမပဋိပဒါလို့ ခေါ်ပါတယ်။ ဒါကြောင့် ဓမ္မစက္ကပ္ပဝတ္တနသုတ်၏ တရားသားကတော့မဂ္ဂင်ရှစ်ပါးပဲ။

### သစ္စာလေးပါး

အဲဒီကနောက် မြတ်စွာဘုရားဘာကို ဟောပြန်သလဲလို့ဆိုတော့-

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တံမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ လို့ တချက်ဟောခဲ့တယ်။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ လို့ ဒုက္ခသမုဒယသစ္စာ ဒီဟာတချက် ဟောခဲ့တယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ လို့ နိရောဓသစ္စာအတွက် တချက်ဟောခဲ့တယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော

http://www.dhammadownload.com



သမ္မာသတိ သမ္မာသမာဓိ- လို့ မဂ္ဂသစ္စာအတွက်တချက် ဟောတယ်။

## သစ္စာလေးပါးတရားသာကျင့်စရာ

ဘုန်းကြီးအနေနဲ့ ဆိုလို့ရှိယင် အခုတရားနာတဲ့ပရိသတ်တွေ ယခုပါဠိကနောက် တိုးပြီးတော့ မသွားကြနဲ့တော့။ ဒီပါဠိတော် လေးခုထဲ တွင်ပဲ လှည့်ပြီးတော့ ထားကြတော့၊ စိတ်ကိုပေါ့လေ။ ဘာဖြလို့လဲ သုတ္တန်တခုကို ကြားတယ်၊ နာတယ်။ အဲဒီသုတ္တန်ထဲမှာ အလုပ်လုပ်ဖို့ ရန်အတွက် သုတ္တန်ထဲက အလုပ်ဘယ်လိုထွက်ရမလဲ။အလုပ်ကို ဘယ်လို ရှာယူရမလဲလို့ ကြည့်လေ။

ဟောဒီပါဠိလေးခုရဲ့ နောက်မှာဆိုလို့ရှိယင် တရားနာပရိသတ်တွေ အဖို့ အလုပ်တစ်ခုမှ မရှိဖူးနော်။

ဘာနဲ့တူသလဲလို့ ဆိုတော့ အဲဒီက နောက်မှာ- ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ အစရှိသည်ဖြင့်လာတာက- ဘုရားကိုယ်တော်မြတ်က ငါဘုရားမှာ ရှေးအလောင်းတော် ဖြစ်စဉ်ကာလက မကြားဖူး မမြင်ခဲ့ဖူးတဲ့ တရားတွေ ပေါ်မှာ ဒုက္ခသစ္စာ၌ ဒုက္ခပဲလို့သိတဲ့ သစ္စဉာဏ်၊ ပရိညေယျတရားပဲလို့ သိတဲ့ ကိစ္စဉာဏ်၊ ငါ့မှာ ပိုင်းခြား၍ သိပြီးပြီဟုသိတဲ့ ကတဉာဏ်ဆိုတဲ့ ဒုက္ခသစ္စာအပေါ်၌ ဉာဏ်သုံးပါး၊ သမုဒယသစ္စာပေါ်၌ ဉာဏ်သုံးပါး၊ နိရောဓ, မဂ္ဂသစ္စာပေါ်၌ ဉာဏ်သုံးပါးစီဖြစ်တာကို ဘုရားဟောတာ။

ကိုယ်တော်မြတ်သန္တာန် သစ္စာလေးပါးတို့တွင် တပါးတပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးပါးစီဖြစ်တာကို ဟောပြီးတော့-ယာဝကီဝဥ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ-အစရှိသော ပါဠိဖြင့် သစ္စာလေးပါးမှာ တပါးတပါး၌ သုံးချက်စီ သုံးချက်စီ အပြန်ရှိတဲ့ ဒွါဒသာကာရ=တဆယ့်နှစ်ပါး အခြင်း အရာရှိတဲ့ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဆိုတဲ့ ပစ္စဝေက္ခဏာ ဉာဏ်အမြင်တွေ မပိုင်သေးသမျှဖြင့် သမ္မာသမ္ဗုဒ္ဓဘုရားပဲလို့ ငါဘုရား

http://www.dhammadownload.com



ဝန်မခံသေးဖူး။ အဲဒီဉာဏ်အပြင် တဆယ့်နှစ်ပါး ပစ္စဝေက္ခဏာဆင်ခြင်ဖို့ ပိုင်နိုင်ပြီဆိုတဲ့ ကာလကျမှ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုမြတ်စွာဘုရား ဖြစ်ကြောင်း ကိုပါ ဘုရားဝန်ခံတယ်။ ဒါပဲ အဲဒါ ဘုရားကိုယ်တော်မြတ်က ကိုယ်တော် မြတ်ရဲ့ အကြောင်းပြောတာ။

အခုနတုန်းက စာလေးပိုဒ်က ဘာကိုပြောတာလဲလို့ဆိုတော့ မဇ္ဈိမပဋိပဒါဆိုတာ ဘယ်သူ့ခေါ်တုန်း၊ မဇ္ဈိမပဋိပဒါဆိုတာ မဂ္ဂင်ရှစ်ပါးကို ခေါ်တယ်။ ဒါဖြင့် မြတ်စွာဘုရား တပည့်တော်တို့ မဇ္ဈိမပဋိပဒါ မဂ္ဂင် ရှစ်ပါး လမ်းစဉ်လိုက်ချင်လို့ရှိယင် တပည့်တော်တို့ တချိန်ထဲ၌ အလုပ် နှစ်မျိုး လုပ်နေရမှာလား မြတ်စွာဘုရားလို့ မေးစရာရှိတယ်။

## သမ္မာဒိဋ္ဌိပိုင်နိုင်အောင်ကိုင်ကြလေ

မဟုတ်ဖူးတဲ့။ အလုပ်တခုကို သင်ချစ်သားတို့ လုပ်ခြင်းဖြင့် မဇ္ဈိမပဋိပဒါမဂ္ဂင်ရှစ်ပါး သင်ချစ်သားတို့ ပြည့်စုံစေမယ်။ ဘယ်လိုလုပ်ရ မှာတုန်း မြတ်စွာဘုရား။ အဲဒီမဂ္ဂင်ရှစ်ပါးထဲ၌ သမ္မာဒိဋ္ဌိဖြစ်အောင် သင်ချစ်သားတို့ ပွားများကြိုးကုတ် အားထုတ်လို့ရှိယင် သမ္မာဒိဋ္ဌိနဲ့တွဲလာတဲ့ သမ္မာသင်္ကပ္ပက ဘယ်တော့မှ မိစ္ဆာသင်္ကပ္ပ ဖြစ်လို့မရဖူး။ သမ္မာဒိဋ္ဌိနဲ့ ယှဉ်ဖက်တွဲစပ်၍ ဖြစ်ပေါ်လာတဲ့ ဝါစာက သမ္မာဝါစာပဲ ဖြစ်ရမယ်ပေါ့။ သမ္မာကမ္မန္တလဲ မိစ္ဆာကမ္မန္တ မဖြစ်ဖူး။ သမ္မာကမ္မန္တ သမ္မာဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ်မှာ မိစ္ဆာအာဇီဝ ဖြစ်၍မရဖူး။ သမ္မာအာဇီဝပဲလာမယ်။ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ–ဆိုတဲ့ မိစ္ဆာမဂ္ဂင်တွေဖြစ်၍မရဖူး။

သမ္မာဒိဋ္ဌိတခု သင်ချစ်သားတို့ ပိုင်လို့နိုင်လို့ရှိပြီဆိုလို့ရှိယင် သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့လဲပဲ သင်ချစ်သားတို့သန္တာန်မှာ ဖြစ်လာလိမ့်မယ်။ စိတ်အာရုံမပြားနဲ့ သင်ချစ်သားတို့၊ မများချင်နဲ့။ အလုပ်ကိစ္စတွေ ထွေပြားများမနေချင်နဲ့။ ငါးကြင်းခေါင်းကိုင်တဲ့နည်းလို သမ္မာဒိဋ္ဌိပိုင်နိုင်အောင် သင်ချစ်သားတို့ ကိုင်ကြလေ။

သင်ချစ်သားတို့ သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ ပထမမဂ္ဂင်ဖြစ်လို့ရှိယင်

http://www.dhammadownload.com



ကျန်တဲ့မဂ္ဂင်ခုနစ်ပါး၊ ဒီနောက်က ရှေ့လိုက်လာသလို အကုန်လုံးစုံလျက် ပြွန်လျက် မခေါ်ပဲနဲ့ လိုက်ပါ လာပါလိမ့်မယ်။

ဒါ့ကြောင့် သင်ချစ်သားတို့သည်–

ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ ဆိုတဲ့ သစ္စဉာဏ်။သစ္စာလေးပါးကို ဆင်ခြင်စဉ်းစားတဲ့ ဒုက္ခဉာဏ်၊သမုဒယဉာဏ်၊ နိရောဓဉာဏ်၊ မဂ္ဂဉာဏ် ပေါ်အောင် သင်ချစ်သားတို့ အားထုတ်လေ။

## ဒုက္ခဉာဏ်ပေါ်အောင်အားထုတ်ခြင်း

ဒုက္ခဉာဏ်ပေါ်အောင် တပည့်တော်တို့ ဘယ်လိုအားထုတ်ရမတုန်း ဆိုတော့ ဒုက္ခဉာဏ်ဆိုတာ ဟောဒါကို ခေါ်တယ်လို့ လက်ဆုပ်လက်ကိုင် ကိုင်ပြသောအနေနဲ့–

ကတမံ စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဒုက္ခဆိုတာ အဲဒီရှစ်ပါးကိုခေါ်တာပဲ ချစ်သားတို့။ အဲဒီရှစ်ပါးကို ဒုက္ခပဲလို့ သင်ချစ်သားတို့က သိလေ။ ဒုက္ခကို ဒုက္ခပဲလို့ သိရမှာ ဘာအဆန်းလဲဘုရားဆိုတော့၊ ဒုက္ခကိုပင် ချစ်သားတို့ကား အနမတဂ္ဂ အစမထင် သံသရာတခွင်ကြီးပတ်လုံး သုခလို့ သိခဲ့လို့ သင်ချစ်သားတို့ ဘဝသံသရာ ဒီလောက်ကြီးလည်နေရတာ။

ဇာတိကို သင်ချစ်သားတို့က သုခလို့ထင်ပါတယ်။ ဒုက္ခလို့ မထင်ခဲ့ဖူး။ စင်စစ်ကား ဇာတိကား ဒုက္ခပဲ။

ပဋိသန္ဓေတည်နေရခြင်းဟာ ဘယ်ပဋိသန္ဓေတည်နေရခြင်းမှ ချမ်းသာတာ မရှိတ်ဖူး။ အခုတော့ ဆုတောင်းတာကိုက နတ်ဘဝပဋိသန္ဓေ တည်နေရပါလို၏။ ဗြဟ္မာပြည် ပဋိသန္ဓေ တည်နေရပါလို၏။ ဥပပတ်

http://www.dhammadownload.com



ပဋိသန္ဓေတည်နေရပါလို၏–လို့ ပဋိသန္ဓေကို မှားပြီးတော့ သင်ချစ်သားတို့က ချမ်းသာသုခ ထင်နေတာတဲ့။ ဒုက္ခကို ဒုက္ခမထင်လို့တဲ့။ ဒုက္ခမှန်း သင်ချစ်သားတို့သိအောင် ဒုက္ခပဲလို့ ဆင်ခြင်ကြ သိမြင်ကြ ရှုကြ စိတ်ထဲမှာမြင်အောင် စဉ်းစားကြ၊ အသိဉာဏ်ပေါ်အောင် သင်ချစ်သားတို့ ကြည့်ကြ။

အိုရတဲ့ ဇရာကိုလဲ ဒုက္ခအနေနဲ့ သင်ချစ်သားတို့ ကြည့်ကြ။ အိုတာဘယ်သူမှ သုခလို့ မမှတ်ပါဖူးဆို။ အိုတာ၏အရသာကို သုခအနေနဲ့ သုံးစွဲကြသေးတယ်နော်။ အချို့လဲ ရှိသေးတယ်။ အဲဒါကြောင့် အိုတာကိုလဲ ဒုက္ခအနေနဲ့မှတ်။

ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိဒုက္ခံ–အဲဒီအရာတွေမှာ ဒုက္ခရှစ်ချက်ရှိတယ်။ အားလုံးသည် ဓမ္မစက္ကပ္ပဝတ္တန သုတ္တန်မှ ဒီလေးဌာနကိုတော့ ခေါင်းရင်းမှာ စာအုပ်ရှိကြပါတယ်။ တချို့မှာ ရင်ထဲဝမ်းထဲ ဗိုက်ထဲမှာပဲ ဒီအနက်တွေ ရှိကြပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလေးချက်ကိုတော့ ပါဠိကိုလဲ မပြတ်မပြတ်ရွတ်။ အနက်ကိုလဲ မပြတ်မပြတ် ရွတ်ပြီးတော့ ဆင်ခြင်။

ဘိက္ခဝေ– ဖြတ်ကြစို့။ ကိုယ်တိုင် ဆင်ခြင်တဲ့ အခါကာလကျတော့– ဣဒံ ခေါပန ဒုက္ခံ အရိယသစ္စံ= ဤဆိုလတ့်သော တရားအစုသည်ကား ဒုက္ခအရိယသစ္စာ မှန်လှပေ၏။ ဇာတိရယ်၊ဇရာရယ်၊ ဗျာဓိရယ်၊ မရဏရယ်၊ အပ္ပိယေဟိ သမ္ပယောဂ၊ ပိယေဟိ ဝိပ္ပယောဂ၊ ဣစ္ဆာ အလာဘ၊ အကျဉ်းချုပ်အားဖြင့် ဉပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာပဲလို့ အဲဒီလို ဆင်ခြင်ခြင်းဟာဖြင့် ဒုက္ခဉာဏ်ပဲ။ ဒုက္ခေဉာဏ် ဆိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ကရော။ ဒုက္ခေဉာဏ်–ဆိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ဖို့ရန် မြတ်စွာဘုရားက ဤပါဠိကို ဟောတာ။ ဒါဖြင့်ယင် နှလုံးသွင်းတဲ့ အနေနဲ့ ဘယ်လိုသွင်းရမတုန်း။

ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း=ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အဲဒီလေးခုကား ဒီဘဝမှာဖြင့် အရင်းအမြစ်ဒုက္ခပဲ။

http://www.dhammadownload.com



ပဋိသန္ဓေ၊ အို–နာ–သေဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ မရှောင်နိုင် မလွှဲနိုင်တဲ့ ဒုက္ခကြီးပဲနော်၊ ဟိုနောက်ဒုက္ခကတော့။

မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ။

အဲဒီအရာကတော့ လိုချင်တာကိုမရတာက ဒုက္ခဆို တာ မလိုချင်အောင်နေယင် ဒီဒုက္ခက တော်သေးတယ်။ မဖြစ်ဖူး၊ မချစ်ယှဉ်တွဲ မချစ်တဲ့သတ္တဝါ သင်္ခါရတို့နဲ့ ယှဉ်တွဲရတဲ့ဒုက္ခကို ကိုယ်က လွတ်အောင် ရှောင်လို့ရှိယင်ရသေးတယ်။ချစ်သူကွဲနှင့် အစထဲက ချစ်သူနဲ့ မနေယင် ချစ်သူနဲ့ ကွဲခြင်းဆိုတဲ့ ဒုက္ခမဖြစ်ဖူး။

ပဋိသန္ဓေ၊ အို–နာ–သေဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ အဲဒီ ဒုက္ခလေးခုကတော့ ဘယ်လိုမှ ဒီဘဝမှာ ရှောင်မရဖူးနော်။ ဒါကြောင့် ဟိုအမိဝမ်း ကိန်းအောင်းလိုက်ကထဲကကို မြေလတ်ခတ်မလွှဲ တွေ့ရမဲ့ ဒုက္ခလေးမျိုးဖြစ်လို့။

ပဋိသန္ဓေ၊ အို–နာ–သေဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဥ္စုပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မုန်မောလှ။

အဲဒီလို စိတ်ထဲမှာအာရုံပြုပြီးတော့ စဉ်စားယင် စဉ်းစားတဲ့ ဆင်ခြင်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒုက္ခေဉာဏ်–အရ ဒုက္ခဉာဏ်ခေါ်တဲ့ သမ္မာဒိဋ္ဌိ မဇ္ဈိမပဋိပဒါ ဖြစ်နေပါတယ်။

## သမုဒယသစ္စာဉာဏ်ပေါ်အောင်အားထုတ်ခြင်း

ကြာဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ၊ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

အာရုံငါးပါး တွယ်ကပ်တပ်မက်တဲ့ ကာမတဏှာ၊ သဿတဒိဋ္ဌိနဲ့ တွဲဖြစ်တဲ့ ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ တွဲဖြစ်တဲ့ ဝိဘဝတဏှာလို့ အကျဉ်းချုပ်သုံးပါး။ အကျယ်အားဖြင့် တဏှာအစစ် တရားရှစ်ပြားတဲ့

http://www.dhammadownload.com



နောက်တဖန် ဘဝသစ်ကို ဖြစ်စေတတ်တဲ့ လောဘကား ဒုက္ခသမုဒယ။ ဒုက္ခဖြစ်ကြောင်း မကောင်းတဲ့ တဏှာလောဘ သမုဒယသစ္စာလို့ အဲဒီလို အာရုံပြုတဲ့–

* ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ၊

လောဘမှာ၊ သစ္စာသမုဒယ မှန်မောလှ။

## နိရောဓသစ္စာဉာဏ်ပေါ်အောင် အားထုတ်ခြင်း

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော။

တဏှာ၏ အကြွင်းအကျန် မရှိ၊ ချုပ်ရာသဘာဝဟာဖြင့် ဒုက္ခနိရောဓ=ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာပဲလို့ ဟောထားတယ်။ တဏှာ၏ချုပ်ခြင်းဖြင့် ဒုက္ခ၏ချုပ်ခြင်းကို ဖော်ပြတယ်။

တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စနိရောဓ မှန်မောလှ။

အဲဒီလို စဉ်းစားဆင်ခြင်လို့ ရှိယင်ဖြင့် နိရောဓဉာဏ်ဆိုတဲ့ သမ္မာဒိဋ္ဌိ ဖြစ်နေတာပဲနော်– ဟိုဖက်သွားလိုက်အုန်း။

## မဂ္ဂသစ္စာဉာဏ်ပေါ်အောင်အားထုတ်ခြင်း

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ၊ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ သမ္မာသမာဓိ။

နိဗ္ဗာန်ရောက်ကြောင်း၊ကောင်းသောအသိ၊ကောင်းဘိ အကြံ၊

ကောင်းသံ ဆိုပြော၊ကောင်းသော အပြု၊ကောင်းမှု သက်မွေး၊

ကောင်းရေး လုံ့လ၊ကောင်းထ သတိ၊ကောင်းဘိ တည်စွာ၊

ဤရှစ်ဖြာ၊ သစ္စမဂ္ဂ မှန်မောလှ။

ကောင်းသော အာရုံကိုကြံစည်ခြင်း၊ သစ္စာလေးချက်ကို ကြံစည်ခြင်းပေါ့နော်။ ကောင်းသောအကြံ– သမ္မာသင်္ကပ္ပ၊ ကောင်းသံဆိုပြော–

http://www.dhammadownload.com



သမ္မာဝါစာ၊ ကောင်းသောအပြု– သမ္မာကမ္မန္တ၊ ကောင်းမှုသက်မွေး– သမ္မာအာဇီဝ၊ ကောင်းမှုလုံ့လ–သမ္မာဝါယာမ၊ ကောင်းထသတိ– သမ္မာသတိ၊ ကောင်းဘိတည်ရှိ–သမ္မာသမာဓိ၊ ဤရှစ်ဖြာ၊ သစ္စာမဂ္ဂမှန် မောလှ။

အဲဒီရှစ်ခုကို မဂ္ဂသစ္စာလို့ အောက်မေ့ပြီးတော့ ဆင်ခြင်ပြီးတော့ ပွားများနေလို့ရှိယင်ဖြင့် ဒုက္ခေဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ–ဆိုတဲ့ သစ္စဉာဏ်လေးချက် တို့တွင် စတုတ္ထဉာဏ်ဖြစ်တာပဲ။ သမ္မာဒိဋ္ဌိ ဖြစ်တာပဲနော်။

## ဆင်ခြင်ဖွယ်တရားအနှစ်

ဒီတော့ ဘုန်းကြီးအလိုကတော့ တရားနာပရိသတ်တွေသည် ရှေ့ကို မလှမ်းကြပါနဲ့တော့။ အခုအဲဒီလေးဌာနကနေပြီးသကာလ ပါဠိလိုတသွယ်၊ မြန်မာလိုတသွယ်၊ လင်္ကာလိုတသွယ် ကိုယ်စီကိုယ်ငှ ဆင်ခြင်ပြီးတော့ပဲ တရားပွဲ သိမ်းကြပါစို့လို့– ဒီလိုပဲပြောချင်တယ်။

ဘာလို့လဲ–ရှေ့ကိုလှမ်းမြော်ကြည့်စမ်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် သစ္စာလေးပါးတို့တွင် တပါးတပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်လို့ သုံးပါးသုံးပါးစီဖြစ်ပုံ၊သစ္စာလေးပါးဆိုတော့ တဆယ့်နှစ်ပါးရခဲ့တယ်။ အဲဒီ တဆယ့်နှစ်ပါးသောဉာဏ်အမြင် မသန့်စင်သေးသမျှ ငါဘုရားသည် သဗ္ဗညုဘုရားအဖြစ်ကို ဝန်မခံဘူး။ အဲဒီဉာဏ်အဖြစ်သန့်စင်မှ သဗ္ဗညုဘုရား အဖြစ်ကိုဝန်ခံမယ်။အဲဒီလိုပြောလိုက်တာပဲ။

## အရှင်ကောဏ္ဍညတရားထူးရတော်မူခြင်း

အဲဒီနောက်နားက ဘာပါတုန်း၊ဤဂါထာမဖက် စုဏ္ဏိယသက်သက် ကို ဟောတဲ့အခါ ရှင်ကောဏ္ဍညမှာ သောတာပတ္တိမဂ်ဉာဏ်ကို ရတယ်။ ဒါပဲနော်။

အဲဒီနောက်နားက ဘာတွေပါသလဲ၊ ဓမ္မစက္ကခေါ်တဲ့ ဓမ္မစကြာ ဒေသနာမြတ်ထုး တရားဦးကို သဗ္ဗညုမြတ်စွာဘုရားလည်စေတော်မူ

http://www.dhammadownload.com



ဖြစ်စေတော်မူတဲ့အခါ ဒေသနာဉာဏ် ကွန့်လည်တော်မူတဲ့အခါကျတော့ ဘုမ္မစိုးနတ်တွေ၊ စတုမဟာရာဇ်နတ်တွေ၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီမှ အထက်ဗြဟ္မာတိုင်အောင် ကောင်းချီး ကြွေးကြော်ကြတဲ့ အသံတွေ။

ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ- အစရှိသည်ဖြင့် အဆင့်ဆင့် ကြွေးကြော်ကြတယ်-ဆိုတဲ့အကြောင်း ပါတာနော်။ တရားလုပ်ငန်းကတော့ ခုနင်က လေးခုပဲ။

အဲဒီနောက်နားကျတော့ မြတ်စွာဘုရားက စကြဝဠာ တိုက် တသောင်းက ကြားလောက်အောင် အရှင်ကောဏ္ဍညအတွက် ဥဒါန်း ကျူးရင့်တော်မူခဲ့တယ်။

အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍ ညော။

ဘော=အိုအချင်းတို့။ ကောဏ္ဍညော=အရှင်ကောဏ္ဍညသည်။ အညာသိဝတ= သစ္စာလေးပါးတရားတို့ သိခဲ့လေပြီတကား။

စကြဝဠာတိုက်တသောင်းနဲ့အောင် ကြွေးကြော်ပေးလိုက်တယ်။ သောတာပန်ဖြစ်တာကို ပြောတာနော်။

## အညာသိကောဏ္ဍညဟုတွင်ရခြင်း

အဲဒီလို ဘုရားကိုယ်တော်မြတ် ရွှေနှုတ်တော်က ဥဒါန်းကျူးရင့်တာကို စွဲပြီးသကာလ နောက်တချိန်၌ အရှင်ကောဏ္ဍညကို အညာသိကောဏ္ဍည- လို့ ခေါ်တယ်။ ဘာပြုလို့တုန်းဆိုတော့ ခါဏာ ကောဏ္ဍညတို့ဆိုတာ ရှိသေးတယ်။ သစ်ငုတ်ကြီးလို့အထင်ခံရတဲ့ ဦးကောဏ္ဍညက ရှိသေးတော့၊ ဒီအရှင်ကောဏ္ဍညကိုတော့ အညာသိ ကောဏ္ဍည-လို့ မြတ်စွာဘုရားက အညာသိ ဝတ ဘော ကောဏ္ဍညော-လို့ ဥဒါန်းအကျူးခံရတဲ့ ကောဏ္ဍည လို့ သိသာအောင် ဒီဘုရားသာသနာမှာဖြင့် လူ့ပြည်လောက,က အစဆုံး ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်ပါပဲတဲ့။

http://www.dhammadownload.com



## အရှင်ကောဏ္ဍည၏အလှူဦးကိုးမျိုး

ဘာပြုလို့အစဆုံး ကျွတ်တမ်းဝင်တုန်း။ အတိတ်ဘဝက သူ့ကောင်းမှုတွေရှိခဲ့တယ်နော်။ အတိတ်ဘဝက ပါရမီပြည့်စုံလို့ သာဝကဗောဓိဆုကြီး ပွင့်ခါနီးဖြစ်တဲ့ မကြာမီ တခုသောဘဝက သူတို့ညီနောင်နှစ်ယောက် ကောင်းမှုကုသိုလ် အတူတူပြုခဲ့ကြတယ်။

အဲဒီလိုပြုခဲ့ကြတဲ့ နေရာမှာ– အရှင်ကောဏ္ဍညအလောင်းအလျာ အကိုကြီးက လယ်သမားဘဝမှာ လယ်လုပ်တော့ ဒီကနေ့မျိုးကြဲတော့မယ် ဆိုပြီးတော့ မျိုးထုတ်လာယင် မျိုးဦးဆိုပြီးအဲဒီထဲက တစ်ဆုပ်နှစ်ဆုပ် စသည်ယူပြီးတော့ အဲဒါလဲ လှူလိုက်တန်းလိုက် ကျွေးလိုက်မွေးလိုက်တာပဲ တဲ့။ သာကအဦး ဒီလိုလှူတယ်။

အဲဒီမျိုးဦးကျွေးပြီးတော့ လှူပြီးပြီ တန်းပြီးပြီ ဆိုတဲ့အခါကျတော့ စိုက်လိုက်လို့စပါးပင်လေးပေါက်၊ အဲဒီထဲက စပါးနှံလေးထွက်၊နို့ရည် ကလေးရယ်လို့ ရောက်လာလျှင်ပဲ သူ့ညီကိုတိုင်ပင်တယ်။"ဟော့– ဒို့စပါးပင် တွေ အနှံထွက်လာပြီ၊ နို့ရည်တွေရောက်လာပြီ၊ ဒို့လှူကြအုန်းစို့လားကွယ်" ဒီလိုပြောဝဲ့အခါကြတော့ ညီဖြစ်တဲ့ပုဂ္ဂိုလ်က "စပါးဖြင့်ခုမှ အနှံထွက်စ၊ အင်မတန် သူဖျက်ဆီးချင်တယ်။ သဘောမတူနိုင်ဖူး ကိုကြီးရယ်"လို့ ပြောတော့။ အကိုကြီးဖြစ်တဲ့ ပုဂ္ဂိုလ်က ဒီလိုဖြင့် ငါလှူချင်သလို လှူရမှာ မဟုတ်ဖူး။ ဒီတော့ ယခုအချိန်ကပဲ တဝက်ခွဲမှပဲဆိုပြီး သူတပိုင်းကိုယ်တပိုင်း ဒီလိုခွဲခဲ့တယ်၊ အဲဒီတော့ အကိုကြီးက မိမိပိုင်တဲ့ အပိုင်းကစပါးမှာ အနှံထွက်လို့ နို့ရည်လေးတွေ ဝင်လာယင်ပဲ အဲဒါနို့ရည် လေးတွေညှစ် သကြားတို့ တင်လဲကို ထောပတ်တို့နဲ့ဖျော်ပြီးတော့ ကျွေးမွေးလှူတန်း ခဲ့တယ်။ ဒါလဲအဦးပဲ၊ နို့ရည်ဦးတဲ့။

အဲဒီနို့ရည်တော်တော်ခဲလို့ မုန့်ဆမ်းလုပ်လောက်ပြီ ဆိုတဲ့အခါ ကျတော့လဲ မုန့်ဆမ်းဦးဆိုပြီးတော့ တခါထဲ အဦးဆုံးလှူလိုက်ပြန်တာပဲတဲ့။

စပါးဘဝမှာပင် တော်တော်ကြာတော့ စပါးတွေရင့်လို့ စပါးရိတ်ပြီ

http://www.dhammadownload.com



ဆိုတော့ ပထမဆုံးရိုက်လိုက်တဲ့ လက်ဆုပ်ကိုလှူလိုက်တာပဲ။

ကောက်လှိုင်းထုံးပြန်ပြီဆိုတော့ ပထမကောက်လှိုင်းထုံးဘော သူလှူဖို့ထားလိုက်တာပဲ။ လှူလိုက်တာပဲ။

ကောက်လှိုင်းထုံးပြီးတော့ လှည်းနဲ့တိုက်နိုင်တဲ့ ပုဂ္ဂိုလ်က ရှိတယ်။ လှည်းနဲ့မဟုတ်တော့ ငါးလှိုင်းဆယ်လှိုင်းစသည်ကို တဝန်တဖွဲ့ ဖွဲ့ပြီး သကာလ ခေါင်းနဲ့ရွက်ယူတဲ့အခါမှာလဲ ပထမဆုံးဖွဲ့တဲ့ ပထမဝန်ကို ဖြင့် သူလှူရန်ပဲတဲ့။ အဦးပဲဆိုပြီး လှူတယ်။ လှူချင်တဲ့ ပုဂ္ဂိုလ်ကျတော့နော်။

အဲဒီကနေပြီးသကာလ ကောက်နယ်တလင်းထဲမှာ ချပြီးတော့ စပါးနယ်။ အဲဒီလိုချိန်တဲ့အခါမှာ ပထမဆုံးနယ်လို့ရတဲ့ စပါးအဦးကလေးကို သူစုထားတယ်။ တလင်းဦးတဲ့။

အဲဒီတလင်းဦးထဲကနေပြီးတော့ တော်တော်ကြာတော့ စပါးလှေ့လို့ အမှိုက်သရိုက်တွေ စင်ကြယ်ပြီဆိုတဲ့အခါကျတော့ အဲဒါ လှေ့ဦးယူပြန်ပြီ။ လှူပြန်ပြီ။

အဲဒီစပါးလှေ့ဦးပြီးသကာလ ကျီထဲသွင်းတော့မယ်ဆိုတော့ ပထမဆုံးထမ်းလာတဲ့စပါးကို ကျီဦးဆိုပြီးသကာလ လှူပြန်တယ်။

အဲဒီလို အဦးကိုးချက် နေရာ နေရာတိုင်းက အဦးအဖျားယူပြီးတော့ လှူဒါန်းတဲ့အတွက် ဒီဘုရားသာသနာမှာ သူကားအစဆုံးသောတာပတ္တိမဂ်ဖိုလ် ရောက်ပြီးသကာလ ကျွတ်တမ်းဝင်ရတဲ့ တပည့်ဖြစ်ပါကယ်တဲ့။

## သုဘဒ္ဒလောင်းလျာ၏နောက်ဆုံးအလှူ

အဲဒီလိုညီအစ်ကိုနှစ်ယောက်ရှိကြတဲ့အနက် ညီငယ်ကတော့ အကို ကြီးလို အဦးတွေခဏခဏတော့ မလှူနိုင်ဖူး။ စပါးသိမ်းပြီးတဲ့ နောက် ကာလကျတော့မှ တကြိမ်ထဲပဲ နောက်ဆုံးမှ လှူတော့မယ်ဆိုတဲ့ အဲဒီစေတနာဖြင့် သူကလဲ လှူပါ၏။ သို့သော်လှူတဲ့သူက နောင်တချိန် ဒီဘုရားသာသနာတော်ကျတော့ နောက်ဆုံးပစ္ဆိမသာဝကဖြစ်တဲ့ အရှင် သုဘဒ္ဒကြီး လာပြီးဖြစ်တယ်တဲ့နော်။

http://www.dhammadownload.com



အဲဒီစပါးကို ကိုးကြိမ်လှူခဲ့တဲ့ အကိုကြီးကတော့ သာဝကဦးဖြစ်တဲ့ အရှင်ကောဏ္ဍညဖြစ်ခဲ့ပါတယ်။ ဒါပေမယ်လို့ အဲဒီကောင်းမှုကလေးတင် ကွက်ပြီးတော့ မကြည့်လေနဲ့နော်။ သူတို့ဆုတောင်းကိုက ဟိုတုန်းက လာခဲ့တဲ့ ဆုတောင်းအတိုင်းလာခဲ့တာ။ ဒါပေမယ်လို့ ပါရမီပြည့်လို့ ပါရမီအထွတ်တပ်တော့မယ်ဆိုတဲ့အခါကျတော့ သူတို့ဖြစ်မဲ့ ဗောဓိဉာဏ်ရဲ့ ပွင့်မဲ့အစီအမံအတိုင်း အဦးကိုးချက်လှူရတယ်။ နောက်ဆုံးမှလှူတယ် ဆိုတဲ့ အကြောင်းတွေဟာ ဖန်တီးဖန်တီးပြီးတော့ ပြောစရာဖြစ်ပေါ်၍ လာရကာပါပဲတဲ့။

## ဧဟိဘိက္ခုဖြစ်တော်မူခြင်း

အဲဒီသုတ္တန် အဆုံးနားကို လှမ်းပြီးတော့ ကြည့်လိုက်စမ်း။

၂၂ကောဏ္ဍည သောတာပန်ဖြစ်တော့ မြတ်စွာဘုရားအထံ၌–

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

မြတ်စွာဘုရား၊ တပည့်တော် မြတ်စွာဘုရားအထံမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရပါရစေလို့ လျှောက်ထားခဲ့တယ်။

နဂိုတုန်းက မြတ်စွာဘုရားက ဘိက္ခု–လို့ မခေါ်ဖူးလား၊ ခေါ်တယ်။ ဒါပေမယ်လို့ သာသနာပြင်ပကဖြစ်တဲ့ ဘိက္ခုပဲဖြစ်သေးတယ်နော်။ သာသနာပြင်ပမှာ ဗုဒ္ဓမြတ်စွာသာသနာတွင်းက ရဟန်းဘော်မဖြစ်သေးတော့ အရှင်ကောဏ္ဍညက မြတ်စွာဘုရားကို လျှောက်ထားတယ်။ တပည့်တော် ရဟန်းအဖြစ်ကို ရပါရစေ၊ ရှင်အဖြစ်ကို ရပါရစေ–ဆိုတဲ့ အခါကျတော့ မြတ်စွာဘုရားက ဓမ္မစကြာထဲ ပါသမှတ်ဖူးလား။

ဧဟိ ဘိက္ခူတိ ဘဂဝါ အဝေါစ။ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ။

ဧဟာဒိပါဠိဟာ ဆန်းတယ်။ ဘုရားကိုယ်တော်မြတ်ရဲ့ ရွှေနှုတ်တော်

http://www.dhammadownload.com



ကထွက်တုန်းကတော့– ဧဟိ ဘိက္ခု သွာက္ခာတော မမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ–လို့ စကားပော်တွေဟာ တန်းပြီးတော့ ဒီအစဉ်အတိုင်း ထွက်တာပဲ။

ဒါပေမယ့် သံဂါယနာတင်တဲ့ ပဌမ, ဒုတိယ, တတိယ,စတုတ္ထ, ပဉ္စမ, ဆဋ္ဌသံဂါယနာ ခြောက်ကြိမ်တိုင်အောင် တင်တော်မူခဲ့တဲ့ ပါဠိအစဉ်က– ဧဟိ ဘိက္ခုတိ ဘဂဝါ အဝေါစ–လို့ ဧဟိ ဘိက္ခုနောက်က၊ ဣတိ ဘဂဝါ အဝေါစ=ဤသို့ မြတ်စွာဘုရား ဟောကြားတယ်။ စကားလဲ ကြားထဲဖြတ်ပြီး ထည့်ထားတယ်။

ဘာကိုသိစေချင်လို့တုန်း၊ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားထဲမှာ–

ဧဟိဘိက္ခု သွာက္ခာတော ဓမ္မော။

ဘိက္ခု=ချစ်သားရဟန်း။ ဧဟိ=လာလော့။ မယာ= ငါဘုရားသည်။ ဓမ္မော=တရားကို။ သွာက္ခာတော= အစ, အလယ်, အဆုံး, သုံးပါးအစုံ ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံထင်ရှား ဟောကြားအပ်ခဲ့လေပြီ။

စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

သမ္မာ=အကြွင်းမဲ့။ ဒုက္ခဿ=စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တကိရိယာယ=အဆုံးရောက်အောင်၊ အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ=မြတ်သော အကျင့်ကို။ စရ–စရာဟိ= မနေမနား သင်ချစ်သားသည် ကျင့်ကြံပွားများ အားထုတ်ပါလေ။ လို့ ဘုရားမိန့်ကြားတဲ့ စကားတွေဟာ စာပိုဒ်သုံးပိုဒ် လောက်ရှိတယ်။

အဲဒီသုံးပိုဒ်ထဲမှာ ဧဟိ ဘိက္ခု–ဆိုတဲ့ နှစ်ပုဒ်အဆုံးမှာ ရှင်ကောဏ္ဍည ကား ဣဒ္ဓိမယတန်ခိုးဖြင့်ပြီးတဲ့သပိတ်၊ တန်ခိုးဖြင့်ပြီးတဲ့ သင်္ကန်း၊ တန်ခိုးဖြင့်ပြီးတဲ့ ပရိက္ခရာရှစ်ပါး အသင့်လွယ်ပြီး ဝတ်ပြီး ရုံပြီးဖြစ်တဲ့အခါ ဝါဘော်ခြောက်ဆယ်ရတဲ့ မထေရ်သူမြတ်ကြီးပမာ ပရိက္ခရာရှစ်ပါး လွယ်ပြီးသား ရဟန်းတော်ကြီးဖြစ်ခဲ့တယ်။ စာပိုဒ်က ဘယ်လောက်များလဲ–

http://www.dhammadownload.com



ဖေဟိ ဘိက္ခု၊သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ–လို့ စာပိုဒ်ကိုးပုဒ်ရှိတယ်။အဲဒီကိုးပိုဒ်ထဲမှာ ဖေဟိ ဘိက္ခု– ပထမနှစ်ပုဒ်ဆုံးယင်ပဲ ရှင်ကောဏ္ဍညကား ရဟန်းတော်ဖြစ် သွားတယ်။ အဲဒါကို သိစေချင်လို့ သံဂါယနာတင် မထေရ်သူမြတ်အဆက် ဆက်တို့က ဖေဟိဘိက္ခု–နောက်နားကနေပြီးတော့၊ ဖေဟိ ဘိက္ခုုတိ ဘဂဝါ အဝေါစ– လို့ ဖြတ်ပြီးတော့ မိန့်ကြားခဲ့တာတဲ့နော်။

တာဝ တဿ အာယသ္မတော ကောဏ္ဍညဿ ဥပသမ္ပဒါ အဟောသိ–ဆိုတဲ့ နောက်ဆုံးစကားက ဖေဟိဘိက္ခုလို့ ရှင်တော်ဘုရား ခေါ်တော်မူလိုက်ခြင်းပင်လျှင် ဖေဟိဘိက္ခု–ရဟန်းခံခြင်းဖြင့် ရဟန်းခံခြင်းပါ ပဲတဲ့။ သိမ်ထဲ ဝင်ပြီးတော့ ရဟန်းခံမနေရပါဖူးလို့ ဆိုလိုတယ်နော်။

## သစ္စကမ္မဋ္ဌာန်းအားထုတ်ကြရန်

ဒီတော့ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်နောက်ဖျား ကြည့်မယ်ဆိုလို့ရှိယင် ကိုယ်စားရတာထက် အရှင်ကောဏ္ဍညတို့ စားတော်မူတဲ့ တရားပွဲကြီး အဲဒါဖြစ်ရတာပဲနော်။

ကိုယ်လုပ်ဖို့ရာတော့ စောစောစီးစီးက ပြောတဲ့ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဆိုတဲ့ သစ္စညာဏ်လေးပါးပေါ်အောင် သဗ္ဗညုမြတ်စွာဘုရား ဟောကြားထားတော်မူတဲ့– ဣဒံ ခေါ ပန ဒုက္ခံ အရိယသစ္စံ– ကိုယ်တိုင် လုပ်လို့ရှိယင်၊ ဘိက္ခဝေ–ကိုဖြုတ်ထား။

ဣဒံ ခေါ ပန ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ–လို့ ဒီအတိုင်း ရွတ်နေ။ ပါဠိနဲ့ မထင်သေးဖူးပ ဆိုလို့ရှိယင် ပါဠိတချက် မြန်မာတချက် အနက်နဲ့ဆို။

http://www.dhammadownload.com



ဒါတင် အားမရသေးဖူးပ ဆိုလို့ရှိယင်–

ပဋိသန္ဓေ၊ အို–နာ–သေဟု ၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စုပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ–လို့ အဲဒီလိုဆင်ခြင်၊ ဒုက္ခဉာဏ်ဖြစ်ကရော။

ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာသမုဒယ မှန်မောလှ–လို့ သမုဒယဉာဏ် ဖြစ်ကရော။

အဲဒီနှစ်ချက်သည် အလုပ်သစ္စာ အလုပ်သဘော။ ဟိုဖက်ကနိရောဓနှင့်မဂ္ဂဆိုတာ လောကုတ္တရာတရားမှာ သွားပြီးတော့ သစ္စကမ္မဋ္ဌာန်းစီးဖြန်းနေရတာ မှုတ်ဖူးနော်။ တကယ့်အလုပ်သားက ဤသစ္စာနှစ်ပါးပဲဖြစ်တယ်။ ဟိုဖက်က နိရောဓနှင့် မဂ္ဂက ဂုဏ်ကျေးဇူးကို ဆင်ခြင်တဲ့ အနေနဲ့သာလျှင် သူတို့ကိုစဉ်းစားရတာ။

တကယ့်လုပ်သား ကမ္မဋ္ဌာန်းအနေနဲ့တော့ ခန္ဓာကမ္မဋ္ဌာန်း ရှိတယ်၊ အာယတနကမ္မဋ္ဌာန်းရှိတယ်၊ ဓာတုကမ္မဋ္ဌာန်းရှိတယ်၊ သစ္စကမ္မဋ္ဌာန်းရှိတယ်၊ ဣန္ဒြိယကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်ကမ္မဋ္ဌာန်း အလုပ်ရှိတယ်။

သစ္စကမ္မဋ္ဌာန်းအားထုတ်လို့ရှိယင်ဖြင့် ဒီဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာနှစ်ပါးကိုပဲ ဤနည်းဖြင့်ပွားများအားထုတ်ရတယ်။ ဒါအလုပ် ကမ္မဋ္ဌာန်းပဲ။ အဲဒီအလုပ်ကမ္မဋ္ဌာန်းကို မှန်မှန်မလုပ်သေးပဲနဲ့ ပထမ အောက်ဆုံးလှေကားထစ် မနင်းသေးပဲနဲ့ ဟိုအထက်ဆုံးက ကိုးခုမြောက် အဆင့် ရောက်ချင်ပြီဆိုယင်တော့ ဒါတော့ရောက်လို့မရဖူးနော်။ ပကတိ လှေကားက ခုန်ကျော်လို့ ရောက်ချင်ရောက်နိုင်တယ်လို့ ဆိုစေကာမူ တရားလုပ်ငန်းစဉ်ကတော့ အဲဒီသစ္စကမ္မဋ္ဌာန်းဖြစ်ယင်လဲပဲ သစ္စကမ္မဋ္ဌာန်း အလုပ်ကိုလုပ်မှ အချိန်ကျတော့ မှန်မှန်ကြီးသာ လှေကားကတက်ပြီးတော့

http://www.dhammadownload.com



သွားပါ။ မှန်မှန်ကြီး လှေကားက တက်သွားလို့ရှိယင် ကျောင်းပေါ်ရောက်ပါလိမ့်မယ်။

အဲဒါလိုပဲ၊ သစ္စကမ္မဋ္ဌာန်းအလုပ်က မှန်မှန်ကြီးလှမ်းလို့ရှိယင် အရှင်ကောဏ္ဍညတို့၊ အရှင်ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ မထေရ်သူမြတ်တို့ကဲ့သို့ မိမိတို့ ရည်မှန်းတောင့်တတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်းဟူသော ရွှေမြို့နိဗ္ဗာန်တည်းဟူသော ကြငှာန်းကို ကူးသန်းရောက်ရပါလိမ့်မယ်လို့– ကိုင်း ဒီတင်ပဲ တရားပွဲ သိမ်းကြစို့။

## နိဂုံးဆုတောင်း

ဤသို့ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်ဒေသနာတော်မြတ်ကို ဒေသနာမဟာနိဒါန်းနှင့်တကွ ကြားနာရခြင်း ဓမ္မသဝနကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံသီလတို့ကို ဆောက်တည်ကြရခြင်း သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤဒေသနာတော်၌ လာရှိသည့်အတိုင်း ဒုက္ခ, သမုဒယ သစ္စကမ္မဋ္ဌာန်း ဉာဏ်အမြင်မိုကြသမျှ စီးဖြန်းပွားများ အားထုတ်ရခြင်း ဘာဝနာမယ ကောင်းမှုကုသိုလ်ကံစေတနာ၊ ဤတိုက်တာဝယ် သီတင်းသုံးသော သံဃာတော်တို့ကို အမှူးထား၍ အနီးအပါးပတ်ဝန်းကျင်တိုက်တာတို့မှ သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဝါဆိုဆွမ်း ခဲဖွယ်ဘောဇဉ်တို့ဖြင့် သဒ္ဒါကြည်ဖြူ လှူဒါန်းကြရခြင်းတည်းဟူသော ဘောဇနဒါန ကောင်းမှု ကုသိုလ်ကံစေတနာ၊ ဤတိုက် ဤတာဝယ် သီတင်းသုံးသော သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းအသီးအသီး အစုံစီကပ်လှူရခြင်းတည်းဟူသော ဝဿဝါသိကစီဝရဒါနကောင်းမှု ကုသိုလ်ကံစေတနာ၊ ယခုအခါ တရားနာပရိသတ်တို့အား ဓမ္မပူဇာအဖြစ်ဖြင့် ရည်မှန်းရာရာတရားအလှူပေးရခြင်း ဓမ္မဒါန= အမတဒါန ကောင်းမှုကုသိုလ်ကံစေတနာ–ဤသို့ စသည်များမြတ် ပေါင်းအပ်သောကောင်းမှု ကုသိုလ်ကံစေတနာအဇရပ်ရပ်တို့ကြောင့် ပဥ္စဝဂ္ဂီ ရဟန္တာအရှင်မြတ်တို့ မျက်မှောက်

http://www.dhammadownload.com



ပြုအပ်သော သန္တိလက္ခဏာ, အစ္စုတိရသ, အသင်္ခတ စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တစု မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုကြရသော နောက်ဆုံး ဘဝပရိနိဗ္ဗာနစုတိမှ နောက်ကာလဝယ် တစုံတခုသော ဘဝ၊ တစုံတခု သော ယောနိ၊ တစုံတခုသော ဂတိ၊ တစုံတခုသော ဝိညာဏဋ္ဌိတိ၊ တစုံ တခုသော သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာဝဋ် မီးစာတရားတို့ တဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ– အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီ စံရပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီ စံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု။

ဓမ္မစကြာတရားတော်ပြီး၏။

http://www.dhammadownload.com

နမော ကဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၃၁၈–ခုနှစ်၊ နတ်တော်လဆန်း၊ ၁၀–ရက်နေ့တွင်
နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ထားချက်
ဗြဟ္မယာစနကထာ=ဗြဟ္မာတောင်းပန်ခဏ်း
ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့၏
တာဝန်လွှဲအပ်ချက်အရ
**ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး**
ဖြေဆိုအပ်သော

## ဗြဟ္မယာစနကထာအဖြေစာတမ်း

ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည် ဆဋ္ဌသံဂါယနာ သံဃနာယကဆရာတော်ဘုရားကြီး အမှူးရှိသော ဆဋ္ဌသံဂီတိကာရက ဓမ္မသင်္ဂါဟကဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

လျှောက်ထားရန် အကြောင်းမှာ မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးစက တရားမဟောခြင်းငှာ အကြံတော်ဖြစ်နေ၍ သဟံပတိ ဗြဟ္မာမင်း လာရောက်တောင်းပန်မှသာ တရားဟောတော်မူသည်ဟူသော အကြောင်းအရာကို ငယ်ရွယ်စဉ်ကပင် ကြားဘူးပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးမျိုး မကျေမနပ်သဖြင့် နီးစပ်ရာ ရဟန်းပုဂ္ဂိုလ်၊လူပုဂ္ဂိုလ်အချို့တို့အား လျှောက်ထားမေးမြန်းခဲ့ပါသည်။ သို့ရာတွင် ကျေနပ်လောက်သော အဖြေကို ယနေ့တိုင်အောင် မရရှိခဲ့ပါဘုရား။

http://www.dhammadownload.com



သို့ကြောင့် ယခု ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်သို့ ကြွရောက်တော်မူလာကြကုန်သော ထေရဝါဒနိုင်ငံပေါင်းစုံမှ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ မျက်နှာစုံညီစုဝေးတော်မူကြခိုက် အခွင့်ကောင်းအခါကောင်းနှင့် ကြုံကြိုက်သည်အားလျော်စွာ လျှောက်ထားလိုပါသည်ဘုရား။ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ကလည်း တိကျမှန်ကန်သော အဖြေကိုပေးတော်မူလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်ဘုရား။

## လျှောက်ထားချက်

ဝိနည်းမဟာဝါပါဠိတော်၌ ဗြဟ္မယာစနကထာမည်သော ဗြဟ္မာတောင်းပန်ခဏ်းပါရှိပါသည်။ ထိုတောင်းပန်ခဏ်းကို ပိဋကတ် တော်မြန်မာပြန်မှထုတ်နုတ်၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် ဘုရား။

## ဗြဟ္မယာစနကထာ မြန်မာပြန်

ထို့နောက် မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် ထို (အရဟတ္တဖိုလ်)သမာဓိမှ ,ထတော်မူ၍ လင်းလွန်ပင်ရင်းမှ အဇပါလညောင်ပင်ဆီသို့ ချဉ်းကပ်တော်မူ၍ ထိုအဇပါလညောင်ပင်ရင်း၌ နေတော်မူ၏။

ထိုအခါ ဆိတ်ကွယ်ရာသို့ကပ်လျက် တပါးတည်းကိန်းအောင်းနေတော်မူစဉ် မြတ်စွာဘုရားအား ဤသို့စိတ်အကြံဖြစ်တော်မူ၏။

– ငါသိထားသော ဤတရားကားနက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊သိမ်မွေ့၏၊ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သောတရားပေတည်း။ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏၊ တွယ်တာမှုတို့၌ ပျော်ပိုက်ကုန်၏။၊ တွယ်တာမှုတို့၌ အလွန်နှစ်ခြိုက်နေကုန်၏ ၊တွယ်တာမှုတို့၌ မွေ့လျော် ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏။

http://www.dhammadownload.com



ပြုပြင်မှုအားလုံး၏ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကို ဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏(တရားကို) မသိ နားမလည်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို(တရားဟောမှု)သည် ငါ့အားပင်ပန်းရုံသာ ဖြစ်ရာ၏။ ငါ့ကိုယ်(ငါ) ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ဟု စိတ်အကြံဖြစ်တော်မူ၏။

– ထို့ပြင် အလွန်အံ့ဘွယ်ကောင်းသော ဤဂါထာတို့သည်လည်း မြတ်စွာဘုရားအား ရှေးက မကြားဘူးဘဲ စိတ်ထဲ၌ထင်ပေါ် လာပြန်ကုန်၏။

– ငါသည် ခဲယဉ်းစွာကျင့်သဖြင့် ရထားသော တရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ၊ ရာဂဒေါသလွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

အဝိဇ္ဇာမှောင်ထုဖြင့်ဖုံးလွှမ်းလျက် ရာဂဖြင့်တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ်မြင်နိုင်ခဲသော(သံသရာ) အဆန် တရားကို မြင်နိုင်ကြမည်မဟုတ်ချေ (ဟု စိတ်ထဲ၌ ထင်ပေါ် လာပြန်ကုန်၏။)

ဤသို့ဆင်ခြင်တော်မူစဉ် မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန်ညွတ်တော်မမူဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ သဟံပတိ ဗြဟ္မာအား ဤသို့အကြံဖြစ်ပေါ်လာ၏။

–အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူတုံဘိ၏ (ဟု အကြံဖြစ်၏။)

http://www.dhammadownload.com



ထို့နောက်သန်စွမ်းသောယောကျာ်းသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငင်း ၊ဆန့်ထားသောလက်မောင်းကို ကွေးသကဲ့သို့ငင်း၊ ထိုသဟံပတိဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား၏ရှေ့တော်၌ ထင်ရှားပေါ်လာ၏။ ထိုအခါ ထိုသဟံပတိဗြဟ္မာသည် အပေါ်ရုံကို ပခုံးတဖက်၌တင်၍ လကျာ်ဒူးကို မြေ၌ထောက်လျက် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်၏။

– မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏။ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏။ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့(ဟုလျှောက်၏)။

သဟံပတိဗြဟ္မာသည် ဤစကားကိုလျှောက်ပြီးနောက် ထိုမှတပါး ဤစကားကိုလျှောက်ပြန်၏။

– ရှေးအခါ မဂဓတိုင်းတို့၌ (ရာဂစသော)အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်။ အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော တရားတော်ကို နာကြစေပါကုန်လော့။

– ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သော ဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား၊ ကျောက်ဖြင့်ပြီးသောတောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဧးတော်မူသော

http://www.dhammadownload.com



အရှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့၏ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ ကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

– ရဲရင့်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား အောင်ပွဲ ယင်ပြီးတော်မူသောမြတ်စွာဘုရား ထတော်မူပါလော့၊ လှည်းမှူးနှင့် တူတော် မူသောမြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော် မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို)သိသူတို့သည် ရှိပါကုန်လတ္တံ့(ဟု လျှောက်၏။)

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် သဟံပတိဗြဟ္မာ အား ဤစကားကိုမိန့်တော်မူ၏။

– ဗြဟ္မာ၊ ငါသည် တရားဟောရမှု ကောင်းလေစွ ဟူသော အကြံသည် ငါ့အားလည်းဖြစ်၏၊ ဗြဟ္မာ ထိုငါ့အား ဤသို့သော အကြံ သည် ဖြစ်ပြန်၏။

– ငါသိသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ကြံစည်ခြင်း ဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သော တရားပေတည်း။ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏၊ တွယ်တာမှုတို့၌ ပျော်ပိုက်ကုန်၏၊ တွယ်တာမှုတို့၌ အလွန်နှစ်ခြိုက်ကုန်၏၊ တွယ်တာမှုတို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက် နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်)တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကိုဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏ (တရားကို)

http://www.dhammadownload.com



မသိနားမလည့်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် (ထိုတရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏။ ငါ့ကိုယ်(ငါ) ညှဉ်းဆဲရုံသာ ဖြစ်ရာ၏(ဟု အကြံဖြစ်ပြန်၏)။

– ဗြဟ္မာ၊ ထို့ပြင် အလွန်အံ့ဖွယ်ကောင်းသော ဤဂါထာတို့သည်လည်း ငါ့အား ရှေးကမကြားဘူးဘဲ(စိတ်ထဲ၌) ထင်ပေါ်လာပြန် ကုန်၏။

– ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသောတရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ၊ ရာဂဒေါသ လွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ကြချေ။

– အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်ကြသည် မဟုတ်ချေ(ဟု စိတ်ထဲ၌ ထင်ပေါ်လာပြန် ကုန်၏)။

– ဗြဟ္မာ ဤသို့ဆင်ခြင်စဉ် ငါ၏စိတ်နှလုံးသည် တရားဟောရန် မညွတ်ဘဲ ကြောင့်ကြမဲ့နေရန်ညွတ်ခဲ့၏(ဟု မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း သဟံပတိဗြဟ္မာသည် မြတ်စွာဘုရား အား ဤစကားကို လျှောက်၏။

– မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားကို ဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားကို ဟောတော်မူပါလော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏။ (ထိုသတ္တဝါတို့သည်) တရားကိုမနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့(ဟု လျှောက်၏)။

ဤစကားကို လျှောက်ပြီးနောက် ထို့မှတပါး ဤစကားကို လျှောက် ပြန်၏။

http://www.dhammadownload.com



– ရှေးအခါက မဂဓကိုင်း၌ (ရာဂ စသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာတို့ ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှား ဖြစ်ပေါ်ခဲ့ပါသည်၊အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းဝေးတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော တရားတော်ကို နာကြစေပါကုန်လော့။

– ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်နိုင်စွမ်းသောဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား၊ ကျောက်ဖြင့်ပြီးသော တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထိုအတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အရှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့် ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့၏ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

– ရဲရင့်သောလုံ့လရှိတော်မူသောမြတ်စွာဘုရား၊ အောင်ပွဲ ယင်တော်မူပြီးသောမြတ်စွာဘုရား ထတော်မူပါလော့၊ လှည်းမှူးနှင့်တူတော်မူသော မြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောကဌ် လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား တရားကို ဟောတော်မူပါလော့၊ (တရားကို)သိသူတို့သည် ရှိပါကုန်လတ္တံ့(ဟု လျှောက်ပြန်၏)။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် သဟံပတိ ဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏။

– ဗြဟ္မာ၊ စစ်စစ်ငါ့အားလည်း ဤသို့သောအကြံဖြစ်ဘူးပြီ–

http://www.dhammadownload.com



– ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိသူတို့သာ သိနိုင်သော တရားပေတည်း၊ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏၊ တွယ်တာမှုတို့၌ ပျော်ပိုက်ကုန်၏၊ တွယ်တာမှုတို့၌ အလွန်နှစ်ခြိုက်နေကုန်၏၊ တွယ်တာမှုတို့၌ မွေ့လျော် ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများကား အကျိုးတရားတို့၏ အကြောင်းတရားဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကိုလည်း မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဉပဓိအားလုံးကို ပယ်စွန့်ရာ တဏှာရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်)တရားကိုလည်း မြင်နိုင်ခဲ၏၊ ငါသည်လည်း တရားကို ဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏တရားကို မသိနားမလည်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို (တရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ် (ငါ) ညည်းဆဲရုံသာ ဖြစ်ရာ၏(ဟု အကြံဖြစ်ဘူး၏)။

– ဗြဟ္မာ ထို့ပြင် အလွန် အံ့ဘွယ်ကောင်းကုန်သော ဤဂါထာတို့သည်လည်း ငါ့အား ရှေးကမကြားဘူးကုန်ဘဲ စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏။

– ငါသည် ခဲယဉ်းစွာကျင့်သဖြင့် ရထားသောတရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ၊ ရာဂ ဒေါသလွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

– အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့်တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော(သံသရာ) အဆန်တရားကို မြင်ကြသည်မဟုတ်ချေ၊(ဟု စိတ်ထည်း၌ ထင်ပေါ် လာပြန်ကုန်၏)၊ ဗြဟ္မာ ဤသို့ ဆင်ခြင်စဉ် ငါ၏ စိတ်နှလုံးသည် တရားဟောရန်မညွတ်ဘဲ ကြောင့်ကြမဲ့နေရန်သာ ညွတ်ခဲ့၏(ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



သုံးကြိမ်မြောက်လည်း သဟံပတိဗြဟ္မာသည် မြတ်စွာဘုရား အား ဤစကားကိုလျှောက်၏။

– မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရား ဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိတတ်သူတို့ သည် ရှိပါကုန်လတ္တံ့(ဟုလျှောက် ၏)။

သဟံပတိဗြဟ္မာသည် ဤစကားကိုလျှောက်ပြီးနောက် ထိုမှတပါး ဤစကားကိုလည်း လျှောက်ပြန်၏။

– ရှေးအခါ မ ဂဓတိုင်းတို့၌ (ရာဂစသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့ ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရား သည် ထင်ရှားဖြစ်ပါသည်၊ အမြိုက် နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော် မူပါလော့၊ အညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝ နှင့်အလျော် သိတော်မူအပ်သောတရားတော်ကို နာကြစေပါကုန်လော့။

– ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်နိုင်စွမ်းသောဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား၊ ကျောက်ဖြင့်ပြီးသော တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်ရှိ လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဆေးတော်မူသော အရှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့် ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်း၏ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ် ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူ ပါလော့။

http://www.dhammadownload.com



– ရဲရင့်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အောင်ပွဲယင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ လှည်းမှူးနှင့်တူတော်မူသော မြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့.(ဟု လျှောက်ပြန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာ၏တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဘုရားမျက်စိ (ဗုဒ္ဓစက္ခု)ဖြင့် [၁] လောကကို ကြည့်တော်မူ၏။

မြတ်စွာဘုရားသည် ဘုရားမျက်စိ (ဗုဒ္ဓစက္ခု)ဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးကုန်သော (ပညာ)မျက်စိ၌ (ကိလေသာ)မြူ များပြားကုန်သော ရင့်သော ဣန္ဒြေရှိကုန်သော နုသောဣန္ဒြေရှိကုန်သော[၂] ကောင်းသော အခြင်းအရာရှိကုန်သော မကောင်းသော အခြင်းအရာရှိကုန်သော သိစေလွယ်ကုန်သော သိစေခဲကုန်သော တမလွန်လောကနှင့် (တမလွန် လောကသို့ ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ် ဟူသော) အပြစ်တို့ကို အေးဟုရှုလျက်

---

၁။ (၁) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ် (၂) သတ္တဝါတို့၏ စိတ်ဓာတ် ကိန်းဝပ်ရာ အာသယနှင့်အနုသယကိလေသာတို့ကို သိသော အာသယာနုသယဉာဏ်၊ ဤဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုဟု ခေါ်သည်။

၂။ အခြားပါဠိတော်များ၌ ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ န ပရလောက ဝဇ္ဇဘယဒဿာဝိနော ဝိဟရန္တေ ပုဒ်များမပါ။

http://www.dhammadownload.com



နေလေ့ရှိကုန်သော တမလွန်လောကနှင့် (တမလွန်လောကသို့ ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ်ဟူသော) အပြစ်တို့ကို ဘေးဟုရှုလျက်နေလေ့မရှိကုန်သော သတ္တဝါအချို့တို့ကို မြင်တော်မူ၏။

ဥပမာသော်ကား ဥပ္ပလကြာ[၁] တောအိုင်၌ ပဒုမာကြာတော၌၎င်း ပုဏ္ဍရိက်ကြာတော၌၎င်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏။ ရေ၌ ကြီးပွားကုန်၏။ ရေမှမပေါ်ထွက်သေးကုန်။ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊

အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏။ ရေ၌ကြီးပွားကုန်၏။ ရေနှင့်အညီ တည်ကုန်၏။

အချို့သော ဥပ္ပလကြာ၊ ပဒုမာကြာ၊ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ရေပေါ်သို့တက်၍ တည်ကုန်၏။ ရေနှင့် မလိမ်းကပ်ကုန်။

ဤအတူသာလျှင် မြတ်စွာဘုရားသည် ဘုရားမျက်စိ(ဗုဒ္ဓစက္ခု)ဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးကုန်သော၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ များပြားကုန်သော၊ ရင့်သောဣန္ဒြေရှိကုန်သော နုသောဣန္ဒြေရှိကုန်သော၊ ကောင်းသောအခြင်းအရာရှိကုန်သော၊ မကောင်းသောအခြင်းအရာ ရှိကုန်သော၊ သိစေလွယ်ကုန်သော၊ သိစေခဲကုန်သော၊ တမလွန်လောကနှင့် (တမလွန် လောကသို့ ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ် ဟူသော) အပြစ်တို့ကို ဘေးဟုရှုလေ့ရှိကုန်သော၊ တမလွန်လောကနှင့် (တမလွန်လောကသို့

---

၁။ ဥပ္ပလ=ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com



ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ် ဟူသော) အပြစ်တို့ကို ဘေးဟုမရှုဘဲ နေလေ့ရှိကုန်သော သတ္တဝါတို့ကို မြင်တော်မူ၏။

မြင်တော်မူ၍ သဟံပတိဗြဟ္မာအား ဂါထာဖြင့် မိန့်တော်မူ၏။

– ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား မဟောဘဲနေရန် စိတ်ညွတ်ခဲ့ပေ၏။ (ပညာ) နားနှင့်ပြည့်စုံသောသူတို့အလို့ငှါနိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ၊ ယုံကြည်ခြင်း (သဒ္ဓါတရား)ကို စေလွှတ်ကြကုန်လော့ (ဟု မိန့်တော်မူ၏။)

ထိုအခါ သဟံပတိ ဗြဟ္မာသည် တရားဟောရန် မြတ်စွာဘုရားခွင့်ပြုတော်မူလိုက်ပြီဟု (သိသဖြင့်) မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွား၏။

ဗြဟ္မယာစနကထာ ပြီး၏။

http://www.dhammadownload.com



ဤဗြဟ္မာတောင်းပန်ခဏ်း၌ အောက်ပါ အချက်လေးချက်တို့ကို တွေ့ရှိရပါသည်။

၁။ ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏။ (ပထမအချက်)

၂။ မြတ်စွာဘုရား စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူဘဲ၊ ကြောင့်ကြမဲ့ နေရန်ညွတ်တော်မူ၏။ (ဒုတိယအချက်)

၃။ သုံးကြိမ်ကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏။ (တတိယ အချက်)

၄။ ဗြဟ္မာ...လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား မဟောဘဲနေရန် စိတ်ညွတ်ခဲ့ပေ၏။ (စတုတ္ထအချက်)

ဟူသည်တို့ပင်တည်း။ ထိုအချက် လေးချက်နှင့် ပတ်သက်၍ စဉ်းစား ဘွယ်ရာ အဖြာဖြာတို့ကို အောက်ပါအတိုင်း တင်ပြလျှောက်ထားလို ပါသည်ဘုရား။

## ပထမအချက်

၁။ ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ဟူသော စကားရပ်ကိုလက်ခံအတည်ပြုပါလျှင်–

(က) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက် နိယတဗျာဒိတ်ခံယူရန် ကြိုးစည်စဉ်ကပင်–

မုတ္တောဟံ မောစေဿာမိ၊ သံသရာဝဋ်မှ ငါကျွတ်လွတ်သည်ရှိသော် သတ္တဝါအပေါင်းကိုလည်း ကျွတ်လွတ်စေမည်။ ။

တိဏ္ဏောဟံ တာရေဿာမိ၊သံသရာဝဲသြဃမှ ငါ ကူးမြောက်သည်ရှိသော် သတ္တဝါအပေါင်းကိုလည်း ကူးမြောက်စေမည်။ ။

http://www.dhammadownload.com



ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညု တံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

အားအစွမ်း သတ္တိ ဗျတ္တိဗလကို မြင်ပြီးသော ယောကျ်ားမြတ်ဖြစ်ပါလျက် တယောက် အထီးတည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း၊ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်မှသာလျှင် နတ်နှင့်တကွသော လူအပေါင်းကို ထုတ်ဆယ်ကယ်တင်ပေတော့အံ့။

ဤသို့ ရဲရင့်စွာ ကြုံးဝါးတော်မူခဲ့သော ဗုဒ္ဓဝံသပါဠိတော်လာ စကားရပ်တို့သည် ယုံတမ်းစကားမျှသာလျှင် ဖြစ်ချေရာ၏။

(ခ) ပင်ပန်းဆင်းရဲခြင်း၏ အကြောင်းအရင်းဖြစ်သော ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊သိနိုင်ခဲ၏၊ ငြိမ်းအေး၏ ။ လ ။ ငါသည်လည်း တရားကိုဟောငြားအံ့ သူတပါးတို့သည်လည်း ငါ၏ (တရားကို) မသိနားမလည် ကုန်ငြားအံ့-ဟူသော စကားရပ်တို့သည်

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ-ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော တရားအစုံအာရုံအဘို့၌ ပိတ်ပင်တားဆီးခြင်းရှိတော်မမူ - ဟူသော အာဝေဏိကဂုဏ်တော်များကို ချိုးဖောက်လျက်ရှိနေပါသည်။

(ဂ) ထို့ပြင် သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ-ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အလုံးစုံသော ကာယကံ၊ အလုံးစုံသော

http://www.dhammadownload.com



ဝစီကံ၊ အလုံးစုံသော မနောကံတို့သည် ဉာဏ်သာလျှင် ရှေးသွား ရှိတော်မူပေ၏။ ဉာဏ်သို့သာလျှင် အစဉ်လိုက်၍ ဖြစ်တော်မူပေ၏။ ဟူသော အာဝေဏိကဂုဏ်တော်တို့မှာလည်း အဓိပ္ပါယ်မရှိတော့ချေ။ အကြောင်းမူကား ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတွေကို မမြင်ရာ ကျသောကြောင့်ပါတည်း။

(ဃ) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တော်၊ သတ္တဝါတို့၏ အလိုဆန္ဒ အဇ္ဈာသယကို သိသော အာသယာနုသယ ဉာဏ်တော်၊ အကြွင်းမရှိ အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်တော်၊ ပိတ်ပင်တားဆီးခြင်းမရှိ သိသော အနာဝရဏ ဉာဏ်တော် ဤလေးပါးသောဉာဏ်တော်တို့မှာလည်း မြတ်စွာဘုရား၌ ထိုအချိန် ထိုအခါက ကွယ်ပျောက်နေဘိသကဲ့သို့ ရှိနေပါသည်ဘုရား။

## ဒုတိယအချက်

၂။ မြတ်စွာဘုရား စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏။ ။ ဟူသော ဤစကားရပ်ကို လက်ခံအတည်ပြုပါလျှင်—

(က) သတ္တဝါတို့အား သံသရာဝဋ်မှ ထုတ်ဆောင် ကယ်တင် တော်မူရန် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လာတော်မူသော မြတ်စွာ ဘုရားအား—

အလိုဆန္ဒတော်၏ ယုတ်လျော့ခြင်းမရှိသော နတ္ထိ ဆန္ဒဿ ဟာနိ ဂုဏ်တော်။

တရားဟောတော်မူခြင်း၏ ယုတ်လျော့ခြင်းမရှိသော နတ္ထိ ဓမ္မဒေသနာယ ဟာနိဂုဏ်တော်။

http://www.dhammadownload.com



လုံ့လဝီရိယ ယုတ်လျော့ခြင်းမရှိသော နတ္ထိ ဝီရိယဿဟာနိ ဂုဏ်တော်။

ဤအာဝေဏိက ဂုဏ်တော်သုံးပါးတို့လည်း ထိုအချိန်က ကွယ်ပျောက်နေဟန်ရှိပါသည်။

(ခ) သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ သနားတော် မူတတ်သောမြတ်စွာဘုရားအား မဟာကရုဏာသမာပတ္တိ ဉာဏ်တော်နှင့်လည်း ထိုအချိန် ထိုအခါက ကင်းကွာနေသလိုဖြစ်နေပါသည်။

(ဂ) ကြောင့်ကြမဲ့ နေတော်မူခြင်း၏ အကြောင်းရင်းကို ကြည့်သောအခါ ငါသည်ခဲယဉ်းစွာကျင့်သဖြင့် ရထားသော တရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ။ ရာဂဒေါသ လွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

အဝိဇ္ဇာ မှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ့) အဆန်တရားကို မြင်ကြမည်မဟုတ်ချေ ဟူသော အကြံတော်ကို တွေ့ရပါသည်။ ဤစိတ်အကြံတော်ကို လက်ခံအတည်ပြုပါလျှင် ယခင်ပြဆိုခဲ့ပြီးသော–

ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်
သဗ္ဗညုတဉာဏ်တော်
အနာဝရဏဉာဏ်တော်

တို့မှာ လုံးဝအဓိပ္ပါယ်မရှိတော့ပါ။ အကြောင်းမှာ ကျွတ်တမ်းဝင်ရောက်ကြသော ဝေနေယျသတ္တဝါတွေ အထင်အရှားရှိနေသော ကြောင့်ပင် ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



## ဟတိယအချက်

၃။ သုံးကြိမ်တိုင်အောင် ဗြဟ္မာတောင်းပန်ရခြင်း၌—

(က) ဗြဟ္မာကို ဘုရားပြုလုပ်ပြီး ကိုးကွယ်နေသော ခေတ်ကာလ ဖြစ်၍ ဗြဟ္မာကိုယ်တိုင် လာရောက်တောင်းပန်အောင် ပရိယာယ် ဆင်တော်မူသည်ဟူ၍ အဖြေပေးကြသည်ကိုလည်း တပည့်တော် တွေ့ရှိရပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အနည်းငယ် ရှင်းပြလိုပါသည်။ စကားခြောက်ခွန်း ရှိရာ၌ မြတ်စွာဘုရားတို့ မည်သည်—

၁။ မှန်လည်းမှန်ရမည်၊ သူတဘက်သားလည်း နာလိုရမည်၊ အကျိုးလည်းရှိရမည်။

၂။ မှန်လည်းမှန်ရမည်၊ သူတဘက်သား မနာလိုသော်လည်း အကျိုးရှိရမည်။

ဟူသော စကားနှစ်ခွန်းကိုသာ မိန့်ကြားတော်မူလေ့ရှိပါသည်။ အကြင် စကားတခွန်းသည် မည်မျှပင် တဘက်သား နာလို၍ မည်မျှပင် အကျိုး ရှိမည်ဖြစ်သော်လည်း၊ ၎င်းစကားသည် မှန်ကန်သောစကား မဟုတ်လျှင် မြတ်စွာဘုရားတို့မည်သည် အဘယ်အခါမျှ ပြောရိုးထုံးတမ်းစဉ်လာ မရှိခဲ့ပါ။

လေးဆယ့်ငါးဝါပတ်လုံး ပဋ္ဌဝဂ္ဂိငါးဦးမှ အစပြု၍ သုဘဒ် အဆုံးရှိသော ကျွတ်တမ်းဝင်ကြသည့် မရေတွက်နိုင်အောင် များစွာ သော သတ္တဝါအပေါင်းတည်းဟူသော အလွန်ထင်ရှားသည့် သာဓက ကြီးများကို ထောက်ထားခြင်းအားဖြင့် သဟံပတိဗြဟ္မာကြီးက လျှောက် ထားရာတွင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုံးကြိမ် တိုင်တိုင် ပြန်၍ အမိန့်ရှိသည်ဟု ဖော်ပြထားသော စကားများမှ အလွန် မှားယွင်းသော စကားများဖြစ်နေကြောင်း လယ်ပြင်တွင် ဆင်သွား သကဲ့သို့ ထင်ရှားလျက်ရှိပါသည်။

http://www.dhammadownload.com



သဟံပတိဗြဟ္မာကြီးက တရားဟောရန်တောင်းပန်စေလိုသော ကြောင့် ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ–တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မမှန်သောစကားကို ပြောရန် မလိုပါ၊ ဗြဟ္မာမင်းက တရားဟောရန် တောင်းပန်စေလိုသည်ဟူ၍ အလိုဆန္ဒတော် ရှိရုံမျှနှင့် ထိုဆန္ဒတော်အတိုင်း လုံးဝဥဿုံ အကုန်ပြီးစီး နိုင်ရာပါသည်။

(ခ) ကိလေသာ အာသဝေါတရား ကုန်ခန်းပြီးသောပုဂ္ဂိုလ် တို့အား ဆုတ်နစ်သော စိတ်မရှိကြကုန်ဟု မြတ်စွာဘုရား ဟောတော် မူသော်လည်း ကိုယ်တော်၏ အဘို့မှာကား ဗြဟ္မာကြီးက သုံးကြိမ် တိုင်အောင် တိုက်တွန်းနိုးဆော်နေရသောကြောင့် ကိုယ်တော်၏ သန္တာန်၌ ဆုတ်နစ်သောစိတ်ရှိနေသလိုဖြစ်ပါသည်။ ယင်းသို့ ဆုတ်နစ်သော စိတ်ရှိ နေသေးလျှင် ကိလေသာ အာသဝေါတရား မကုန်ခန်းသေးဟု ဆိုဘွယ် ရာဖြစ်နေပါသည်။

## စတုတ္ထအချက်

၄။ သဟံပတိဗြဟ္မာအား မြတ်စွာဘုရားသခင် သုံးကြိမ်မြောက် မိန့်တော်မူသောစကား၌ ဗြဟ္မာ... လေ့လာပြီးသော တရားမြတ်ကို ပင်ပန်း ရုံရှိမည်ထင်၍ လူတို့အား တရားမဟောဘဲ နေရန် စိတ်ညွတ်ခဲ့လေ၏ ဟူ၍ ဖော်ပြထားပါသည်။ ဤစကားရပ်ကိုလက်ခံ အတည်ပြုပါလျှင်–

(က) မြတ်စွာဘုရားဟူ့မည်သည် လောကဓမ္မတာအလျောက် သုံးကြိမ်တိုင်အောင် မိန့်ဆိုတော်မူသော်လည်း တခွန်းတည်းသော စကား ဖြင့်သာလျှင် အမှန်ကို ပြောလေ့ရှိတော်မူ၍ အရင်ဟာ မှားသည် နောက်ဟာ မှန်သည်ဟု ပြောင်းလဲခြင်းမရှိပေ။ သို့ရာတွင် ဤဗြဟ္မာ

http://www.dhammadownload.com



တောင်းပန်ခဏ်းကျမှ ပဋ္ဌမ ဒုတိယအကြိမ်ကတမျိုး၊ တတိယ အကြိမ်ကျမှ တဖုံဖြစ်နေ၍ ရှေ့စကားနောက်စကား ဆန့်ကျင်လျက် ရှိနေပါသည်။

(ခ) ထိုမိန့်ခွန်းတော်၌ပင် (ပင်ပန်းရုံသာရှိမည်ထင်၍)ဟူသော စကားတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို တိုက်ရိုက်လွှမ်းမိုး ဖိစီးထားသော စကားဖြစ်သည်မှာ အလွန် ထင်ရှားလျက်ရှိပါသည်။ သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်ဘုရားသခင်တို့မည်သည် ဒီကိစ္စကို အစတုန်းက ထည့်သွင်းပြီး ငါမစဉ်းစားခဲ့ဘူး။ အဲဒီလို မစဉ်းစားမိတဲ့အတွက် ဒီလို အထင်ရောက်တယ်၊ အခုတော့ ငါစဉ်းစားမိပြီ၊ အရင်တုန်းကလို မထင်တော့ဘူးဟူသော မိန့်ခွန်းတော်မျိုးကို မည်သည့်အခါမျှ ပြောမည် မဟုတ်ပါ။ ဤအတိုင်းပြောသည်ဟု ဆိုသော်–

မှားယွင်းချွတ်ချော် မတော်သမှုပြုတော်မူခြင်း မရှိသော နတ္ထိ ရဝါဂုဏ်တော်။

ဉာဏ်တော်၏ မစေ့ မစပ် လစ်လပ်ဟာဟင်းခြင်း မရှိသော နတ္ထိ အပ္ဖုဋ္ဌံ ဂုဏ်တော်။

သတိလွတ်လျော့ အဆောတလျင် ပြုတော်မူခြင်းမရှိသော နတ္ထိ ဝေဂါယိတတ္တံဂုဏ်တော်။

အကြောင်းကိစ္စ အမှုခြင်းရာကို ကြုံလာဆိုက်ရောက် မထောက် မလှမ်း စူးစမ်းမရှိ သတိမဝင် မဆင်ခြင်ဘဲပြုတော်မူခြင်းမရှိသော နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာဂုဏ်တော်။

ဤအာဝေဏိကဂုဏ်တော်လေးပါးတို့ကို ဖျက်ဆီးရာ ကျနေပါသည်။

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအရပ်ရပ်ကို ပေါင်းစပ် ဆင်ခြင် ဝေဘန်ခဲ့သော်၊ ဤဗြဟ္မယာစနကထာ မည်သော ဗြဟ္မာ တောင်းပန်

http://www.dhammadownload.com



ခဏ်းသည် မြတ်စွာဘုရား၏ဂုဏ်တော်ကို ချီးကျူးရာ မရောက်ပဲ ညှိုးမှိန်သေးသိမ်အောင် ပြုလုပ်ရာ ရောက်နေသည်ဟု ထင်မြင်ပါသည်။

ဤဆိုလတ္တံ့သော ဥပမာဖြင့် မနိုင်းကောင်းသော်လည်း ထင်ရှားအောင်ပြလိုပါသည် ဘုရား။ ခြင်္သေ့မင်းကို ချီးကျူးရာ၌ ဒရယ် ယုန် ကြောင်၊ တွေ့တိုင်း အောင်သား၊ တောတောင်သနင်း၊ ခြင်္သေ့ မင်းဟု ချီးကျူးလိုက်ခြင်းအားဖြင့် ခြင်္သေ့မင်း၏ဂုဏ်ကို ချီးကျူးရာ မရောက်တော့ပဲ ခြင်္သေ့မင်းကိုပင် နှိမ့်ချရာရောက်နေပါသည်။

ထို့အတူ ဗြဟ္မာကပင်လျှင် ဘုရားသခင်အား လာရောက် တောင်းပန်ရသည်ဟူသော ဗြဟ္မယာစနကထာ၌ ဘုရားဂုဏ်တော် များနှင့်မလျော်သော စကားများကို ထည့်သွင်းလိုက်ခြင်းအားဖြင့် ဘုရားကို ချီးကျူးရာမရောက် နှိမ့်ချရာပင် ရောက်လျက်ရှိနေပါသည်။

## တပည့်တော်၏ယူဆချက်

မြတ်စွာဘုရားသခင်သည် အဇပါလ ညောင်ပင်ရင်း၌ နေတော် မူသောအခါ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ တရားဟောဘို့ရန် ကြံစည်တော်မူစဉ်မှာ သဟံပတိဗြဟ္မာမင်းက မြတ်စွာဘုရားကို အားလျော့ပြီ ဟု အထင်မှားသဖြင့် လာရောက်၍ တောင်းပန်ပါလိမ့်မည်။ မြတ်စွာ ဘုရားကလည်း တရားတော်ကို မြတ်နိုးကြစေရန်အလို့ငှာ တရားတော်ကို တန်ဘိုးရှိစေရန်အလို့ငှာ နှစ်ကြိမ်တိုင်တိုင် မပြောမဆို ဆိတ်ဆိတ် နေတော်မူပါလိမ့်မည်။ ဗြဟ္မာ ကလည်း စကားတုံ့ပြန်မရသဖြင့် သုံးကြိမ်တိုင်အောင် တောင်းပန် လျှောက်ထားပါလိမ့်မည်။ မြတ်စွာဘုရား ကလည်း သုံးကြိမ်မြောက်ကျမှ တရားဟောတော်မူမည့်အကြောင်း နှုတ်ဖြင့် မိန့်မြွက်၍ ဝန်ခံတော်မူပါလိမ့်မည်။

နောက် ကာလရွေ့လျောလာသောအခါ သဟံပတိဗြဟ္မာမင်း၏ အထင်မှားမှုအခြင်းအရာကိုပင် မြတ်စွာဘုရား၏ စိတ်အကြံတော် ဖြစ်လေ

http://www.dhammadownload.com



ဟာန် ရေးသားစီရင်ထည့်သွင်းထားသည်ဟု ယူဆပါသည်ဘုရား။

အထူးလျှောက်ထားလိုပါသည်မှာ– ဤဗြဟ္မယာစနကထာမည်သော ဗြဟ္မာတောင်းပန်ခဏ်းကို မဟာပရိနိဗ္ဗာနသုတ်လာ မဟာပဒေသတရားလေးပါးနှင့် လျော်ညီစွာ အခြားသောပါဠိတော်များနှင့် ညှိနှိုင်းချိန်ထိုးတော်မူ၍ ယုံကြည်လိုက်နာအပ်သည့် တိကျမှန်ကန်သော အဖြေကို ပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် လဒ္ဓိပေသလ သိက္ခာကာမ တိပိဋကဓရ ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက ယုတ္တမုတ္တဝါဒီ နိကာယတ္တယ ရဒသီဖြစ်တော်မူကြသော ဆဋ္ဌသံဂါယနာ သံဃနာယက ဆရာတော်ဘုရားကြီးအမှူးရှိသော ဆဋ္ဌသံဂီတိကာရက မမ္ဗသံဂါဟက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

မောင်နု

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဝန်ကြီးချုပ်။

http://www.dhammadownload.com



## ဗြဟ္မယာစနကထာ ဝိသဇ္ဇနာ

**အာသီသဂါထာ**

စတုရောဃသမုတ္တိဏ္ဏော၊
စတုဌာနဝိသာရဒေါ။
စတသော နောပါသကသာ၊
နာထော ကခါ ပနူဒတံ။ ။

သြဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် ဘက်ကမ်းရောက်ပြီးမှ များမြောက်လှစွာသော သတ္တဝါဝေနေယျတို့ကို ထုတ်ဆယ်ကယ်တင်တော် မူတတ်သော ဗုဒ္ဓအာဝ, အာသဝက္ခယ, အန္တရာယိက, နိယျာနိကဒေသနာ, ဤလေးဌာနတို့၌ ရဲရင့်သော စတုပေသာရဇ္ဇဉာဏ်တော်ရှင် ဖြစ်တော်မူသော လူသုံးပါးတို့၏ ကိုးစားရာ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ သာသနဒါယကာ ရတနာသုံးရပ်ကို ဆည်းကပ်ခိုလှုံ ကြည်ယုံလေ့ရှိသော နိုင်ငံတော်ဝန်ကြီးချုပ်၏ သန္တာန်ဝယ် ဖြစ်ပွားလျက်ရှိသည့် ဗြဟ္မယာစနကထာ(ဗြဟ္မာတောင်းပန်ခဏ်း)နှင့် ပတ်သက်သောယုံမှားခြင်းလေးရပ်ကို ပယ်ဖျက်သုဓ်သင် နုတ်ထွင်ရှင်းလင်းတော်မူပါစေသတည်း။

### ပဋိညာ=ဝန်ခံခြင်း

၁၃၁၇-ခုနှစ် ပဌမဝါဆိုလဆန်း(၈)ရက်နေ့ ကျင်းပသည့် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ အစည်းအဝေးကြီးမှ ဆွေးနွေး ဆုံးဖြတ် လွှဲအပ်တာဝန်ပေးချက်ကို ဦးထိပ်ရွက်ပန်ဆင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနု မေးလျှောက်အပ်သော ဗြဟ္မယာစနကထာပြဿနာကို အကျဉ်းအကျယ် နှစ်သွယ်သောအပိုင်းအခဏ်းတို့ဖြင့် ဉာဏ်စွမ်းသိမှီသမျှ ဖြေဆိုရေးသားပေအံ့။

http://www.dhammadownload.com



## ကောက်နုတ်ချက်

ရှေးဖော်ပြရာပါ ဗြဟ္မယာစနကထာပြဿနာ၌ မေးမြန်းလျှောက်ထားလိုရင်းဖြစ်သော စကားရပ်တို့ကို အကျိုးအကြောင်းနှင့်တကွ အကျဉ်းချုပ် ကောက်နုတ်ထုတ်ယူသည်ရှိသော် ဤဆိုလတ္တံ့သောအတိုင်း မူလအခြေတည်စကားရပ်(၁)နှင့် သဘောမကျ ယုံမှားသံသယဖြစ်နေသော အချက်ကြီး(၄)ချက်တို့ကို တွေ့ရှိရပေသည်။ ၎င်းတို့မှာ—

၁။ မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးစက တရားမဟောရန် အကြံတော်ဖြစ်နေ၍ သဟံပတိဗြဟ္မာမင်းလာရောက်တောင်းပန်မှသာ တရားဟောတော်မူသည်ဟူသော အကြောင်းအရာကို ငယ်စဉ်ကပင်ကြားရဘူးပြီး နီးစပ်ရာ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့ကို လျှောက်ထားမေးမြန်းပါသော်လည်း ကျေနပ်လောက်သော အဖြေကို ယနေ့တိုင်မရခဲ့သေးပါ– ဟူသော မူလအခြေတည် စကားရပ်(၁)နှင့်–

၁။ ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှင်းဆဲရုံသာဖြစ်ရာ၏– ဟူသောအချက်။

၂။ မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏–ဟူသောအချက်။

၃။ သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏– ဟူသောအချက်။

၄။ ဗြဟ္မာ... လေ့လာပြီးသော တရားကို ပင်ပန်းရုံရှိမည်ထင်၍ လူတို့အား တရားမဟောပဲ နေရန် စိတ်ညွတ်ခဲ့ပေ၏–ဟူသောအချက်။

http://www.dhammadownload.com



ဤအချက်ကြီး (၄)ချက်တို့ပင်ဖြစ်သည်။ ထိုအချက်ကြီး (၄)ချက်တို့တွင်–

(၁)အချက်ဖြစ်သည့်–

"ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာဖြစ်ရာ၏"–ဟူသောစကားရပ်ကို–

မုတ္တောဟံ မောစေဿာမိ(သံသရာဝဋ်မှ ငါကျွတ်လွတ်လျှင် သတ္တဝါအပေါင်းကိုလည်း ကျွတ်လွတ်စေမည်)– အစရှိသည်ဖြင့် သုမေဓာ ဘဝက ဖြစ်ခဲ့သော အကြံတော်ကြီးသုံးပါးနှင့် ၎င်း၊ ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ–အစရှိသည်ဖြင့် (အားစွမ်းသတ္တိကို မြင်ပြီးသော ယောကျ်ားမြတ်ဖြစ်ပါလျက် တယောက်အထီးတည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်အောင်ကြိုးကုတ် အားထုတ်ပြီးလျှင် နတ်နှင့်တကွသော လူအပေါင်းကို ထုတ်ဆယ် ကယ်တင်ပေအံ့) ဟူသော ဗုဒ္ဓဝင်ပါဠိတော်လာ ကြုံးဝါးချက်နှင့် ၎င်း၊ ဆန့်ကျင်သောကြောင့် ယုံမှားသံသယ သဘော မကျ ရှိနေပါသည်။

ဤတွင်မှုမကသေး– ပင်ပန်းရုံသာရှိမည်ဟု အကြံဖြစ်ရခြင်း၏ အကြောင်းရင်းအခြေခံဖြစ်သော "ငါသိထားသော ဤတရားကား နက်နဲ၏၊မြင်နိုင်ခဲ (ပ) ငါသည်တရားကို ဟောငြားအံ့၊ သူတပါးတို့ သည်လည်း ငါ၏တရားကို နားမလည် မသိကုန်ငြားအံ့" ဟူသော စကားရပ်သည်လည်း ကျွတ်ထိုက်သူ ဝေနေယျသတ္တဝါတွေ များစွာရှိ ပါလျက် ထိုဝေနေယျတို့ကို မမြင်ရာကျသောကြောင့် အာဝေဏိက ဂုဏ်တော် တဆယ့်ရှစ်ရပ် အပါ အဝင်ဖြစ်သော တေကာလိက အပ္ပဋိဟတ (ကာလသုံးပါး၌ ဖြစ်သမျှ တရားအစုဝယ် အပိတ်အပင်မရှိ သိမြင် နိုင်သော) ဉာဏ်တော်၊ အလုံးစုံသော ကာယကံမှု ဝစီကံမှု မနောကံမှု တို့၌ ဉာဏ်တော်

http://www.dhammadownload.com



ရှေ့သွားရှိခြင်းတည်းဟူသော ဂုဏ်ကျေးဇူးတော်တို့နှင့်တကွ အာသယာနုသယဉာဏ်တော် ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် အနာဝရဏဉာဏ်တော် သဗ္ဗညုတဉာဏ်တော်တို့ကို လွှမ်းမိုး ချိုးဖောက်ရာ ကျသောကြောင့် ထို(အကြောင်းရင်းအခြေခံ)စကားကိုလည်း ယုံမှား သံသယသဘောမကျရှိနေပါသည်။

(၂) အချက်ဖြစ်သည့်–

"မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန်ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန်ညွတ်တော်မူ၏" ဟူသောစကားရပ်ကို–

သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးကယ်ချွတ်ရန် ပွင့်တော်မူလာသော မြတ်စွာဘုရားအား ဆန္ဒတော်၏ယုတ်လျော့မှု မရှိခြင်း (နတ္ထိ ဆန္ဒဿဟာနိ)ဂုဏ်တော်၊ ဝီရိယတော်၏ ယုတ်လျော့မှုမရှိခြင်း (နတ္ထိ ဝီရိယဿဟာနိ)ဂုဏ်တော်၊ တရားဟောတော်မူခြင်း၏ ယုတ်လျော့မှုမရှိခြင်း (နတ္ထိ ဓမ္မဒေသနာယဟာနိ)ဂုဏ်တော်၊ ဤ အာဝေဏိကဂုဏ်တော်တို့နှင့် ဆန့်ကျင်နေသောကြောင့် ယုံမှား သံသယ သဘောမကျရှိနေပါသည်။

ဤတွင်မျှမကသေး ထိုကဲ့သို့ တရားမဟောရန် စိတ်ညွတ်တော်မူခြင်း မှန်ပါလျှင် သတ္တဝါတို့အား သနားရာမရောက်သောကြောင့် မြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့်လည်း ဆန့်ကျင်လျက် ရှိနေပါသည်။

လျှောက်ထားဘွယ် ကျန်ပါသေးသည်။ ကြောင့်ကြမဲ့နေတော်မူလိုခြင်း၏ အကြောင်းရင်းကို ကြည့်သောအခါ ကိစ္ဆေန မေ အဓိဂတံ ဟလံ ဒါနိ ပကာသိတုံ၊ စသော ၂–ဂါထာတို့ဖြင့် ပြအပ်သော (ငါသည်ခဲယဉ်းစွာကျင့်သဖြင့် ရထားသောတရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ။ ရာဂဒေါသ လွှမ်းမိုးနေသောသူတို့သည် ဤတရားကို

http://www.dhammadownload.com



လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ)။ (အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ့)အဆန်တရားကို မြင်နိုင်ကြမည်မဟုတ်ချေ) ဟူသောအကြံတော်ကို တွေ့ရပါသည်။

ထိုအတိုင်း အကြံဖြစ်ခြင်း မှန်ပါက **ကျွတ်တမ်းဝင်ကြမည့် ဝေနေယျ သတ္တဝါတွေအများကြီးရှိပါလျက် ထိုသတ္တဝါတို့၏ကျွတ်ခွင့် အနအရင့်ကိုရင်း ထိုသတ္တဝါတို့ကိုရင်း မမြင်ရာကျသောကြောင့်** မြတ်စွာဘုရား၏ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် သဗ္ဗညုတဉာဏ် အနာဝရဏ ဉာဏ်တော်တို့သည် အဓိပ္ပါယ်မရှိရာ ရောက်တော့မည်၊ ထို့ကြောင့် ဤအကြံဖြစ်ချက်ကိုလည်း လက်မခံနိုင် သဘောမကျနိုင်ရှိနေပါသည်။

(၃) အချက်ဖြစ်သည့်–

"သုံးကြိမ်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏" ဟူသော စကားနှင့် စပ်လျဉ်း၍ **ဗြဟ္မာကို ဘုရားပြုလုပ်ပြီး ကိုးကွယ်နေကြသော ခေတ်ဖြစ်၍ ဗြဟ္မာကိုယ်တိုင် လာရောက်တောင်းပန်အောင် ပရိယာယ်ဆင်တော်မူသည်**ဟူ၍ အဖြေပေးကြသည်ကိုလည်း တပည့်တော် ကြားရဘူးပါသည်။

ဗြဟ္မာက တောင်းပန်စေလိုသည့်အတွက် ပရိယာယ်ဆင်ရန် မလိုပါ၊ ဗြဟ္မာမင်းက တရားဟောရန်တောင်းပန်စေလိုသည်ဟု အကြံ တော်ဖြစ်ရုံ အလိုတော်ရှိရုံမျှဖြင့်ပင် အနန္တ ဘုန်းတော်ရှင် ဖြစ်သောကြောင့် ထိုဆန္ဒတော်အတိုင်း လုံးဝဥသုံအကုန်ပြည့်စုံနိုင်ရာပါသည်။

သုံးကြိမ်တိုင်တိုင် သဟံပတိဗြဟ္မာကြီးနှင့် အချီအချ ပြောဆို ကြသောအကြောင်းအရာပါ "ကိုယ်တော်က တရားဟောသော်လည်း သတ္တဝါတွေက သိနိုင်မည်မဟုတ်" ဟူသော စကားရပ်မှာလည်း **ပဥ္စဝဂ္ဂီမထေရ် ငါးဦးကအစ သုဘဒ္ဒပရိဗိုဇ်ကျအောင် ကျွတ်တမ်းဝင်ကြ၊ တရားကို သိကြသည့် ဝေနေယျသတ္တဝါတွေ အထင်အရှားရှိ နေပါသောကြောင့်** "ငါတရား

http://www.dhammadownload.com



ဟောသော်လည်း သတ္တဝါတွေ သိနိုင်မည် မဟုတ်”ဟု သဟံပတိ ဖြဟ္မာကြီးအား မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် ပြန်၍ အမိန့်ရှိသည်ဟူသော စကားမှာ အလွန် မှားယွင်းသော စကားဖြစ်နေပါသည်။

မြတ်စွာဘုရားတို့မည်သည် (၁) မှန်လည်းမှန်ကန်၊သူလည်းနာလို၊ အကျိုးလည်းရှိသောစကား။ (၂)သူပင်မနာလိုသော်လည်း မှန်ကန်၍ အကျိုးရှိသောစကား။ ဤစကားနှစ်မျိုးကိုသာ ပြောရိုး ဟောရိုးဖြစ်ပါသည်။ “ငါတရားဟောသော်လည်း သတ္တဝါတွေ သိနိုင်မည်မဟုတ်” ဟူသော စကားမှာ သိကြမည့် သတ္တဝါတွေ မရေမတွက်နိုင်အောင် များစွာရှိနေရကား မမှန်သောစကား ဖြစ်နေပါ၍၊ ထိုစကားမျိုးကို မြတ်စွာဘုရား မိန့်ကြားတော်မူမည် မဟုတ်ပါ။

(၄)အချက်ဖြစ်သည့်–

သဟံပတိဖြဟ္မာအား မြတ်စွာဘုရားသခင် သုံးကြိမ်မြောက် မိန့်တော်မူသော စကား၌ “ဖြဟ္မာ...လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား တရားမဟောပဲနေရန် စိတ်ညွတ်ခဲ့ပေ၏” ဟူသော စကားရပ်ပါရှိလာရာ–

မြတ်စွာဘုရားတို့မှာ လောကဓမ္မတာအလျောက် သုံးကြိမ်တိုင်အောင် မိန့်ဆိုတော်မူသော်လည်း မှန်ကန်၍ တခွန်းတည်းသော စကားကိုသာလျှင် မိန့်ဆိုလေ့ရှိတော်မူသဖြင့် ရှေ့တမျိုး နောက်တဖုံ ပြောင်းလဲခြင်းမရှိပါ။ ဤဖြဟ္မာတောင်းပန်ခဏ်းကျကာမှ ပဌမ ဒုတိယ အကြိမ်ကတမျိုး, တတိယအကြိမ်မှာတဖုံ ဖြစ်နေ၍ ရှေ့နောက်စကား ဆန့်ကျင်လျက်ရှိနေပါသည်။

ထိုမိန့်ခွန်းတော်၌ပင်လျှင်“ပင်ပန်းရုံသာ ရှိမည်ထင်၍” ဟူသော စကားသည် သဗ္ဗညုတဉာဏ်တော်ကို တိုက်ရိုက်လွှမ်းမိုး ဖိစီး

http://www.dhammadownload.com



ထားသောစကားဖြစ်သည်မှာ အလွန် ထင်ရှားနေပါသည်။ သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်တို့မည်သည်–

"ဒီကိစ္စကို အစတုန်းက ထည့်သွင်းပြီး ငါမစဉ်းစားခဲ့မိဘူး၊ အဲဒီလို မစဉ်းစားခဲ့မိတဲ့အတွက် ဒီလိုအထင်ရောက်မိတယ်၊ ယခုတော့ ငါ စဉ်းစားမိပြီ၊ အယင်တုန်းကလို မထင်တော့ဘူး"ဟူသော အဓိပ္ပါယ်မျိုး သက်ရောက်သည့် မိန့်ခွန်းတော်မျိုးကို မည်သည် အခါမျှ မိန့်ကြား တော်မူမည် မဟုတ်ပါ။ ဤအတိုင်း မိန့်တော်မူသည်ဟု ဆိုလျှင်လည်း နတ္ထိရဝါဂုဏ်တော်, နတ္ထိအပ္ပဋိဟုဉာဏ်တော်, နတ္ထိဝေဂါယိ တတ္တဂုဏ်တော်, နတ္ထိအပ္ပဋိသင်္ခါနုပေက္ခာ ဂုဏ်တော်၊ ဤအာဝေဏိက ဂုဏ်တော်လေးပါး တို့ကို ဖျက်ဆီးရာ ကျနေပါသည်။

ဤဆိုအပ်ပြီးသော အကြောင်းအရပ်ရပ်တို့ကို ပေါင်းစပ် ထောက်ထားသောအားဖြင့် ဤဗြဟ္မယာစနကထာ(ဗြဟ္မာတောင်းပန် ခဏ်း)သည် မြတ်စွာဘုရား၏ဂုဏ်တော်ကို ချီးကျူးရာမရောက်ပဲ တိုက်ရိုက်လွှမ်းမိုး ဖိနှိမ်ချိုး၍ ညှိုးမှိန်အောင်ပြုလုပ်သကဲ့သို့ ရှိနေပါ သောကြောင့် မဟာပရိနိဗ္ဗာနသုတ်တော်လာ မဟာပဒေသကြီး လေးပါးနှင့် လျော်ညီစွာ အခြားပါဠိတော်များနှင့်ညှိနှိုင်း၍ ယုံကြည် လိုက်နာ မှတ်သားရမည့် တိကျမှန်ကန်သောအဖြေကို ပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရားဟူ၍ လျှောက်ထားမေးမြန်း လိုရင်း ဖြစ်သည်။

http://www.dhammadownload.com



## ဗြဟ္မယာစနကထာ သံခေပဝိသဇ္ဇနာ

### (အကျဉ်းချုပ် အဖြေ)

ဤသို့ဖော်ပြရာပါ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ ဗြဟ္မယာစနကထာ(ဗြဟ္မာတောင်းပန်ခဏ်း)နှင့် စပ်သော ပြဿနာအကျယ်စကားရပ်၌ မေးလိုရင်းဖြစ်သော အချက်ကြီး(၅)ရပ်တို့ကို ရှေးဦးစွာ အကျဉ်းချုပ်ဖြေဆိုပေအံ့။

(၁)အမှတ်ပါ –

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကိုရတော်မူပြီးစက တရားမဟောရန် အကြံတော်ဖြစ်နေ၍ သဟံပတိဗြဟ္မာမင်းလာရောက်တောင်းပန်မှသာ တရားဟောတော်မူသည်–ဟူသော မူလအခြေတည် စကားရပ်၌–

သတ္တဝါတို့အား တရားမဟောတော့ဘူးဟု လုံးဝလက်လွှတ်စွန့်ပစ်လိုက်သောအနေဖြင့် အကြံတော်ဖြစ်ခြင်းမဟုတ်ပေ။ (ထိုအဓိပ္ပာယ်အကျယ်အဖြေ၌ ထင်ရှားလတ္တံ့) စင်စစ်သော်ကား ဤမျှလောက် ကိလေသာထူပြောနေသော သတ္တဝါများကို အဘယ်ပုံ အဘယ်နည်းဖြင့် သစ္စာလေးပါး တရားနက်ကို သိစေရပါမည်နည်းဟု သတ္တဝါတို့ သစ္စာလေးပါးတရားသိရေးအတွက် ကြံစည်တော်မူသော အကြံမျိုးသာ ဖြစ်သည်။

တရားမဟောရန် အကြံတော်ဖြစ်ခြင်းမဟုတ်။ ကိလေသာဟူ အနာရောဂါထူလှသော သတ္တဝါဗိုလ်လူတို့အတွက် ထိုကိလေသာ အနာပျောက်အောင် ဘယ်သို့ပြုစုကုမ ဟောပြရပါမည်နည်း၊ အဘယ်သို့သော အကြောင်းဥပါယ်သိစေလွယ်သည့် အခွင့်အလမ်း ရှိသနည်းဟု တရားမဟောခင် ကြိုတင်၍ သိလွယ်စေရန် အကြောင်းဥပါယ်ကို စဉ်းစားလျက်

http://www.dhammadownload.com



လက်ငင်းချက်ခြင်းတရားဟောမှု၌ လုံ့လမပြုသေးသော စိတ်တော်ဖြစ်၍ နေသည်ကိုပင်(ပါဠိတော်၌ အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ) တရားဟောရေး၌ အားထုတ်မှု မရှိသေးသည်၏အဖြစ်ဖြင့် စိတ်တော်ညွတ်လျက်ရှိ၏ဟု ဟောတော်မူခြင်းဖြစ်သည်။

ဤ အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ- ဟူသော ပါဠိတော်ကို တရားမဟော အပ္ပေါဿုက္က ကြောင့်ကြမဲ့နေရန် စိတ်တော်ညွတ်၏ ဟု အစဉ်အဆက်အနက်ပြန်ကြသောကြောင့်သာ "မြတ်စွာဘုရား သခင်သည် သဗ္ဗညုတဉာဏ်ကိုရတော်မူပြီးစက တရားမဟောရန် အကြံတော် ဖြစ်နေသည်"ဟု ပြောရိုး ဆိုစမှတ် ပြုကြခြင်းဖြစ်သည်၊ တရားမဟောရန် ဘယ်သောအခါကမှ မကြံခဲ့။

သဘောမကျ သံသယဖြစ်နေသော အချက်ကြီး (၄)ရပ် တို့တွင်-

(၁)အမှတ်ပါ-

ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ ဟူသော အကြံတော်မှာလည်း **မသိသောသူတို့အား** ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏။ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ဟု အဋ္ဌကထာအဖွင့်အတိုင်း ထည့်သင့်သော (မသိသောသူတို့အားဟူသော)ပုဒ်ကို ထည့်စွက်အနက်ပေး မှတ်ယူရမည်ဖြစ်၍ သုမေဓာဘဝက ဖြစ်ခဲ့သော အကြံတော်များ, ဗုဒ္ဓဝင် ပါဠိတော်လာ ကြုံးဝါးချက်များနှင့် မဆန့်ကျင်ပေ။ ။(အကျယ်အဖြေ၌ ထင်ရှားလတ္တံ့)။

(၂)အမှတ်ပါ-

မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ **ကြောင့်ကြမဲ့နေရန်ညွတ်တော်မူ၏**- ဟူရာ၌လည်း

http://www.dhammadownload.com



**ကြောင့်ကြမဲ့နေရန်**ဟု အစဉ်အဆက် မြန်မာပြန်ချက်မှ စပ်ဆက်၍ အာဝေဏိကဂုဏ်တော် မဟာကရုဏာဂုဏ်တော် ဣန္ဒြိယပရောပရိယတ္တိစသော ဉာဏ်တော်တို့ အခိပ္ပါယ်မရှိရာရောက်မှု တိုင်အောင်သော ယုံမှားချက် သံသယ အပြစ်ဒေါသများ ပွားစီးလာခြင်းဖြစ်သည်။

စင်စစ်မှာမူ"ဤသို့ သတ္တဝါတို့၏ ကိလေသာထူပြောပုံ တရားတော်၏နက်နဲပုံတို့ကို စဉ်းစားဆင်ခြင် ပစ္စဝေက္ခဏာဉာဏ် ဝင်နေသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် လောလောဆယ် ချက်ခြင်းလက်ငင်း တရားဟောရန် ညွတ်တော်မမူသေးပဲ တရားဟောရန်အတွက် အားထုတ်မှုမရှိသေးသော အဖြစ်ဖြင့်သာ စိတ်ညွတ်တော်မူ၏"ဟု ထိထိရောက်ရောက် မြန်မာပြန်ဆိုရပေမည်။ ထိုသို့ ထိရောက်စွာ မြန်မာပြန်လျှင် ဖော်ပြရာပါယုံမှားချက် သံသယ အပြစ်ဒေါသများ ပွါးစီးလာမည်မဟုတ်။

**ကြောင့်ကြမဲ့နေရန်** ဟူသောစကားလုံးအစား အဋ္ဌကထာ အဖွင့်နှင့်အညီ **လောလောဆယ်တရားဟောရေး အားမထုတ်သေး သည်၏အဖြစ်ဖြင့်** ဟု မြန်မာပြန်ဆိုရမည်ဖြစ်သောကြောင့် ပုစ္ဆာပါ အပြစ်ဒေါသများ စွန်းငြိခြင်း မရှိပဟု ဆိုလိုသည်။

(၃)အမှတ်ပါ--

သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏ ဟူသော ဤအချက်၌ကား--ဝိနည်း မဟာဝဂ္ဂပါဠိနှင့် ဒီဃနိကာယ်မဟာပဒါနသုတ်ပါဠိတော်တို့၌ သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ကြောင်း လာရှိ၍ သံယုတ္တနိကာယ်နှင့် မဇ္ဈိမနိကာယ်တို့၌ကား တကြိမ် တောင်းပန်ချက်သာ လာရှိသည်။ ဓမ္မဂါရဝ ဖြစ်စေမည့် အရာဖြစ်၍ သုံးကြိမ် တောင်းပန်သည်ဟုပင် မှတ်ယူသင့်သည်။ တကြိမ်သာ တောင်းပန်ချက်လာရှိ၌ကား အကျဉ်းပြသခေ်ပဒေသနာမျိုးဖြစ်၍ အကျယ်မပြဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com



မည်သို့ပင် ကျမ်းဂန်အသွား ကွဲပြားရှိစေကာမူ မေးလျှောက်ရင်းဖြစ်သော ဝိနည်း မဟာဝဂ္ဂပါဠိတော်၌ သဟံပတိ ဗြဟ္မာကြီးနှင့် အလှည့်အလည် ပြောဆိုရာအခဏ်းဝယ် "ကိုယ်တော်က တရားဟောသော်လည်း သတ္တဝါတွေက သိမည်မဟုတ်"ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူချက်မှာ (ဝန်ကြီးချုပ်၏ အကြောင်းပြချက်၌ ပါရှိသော) ပဉ္စဝဂ္ဂီ မထေရ်ငါးဦးအစ သုဘဒ္ဒပရိဗိုဇ် တိုင်အောင် ကျွတ်တမ်းဝင်ကြ, တရားကိုသိကြသည့် ဘဗ္ဗပုဂ္ဂိုလ်တို့ကို ရည်ညွှန်း၍ မိန့်ကြားခြင်းမဟုတ်။ မသိမည့် မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်တို့ကိုသာ ရည်ညွှန်း၍ မိန့်ကြားခြင်းဖြစ်သောကြောင့် မှားယွင်းသည်ဟု မဆိုနိုင် မဆိုသင့်။

ဗြဟ္မာက တောင်းပန်အောင် ပရိယာယ်ဆင်ခြင်းလည်း အလျဉ်းပင် မဟုတ်ချေ။ စင်စစ်သော်မူ- ဤသို့အကြံဖြစ်လျှင် ဓမ္မနိယာမအတိုင်း ဗြဟ္မာလာရောက်၍ တောင်းပန်လိမ့်မည်ကို စောစီးကကြိုတင် သဗ္ဗညုတဉာဏ်ရှင်ပီပီ သိမြင်တော်မူနှင့်ခြင်းသာ ဖြစ်သည်။ (အကျယ်အဖြေ၌ ထင်ရှားလတ္တံ့.)။

(၄)အမှတ်ပါ–

ဗြဟ္မာ၊ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာရှိမည်ထင်၍ လူတို့အားတရားမဟောပဲနေရန် စိတ်ညွှတ်ခဲ့ပေ၏ ဟူသော စကားရပ်၌လည်း–

တရားဟောရန် အခါမတန်သေးခြင်း, ဒေသနာနိဒါန်း မပြည့်မစုံသေးခြင်းဟူသော အကြောင်းများကြောင့် သတ္တဝါတို့အား လောလောဆယ် လက်ငင်း ချက်ခြင်း တရားဟောရန်အရေး အားမထုတ်သေးသောအားဖြင့် စိတ်တော်ညွှတ်သည်ကိုသာ မိန့်ဆိုတော်မူလိုရင်း ဖြစ်

http://www.dhammadownload.com



သောကြောင့် ရှေ့တမျိုး နောက်တဖုံ ပြောင်းလဲခြင်း မဟုတ်ပေ။

တနည်းအားဖြင့် ဝိဟိံသ သညီ ပဂုဏံ နာဘာသိ၊ ခမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ– ဟူသော ပါဠိအရ "ဗြဟ္မာ၊ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံရှိမည်ထင်၍ လူတို့အား တရားမဟောရန် ကြံစည်ခဲ့လေပြီ"ဟူသော မိန့်ခွန်းတော်မှာ မကျွတ် ထိုက်သော, တရားကို မသိမည့်သူများအတွက် ရည်ညွှန်းမိန့်ဆိုချက် ဖြစ်သောကြောင့် ရှေ့ ပဌမ ဒုတိယ မိန့်ခွန်းတော်များအတိုင်းပင်ဖြစ်၍ ရှေ့တမျိုးနောက်တဖုံ ပြောင်းလဲခြင်းမဟုတ်ပေ။

ထို့ကြောင့်ပင် နတ္ထိ ရဝါ–စသော အာဝေဏိက ဂုဏ်တော်များကို ဖျက်ဆီးရာလည်း မကျရောက်ပေ။

ထိုမိန့်ခွန်းတော်ပါ **ပင်ပန်းရုံသာ ရှိမည်ထင်၍**– ဟူသော စကားကိုလည်း ဝန်ကြီးချုပ်သည် မြတ်စွာဘုရား၌ သက်ဝင် ယုံကြည်ခြင်း သဒ္ဓါတရား အားကြီးလှသူဖြစ်သဖြင့် "ထင်၍" ဟူသော ဝေါဟာရ စကားသုံးကို လက်မခံနိုင်ပဲရှိရသည်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးပဲ ထင်၍–ဟု မသုံးထိုက်၊ သဗ္ဗညုတဉာဏ် ရှင်ဖြစ်တော်မူရကား **ပင်ပန်းရုံသာရှိမည်ဟု ပိုင်းပိုင်းခြားခြားကြီး သိတော်မူ၍** ဟု ရဲရဲတောက် သုံးစေလိုသော နှလုံးသွင်းအာဘော် သက်ရောက်နေသည်။

"မသိသော သူတို့အား တရားဟောသော်လည်း ပင်ပန်းရုံသာရှိမည်"ဟုသိရာ၌ ဉာဏသမ္ပယုတ် စိတ်တော်ဖြင့်ပင် သိစေကာမူ ပညာ၏ကိစ္စကား မပြဋ္ဌာန်း၊သညာ၏ကိစ္စသာ ပြဋ္ဌာန်းသောကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်ကပင် ဝိဟိံသသညီ–ဟု မိန့်ကြားတော်မူ အပ်ရကား( ပုတ္တသညီ–ဟူသော ပါဠိကို "သားဟုအမှတ်ရှိသည် ဖြစ်၍၊ (ပါ)သားထင်၍"ဟု အနက်မြန်မာ ပြန်ဆိုသကဲ့သို့) ဤဋ္ဌလည်း

http://www.dhammadownload.com



"ပင်ပန်းရုံရှိမည် ထင်၏" ဟု အနက်ပြန်ဆိုခြင်းဖြစ်သည်။ အထင်မဟုတ်ပဲ အသိသို့တိုင်ရောက်မှ ကျေနပ်နိုင်မည်ဆိုပါကလည်း "ပင်ပန်းရုံသာရှိမည်ဟု သညာပြဋ္ဌာန်းသော စိတ်ဖြင့် သိတော်မူ၏" ဟုလည်း အနက်မြန်မာပြန် မှတ်ယူနိုင်ပေသည်။

တနည်းအားဖြင့် ဤ (ဝိဟိံသ သညီ ပဂုဏံ နာဘာသိံ) ဟူသော မိန့်ခွန်းတော်မှာ မူလပစ္စဝေက္ခဏာဉာဏ်ဖြင့် ကြံတော်မူစဉ်က ပါရှိသော (သော မမဿ ကိလမထော၊ သာ မမဿ ဝိဟေသာ)ဟူသော ဆင်ခြင်စဉ်းစားပုံကိုပင် ပြန်လည်မိန့်ဆိုသောပါဠိရာဖြစ်သောကြောင့် "ပင်ပန်းရုံရှိမည်ဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိ၏"ဟု အနက်မြန်မာ ပြန်ဆိုနိုင် မှတ်ယူနိုင်ပေသည်။

## ဤတွင်အကျဉ်းချုပ်အဖြေပြီး၏။

ဤအကျဉ်းချုပ်အဖြေ၌ဆိုလိုရင်းမှာ—

ပုစ္ဆာပါ (မြတ်စွာဘုရားသည် တရားမဟောရန် အကြံ တော်ဖြစ်နေ၏) ဟူသော အခြေတည် မူလစကားကပင် လွဲမှားနေပြီ။ တရားမဟောရန် ကြံခြင်းမဟုတ်။ တရားဟောရန် အချိန်မတန် သေးသဖြင့် တရားဟောရန်အရေး အားမထုတ်သေးခြင်းဖြစ်သည်။

(၁) အမှတ်ပါ–ယုံမှား သံသယ ဖြစ်ချက်၌ **မသိသောသူတို့အားဟု** စကားတပုဒ်ထည့်လိုက်လျှင် သံသယဖြစ်ဖွယ်မရှိပေ။

(၂) အမှတ်ပါ–ယုံမှား သံသယ ဖြစ်ချက်၌ **ကြောင့်ကြမဲ့နေရန်ဟု** မြန်မာမပြန်ဆိုရ။ အဋ္ဌကထာ ဖွင့်သည့်အတိုင်း **လောလောဆယ် တရားဟောရန်အရေး အားမထုတ်သေးသည်၏ အဖြစ်ဖြင့်** ဟု မြန်မာပြန်ဆိုလျှင် ပုစ္ဆာပါအပြစ်များ ပပျောက်သွားမည်။

http://www.dhammadownload.com



(၃) အမှတ်ပါ–ယုံမှားသံသယဖြစ်ချက်၌ ကျွတ်ထိုက် မကျွတ်ထိုက် ဝါးလုံးရိုက်အလား သတ္တဝါနှစ်မျိုးလုံးအတွက် မိန့်ကြားချက်ဟု ယူဆသောကြောင့်သာ ယုံမှားသံသယ ဖြစ်ရသည်။ မကျွတ်ထိုက်သော ပုဂ္ဂိုလ်များအတွက် မိန့်ကြားချက်ဟု ယူရမည် ဖြစ်၍ အပြစ်မရှိပေ။

(၄) အမှတ်ပါ ယုံမှားသံသယဖြစ်ချက်၌ ပဌမ ဒုတိယ မိန့်ခွန်းတို့၌ စုဏ္ဏိယ(စကားပြေ)ကိုပင် တတိယမိန့်ခွန်း၌ ဂါထာပါဒအဖြစ် ပြောင်းလွဲခြင်းမှတပါး၊ အနက်ပြောင်းလွဲခြင်းမရှိ၍ ရှေ့တမျိုး နောက်တဖုံ မဖြစ်ပေဟု ဆိုလိုရင်းဖြစ်သည်။

http://www.dhammadownload.com



## ဗြဟ္မယာစနကထာ ဝိတ္ထာရ ဝိသဇ္ဇနာ

### (ဗြဟ္မယာစနကထာ အကျယ်အဖြေ)

**ပုစ္ဆာပါ–** "မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကိုရကော် မူပြီးစက တရားမဟောရန် အကြံတော်ဖြစ်နေ၍" ဟူသော ရှေးကမှတ်ချက်ကို-- ဤအဖြေပေါ်ထွက်သည့် အချိန်ကစ၍ ပယ်ဖျောက်လွှင့်ပစ်ရန် အခါကောင်းတန် ပြီဟု ဝမ်းမြောက်စွာ မှတ်ယူရန် ဖြစ်သည်။

"မြတ်စွာဘုရားသခင်အား ဘုရားဖြစ်ပြီးစက တရားမဟောရန် အကြံတော်ဖြစ်နေ၍" ဟူသော မှတ်ချက်မှာ ပါဠိတော်လာ– အပ္ပေါသုက္ကတာယ စိတ္တံ နမတိ– ကို "ကြောင့်ကြမဲ့နေရန် အလို့ငှါ စိတ်တော် ညွတ်၏"ဟု အစဉ်အဆက် အမှတ်တမဲ့ အနက်ပြန်ဆိုခဲ့ခြင်းလျှင် အကြောင်းရင်းရှိချေသည်။ ထိုပါဠိတော်ကို "တရားဟောရန်အရေးအားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့် စိတ်တော်ညွတ်၏"ဟု အနက်မြန်မာပြန်ဆိုမှသာ အဋ္ဌကထာအဖွင့်နှင့်လည်း ညီညွတ်၍ ဗြဟ္မယာစနကထာပြဿနာ၌ ပါရှိသော ယုံမှားခြင်းအပေါင်းလည်း ကင်းငြိမ်းပေမည်။

မှန်၏။ အပ္ပေါသုက္ကတာယ–ဟူသော ပါဠိတော်ကို အဋ္ဌကထာ၌ အပ္ပေါသုက္ကတာယာတိ နိရုဿုက္ကဘာဝေန–ဟူ၍သာ ဖွင့်ဆိုတော်မူသည်။ အပ္ပေါသုက္ကတာယာတိ=အပ္ပေါသုက္ကတာယ–ဟူသည်ကား။ နိရုဿုက္ကဘာဝေန=တရားဟောရန်အရေး အားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့်။ ဤသို့ ကရိဏ်း (ဖြင့်–ဟူသော) အနက်ကိုသာ အဋ္ဌကထာဆရာဖွင့်ပြတော်မူသည်။ (ငှါ)ဟူ၍ အနက်ပေးရမည့် တဒတ္ထသမ္ပဒါန်ကို အဋ္ဌကထာ၌ လုံးဝ ဖွင့်ပြတော်မမူ။ ထို့ကြောင့် ကြောင့်ကြမဲ့နေရန်ဟူသော မြန်မာပြန်ဆိုချက်ကို ဤအဖြေကို ဖတ်ရှုရသည့်အချိန်ကစ၍ မေ့ပျောက်ပစ်ရန် ဖြစ်သည်။

http://www.dhammadownload.com



ချဲ့ဦးအံ့။ မြတ်စွာဘုရားသခင်အား သတ္တသတ္တာဟ စံတော်မူပြီးနောက် ရှစ်ခုမြောက် သတ္တာဟဝယ် အဇပါလညောင်ပင်ရင်းသို့ တဖန် ကြွတော်မူသောအခါ ဖြစ်ပေါ်သည့်အကြံတော်မှာ "သတ္တဝါတို့အား ငါ တရားမဟောတော့ဘူး"ဟု လုံး၀ လက်လွှတ် စွန့်ပစ်လိုက်သော အကြံတော် မဟုတ်ပေ။ စင်စစ်သော်ကား ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာ ဘုရားဖြစ်ပြီး သတ္တသတ္တာဟ စံပြီးသော အခါ၀ယ် (၁) တရားတော်၏ နက်နဲပုံကို ဆင်ခြင်ခြင်း (၂) သတ္တဝါတို့၏သန္တာန်၌ ကိလေသာ ထူပြောပုံကို ဆင်ခြင်ခြင်း၊ (၃) ကိုယ်တော်မြတ်၏ တဲရားတော်၌ ရှိသေခြင်း– ဤအကြောင်း သုံးရပ်ကြောင့် ကိုယ်တော်မြတ် ဟောရမည့် တရားတော်နှင့် ကိလေသာထူပြောလှသော သတ္တဝါတို့ အလှမ်း ဝေးကွာလှပုံကို သိမြင်တော်မူသဖြင့် ဤမျှကိလေသာထူပြောလှသော သတ္တဝါတို့အား ဘယ်သို့ပြု၍ အဘယ်သို့သောနည်းလမ်းဖြင့် သစ္စာလေးပါးတရားကို သိစေရပါမည်နည်းဟု သတ္တဝါတို့ တရားသိရေးအတွက် ဆင်ခြင်စဉ်းစားသော စိတ်တော်အစဉ် ဖြစ်၍နေလေသည်။

လိမ္မာလှသော ဆေးသမားသည် ရောဂါဝေဒနာ သည်းထန်လွန်းအားကြီး၍ မိမိဖော်စပ်သည့် လွန်စွာ အဘိုးထိုက်တန်သော ဆေးကို လက်မခံနိုင်လောက်အောင် အနာနှိပ်စက်ခံနေရသော သူနာကို တွေ့ရှိသောအခါ ရုတ်တရက်ချက်ခြင်း မိမိ၏အဘိုးထိုက်တန်လှသော ဆေးကို တိုက်ကျွေးခြင်း မပြုသေးဘဲ "ဤမျှ ရောဂါ သည်းထန်သော သူနာကို အဘယ်သို့ ပြုစုကုမ ထောက်ပံ့ရပါမည်နည်း"ဟု စဉ်းစား နေသကဲ့သို့တည်း။

ထိုသို့ သတ္တဝါတို့အား တရားဟောရန် လောလောဆယ် စိတ်တော်မဖြစ်သေးပဲ သတ္တဝါတို့ တရားသိရေးအတွက် နည်းလမ်း ဥပါယ်ကောင်းကို ရှာကြံစဉ်းစားသော စိတ်တော်အစဉ် ဖြစ်ခိုက်၌

http://www.dhammadownload.com



မြတ်စွာဘုရား၏ သန္တာန်တော်ဝယ် တရားဟောရန်အရေး အားထုတ်မှု မရှိသေးသည်ကိုပင် ပါဠိတော်၌- အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ၊ နော ဓမ္မဒေသနာယ=တရားဟောရန် စိတ်တော်မညွတ်သေး မဖြစ်သေးပဲ တရားဟောရန်အရေး အားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့် စိတ်တော်ညွတ်နေသည် ဖြစ်နေသည်ဟု ဟောတော်မူခြင်းဖြစ်သည်။

တနည်းအားဖြင့် (၄၅)ဝါ ကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူရမည့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် တည်းဟူသော တရားတော်များ၏ သာဓာရဏနိဒါန်း (တရားတော်အားလုံးနှင့် သက်ဆိုင်သော အကြောင်းရင်းတရား)ကား- (၁) မြတ်စွာဘုရားကိုယ်တော် မြတ်၏သန္တာန်၌ ဖြစ်သော မဟာကရုဏာတော်, အာသယာနုသယ ဉာဏ်တော်, ဣန္ဒြိယပရောပရိယတ္တိ စသော ဉာဏ်တော်များတည်းဟူသော အဇ္ဈတ္တိကနိဒါန်း ၊ (၂) ဗြဟ္မာ၏ တောင်းပန်ခြင်းတည်းဟူသော ဗာဟိရနိဒါန်းဟူ၍ နှစ်ပါးရှိသည့်အနက် ကိုယ်တော်မြတ်၏ ဆိုင်ရာ အဇ္ဈတ္တိက နိဒါန်းဖြစ်သော မဟာကရုဏာတော် စသည်တို့မှာ ရှိတော်မူပြီး ဖြစ်သော်လည်း ထိုသို့တရားတော်၏နက်နဲပုံကို ဆင်ခြင်စဉ်းစားသော အခိုက်, သတ္တဝါတို့၏ ကိလေသာ ထူပြောပုံကို ဆင်ခြင်စဉ်းစားတော်မူသော အခိုက်ဝယ် ဗြဟ္မာ၏တောင်းပန်ခြင်းတည်းဟူသော ဗာဟိရ နိဒါန်းကား ထင်ရှားမဖြစ်သေးပေ။ (မကြာမီခဏအတွင်းမှာပင် ထင်ရှား စွာဖြစ်လတ္တံ့) တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းသည်လည်း ဘုရားရှင်တိုင်း၏ ဓမ္မတာ(သုံးဆယ်အနက်) တပါး အပါအဝင် ဖြစ်ပေ၏။

ရှေး၌ ဆိုအပ်ပြီးသောအတိုင်း နက်နဲလှသော တရားတော်နှင့် ကိလေသာ ထူပြောလှသော သတ္တဝါတို့ အလှမ်းဝေးကွာ ဖြစ်စေကာမူ တရားတော်၏ ဆန့်ကျင်ဘက် ကိလေသာကင်းကွာလျှင် အလွန် နက်နဲ သောတရားတော်ကိုပင်သော်လည်း သတ္တဝါတို့ သိနိုင်၏။

http://www.dhammadownload.com



ကောင်းစွာ လိုက်နာ ကျင့်ကြံလျှင် ကိလေသာ တည်းဟူသော ဆန့်ကျင်ဘက်တရားတို့ ကင်းကွာနိုင်၏။

ကောင်းစွာ ကျင့်ကြံခြင်းသည်လည်း သူတော်ကောင်းတရားကို နာကြားခြင်းနှင့် ဆက်စပ်လျက် ရှိ၏၊(သူတော်ကောင်းတရားကို နာကြားရမှ ကောင်းစွာ ကျင့်ကြံနိုင်မည် ဟူလို)။

သူတော်ကောင်းတရားကို နာကြားခြင်းသည်လည်း မြတ်စွာဘုရားနှင့် တရားတော်၌ သဒ္ဓါသက်ဝင်ယုံကြည်ခြင်းနှင့် ဆက်စပ်လျက်ရှိ၏။(မြတ်စွာဘုရားနှင့် တရားတော်၌ ယုံကြည်ခြင်း သဒ္ဓါတရား ရှိမှသာလျှင် သူတော်ကောင်းတရားကို နာကြားနိုင်သည် ဟူလို)။

မြတ်စွာဘုရားနှင့် တရားတော်၌ ယုံကြည်ခြင်း ကြည်ညိုခြင်းသည်လည်း လောကသရဖူဆိုထိုက်သူတို့ တောင်းပန်ခြင်းလျှင် အကြောင်းရင်းရှိ၏။ (လောကသရဖူဆိုထိုက်သူတို့ တောင်းပန်အပ်သော ပုဂ္ဂိုလ်ဟောအပ်သောတရားကိုမှ ယုံကြည်ခြင်း ကြည်ညိုခြင်း ဖြစ်တတ်၏ ဟူလို) မြတ်စွာဘုရားပွင့်တော်မမူမီ ခေတ်အခါ၌ ဗြဟ္မာကို လောကသရဖူ, လောက၌အမြတ်ဆုံး ပုဂ္ဂိုလ်ဟူ၍ သမုတ်ထားအပ်လေသည်။

မြတ်စွာဘုရားသည် ဆိုအပ်ပြီးသောအတိုင်း သတ္တဝါတို့ နက်နဲလှသော တရားတော်ကို သိနိုင်ရေး၏ ဗြဟ္မာတောင်းပန်ခြင်းလျှင် အကြောင်းရင်း အခြေခံရှိသည်ကိုဎင်း၊ ဓမ္မတာသုံးဆယ် အဝင်အပါ ဘုရားရှင်တိုင်းအား တရားဟောဘို့ရန် (ဗာဟိရ နိဒါန်း ဖြစ်သည့်) ဗြဟ္မာမင်းတောင်းပန်မြဲ ဓမ္မတာကိုဎင်း၊ ကိုယ်တော်မြတ်က တရားဟောရန် အရေး အားထုတ်မှုမရှိသေးသောအားဖြင့် စိတ်တော်ညွတ်လျှင် ဗြဟ္မာ တောင်းပန်လတ္တံ့ ဖြစ်သည်ကိုဎင်း၊ သဗ္ဗညုတ ဉာဏ်ရှင်ပီပီ ကြိုတင်၍ သိမြင်တော်မူပြီး ဖြစ်၏။

http://www.dhammadownload.com



ထိုကြောင့် ဗြဟ္မာတောင်းပန်ခြင်း တည်းဟူသော ဒေသနာတော်၏ ဗာဟိရနိဒါန်း ဖြစ်ပေါ်ချိန်ကို ငဲ့လင့် စောင့်ဆိုင်းတော်မူလိုသောကြောင့် တရားဟောရေး လုံ့လမပြုသေးသည်၏ အဖြစ်ဖြင့် စိတ်ညွတ်တော်မူနေခြင်းဖြစ်သည်။ ဗြဟ္မာတောင်းပန်စေလိုသည့်အတွက် သက်သက်တမင် ဟန်ဆောင်တော်မူနေခြင်းလည်း မဟုတ်။ "ဤသတ္တဝါတွေအား ငါ တရား မဟောတော့ဘူး"ဟု စိတ်ဓုန်းဓုန်း ချပြီးမှ ဗြဟ္မာတောင်းပန်၍ တရားဟောခြင်းလည်း မဟုတ်ပေ။

ဤ ဗြဟ္မယာစနကထာ (ဗြဟ္မာတောင်းပန်ခဏ်း)နှင့် စပ်၍ မကျေနပ်သဖြင့် အမေးပြဿနာဆင်ထုတ် မေးမြန်းခြင်းကား ယခုမှ မဟုတ်။ မိလိန္ဒမင်းကြီးသည်လည်း အရှင်နာဂသေန ရဟန္တာမထေရ်မြတ်ကို မေးမြန်းခဲ့ဘူးလေပြီ။ အရှင်နာဂသေနကလည်း ဖြေဆိုခဲ့ဘူးလေပြီ။

ဤအရာ၌ မိလိန္ဒပဥှပါဠိတော် (၄) မေဏ္ဍကပဥှာကဏ္ဍ၊ (၅)သန္ထဝဝဂ်၊(၁၀)အပ္ပေါဿုက္ကပဥှာအခန်းကို မြန်မာစကားပြေ သက်သက်မျှ ထုတ်ပြဦးအံ့။ (မိလိန္ဒပဥှပါဠိတော် စာမျက်နှာ-၂၂၆)

**မိလိန္ဒမင်း။** နာဂသေန အရှင်ဘုရား၊ အရှင်ဘုရားတို့သည် "မြတ်စွာဘုရားသည် များစွာသောလူအပေါင်းအား သံသရာမှ ထုတ်ဆယ်ကယ်တင်ရန် လေးအသင်္ချေ ကမ္ဘာတသိန်းကာလအတွင်း၌ သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေအပ်ပြီ"ဟူ၍လည်း ဆိုတော်မူကြ ကုန်၏။

တဖန်လည်း သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားအား "တရားဟောရန် စိတ်ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် စိတ်ညွတ်တော်မူ၏"ဟူ၍လည်း ဆိုတော်မူကြကုန်၏။

နာဂသေန အရှင်ဘုရား၊ လောက ဥပမာအားဖြင့် လေးဆရာ, လေးဆရာ၏ တပည့်သည် စစ်တိုက်ရန်အတွက် ရက်ပေါင်းများစွာ

http://www.dhammadownload.com



လေးအတတ်ကို လေ့လာ သင်ကြားပြီးမှ စစ်ပွဲကြီးနှင့် ရင်ဆိုင်တွေ့ကြုံသောအခါ ဆုတ်နစ်သကဲ့သို့ငှင်း၊ ဥပမာ တနည်းသော်ကား လက်ဝှေ့လက်ပန်းဆရာ, လက်ဝှေ့ဆရာ၏ တပည့်သည် ရက်ပေါင်းများစွာ လက်ဝှေ့အတတ်ကို လေ့လာ သင်ကြားပြီးမှ လက်ဝှေ့ပွဲကြီးနှင့် ရင်ဆိုင်တွေ့ကြုံသောအခါ ဆုတ်နစ်သကဲ့သို့ငှင်း၊ ထိုအတူ မြတ်စွာဘုရားသည် များစွာသော လူအပေါင်းအား သံသရာမှ ထုတ်ဆယ်ကယ်တင်ရန် လေးအသင်္ချေ ကမ္ဘာတသိန်း ကာလတွင်း၌ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေပြီးကာမှ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်ရှိသော် (သတ္တဝါတို့ကို ထုတ်ဆယ်ကယ်တင်ရန်) တရားဟောရန် ဆုတ်နစ်အပ် လေယောင်တကား။

နာဂသေန အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကြောက်၍ ဆုတ်နစ်အပ်လေသလော၊ (သို့မဟုတ်)ဟောရန်တရား မထင်ရှား မလင်းချင်း၍ (သို့မဟုတ်) ဟောနိုင်စွမ်းအားမရှိ၍ (သို့မဟုတ်) သဗ္ဗညုဘုရား မဟုတ်၍ ဆုတ်နစ်အပ်လေသလော၊ ထိုသို့ဆုတ်နစ်ခြင်း၏ အကြောင်းကား အဘယ်နည်း။ တောင်းပန်ပါသည်ဘုရား။ အရှင်ဘုရားသည် တပည့်တော်အား ယုံမှားကင်းရှင်းရန် အကြောင်းမှန်ကို ဖြေကြားတော်မူပါ။

နာဂသေန အရှင်ဘုရား၊ လျှောက်ဆိုရာပါစကားနှစ်ရပ် တို့တွင် ပဌမစကားမှန်လျှင် ဒုတိယစကား မှားရပါမည်။ ဒုတိယ စကားမှန်လျှင် ပဌမစကား မှားရပါမည်။ ဤသို့ နှစ်ဖက်အစွန်းထွက်၍ နက်လည်းနက်နဲ ဖြေရှင်းရန် ခဲယဉ်းသောပြဿနာသည် အရှင်ဘုရားအား ရောက်လတ်ပါပြီ။ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းစေသင့်ပါ၏၊ ဟူ၍ မိလိန္ဒမင်းကြီးက မေးလျှောက်သည်။

**အရှင်နာဂသေန။** မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် များစွာသော လူအပေါင်းအား သံသရာမှ ထုတ်ဆယ် ကယ်တင်ရန်

http://www.dhammadownload.com



လေးအသင်္ချေ ကမ္ဘာတသိန်းကာလအတွင်း၌ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေအပ်သည်လည်း မှန်၏။

သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ တရားဟောရန် စိတ်မညွတ်ပဲ တရားဟောရေး လုံ့လမပြုသေးသောအားဖြင့် စိတ်ညွတ်တော်မူသည်လည်း မှန်၏။

မြတ်သောမင်းကြီး ဥပမာအားဖြင့် ဆေးသမားသည် များစွာသော အနာဖြင့် ပြင်းစွာနှိပ်စက်အပ်သော သူနာသို့ ချဉ်းကပ် မိလတ်သော် (မိမိဆေး၏ တန်ဘိုးမြင့်မြတ်ပုံ၊ သူနာ၏ အနာရောဂါ သည်းထန်ပုံ၊ အချိန်မကျသေးမီ ဆေးတိုက်က အကျိုးမရ ဖြစ်မည့်ပုံတို့ကို ဆင်ခြင်၍) အဘယ်သို့သော ဆေးဝါးပယောဂဖြင့် ဤသူ၏ အနာကို ငြိမ်းစေရပါမည်နည်းဟု ဆေးတိုက်ရန် အခွင့်ကောင်း အချက်ကောင်းကို ရှာကြံစဉ်းစားသကဲ့သို့၎င်း၊ အဘိသိက် သွန်းပြီးသောမင်းအား ဆင်းရဲသား တံခါးစောင့်စသော အခြွေအရံပရိသတ်ကို မြင်လတ်သည်ရှိသော် အဘယ်သို့ပြု၍ အဘယ်သို့သောနည်းဖြင့် ဤသူတို့ကို ချမ်းသာအောင် ချီးမြှောက်ရပါမည်နည်းဟု အကြံဖြစ်သကဲ့သို့၎င်း၊ ထို့အတူ မြတ်စွာ ဘုရားအား တရားတော်၏နက်နဲခြင်း စသည်ကို၎င်း၊ သတ္တဝါတို့၏ အာရုံငါးပါး၌ ပြင်းစွာ မွေ့လျော် ပျော်ပိုက်နေခြင်း သက္ကာယဒိဋ္ဌိအစွဲ ပြင်းထန်လှခြင်းကို၎င်း မြင်တော်မူ၍ (အဘယ်သို့ပြု၍ အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် ဤသတ္တဝါတွေကို ချွေချွတ်ရပါမည်နည်းဟု ကြံစည်သော အားဖြင့်သာ) တရားဟောရန်လောလောဆယ် စိတ်ညွတ်တော် မမူသေးပဲ တရားဟောရန်အရေး လုံ့လမပြုသေးသောအားဖြင့် စိတ်ညွတ်တော်မူခြင်းဖြစ်သည်။ (သတ္တဝါတို့အားအဘယ်နည်းနှင့်မျှ ငါတရား မဟောတော့ဘူးဟု လုံးဝလက်လွှတ် စွန့်ပစ်လိုက်သော စိတ်တော်မဟုတ်)။

http://www.dhammadownload.com



မြတ်သောမင်းကြီး၊ အဖြေတနည်းသော်ကား ဗြဟ္မာ တောင်းပန်မှ တရားဟောခြင်းသည် ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာ ဖြစ်သည်။

ဤသို့ အစရှိသည်ဖြင့် အရှင်နာဂသေနမထေရ်မြတ် အကျယ်တဝင့် ဖြေဆိုတော်မူအပ်ပြီ။

ထိုအရှင်နာဂသေန၏ အဖြေကိုပင်ယူ၍ အဋ္ဌကထာ ဆရာတော်သည်လည်း ဤဗြဟ္မယာစနကထာနှင့်စပ်လျဉ်း၍ အမေးအဖြေပြုလုပ်တော်မူခဲ့လေသည်။

ဤဗြဟ္မယာစနကထာ ဗြဟ္မာတောင်းပန်ခြင်း၏ အခြေတည်ဖြစ်သော (၁)တရားတော်၏ နက်နဲပုံ (၂)သတ္တဝါတို့၏ ကိလေသာထူပြောပုံ ကြံစည်ဆင်ခြင်သော စကားရပ်၏အဆုံး၌၊-ဣတိဟ ဘဂဝတော ပဋိသဉ္စိက္ခတော အပ္ပေါဿုက္ကတာယ စိတ္တံ နမိ၊ နော ဓမ္မဒေသနာယ- ဤသို့ ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် တရားဟောရန် မညွတ်ပဲ တရားဟောရေး လုံ့လမပြုသေး၏ အဖြစ်ဖြင့် ညွတ်တော်မူ၏- ဟူသော စကားရပ်၌၊ အပ္ပေါဿုက္ကတာယ- ဟူသော ပါဠိကို "ကြောင့်ကြမဲ့နေရန်"ဟု အနက်ပြန်မိသောကြောင့် မြတ်စွာဘုရားအား **တရားမဟောရန် အကြံတော်ဖြစ်နေသည်**ဟု ပြောရိုး ဆိုစမှတ်ပြုကြခြင်းဖြစ်သည်။ သတ္တဝါတို့အား တရားမဟောတော့ဘူးဟု လုံးဝလက်လွှတ် စွန့်ပစ်လိုက်သောအနေ အကြံတော်ဖြစ်နေသည်ဟု ယူဆနေကြ၏။

အဋ္ဌကထာ ဖွင့်ပုံကို စေ့စေ့စပ်စပ် သေချာစွာ မစဉ်းစားလျှင် ထိုကဲ့သို့ပင် ထင်မှတ်ဖွယ် ယူဆဖွယ် ဖြစ်နေသည်။ ထို့ကြောင့်ပင် ဇာတ်အဋ္ဌကထာ, ဗုဒ္ဓဝင်အဋ္ဌကထာ, ဓိနာလင်္ကာရဋီကာတို့၌ ပရေသံ ဓမ္မံ အဒေသေတုကာမတာကာရပတ္တော ပရိဝိတက္ကော ဥဒပါဒိ-သူတပါး

http://www.dhammadownload.com



တို့အား တရားဟောခြင်း၌ အလိုမရှိသည်၏ အဖြစ်တည်းဟူသော အခြင်းအရာသို့ ရောက်သော (ဝါ) တရားမဟောလိုတော့ပါဘူးဟု သူ တပါးတို့ မှတ်ထင်လောက်သည့် အခြေသို့ ရောက်သော အကြံတော်သည် ထင်ရှားဖြစ်ပြီဟု ဖွင့်တော်မူကြပေသည်။

ထို့ကြောင့်ပင် မိလိန္ဒမင်းကြီးသည်လည်း (မြတ်စွာဘုရားအား တရားမဟောလိုတော့ဘူးဟူ၍ အကြံတော်ဖြစ်သည်ဟု ယူဆပြီးလျှင်) အရှင်နာဂသေနကို စကားနှစ်ရပ် အစွန်းနှစ်ဖက် မလွှငါထွက်နိုင်အောင် မေးမြန်းခြင်းဖြစ်သည်။ အရှင်နာဂသေနကလည်း ဆေးသမား ဥပမာ အဘိသိက်ခံပြီးသော မင်းဥပမာတို့ဖြင့် "တရားမဟောတော့ဘူး"ဟု အကြံတော်ဖြစ်သည် မဟုတ်။ စင်စစ်ကား တရားဟောရေး အားထုတ်မှု မဖြစ်သေးပဲ "အဘယ်သို့ပြု၍ အဘယ်သို့သော ဥပါယ်ဖြင့် သတ္တဝါ တို့ကို ချေချွတ်ရပါမည်နည်း"ဟု သတ္တဝါတို့ တရားတော်ကို သိဖို့ရန် အခွင့်လမ်းကို ရှာကြံသောအားဖြင့် စိတ်ညွတ်တော်မူကြောင်း ဖြေဆို တော်မူလေသည်။

ထိုသို့ ဖြေဆိုခြင်းဖြင့်လည်း မရှင်းမလင်း ဖြစ်ရသောကြောင့် တဖန်ထပ်၍၊ သတ္တာနံ ပဋိဝေဓ စိတ္တ နမာနသံ ယေဝေတံ=တရားဟောရန် အရေး အားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့် စိတ်ညွတ်တော်မူခြင်း ဟူသည် သတ္တဝါတို့အတွက် မဂ်ဖိုလ်နိဗ္ဗာန် ပဋိဝေဓတရားမှန်ကို သိ လွယ်ရန် အချက်ကို ကြံစည်စဉ်းစားသော စိတ်သာလျှင်ဖြစ်၏ ဟူ၍ လေးလေးနက်နက် ဖြေတော်မူပြန်သည်။

ဤဆိုအပ်ပြီးသော မိလိန္ဒပဉှာပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ တို့၌ ဖွင့်ပြပုံကို ထောက်ဆ၍ မြတ်စွာဘုရားအား ဘုရားဖြစ်ပြီးနောက် အဇပါလ ညောင်ပင်ရင်းသို့ တဖန်ကြွရောက်၍ ဖြစ်ပေါ်သော အကြံ တော်မှာ–

http://www.dhammadownload.com



"သတ္တဝါတို့အား တရားမဟောရန် ကြံခြင်းမဟုတ်။ စင်စစ်ကား တရားတော်၏ နက်နဲပုံ သတ္တဝါတို့၏ ကိလေသာ ထူပြောပုံကို ဆင်ခြင်တော်မူ၊ သိရှိတော်မူသဖြင့် အဘယ်သို့ပြုခြင်း အဘယ်သို့သော ဥပါယ်နည်းကောင်းဖြင့် သတ္တဝါတို့ကို ချေချွတ်ရပါမည်နည်း"ဟုကြံတော်မူခြင်းဖြစ်သည် ဟူ၍သာ ယုံမှားမရှိ မှတ်ယူအပ်၏။

## တရားဟောရန်သာစိတ်ရှိတော်မူကြောင်း ထောက်ထားဘွယ်များ

မြတ်စွာဘုရားသည် သတ္တသတ္တာဟ အပါအဝင် ပဋ္ဌမ အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစံနေတော်မူစဉ် ဟုံဟုက် ပုဏ္ဏားက၊ ကိတ္တာဝတာ ခေါ ဘော ဂေါတမ ဗြာဟ္မဏော ဟောတိ၊ ကတမေ စ ပန ဗြာဟ္မဏ ကာရကာ ဓမ္မာ=အရှင်ဂေါတမ...အဘယ်မျှ အတိုင်းအရှည် ရှိသော တရားဖြင့် ဗြာဟ္မဏ ဖြစ်နိုင်သနည်း။ ဗြာဟ္မဏဖြစ်အောင် ပြုလုပ်နိုင်သော တရားတို့ကား အဘယ်တရားတို့နည်းဟု မေးမြန်းသောအခါ မြတ်စွာဘုရားသည် စိတ်ဖြာခွဲခြား ဟောကြားတော်မူလိုသော်လည်း ဓမ္မစကြာတရားဦး မဟောရသေးသဖြင့် တရားဟောရန် အချိန်မတန်သေးရကား ထိုပုဏ္ဏားကို တရားနာခံထား၍ တရားဟောခွင့် မသင့်သေးပဲ ရှိရာ တရားတော်ကိုလည်း ဟောတော်မူလိုသဖြင့် ဟောနိုင်သောနည်းလမ်းဖြင့်သာ (ပုဏ္ဏားအား ဟောသည့်အနေမျိုး မဟုတ်ပဲ)ဥဒါန်းကျူးရင့်သောအနေ၊ ၊ယော်ဗြာဟ္မဏော ဗာဟိတပါပဓမ္မော-အစရှိသည်ဖြင့် မကောင်းမှုကို အပပြုပြီး ဖြစ်ခြင်း၊ တဟုံးဟုံး ပြုတတ်သည့် မာန်မာနကို ပယ်ရှားပြီးဖြစ်ခြင်း၊ ရာဂ စသော ကိလေသာ ဖန်ရည်မရှိခြင်း၊ ဘာဝနာအလုပ်၌ အားထုတ်အပ်သော စိတ်ရှိခြင်း၊ မဂ်ဉာဏ်လေးပါး၏ အဆုံးသို့ ရောက်ပြီးဖြစ်ခြင်း၊ ထိုသို့ ရောက်ပြီးသောကြောင့် မဂ်တည်း

http://www.dhammadownload.com



ဟူသော မြတ်သောအကျင့်ကို အကုန်အစင် ကျင့်သုံးပြီးသူဖြစ်ခြင်း၊ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ တည်းဟူသော ဥဿဒတရားတို့ မရှိခြင်း၊ ဤအင်္ဂါ (၇)ပါးနှင့် ပြည့်စုံသူ ဖြစ်ပါမှ တရားသဖြင့် ငါကား ဗြာဟ္မဏတည်းဟု ပြောဆိုနိုင်ကြောင်း ဖော်ပြ၍ ဟောကြားတော်မူရသည်။

ထိုအတူ မုစလိန္ဒသတ္တာဟ၌လည်း တရားဟောချိန်ကလည်း မကျသေး၊ တရားတော်ကိုလည်း ဟောတော်မူလိုသဖြင့် နဂါးပါးပျဉ်းအတွင်း သီတင်းသုံး နေတော်မူလျက်ပင် ဥဒါန်းကျူးရင့်သောအနေ၊ သုခေါ ဝိဝေကော တုဋ္ဌဿ–အစရှိသည်ဖြင့် ဟောကြားတော်မူရသည်။

ဆိုလိုရင်းကား–ဓမ္မစကြာ တရားဦး မဟောရသေးလျှင် အဘယ်တရားကိုမျှ တရားနာ ပရိသတ်တို့အား တရားနားခံထား၍ ဟောကြားတော်မမူ။တရားဟောရန် အချိန်မကျသေးပေ။ ထိုသို့ ဓမ္မစကြာတရားဦး မဟောရသေးသဖြင့် တရားဟောခွင့် မဆိုက်သေးသော အချိန်မှာပင်သော်လည်း တရားတော်ကို ဟောတော် မူလိုသဖြင့် အဇပါလသတ္တာဟ မုစလိန္ဒသတ္တာဟတို့၌ ဥဒါန်းကျူးရင့်သောအနေ မဖြစ်ဖြစ်နိုင်သော နည်းလမ်းဖြင့် ဟောကြားတော်မူသော မြတ်စွာဘုရားအား အဘယ်မှာလျှင် တရားမဟောလိုသော အကြံတော် ဖြစ်နိုင်ပါအံ့နည်း၊ မဖြစ်သည်သာဟု ဆိုလိုသည်။

## ဤတွင်မျှ မဟုတ်သေး

ဒီဃနိကာယ် မဟာဝဂ္ဂ (၁)မဟာပဒါနသုတ် ဝိပဿီ ဗုဒ္ဓဝင်ဝယ် ဝိပဿီ မြတ်စွာဘုရား ဘုရားဖြစ်ပြီးသောအခါ ကြံစည်သော အခန်း၌၊ ယံ နူနာဟံ ဓမ္မံ ဒေသေယျံ–ဟု တရားဟောရန် ကြံစည်တော် မူပြီးမှ တရားတော်၏ နက်နဲပုံ၊ သတ္တဝါတို့၏ ကိလေသာထူပြောပုံ တို့ကို ဆင်ခြင်၍ တရားဟောရန် **ဗာဟိရနိဒါန်းမရှိသေး၍ အချိန်မတန်**

http://www.dhammadownload.com



သေးရကား တရားဟောရန်အရေး အားထုတ်ခြင်းမရှိသေးသော အားဖြင့် စိတ်တော်ညွတ်ကြောင်း ဟောထားပေသည်။

(မူလကပင် တရားဟောရန် ကြံစည်၍ တရားဟောသင့်သော အချိန်ကို ဆိုင်းတွင့်လင့် နေတော်မူသည်။ သို့နေတော်မူခိုက်မှာလည်း အားထုတ်မှု မရှိဟု ဆိုသဖြင့် ထိနမိဒ္ဓတို့လို ကောသဇ္ဇ (အပျင်းခါတ်)တို့လို အပြစ်ရှိ၍ အကျိုးမရသော စိတ်မျိုးဖြစ်နေသည် မဟုတ်၊ စင်စစ်ကား "ဤမျှ ကိလေသာ ထူပြောလှသော သတ္တဝါတို့ကို အဘယ်သို့ပြု၍ အဘယ်သို့သော ဥပါယ်ကောင်းဖြင့် ဖြောင်းဖြချေချွတ် ရပါမည်နည်း"ဟု သတ္တဝါတို့ တရားသိရေးအတွက် ဥပါယ်ကို ကြံစည်သော စိတ်တော် ဖြစ်သည်။)

ဝိပဿီ ဗုဒ္ဓဝင်နှင့်အတူ ကျန်သော သိခီ ဝေဿဘူ ကကုသန် ကောဏာဂုံ ကဿပ မြတ်စွာဘုရား ဂေါတမမြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်ကိုလည်း အကျယ်ချဲ့ရမည်သာ ဖြစ်သောကြောင့် ထိုခြောက်ဆူသော ဘုရားရှင်တို့အတွက်လည်း ယံ နူနာဟံ ဓမ္မံ ဒေသေယျံ-ဟု တရားဟောရန် အကြံကပင် အစချီ၍ ချဲ့ရမည် ဖြစ်ရကား (ဝိနယ မဟာဝဂ္ဂ၌ ထို ယံ နူနာဟံ ဓမ္မံ ဒေသေယျံ-ဟူသော ပါဠိ မပါရှိသော်လည်း) ဖော်ပြရာပါ မဟာပဒါနသုတ်ကို ထောက်၍ မြတ်စွာဘုရား ဘုရားဖြစ်ပြီး သတ္တသတ္တာဟ စံတော်မူပြီးသည့်နောက် အဇပါလ ညောင်ပင်ရင်းသို့ တဖန် ကြွရောက်၍ ဖြစ်သောအကြံတော်မှာ **တရားမဟောရန် အကြံမဟုတ်၊ တရားဟောရန် ကြံသော အကြံတော်သာဖြစ်သည်**ဟု ယုံမှားမရှိ မှတ်ယူအပ်၏။

## ဤမျှသော စကားအစဉ်ဖြင့်

ဝန်ကြီးချုပ် မေးလျှောက်လွှာ စကားဦးပလ္လင်၌ ပါရှိသည့် "မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးစက တရား

http://www.dhammadownload.com



မဟောခြင်းငှါ အကြံတော်ဖြစ်နေ၍"ဟူသော မူလအခြေတည် စကားပါ **တရားမဟောရန် အကြံတော်ဖြစ်နေ၍** ဟူသော မှတ်ယူချက်ကို ပယ်ပျောက် မေ့ပျောက်ပစ်ရန် အပြေစကားပြီး၏။

သဘောမကျ သံသယ ဖြစ်နေသော အချက်ကြီး (၄)ရပ်တို့တွင် (၁) အမှတ်ပါ ထို"တရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ဟူသော အကြံတော်မှာ- ကျွတ် ထိုက်သော (ဘဗ္ဗ)ပုဂ္ဂိုလ် နှစ်မျိုးတို့ ရှိရာဝယ် မကျွတ် ထိုက်သော ပုဂ္ဂိုလ်၊ မကျွတ်ထိုက်သော (အဘဗ္ဗ) ပုဂ္ဂိုလ်တို့အတွက် ကြံသော အကြံတော်ဖြစ်သည်။ ထိုအကြံတော်၏ မကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ အတွက် ကြံစည် ဆင်ခြင်သော အကြံတော်ဖြစ်ကြောင်းကို "ယော အဇာနန္တာနံ ဓမ္မဒေသနာ နာမ"ဟူသော အဋ္ဌကထာလာ ဝိသေသ ဖွင့်ပြချက်ကို ထောက်၍ သိရာ၏။ ထို့ကြောင့် အဋ္ဌကထာ ဝိသေသ ဖွင့်ပြချက်ကိုပါငုံ၍ "ကျွဲပါးစောင်းတီး ဟူတိသကဲ့သို့ ကိလေသာ ထူပြောလှသဖြင့် ဟောပြမည့်တရားကို လားလားမျှ မသိသူ ထိုမကျွတ် ထိုက်သူတို့အား တရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏"ဟု အဋ္ဌကထာ အလိုတော်ကျ မြန်မာပြန်ဆို မှတ်သား ပါလျှင် ယုံမှားသံသယ သဘောမကျဖြစ်ရန် အခွင့်မရှိပေ။ ကျွတ်ထိုက် မကျွတ်ထိုက် ဝါးလုံး ရိုက်နည်း ပုဂ္ဂိုလ်နှစ်မျိုးလုံးအတွက် ကြံသော အကြံတော်ဟု ယူမှတ် သောကြောင့်သာ သဘောမကျ လက်မခံနိုင် ဖြစ်ရပေသည်။

ဤအရာ၌ သံယုတ် ပါဠိတော်လာ နခသိခသုတ္တန်ဒေသနာ တော်ကို သတိပြုရာ၏။ နခသိခသုတ္တန်ဒေသနာတော် ဟူသည်မှာ သစ္စသံယုတ်၌ မြတ်စွာဘုရားရှင်က ကိုယ်တော်မြတ်၏ လက်သည်း တော်ဖျား၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ ထိုမြေမှုန့်နှင့် မဟာ ပထဝီ မြေကြီး၌ရှိသော မြေမှုန့်တို့ အဘယ်က များသနည်းဟု ရဟန်း

http://www.dhammadownload.com



တော်တို့ကို မေးတော်မူရာ ရဟန်းတော်များက မဟာပထဝီ မြေမှုန့်ကသာ များပါကြောင်း၊ ထိုမဟာပထဝီ မြေမှုန့်နှင့် နှိုင်းစာလျှင် ရှင်တော်ဘုရား၏ လက်သည်းတော်ဖျား၌ တင်ထားအပ်သော မြေမှုန့်မှာ နည်းပါးလှကြောင်း မရေတွက်လောက်ကြောင်း ပြန်ကြားလျှောက်ထားသည်တွင် မြတ်စွာဘုရားက–

"ချစ်သားတို့ ...ဤနည်းအတူပင် လူပြည်မှ စုတေ၍ လူ့ဘဝ ရင်းစားပြန်ရသော သတ္တဝါ၊ မရှိမတိုက်၌ ဖြစ်သောသတ္တဝါ၊ ပညာမျက်စိရှိသော သတ္တဝါ အစရှိသည်တို့မှာ လက်သည်းတော်ဖျားက မြေမှုန့်မျှသာရှိ၍၊ လူ့ဘဝရင်းစား ပြန်မရသော သတ္တဝါ၊ ပစ္စန္တရာဇ်၌ ဖြစ်သောသတ္တဝါ၊ အဝိဇ္ဇာ မောဟ ပြောထူလှသော သတ္တဝါ အစရှိသည်တို့ ကသာလျှင် မဟာပထဝီ မြေမှုန့်ကဲ့သို့ မရေနိုင်အောင် များလှကြောင်း အစရှိသည်ဖြင့် (ပဥ္စမအာမကဓညဝဂ် အစရှိသော ဝဂ်ငါးပါးတို့ဖြင့်) အကျယ်တဝင့် ဟောကြားအပ်သော သုတ္တန်တော်များ ဖြစ်သည်။ (သံယုတ္တနိကာယ၊ မဟာဝဂ္ဂ၊ စာမျက်နှာ ၄၀၄မှ ၄၁၆အထိ)။

ဥပမာအားဖြင့် နှမ်းအနက် တတင်းဝယ် နှမ်းအဖြူ တကြက် ဥစာလောက် ထည့်၍ မွှေနှောက်ထားလျှင် နှမ်းအဖြူကား ရှာ၍ ကြည့်၍ မရလောက် မမြင်လောက်အောင်ပင် ရှိချေမည်။ နှမ်း အနက်ကသာ ဖုံးလွှမ်း၍ နေပေမည်။ ထိုအတူပင် ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူ နည်းပါး၍ သစ္စာလေးပါးတရားကို သိနိုင်လောက်သော ပညာစက္ခုရှိ သူတို့ကား နှမ်းဖြူ တကြက်ဥစာလောက်မျှ ဖြစ်၍ ကိလေသာမြူတုံး အဝိဇ္ဇာတိမ်ဖုံးသဖြင့် လုံးလုံးပင် သစ္စာလေးပါးကို မသိမမြင်နိုင်သူတို့ ကား နှမ်းနက်တတင်းကဲ့သို့ပင် များလှချေသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ် နှမ်းနက်တတင်း နှင့်တူသော မကျွတ်ထိုက်သူတို့အတွက် "ကိလေသာထူပြောလှသဖြင့်

http://www.dhammadownload.com



ဟောပြသည့် တရားကို လားလားမျှ မသိနိုင်သူ၊ ထိုမကျွတ်ထိုက်သူတို့အား တရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏”ဟု ကြံစည်တော်မူခြင်းဖြစ်၍ ယုံမှားသံသယ သဘောမကျရန် အခွင့်မရှိပေ။

“မသိသူတို့အား ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏”ဟု ကြံစည်တော်မူခြင်းဖြင့် “သစ္စာလေးပါး တရားသိမည့် သတ္တဝါတို့အားကား ခရီးယူဇနာမည်မျှပင် ဝေးကွာစေကာမူ ကိုယ်တော်တိုင် ကြွရောက်၍ တရားဟောရခြင်းကား ကိုယ်တော်မြတ် ပင်ပန်း ဆင်းရဲခြင်း မဟုတ်ပေ”ဟူ၍ ဗျတိရေက (အပြန်အလှန်)အားဖြင့် ဆိုရာရောက်ပေသည်။ ကြံရာ ရောက်နိုင်သည်။ ထိုအခြင်းအရာ အတိုင်းပင်လျှင် လေးဆယ့်ငါးဝါ ကာလပတ်လုံး ကျွတ်ထိုက်သူ တရားသိမည့်သူတို့အားကား ခရီးယူဇနာဝေးကွာသော အရပ်သို့ပင် ကြွရောက်၍ ပင်ပန်းမှုကို ဂရုမပြုပဲ တရားဟောတော်မူခဲ့လေပြီ။

ထို့ကြောင့် သုမေဓာဘဝက ဖြစ်ခဲ့သော အကြံတော် ဗုဒ္ဓဝင် ပါဠိတော်လာ ကြုံးဝါးချက်များနှင့် ဆန့်ကျင်ခြင်း အလျဉ်းမရှိချေ။

တနည်းအားဖြင့် မိလိန္ဒပဥှာ၌လာသောအတိုင်း၊ သတ္တဝါတို့တရားသိရေးအတွက် အချက်ကောင်း ဥပါယ်ကောင်းကို စဉ်းစားဆင်ခြင်တော်မူခြင်း၏အခြေခံသာဖြစ်သဖြင့် သုမေဓာဘဝက ကြံခဲ့ ကြုံးဝါးခဲ့သည့် အလုပ်ကို သရုပ်အကောင်အထည်ဖော်ရန် အခြေခံ ကြံစည်ချက်ဖြစ်၍ ရှေ့နောက် ညီညွတ်လှပေ၏။

ဆိုလိုရင်းကား “ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏။ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏”ဟူသော အကြံ၏ နောက်မှ (မိလိန္ဒပဥှာ ပါဠိတော်အလို) “ထိုသတ္တဝါတို့ကို အဘယ်သို့ပြု၍ အဘယ်သို့သော ဥပါယ်ကောင်းဖြင့် ချေချွတ်ရပါမည်နည်း”ဟူသော ဆင်ခြင် စဉ်းစားချက် စကားရပ်ကို ထည့်သွင်းမှတ်ယူရပေမည်။ ထိုသို့

http://www.dhammadownload.com



**မှတ်ယူ**သောအခါ သုမေဓာဘဝက ကြဲခဲ့ ကြုံးဝါးခဲ့သော အလုပ်ကို သရုပ်ဖော်ရန်အခြေခံ ကြံစည်ချက်ဖြစ်ကြောင်း သိသာနိုင်သည်ဟု ဆိုလိုရင်း ဖြစ်သည်။

ဤတွင်မှုမကသေး "ငါသည်လည်း တရားကို ဟောကြားအံ့၊ **သူတပါးတို့သည်လည်း** ငါ၏ (တရားကို) နားမလည် မသိကုန်ငြားအံ့" ဟူသော အကြောင်းရင်း အခြေခံစကားရပ် **သူတပါးတို့သည်လည်း** ဟူသော စကားအရ ကျွတ်ထိုက် မကျွတ်ထိုက် သိသူ မသိသူ အားလုံးကို ဝါးလုံးရိုက်ဆိုခြင်း ဖြစ်သည်ဟု ယူဆသောကြောင့်သာ အာဝေဏိက ဂုဏ်တော်နှင့် ပုဗ္ဗာပါ အသာဓာရဏဉာဏ်တော်တို့ကို လွှမ်းမိုး ချိုးဖောက်ရာ ကျခြင်းတည်းဟူသော အပြစ်ရောက်ရပေသည်။ စင်စစ်သော်ကား **သူတပါးတို့သည်လည်း**ဟူသော စကားအရ ကျွတ်ထိုက် မကျွတ်ထိုက် ဝါးလုံးရိုက်နည်း ယူရမည် မဟုတ်ပေ။ ရှေးဖော်ပြရာပါ နခသိခ သုတ္တန်လာအတိုင်း မဟာပထဝီမြေကြီးလောက်များလှသည့် မကျွတ်ထိုက်သူ မသိသူတို့ကိုသာ ယေဘုယျ နည်းအားဖြင့် ယူရမည်။ ထိုသို့ မကျွတ်ထိုက်သူ မသိသူတို့ကိုသာရည်၍ **သူတပါးတို့သည်လည်း ငါ၏ (တရားကို) မသိကုန်ငြားအံ့** ဟူ၍ ကြံစည်ခြင်း ဖြစ်သောကြောင့် အာဝေဏိက ဂုဏ်တော်လာ တေကာလိက အပ္ပဋိဟတဉာဏ်တော်အစရှိသော ပုဗ္ဗာပါ ဉာဏ်တော်တို့ကို လွှမ်းမိုးချိုးဖောက်ရာ မကျရောက်ပေ။

ဆိုလိုရင်းကား ဝန်ကြီးချုပ်၏အလိုမှာ ပုဗ္ဗာပါ အာဝေဏိက ဂုဏ်တော်လာ ဉာဏ်တော်များ အာသယာနုသယဉာဏ်တော် စသည်များမှာ မြတ်စွာဘုရား၌ အချိန်အခါမရွေး စိတ္တက္ခဏတိုင်းမှာပင် ထင်ရှားရှိနေသည်ဟု ယူလိုရိပ်ထင်သည်။ စင်စစ်ကား ပရမတ္ထသဘာဝ၌ စိတ္တက္ခဏ တချက်ထည်းဝယ် ဉာဏ်တော်နှစ်မျိုးသုံးမျိုး စသည် ပြိုင်၍ ဖြစ်ရိုးမရှိ။ အာရုံနှစ်မျိုး သုံးမျိုးစသည်ကို ပြိုင်၍ သိရိုးမရှိ။ ဉာဏ်တော်

http://www.dhammadownload.com



တမျိုးသာဖြစ်၍ အာရုံတမျိုးကိုသာ သိရိုးဖြစ်သောကြောင့် မသိနိုင်သူ မကျွတ်ထိုက်သူတို့ကို ဆင်ခြင်သော ဉာဏ်တော်ဖြစ်သောအခိုက် ထိုမကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့၏ ဆိုစွန်းသော အဝတ်ပမာ ကိလေသာ အညစ်အကြေး ဆိုပိတ်ထေးသဖြင့် လေးရပ်သစ္စာ သာမုက္ကံသိက ဓမ္မဆေးကို ကိုယ်တော်မြတ် ဆိုးပေးစေကာမူ မစွဲမငြိ မသိရှိပဲ အဟောသိကံဖြစ်မည့်အရေးကိုသာ သိမြင်တော်မူခြင်းဖြစ်၍ အမေးပုစ္ဆာ ပြဿနာပါ အာဝေဏိကဂုဏ်တော် အသာဓာရဏဉာဏ်တော်တို့ကို လွှမ်းမိုး ချိုးဖောက်ရာ မကျနိုင်ပေဟု ဆိုလိုရင်းဖြစ်သည်။

**မှတ်ဖွယ်။** မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် အစရှိသည်တို့နှင့်စပ်၍ များစွာသောသူတို့၏စိတ်ဝယ် "မြတ်စွာဘုရား သန္တာန်တော်၌ သဗ္ဗညုတဉာဏ်တော်သည် အမြဲမပြတ် အချိန်စပ်အောင် ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားရှိနေသည်"ဟု ယူမှတ်တတ်ကြ၏။ ထိုသို့ မမှတ်အပ်ပေ။

စင်စစ်သော်ကား အလိုတော်ရှိရာ သိတော်မူလိုရာ ဉေယျတရားကို သိတော်မူလိုသော ခဏမှာပင် မူလဖြစ်ရင်းစွဲ ဝီထိမှ ဘဝင်နှစ်ကြိမ်မျှခြားပြီး ထိုသိတော်မူလိုရာ ဉေယျတရားကို အာရုံပြု၍ သိသော သဗ္ဗညုတဉာဏ် ဇောစိတ်တော်ကျရောက် ဖြစ်ပွားသည့် ဝီထိဖြစ်ပြီးလျှင် ထိုဝီထိစိတ်၌ပါသော သဗ္ဗညုတဉာဏ်တော်ဖြင့် အလိုရှိရာ ဉေယျတရားကို သိတော်မူသည်။ သဗ္ဗညုတဉာဏ် ဇောတော်သည်လည်း တဝီထိ တဝီထိ၌ (၇)ကြိမ်ထက် ပို၍မဖြစ်နိုင်။ (၇)ကြိမ် ဆက်၍ ဖြစ်ပြီးလျှင် ဘဝင်နှစ်ကြိမ်မျှ ခြား၍ နောက်တဝီထိ အသစ် ဖြစ်ပြန်သည်။

အထူးမှတ်ရန်မှာ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တိုင်း၏သန္တာန်၌ပင် မဟာကြိယာဉာဏသမ္ပယုတ် ဇောစိတ်တော်များ ဖြစ်နိုင်ကြ၏။ ထိုသို့ ဖြစ်နိုင်ကြသော်လည်း ရဟန္တာတို့ သန္တာန် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သန္တာန်၌ဖြစ်သော ထိုမဟာကြိယာဉာဏ

http://www.dhammadownload.com



သမ္ဗယုတ် ဇောစိတ်တို့၌ပါသော ဉာဏ်များသည် မိမိ မိမိတို့ဆိုင်ရာ ရဟန္တာသာဝကတို့ သိသင့်သောအရာ, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သိသင့်သောအရာကိုသာ သိနိုင်ကြသည်။ ဥေယျတရား ရှိသမျှကို အကုန်အစင် မသိနိုင်ကုန်။ မြတ်စွာဘုရား၏ မဟာကြိယာဉာဏ်တော်များကား အလိုတော်ရှိသမျှ ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သည်။ သဗ္ဗညုတဉာဏ်အမည်ရသည်ဟု အထူးမှတ်သားရာ၏။

**ဤကား (၁) အမှတ်ပါယုံမှားခြင်းအတွက်ဖြေဆိုချက်တည်း။**

(၂) အမှတ်ပါ"မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏" ဟူရာ၌လည်း–

**ကြောင့်ကြမဲ့နေရန်**ဟု အစဉ်အဆက် မြန်မာပြန်ဆိုချက်မှ ဆက်စပ်၍ အမေးပုစ္ဆာ ပြဿနာတွင် ပါရှိသည့် အာဝေဏိကဂုဏ်တော် အသာဓာရဏ ဉာဏ်တော်တို့ အဓိပ္ပါယ်မရှိရာ ရောက်မှုတိုင်အောင်သော ယုံမှားသံသယ အပြစ်ဒေါသတွေ ပွားစီးလာခြင်းဖြစ်သည်။

စင်စစ်ကား "ကြောင့်ကြမဲ့နေရန်"ဟူသော စကားလုံးအစား အဋ္ဌကထာ အဖွင့်နှင့်အညီ "ယခုလောလောဆယ် တရားဟောရန်အရေးအားထုတ်ခြင်းမရှိသေးသည်၏ အဖြစ်ဖြင့်"ဟု ထိရောက်စွာ မြန်မာပြန်ဆိုလျှင် ပုစ္ဆာပါ သံသယများ ဖြစ်ပွားရန်မရှိ။

အနည်းငယ် ချဲ့ဦးအံ့။ လိမ္မာလှသော ဆေးဆရာသည် ဝေဒနာ သည်းထန်လွန်းသဖြင့် ဆေးကိုပင်လက်မခံနိုင်လောက်အောင် အခြေသို့ ရောက်နေသောသူနာကို တွေ့ရှိသောအခါ ထိုသူနာအတွက် ယုတ်တရက် ဆေးတိုက်ကျွေးခြင်း မပြုသေးပဲ ဤသူနာကို မည်သို့ပြုစု ကုသ,ရပါမည်နည်းဟု စဉ်းစားဆင်ခြင်၍ နေလေရာ၏။ ထိုသို့

http://www.dhammadownload.com



စဉ်းစားဆင်ခြင်နေသောဆေးဆရာ၏စိတ်သည် လောလောဆယ် ဆေးတိုက်ရန် မညွတ်သေးပဲ ဆေးတိုက်ရန် အားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့်သာ စိတ်ညွတ်၏ ဖြစ်၏ဟု ဆိုရပေမည်။ ဆေးတိုက်ရန် အားထုတ်မှု မရှိသေးသည်၏အဖြစ်ဖြင့် စိတ်ညွတ်ခြင်းဖြစ်ခြင်း ဟူသည်မှာလည်း ဆေးမတိုက်တော့ဘူးဟူ၍ လက်လျှော့လိုက်ခြင်းမဟုတ်။ စင်စစ်မူ ဆေးကိုလက်ခံ ဝေဒနာ ပျောက်ငြိမ်းရန်အတွက် အချက်ကောင်း ဥပါယ်ကောင်းကိုသာ ကြံစည် စဉ်းစား၍ နေခြင်းဖြစ်သည်။

ထို့အတူ လိမ္မာလှသော လောကသုံးပါး၏ ဆေးဆရာ မြတ်စွာဘုရားသည်လည်း ဒေသနာနိဒါန်း မစုံလင်သဖြင့် သစ္စာလေးပါး တရားဆေးကို လက်မခံနိုင် မယုံကြည်နိုင်လောက်အောင် ကိလေသာတည်းဟူသောဝေဒနာ သည်းထန်စွာနှိပ်စက်ခံနေရသော ဝေနေယျ သတ္တဝါသူနာတို့ကို တွေ့မြင် ဆင်ခြင်သိရှိတော်မူသောအခါ၊ ထိုဝေနေယျ သတ္တဝါသူနာတို့ကို ဒေသနာနိဒါန်း စုံလင်မှုတည်းဟူသော အချိန်မကျသေးမီ ရုတ်တရက် လောလောဆယ် သစ္စာလေးပါး တရားဆေးကို တိုက်ကျွေးရန် အားထုတ်မှု မရှိသေးပဲ ဤမျှကိလေသာ ပြောထူ ဝေနေယျတို့ကို အဘယ်သို့ပြု၍ အဘယ်သို့သောနည်းဖြင့် ကုမ, ချေချွတ်ရပါမည်နည်းဟု သတ္တဝါတို့ တရားသိနိုင်ရန် အချက်ကောင်း အခွင့်ကောင်းကို ဆင်ခြင်စဉ်းစားသောအားဖြင့် စိတ်တော် ညွတ်နေခြင်း ဖြစ်နေသည်။ ထိုသို့ ဖြစ်နေသည်ကိုပင် ပါဠိတော်၌ အပ္ပေါသုက္ကတာယ စိတ္တံ နမတိ၊ နော ဓမ္မဒေသနာယ-လောလောဆယ် တရားဟောရန် စိတ်ညွတ်တော်မမူသေးပဲ တရားဟောရန်အတွက် အားထုတ်မှု မရှိသေးသည်၏ အဖြစ်ဖြင့် စိတ်တော်ညွတ်၏ဟု ဟောတော်မူသည်။

တရားဟောရန်အရေး အားထုတ်မှုမရှိသေးသောစိတ်တော် ဟူသည်မှာလည်း တရားမဟောတော့ဘူးဟု လုံးဝလက်လွှတ် စွန့်ပစ်လိုက်

http://www.dhammadownload.com



ခြင်းမဟုတ်။ စင်စစ်မူ တရားကို လက်ခံ ကိလေသာဝေဒနာပျောက်ငြိမ်းရန်အတွက် အချက်ကောင်း အခွင့်ကောင်း ဥပါယ်ကောင်းကိုသာ ကြံစည်စဉ်းစား၍ နေခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် မိလိန္ဒပဥှပါဠိတော်၌- သတ္တာနံ ပဋိဝေဓစိန္တနမာနသံ ယေဝေတံ=ဤသို့ လုံ့လမပြုသည်၏ အဖြစ်ဖြင့် ညွတ်သောစိတ်တော်ဟူသည် သတ္တဝါတို့ သိလွယ်ရန် အကြောင်းကို ရှာကြံစဉ်းစားသော စိတ်တော်ပင်တည်းဟု အရှင်နာဂသိန်မထေရ်မြတ် ဖြေရှင်းတော်မူအပ်ပြီ။

အပွေါသုက္ကတာယ အနက်ယူဆပုံ နေရာမကျသဖြင့် သံသယအမျိုးမျိုး ဝင်နေကြရပေသည်။ ထိုသို့ သံသယ မရှိအောင်ပင် အရှင်နာဂသိန် ဖြေရှင်းတော်မူခြင်း ဖြစ်သည်။ ထိုဖြေရှင်းချက်ကို သတိချပ်မှ သံသယများ ကင်းပေလိမ့်မည်။

ဆိုအပ်ပြီးသောအတိုင်း "တရား မဟောတော့ဘူး"ဟု လုံ့ဝလက်လွတ်စွန့်ပစ်သောအကြံတော် မဟုတ်သောကြောင့် ဆန္ဒတော်၏ယုတ်လျော့မှု မရှိခြင်း (နတ္ထိ ဆန္ဒဿ ဟာနိ)ဂုဏ်တော်နှင့်လည်း မဆန့်ကျင်။

သတ္တဝါတို့ တရားသိနိုင်ရန် အရေး ဆင်ခြင်စဉ်းစားသော စိတ်တော်ဖြစ်ခြင်းကြောင့်၊ (ဝါ) သတ္တဝါတို့ တရားသိရန် ဥပါယ်ကောင်းကို ရှာကြံစဉ်းစားသော စိတ်တော်ဖြစ်ခြင်းကြောင့် ဝီရိယတော်၏ ယုတ်လျော့မှုမရှိခြင်း (နတ္ထိ ဝီရိယဿ ဟာနိ) ဂုဏ်တော်နှင့်လည်း မဆန့်ကျင်။

ပရိသတ်များမှ အားတက်ပြီး တရားကို အကျယ်တဝင့် ဟော၍ ပရိသတ်နည်းပါလျှင် စိတ်ပျက်ပြီး တရားကို နည်းနည်းပါးပါး ဝတ်ကြေတမ်းကျေ ဟောခြင်းမျိုးကို (ဓမ္မဒေသနာယ ဟာနိ)တရားဟောမှု၏ ယုတ်လျော့ခြင်းဟူ၍ ခေါ်သည်။ ယခုအရာမှာ ပရိသတ်နည်းပါး၍ စိတ်ပျက်ပြီး တရားကို နည်းနည်းပါးပါး ဟောခြင်းမျိုး မဟုတ်သော

http://www.dhammadownload.com



ကြောင့် တရားဟောတော်မူခြင်း၏ ယုတ်လျော့မှု မရှိခြင်း (နတ္ထိ ဓမ္မဒေသနာယ ဟာနိ) ဂုဏ်တော်နှင့်လည်း မဆန့်ကျင်ပေ။

ဤတွင်မျှ မကသေး၊ တရားမဟောရန် စိတ်ညွတ်တော်မူခြင်း မဟုတ်ပဲ မိလိန္ဒပဉှာ၌ အရှင်နာဂသိန် ဖြေဆိုတော်မူသည့်အတိုင်း သတ္တဝါတို့ တရားသိရန် ဥပါယ်ကောင်းကို ရှာကြံ စဉ်းစားဆင်ခြင်သော စိတ်တော်သာဖြစ်ရကား မဟာကရုဏာတော်နှင့်လည်း မဆန့်ကျင်ပေ။

ဖြေဆိုရန် ကျန်သေးသည်။ ကိစ္ဆေန မေ အဓိဂတံ–အစရှိသော (၂)ဂါထာဖြင့် ပြအပ်သော အကြံတော်မှာ၊ "ငါသို့စင် ကိလေသာခေါင်းပါးသော ပုဂ္ဂိုလ်မြတ်သော်မှ ပါရမီဖြည့်စဉ်အခါ ပင်ပန်းကြီးစွာ ဖြည့်ကျင့်မှ ရအပ် သိအပ်သော ဤတရားကို သတ္တဝါတို့အား (ယုံကြည်မှု သဒ္ဓါတရား မဖြစ်သေးမီ၊ ယုံကြည်နိုင်ကြောင်း အထောက်အပံ့ကောင်း ဖြစ်သည့် ဗြဟ္မာတောင်းပန်ခြင်း တည်းဟူသော ဒေသနာ၏ ဗာဟိရနိဒါန်း မစုံသေးမီ) ယခုလောလောဆယ် ဟောပြရန် မသင့်သေး၊ အကြောင်းကား ရာဂ ဒေါသ အလွှမ်းမိုး အနှိပ်စက်ခံနေရသော သတ္တဝါတို့သည် တရားသိရန် အခြေခံ သဒ္ဓါတရား မရှိသေးသဖြင့် ဤတရားကို အလွယ်နှင့် သိနိုင်မည် မဟုတ်သောကြောင့်ဘည်းစသည်ဖြင့် တရားဟောရန် အချိန်မတန်သေးသည်ကို အကြောင်းလုံလောက်စွာ ဉာဏ်တော်ထင် ဆင်ခြင်စဉ်းစားခြင်း ဖြစ်သည်။

ဟလံ ဒါနိ ပကာသိတုံ–၌ ဒါနိကို သတိပြုရပေမည်။ ၎င်းဒါနိသဒ္ဒါဖြင့် ယခုလောလောဆယ်ဟောရန် မသင့်သေးသည်ကို ပြသည်။ မဟာကရုဏာတော်တည်းဟူသော ကိုယ်တော်မြတ်၏ အဇ္ဈတ္တိက နိဒါန်း ရှိပြီးဖြစ်စေကာမူ ဗြဟ္မာတောင်းပန်ခြင်း တည်းဟူသော ဗာဟိရ နိဒါန်းကား မဖြစ်သေး။ ထိုဗြဟ္မာတောင်းပန်မှု ဗာဟိရ နိဒါန်းပါ ပြည့်စုံမှ ခပ်သိမ်းသော ဘုရားရှင်တို့ တရားဟောမြဲ ဓမ္မတာ ဖြစ်သည်။ ယခု အချိန်၌ကား

http://www.dhammadownload.com



ထိုဗာဟိရနိဒါန်း မပြည့်စုံသေး (မကြာမီမှ ပြည့်စုံလတ္တံ့)၊ ထို့ကြောင့် ယခုလောလောဆယ် တရားဟောရန် မသင့်သေး၊ ဟောသော်လည်း အကျိုးမရှိနိုင်သေးဟု ကြံစည်ခြင်းဖြစ်သည်။

တနည်းအားဖြင့် (ထိုမသိသူတို့အား တရားဟောခြင်းသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏) စသော ရှေးဆိုပြီး အကြံတော်နှင့် ဆက်စပ်လျက် မကျွတ်ထိုက်သော သတ္တဝါတို့အတွက် ကြံတော်မူခြင်း ရှေ့ဉာဏ်တော်ဝယ် ထင်ခြင်းဖြစ်သောကြောင့် လက်မခံနိုင် သဘော မကျနိုင်ဘွယ် မရှိပေ။

ဤအရာ၌ ဝန်ကြီးချုပ်၏ အလိုမှာ မြတ်စွာဘုရားသန္တာန်၌ အခါခပ်သိမ်း အချိန်မရွေး အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ်စသော အသာဓာရဏ (သာဝကတို့နှင့် မဆက်ဆံသော) ဉာဏ်တော်များ ရှိနေသည် ဖြစ်နေသည်ဟု ယူလိုရိပ်ရှိသည်။ တချိန်တည်း တခဏတည်း၌ စိတ်နှစ်မျိုးပြိုင်၍ မဖြစ်နိုင်သည်ကို သတိပြုရပေမည်။

မြတ်စွာဘုရား၌ စက္ခုဝိညာဏ် (အမြင်စိတ်) ဥပါဒ်ဖြစ်ပေါ် နေသောအချိန်၌ ထိုဉာဏ်တော်များ ဥပါဒ်ဖြစ်ပေါ်နေသည် မဟုတ်ပေ။ စင်စစ်ကား အလိုတော်ရှိသောအခါ သတ္တဝါတို့၏ အာသယကို အတားအဆီး အပိတ်အပင်မရှိ သိမြင်နိုင်သော အာသယာနုသယဉာဏ်တော် ဖြစ်ပေါ်နိုင်သည်။ ဣန္ဒြေအနုအရင့်ကို သိတော်မူလိုရာ၌လည်း ထိုနည်းအတူပင် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ဖြစ်ပေါ်နိုင်သည်။ အလိုတော်ရှိသောအချိန်၌ ထိုဉာဏ်တော်တို့ အတားအဆီး အပိတ်အပင်မရှိ ဖြစ်ပေါ်နိုင်သည်ကို စွဲ၍သာ မြတ်စွာဘုရား၌ ထိုဉာဏ်တော်များ ရှိသည်ဟု ဆိုရပေသည်။ အချိန်ရှိသမျှ ခဏမစဲ အမြဲတစေ ထိုဉာဏ်တော်များ ဥပါဒ်ဖြစ်ပေါ်နေသည် မဟုတ်။

http://www.dhammadownload.com



ထို့ကြောင့် တရားတော်၏ နက်နဲပုံကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်နေခိုက် တပါးသော ဉာဏ်တော်တို့ မဖြစ်သည်ကိုင်း၊ သတ္တဝါတို့၏ ကိလေသာထူပြောပုံကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်နေခိုက် တပါးသောဉာဏ်တို့ မဖြစ်သည်ကိုင်း သတိပြုရာ၏။

ထင်ရှားစေဦးအံ့ ... စိတ် တခု တခုနှင့် (ထိုစိတ်နှင့် ဖြစ်ပေါ်ယှဉ်ဘက်) စေတသိက် တစုတစုကို နာမ်ကလာပ် တစည်း တစည်း ဟုခေါ်သည်။ ရုပ်ကလာပ်များမှာ တချိန်တည်း၌ များစွာ စုပေါင်း၍ ဖြစ်နိုင်သော်လည်းနာမ်ကလာပ်များမှာ တချိန်တည်း၌ များစွာ စုပေါင်း၍ဖြစ်ပေါ်ဥပါဒ်ရိုး မရှိ။ နာမ်ကလာပ်တစည်း ဥပါဒ်ဖြစ်ပွား၍ ချုပ်ပြီးမှ အခြား နာမ်ကလာပ်တစည်း ဖြစ်ပွားဥပါဒ်နိုင်သည်။ ဥပမာ စက္ခုဝိညာဏ် (အမြင်စိတ်)နာမ်ကလာပ်တစည်း ဖြစ်နေခိုက် သောတဝိညာဏ် (အကြားစိတ်)စသော အခြားနာမ်ကလာပ်တစည်း တချိန်တည်း၌ ပြိုင်၍မဖြစ်နိုင်။

သို့ရကား တရားတော်၏ နက်နဲပုံကိုင်း၊ သတ္တဝါတို့၏ ကိလေသာထူပြောပုံကိုင်း ဆင်ခြင်သော ပစ္စဝေက္ခဏာ နာမ်ကလာပ်စည်းတို့ အစဉ်အတိုင်း ဖြစ်ပေါ်နေခိုက် ကျွတ်တမ်းဝင်မည့် သတ္တဝါတွေနှင့် နှိုင်းစာ၍ ဣန္ဒြိယပရောပရိယတ္တိဉာဏ် သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်တော်တို့ အဓိပ္ပါယ်မရှိရာ သက်ရောက်အောင် မစဉ်းစားသင့်ပေ။

**ဤကား (၂)အမှတ်ပါ ယုံမှားခြင်းအတွက် ဖြေဆိုချက်တည်း။**

(၃) အမှတ်ပါ"သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန် ယူရ၏"၊ ဟူသော ဤအချက်၌-

ရှေးက အကျဉ်းအဖြေခန်း၌ ပြခဲ့သော အတိုင်း ကျမ်းဂန်အသွားကွဲပြားရှိစေကာမူ ဓမ္မဂါရဝဖြစ်စေရမည့် အရာဖြစ်သောကြောင့် "သုံးကြိမ်တောင်းပန်သည်"ဟုပင် မှတ်ယူသင့်ပေသည်။

http://www.dhammadownload.com



"ဗြဟ္မာကိုယ်တိုင် လာရောက်တောင်းပန်အောင် ပရိယာယ် ဆင်တော်မူသည်"ဟူသော စကားကို အနှစ်ရှိသောစကားဟု မမှတ် ယူထိုက်။ ပြီးလွယ် စီးလွယ် ဆိုလွယ်သူတို့ နှုတ်တက်ရာရာ ပြောဆို သော စကားသာဖြစ်သည်။ စင်စစ်မှာမူ မြတ်စွာဘုရားရှင်တို့၏ တရား ဓမ္မ ဟောပြခြင်း၏အကြောင်းရင်းမှာ (ဒေသနာ နိဒါန်း)သည် (၁) ကိုယ် တော်မြတ်၏ သန္တာန်၌ ဖြစ်ပွားသော မဟာကရုဏာတော် တည်းဟူသော အဇ္ဈတ္တိကနိဒါန်း၊ (၂)အပြင်အပ ဗဟိဒ္ဓမှ ဗြဟ္မာ၏ တောင်းပန်ခြင်း တည်းဟူသော ဗာဟိရနိဒါန်းဟူ၍ နှစ်ပါးရှိသည်။

ဘုရားရှင်တိုင်းပင် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးစ သတ္တသတ္တာဟ စံတော်မူပြီးလျှင် တရားတော်၏နက်နဲပုံ သတ္တဝါတို့၏ ကိလေသာ ထူပြောပုံတို့ကို ဆင်ခြင်တော်မူမြဲ ဓမ္မတာဖြစ်သည်။

ယင်းသို့ ဆင်ခြင်တော်မူ၍ တရားတော်၏နက်နဲပုံ သတ္တဝါ တို့၏ ကိလေသာထူပြောပုံကို အကုန်အစင် သိမြင်တော်မူသောအခါ "ဘယ်လိုပြု၍ အဘယ်နည်းဖြင့် ဤသတ္တဝါတို့ကို ချွေချွတ်ရပါမည် နည်း"ဟု ဆင်ခြင် ကြံစည်သော စိတ်အစဉ် ဖြစ်မြဲဓမ္မတာဖြစ်သည်။ ထိုစိတ်အစဉ် ဖြစ်၍နေသည်ကိုပင် တရားဟောရန်အရေး အားထုတ်မှု ပြင်ဆင်မှု မရှိသေးသည်၏ အဖြစ်ဖြင့် စိတ်တော်ညွတ်၍ နေသည်ဟု ဆိုရလေသည်။ (ပါဠိတော်၌ အပ္ပေါဿုက္ကတာယ စိတ္တံ နမိ–ဟု ဟောတော်မူသည်)။

ယင်းသို့ တရားဟောရန်အရေး အားထုတ်မှု မရှိသေးသော အားဖြင့် စိတ်တော် အစဉ်ဖြစ်၍ နေသောအခါ ဗြဟ္မာလာရောက်၍ တရားဟောရန် တောင်းပန်ခြင်းကိုပင် ဒေသနာ ဗာဟိရနိဒါန်း (တရား ဟောတော်မူခြင်း၏ အပြင်အပအကြောင်း)ဟု ခေါ်ဆိုသည်။

http://www.dhammadownload.com



ဗြဟ္မာလာရောက်၍ တောင်းပန်ခြင်းမှာလည်း မြတ်စွာဘုရားက ပရိယာယ် ဆင်သောကြောင့်မဟုတ်။ စင်စစ်ကား သာသနာပြင်ပ ဗာဟိရကာလ၌ (အရိယာဗြဟ္မာတို့မှတပါး)များစွာသောသော သတ္တဝါ အပေါင်းသည် ဗြဟ္မာကိုပင် ဘုရားတဆူပမာ အလေးပြု ကိုးကွယ် ရှိသေကြသည်။ များစွာသော သတ္တဝါတို့ အလေးပြု ကိုးကွယ်ရှိသေကြသော ဗြဟ္မာက တောင်းပန်၍ ဟောအပ်သော တရားကိုသာလျှင် ရှိသေစွာ လိုက်နာကျင့်ကြံ မှတ်သား နာယူကြပေမည်။ ။လောကဂရု ပုဂ္ဂိုလ်က ရှိသေမြတ်နိုးမှ နောက်လိုက်ပုဂ္ဂိုလ်တို့လည်း ရှိသေမြတ်နိုးခြင်းသည် လောကဓမ္မတာ ဖြစ်ပေသည်။ ထို့ကြောင့် ဤအချက်ကို သိသော သဟံပတိ ဗြဟ္မာကြီးက တရားဟောဘို့ရန် တောင်းပန်ခြင်း, တောင်းပန် သောအခါ ဒေသနာနိဒါန်း အတွင်းအပ ပြည့်စုံပြီဖြစ်သောကြောင့် တရားဟောတော်မူခြင်းဖြစ်သည်။

ဤအကြောင်းအရာများကို ဗြဟ္မာမတောင်းပန်မီကပင် ကြို တင်၍ သဗ္ဗညုတဉာဏ်ရှင်ပီပီ သိမြင်တော်မူခြင်းကိုသာ အဋ္ဌကထာ ဆရာတော်တို့က– ဇာနာတိ ဟိ ဘဂဝါ မမ အပ္ပေါဿုက္ကတာယ စိတ္တေ နမမာနေ မံ မဟာဗြဟ္မာ ဓမ္မဒေသနံ ယာစိဿတိ အစရှိသည်ဖြင့် ဖွင့် ပြတော်မူကြသည်။

ဆိုအပ်ပြီးသောအတိုင်း တရားတော်၏ နက်နဲပုံ သတ္တဝါတို့၏ ကိလေသာထူပြောပုံကို ဆင်ခြင်ခြင်း၊ ထိုသို့ဆင်ခြင်သောအခါ တရား ဟောရန်အရေး အားထုတ်မှု ပြင်ဆင်မှု မရှိသေးပဲ ချေချွတ်ရန် ဥပါယ် ကောင်းကို ရှာကြံ ဆင်ခြင်သောအနေ စိတ်တော်ညွတ်ခြင်း၊ ထိုသို့ စိတ်ညွတ်သောအခါ ဗြဟ္မာလာရောက်၍ တရားဟောရန် တောင်းပန် ခြင်း၊ တောင်းပန်သောအခါ ဒေသနာနိဒါန်းပြည့်စုံပြီဖြစ်၍ တရားဟော တော်မူခြင်းတို့မှာ ဓမ္မနိယာမ (ဓမ္မတာ)ဖြစ်သောကြောင့် ဗြဟ္မာက

http://www.dhammadownload.com



တောင်းပန်အောင် ပရိယာယ်ဆင်ရန်လည်း မလို။ "ဗြဟ္မာမင်းက တရားဟောရန် တောင်းပန်စေလိုသည်"ဟု အလိုတော်ရှိရန် စိတ်အကြံတော် ဖြစ်ရန်လည်း မလိုတော့ပေ။

သုံးကြိမ်တိုင်တိုင် သဟံပတိဗြဟ္မာကြီးနှင့် အလှည့်အလည် အချီအချ ပြောဆိုကြသော အကြောင်းအရာပါ "ကိုယ်တော်က တရားဟောသော်လည်း သတ္တဝါတွေက သိမည်မဟုတ်" ဟု မိန့်ကြားတော်မူချက်မှာလည်း အကျဉ်းအဖြေ၌ ဆိုအပ်ပြီးသောအတိုင်း မကျွတ်ထိုက်သော သတ္တဝါတို့အတွက် ဆင်ခြင်သောအချက်ဖြစ်၍ ပဉ္စဝဂ္ဂီအစ သုဘဒ္ဒပရိဗိုဇ်တိုင်အောင် ကျွတ်ထိုက်သော သတ္တဝါတို့ကို အထောက်အထားပြု၍ ထိုစကားကို မှားယွင်းသည်ဟု မဆိုသင့်ပေ။

မှန်၏။ နှမ်းအနက် တတင်း ထည့်ထားသော တောင်း၌ နှမ်းအဖြူ တလက်ဆွမ်းမျှ ထည့်၍ မွှေနှောက်ပြီး ကြည့်ရှုပါလျှင် အလွန်များသော နှမ်းအနက် တတင်းကိုသာ ရှေးဦးစွာ မြင်ရပေမည်။ အလွန်နည်းလှသော နှမ်းအဖြူ တလက်ဆွမ်းကိုကား အလွန်သတိပြု၍ ကြည့်နိုင်မှ မြင်ရပေမည်။ ထို့အတူပင် သတ္တလောကကြီး၀ယ် မကျွတ်ထိုက်သူ သတ္တဝါတို့ကား (နခသိခသုတ္တန်ကို ထောက်ထား၍) နှမ်းအနက် တတင်းပမာများလှစွာ၏။ ကျွတ်ထိုက်သူ သတ္တဝါတို့ကား တလက်ဆွမ်းမျှသော နှမ်းဖြူပမာ လွန်စွာနည်းလှပေကုန်၏။

ဖော်ပြရာပါ အနက်နှင့်အဖြူ ရောယှက် မွှေနှောက်ထားသော နှမ်းတောင်းကို ကြည့်ပါမူ များသည့်အတွက် နှမ်းအနက်တို့ကသာ ရှေးဦးစွာ မျက်စိအား ထင်ခြင်းသို့ ရောက်သကဲ့သို့ နှမ်းနက်ပမာ များလှစွာသည့် မကျွတ်ထိုက်သူ သတ္တဝါတို့ကသာ မြတ်စွာဘုရား၏ ပစ္စဝေက္ခဏာဉာဏ်တော်မျက်စိ၀ယ် ရှေးဦးစွာ ထင်ကြရကား ထိုများလှစွာသည့် မကျွတ်ထိုက်သူ သတ္တဝါတို့ကို ရည်ညွှန်း၍ "ကိုယ်တော်က တရားဟော

http://www.dhammadownload.com



သော်လည်း သတ္တဝါတွေက သိမည်မဟုတ်”ဟု အမှန်အတိုင်း မိန့်ဆိုတော်မူခြင်း ဖြစ်ရကား ကျွတ်ထိုက်သူ သတ္တဝါတို့ကို ထောက်ထား၍ မှားယွင်းသည်ဟု မဆိုသင့်ပေ။ အကယ်၍ ဆိုချေလျှင် အကြောင်းတပါး အကျိုးတခြား ဖြစ်ပေလိမ့်မည်။

ထိုစကားမှာ မကျွတ်ထိုက်သော သတ္တဝါတို့ဘက်မှ ကြည့်လျှင် အနာပေါ် ဒုတ်ကျသကဲ့သို့ အခံရခက် **သူပင် မနာလိုသော်လည်း မှန်ကန်၍ ယောနိသော တတ်ခံရှိသူတို့အဘို့ အကျိုးရသော စကား**ဖြစ်သောကြောင့် မြတ်စွာဘုရားတို့ မိန့်ကြားအပ်သော စကားပင်ဖြစ်ပေသည်။

ဤကား (၃)အမှတ်ပါ ယုံမှားခြင်းအတွက် ဖြေဆိုချက်တည်း။

(၄) အမှတ်ပါ သဟံပတိဗြဟ္မာအား မြတ်စွာဘုရားသခင်က သုံးကြိမ် မြောက်မိန့်တော်မူသော စကား၌ “ဗြဟ္မာ၊ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာ ရှိမည်ထင်၍ လူတို့အား တရားမဟောပဲ နေရန် စိတ်ညွတ်ခဲ့ပေ၏”ဟူသော စကားရပ်မှာလည်း အကျဉ်းအဖြေ၌ ဖော်ပြခဲ့ပြီးသောအတိုင်း ပြန်လည်စဉ်းစားပါက ရှေ့တမျိုး နောက်တဖုံ ပြောင်းလဲခြင်းမရှိသည်ကိုသာ သိသာနိုင်ပေသည်။ (ပုစ္ဆာပါအမှတ်–၄၊ အပြစ်ထင်မြင်ချက်မှာ လေးနက်စွာ စဉ်း စားပါက အပြစ်မဟုတ်သည်ကို သိနိုင်၏ဟု ဆိုလိုသည်။)

မှန်၏။ ပုစ္ဆာပါအတိုင်းဆိုလျှင် ရှေ့နှစ်ကြိမ် မိန့်ခွန်းနှင့် သုံးကြိမ်မြောက်မိန့်ခွန်း သုံးရပ်လုံးမှာပင် (စုဏ္ဏိယ စကားပြေ ဂါထာ အနေအထားအားဖြင့် ကွဲပြားခြင်းမှ တပါး) **တရားဟောရန် စိတ်တော် မညွတ်သေးပဲ၊ တရာဟောရန်အရေး အားမထုတ်သေးသောအားဖြင့် စိတ်တော် ညွတ်ခဲ့ပြီ**ဟု တသံထည်းသော မိန့်ဆိုတော်မူချက် ဖြစ်သောကြောင့် ရှေ့နောက်ပြောင်းလွဲသည်ဟု မဆို သင့်တော့ပေ။

http://www.dhammadownload.com



ဤဒွိ ယုံမှားသံသယဖြစ်ခြင်းဖြစ်လျှင် သုံးကြိမ်မြောက် မိန့်ခွန်းတော် ဂါထာ၏ ရှေ့ထက်ဝက်ဖြစ်သော–အပါရုတာ တေသံ အမတဿ ဒွါရာ၊ ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ–ဟူသော ပါဠိတော်ဖြင့် ပြအပ်သည့် "နားရှိသော သူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားအပ်ပြီ၊ ယုံကြည်ခြင်း (သဒ္ဓါတရား)ကိုသာ မဖွဲ့မဆုပ် အထုပ်ဖြေကာ ဖွင့်ပြထားကြပါစေကုန်" ဟူသော စကားကိုသာလျှင် ရှေ့နှစ်ကြိမ် မိန့်ခွန်းတော်များ၌ တရားမဟောရန် မိန့်ပြီးမှ သုံးကြိမ်မြောက် မိန့်ခွန်းတော်ကျခါမှ တရားဟောရန် မူတမျိုး ပြောင်းလဲမိန့်ဆိုတော်မူသည်ဟု ထင်မြင်သော် ထင်မြင်ဘွယ်ရှိပေသည်။

ထိုသို့လည်း မထင်မြင်ထိုက်ပေ။ ထင်ရှားစေဦးအံ့။ မိန့်ခွန်းတော် သုံးရပ်အနက် တတိယမြောက်(ဂါထာဖြင့်)မိန့်ကြားချက်ကို ရှေးဦးစွာ အကျယ်တဝင့် ဤသို့ သိအပ်၏။

ဗြဟ္မာ၊ နားအင်္ဂါကောင်းကုန်သော (ပသာဒသောတ ရှိကြသော)သတ္တဝါတို့အတွက် မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်တံခါးကို ငါကား ဖွင့်လှစ်အပ်ပြီ)ဆိုသည်ကား–

သုမေဓာဘဝက ကြုံးဝါးစဉ်ကပင် တရားဟောဘို့ရန် ကြံစည်ဆုံးဖြတ်ပြီးဖြစ်သည်ဟု ဆိုလိုရင်းဖြစ်၏။ အကြောင်းကား ယေ သောတဝန္တော–ဟူသော ပါဠိအရ "နားရှိသူတို့အတွက်"ဟု ဆိုသဖြင့် နားရှိမှ ဟောသည့်တရားကို ကြားနာနိုင်မည်၊ ပရတော ဃောသအကြောင်းကို ရနိုင်မည်။ နားမဲ့သူတို့ကား မကြားမနာနိုင်ဟူသော အနက်ကို သိရခြင်း ကြောင့် "နိဗ္ဗာန်တံခါးကို ဖွင့်ခြင်း"ဟူသည် ဤအရာ၌ တရားဟောရန် ကြံစည်ဆုံးဖြတ်ခြင်းပင်ဖြစ်၏။ "အပါရုတာ–ဖွင့်တော်မူအပ်ပြီ"ဟူ၍ အတိတ်အနက်ကို ဆိုသဖြင့် ရှေးဘုရားဆုကို ပန်ဆင်ကြုံးဝါးတော် မူခဲ့စဉ်ကပင် **"တရားဟောရန် ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်သည်"**ဟူသော အနက်ကို သိရ၏။

http://www.dhammadownload.com



ထို့ကြောင့် ငါဘုရား တရားဟောရန် ရှေးကပင် ဆုံးဖြတ်ပြီး ဖြစ်သည်။ ငါဘုရားဘက်၌ တာဝန်ပျက်ကွက်ခြင်းမရှိ။ ဝေနေယျတို့ဘက်၌ အခက် တခု ရှိနေသည်။ ထိုအခက်ကား ငါဘုရား၌ရှင်း, တရား၌ရှင်း, ယုံကြည်လေးစားမှု ရှိရန်ဖြစ်၏။ သို့အတွက် ဝေနေယျတို့၏ စိတ်သန္တာန်ဝယ် ဖွဲ့ထုပ် ဆုပ်ကိုင်ထားသကဲ့သို့ ငုပ်ကွယ်လျက်ရှိသော သဒ္ဓါတရားကို ပွင့်လင်း ပြန့်ပြောအောင် ဝေနေယျတို့ကသာ ဖွင့်လှစ် ဖြန့်ထားရန် တာဝန်ကျေကြပါစေဟု ဆိုလိုရင်းဖြစ်၏။

ဤ၌ သာသနာပြင်ပ ဗာဟိရကဖြစ်သော ပရမေသွာ ဗြဟ္မာကြီး စသည်, ပူရဏကဿပ စသည်တို့ကို ထာဝရသခင် ဘုရားရှင်အနေဖြင့် ဘဝလွတ်မြောက်ရေးကို ပေးနိုင်သည်ဟု ယုံကြည်ချက်ကား သဒ္ဓါစစ် မဟုတ်၊ မိစ္ဆာဓိမောက္ခ(မှားယွင်းသော ဆုံးဖြတ်ချက်) သာဖြစ်၏။ အကြောင်းကား သဒ္ဓေယျဝတ္ထု(ယုံကြည်ရမည့်ဝတ္ထု) မဟုတ်ခြင်းကြောင့်တည်း။

သဒ္ဓါစစ်သဒ္ဓါမှန်ကား ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန် တည်းဟူသော သဒ္ဓေယျဝတ္ထုကိုရမှ ဖြစ်ပေါ်နိုင်ရကား သဒ္ဓေယျဝတ္ထုနှင့် မကြုံသေးခင် ဖွဲ့ထုပ် ဆုပ်ကိုင်ထားသကဲ့သို့ ငုပ်လျှိုး ကွယ်ပျောက်နေသည်ဟု ဆိုရ၏။

ထို့ကြောင့် ထိုငုပ်လျှိုး ကွယ်ပျောက်နေသည့် သဒ္ဓါတရားကို ထုတ်ဖော်သည့်အနေ ဝေနေယျတို့ကသာ ဖွင့်လှစ်ထားကြပါစေ။

သဒ္ဓါစစ်ကို မဖွင့်လှစ်သေးမီ ငါဘုရား တရားဟောသည့်ရှိသော် ယုံကြည်ချက် မရှိသဖြင့် ငါ့တရားကို ဝေနေယျတို့ မသိကုန် မကျင့်ကုန်ရာ။ ထိုသို့ မသိသူ မကျင့်သူတို့အား တရားဟောခြင်းသည် အကျိုးမပြီးပဲ ငါဘုရား၏ ကိုယ်တော်ပင်ပန်းကြောင်းသာ ဖြစ်မည်ဟု သညာပြဋ္ဌာန်းသော ပစ္စဝေက္ခဏာဉာဏ် စိတ္တုပ္ပါဒ်ဖြင့် တတ်အပ်ထင်ထင် သိမြင်သောကြော

http://www.dhammadownload.com



ငါဘုရားသည် အထပ်ထပ်သုံးသပ်ဖွားစီး လေ့လာအပ်ပြီးသည့် အလွန်မွန်မြတ်သောတရားတော်ကို ဝေနေယျတို့၌ သဒ္ဓါစစ်သဒ္ဓါမှန် ပေါ်လာရန် အခွင့်မသင့်သေးခင် မရှိသေးခင် ဟောပြတော်မမူသေးဟု အကြံတော်ဖြစ်ခဲ့ကြောင်း (သုံးကြိမ်တောင်းပန်သဖြင့် သဒ္ဓါပန်းပွင့်ရန် အချိန်တန် အခွင့်ကြိုက်သည်နှင့် တပြိုင်နက်) ကိုယ်တော်မြတ်၏ ဆုံးဖြတ်ချက်ကို ပွင့်ပွင့်လင်းလင်း မိန့်မြွက်တော်မူခြင်း ဖြစ်သည်။

ဤကား တတိယမြောက် (ဂါထာဖြင့် ပြအပ်သော) မိန့်ခွန်းတော်တည်း။

ပဌမ ဒုတိယ နှစ်ကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ရာ မြတ်စွာဘုရား၏ ပြန်ကြားမိန့်ဆိုချက်တွင် "မယှမ္ပိ ခေါ ဗြဟ္မေ ဧတဒ ဟောသိ"ဟူသော စကားတော်သည် လိုရင်းဖြစ်၏။ ထိုစကားရပ်၌ (ပိ) သဒ္ဒါကို ဧတံနှင့်ယှဉ်၍ "ငါဘုရား၏ စိတ်သန္တာန်ဝယ် ဤအကြံလဲ ဖြစ်ပြီ"ဟု အနက်ကို ပြန်ဆိုသဖြင့် "တပါးသော အကြံလဲ ဖြစ်သေး၏" ဟု ဆိုရာရောက်သည်။ ထိုတပါးသော အကြံဟူသည်မှာလည်း တတိယ မိန့်ခွန်းတော်ဂါထာလာ "အပါရုတာ တေသံ အမတဿ ဒွါရာ၊ ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ-နားအင်္ဂါ ပြည့်စုံသော သူတို့သည် ငါဘုရားနှင့် တရားတော်ဝယ် ယုံကြည်ခြင်း သဒ္ဓါတရားကိုသာ မဖွဲ့မဆုပ် အထုပ်ဖြေ ၍ ထားကြကုန်ပါစေ၊ ထိုနားအင်္ဂါ ပြည့်စုံသော သူတို့အတွက် မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်တံခါးကို ဖွင့်ထားအပ်ပြီး ဖြစ်သည်"ဟူ၍ ခွင့်ပြုရန် တရားဟောရန် အကြံတော်ပင် ဖြစ်၏။

တနည်း (ပိ)သဒ္ဒါကို ဝါကျသမ္ပိဏ္ဍနကြံ၍ "ဤသို့လည်း အကြံဖြစ်ပြီ၊ ဒေသနာနိဒါန်း ပြည့်စုံလုံလောက် ဝေနေယျတို့ သဒ္ဓါတရား ပေါ်ပေါက်ခွင့်ရောက်လျှင် တရားဟောဘို့ရန် အခွင့်လည်းပြုမည်"ဟူ

http://www.dhammadownload.com



အနက်ရောက်သောကြောင့် ထိုပဥ္စမ ဒုတိယမိန့်ခွန်းတော်ကို ချုပ်လိုက်လျှင် တတိယမိန့်ခွန်းတော်နှင့် အနက်ထပ်တူရောက်၏။

နှုတ်တော်လှစ်ဖွင့် ပွင့်ပွင့်လင်းလင်း ခွင့်ပြုခြင်းကို ရယူလိုသဖြင့် သဟံပတိဗြဟ္မာကြီးသည် အနက်ရောက်မှုဖြင့် တင်းမတိမ်နိုင်ပဲ သုံးကြိမ်တိုင်တိုင် ထပ်၍ တောင်းပန်သည်ဟု မှတ်ယူရာ၏။

ထို့ကြောင့် အရင်ဟာ မှားသည်၊ နောက်ဟာ မှန်သည်ဟု ပြောင်းလဲ၍ မိန့်ဆိုရာလည်း မရောက်ပေ။ ရှေ့နောက်စကား ဆန့်ကျင်မှုလည်း မရှိပေ။

ပင်ပန်းရုံသာ ရှိမည်ထင်၍ ဟူသော စကားအတွက် ရှေးဆိုပြီး အကျဉ်းအဖြေဖြင့်ပင် ပြည့်စုံလောက်ပြီဖြစ်၍ ဤ၌အကျယ် မဖြေဆိုတော့ပြီ။

ထိုသို့ အရင်ဟာမှားသည် နောက်ဟာ မှန်သည်ဟု ပြောင်းလဲ၍ မိန့်ဆိုခြင်းလည်း မဟုတ်, ရှေ့နောက်စကား ဆန့်ကျင့်မှုလည်း မရှိသောကြောင့် နတ္ထိ ရဝါ–စသော အာဝေဏိကဂုဏ်တော်များကို ဖျက်ဆီးရာလည်း မကျရောက်ပေ။

**ဤကား (၄)အမှတ်ပါ ယုံမှားခြင်းအတွက် ဖြေဆိုချက်တည်း။**

အချုပ်အားဖြင့် ဗြဟ္မာယာစနကထာ ပြဿနာပေါ်လာရခြင်း၏ အကြောင်းအရင်းကို စိစစ်လျှင်

၁။ အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ၊ နော ဓမ္မဒေသနာယ ဟူသော ပါဠိတော်အရ "တရားမဟောရန် စိတ်အကြံတော်ဖြစ်နေ၍"ဟူသော အခြေတည်စကားနှင့်

၂။ တရားဟောရန် ဗြဟ္မာတောင်းပန်သည်ဟူသော အချက်၌ လက်ရှိပါဠိတော်လာ မြတ်စွာဘုရား၏ စိတ်အကြံတော်ဖြစ်ပုံကိုပင်

http://www.dhammadownload.com



သဟံပတိ ဗြဟ္မာကြီး၏ အထင်များမှု အခြင်းအရာဟု ယူဆခြင်း

ဤအကြောင်းရင်း နှစ်ရပ်ကို အချုပ်အားဖြင့် တွေ့ရှိရပေသည်။

ထိုတွင် (၁)အချက်ဖော်ပြရာပါ ပါဠိတော်၌- အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ-ကို ကြောင့်ကြမဲ့နေရန် စိတ်ညွတ်၏ဟု အနက်ပြန်ရမည်မဟုတ်။ "(လောလောဆယ် နိဒါန်းမစုံသေးမိ) တရားဟောဘို့ရန် အားထုတ်မှု မရှိသေးသည်၏အဖြစ်ဖြင့် စိတ်တော်ညွတ်၏"ဟု အနက်ပြန်ဆိုရပေမည်။

နော ဓမ္မဒေသနာယ-ဟူသော ပါဠိကိုလည်း (တရားမဟောရန် စိတ်ညွတ်၏)ဟု အနက်ပြန်ရမည်မဟုတ်၊ "တရားဟောရန် စိတ်တော်မညွတ်သေး မဖြစ်သေး"ဟု အနက်ပြန်ရမည်။

**တရားမဟောဖို့ရန်** စိတ်ညွတ်ခြင်းဟူသည်မှာ "တရား မဟောတော့ဘူး"ဟု လုံးဝလက်လွတ် စွန့်ပစ်လိုက်သော စိတ်ဖြစ်မှုကို ဆိုလိုသည်။

**တရားဟောဘို့ရန် စိတ်မညွတ်သေးခြင်း**ဟူသည်မှာ တရားဟောရန် အကြောင်းအချက် မပြည့်စုံသေးသဖြင့် နိဒါန်းအကြောင်းအချက် ပြည့်စုံ၍ တရားဟောသင့်သော အချိန်ကိုစောင့်ဆိုင်း၍ နေတော်မူသည်ဟု အနက်အဓိပ္ပါယ်ရရှိသည်။ ဤကဲ့သို့ တိကျမှန်ကန်သော ယူရမည့်အနက်, မယူရမည့်အနက်တို့ကို လေးနက်စွာ စဉ်းစားပါက (တရားမဟောရန် စိတ်ညွတ်ခြင်း မဟုတ်သောကြောင့်) **တရားမဟောရန် အကြံတော်ဖြစ်နေ၍**ဟုပင် မဆိုသင့်တော့ပြီ။ ထိုသို့ မဆိုသင့်သောကြောင့် **တရားမဟောရန် အကြံတော်ဖြစ်နေ၍**ဟူသော စကားမှ ပေါက် ပွားလာသည့် ဤဗြဟ္မယာစနကထာ ပြဿနာပင် မပေါ်သင့်တော့ပြီ။

**တရားဟောရန် စိတ်တော်မညွတ်သေး**ဟု မှန်ကန်တိကျသော အနက်ကို ယူမှတ်ပါလေ။ ထိုသို့ ယူမှတ်ပါက ပြဿနာပါ သံသယခပ်သိမ်း ငြိမ်းအေးသွားလိမ့်မည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



(၂)အမှတ်ပါ ယူဆချက်အတွက် ပါဠိတော်၌ ဖော်ပြလတ္တံ့သော အတိုင်း အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ မှတ်ယူလျှင် လက်ရှိ ဗြဟ္မာယာစနကထာပါဠိတော်မှာ (၄၅)ဝါ ဟောတော်မူသမျှ တရားတော် တို့၏ အရေးကြီးသောနိဒါန်းကြီးဖြစ်သည်ကို နစ်နစ်ကာကာ သဘော ကျပေလိမ့်မည်။

## ဗြဟ္မယာစနကထာအကျဉ်းချုပ်အဓိပ္ပါယ်

လောကသုံးပါး၏ သမားတော်စစ် ဖြစ်တော်မူသော မြတ်စွာဘုရား သည် ဗောဓိမာရ်နှင့် ဗွေပလ္လင်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်၍ ရှစ်ခုမြောက် သတ္တာဟဝယ် အဇပါလ ညောင်ပင်ရင်းသို့ ကပ်ချဉ်းတော် မူပြီးကာ ဓမ္မတာ အာစိဏ္ဏ ဘုရားဟူသမျှတို့၏ အလေ့အကျင့်တော်အား ဖြင့်–

သချော်လေးဖြာ သိန်းကမ္ဘာဟု အခါတော်ရှည်မြင့်ညောင်းအောင် စုဆောင်းတော်မူမှ ရအပ်သောအမြိုက်ဆေး၏ လေးနက် ခက်ခဲသည် ၏အဖြစ်ကိုရင်း၊ သတ္တဝါတို့၏ ကိလေသရောဂါ အနာလွန်ကဲ အသဲကြီး သဲသည့် အဖြစ်ကိုရင်း၊ ခါမတန်သေး အမြိုက်ဆေးကို တိုက်ကျွေးမိပါ က ရောဂါသဲသန် လက်မခံသော် ပျောက်ငြိမ်းရန် ခက်သည့်အဖြစ် ကိုရင်း၊ သဒ္ဓါခေါင်းပါး ပညာရှားသူတို့အား တရားတော်ဆေး ခါမတန် သေးလျက် တိုက်ကျွေးမိပါမူ ကျွေးသမျှလက်မခံ ထွေးအန်၍ ပစ်သည် ရှိသော် ကိုယ်တော်သာပင်ပန်း နွမ်းနယ်မည့်အဖြစ်ကိုရင်း–

နစ်နှောဆင်ခြင် အတပ်သိမြင်တော်မူပြီးနောက် ဆက်၍ တဖန် အကြံတော်ဖြစ်သည်မှာ–

ဆင်းရဲစွာ စုဆောင်းမှ ပေါင်းမိသည့် အမြိုက်ဆေးကို အရေး တကြီး ချိန်မတန်ခင် ခုလက်ငင်း တိုက်ကျွေးခြင်းငှါ (ဒါနိ–ကို သတိပြု) အလျဉ်းမလျော် ခါမတော်သေး–

http://www.dhammadownload.com



နဟိ ဘဂဝါ အယုတ္တေ ဒေသေ ဝါ ကာလေ ဝါ ဓမ္မံ ဘာသတိ= မြတ်စွာဘုရားသည် မသင့်လျော်ဒေသ, မသင့်လျော်သော ကာလ၌ တရားကို မဟော။ (ကေဂုံတ္တရ အဋ္ဌကထာ)။

ဤအမြိုက်ဆေးသည် ရာဂ ဒေါသ မောဟလွန်ကဲ အနာသဲသူတို့ အကြောင်းမရ အချိန်မကျမီ ကောက်ယူသုံးစွဲနိုင်သည့် ဆေးမျိုး မဟုတ်ချေ။

စင်စစ်သောမူ အရခက်ခဲ နက်နဲသိမ်မွေ့ လူ့ဓလေ့ပြောင်းပြန် တော်လှန်ဆန်တက်မှ ရယူသုံးစွဲနိုင်သည့် တရားဆေးတော်မြတ် ဖြစ် သည်။ အဝိဇ္ဇာတဏှာ ရောဂါအကြိုက် အစုန်လိုက် မျောနေသူတို့ ရယူ သုံးစွဲနိုင်ရန် အခါတော်မတန်သေးဟု-

အကြံတော်တထောက် ပေါက်လာသည့်အတိုင်း ငံ့ဆိုင်းသည့် သဘောဖြင့် တရားဟောမှု၌ စိတ်စောတော်မမူသေးပဲရှိရာ-

ဓမ္မတာဖြစ်ရိုး နှီးဆော်သည့်စဉ်အလာ စက္ကဝါတိုက်တသောင်း မှ ဗြဟ္မာအပေါင်းတို့နှင့်တကွ သဟံပတိမဟာဗြဟ္မာ တောင်းပန်လာခြင်း ဟူသော ဗာဟိရက ဓမ္မဒေသနာနိဒါန်း ခွင့်လမ်းကြုံကြိုက် အကြောင်း ဆိုက်တိုက်ရာတွင် ပဌမ ဒုတိယတောင်းပန်စဉ်ခဏဝယ် ဓမ္မဂါရဝ ရှိသေမှု ရလောက်အောင် နှုတ်တော်မှပွင့်ပွင့် ခွင့်ပြုတော်မမူသေးပဲ (ဒွေ တယော ဝါရေ ပဋိက္ခိတ္တေ ပန ဂါရဝံ ကရောန္တိ) ကိုယ်တော်၏ စိတ် အကြံတော် ပေါ်ခဲ့ပုံ အကြောင်းမျှကို ပြန်ပြောင်းမိန့်ဆိုတော် မူလေလျှင်-

တတိယတဖန် တောင်းပန်ရာကာလ ဗာဟိရသမုဋ္ဌာန် အရင်းခံ အကြောင်း အခွင့်ကောင်းပြည့်စုံပြီဖြစ်ရကား၊ အဇ္ဈတ္တိကသမုဋ္ဌာန် ကိုယ်တော်မြတ်သန္တာန်ဝယ် အဖန်ဖန်ဖြစ်တောင်း အကြောင်းခံတခု ပေါ်လွင်စွာပြုခြင်းငှါ မဟာကရုဏာဉာဏ်အခြေခံ၍ ရွှေဉာဏ်တော် ကွန်ရက်ကို ဖြန့်ကျက်ကြည့်ရှုတော်မူကာ သတ္တဝါဝေနေယျ ကြာလေးဝ တို့ကို ဘဗ္ဗ, အဘဗ္ဗ နှစ်စုခွဲဝေကာ ပြုပြီးမှ-

http://www.dhammadownload.com



အပါရုတာ တေသံ အမတဿ ဒွါရာ–ဂါထာရင့်ရှ ဟောမိန့်ကြူလျက် နားရှိသူတို့အတွက် မဂ်ပေါက်တံခါး ငါဖွင့်ထားအပ်ပြီ သဒ္ဓါရွှေခွက် ပက်လက်ဖွင့်လှန် ခံယူကြစေကုန်၊ ဗိုလ်လူတို့ သန္တာ အလိုအကြံရှိသရွေ့ လောင်းဖြေ့(ဖြည့်) ထည့်ပေးတော်မူမည်–ဟု မိန့် ရည်ရွှန်းတင့် ရွှေနှုတ်တော်လှစ်ဖွင့်၍ ခွင့်ပြုတော်မူအပ်ပေသတည်း။

ဤကားအကျဉ်းချုပ် အဓိပ္ပါယ်တည်း။

မှတ်ချက်။ ။ဒေသနာသမုဋ္ဌာန်ခေါ်သော ဒေသနာနိဒါန်းသည်–

၁။ သာဓာရဏ နိဒါန်း(ဒေသနာ အားလုံးနှင့် သက်ဆိုင်သော အကြောင်း)

၂။ အသာဓာရဏနိဒါန်း (ဒေသနာအချို့နှင့်သာ သက်ဆိုင်သောအကြောင်း)

–ဟူ၍ နှစ်ပါးရှိသည်။

ထိုတွင် (၁) ဒေသနာအားလုံးနှင့် သက်ဆိုင်သော သာဓာရဏ နိဒါန်းသည် (က) အဇ္ဈတ္တိကသာဓာရဏနိဒါန်း (မြတ်စွာဘုရား သန္တာ တော်၌ဖြစ်သော ဒေသနာအားလုံးနှင့် သက်ဆိုင်သောအကြောင်း (ခ) ဗာဟိရ သာဓာရဏနိဒါန်း (အပြင်အပ၌ ဖြစ်သော ဒေသန အားလုံးနှင့် သက်ဆိုင်သော အကြောင်း)ဟူ၍ နှစ်ပါးပြားပြန်သည်။

ထိုတွင် မဟာကရုဏာတော် သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ စသော ဉာဏ်တော်အပေါင်းသည် (က) အဇ္ဈတ္တိက သာဓာရဏနိဒါန်းမည ၏။ ထိုအဇ္ဈတ္တိကသာဓာရဏ နိဒါန်းကို ဤဗြဟ္မာသာစနကထာဝပ သုံးကြိမ်တိုင်အောင် ဗြဟ္မာတောင်းပန်ပြီးသည့်အဆုံး၌ လာသော **"သဏ ဿ စ ကာရုညတံ ပဋိစ္စ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ"** အစရှိသေ စကားဝါကျများဖြင့် ပြသည်။

http://www.dhammadownload.com



ဗြဟ္မာကြီး၏ တောင်းပန်ခြင်းသည် (ခ) ဗာဟိရ သာဓာရဏ
နိဒါန်းမည်၏။ ထိုဗာဟိရ သာဓာရဏနိဒါန်းကို ဤဗြဟ္မယာစန
ကထာ၀ယ် “အထ ခေါ ဘဂဝါ ဗြဟ္မုနော စ အဇ္ဈေသနံ ဝိဒိတွာ”ဟူသော
စကားပိုဒ်ဖြင့်ပြသည်။

ထို့ကြောင့် ဤဗြဟ္မယာစနကထာသည် မြတ်စွာဘုရားနှင့် ဒေသ
နာတော်ဟူသမျှ၏ မူလဘူတ သာဓာရဏ ဗာဟိရသမုဋ္ဌာန်ဖြစ်၏ ဟူ၍
မူလပဏ္ဏာသ မူလပရိယာယသုတ်ဋီကာ, အင်္ဂုတ္တရနိကာယ် ရူပါဒိဝဂ်
ပသုတ်ဋီကာ စသည်တို့၌ ဖွင့်ဆိုကုန်ပြီ။

ထို့ကြောင့်ပင်–

ဗြဟ္မာ စ လောကာဓိပတိ သဟမ္ပတိ၊
ကတဉ္ဇလီ အနဓိဝရံ အယာစထ။
သန္တီဓ သတ္တာပ္ပရဇက္ခဇာတိကာ၊
ဒေသေဟိ ဓမ္မံ အနုကမ္ပိမံ ပဇံ။ ။

ဟူ၍ ဗုဒ္ဓဝံသပါဠိတော်၌ ဗြဟ္မာတောင်းပန်ခန်းကို နိဒါန်းအဖြစ်ဖြင့်
ဦးစွာ ဟောတော်မူအပ်ပြီ။

သို့ရကား–

မိလိန္ဒပဉှပါဠိတော် ဟောပုံ, အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြ
တို့ကို ရှေ့နောက်ထောက်ထား လေးနက်စွာ စဉ်းစားသောအားဖြင့်
ဤဗြဟ္မယာစနကထာ (ဗြဟ္မာ တောင်းပန်ခဏ်း)သည် မြတ်စွာဘုရား
၏ ဂုဏ်တော်ကို ချိုးနှိမ်ရာသို့လည်း မရောက်၊ အာဝေဏိကဂုဏ်တော်,
သာဓာရဏဉာဏ်တော်များ, သုမေဓာဘ၀က ကျုံးဝါးချက်များ, ဗုဒ္ဓဝင်
ပါဠိတော်လာ စကားရပ်များနှင့်လည်း မဆန့်ကျင်သောကြောင့် ဆိုအပ်
ခဲ့သည့်အနက် အဋ္ဌကထာ ဖွင့်ပြချက်ကိုပါ ငုံ၍ ယုံကြည်လေးနက် စွာ
မှတ်သားထိုက်လှပေသည်။

http://www.dhammadownload.com



ဆေတွာန ဝိမတိ သာဓု၊
ဟိတံ သမာဝဟံ စိရံ။
တိဋ္ဌတွာယံ ကထာပန္တိ၊
ဗြဟ္မယာစနသံဟိတာ။ ။

ဤဗြဟ္မယာစန အဖြေစကားအစဉ်သည် သူတော်ကောင်းတ
အတွက် ဗြဟ္မယာစနကထာနှင့်စပ်၍ ဖြစ်သမျှသော ယုံမှားကို ဖြဝ
တောက်ပြီးလျှင် ထိုသူတော်ကောင်းတို့၏ နိဗ္ဗာန်တိုင်အောင်သေ
အစီးအပွားကို ရွက်ဆောင်လျက် ငါးထောင်သာသနာ ရှည်မြင့်ကြာအော
ကောင်းစွာ တည်ထွန်းပါစေသတည်း။ ။

ယုံမှားသံသယ ကင်းပါစေသတည်း။

သာသနာတော် သုံးရပ် ထွန်းပပါစေသတည်း။

**ဗြဟ္မယာစနကထာ အဖြေပြီးပြီ။**

**သာသနာ ၂၅၀၀၊**
**ကောဇာ ၁၃၁၈-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက်နေ့။**

http://www.dhammadownload.com



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁၃၂၇–ခု၊ သီတင်းကျွတ်လပြည့်နေ့
မင်းကွန်းနယ်လုံးဆိုင်ရာ (၁၃)ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မပူဇာအခါသမယဝယ်

**ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ**
ဟောကြားအပ်သော

## ဒွယတာနုပဿနာသုတ္တန်တရားတော်

မိမိတို့ရဲ့ စိတ်ကို သာဝတ္ထိပြည်ရဲ့ အရှေ့ပိုင်း ပုဗ္ဗာရုံကျောင်း ဘုရားကိုယ်တော်မြတ်ကြီးဆီမှန်းပြီး အာရုံပြုပြီးတော့ လွတ်ထားရမယ်။

တစ်ချိန်က မြတ်စွာဘုရားကိုယ်တော်မြတ် သာဝတ္ထိပြည်ရဲ့အရှေ့ မိဂါရမာတာ=မိဂါရသူဌေးရဲ့ မိခင်အရာမှာတည်လို့ မိဂါရမာတာ ခေါ်သော ဝိသာခါသူဌေးကတော် ဆောက်လုပ်တဲ့ ပုဗ္ဗာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့ အခိုက်ဖြစ်ပါတယ်။

ဒါကို ပါဠိတော်က–

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ။

လို့ တရားဦးစခဲ့ပါတယ်။

ဧကံ သမယံ=အခါတပါး၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ သာဝတ္ထိယံ= သာဝတ္ထိပြည်၏ အနီးဖြစ်သော။ ပုဗ္ဗာရာမေ=ပုဗ္ဗာရုံအမည်

http://www.dhammadownload.com



ရှိသော။ မိဂါရမာတုပါသာဒေ=မိဂါရသူဌေး၏ မိခင်အရာ တည်တတ်စွာကြောင့် မိဂါရမာတာ အမည်သာသော ဝိသာခါသူဌေးကတော်ဆောက်လုပ်သည့် ပြာ သာဒ်၌။ (အထက်ထပ်က အခန်း၄၊ရာ၊ အောက်ထပ်က အခန်း၄၊ရာ၊ နှစ်ထပ်မှာဆိုယင် အခန်းပေါင်း တစ်ထောင်ရှိတဲ့ ပုဗ္ဗာရုံ ကျောင်းတော်မှာတဲ့)။ ဝိဟရတိ=ဣရိယာပထမျှတရွှင်ပြုံး သီတင်းသုံး နေထိုင်တော်မူဆဲဖြစ်ပါတယ်။

နေ့အားဖြင့် ယခုလို လပြည့်နေ့ကြီး။ အချိန်အားဖြင့်လဲပဲ လရောင် အင်မတန်ရွှန်းဝေပြီးတော့ ခုအချိန်လို အချိန်ဖြစ်ပါလိမ့်မယ်။ အဲဒီ အချိန်မှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ပုဗ္ဗာရုံကျောင်းရဲ့ အရှေ့ဘက် မျက်နှာစာမှာ အပေါ်က အမိုးမရှိတဲ့ ဟင်းလင်းအပြင် လွင်တီးခေါင်မှာ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံး နေထိုင်တော်မူပါတယ်။

မှန်းပြီးတော့ ကြည့်မယ့်ဆိုယင် ပုဗ္ဗာရုံကျောင်းကြီးရဲ့ အရှေ့ဘက် မျက်နှာစာမှာ အရှေ့လောကဓာတ်မှ ထွက်ပြူလာတဲ့ လပြည့်နေ့လဝန်းကြီးလို၊ အနောက်လောကဓာတ်ကနေပြီးတော့ လဝန်းကြီးတစ်ဆူထွက်သည့်အလား လမင်းနှစ်ဆူ အရှေ့အနောက်ပြိုင်၍ ထွက်သည့်အလားရဟန်းတော်အပေါင်းတည်းဟူသော ကြယ်တာရာတို့ခြံရံ၍ ပုဗ္ဗာရုံကျောင်းရဲ့ အရှေ့ဘက် ဟင်းလင်းအပြင် လွင်တီးခေါင်မှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ထောင်ပေါင်းများစွာသော ရဟန်းသံဃာ ကြယ်တာရာတို့ခြံရံ၍ နေတော်မူပါတယ်တဲ့၊ ဒီလိုအချိန်မှာပါပဲ။

အထ ခေါ ဘဂဝါ တုဏှီဘူတံ တုဏှီဘူတံ ဘိက္ခုသံဃံ အနုဝိလောကေတွာ ဘိက္ခူ အာမန္တေသိ။

အဲဒီလိုနေတော်မူတဲ့အခါ မြတ်စွာဘုရားသည် အလွန့်အလွန်ငြိမ်သက်တိတ်ဆိတ်နေတဲ့ ရဟန်းသံဃာအပေါင်းကို ကြည့်တော်မူပြီးတော့

http://www.dhammadownload.com



အဲဒီရဟန်းတော်တွေကို ဤကဲ့သို့ တရားဟောကြားပါတယ်။

အလွန့်အလွန် တိတ်ဆိတ်နေတဲ့ ရဟန်းအပေါင်းကို အနုဝိလောကေတွာ=အဖန်ဖန် ကြည့်ရှုတော်မူ၍ဆိုတော့၊ မြတ်စွာဘုရား စက္ခုနွေကို မထိန်းမသိမ်းလို့ ကြည့်ရှုတော်မူခြင်းမဟုတ်ပါဘူးတဲ့။

စင်စစ်က–

ဧတ္တကာ ဧတ္တ ဘိက္ခူ သောတာပန္နာ၊ ဧတ္တကာ သကဒါဂါမိနော၊ ဧတ္တကာ အနာဂါမိနော၊ ဧတ္တကာ အာရဒ္ဓ ဝိပဿကာ ကလျာဏပုထုဇ္ဇနာ၊ ဣမဿ ဘိက္ခုသံဃဿ ကီဒိသီ ဓမ္မဒေသနာ သပ္ပါယာ။

လို့ စဉ်းစားတော်မူရင်း ကြည့်တာ။

ဧတ္တ=ဤရဟန်းပရိသတ် အစည်းအဝေး၌။ ဧတ္တကာ=ဤမျှလောက်သော။ ဘိက္ခူ=ရဟန်းတို့ကား။ သောတာပန္နာ=သောတာပန်တို့တည်း။ ဧတ္တကာ=ဤမျှလောက်တို့ကား။ သကဒါဂါမိနော=သကဒါဂါမ်ပုဂ္ဂိုလ်တို့တည်း။ ဧတ္တကာ=ဤမျှလောက်တို့ကား။ အနာဂါမိနော=အနာဂါမ် ပုဂ္ဂိုလ်တို့တည်း။ ဧတ္တကာ=ဤမျှလောက်သော ရဟန်းတို့ကား။ အာရဒ္ဓ ဝိပဿကာ=ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ဆဲဖြစ်ကြကုန်သော။ ကလျာဏပုထုဇ္ဇနာ= ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့ပါတည်း။ ဣမဿ ဘိက္ခုသံဃဿ=ဤသောတာပန်, သကဒါဂါမ်, အနာဂါမ်, ကလျာဏပုထုဇဉ် ရဟန်းအပေါင်းအား။ ကီဒိသီ=ဘယ်သို့သဘောရှိသော။ ဓမ္မဒေသနာ=တရားဒေသနာသည်။ သပ္ပါယာ=သင့်လျော်လျောက်ပတ်ပါသနည်း။

## ဒွယတာနုပဿနာသုတ္တန်ဟောကြားရန် ကြံတော်မူခြင်း

ယခုစည်းဝေးမိတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ကလျာဏပုထုဇဉ် ဤရဟန်းပရိသတ်နဲ့ ဘယ်လိုတရားဒေသနာများ

http://www.dhammadownload.com



သင့်လျော် လျောက်ပတ်မလဲလို့ စဉ်းစားတော်မူရင်း ရဟန်းတော်တွေကို အစုလိုက် အစုလိုက် ကြည့်တော်မူခြင်း ဖြစ်ပါတယ်။ အဲဒီလိုကြည့်ပြီးတော့ ဒီရဟန်း ပရိသတ်တို့အား တစ်ဆယ့်ခြောက်ဌာနတို့၌ တစ်ဌာန တစ်ဌာန လျှင် သစ္စာလေးချက်ပေါ်စေလျက် လောကီအဖို့အစု၊ လောကုတ္တရာ အဖို့အစု နှစ်စုနှစ်စု ထားပြီးတော့ ဟောရမဲ့ ဒွယတာနုပဿနာ တရား ဒေသနာဖြင့် ချေချွတ်ရမူ ကောင်းလေစွလို့ အကြံဖြစ်တော်မူပါတယ်။

ဤတရားဒေသနာသည် ဤပရိသတ်နဲ့ အသင့်လျော်ခုံးပဲလို့ ရွှေဉာဏ်တော်ထဲ သဗ္ဗညုတရွှေဉာဏ်တော်ရဲ့ အစွမ်းသတ္တိသုံးမျိုးမှာ တရားနာ ပရိသတ်နဲ့ လိုက်လျောအောင် တရားဆင်နည်း၌ လိမ်မာ ကျွမ်းကျင်တော်မူခြင်းဆိုတဲ့ သဗ္ဗညုတ ဉာဏ်တော်ရဲ့ စွမ်းရည်သတ္တိဖြင့် ဒွယတာနုပဿနာ တရားဒေသနာ မြင်တော်မူပါတယ်။ မြင်တော်မူဟဲ့ အတွက် ထိုရဟန်းတို့နှင့် သပ္ပါယဖြစ်တဲ့ တရားဒေသနာ ဟောတော်မူ လိုတဲ့အတွက်-

ယေ တေ ဘိက္ခဝေ ကုသလာ ဓမ္မာ အရိယာ နိယျာနိကာ သမ္ဗောဓဂါမိနော၊ တေသံ ဝေါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ အရိယာနံ နိယျာနိကာနံ သမ္ဗောဓဂါမိနံ ကာ ဥပနိသာ သဝနာယာတိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ကုသလာ=အပြစ်မရှိ ကောင်းမြတ်လှကုန်သော။ ယေ တေ ဓမ္မာ=အကြင်ဗောဓိပက္ခိယ တရား သုံးဆဲ့ခုနစ်ပါးတို့သည်။ သန္တိ=ရှိကုန်၏။

မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ဟာ တချို့နေရာ သတိ ပဋ္ဌာန်ဟောတယ်။ တချို့နေရာ သမ္မပ္ပဓာန်။ တချို့နေရာ ဣဒ္ဓိပါဒ်။ ဣန္ဒြေ။ ဗိုလ်။ ဗောဇ္ဈင်။ မဂ္ဂင် အစုအားဖြင့် ခုနစ်စု။ တစ်လုံးစီ တစ်လုံးစီ ရေတွက်လို့ရှိယင် သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတွေ။

http://www.dhammadownload.com



ဘယ်တရားဖြင့် အပြစ်ရှိတာပဲလို့ လက်ညှိုးထိုးပြစရာ တစ်ခုမှမရှိဘူး။

ကုသလာ=အပြစ်မရှိကုန်သော။ ယေ တေ ဓမ္မာ=အကြင်သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အား ခုနစ်ပါးအစုရှိတဲ့ ဗောဓိပက္ခိယတရားတို့သည်။ အရိယာ=ဖြူစင်မြင့်မြတ်လှကုန်၏။ နိယျာနိကာ=သံသရာဝဋ်မှ ထွက်မြောက်စေတတ်ကုန်၏။ သမ္ဗောဓဂါမိနော=အရဟတ္တဖိုလ်ပေါက် ရောက်စေတတ်ကုန်၏။ အရိယာနံ=ဖြူစင်လှကုန်သော။ နိယျာနိကာနံ=သံသရာဝဋ်မှ ထွက်မြောက်စေတတ်ကုန်သော။ သမ္ဗောဓဂါမိနံ=အရဟတ္တဖိုလ် ပေါက်ရောက်စေတတ်ကုန်သော။ တေသံ ကုသလာနံ ဓမ္မာနံ= ထိုအပြစ်မရှိတဲ့ ဗောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါးတို့ကို။ သဝနာယ စ=နာခြင်းအကျိုးငှာ။ ဝေါ=သင်ရဟန်းတို့အား။ ဥပနိသာ=တောင့်တမြော်ကိုးခြင်း၏ အကြောင်းရင်းကား။ ကာ=အဘယ်ပါနည်း။

တရားက တည်လိုက်ကထဲကိုက ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး။ ယင်းသုံးဆဲ့ခုနစ်ပါးကို ဖော်ပြတဲ့ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်– တရားအစု ခုနစ်ပါးနဲ့ ပတ်သက်သော ပရိယတ္တိတရားများကို နာကြားကြတဲ့နေရာမှာ ရည်ရွယ်မြော်ကိုးတဲ့ အကြောင်းရင်းဟာ ဘယ်ဟာလဲလို့ မေးလိမ့်မယ်။

မြတ်စွာဘုရားလက်ထက်က ကိုယ်တော့်မျက်မှောက်မှာ တရားနာရဟန်းတွေ အားသာမဟုတ်ဖူး။ ယနေ့ စည်းဝေးမိတဲ့ သပ္ပုရိသနွယ်ဝင်သူတော်စင်တွေကိုလဲ တစ်ဦးတစ်ယောက်ကနေပြီးတော့ “ခင်ဗျားတို့ တရားနာတာဟာ ဘာကြောင့်လဲလို့” ဒီလိုမေးခဲ့သော် ပြောတာ။ တရားမနာချင်တဲ့ အစိတ်အပိုင်းကနေပြီး “ခင်ဗျာတို့နော် အညောင်းခံပြီး တရားနာတာဗျာ ဘာကြောင့်လဲ” ဒီလိုမေးတတ်တယ်။

http://www.dhammadownload.com



ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဝေါ=သင်ချစ်သားတို့အပေါ်၌။ ဣတိ=ဤသို့။ ပုစ္ဆိတာရော=စောထောက်စစ်ဆေး မေးမြန်းတတ်သော ပုဂ္ဂိုလ်တို့သည်။ စေ အဿု=အကယ်၍ ပေါ်ကုန်ငြားအံ့။

အဲဒီလိုများ ခင်ဗျားတို့တရားနာတာဟာ ဘာကြောင့်လဲလို့ စောထောက်စစ်ဆေး မေးမြန်းတဲ့ ပုဂ္ဂိုလ်တွေများ ပေါ်ပေါက်ခဲ့လို့ရှိယင်

တေ ဧဝမဿု ဝစနီယာ။

တေ=ထိုစောဒနာစစ်ဆေး မေးမြန်းတဲ့ ပုဂ္ဂိုလ်တို့ကို။ ဧဝံ=ဤသို့။ ဝစနီယာ=ပြောကြားအပ်ကုန်သည်။ အဿု=ဖြစ်ကုန်၏။

အဖြေမမှားပစေနဲ့ပေါ့။ ခင်ဗျားတို့ တရားနာတာ ဘာကြောင့်လဲ။ ဒီလိုမေးခဲ့ယင် ဒီလိုဖြေလို့ ကိုယ်တော့်သာဝကတွေ ဖြေပုံဖြေနည်းကို ညွှန်ပြပါတယ်။ ဘယ်လိုဖြေရမလဲ။

ယာဝဒေဝ ဒွယတာနံ ဓမ္မာနံ ယထာဘူတံ ဉာဏာယ။

ဒွယတာနံ=နှစ်ပါးသော အဖို့အစု ရှိကြကုန်သော။ ဓမ္မာနံ=သစ္စာလေးပါးတရားတို့ကို။ ယထာဘူတံ=မဖောက်မပြန် အမှန်အတိုင်း။ ယာဝဉာဏာယ ဧဝ=ဝိပဿနာဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား သိမြင်နိုင်ခြင်းအကျိုးငှာသာလျှင်။ ဟောတိ=ဖြစ်ပါတော့၏။လို့

တစ်ဦးတစ်ယောက်က ခင်ဗျားတို့ တရားနာတာ ဘာကြောင့်လဲ ဘယ်အကျိုးကို မြော်ကိုးပြီး တရားနာသလဲ။ မေးလို့ရှိယင်ဖြင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာလို ခေါ်ဆိုရတဲ့ လောကီသစ္စာတစ်ခု၊ နိရောဓသစ္စာ, မဂ္ဂသစ္စာလို ခေါ်ဆိုရတဲ့ လောကုတ္တရာသစ္စာကတစ်ခု။ အဲဒီလို အစုနှစ်ပါး တရားများကို ယထာဘူတ နေရာကျ ဝိပဿနာ ဉာဏ်မျက်

http://www.dhammadownload.com



စိဖြင့် သိမြင်နိုင်အောင် ကျုပ်တို့တရားနာတာလို့ ဒီလိုဖြေရမယ်တဲ့။ ဟိုမဂ်ဖိုလ်ရတာကတော့ တရားနာခြင်းကြောင့် ဘာပေါ်သလဲ။

ဤကား ဒုက္ခ၊ ဤကား ဒုက္ခသမုဒယ၊ ဤကား နိရောဓ၊ ဤကား နိရောဓဂါမိနိပဋိပဒါလို့ တရားနာတဲ့ ဓမ္မဿဝနပညာမှ အနီးကပ်ဆုံး အကျိုးပြုပေးလိုက်တာ၊ ကျေးဇူးပြုပေးလိုက်တာ၊ ဝိပဿနာ ဉာဏ်ကို ကျေးဇူးပြုပေးတယ်တဲ့။ အဲဒီဝိပဿနာဉာဏ်ကမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုပေးတာ ဖြစ်တယ်တဲ့။

အခုမေးတဲ့ ပုဂ္ဂိုလ်က "ခင်ဗျားတို့ တရားနာတာ ဘာကြောင့်လဲ၊ ဘာမြော်ကိုးလို့လဲ"လို့ မေးယင် အနီးဆုံးအဖြေကို ဖြေလိုက်ပါတဲ့။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဆိုတဲ့ သစ္စာလေးပါး တရားအစုကို ဝိပဿနာဉာဏ်ပညာ မျက်စိဖြင့် အမှန်အတိုင်း မြင်ဖို့ရန် တရားနာတယ်။ ဒီလိုဖြေလိုက်တဲ့။

ကိဉ္စ ဒွယတံ ဝဒေထ?။

နှစ်ဖို့နှစ်စုရှိသော တရားဆိုတာ ဘယ်တရားတွေကို အရှင်တို့ အသင်တို့ ခေါ်ဆိုကြကုန်သလဲလို့ တစ်ဦးတစ်ယောက်က မေးခဲ့လို့ရှိယင်ဖြင့် ဖြေပေးတော့တဲ့။

## ပဌမပဗ္ဗ (သစ္စပဗ္ဗ- သစ္စာပိုင်း)

ဣဒံ ဒုက္ခံ, အယံ ဒုက္ခသမုဒယောတိ အယမေကာနုပဿနာ။

ဣဒံ=ဓာတ်အစရှိသော ဤဓမ္မအနက် ရှစ်ချက်သည်။ ဒုက္ခံ= ဒုက္ခသစ္စာပေတည်း။ အယံ=ဤကာမ, ဘဝ, ဝိဘဝအား သုံးထွေပြားသည့် တဏှာလောဘတရားသည်။ ဒုက္ခသမုဒယော=ဒုက္ခဖြစ်ကြောင်း မကောင်းသော သမုဒယသစ္စာတည်း။ ဣတိ=ဤသို့။ အယံ=ဤဒုက္ခနှင့် သမုဒယကို ရှုပြင်းသည်။ ဧကာ=တစ်ခုသော။ အနုပဿနာ=ဝိပဿနာပါပေ။

http://www.dhammadownload.com



အယံ=ဤသည်ကား။ ဒုက္ခနိရောဓော=ဒုက္ခ၏ချုပ်ရာပါပေ။ အယံ=ဤသည်ကား။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ=ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သောအကျင့် ပဋိပတ်ပါပေ။ ဣတိ=ဤသို့။ အယံ=ဤသို့ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါး တစ်စုထား၍ ရှုခြင်းသည်။ ဒုတိယာ=နှစ်ခုမြောက်သော။ အနုပဿနာ=ရှုကြည့်ခြင်းပါပေ။

စတုသစ္စကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ပေးနေပါတယ်တဲ့။

ဣဒံ ဒုက္ခံ–ဆိုတာ

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ– ဆိုတဲ့ ဓမ္မစကြာကလာတဲ့ ဒုက္ခရှစ်ချက်ကို –

ဣဒံ=ဤဇာတိအစရှိသော တရားအနက် ဤရှစ်ချက်သည်။ ဒုက္ခံ=ဒုက္ခသစ္စာပါတကား။ ဒီလိုကြည့်ရမယ်ဆိုတော့ မြတ်စွာဘုရားရဲ့ သားတော်သမီးတော်ပီပီ တထွာပြယင် တတောင်မြင်တဲ့ ပညာရှင်များပီပီ မှန်းပြီးတော့ ဓမ္မစကြာအတိုင်း မြော်ကြည့်တတ်ရမယ်။

ပဋိသန္ဓေ၊ အို–နာ–သေ ဟု လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ အချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စုပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။ လို့ ဒီလိုတစ်ချက်ကြည့်ပါ။

အယံဒုက္ခသမုဒယော။

အယံ=ဤကာမ, ဘဝ, ဝိဘဝအား သုံးထွေးပြားတဲ့ တဏှာ လောဘတရားသည်။ ဒုက္ခသမုဒယော=ဒုက္ခ ဖြစ်ကြောင်း မကောင်းတဲ့ သမုဒယသစ္စာပေတည်း။

http://www.dhammadownload.com



ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာ သမုဒယ မှန်မောလှ။ အဲဒီလို လောကီသစ္စာနှစ်ပါးကို ကြည့်တာဟာ ဝဋ္ဋတရား နှစ်ပါးကို တစ်စုတည်း တစ်ပေါင်းတည်းအနေ ထားပြီးတော့ရှုတဲ့အတွက် ဧကာနုပဿနာ–အနုပဿနာတစ်ပါးလို့ခေါ်ဘယ်။

အယံ ဒုက္ခနိရောဓော။

အယံ=ဤတဏှာချုပ်ရာ နိဗ္ဗာန်ခေါ်တဲ့ တရားသည်။ ဒုက္ခနိရောဓော=ဒုက္ခချုပ်ရာ နိရောဓသစ္စာပါပေတကား။

တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စာနိရောဓ မှန်မောလှ။

အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ။

အယံ=ဤမဂ္ဂင်ရှစ်ပါး မဇ္ဈိမ ပဋိပါတ် တရားအစုသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ=ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့အကျင့် ပဋိပတ်ပါပေတကား။

နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်၊ တွင်မည်မဂ္ဂ မှန်မောလှ။

ဣတိ=ဤသို့။ အယံ=ဤနိရောဓ, မဂ္ဂသစ္စာနှစ်ပါး တစ်စုထား၍ ရှုကြည့်မှုသည်။ ဒုတိယာ=နှစ်ခုမြောက်သော။ အနုပဿနာ=လောကုတ္တရာ သစ္စာတရားကို ရှုကြည့်ခြင်းပါပေ။

အဲဒီလို ဒုက္ခ, သမုဒယတည်းဟူသော လောကီသစ္စာနှစ်ပါးကို တစ်ဖက်က တစ်စုထားပြီးတော့ရှု။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ နှစ်ပါးကို လောကုတ္တရာတရားဖြစ်တဲ့အတွက် တစ်ဖက်က တစ်စုထားပြီးတော့ ရှုပါတဲ့။ အဲဒီလို ဒွယတာနုပဿနာ=နှစ်စုရှုဆိုတာ ဒါပြောတာ။

http://www.dhammadownload.com



**သစ္စာလေးပါး**

သစ္စာ ကြည့်ကြအုန်းစို့။ လယ်တီဆရာတော်ဘုရားကြီးက– "အစွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တခါတရံ၊ မဖောက်ပြန်ပဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏ ။"

ကာလအစွန့် ဘယ်လောက်ပဲကြာကြာ ကမ္ဘာကမ္ဘော အသင်္ချေ ချေ ချင်တိုင်းချေ၊ ဘယ်လောက်ပဲဝေးဝေး ရှည်ချင်တိုင်းရှည်စေ။ ဟိုလေး အသင်္ချေနဲ့ ကမ္ဘာတသိန်းအချိန်တုန်းက ပွင့်တော်မူတဲ့ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဆိုတဲ့ မြတ်စွာဘုရားလေးဆူ လက်ထက် နဲ့ ယနေ့ရောက်ဆဲ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဆိုတဲ့ ရှင်တော်ဘုရားတို့ လက်ထက်ကျ အောင် ဤအတွင်း၌ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌ ဆိုတဲ့ ဒီသဘောတွေမှာ ဘယ်တော့မှ ပြောင်းလဲခြင်း မရှိဖူး။

ဥပမာ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တုန်းကလဲ ဒုက္ခသစ္စာရဲ့ သဘောဟာ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌဒီသဘောလေး ချက်။ အခုအစိန္တေယျသုံးလောကထွတ်ထား မြတ်စွာဘုရား လက်ထက် တော်မှာလဲပဲ ဒုက္ခသစ္စာခေါ်တဲ့ တရားထူးရဲ့သဘောသည် ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌပဲ။ အနာဂတ်မှာကော၊ အသင်္ချေ အသင်္ချေ ကမ္ဘာတွေ ခြားပြီးတော့ သွားလို့ ခြားချင်သလောက်ခြားပါစေ။ ဒုက္ခကသာဖြင့် ပီဠန၊ သင်္ခတ၊ သန္တာပ၊ ဝိပရိဏာမဆိုတဲ့ သဘောက ဘယ်တော့မှ မပြောင်းဖူးတဲ့။ အဲဒီလို မဖောက်ပြန်ပဲအစဉ်မြဲကို သစ္စာဆို၏ ။

သမုဒယကလဲ နိဒါနဋ္ဌ၊ သံယောဂဋ္ဌ၊ ပလိဗောဓဋ္ဌ၊ အာယူ မာနဋ္ဌဆိုတဲ့ သူ့ရဲ့သဘောလေးချက်။

http://www.dhammadownload.com



နိရောဓသစ္စာကလဲ အသင်္ခတတ္ထ၊ အမတတ္ထ၊ နိဿရဏတ္ထ၊ ဝိဝေကတ္ထဆိုတဲ့ သူ့ရဲ့သဘောလေးချက်။

မဂ္ဂသစ္စာကလဲ နိယျာနတ္ထ၊ ဟေတွတ္ထ၊ ဒဿနတ္ထ၊ အဓိပတေယျတ္ထဆိုတဲ့ သူ့ရဲ့သဘောလေးချက်ကတော့ဖြင့် ကမ္ဘာတွေပြောင်းချင်တိုင်းပြောင်း၊ သူ့သဘောသူက ဘယ်တော့မှ မဖောက်မပြန်ဖူးတဲ့။ အစဉ်သဖြင့် ဒီသဘောနဲ့မြဲတယ်။ မြဲဆိုတာ နိစ္စမြဲတဲ့ မချုပ်မပျောက်ပဲ မြဲတဲ့သဘောပြောတာမှတ်ဖူးနော်။

ပွင့်တိုင်း ပွင့်တိုင်းသော ဘုရားတို့ လက်ထက်မှာပဲဖြစ်ဖြစ် ဘုရားမပွင့်တဲ့ ကမ္ဘာတိုင်း ကမ္ဘာတိုင်း မှာပဲဖြစ်ဖြစ်၊ သစ္စာလေးပါးတို့ဟာ မိမိတို့ရဲ့သဘောက ဖောက်လွဲပြီးတော့ ကာ အခြားသဘောနဲ့ ဘယ်တော့မှ မဖြစ်ဖူးတဲ့။

ဒုက္ခသည် သူ့ရဲ့သဘောနဲ့ ဖြစ်မှုမြဲတယ်။

သမုဒယလဲ သူ့ရဲ့အနက်သဘောမြဲတယ်။

နိရောဓလဲ သူ့ရဲ့အနက်သဘောလေးပါးဖြင့် ဖြစ်မှုမြဲတယ်။

မဂ္ဂလဲ သူ့ရဲ့အနက်သဘောလေးပါးနဲ့ ဖြစ်မှုမြဲတယ်လို့ ပြောရတယ်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ အခိုင်အမာ ဓုဝ၊ သဿတ ဒါပြောလိုတာ မဟုတ်ဘူး။ သူ့သဘောက မပြောင်းလဲတာ၊ ဒါပြောလိုတာ။ သူလာမှုဖြင့် ဒီသဘောနဲ့ချည်း အမြဲလာတယ်၊ အမြဲဖြစ်တယ်။ အဲဒီလို ပြောရတဲ့ သဘောကို သစ္စာခေါ်တယ်တဲ့။

"ထိုသစ္စာကား၊ လေးထွေပြား၏။ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ"လို့ လွယ်လွယ်နဲ့ သင်္ဂြိုဟ်မတက်ပဲနဲ့ သစ္စာလေးပါး သိလွယ်အောင် ကျက်ထားကြ။

http://www.dhammadownload.com



"ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။"–လို့ လောကီဥပါဒါန
က္ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ ခေါ်သတဲ့။ အကျဉ်းချုပ်က ဒီလိုမှတ်ထား
တာပ။

"ထိုဒုက္ခပေါင်း၊ ပွားကြောင်းအမှု၊ လောဘစုကား၊ သမုဒယ
အမည်ရ၏။"လို့ အဲဒီဒုက္ခအမျိုးမျိုး ပွားလာအောင် ဘယ်သူလုပ်ပေးတာလဲ
လောဘက လုပ်ပေးတယ်။ အဲဒီလောဘသည် ဒုက္ခသမုဒယသစ္စာ။

**တဏှာတရာ့ရှစ်ပါး**

"လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော
အစဉ်ချောကို၊ နိရောဓဟူ။"လို့ ဆိုရာမှ လောဘခပင်းဆိုတာက–

တဏှာသုံးတန်၊ အရင်းခံ၊ အာ, ကာ, သန်နှင့်မြှောက်။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့ တဏှာလောဘက
အရင်းမူလသုံးမျိုးရှိတယ်။ အာရုံငါးပါး ကာမဂုဏ်တရားကို လိုက်စား
တွယ်တာ တပ်မက်တတ်တဲ့ တဏှာလောဘကို ကာမတဏှာလို့ ခေါ်တယ်။
သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီး ဖြစ်လာတဲ့ တဏှာလောဘကို ဘဝတဏှာလို့
ခေါ်ပါတယ်။ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်လာတဲ့ တဏှာလောဘကို
ဝိဘဝတဏှာလို့ ခေါ်ပါတယ်။ (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ
တဏှာဆိုတဲ့)တဏှာသုံးတန် အရင်းခံပြီး အာရုံခြောက်ပါးနှင့်မြှောက်ပါ၊

ကာမတဏှာကလဲ ဝတ္ထုအာရုံ ကာမဂုဏ်ခေါ်တဲ့ အာရုံခြောက်
ပါးမှာ ကျက်စားတာပဲ။ ဘဝတဏှာကလဲ အာရုံခြောက်ပါး၊ ဝိဘဝ
တဏှာကလဲ အာရုံခြောက်ပါးပဲ။ အာရုံပြုပြီးဖြစ်လို့ အာရုံခြောက်ပါးနဲ့
မြှောက်လို့ရှိယင် (၁၈)ပါးဖြစ်တယ်နော်။

အဲဒီ (၁၈)ပါးကိုတည်၊ ကာလသုံးပါးနှင့်မြှောက်ပါ။ (၅၄)
ပါးဖြစ်တယ်။ အဲဒီ(၅၄)ပါးသော တဏှာလောဘကို ကိုယ့်သန္တာန်

http://www.dhammadownload.com



ဖြစ်ဘူး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့=(၅၄)ပါး။ သူ့သန္တာန်၌ ဖြစ်ဘူး ဖြစ်ဆဲ ဖြစ်လတ္တံ့=(၅၄)ပါး။ အဲဒီလို ကိုယ့်သန္တာန် သူ့သန္တာန်ကို သန္တာန်(၂)ပါးနဲ့ ပွားယူလို့ရှိယင် တဏှာဟာ (၁၀၈)ပါးရှိတယ်။

“လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော၊ အစဉ်ချောကို၊ နိရောဓဟူ”–

လောဘခပင်းဆိုတာ ခပ်သိမ်းသောလောဘ၊ တရာ့ရှစ်ပါးသော တဏှာလောဘတို့ အကြွင်းမရှိ ချုပ်ငြိမ်းရာ သန္တိလက္ခဏာရှိတဲ့ ပရမတ္ထ တရားတစ်ခုကို နိရောဓသစ္စာခေါ်သတဲ့။ ပုထုဇဉ်အနေနဲ့ ဒါလောက် သိယင်တော်ပီတဲ့။

“ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို၊ မဂ္ဂဆို၏။”

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ ဒီမဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာခေါ်သတဲ့။ အကျဉ်းချုပ် ဒီလောက်သိယင် တော်ပြီ။

အဲဒီလို သိပြီးတော့ ဤတရားစုကား ဒုက္ခ။ ဤတရား ဤတရားအစုကား သမုဒယလို့ အဲဒီလို ရှုကြည့်ခြင်း။ ဤတရား ဤတရားအစုကား နိရောဓသစ္စာ၊ ဤတရားအစုကား မဂ္ဂသစ္စာလို ရှုကြည့်ခြင်း။

လောကီသစ္စာ၊ လောကုတ္တရာသစ္စာနှစ်ပါးခွဲပြီးတော့ အနုပဿနာ နဲ့ ကြည့်ပါ။ ကြည့်ပုံ ဘယ်လိုလဲဆိုတော့ စောစောကပြောသလိုနော်။ ဟိုစမ္မစကြာမှာပါတဲ့ အတိုင်းကြည့်။ ပါဠိကို မလေ့လာနိုင်လို့ ရှိယင် ကိုယ့် မြန်မာဘာသာနဲ့ (လက်အတိုင်း) ရှုလို့ရှိယင် ဒွယတာနုပဿနာ ကိုယ့်သန္တာန်မှာဖြစ်နေတယ်။

ဒီလိုရှုရတဲ့အတွက် ဘယ်လိုများ အကျိုးထူးရှိမတုန်းလို့ မေးစရာ ရှိတယ်။

http://www.dhammadownload.com



တရားနာတဲ့အတွက် ဒီလိုရှုရမကွယ့်လို့သိ။ သိတဲ့အတိုင်းလဲ ရှုတတ်တယ် ဝိပဿနာ ဉာဏ်ရောက်အောင် ဒီတရားနာတဲ့ ဓမ္မဿဝန ကုသိုလ်က ကျေးဇူးပြုပေးတာ။ အဲဒီလို ဝိပဿနာဉာဏ်ရောက်တော့ ဒီဝိပဿနာဉာဏ်ကို အကြောင်းပြုပြီးတော့ ဘယ်လိုကျေးဇူး၊ ဘယ်လို အကျိုးခံစားရပါတုန်းလို့ မေးစရာရှိတော့ ဘုရားကိုယ်တော်မြတ်က အကျိုးနဲ့တကွ ဝေဝေဆာဆာ ဖော်ပြပါတယ်။

ဧဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ- ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ=ဤသို့လျှင်။ သမ္မာ=မဖောက်မပြန် အမှန်အတိုင်း။ ဒွယတာနုပဿိနော=လောကီသစ္စာ လောကုတ္တရာသစ္စာ နှစ်ပါးအစုကို သူ့အစုနဲ့သူထား၍ အဖန်ဖန် ရှုကျင့်လေ့ရှိသော။ အပ္ပမတ္တဿ=အပ္ပမာဒတရား လက်ကိုင်ထားလျက်။ အာတာပိနော=ကာယိက စေတသိက လုံ့လနှစ်ပါးနှင့် ပြည့်စုံလျက်။ ပဟိတတ္တဿ=နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက်။ ဝိဟရတော= နေထိုင်သော။ ဘိက္ခုနော=ရဟန်းအား။ ဒွိန္နံ ဖလာနံ=ဖိုလ်နှစ်ပါးတို့တွင်။ အညတရံ ဖလံ=တစ်ပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ=အလိုရှိအပ်ပေ၏ (ဝါ)=မချွတ်ဧကန် အမှန်ရလေ၏။

ဒီသစ္စာလေးပါးကို နှစ်စုထားပြီးတော့ ဒီလိုသာရှုနေပါ။ ရှုဖန်များလို့ရှိယင်ဖြင့် အဲဒီပုဂ္ဂိုလ်ဟာ အပ္ပမတ္တပုဂ္ဂိုလ်၊ အာတာပီပုဂ္ဂိုလ်၊ ပဟိတတ္တပုဂ္ဂိုလ် ဖြစ်လာလိမ့်မယ်။ အဲဒီလို အပ္ပမတ္တ၊ အာတာပီ၊ ပဟိတတ္တ အင်္ဂါမြောက် ပေါက်လာတဲ့ ပုဂ္ဂိုလ်ဆိုယင် ဖိုလ်ကြီးနှစ်ပါး တစ်ပါးပါးရဖို့ သေချာပါတယ်။

http://www.dhammadownload.com



ဒိဋ္ဌေဝဓမ္မေ=မျက်မှောက်ပစ္စုပ္ပန် ဘဝ၌ပင်လျှင်။ အညာ ဝါ= အရဟတ္တဖိုလ်ကိုသော်လည်းကောင်း။ ဥပါဒိသေသေ=ဥပါဒါန်၏အာရုံ ဖြစ်တဲ့ ပဉ္စသန္ဓေ ခန္ဓာကြွင်းသည်။ သတိ=ရှိပါမူ။ အနာဂါမိတာဝ= အနာဂါမ်ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အနာဂါမ်ဖိုလ်ကို လည်း ကောင်း။ ပါဋိကင်္ခံ=မချွတ်ဧကန် အမှန်အလိုရှိအပ်ပါပေ၏။ (ဝါ)=ရမည် ဧကန် အမှန်တည်း။

ဒီလိုသာ ရှုနေလို့ရှိယင် မျက်မှောက်ပစ္စုပ္ပန်ဘဝမှာပဲ အရဟတ္တ ဖိုလ် ရနိုင်တယ်။ အကယ်၍ ဒီပုဂ္ဂိုလ်မှာ ဘဝပဉ္စသန္ဓေ ကြွင်းကျန်ရှိနေ သေးသပဆိုလို့ရှိယင် ဒီဘဝမှာပဲ အနာဂါမ်ဖြစ်နိုင်တယ်တဲ့။ ဘာပြုလို့ တုန်းဆိုတော့ မြတ်စွာဘုရားရဲ့ တရားတော်က အဘိဓမ္မာတရားတွေ ဖြစ်တော့ ခြောက်သွေ့တယ်မှတ်လား။ ခြောက်သွေ့တဲ့ အဘိဓမ္မာတရား ကို စိုပြေအောင် ဆိုပြီးတော့ မြတ်စွာဘုရားက အကျိုးတွေနဲ့ဖော်ပြ ဖော်ပြ ပြီးတော့ ဟောရတယ်။

ဟင် ဒီလိုအကြောင်းနဲ့ အကျိုးနဲ့ ဖော်ပြဟောသော်လဲပဲ ဉာဏ် ပညာထက်တဲ့ ပုဂ္ဂိုလ်တွေက ဒီထက် ကျဉ်းကျဉ်းနာချင်ပါတယ်။ သို့သော် ဂါထာမှ ကျက်ချင်တယ်ဆိုတဲ့ ဂါထာရုစိပုဂ္ဂိုလ်များကလဲ တမျိုး တစု ရှိတော့ အဲဒီပုဂ္ဂိုလ်တွေအတွက်လဲပဲ ဒီဘုရား ဒီတရားကို ဂီတိဥဒါန်း ဂါထာမှုပေးမှ ပရိသတ်လားလုံးအတွက် မျှတယ်၊ အဲဒီလို ဂါထာရုစိက ပုဂ္ဂိုလ်တို့အတွက် ဂါထာနဲ့ ဟောတော်မူရပြန်ပါတယ်။

ယေ ဒုက္ခံ နပ္ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထ စ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။
တဉ္စ မဂ္ဂံ န ဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယေ=အကြင် အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ဒုက္ခံ=ဇာတိအစရှိတဲ့ ဒုက္ခရှစ်ချက်ကို။

http://www.dhammadownload.com



နပ္ပဇာနန္တိ= ပိုင်းခြားထင်ထင် မသိမြင်ကြကုန်။ အထော=ထိုမှကစ်ပါး။ ဒုက္ခဿ သမ္ဘဝံ=ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ သမုဒယသစ္စာခေါ်တဲ့ လောဘကို။ နပ္ပဇာနန္တိ=ပိုင်းခြားထင်ထင် မသိမြင်ကြကုန်။ ယတ္ထ စ= အကြင်နိဗ္ဗာန်၌လည်း။ သဗ္ဗသော=ခပ်သိမ်းဥဿုံ အလုံးစုံပြားသော။ ဒုက္ခံ=အဆိုးတရား။ အသေသံ=အကြွင်းမရှိ။ ဥပရုဇ္ဈတိ=ချုပ်ငြိမ်း၏။ တဉ္စ=ထိုဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာကိုလည်း။ နပ္ပဇာနန္တိ=ယထာဘူတ သဘာဝဉာဏ်ဝယ် အမှန်အတိုင်း မသိမမြင်ကြကုန်။ ဒုက္ခူပသမဂါမိနံ=ဒုက္ခရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ တဉ္စ မဂ္ဂံ=ထိုအဋ္ဌင်္ဂိကမဂ်တည်းဟူသော မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါ တရားကိုလည်း။ နပ္ပဇာနန္တိ=ပိုင်းခြားထင်ထင် မသိမြင်ကြကုန်။

မိမိတို့ကိုယ်တိုင်က အန္ဓဗာလဖြစ်နေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတယ်ဆိုယင် ဒုက္ခကိုလဲမသိ။ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါခေါ်တဲ့ သစ္စာလေးပါးကို သုတမယဉာဏ်နဲ့မှမသိယင် အဲဒီပုဂ္ဂိုလ်သည် ဘယ်လိုဖြစ်တတ်တုန်းဆိုယင် စတုသစ္စကမ္မဋ္ဌာန်း ဘယ်လိုနည်းနဲ့မှ သူ မစီးဖြန်းနိုင်ဖူး။ မစီးဖြန်းနိုင်ယင် ဘယ်လိုနည်းနဲ့မှ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်။ အနာဂါမိမဂ်ဖိုလ်ကို မရောက်နိုင်ဖူး။ အဲဒါကို မြတ်စွာဘုရားက လိုရင်းရောက်တဲ့အောင်–

စေတောဝိမုတ္တိဟီနာ တေ၊
အထော ပညာဝိမုတ္တိယာ။
အဘဗ္ဗာ တေ အန္တကိရိယာယ၊
တေ ဝေ ဇာတိဇရူပဂါ။

လို့ ဟောတော်မူပါတယ်။

http://www.dhammadownload.com



တေ=ထိုသစ္စာလေးပါး လားလားမျှ မသိမြင်ကြတဲ့ ပုဂ္ဂိုလ်တို့သည်။ (ဝါ)=သစ္စာလေးပါး အမှန်တရားကို သုတမယဉာဏ်နှင့်လဲ မသိကြ၊ သုတမယဉာဏ်ဖြင့် မသိတဲ့အတွက် ဘာဝနာမယ စိန္တာမယ ဉာဏ်တို့ဖြင့်လည်း သိခွင့်မရှိကြတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ စေတောဝိမုတ္တိဟီနာ=တဏှာလောဘမှဆိတ်၍၊ တဏှာလောဘမှ လွတ်မြောက်တဲ့ အရဟတ္တဖိုလ် သမာဓိမှ နစ်နာဆုံးရှုံးကြကုန်သည်ဖြစ်၍လည်းကောင်း။ ပညာဝိမုတ္တိယာ ဟီနာ=အဝိဇ္ဇာမှ လွတ်မြောက်ရာ အရဟတ္တဖိုလ် ပညာ တရားမှ ဆုံးရှုံးနစ်နာ ကြကုန်သည်ဖြစ်၍လည်းကောင်း။ အန္တကိရိယာယ=ဝဋ်ဒုက္ခ၏အဆုံးရောက် ကျွင်းဆောက် ကြိုးကုတ်အားထုတ်ခြင်းငှာ။ အဘဗ္ဗာ=ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ကြ၊ မထိုက်မတန်ကြတော့ကုန်။ တေ=ထိုပုဂ္ဂိုလ်တို့သည်။ ဇာတိဇရူပဂါ=ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲကို ထပ်တလဲလဲ ကပ်ရောက်ကြကုန်၏။

သစ္စာလေးပါး မသိပြီဆိုယင် အဲဒီပုဂ္ဂိုလ်တွေ စေတောဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်သမာဓိ၊ ပညာဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်ပညာမှ လုံးလုံးမရပဲနဲ့ ဆုံးရှုံးနစ်နာကြပြီး သံသရာဝဋ်ဒုက္ခရဲ့ အဆုံးကို ဒီလူတွေ ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး။

သံသရာဝဋ်ဒုက္ခရဲ့ အဆုံးကို မလုပ် နိုင်လို့ရှိယင် ဒီသံသရာထဲမှာပဲ ပဋိသန္ဓေနေပြီးယင်း နေ၊ အိုပြီးယင်း အို၊ နာပြီးယင်းနာ၊ သေပြီးယင်းသေ၊ ဒီလိုသွားရတယ်တဲ့။

ဒီစကားတော်သည် ဘာနဲ့သွားကိုက်သလဲဆိုတော့-

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

http://www.dhammadownload.com



မြတ်စွာဘုရားကိုယ်တော်မြတ် ဟိုပါဋလိရွာမှာ သစ္စာနဲ့ ပတ်သက်ပြီး ဟောတုန်းက အဲဒီစကားရှိတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ စတုန္နံ အရိယသစ္စာနံ =အရိယသစ္စာ တရားလေးပါးတို့ကို။ အဒဿနံ=မမြင်ရခြင်းကြောင့်။ အနနုဗောဓာ=အနုဗောဓသိကလေးမျှ မဖြစ်ကြရခြင်းကြောင့်။ အပ္ပဋိဝေဓာ=မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်။ ပဋိဝေဓ= ထိုးထိုးထွင်းထွင်း မသိကြရသောကြောင့်။ ဓဝံ=ဤသို့။ ဣဒံ ဒီဃံအဒ္ဓါနံ=ဤရှည်လျားလှစွာ အစမထင်တဲ့ သံသရာအတွင်းပတ်လုံး။ မမဉ္စေဝ=သင်တို့ဆရာ ငါဘုရားသည် လည်းကောင်း။ တုမှာကဉ္စ=သင်ချစ်သားတို့သည် လည်းကောင်း။ သန္ဓာဝိတံ=အရပ်မနား ပြေးသွားအပ်ခဲ့လှလေပြီ။ သံသရိတံ=မရပ်မတည် ကျင်လည်အပ်ခဲ့လှလေပြီ။

ချစ်သားတို့၊ ငါဘုရားရော ချစ်သားတို့ရော ဒီသစ္စာလေးပါးကို အရိယသစ္စာလေးပါးကို အနုဗောဓသိ, ပဋိဝေဓသိ မသိခဲ့ကြတဲ့အတွက် အနမတဂ္ဂ အစမထင် သံသရာတခွင်မှာ မရပ်မနား ပြေးခဲ့ရ လွှားခဲ့ရပြီ။ မရပ်မတည် လည်ခဲ့ရပေါင်း များလှပြီ။ အဲဒီလို စကားဦးချီတဲ့ သုတ္တန်များနဲ့လဲပဲ အခုသုတ္တန်က အကိုက်ပဲ။

သစ္စာလေးပါး မသိလို့ရှိယင် အရဟတ္တဖိုလ်သမာဓိ အရဟတ္တဖိုလ်ပညာမှ ဆုံးရှုံးနစ်နာကြတဲ့အတွက် သံသရာဝဋ်ဒုက္ခအဆုံးကို မပြုနိုင်ကြပဲ ဒီသံသရာဝဋ်ထဲမှာပဲ ပဋိသန္ဓေနေပြီးယင်း နေရ၊ အိုပြီးယင်း အိုရ၊ နာပြီးယင်း နာရ၊ သေပြီးယင်း သေရဆိုတဲ့ ဒီသံသရာဝဲဩဃထဲ လည်ပါတယ်။ ဒါမသိတာကတော့ ရှောင်ရှားရမဲ့လမ်း။ အဲဒီလမ်းကို ပထမမြတ်စွာဘုရားက မလိုက်ကြနဲ့၊ သိအောင် ကြိုးကုတ်အားထုတ်ကြဆိုတဲ့ လိုက်နာကျင့်သုံးရမဲ့ လမ်းကိုလည်း-

http://www.dhammadownload.com



ယေ စ ဒုက္ခံ ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထ စ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။
တဉ္စ မဂ္ဂံ ပဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယေ စ=ဉာဏ်ရှိသသူ အကြင်အကြင်သူတို့သည်ကား။ ဒုက္ခံ=ဇာတိအစရှိသော ဒုက္ခရှစ်ချက်ကို။ ပဇာနန္တိ=ပိုင်းခြားထင်ထင် သိမြင်ကြကုန်၏။ အထော=ထိုမှတပါး။ ဒုက္ခဿ သမ္ဘဝံ=ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ သမုဒယသစ္စာဆိုတဲ့ လောဘကို။ ပဇာနန္တိ=ပိုင်းခြားထင်ထင် သိမြင်ကုန်၏။ ယတ္ထ စ= အကြင်အသခ် တရားတ် နိဗ္ဗာန်ပရမတ်၌လည်း။ သဗ္ဗသော=ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဒုက္ခံ=ဒုက္ခသည်။ အသေသံ=အကြွင်းမရှိ။ ဥပရုဇ္ဈတိ=ချုပ်ငြိမ်း၏။ တဉ္စ=ထိုဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ခေါ်တဲ့ နိရောဓ သစ္စာကိုလည်း။ ပဇာနန္တိ=ပိုင်းခြားထင်ထင် သိမြင်ကြကုန်၏။ ဒုက္ခူ ပသမဂါမိနံ=ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ တဉ္စမဂ္ဂံ=ထိုအဋ္ဌင်္ဂိကမဂ်ကိုလဲပဲ။ ပဇာနန္တိ=ယထာဘူတ နေရာကျကုန်စင် သိမြင်ကြလေကုန်၏။

## သုတမယဉာဏ်ကို အထင်မသေးသင့်

သုတမယဉာဏ်နဲ့ ဒုက္ခသစ္စာဆိုတာ ဒီရှစ်ချက်ခေါ်တယ်။ သမုဒယ သစ္စာဆိုတာ အကျဉ်းချုပ်တဏှာလောဘ၊ နဲနဲပွားလို့ရှိယင် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာလို့ သုံးမျိုးပြားတယ်။ ဒါကိုမှ အာရုံခြောက်ပါး နဲ့ပွားယင် ဆဲ့ရှစ်ပါးဖြစ်၍၊ ကာလသုံးပါးနဲ့ မြှောက်ပွားယင် ငါးဆဲ့လေး ပါးဖြစ်ပြီးတော့၊ သန္တာန်နှစ်ပါးနဲ့ မြှောက်ပွားယင် တဏှာ တရာ့ရှစ်ပါး ရှိတယ်။ အဲဒီတရာ့ရှစ်ပါးဟာဖြင့် သမုဒယသစ္စာပဲလို့ သုတမယဉာဏ် နဲ့ သိရတယ်။

http://www.dhammadownload.com



ထို့အတူပဲ တဏှာချုပ်ရာဖြစ်တဲ့ သန္တိလက္ခဏာရှိသော ပရမတ္ထ တရားဟာဖြင့် နိရောဓသစ္စာ နိဗ္ဗာန်ပဲ။ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း သမ္မာဒိဋ္ဌိ အစရှိတဲ့ အရိယမဂ္ဂင် အဋ္ဌင်္ဂကမဂ်ဆိုတဲ့ တရားအစုဟာဖြင့် မဂ္ဂသစ္စာပဲလို့စောစောပိုင်းမှာပေါ့လေ ကလေးတုန်းက ကကြီး ခကွေး သိသလောက်သိယင် တော်ပြီ။ ကလေးတုန်းက ကကြီး ခကွေးသိ ဆို တာဟာ အမှန်အားဖြင့် သုတမယသိ၊ ကလေးဘဝတုန်းက ကကြီး ခကွေးသိခဲ့ရလို့ ဘယ်လောက် လူတော်သူတော်ဝင်တုန်း။ အဲဒီ သုတမယဉာဏ်က ကျေးဇူးပြုလာတဲ့အတွက် စိန္တာမယဉာဏ်နဲ့ လောက ဝေါဟာရတွေကို ကြံစည်တယ်။ ဆိုကြပါစို့၊ လောကဝေါဟာရ တွေကို အမျိုးမျိုးလိုက်စားပွားတယ်။ ဘာဝနာမယ ဆိုပါစို့။ လောကီနယ်ထဲ ထဲမှာပေါ့လေ၊ အဲဒီလို အဆင့်ဆင့် ကလေးသိကနေ ကျေးဇူးပြုပေးလို့ လောကမှာ ကိုယ်ဘယ်လောက် လူရယ် ရဟာန်းရယ် ရှင်ရယ် ဖြစ်နေတုန်း။ အဲဒီသုတမယဉာဏ်ကို အထင်မသေးရဖူး။ ဒါကြောင့်–

တစ်– သုတမယဉာဏ်နဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဆိုတဲ့ သစ္စာ လေးပါးသိအောင်လုပ်၊ သိပြီးပြီဆိုယင်–

နှစ်– စိန္တာမယဉာဏ်နဲ့သိအောင်ကြံ။ ဇာတိဟာ ဒုက္ခဆိုတာ ဟုတ်ကဲ့ လား? ဇရာကော ဒုက္ခဆိုတာ ဟုတ်ကဲ့လား?၊ မြတ်စွာဘုရား တရားသည် အစစ်မခံတဲ့ တရားမဟုတ်ဖူး၊ လေးလေးနက်နက် စစ်ပါ။ စစ်လေ မှန်ကန်တဲ့ တရားဖြစ်လေကို လက်တွေ့သိမယ်လို့ ဝန်ခံထားတဲ့ တရားဖြစ်ပါတယ်။ အဲဒီလို စိန္တာမယဉာဏ်နဲ့ သိပြီးပြီဆိုတော့–

သုံး– ဘာဝနာမယဉာဏ်နဲ့ ဟုတ်သားပဲ။ ဇာတိလဲ ဒုက္ခ၊ ဇရာလဲ ဒုက္ခ၊ ဗျာဓိလဲ ဒုက္ခ၊ မရဏလဲ ဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ၊ ပိယေဟိ ဝိပ္ပယောဂလဲ ဒုက္ခ၊ ဣစ္ဆာ အလာဘလဲ ဒုက္ခ၊ ဟော့

http://www.dhammadownload.com



ကုန်ကုန်ပြော အကျဉ်းချုပ်ဆိုယင် ဥပါဒါနက္ခန္ဓာငါးပါး ဒီတရား အစုဟာဖြင့် ဒုက္ခပဲ။ ဘယ်သိကြားမင်းက နားကင်းကြီးနဲ့ လာပြီး ဖျက်သော်လဲပဲ ငါရဲ့ဒီအသိကို မဖျက်စေဖူးဟ ဆိုပြီးတော့ ခိုင်ခိုင်မြဲမြဲသိအောင် လုပ်ရမယ်။

အဲဒီလို သိပြီဆိုယင် ဘာဖြစ်တုန်း။ သစ္စကမ္မဋ္ဌာန်း စီးဖြန်းတယ်။ သစ္စကမ္မဋ္ဌာန်း စီးဖြန်းပြီဆိုလို့ရှိယင် မဂ်လေးပါးရောက်၊ ဖိုလ်လေးပါး ရောက်ပြီးတော့ အရဟတ္တဖိုလ်ပေါက် ရောက်စဲ့အခါ စေတောဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်သမာဓိ၊ ပညာဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်ပညာနဲ့ ပြည့်စုံကြရလိမ့်မယ်။ အရဟတ္တဖိုလ် ပညာ၊ အရဟတ္တဖိုလ် သမာဓိနဲ့ပြည့်စုံပြီဆိုယင် သံသရာဝဋ်ဒုက္ခ၏ အဆုံးရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြလိမ့်မည်။ အရဟတ္တဖိုလ်ရောက်ယင် အားထုတ်လို့ ပြီးပြီ။ အဲဒီလို အရဟတ္တဖိုလ်ရောက်ပြီဆိုယင်–

> စေတောဝိမုတ္တိသမ္ပန္နာ၊
> အထော ပညာဝိမုတ္တိယာ။
> ဘဗ္ဗာ တေ အန္တကိရိယာယ၊
> န တေ ဇာတိဇရူပဂါ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ တေ=ထိုသစ္စာလေးပါး တရားသိမြင် သူတော်စင်တို့သည်။ စေတောဝိမုတ္တိသမ္ပန္နာ=တဏှာ လောဘမှ လွတ်မြောက်ရာ အရဟတ္တဖိုလ်သမာဓိနှင့် ပြည့်စုံကြကုန် သည်ဖြစ်၍ လည်းကောင်း။ အထော=ထိုမှတစ်ပါး။ ပညာဝိမုတ္တိယာ သမ္ပန္နာ=အဝိဇ္ဇာမှ လွတ်မြောက်တဲ့ အရဟတ္တဖိုလ်ပညာနဲ့ ပြည့်စုံကြ ကုန်သည်ဖြစ်၍ လည်းကောင်း။ အန္တကိရိယာယ=သံသရာဝဋ်ဒုက္ခ၏ အဆုံးကိုပြုလုပ်ဖို့ရန်။ ဘဗ္ဗာ=ထိုက်တန်လှပေကုန်၏။ တေ=ထိုသစ္စာ လေးပါး ပိုင်းခြားသိမြင် သူတော်စင်တို့သည်။ န ဇာတိဇရူပဂါ=

http://www.dhammadownload.com



ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဆင်းရဲခြင်းသို့ နောက်ထပ် မကပ်ကြရပြန်ကုန်။

အဲဒီ ဇာတိ ဇရာ ဗျာဓိ မရဏ ချုပ်ငြိမ်းတဲ့ အနုပါဒါပရိနိဗ္ဗာန်နဲ့ ဂါထာရစ်ပုဂ္ဂိုလ်တို့အတွက် လေးဂါထာဟောပြီးတော့ တရားနိဂုံးအပိုင်း တပဗ္ဗလို့ခေါ်တယ်။ အဲဒီ တပဗ္ဗလဲဆုံးရော ခုန တရားနာနေတဲ့ ထောင်ပေါင်းများစွာသော ရဟန်းတော်တွေထဲက ခြောက်ကျိပ်သော ကိုယ်တော်ကြီးတွေဟာ တခါထဲရဟန္တာဖြစ်သွားတယ်။

ဒီအနားမှာပေါ့လေ၊ ဖြတ်ပြီးများစကားစပ်ယင်–

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

သင်္ဂီတိကာရက မထေရ်သူမြတ်တို့ရဲ့ မှတ်ချက်က ဟိုနောက်ဆုံးပိုင်းမှ နောက်ဆုံးကနေပြီးတော့ အဆုံးကပြတဲ့နည်း အန္တဒီပကနည်းနဲ့ ပြတာ။ အဋ္ဌကထာဆရာတော်က အပိုင်းတိုင်း အပိုင်းတိုင်း၊ ပဗ္ဗတိုင်း ပဗ္ဗတိုင်းမှာ ကိုယ်တော်ကြီးခြောက်ကျိပ်စီ ခြောက်ကျိပ်စီ အရဟတ္တဖိုလ်ပေါက် ရောက်တယ်လို့ ဖွင့်ပြတော်မူသဖြင့်၊ ဤမျှသော တရားနာလိုက်ရတဲ့ ပထမသစ္စာပိုင်းတရားကိုနာယင် ကိုယ်တော်ကြီးခြောက်ကျိပ် ရဟန္တာဖြစ်တယ်။ ဒါအဋ္ဌကထာ မှတ်ချက်။

## ၂။ ဒုတိယယပဗ္ဗ (ဥပဓိပဗ္ဗ–ဥပဓိပိုင်း)

ကိုင်း–ဒုတိယပိုင်း သွားကြအုန်းစို့။ မြတ်စွာဘုရားသည် အင်မတန်နှစ်လိုအားရမ်း ဝမ်းမြောက်မှုရှိပြီးတော့

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာ တိ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အညေနပိ ပရိယာယေန=ဤသစ္စာလေးပါးမှတပါး တခြားပရိယာယ်အားဖြင့်လည်း။ သမ္မာ=မဖောက်မပြန် အမှန်အတိုင်း။ ဒွယတာနုပဿနာတိ=နှစ်ပါးသော အစုရှိတဲ့ တရားတို့ကို ရှုကြည့်မှုသည်။ သိယာ=ဖြစ်နိုင်ပါသေးသလော။ ဣတိ=ဤသို့။ ပုစ္ဆိတာရော=စောထောက်စစ်ဆေး မေးမြန်းသောပုဂ္ဂိုလ်တို့သည်။ စေ အသု=အကယ်၍ ဖြစ်ပေါ်ခဲ့ကုန်ငြားအံ့။

ဒီလိုနည်းနဲ့ ရိုးသွားပြန်တော့ ဒီပြင် တခြားနည်းနဲ့ကော ဒွယတာနုပဿနာဖြစ်နိုင်ပါသေးသလားလို့ အကယ်၍မေးမြန်းတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လို့ရှိယင်။

သိယာ=တစ်ခြားတစ်ပါးသော ပရိယာယ်အားဖြင့်လဲ ဒွယတာနုပဿနာ ဖြစ်နိုင်ပါသေး၏။ ဣတိ=ဤသို့။ တုမှေဟိ=သင်ချစ်သားတို့သည်။ ဝစနီယာ=အဖြေစကား ပြောကြားအပ်ကုန်သည်။ အသု=ဖြစ်ကုန်၏။

အဲဒီလိုမေးယင် ဖြစ်နိုင်ပါတယ်။ ရှိပါတယ်လို့ ရဲရဲတောက် ကြွေးကြော်။

ကထဉ္စ သိယာ?။

ဘယ်လိုဖြစ်မလဲ?၊ ဘယ်လိုရှုရမလဲ သစ္စာလေးပါးဆိုတော့ ကျယ်ဝန်းပါတယ်။ ဒီတော့ ကျဉ်းကျဉ်းနဲ့ရှုစမ်းပါရစေ။ ဒွယတာနုပဿနာဖြစ်အောင် ဘယ်လိုရှုရမလဲလို့ အဲဒီလို အမေးထွက်ခဲ့သော်-

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဥပဓိပစ္စယာတိ အယမေကာနုပဿနာ။ ဥပဓီနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယံ ကိဉ္စိ=ကြွင်းမဲ့ဥဿုံ

http://www.dhammadownload.com



အလုံးစုံသော။ ဒုက္ခံ=ဇာတိအစ ဥပါဒါနက္ခန္ဓာငါးပါးကျအောင် ဒုက္ခအစုသည်။ သမ္ဘောတိ=ဖြစ်၏။ သဗ္ဗံ=ရှိသမျှဥဿုံ အလုံးစုံသော ဒုက္ခတရားအစုသည်။ ဥပဓိပစ္စယာ=တေဘူမက ဝဋ္ဋဂါမိက တည်းဟူသော အကြောင်းကြောင့်။ သမ္ဘဝတိ=ဖြစ်စွတကား။ အယံ=ဤသို့ရှုခြင်းသည်။ ဧကာနုပဿနာ=တစ်ခုသော အနုပဿနာပါပေတည်း။ ဥပဓိနံ တွေဝ= တေဘူမက ဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ်ကံတို့၏သာလျှင်။ အသေသဝိရာဂ နိရောဓာ=ဝိရာဂ မည်သောမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ ဒုက္ခဿ=ဆင်းရဲဒုက္ခ၏။ သမ္ဘဝေါ=အသစ်တဖန် ဖြစ်ပြန်ခြင်းသည်။ နတ္ထိ=တစိုးမစိမရှိပါတကား။ ဣတိ အယံ=ဤသို့ရှုခြင်းသည်။ ဒုတိယာနုပဿနာ=နှစ်ခုမြောက်သော လောကုတ္တရာတရားအစုကို ရှုကြည့်ခြင်းပေတည်း။

သစ္စာလေးပါးနဲ့ ရှုရမှာ ခက်အံ့ထင်ယင်တဲ့ ခပ်သိမ်းဥဿုံ အလုံးစုံသော တေဘူမက ဝဋ်ဒုက္ခတရားအစုသည် ဝဋ္ဋဂါမိကုသိုလ် အကုသိုလ်ကံလျှင် အကြောင်းရင်းရှိစွတကား။ ဒီလိုကြည့်ပါ။ တဖက်က ထိုဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ်ကံတည်းဟူသော ဥပဓိတရားတို့ အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ ချုပ်ငြိမ်းလို့ရှိယင်ဖြင့် ဒီဒုက္ခတွေ အကြွင်းမဲ့ ချုပ်ငြိမ်းမှာပဲ။ ဘယ်တော့မှ မဖြစ်ဖူး။ အဲဒီလိုရှုကြည့်ခြင်းတစ်ပါး။ အဲဒီလို ဒီနှစ်နည်း ဒွယတာနုပဿနာနဲ့ ရှုကြည့်ပြီဆိုယင် ခုနကအတိုင်းပဲ။

ဇဝံ သမ္မာ ဒွယတာနုပဿိနော ခေါဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ- ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ယခုပြောခဲ့ဟဲ့အတိုင်း တေဘူမက ဝဋ်တရားကို အကြောင်းနဲ့ တကွ ကိုင်ပြီး တစ်ခုရှု၊ ဘယ်လိုရှုရမတုန်း?။

http://www.dhammadownload.com



ခပ်သိမ်းသော တောဘူမက ဝဋ်ဒုက္ခတရားအစုသည် ဥပဓိလို့ခေါ်တဲ့ ဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်ရတကား။ ဝဋ္ဋဂါမိကုသိုလ် အကုသိုလ်ကံတည်းဟူသော အကြောင်း မငြိမ်းသမျှသာဖြင့်၊တောဘူမက ဝဋ်ဒုက္ခ မငြိမ်းပါတကားလို့ အဲဒီလိုရှု။ ဉာဏ်နဲ့ကြည့်။

ဟင်...တခါ ဝဋ္ဋဂါမိ တောဘူမက ကုသိုလ် အကုသိုလ်ကံ တည်းဟူသော ဥပဓိတရားကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်လို့ ချုပ်ငြိမ်းပြီဆို လို့ရှိယင်ဖြင့် ဒုက္ခတရား ဝဋ်ဒုက္ခတရား ဖြစ်စမ်းပါဆိုလို့ တောင် မဖြစ်ဖူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်ပါ ဘကားလို့ အဲဒီလို လောကုတ္တရာဖက်ကို ပြေးပြီးတော့ကြည့်လိုက်။

အဲဒီလိုနှစ်ဖက် ကြည့်ပြီဆိုလို့ရှိယင်–

ဧဝံ=ဤသို့။ သမ္မာ=မဖောက်မပြန် အမှန်အတိုင်း။ ဒွယတာနုပဿိ နော=နှစ်ပါးသောအစုရှိတဲ့ တရားတို့ကို ရှုကြည့်လေ့ရှိသော။ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟာရတော=မမေ့မလျော့ အပူတပြင်း အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိ၍ နေထိုင်ပေထသော။ ဘိက္ခုနော=ရဟန်း၏။ ဒွိန္နံ ဖလာနံ=ဖိုလ်နှစ်ပါးကို့တွင်။ အညတရံ ဖလံ=တစ်ပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ=အလိုရှိအပ်ပေ၏ (ဝါ)=ရမည် ဧကန် အမှန်ပေ။

အဲဒီလိုသာရှုနေ။ တစ်ချိန်ချိန်မှာ ဖိုလ်နှစ်ပါး ဧကန်ရမယ်၊ ဘယ်ဖိုလ်တုန်း။

ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ၊ မျက်မှောက်ဘဝမှာပင် အရဟတ္တဖိုလ်ပေါက်ရောက်၍ ဘဝသံသရာသော် လည်းကောင်း ချုပ်ငြိမ်းမယ်။ ဥပါဒါနက္ခန္ဓာငါးပါး အကြွင်းအကျန် ပဋိသန္ဓေ ရှိသေးသပ ဆိုလို့ရှိယင် ဒီဘဝဝယ် အနာဂါမိဖိုလ်ရောက်နိုင်တယ်၊

http://www.dhammadownload.com



ဒါဝိတ္ထာရရုစိခေါ်သော စကားပြေ စုဏ္ဏိယ အကျယ်ကြိုက်တဲ့ ပုဂ္ဂိုလ်များ အတွက်။

သံခိတ္တရုစိခေါ်သော ဂါထာကို တောင့်တနှစ်သက်တဲ့ ပုဂ္ဂိုလ်တို့ အတွက်–

ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ၊ ယေ ကေစိလောကသ္မိံ မနေကရူပါ။
ယော ဝေ အဝိဒွါ ဥပဓိံ ကရောတိ၊ပုနပ္ပုနံ ဒုက္ခမုပေတိ မန္ဒော။
တသ္မာ ပဇာနံ ဥပဓိံ န ကယိရာ၊ဒုက္ခဿ ဇာတိပ္ပဘဝါနုပဿီ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ လောကသ္မိံ=လောကဌ်၌။ ယေ ကေစိ=ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဒုက္ခာ=ဇာတိကစ ဥပါဒါနက္ခန္ဓာငါးပါးကျအောင် ဒုက္ခတရားတို့သည်။ ဥပဓိနိဒါနာ=တေဘူမက ဝဋ္ဋဂါမိခေါ်သော လောကီကုသိုလ် အကုသိုလ်ကံဟူသော ဥပဓိလျှင် အကြောင်းရင်းရှိကြကုန်သည်ဖြစ်၍။ ပဘဝန္တိ=မရပ်မစဲ တသဲသဲ ဖြစ်ကုန်စွတကား။

ခပ်သိမ်းသော ဒုက္ခတွေမှန်သမျှ ဥပဓိလို့ခေါ်တဲ့ လောကီကုသိုလ် အကုသိုလ် ဝဋ္ဋဂါမိကံတွေကြောင့် ဖြစ်ကြတာပဲ။

ယော=အကြင်သူသည်။ ဝေ=စင်စစ်။ အဝိဒွါ=ဝဋ္ဋဂါမိကံကြောင့် ဒုက္ခဖြစ်တာကို မသိသည်ဖြစ်၍။ ဥပဓိံ=ဥပဓိလို့ခေါ်တဲ့ ဝဋ္ဋဂါမိကံကို။ ကရောတိ=ပြုမိငြားအံ့။ မန္ဒော=ဉာဏ်ပညာနဲ့နေးတဲ့ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည်။ ပုနပ္ပုနံ=အဖန်ဖန်။ ဒုက္ခံ=ဆင်းရဲဒုက္ခသို့။ ဥပေတိ=ကပ် ရောက်ရ၏။

ဉာဏ်ပညာမရှိပြီဆိုယင် ဝဋ္ဋဂါမိဆိုတဲ့ ကုသိုလ် အကုသိုလ်ကံတွေ ပြုခဲ့သော်တဲ့ ပြုလုပ်ပြီဆိုလို့ရှိယင် ဒုက္ခတွေဟာ အဖန်ဖန်အထပ်ထပ် ရောက်တာပဲ။ ဒါဖြင့်ယင် တပည့်တော်တို့ လောကုတ္တရာ ကုသိုလ်ကိုလဲ ဒီ အဖြစ်နဲ့ မပြုနိုင်ပဲနဲ့ ကုသိုလ်လုံးလုံး မပြုရတော့ဖူးလား။ ခုပြောနေတာ

http://www.dhammadownload.com



ဝဋ္ဋဂါမိကုသိုလ်ကို ပြောနေတာ။ ဝဋ္ဋသာဓက၊ ဝဋ္ဋနိဿိတ ကုသိုလ်ကိုပြောနေတာ။ ဝိဝဋ္ဋနိဿိတဖြစ်အောင်၊ ဝိဝဋ္ဋသာဓကဖြစ်အောင်၊ ဝိဝဋ္ဋဂါမိဖြစ်အောင် ဒီလောကီကုသိုလ်တွေ ပြုရမှာပဲ။ လောကီကုသိုလ်တွေပြုယင် ဝိဝဋ္ဋဂါမိဖြစ်အောင်ပြုယင် ဖြစ်တယ်။

ဘာလဲ၊ ကိုယ်ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်တွေအတွက် အကျဉ်းချုပ် ခန္ဓာငါးပါးချုပ်ငြိမ်းရန်တစ်ခုကိုသာ ရည်သန်ပြီးတော့ပြု၊ ခန္ဓာဒုက္ခငြိမ်းရာနိဗ္ဗာန်ကို ဒီကောင်းမှုကုသိုလ်ကြောင့် ရပါလို၏ဆိုတဲ့ ဘာနိဗ္ဗာန် ဖြုသည် မဲသည် မသိချင်လဲနေပစေ၊ အကြမ်းဖျဉ်းအားဖြင့် ခန္ဓာဓာတ်သိမ်း ငြိမ်းရာနိဗ္ဗာန်ကို ဤကောင်းမှု ကုသိုလ်ကံကြောင့် လျင်မြန်စွာရပါလို၏ဆိုတဲ့ ဒီလို နိဗ္ဗာန်ကို ဝိဝဋ္ဋပတ္ထနာပြုပြီးတော့ ကုသိုလ်ကောင်းမှုပြုယင် မြတ်စွာဘုရား ခွင့်ပြုပါတယ်။ အခုပြောနေတာက ဝဋ္ဋဂါမိ၊ ဝဋ္ဋသာဓက၊ ဝဋ္ဋနိဿိတကုသိုလ်တွေ မပြုကောင်းတာ ပြောနေတာ။

တသ္မာ=ထို့ကြောင့်။ ပဇာနံ ပဇာနန္တော=ပိုင်းခြားထင်ထင် သိမြင်တဲ့ ပုဂ္ဂိုလ်သည်။ ဒုက္ခသေ=ဒုက္ခ၏ ။ ဇာတိပ္ပဘဝါနုပဿီ=ဥပဓိခေါ်တဲ့ တေဘူမက ဘဝဂါမိကံဟာဖြင့် အခြေခံအကြောင်းရင်းတရားပဲဟု နှံနှံနက်နက်ရှုမြင်သည်ဖြစ်၍။ ဥပဓိံ=တေဘူမက ဘဝဂါမိ အမည်ရှိတဲ့ လောကီကုသိုလ် အကုသိုလ်မျိုးကိုဖြင့်။ န ကယိရာ=ဘယ်နည်းနဲ့မှ မပြုရာ။ ဝဋ္ဋနိဿိတ ကုသိုလ်မျိုးမပြုနဲ့ ဒီလိုဟောပါတယ်။

ဒုတိယ ပဗ္ဗ=ဒီ ပဗ္ဗက ဥပဓိပဗ္ဗလို့ ခေါ်ပါတယ်။ ဥပဓိနဲ့ကိုင်ပြီးတော့ သစ္စာလေး ချက်အသွား ဆိုပါစို့ရဲ့။

**တေဘူမကဝဋ်ဒုက္ခကို** ဥပဓိလို့ခေါ်တယ်။ အဲဒီဥပဓိသည် သမုဒယသစ္စာ

http://www.dhammadownload.com



တောဘူမက ဝဋ္ဋဂါမိကုသိုလ် အကုသိုလ် ကံကို ဥပဓိလို့ခေါ်တယ်။ အဲဒီဥပဓိသည်–ဈာနုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိလို့ ဥပဓိလေးပါးထဲမှာ အခုပြောနေတာ အဘိသင်္ခါရုပဓိကို ပြောနေပါတယ်။ တောဘူမက ဝဋ္ဋဂါမိ အဘိသင်္ခါရဥပဓိဟာ သမုဒယသစ္စာ။

အဲဒီအဘိသင်္ခါရ ဥပဓိကြောင့် ဒုက္ခာ=တောဘုမက ဝဋ်ဒုက္ခ တည်းဟူသော ဒုက္ခသစ္စာဖြစ်ပါတကား။ ပရိယာယ်ကတော့ ဒုက္ခနဲ့ သမုဒယပဲ။ အဲဒီအဘိသင်္ခါရုပဓိ ချုပ်ငြိမ်းရာ နိဗ္ဗာန်– နိရောဓသစ္စာတဲ့။ အဲဒီနိဗ္ဗာန်ကို အဋ္ဌင်္ဂိကမဂ်နဲ့မှ ရဖြစ်မယ်။ ဝိရာဂမည်သော မဂ်နဲ့မှ ရဖြစ်မယ်။ အဲဒါ ဒုတိယာ အနုပဿနာက နိရောဓနဲ့မဂ္ဂ ဖော်ပြတဲ့ အနုပဿနာ။ အဲဒီလို ဒုတိယ ပဗ္ဗဆုံးပြန်တော့လဲ ထိုနည်းငှာ–

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–လို့ ဤဒုတိယပဗ္ဗ ဟောနေဆဲ ကိုယ်တော်ကြီးခြောက်ကျိပ်ဟာ အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်ကြတယ်။

## ၃။ တတိယပဗ္ဗ (အဝိဇ္ဇာပဗ္ဗ–အဝိဇ္ဇာပိုင်း)

ကိုင်း တတိယပဗ္ဗ တထစ်သွားကြည့်ကြအုန်းစို့။

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာ တိ။

အမေးထုတ်တဲ့ပုဂ္ဂိုလ်များက ဒီပြင် တစ်နည်းတစ်လမ်းနဲ့ကော ဒွယတာနုပဿနာလုပ် မဖြစ်ဖူးလား၊ ဖြစ်နိုင်ပါသေးလား?လို့ မေးလို့ရှိယင်–

"သိယာ"တိဿ ဝစနီယာ။

ချစ်သားတို့က ရှိတယ် ရှိတယ်လို့ ရဲရဲကြီးပြောလိုက်တဲ့။

http://www.dhammadownload.com



ကထဉ္စ သိယာ?။

ဘယ်လိုဖြစ်သလဲ ဆိုလို့ရှိယင်

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ အဝိဇ္ဇာပစ္စယာတိ အယမေကာနုပဿနာ။ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

ဘိက္ခဝေ=ရဟန်းတော်များ အဲ့ချစ်သားတို့။ ယံ ကိဉ္စိ=ကြွင်းမဲ့ ဥဿုံ အလုံးစုံသော။ ဒုက္ခံ=ဆင်းရဲဒုက္ခသည်။ အတ္ထိ=ရှိ၏။ သဗ္ဗံ= အလုံးစုံသော ဆင်းရဲဒုက္ခသည်။ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ=ဖြစ်ရှိတကား။ ဣတိ=ဤသို့ရှုကြည့်ခြင်းသည်။ ဧကာနုပဿနာ=တစ်ခုသော လောကီသစ္စာနှစ်ပါးကို ရှုကြည့်ခြင်းပါတည်း။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ=အဝိဇ္ဇာ၏ ဝိရာဂမည်သော မဂ်လေးပါးဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ ဒုက္ခဿ=ဆင်းရဲဒုက္ခ၏။ သမ္ဘဝေါ=အသစ်တဖန် ဖြစ်ခြင်းသည်။ နတ္ထိ=မရှိစွတကား။ ဣတိ အယံ=ဤသို့ရှုကြည့်ခြင်းသည်။ ဒုတိယာနုပဿနာ=နှစ်ခုမြောက် လောကုတ္တရာတရားကို ရှုကြည့်ခြင်းတည်း။

ဟိုနည်းနဲ့ငါ မင်ဖိုလ် မလိုချင်သေးပါဖူး။ တစ်နည်းတစ်ဖုံနဲ့ မင်ဖိုလ်ကို လှမ်းယူချင်သပ ဆိုလို့ရှိယင်

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အဝိဇ္ဇာပစ္စယာ။လို့ ဒီလိုရှု။ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။ အဲဒီလို ပါဠိလိုရှု။

မြန်မာလိုဆိုလို့ရှိယင်-

"ဖြစ်ဖြစ်သမျှ တေဘူမကဝဋ်ဒုက္ခတွေဟာ အဝိဇ္ဇာကြောင့်ချည်း ဖြစ်တာတွေ။ အဝိဇ္ဇာကြောင့်ချည်း တေဘူမကဝဋ်ဒုက္ခတွေ ဖြစ်ရ

http://www.dhammadownload.com



တကား။ မဂ်လေးပါးဖြင့် ချုပ်ငြိမ်းမှ တေဘူမက ဝဋ်ဒုက္ခချုပ်ငြိမ်းမှာပါ တကား" လို့ အဲဒီလို ဉာဏ်နဲ့ကြည့်။ အဲဒီလိုကြည့်ယင် ဒွယတာနုပဿီ ပုဂ္ဂိုလ်ဖြစ်ပြီ။ အဲဒီလို ဒွယတာနုပဿီ ပုဂ္ဂိုလ်ဖြစ်လို့ရှိယင် ဘာအကျိုး ရတုန်း။

ဇဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ- ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ချစ်သားတို့၊ ဤနည်းဖြင့် အဝိဇ္ဇာနဲ့ဒုက္ခ၊ အဝိဇ္ဇာတည်းဟူသော သမုဒယနဲ့ တေဘူမက ဝဋ်ဒုက္ခတည်းဟူသော ဒုက္ခသစ္စာ တစ်ဖက်ထား ပြီး၊ အကြောင်းအကျိုး ဟိုဖက်က မဂ္ဂသစ္စာနဲ့ ဒုက္ခခပ်သိမ်းတို့ရဲ့ ချုပ် ငြိမ်းမှုခေါ်တဲ့ နိရောဓသစ္စာ တစ်ဖက်ကထားပြီးတော့ ကြည့်မယ်ဆိုလို့ ရှိယင် ဒွယတာနုပဿီပုဂ္ဂိုလ်ဖြစ်ပြီ။ အပ္ပမတ္တပုဂ္ဂိုလ် အာတာပီ ပဟိတတ္တ ပုဂ္ဂိုလ်ဖြစ်၍ နေမယ်ဆိုယင် ယခုဘဝမှာပင် ပါရမီလုံလောက်က အရဟတ္တဖိုလ် ပေါက်ရောက်နိုင်၍ ပါရမီမပြည့်စုံသေးလို့ရှိယင်ဖြင့် အနာဂါမိဖိုလ်ပေါက် ယခုဘဝ၌ပင် ရောက်နိုင်ပါသည်လို့ သည်လိုအကျိုး ဖော်ပြတယ်။

နို့ သည်လိုဖြစ်ယင် သောတာပတ္တိဖိုလ် သက ဒါဂါမိဖိုလ် အောက်ဖိုလ်တွေတော့ မရောက်ဖူးလား၊ ရောက်ပါတယ်။ ရောက်ယင် အောက်ဖိုလ် မဟောပဲနဲ့ ဘာပြုလို့ အနာဂါမိဖိုလ်နဲ့ အရဟတ္တဖိုလ်တင် ဟောရတုန်းဆိုတော့ တရားအလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားတက် စေချင်လွန်းလို့တဲ့။ လုံ့လဥဿာဟ တိုးတက်စေချင်လို့ မြတ်စွာဘုရား ဟောတာ။ ဒါအကျယ်ကြိုက်တဲ့ ဝိတ္ထာရရုစိနဲ့ စုဏ္ဏိယရုစိ ပုဂ္ဂိုလ် များအတွက်။

http://www.dhammadownload.com



သံခိတ္တရုစိ ဂါထာရုစိ ပုဂ္ဂိုလ်များအတွက်–

ဇာတိမရဏသံသာရံ၊
ယေ ဝဇန္တိ ပုနပ္ပုနံ။
ဣတ္ထဘာဝညထာဘာဝံ၊
အဝိဇ္ဇာယေဝ သာ ဂတိ။

လို့ ဟောတော်မူပါ၏။

ယေ=အကြင်သူတို့သည်။ ဇာတိမရဏသံသာရံ=ပဋိသန္ဓေ တည်နေခြင်းတည်းဟူသော ဇာတိဒုက္ခ၊ ခန္ဓာပျက်ကြွေ စုတေခြင်း တည်းဟူသော မရဏဒုက္ခ၊ ထိုခန္ဓာတို့၏ အစဉ်တည်းဟူသော သံသရာ–ဤတရားသုံးမျိုးသို့။ ပုနပ္ပုနံ=အဖန်ဖန်အထပ်ထပ်။ ဝဇန္တိ=ကပ်ရောက်ကြကုန်၏။ ယေ=အကြင်သတ္တဝါတို့သည်။ ဣတ္ထဘာဝညထာဘာဝံ=ဤလူ့ပြည်လောက အတ္တဘော, အခြားသောဘဝ အတ္တဘောသို့။ ပုနပ္ပုနံ=အဖန်ဖန်။ ဝဇန္တိ=ကပ်ရောက်ကြရကုန်၏။ သာ ဂတိ=ထိုသို့ ဇာတိ ဇရာ မရဏ သံသရာဝဋ္ဋဒုက္ခဝယ် အထပ်ထပ်ကပ်ရောက်၍ နေရခြင်းသည်။ အဝိဇ္ဇာယ ဧဝ=အဝိဇ္ဇာ၏သာလျှင်။ ဂတိ=လက်ချက်ပါပေ။

သတ္တဝါတွေ ပဋိသန္ဓေ တည်နေရ၊ အဖန်ဖန် အိုပြီးယင်း အိုရ၊ အဖန်ဖန် သေပြီးယင်း သေရ၊ အဖန်ဖန် သံသရာစက်ကြီး လည်ပြီးယင်း လည်ရ၊ အဖန်ဖန်ဆိုတဲ့ အဲဒီအဖန်ဖန် ပဋိသန္ဓေနေရတာ, အိုရတာ, သေရတာ, အဖန်ဖန် သံသရာစက်ကြီး မရပ်မနား လည်နေရတာ, ယခုဘဝဖြစ်လိုက် ဟိုဘဝဖြစ်လိုက်၊ အဲဒီလို မရပ်မနား အထပ်ထပ် အဖန်ဖန် ကပ်ရောက်သွားလာ လှည့်ပတ်ပြီးတော့ ဝဋ်စက်ကြီး ဘယ်သူလဲဆိုတော့ အဝိဇ္ဇာရဲ့ လက်ချက်။

http://www.dhammadownload.com



အဝိဇ္ဇာ ဟာယံ မဟာမောဟော၊
ယေနိဒံ သံသိတံ စိရံ။
ဝိဇ္ဇာဂတာ စ ယေ သတ္တာ၊
န တေ ဂစ္ဆန္တိ ပုနဗ္ဘဝံ။

ဟိ=မှန်၏။ အယံ အဝိဇ္ဇာ=ဤနည်း သစ္စာလေးပါးကို ဖုံးကွယ်၍ ထားတတ်တဲ့ အဝိဇ္ဇာတရားသည်။ မဟာမောဟော–မဟာတမော=ကြီးစွာသော အမိုက်တိုက်ကြီးပါပေ။

ဒုက္ခသစ္စာကို မသိတဲ့ ဒုက္ခေ အညာဏ၊ ဒုက္ခသမုဒယသစ္စာကို မသိတဲ့ ဒုက္ခသမုဒယ အညာဏ၊ ဒုက္ခနိရောဓသစ္စာကို မသိတဲ့ ဒုက္ခနိရောဓ အညာဏ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာကို မသိတဲ့ ဒုက္ခနိရောဓ ဂါမိနိယာပဋိပဒါယ အညာဏခေါ်တဲ့ မသိခြင်း လေးမျိုးဟာဖြင့် အမှောင်ကြီးလေးမျိုးပဲ။

လကွယ်လဲဖြစ်တယ်၊ မိုးမှောင်ကလဲကျတယ်၊ အချိန်ကလဲ သန်းခေါင်၊ ဌာနကလဲ အင်မတန် မိုက်နေတဲ့ တောအုပ်ကြီးထဲဆိုယင် အဲဒါအင်္ဂါလေးပါးရှိတဲ့ အမိုက်တိုက်။ မောဟခေါ်သော အဝိဇ္ဇာတရားလဲပဲ ဒုက္ခကို မသိခြင်း၊ သမုဒယကို မသိခြင်း၊ နိရောဓကို မသိခြင်း၊ မဂ္ဂကို မသိခြင်းဆိုတဲ့ မသိခြင်းလေးပါး။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက "အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဖက်ကွယ်ကာ၊ အဝိဇ္ဇာ–ဟု မဟာတမ၊ မှောင်ကြီးကျ၍"လို့ ရောမမှောင်ကြီးလို့ ခေါ်ပါတယ်။

ယေန=အကြင် အဝိဇ္ဇာတည်းဟူသော မှောင်ကြီးကြောင့်။ ဣဒံ= ဤသံသရာသည်။ သံသိတံ=မရပ်မတည် လည်၍နေရပေ၏။

http://www.dhammadownload.com



အဲဒီအဝိဇ္ဇာကြောင့် သံသရာကြီးက မရပ်မတည် လည်၍နေပါတယ်။ ဆိုဒါနဲ့ ခပ်သိမ်းသော ဝဋ်ဒုက္ခတွေ အဝိဇ္ဇာကြောင့် ဖြစ်တယ်ဆိုတာ အတူတူနော်။

ယေ သတ္တာ=အကြင်အရိယာသခင် အရှင်သူမြတ်တို့သည်။ ဝိဇ္ဇာဂတာ=အရဟတ္တမဂ် ဉာဏ်ပညာဖြင့် အဝိဇ္ဇာကို ဖောက်ထွင်း၍ ချင်းနင်းသွားရောက်တော်မူကြပါပေကုန်၏။ တေ=ထို အရဟတ္တမဂ် ဉာဏ်ပညာဖြင့် အဝိဇ္ဇာကို ဖောက်ထွင်း၍ အရဟတ္တဖိုလ်ရောက် ကူး၍ သွားတော်မူကြတဲ့ ရဟန္တာသခင် အရှင်သူမြတ်တို့သည်။ ပုနဗ္ဘဝံ=တဖန်ဘဝသစ်သို့။ န ဂစ္ဆန္တိ=မလားမရောက်ရတော့ကုန်။

အဝိဇ္ဇာကို ခုန်နိုင်အောင်ထွင်း၊ အဝိဇ္ဇာရှင်းချင်လို့ရှိယင် ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိအောင်အားထုတ်။ သမုဒယသစ္စာကို သမုဒယမှန်း၊ နိရောဓမှန်း၊ မဂ္ဂမှန်းသိအောင် အားထုတ်ယင် ဒါဟာ အဝိဇ္ဇာကို ဖောက်နေ ထွင်းနေတာပဲ။ အဝိဇ္ဇာတည်းဟူသော တောင်ကြီးကို ဒုက္ခဉာဏ်တည်းဟူသော စိန်နဲ့ ဖောက်တာ၊ ဒုက္ခသမုဒယဉာဏ်တည်းဟူသော စိန်နဲ့ဖောက်တာ၊ ဒုက္ခနိရောဓဉာဏ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါဉာဏ်ဆိုတဲ့ စိန်နဲ့တူတဲ့ ဉာဏ်ပညာလေးမျိုးနဲ့ ဖောက်နေတာပဲ။ စောစောကပြောတဲ့ သစ္စာလေးပါး အသိဉာဏ် မသေးကြပစေနဲ့။

ဟောဒါ တတိယပဗ္ဗတရားအစု ပြီးပြီ။

ဤတွဲ တရားပွဲရပ်နားပါသည်။

http://www.dhammadownload.com



## ဒွယတာနုပဿနာသုတ္တန်တရားတော်
## (ဒုတိယပိုင်း)

သာသနာနှစ် ၂၅၀၉၊ ကောဇာသက္ကရာဇ် ၁၃၂၇–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅–ရက်နေ့ည၊ မန္တလေးမြို့ ရသာတန်း၊ နေသူရိန် ဆွမ်းလောင်းအသင်းဝင် ဥပါသကာ ဒါယကာများ လျှောက်ထား တောင်းပန်သဖြင့် ဟောကြားအပ်သော ဒုတိယအကြိမ်မြောက် ဒွယတာနုပဿနာသုတ္တန်တရားတော်–

ဘုန်းကြီးဟောတဲ့ ဒွယတာနုပဿနာသုတ္တန် တရားတော်ဟာ အပိုင်းပေါင်း တဆယ့်ခြောက်(၁၆)ပိုင်း ရှိပါတယ်။ ထိုတစ်ဆယ့်ခြောက်ပိုင်းလုံး ဘုန်းကြီးအနေနဲ့ အဆင်းရဲခံပြီး ကုန်အောင် ဟောစေကာမူ နာကြားတဲ့ ပုဂ္ဂိုလ်များအဖို့ရန် သလောက်အပင်ပန်းခံပြီးတော့ နာနိုင်တဲ့ အရည်မရှိတဲ့အတွက် သုံးပိုင်းလောက် ခွဲပြီးတော့ ဘုန်းကြီး ဟောရပါတယ်။ သီးတင်းကျွတ်လပြည့်နေ့တုန်းက ပထမသုံးပိုင်း ပြီးခဲ့ပါပြီ။ ယနေ့ ဒုတိယအကြိမ်မြောက်မှာဆိုယင် အပိုင်းခုနှစ်ခုလောက်ပေါ့လေ။ အပိုင်းပေါင်း ဆယ်ခုလောက် ကုန်သွားအောင် ဟောဖို့ စဉ်းစားထားပါတယ်။ ပြီးတော့မှ ဆွမ်းအနုမောဒနာတရားကို ဆက်ပြီးတော့ ဟောပါမယ်။

တရားမဟောခင် မိမိတို့ စိတ်ထဲမှာ ဘုရားအာရုံနဲ့ နှလုံးထုံပြီးတော့ ကြည့်ရအောင်။ တရားတောင်းပြီးတော့ အမျိုးသမီးတွေ နှုတ်ဖျားမှာ ယခုကဲ့သို့ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ တရားစကားတွေ သီးနေတဲ့ လျှာကလေးတွေ ဘယ်လောက် ဝမ်းမြောက်စရာကောင်းတုန်း။

သတို့သမီးအပေါင်းသူတော်ကောင်းတို့ အသင်းသူအပေါင်းသူတော်ကောင်းတို့။ မိမိကိုယ်ကို မိမိအားရလိုက်စမ်းပါ။ မိမိကိုယ်ကို

http://www.dhammadownload.com



မိမိနှစ်သက်လိုက်စမ်းပါ။ ဒို့ဘုရားလက်ထက်တုန်းက အရိယာ သူတော်ကောင်းတွေဟာ ဘယ်လိုနှလုံးသွင်းတုန်း။

သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

(ဓမ္မပဒ၊ သုခဝဂ်၊ ဂါထာ ၁၉၇)

ရန်သူပေါ်နေတဲ့ လောကကြီးထဲမယ် ရန်ကင်းကင်း နေရခြင်းဟာ အချမ်းသာဆုံးပဲ ဒို့တတွေ ချမ်းချမ်းသာသာ အသက်သေရမဟဲ့။ အဲဒီလို အောက်မေ့သလို

သုသုခံ ဝတ ဇီဝါမ၊ ပမတ္တေသု အပ္ပမတ္တာ။
ပမတ္တေသု မဒုဿေသု၊ ဝိဟရာမ အပ္ပမတ္တာ။

လို့ ဝတ်အသင်းသူများ ကိုယ်စီကိုယ်ငှ စိတ်ထဲမှာ အောက်မေ့ပြီးတော့ အားရလိုက်စမ်းပါ။

ယေ မယံ=အကြင်ငါတို့သည်။ ပမတ္တေသု=အာရုံငါးပါး လိုက်စားမေ့လျော့ ပေါ့လျော့၍ နေကြကုန်သော လူအပေါင်းတို့၌။ အပ္ပမတ္တာ=အပ္ပမဒတရား လက်ရှိထားကြကုန်လျက်။ ဝိဟရာမ=ယခုလို ဘုရားအာရုံ တရားအာရုံ သံဃာအာရုံ စိတ်ဝယ်ထုံ၍ ကြည်ယုံဝမ်းသာ နေထိုင်ကြရပါပေကုန်၏။ တေ မယံ=ထိုငါတို့အပေါင်း သူတော်ကောင်းတို့သည်။ သုသုခံ ဝတ ဇီဝါမ=အလွန့်အလွန် ချမ်းသာစွာ အသက်ရှင်ရပါကုန်စွတကား။

ဒို့ရဲ့ အသက်ရှင်နေခြင်းဟာ ဣန္ဒြေဆိုတဲ့ သိက္ခာငါးပါး၊ အနုတ္တရိယခြောက်ပါး၊ အမြတ်ဆုံး ခြောက်ပါးရှိတဲ့အနက်က–

http://www.dhammadownload.com



ဒဿနာနုတ္တရိယ=မြင်ရတဲ့အရာထဲမှာ အမြတ်ဆုံး အသာဆုံး ဆိုတဲ့ ဘုရား တရား သံဃာကို ပကတိမ်ံသမျက်စိ၊ ဉာဏ်မညာမျက်စိနဲ့ မြင်ရတာဟာ မြင်ရတဲ့ အရာထဲမှာ အကောင်းဆုံး အသာဆုံးပဲတဲ့။

ဘဝနာနုတ္တရိယ=ကြားရသမျှဥသုံ အလုံးစုံထဲမှာ အကောင်းဆုံး အသာဆုံး အမြတ်ဆုံးဟာ တရားသံကြားရခြင်းဟာ အမြတ်ဆုံးပါပဲ။

ပါရိစရိယာနုတ္တရိယ=မိမိတို့ လုပ်ကျွေးရတဲ့ အရာပေါင်းများစွာ တို့တွင် ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ ရတနာသုံးပါး ဝေယျာဝစ္စကို ပြုစုရ ဆောင်ရွက်လုပ်ကျွေးရခြင်းဟာ အမြတ်ဆုံးပဲ။

အနုဿတာနုတ္တရိယ=လောကီအာရုံတွေကို အောက်မေ့ခြင်း၊ တရားအာရုံ အောက်မေ့ခြင်း အဲဒီလို အောက်မေ့ခြင်းအားဖြင့် နှစ်မျိုး ထဲမှာ တရားအာရုံအောက်မေ့ခြင်းဟာ အမြတ်ဆုံးပဲ။ မြတ်စွာဘုရား ဟောထားတာရှိတယ်။

ဒီတော့ ဝတ်အသင်းသူဖြစ်တဲ့ အမျိုးသမီးအပေါင်း သူတော် ကောင်းကို့ရဲ့ နှလုံးအာရုံ ထုံထားတဲ့ တရားတော်နဲ့ ပတ်သက်တဲ့ အောက် မေ့မှုတွေဟာ အင်မတန် တန်ဖိုးရှိတဲ့ အနုတ္တရိယစာရင်းထဲ ထည့်သွင်း ရတဲ့ ရွတ်ဆိုခြင်း၊ ထည့်သွင်းရတဲ့ အောက်မေ့ခြင်း၊ ထည့်သွင်းရတဲ့ အမျိုးအစားတွေဖြစ်လို့ အာရုံငါးပါး လိုက်ငမ်းမူးမေ့နေကြသော လောက ကြီးထဲမှာဖြင့် ဒို့တတွေ မမေ့မလျော့ ဘုရား တရား သံဃာအာရုံ နှလုံး ထုံ၍ ယခုလိုနေရခြင်း ရွတ်ရခြင်း ဆိုရခြင်းဟာဖြင့် အချမ်းသာဆုံးသော အလုပ်စာရင်းပဲ။ စိတ်ထဲမှာ အားရလိုက်စမ်းပါ။

## နမော တဿက အစ ညီအောင် ရွတ်ဆိုကြပါ

ဒို့အမျိုးသား ဒကာတွေသာ စုပေါင်းလုပ်ယင် ခုလောက်ညီချင် မှညီမှာဗျာ။ အမျိုးသားတွေကျတော့ နမော တဿ ကစ မညီပါဖူး။

http://www.dhammadownload.com



ဘုန်းကြီး ဒီကနေ နားထောင်ကြည့်တယ်။ အမျိုးသမီးလေးတွေ နမော တဿ ညီညီညွတ်ညွတ် ရွတ်ဆိုချင်ကြတယ်။ ဒို့အမျိုးကောင်းသားတွေက နမော တဿ ဝေါဝေါ ဝေါဝေါနဲ့ ရွတ်ဆိုသွားကြတော့ သူ့ခမြာများလဲ မညီဖူး။ နဲနဲပါးပါးကလေးလဲ ညီအောင် လုပ်ဖို့ ကြိုးစားကြစမ်းပါ။ ဘုန်းကြီးတို့ သာသနာမှာလဲပဲ ပရိတ်ရွတ်တဲ့အခါမှာ ရှေ့ကညီအောင် စောင့်ပြီးတော့ ကြိုးစားရွတ်ပေတယ်လို့ ခုပြောသလို နမော တဿ ခပ်လောလောရွတ်သလို ပရိတ်ရွတ်တဲ့အခါကျတော့လဲ ညီအောင်ရွတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုပဲ လိုက်သွားရတော့တာပဲ။ အခုလဲ အမျိုးကောင်းသမီးလေးတွေ သူတို့နောက်လိုက်သွားကြရတယ်။

ဘယ်လိုပဲဖြစ်စေ ဒို့မှာဘုရားရှိခိုးရပြီး၊ သရဏဂုံ ဦးစိုက်ပန်း လန်းလန်းစိုက်ထူရပြီ။ ငါးပါးသီလတည်းဟူသော ဝတ်ကောင်းစားလှ ငါးပါးသီလတည်းဟူသော နံ့သာပျောင်း နံ့သာပန်းများကို လှလှကြီး လိမ်းရ ကျံရ ဝတ်ရဆင်ရပြီ။ ဝတ်ပြီးဆင်ပြီး နံ့သာပျောင်းများ လိမ်းကျံပြီး၊ သရဏဂုံတည်းဟူသော ဦးစိုက်ပန်းများ လန်းလန်းစွင့်စွင့်နှင့် စိုက်ထူပြီးတဲ့အချိန်အခါမှာ လူ့လောကဌ် ဝတ်ကောင်းစားလှ ဝတ်ဆင်မြန်းကာ ပန်းမလ်များ လိမ်းကျံပြင်ဆင်ပြီးလို့ရှိယင် မင်္ဂလာပွဲသဘင် ဝင်သလို တရားပွဲသဘင်သို့ ယခုဝင်ကြစို့။

ရှေးဦးစွာ တရားတော်၏ အမွန်အစ ပဘဝ ဖြစ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကို လှမ်းပြီးတော့ အာရုံပြု။ အစိန္တေယျသုံးလောကထွတ်ထား မြတ်စွာဘုရားဆိုတဲ့အတိုင်း –

၁။ ရူပအစိန္တေယျဂုဏ်

၂။ ဝါစာအစိန္တေယျဂုဏ်

၃။ ဣဒ္ဓိအစိန္တေယျဂုဏ်

၄။ ဉာဏအစိန္တေယျဂုဏ် – ဆိုတဲ့ အစိန္တေယျဂုဏ်တော်ကြီး

http://www.dhammadownload.com



လေးပါးနဲ့ ပြည့်စုံတဲ့ ဘုရားကိုယ်တော်မြတ်ကို ရှေးဦးစွာ နှလုံးအာရုံထဲမှာ ထုံပြီးတော့ ကြည့်ကြအုန်းစို့။

နယန သုဘဂ ကာယင်္ဂ၊
မဓုရ ဝရ သရောပေတံ။
အမိတဂုဏ ဂဏာဓာရံ၊
ဒသဗလ မတုလံ ဝန္ဒေ။

မဟာနမက္ကာရ၊ ဂါထာ၊ ၂။

နယန သုဘဂ ကာယင်္ဂ=နတ်လူရှုရှိ ဖူးကြသူ မျက်စိဝယ် ပီတိဟုန်ဆင့် လွှမ်းအောင်တင့်ဆန်းသပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရံ ပြည့်စုံတော်မူပါပေထသော။

**တရားတောင်းအမွန်းကိစ္စ**

ခုနတုန်းက ဒို့အမျိုးသမီးလေးတွေ ရွတ်ဆိုသွားတဲ့ ဥစ္စာ– ဘန္တေ =အရှင်ဘုရားဆိုတဲ့ အရှင်ဘုရား မရောက်ခင်ကို သူတို့က မောလာပြီး ဒီကိုယ်တော့်ကို သူတို့က သင်္ဂဇာဆရာတော်ကျလို့ တခါထဲ မြန်မာပြည် ထက်အောက် အနှံ့အပြား လှည့်ပြီး တရားဟောနေတဲ့ ကိုယ်တော်အနေနဲ့ သူတို့ တကတဲ တရားတောင်း၊ ဆရာတော်ကလဲ တကတဲ တကဲ့ကို ချီးချီးမြှောက်မြှောက်၊ ဘန္တေ=အရှင်ဘုရား မရောက်ခင်ကိုပဲ နည်းတဲ့ စာပိုဒ်တွေ မှတ်ဘူး။

**သင်္ဂဇာဆရာတော်နှင့် ဦးယံ**

မင်းတုန်းရှင်ဘုရင်ကြီး လက်ထက်တုန်းက နန်းမတော်ဝန်ဦးယံ ဆိုတာရှိတယ်။ ပိဋကတ်တော်ဝန်ပေါ့။ နန်းမတော်ဦးယံက စာပေပရိယတ် အင်မတန် ကျွမ်းကျင်တယ်၊ တော်တော်တန်တန် စာသင်သား ဖြစ်တဲ့ ကိုယ်တော်များ ဆိုလို့ရှိယင် သူတို့တွေ့ယင် သုတ်စဉ်တွေ လျှောက်မေး

http://www.dhammadownload.com



တော့ ကိုယ်တော်လေးတွေ သူနဲ့ မတွေ့ဝံ့ဘူး။ အံမယ် သူက အားမလို အားမရဖြစ်တဲ့ ကိုယ်တော်များကျတော့ သူက တချိုးလိုက်သေးတယ်၊

ခုကာလ စာသင်၊ သုတ်စဉ်မှ မရ။

စာပလွေ နိကြောင်ထမ်း၊ ဆန်းတဲ့ကာလ။

အဲဒီလို တချိုးပါတယ်။

သဒ္ဒါတက်တော့ သုတ်စဉ်ဆိုတာ ရှိတယ်။ ခုကာလ စာသင်သားတွေမှာ သုတ်စဉ်တောင် မရဘူး။ စာပလွေကြီးကလဲ တကတဲ ပိုးမျိုး ချည်မျိုးတွေနဲ့ အနီနဲ့အကြား တကတဲ အစိမ်းနဲ့ အဝါနဲ့ အပြာနဲ့ နိနိကြောင်ကြောင်ဖြစ်ပြီး ဆန်းတဲ့ ကာလလို့ ဒီလို ကိုယ်တော်လေးများ တချိုး ခံရတယ်။

တချိန်မှာတော့ မင်းတုန်းရှင်ဘုရင်ကြီးက ရွှေနန်းတော်မှာ ပညာရှိတွေနဲ့ ရဟန်းပညာရှိ ဆရာတော် သံဃာတော်များ အစုံအညီ စည်းဝေးပြီးတော့ နန်းမတော် ဦးယံတို့ကို လက်တို့ပြီး ခေါ်ထားတယ်။ ဆရာတော်တွေကို မခံချင်အောင် လျှောက်ဖို့ပေါ့။ အဲလိုလျှောက်တဲ့အခါကျတော့ ဆရာတော်များက စည်ကြီးတီးပြီးတော့ မြည်လာတဲ့ တရားသံ မြည်လာတဲ့ စကားသံကို မင်းတုန်းရှင်ဘုရင်ကြီးက အင်မတန်မြတ်နိုး ပါတယ်။

နန်းမတော် ဦးယံကို လက်တို့ထားတော့ နန်းမတော်ဦးယံက အခုကြွလာတဲ့ ဆရာတော်ထဲမှာဖြင့် တီးလို့ကောင်းတဲ့ စည်ကြီးဆိုပြီးတော့ သင်္ဂဇာဆရာတော်ကို တီးလိုက်တယ်။ ဆရာတော်ကြွလာလို့ ထိုင်လိုက်တယ် ဆိုယင်ပဲ-

"ဆရာတော်ကတော့ ဆရာတော်ရဲ့ ဘွဲ့နဲ့ အင်မတန် လိုက်တယ်" လို့ သင်္ဂဇာဆတော်ကို သူက ဒီလိုလျှောက်လိုက်တယ်။

"ဘာပြုလို့ လိုက်တာလဲကွ" လို့ဆိုတော့။

http://www.dhammadownload.com



"အော် ဆရာတော်ဘွဲ့နဲ့ ဗျူပွတ်နဲ့ အနွတ္တ သိပ်လိုက်တာပဲ"

"အနွတ္တဘွဲ့ ဘာပြုလို့ လိုက်တာလဲ"

"ဆရာတော့်ဘွဲ့က ဦးအဂ္ဂဆိုတော့-

တံ တံ ဌာနံ အဇတိ ဂစ္ဆတိတိ အဂ္ဂေါ။

တံ တံ ဌာနံ=ထက်အောက်တခို ထိုထိုအရပ်ဌာနသို့။ အဇတိ ဂစ္ဆတိ=လှည့်လည်ကျက်စား ကြွချီသွား၍ တရားဟောတော်မူတတ်၏။ ဣတိ=ထို့ကြောင့်။ အဂ္ဂေါ=အဂ္ဂမည်တော်မူပါပေ၏။"

သင်္ဂဇာဆရာတော်က အထက်အောက်တခို ထိုထိုမြို့ရွာများ လှည့်လည်သွားပြီး တရားဟောနေတော့ အဲဒီဗျူပွတ်မှိုပြီးတော့ နန်းမတော် ဦးယံက ဝိဂြိုဟ်လုပ်လိုက်တာပဲ။

ဒီတော့ သင်္ဂဇာဆတော်ဘုရားကြီးက- အင်း မောင်ယံတော့ ငါ့ကို သမာဓိရှိရှိ မနှိမ်ဘူးပေါ့နော်၊ အထက်အောက်တခို ထိုထို အရပ်ဌာနသို့ လှည့်လည်ကျက်စား ကြွချီသွား၍ တရားတွေ ဟောနေ တယ်ဆိုတာ အမှန်တော့ ချီးမွမ်းလိုတဲ့ စိတ်နဲ့ပြောယင်လဲပဲ ပြောတဲ့ စကားအသံထဲမှာ ဝိညတ်က ပါတယ်။ အပြောခံရတဲ့ ပုဂ္ဂိုလ်က ချီးမွမ်း တဲ့အနေနဲ့ ဆိုယင်- အော်ချီးမွမ်းလိုတဲ့ တကဲ့စိတ်ရင်းနဲ့ သူပြောတာပဲလို့ ဝိညတ်ပါလို့ သိတယ်။ အဲဒီလို မဟုတ်ပဲနဲ့ မခံနိုင်အောင် ပြောတဲ့အနေ နဲ့ ပြောဟတော့ ဒီအသံပဲ ဖြစ်ပစေတော့၊ အဲဒါ မခံချင်အောင် ပြော တာပဲလို့ဆိုတာ တွဲပြီး ဝိညတ်ကပါလာလို့၊ ဝိညတ်က ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အလိုကို သိနေတဲ့အတွက်၊ သင်္ဂဇာဆတော်ကြီးက-မောင်ယံ ကတော့ ငါ သက်သက်မဲ့ မင်းတရားကြီးရှေ့မှာ ငါ့ကို မခံနိုင်အောင် စတာပဲလို့ သိတယ်။

ဒီဝတ်အသင်းသူလေးတွေကို ဦးယံနဲ့ နှိုင်းတာ မှတ်ပါဘူးနော်၊

http://www.dhammadownload.com



ဦးယံက သင်္ဂဇာ ဆရာတော်ကို ပြောတဲ့ ဝိဂြိုဟ်သွား၊ အမှတ်ရလို့ ပြောတာပါ။)

ဒီတော့ သင်္ဂဇာဆရာတော်က ဘာပြန်ပြောသလဲဆိုတော့-

"မောင်ယံရာ ငါသာ ငါ့ဝိဂြိုဟ်နဲ့ ငါလိုက်တာ မှတ်ပါဘူး၊ မင်းလဲ လိုက်တာပဲ"

"တပည့်တော် ငယံ ငယံပေါ့၊ ဘာလိုက်စရာ ရှိတုန်းဘုရား"လို့ ဆိုတော့။

"ငယံမို့ လိုက်တာပေါ့ကွ" လို့ ပြောသတဲ့။

"ဘယ်လိုလိုက်တုန်း ကိုယ်တော်၊ တပည့်တော် တပည့်တော် ဗျူပ္ပတ်နဲ့ ဘယ်လိုလိုက်တုန်း"လို့ ဆိုတော့-

"ငံ ဝုစ္စတိ နိရယံ၊ တံ ယာတိ ဂစ္ဆတီတိ ငယံ- ကွာ"

"နိရယံ=ငရဲကို။ ငံ=င ဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။ င,က ငရဲ ပြောတာကွ။ တံ=ထို ငရဲသို့။ ယာတိ ဂစ္ဆတိ=သွားရောက်တတ်၏။ ဣတိ=ထို့ကြောင့်။ ငယံ=ငယံ မည်၏။"

ဆရာတော်ဘုရားကြီး အင်မတန် တန်ဏှာပ္ပတ္တိဉာဏ်ကြီးတယ်။ ဘုန်းကြီးတို့ စာထဲက ပုဂ္ဂလ-ဝိဂြိုဟ်လုပ်တဲ့အခါကျတော့-ပလုဇ္ဇတိ နိရယံ တံ ဖလတိ လုဇ္ဇတီတိ ပုဂ္ဂလော-လို့ ဝိဂြိုဟ် ပြုတယ်။ အဲဒီ ဝိဂြိုဟ်ကို မှီပြီးတော့ တန်ဏှာပ္ပတ္တိဉာဏ်ဖြင့် သင်္ဂဇာ ဆရာတော်ကြီးက ဝိဂြိုဟ်လုပ်ပေးလိုက်တယ်။ ဒါကြောင့် "င ဆိုတဲ့ ငရဲကို သွားတတ်တဲ့ အတွက်ကြောင့် ငယံမည်၏ပေါ့ကွာ။ မင်းလဲပဲ ကိုယ်တော်လေးတွေနဲ့ တွေ့ယင် ခြေထောက်နှစ်ချောင်း ဆွဲပစ်တယ်။ ခုကာလ စာသင် သုတ်စဉ်မှ မရ၊ စာပလွေ့ နီကြောင်ထမ်းဆန်းတဲ့ ကာလ-) စသည်ဖြင့် စာချိုး ဘာချိုးနဲ့ ကိုယ်တော်လေးတွေ မင်းသွားပြီး ပြစ်မှားလို့ မင်းငရဲ

http://www.dhammadownload.com



သွားမှာ။ ဒါကြောင့် မင်း ငယ်ဆိုတဲ့ ဝိဂြိုဟ်နဲ့ လိုက်လျောတာ"လို့ သင်္ဂဇာ ဆရာတော်ကြီးက ပြောတယ်။

ခုနက ဦးယံပြောတဲ့ "ထက်အောက်တခို ထိုထိုမြို့ရွာများ လှည့်လည် ကျက်စား သွား၍ တရားဟောတဲ့ ဆရာတော် ဦးအဂ္ဂ"လို့ ဆိုတာ လိုပေါ့နော်။ ခုနတုန်းက ဘန္တေရဲ့ အနက်ကို အလွယ်တကူသိအောင် စာထဲရေးထားမယ် ဆိုလို့ရှိယင် လေးငါးကြောင်းလောက် ရှိမယ်။ ဘန္တေ = အရှင်ဘုရား ရောက်အောင်။ ခုအစိန္တေယျကြီးမှာလဲ အဲဒီလိုပဲ တစ်မျက်နှာလောက်ရှိမှာပဲ။ အရှင်ဘုရားရောက်တဲ့ အနက်မျိုးမို့ အဲဒီ အနက်တစ်မျိုးနဲ့ ကြည်ညိုရအောင်။ ခုနက ဘန္တေကလဲ ကြည်ညိုတဲ့ ဘန္တေပါ။ ဦးယံရဲ့ အဇတိ ဂစ္ဆတိတိ အဂ္ဂေါ–မဟုတ်ပါဘူးဆိုတာ ထပ်၍ သတိပေးပါတယ်။

နယန သုဘဂ ကာယင်္ဂ=နတ်လူရှိရှိ ဖူးကြသူ မျက်စိဝယ် ပီတိ ဟုန် ဆင့်လွှမ်းအောင် တင့်ဆန်းသပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်တို့နှင့် ဖြိုး ကြွယ်ဝန်းရံ ပြည့်စုံတော်မူပါပေထသော (ဝါ) နယန သုဘဂ ကာယင်္ဂ= နတ်လူဗြဟ္မာ သတ္တဝါအနန္တ ရှိသမျှတို့၏ ပသာဒစက္ခု ဇာတ်မှန်နဝယ် ရှုလေအံ့ဖွယ် ဆန်းတကြယ်လျှင် သုံးဆယ့်နှစ်စင်းသောနေမင်း သုံးဆယ့် နှစ်ဆင်းသော လမင်း ဝင်းဝင်းရောင်ဖိတ် သုံးကိုပ်နှစ်ဆူသော စကြဝတေး မင်းဘုရား သုံးကျိပ်နှစ်ပါးသော သိကြား သုယာမ သုနိမ္မိတ ဝသဝတ္တိ မဟာဗြဟ္မာကြီးတို့လို၊ လူ့ထီးဖြူ နတ်ထီးဖြူ ဗြဟ္မာမင်းထီးဖြူ သုံးဆယ်နှစ်ဆူသော သရဖူဦးစိုက် ရတနာမကိုဋ်တို့နှင့်တကွ စကြဝဠာ တတိုက်၌ အလိုက်သင့် စဉ်စီထွန်းပသော ပဘာဝကျက်သရေတို့ကဲ့သို့၊ စက်ရွှေတော်ပါဒမှ ရူပကာယအလုံး ရွှေဆံတော်အဆုံးတိုင် သုံးဆယ်နှင့် နှစ်ရပ်သော ဗာတ္တိံသ ပဝရ သတပုညဇ မဟာပုရိသ လက္ခဏာတော် ကြီး၊ ညီးညီးရွှန်းကယ် ထွန်းတင့်တယ်သော ရှစ်ဆယ်အစု အနုဗျဉ္ဇန

http://www.dhammadownload.com



လက္ခဏာတော်ငယ် အသွယ်သွယ် တို့ဖြင့်၊ လက္ခယ်မိုက်မှောင် တိုက်ချောင် ဥမင် ကောင်းကင်မိုးလယ် တောင်ရှစ်ဆယ်ကို မီးနှယ်ထိန်လျှပ် စိန်နဝရတ် ကဲ့သို့၊ မပြက်ကာလ အခါခပ်သိမ်း ထွန်းပသည့် နိစ္စလဩဘာသ ဗျာမပ္ပ ရောင်ခြည်တော် အဝန်းတို့ဖြင့် ရွှန်းရွှန်းသပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရံ ပြည့်စုံတော်မူပါပေသော။ (ဂါ) ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။ (ရူပအစိမ္မေ ယျဂုဏ်တော်ကိုဖွဲ့တဲ့ စာပိုဒ်ပါ။)

မဓုရဝရ သရောပေတံ=သာယာချိုမြိန့် နှစ်သိမ့်နာပျော် မြတ်သော အသံတော်နှင့် ပြည့်စုံတော်မူပေထသော။ (ပါ) မဓုရဝရ သရောပေတံ= သိလွယ်သည်+နာဖွယ်သည် +သာယာသည်+ ဝါခဲနက်+ ပရိသတ်ပြင် မတွက်သနှင့် +နဲနက်သည်+ စေ့စပ်သည်+ မပဲ့တင်သည်=အင်္ဂါရှစ်လီ ပေါင်းမဆိတ် ကျူးရင့်ကာ သြောင်းညိမ့်သော ကရဝိတ်ငှက်မင်း၏ အသံပမာ၊ တုရိတ္ထ မဟာဗြဟ္မာမင်း၏ အသံအလား၊ ပတ္တမြားမြွေကို ညှင်းသကဲ့သို့ ဖွားရင်းကာလ ဇာတိကပင် ဗြဟ္မသရ မဓုရနှင့် ဝရအင်္ဂါ အစုံပါ၍ သာယာချိုမြိန့် နှစ်သိမ့်နာပျော် မြတ်သောအသံတော်နှင့် ပြည့်စုံတော်မူပါပေထသော။ (ဝါ) ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။ (ဝါစာအစိမ္မေ ယျဂုဏ်ကို ဖွဲ့ပါတယ်။)

အမိတ ဂုဏဂဏာကရံ=ဣဒ္ဓိပါဒ်ခြောက်မျိုး တန်ခိုးတော် အလီလီ သန္တြဳသလ္လေခ အပ္ပိစ္ဆသုဘရာ အစဖြစ်သား သချင်္ကာမ်းခတ် ဂဏန်း တတ်တို့ မှန်းအပ်မရေးပိုင် မကြံနိုင်မနိုင်းအပ် ကျေးဇူးကော် အရပ်ရပ်တို့ ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော် မူပါပေထသော။ (ဝါ) အမိတ ဂုဏဂဏာကရံ=ယုဂန်ထိပ်ဖျား မြင်းမိုရ်ခါးဝယ် လှည့်သွား ကုန်ကြ နေနှင့်လကို ဂန္ဓကုဋိ တိုက်တော်ဆိမှ လှမ်းမီလက်ကိုင် သုံးသပ်နိုင်၏။ မဏ္ဍိုင်ဗဟို လေးရောင်စိုသား မြင်းမိုရ်ထိပ်ပန်း ဝတီနန်းကို

http://www.dhammadownload.com



နစ်လုမ်းသုံးဖဝါး ကြွချီသွား၏။ အလျား ယူဇနာ ခြောက်ဆယ်, အထု ဝယ် တဆဲ့ငါး, အနံကား ငါးဆယ်, ပြန့်ကျယ်ယူဇနာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာလည်း ဝဲယာထုတ်သန်း ဒူးတော်စွန်းနှင့် သကၢန်းတော် အောက် ဖုံးကွယ်ပျောက်၏။ ကျောက်ဖျာကိုလည်း မငယ်စေ, လ နေကိုလည်း အောက်မချ, မြင်းမိုရ် ကိုလည်း မညွတ်ရ, ကိုယ်တော် ကလည်း မကြီးမြင့်, ကြည့်တင့်ရှုသာ ဤအရာသည် မဟာအာဝေဏိက သိဒ္ဓိဘုရားတို့သာရှိသည့် ဣဒ္ဓိပါဒ်မျိုး တန်ခိုးတော်အလီလီ သန္တုဋ္ဌိသလ္လေခ အပ္ပိစ္ဆ သုဘာရ အစဖြာသား သချာကမ်းခတ် ဂဏန်းတတ်တို့ မမှန်းအပ် မရေးပိုင် မကြဲနိုင်မနှိုင်းအပ် ကျေးဇူးတော်အရပ်ရပ်တို့ ကိန်းဝပ်ပျော် အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူပေထသော။ (ဝါ) တည်နေရာ ဖြစ်တော်မူသောကြောင့်လည်းကောင်း။ (ဣဒ္ဓိအစိန္တေယျဂုဏ်တော်ကို ဖွဲ့ဆို ချီးကျူးတဲ့ စာပိုဒ်ဖြစ်ပါတယ်။)

ဒသဗလံ=အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကားနှင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူပေထသော။ (ဝါ) ဒသဗလံ=ကာဠာဝက ဆင်ကစ၍ ဆယ်ဆဆယ်တန် အားတက်လျှံသည့် ဆဒ္ဒန်ဆယ်ဆ မဇ္ဈိမဟု ပုရိသယောကျ်ား ကုဋေတသောင်းအားကို ကြွားကြွားကုန်အောင် ကိုယ်တော်တည်းရွက်ဆောင်နိုင်သည့် နာရာယန ကာယဗလ အားတော် ဆယ်ပါး။ မဟာပထဝီ မေဒနီစုဏ် မြူလုံးမှုန့်ထက် နှုန့်အကိန်းကိန်း သိန်းအခန်းအခန်း သန်းအထွေထွေ ကုဋေကုဋာ မရေသာအောင် မြေချာမဆုံး မိုးအဖုံးနှင့် ပတ်ကုံးမျက်နှာ စက္ကဝါလျှင် မဟာဝိသယ ရှိသမျှဒြဲ အနန္တဘုံ သတ္တဝါကုန်အောင် အာရုံတော်ပြု နေ့တိုင်းရှုသည်မှာ အနုသယကို တနည်း၊ အာသယည်းကို တဖြာ၊ ပညာကို တထွေ၊ ဣန္ဒြေကို တလိုက်၊ စရိုက်ကို တခြား၊ အလားကို တဝ၊ သွာကာရ ဒွါကာရ ဝေါဒါန သံကိလေ မဂ်အခြေ ဖိုလ်အခွင့် သင့်, မသင့် ပရိစ္ဆိန်

http://www.dhammadownload.com



ရွှေညာဏ်တော်လှစ်ထွင်း၍ ရွှေစဉ်းနှင့် ချိန်သည့်နှယ် ဣန္ဒြိယပရော ပရိယတ္တိညာဏ် အစဖန်သား ဆယ်တန်သော အသာဓာရဏ ညာဏကျေးဇူး ဂုဏ်အထူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပေထသော။ (ဝါ) ပြည့်စုံတော်မူသောကြောင့်လည်းကောင်း။ (ဉာဏ အစိန္တေယျဂုဏ်တော်ကို ချီးကျူးတဲ့ အပိုင်းဖြစ်ပါတယ်။)

အတုလံ=သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းတုံယှဉ်ဘိ ၊ မရှိသား အတုလိယကျေးဇူး ဂုဏ်အထူးတို့ဖြင့် ချီးကျူးအပ်ပြား အစိန္တေယျ မြတ်စွာဘုရားကို။ ဝန္ဒေ=ရိုသေမြတ်နိုး ရှိခိုး ဦးညွှတ်ပါ၏။ (ဝါ) ဝန္ဒေ-ဝန္ဒာမိ=ကိုယ်နှုတ်နှလုံး သုံးပါးပေါင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

သာဓု... သာဓု... သာဓု။

## ဒွယတာနုပဿနာသုတ္တန်ဒုတိယပိုင်း

လွန်ခဲ့တဲ့ သီတင်းကျွတ်လပြည့်နေ့က ဘုန်းကြီးတို့ ဒွယတာ နုပဿနာသုတ္တန်ဟောတာ အပိုင်းသုံးပိုင်း ပြီးခဲ့ပြီ။ အခုတရားနာ ပရိသတ်အနေနဲ့ ကြည့်မယ်ဆိုလို့ရှိယင်ပေါ့လေ။ တချိန်က မြတ်စွာဘုရား ကိုယ်တော်မြတ် သာဝတ္ထိပြည့်ရဲ့ အရှေ့ယွန်းယွန်းမှာရှိသော မိဂါရ မာတာ သူဌေးကတော် ဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံကျောင်းရဲ့ အရှေ့ မျက်နှာ မျက်နှာစာ၌ အပေါ်က အမိုးမရှိသော ဟင်းလင်းအပြင် လွင် တီးခေါင်မှာ ရဟန်းအပေါင်းခြံရံ၍ နေတော်မူဆဲ ရဟန်းတော်ပေါင်း ထောင်သောင်းများစွာ ခြံရံပြီးတော့ နေတော်မူတဲ့အခါမှာမယ် ကာယကံ မှုကလဲ တိတ်တိတ်ဆိတ်ဆိတ်၊ ဝစီကံမှုကလဲ တိတ်တိတ် ဆိတ်ဆိတ်၊ အင်မတန် အင်မတန် ငြိမ်ဆိတ်တဲ့ ရဟန်းပရိသတ် ကြည့်ပြီးတော့

http://www.dhammadownload.com



ဒီပရိသတ်အလယ်မှာ "အချို့သောတာပန်တွေ တချို့သကဒါဂါမ်တွေ တချို့အနာဂါမ်တွေ တချို့ဝိပဿနာတရား ပွားများ ကြိုးကုတ် အားထုတ်ဆဲဖြစ်တဲ့ ကလျာဏပုထုဇဉ်တွေ၊ ဤကဲ့သို့သော ရဟန်း သံဃာတော်များနဲ့ ဘယ်လိုတရားဒေသနာများ လိုက်လျောပမတုန်းလို့ ရဟန်း ပရိသတ်ကြီးကို အဖန်ဖန် ကြည့်ပြီးတော့ အခုပြောတဲ့ ပရိသတ်က အဇ္ဈာသယက တစ်နုံထဲ မဟုတ်ပါဘူး။ အဇ္ဈာသယအနေနဲ့ ဝေဖန်ကြည့် လိုက်တဲ့ အခါကျတော့ တဆဲ့ခြောက်မျိုး ကိုယ်တော်မြတ် ဉာဏ်ထဲမှာ ထွက်လာတယ်။

ဒါတောင်မှ ပထမအစုက သစ္စာလေးပါး တရားအနေနဲ့ ဟောမှ ကျွတ်တမ်းဝင်မှာ၊ အရဟတ္တဖိုလ်ပေါက်ရောက်မှာ။ ဒုတိယအစုက ဥပဓိနဲ့ စပ်ပြီးတော့ သစ္စာလေးပါးတရားဟောမှ ကျွတ်တမ်းဝင်မှာ။ တတိယအစုက အဝိဇ္ဇာနဲ့ ခေါင်းတည်ပြီး တရားဟောမှ ကျွတ်တမ်းဝင်မှာ မြင်လို့။ အဲဒီလို အစုတဆဲ့ခြောက်စုဖြစ်ပါတယ်။ တဆဲ့ခြောက်စုကို ဗာဆဲ့ခြောက်ပိုင်း ခြားပိုင်းပြီးတော့ အာသယဓာတ်နဲ့ လိုက်လျောအောင် ဟောတာကတော့ သစ္စာလေးချက်ပဲ။ ဒါပေမယ်လို့ အဇ္ဈာသယနဲ့ လိုက်လျောအောင် သစ္စာလေးချက် မြတ်စွာဘုရား ဟောတော်မူရတယ်။ ဘုန်းကြီးဟောတာပဲဘာ ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း-အပိုင်း သုံးပိုင်းပြီးခဲ့ပါပြီ။ သစ္စာပိုင်း၊ ဥပဓိပိုင်း၊ အဝိဇ္ဇာပိုင်းလို့ အပိုင်းသုံးပိုင်း။ တပိုင်းတပိုင်း ဆုံးတိုင်းဆုံးတိုင်းမှာ ခြောက်ကျိပ် ခြောက်ကျိပ်သော ကိုယ်တော်ကြီးတွေ ရဟန္တာ ဖြစ်ဖြစ်သွားတယ်။

## ၄။ စတုတ္ထပဗ္ဗ (သင်္ခါရပဗ္ဗ- သင်္ခါရပိုင်း)

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ။ ကထံ စ ဘိက္ခဝေ ပုစ္ဆိတာရော အဿ။ "သိယာ" တိဿု ဝစနီယာ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အညေနပိ ပရိယာယေန= ဆိုအပ်ပြီးသည်မှတပါး အခြားသော အကြောင်းဖြင့်လည်း။ (ဝါ) တရားဓမ္မ ဒေသနာနည်းဖြင့်လည်း။ သမ္မာ=ကောင်းစွာ။ ဒွယတာနုပဿနာ=နှစ် ပိုင်းနှစ်ဖို့ အစုရှိတဲ့။ ဝဋ္ဋ=ဝိဝဋ္ဋတရားတို့ကို ရှုကြည့်မှုသည်။ သိယာ=ဖြစ်နိုင်ပါသေးသလော။

ဝဋ္ဋသစ္စာ, ဝိဝဋ္ဋသစ္စာခေါ်တဲ့ သစ္စာလေးပါးအနက် ဒုက္ခနဲ့ သမုဒယကို ဝဋ္ဋသစ္စာခေါ်တယ်။ နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးကို ဝိဝဋ္ဋသစ္စာခေါ်တယ်။ အဲဒီလို ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာနှစ်ပါးကိုရှုတဲ့ အသိဉာဏ်ကိုတော့ ဒွယတာနုပဿနာဉာဏ်လို့ ခေါ်တယ်။ အဲဒီ ဝိပဿနာဉာဏ်ဟာ ယခုဆိုပြီးတဲ့ သုံးနည်းမှတပါး အခြားတနည်းနဲ့ကော ဖြစ်နိုင်သေးသလားလို့။

ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု=ဤသို့ မေးမြန်းတဲ့ ပုဂ္ဂိုလ်များ ပေါ်ခဲ့လို့ရှိယင်။

"သိယာ" တိဿု ဝစနီယာ။

(ထိုထို ပုဂ္ဂိုလ်တို့ကို)သိယာ=ဖြစ်နိုင်ပါ၏။ ဣတိ=ဤသို့။ ဝစနီယာ=သင်ချစ်သားတို့ ရဲရဲတောက် ပြောကြားအပ်ကုန်သည်။ အဿု=ဖြစ်ကုန်၏။

အဲဒီလို မေးလို့ရှိယင် ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ် ရဲရဲပြောလိုက်။

ကထဉ္စ သိယာ။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ သင်္ခါရပစ္စယာတိ အယမေကာနုပဿနာ။

ဘယ်လို ဖြစ်နိုင်သလဲ ဆိုတော့- ယံ ကိဉ္စိ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ ဒုက္ခံ=တေဘူမက ဝဋ်ဒုက္ခ အစုသည်။ သမ္ဘောတိ=

http://www.dhammadownload.com



ဖြစ်ပေါ်၏။ သဗ္ဗံ=ဖြစ်သမျှ ဉဿုံ အလုံးစုံသော တေဘူမက သင်္ခါရ ဝဋ်ဒုက္ခအစုသည်။ သင်္ခါရပစ္စယာ=ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဥ္စာဘိသင်္ခါရ တည်းဟူသော သင်္ခါရ သုံးမျိုးကြောင့်။ သမ္ဘောတိ= ဖြစ်ချေ၏တကား။ ဣတိ အယံ= ဤသို့ရှုမှုသည်။ ဧကာ=တခုသော။ အနုပဿနာ=ဝင္ကအနုပဿနာပါပေ။ အဲဒီလို ဖြေလိုက်။

သင်္ခါရာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

သင်္ခါရာနံ တွေဝ=သင်္ခါရသုံးပါး သမုဒယသစ္စာ တရားတို့၏ သာလျှင်။ အသေသ ဝိရာဂနိရောဓာ=ဝိရာဂမည်သော မဂ်လေးပါးဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ=သံသရာဝဋ်ဒုက္ခ၏။ သမ္ဘဝေါ= တဖန်အသစ် ဖြစ်ခြင်းသည်။ နတ္ထိ=မရှိပြီတကား။ ဣတိ အယံ=ဤသို့ ရှုကြည့်မှုသည်။ ဒုတိယာနုပဿနာ=နှစ်ခုမြောက် ဝိဝဋ္ဋသစ္စာနှစ်ပါးကို ရှုကြည့်ခြင်းပေတည်း။

သံသရာဝဋ်ဒုက္ခက ကျွတ်ချင်ယင်တဲ့ သစ္စကမ္မဋ္ဌာန်းလို့ခေါ်တဲ့ ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာနှစ်ပါးကို တေဘူမက သင်္ခါရဆိုတဲ့ ဒုက္ခတရားအစုဟာဖြင့် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဥ္စာဘိသင်္ခါရခေါ်တဲ့ သင်္ခါရသုံးပါး သမုဒယသစ္စာတရားကြောင့်ဖြစ်တာပဲလို့ အဲဒီလို ကြည့်ခြင်းဟာ အမှန်ကိုကြည့်ပြီးတော့ နေတာ။ ဒုက္ခနဲ့ သမုဒယသစ္စာကို ကြည့်တာမည်တော့ တပည့်တော်တို့ နားလည်တာက သမုဒယသစ္စာ ဆိုယင် တဏှာလောဘပဲ ဒါပဲ။ အရှင်ဘုရားတို့ကျတော့ သင်္ခါရသုံးပါး ဟာ သမုဒယသစ္စာ ဖြစ်တယ်။

မှန်ပါတယ်။ ဓမ္မစကြာပါဠိတော်မှာ ဆိုလို့ရှိယင် ပဥ္စဝဂ္ဂီ မထေရ်တို့အကြိုက် အဖျားသယလိုက်ပြီးတော့ တဏှာလောဘကို သမုဒယသစ္စာလို့ ဟောရတယ်။ ခု အဲဒီသုတ္တန်မှာဆိုယင် သမုဒယသစ္စာ

http://www.dhammadownload.com



ကိုပေါ့လေ တဆဲ့ခြောက်မျိုးထားပြီး ဟောရတယ်။ အဇ္ဈာသယ အလိုက် အလိုက် မြတ်စွာဘုရားဟောရတယ်။

သမုဒယ သစ္စာမည်နိုင်တဲ့ တရား အစုက ဘာတွေလဲလို့ဆိုယင်– ဝဋ္ဋဂါမိ ဖြစ်သော တေဘူမက ဖြစ်သော ကုသိုလ် အကုသိုလ် စိတ်စေတသိက် အကုန်လုံးကို အရိယသစ္စာ–လို့ ဒီလိုခေါ်ရတာ။

ဟာ–ဒါဖြင့်, လောကီကုသိုလ် စိတ် စေတသိက်တို့ရဲ့ သမုဒယ ဆိုတဲ့ နာမည်ကို ဘဲ့နှယ်ကြောင့် တဏှာပေါ် တပ်ထားရတုန်း ဆိုတော့၊ တဏှာကခေါင်းဆောင်၊ တေဘူမက ဝဋ္ဋဂါမိ လောကီကုသိုလ် အကုသိုလ် တို့ ဖြစ်ရတာဟာ တဏှာကို အကြောင်းပြုပြီးတော့ ဖြစ်ရတာ။ တဏှာရဲ့ လှုံ့ဆော်ချက်အရ အဲဒီတေဘူမက လောကီကုသိုလ် အကုသိုလ်စိတ် စေတသိက်တွေဖြစ်ရတယ်။

တဏှာနဲ့ အဝိဇ္ဇာတို့ လှော်လှယ်ချက်ကြောင့် ဝဋ္ဋဂါမိ ကုသိုလ်တွေ အကုသိုလ်တွေဖြစ်ရတာ ဖြစ်တော့၊ အေး–အဲဒီ ဝဋ္ဋဂါမိကုသိုလ် အကုသိုလ်ကြောင့် ဒုက္ခသစ္စာတရားတွေ ခန္ဓာငါးပါး ပေါ်ရတယ်။ အဲဒီတော့ ဂိုဏ်းသူကြီးဖြစ်တဲ့ တဏှာကို မင်း သမုဒယသစ္စာပဲ၊ တခါထဲ သူ့ခေါင်းဆောင်ပြီးတော့ ဘွဲ့ကမ္ပည်း တပ် ပေးလိုက်တယ်။

အမှန်ကတော့ တဏှာ တယောက်ထဲ လုပ်တဲ့ ဒုက္ခသစ္စာမျိုး မဟုတ်ပါဘူး။ ဆိုင်ရာ ဆိုင်ရာ ဝဋ္ဋဂါမိ လောကီကုသိုလ် အကုသိုလ်စိတ် စေတသိက်တို့ ပြုလုပ်ပေးတဲ့ ဒုက္ခသစ္စာကြီးပါ။ ဒါကြောင့် ဝဋ္ဋဂါမိ လောကီကုသိုလ် အကုသိုလ် စိတ်စေတသိက်ထဲက တခုခုကို မိမိ အဇ္ဈာသယအလိုက် သမုဒယသစ္စာအနေနဲ့ သုံးစွဲနိုင်တယ်။

အခုပဗ္ဗ အခုအပိုင်းမှာ ဆိုလို့ရှိယင် ပုညာဘိသင်္ခါရခေါ် ကာမကုသိုလ်နဲ့ ရူပကုသိုလ်စေတနာ၊ အပုညာဘိသင်္ခါရခေါ်တဲ့ အကုသိုလ်

http://www.dhammadownload.com



စေတနာ တဆဲ့နှစ်ပါး၊ အာနဉ္ဇာဘိ သင်္ခါရခေါ်တဲ့ အရူပကုသိုလ်စေတနာ လေးပါး–ဤအဘိသင်္ခါရသုံးမျိုးကို သမုဒယသစ္စာအရာထားပြီး ဟောမှုကျွတ်မဲ့ ရဟန်းပရိသတ်အတွက် မြတ်စွာဘုရားက ဤကဲ့သို့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာန ဉ္ဇာဘိသင်္ခါရ တည်းဟူသော အဘိသင်္ခါရသုံးပါး သမုဒယသစ္စာတရားကြောင့် လောကီဥပါဒါနက္ခ န္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာတရားတို့ ဖြစ်ပွား ကုန်ကြတကား–လို့ အဲဒီလို ရှုကြည့်မှုဟာ အနုပဿနာတပါးတဲ့၊ သစ္စကမ္မဋ္ဌာန်း။

ထိုပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရဆိုတဲ့ အဘိသင်္ခါရ သုံးပါးတို့ အရိယမဂ်လေးပါးဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့် တေဘူမက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာတရား အကြွင်းမဲ့ ချုပ်ငြိမ်းပါတကား–လို့ ဝိရာဂမည်သောမဂ်–မဂ္ဂသစ္စာ၊ တေဘူမက သင်္ခါရ ဒုက္ခတို့၏ ချုပ်ငြိမ်းရာဆိုတဲ့ နိဗ္ဗာန်–နိရောဓသစ္စာ၊ အဲဒီ ဝိဝဋ္ဋသစ္စာ နှစ်ပါးကို ဒုတိယမြောက် ကြည့်တဲ့ ဒုတိယာနုပဿနာလို့ အဲဒီလိုထား။

အဲသည်လို ရှုယင် ဘာအကျိုးရမလဲဆိုတော့။ –

ဧဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ–ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ=ဤသို့။ သမ္မာ= မဖောက်မပြန် မှန်ကန်စွာ။ ဒွယတာနုပဿိနော=နှစ်ပါးသော အဖို့အစုရှိတဲ့ ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာတို့ကို ရှုကြည့်လေ့ရှိသော။ အပ္ပမတ္တဿ= အပ္ပမာဒတရား လက်ကိုင်ထားလျက်။ အာတာပိနော=အပြင်းအထန် ကြိုးကုတ်အားထုတ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယရှိသော။ ပဟိတတ္တဿ=နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက်။ ဝိဟရတော=နေသော။

http://www.dhammadownload.com



ဘိက္ခုနော=ရဟန်း၏အတွက်ကား။ ဒွိန္နံ ဖလာနံ=ဖိုလ်နှစ်ပါးတို့တွင်။ အညတရံ=တပါးတပါးကို။ ပါဋိကင်္ခံ=အလိုရှိအပ်ပေ၏။ (ဝါ)=ရမည် ဧကန် မှန်လှပေ၏။

ဒီလိုသာ ဝင္မနဲ့ ဝိဝင္မ သစ္စာနှစ်ပါးကို ကြည့်နေတဲ့ ရဟန်းအဖို့ တနေ့မှာတဲ့ ဖိုလ်နှစ်ပါး တပါးပါးရဖို့ သေချာတယ်။

ဘယ်လိုတုန်းဆို တော့-

ဒိဋ္ဌေ ဝဓမ္မေ=မျက်မှောက်ဘဝမှာ ပင်လျှင်။ အညာ ဝါ=အရဟတ္တ ဖိုလ်ကိုသော်လည်းကောင်း။ ဥပါဒိသေသေ=ဥပါဒါနက္ခန္ဓာအကြွင်းသည်။ သတိ=ရှိပါမူကား။ အနာဂါမိတာ=အနာဂါမ် ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အနာဂါ မိဖိုလ်ကိုလည်းကောင်း။ ပါဋိကင်္ခံ=မချွတ်ဧကန် ရဖို့ရန်လိုအပ်ပါပေ၏။ (ဝါ) ဧကန်မုချ ရလိမ့်မယ်။

တချိန်က ဘုန်းကြီး အလျှအနုမောဒနာတရားမှာ သမိဒ္ဓိတာငါးပါး ဆိုတဲ့ ဘုန်းကြီးတို့ စာထဲကလာတဲ့ ကံနဲ့ ကံ၏အကျိုး ဆက်သွယ်ပုံကို ဖော်ပြပြီးတော့ ဒါနအနုမောဒနာတရား ဟောပါတယ်။ အင်မတန် နက်နဲတဲ့ တရားဖြစ်တော့ မန္တလေးရွှေမြို့တော်က ကျေးဇူးရှင်ဆရာတော်တပါးက ဒီတရား လူတွေကို ဟောလို့ သိပါ့မလား-လို့ ညည်းတွားတော် မူရှာတယ်။ အခုလဲပဲ ဒွယတာနုပဿနာ ဟောလို့ရှိယင် သိပါ့မလားကွယ် မောင်ပဥ္စင်းရယ်လို့ ညည်းချင်လဲ ညည်းမှာပဲ။

ဒီတရားက မသိလို့ရှိယင်လဲပဲ ဇာတိကျေးဇူး ပဋိသန္ဓေ နေပြီးယင်း နေယင်း၊ အိုပြီးယင်း အိုယင်း၊ နာပြီးယင်း နာယင်းဆိုတဲ့ ဒီ သံသရာဝဲဩဃကြီးက လွတ်မှာ မှုတ်ဖူး။ ဒီတော့ ဒီတရားမျိုးကိုသိမှ သံသရာဝဋ်ဒုက္ခကြီး ငြိမ်းဌေ့မယ်။ သံသရာဝဋ် ဒုက္ခကို ဖန်တီးပေးတဲ့ လက်သည်ဟာ ဘယ်သူလဲ။ အခုအပိုင်းမှာ ဆိုလို့ရှိယင် အဘိသင်္ခါရ သင်္ခါရဟာ သံသရာဝဋ်ဒုက္ခဖြစ်အောင် လုပ်ပေးတဲ့ လက်သည်ပဲ။ ဒီလိုသိတယ်။

http://www.dhammadownload.com



အဲဒီလို သိလို့ရှိယင် အဘိသင်္ခါရ သုံးပါးချုပ်ငြိမ်းအောင် ဘာလုပ်ရမတုန်း၊ ဘာမှ ထူးမလုပ်နဲ့။ ဒီတဏှာနဲ့ အဝိဇ္ဇာကို ပယ်ဖျောက်နိုင်အောင် အဲဒီ အဘိသင်္ခါရ သုံးပါးနှင့်တကွသော တေဘူမကဝဋ်ဒုက္ခဆိုတဲ့ ဒုက္ခသစ္စာ သမုဒယသစ္စာ၊ အဲဒီဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ဝဋ်အနေနဲ့ ကြည့်လို့ရှိယင် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်လို့ ပဋိစ္စသမုပ္ပါဒ်က ဝဋ်ကြီးသုံးပါး ထွက်လာတယ်။ အဲဒ် ဝဋ်သုံးပါး သင်္ခါရတရားတို့ဟာဖြင့် အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ ဇွဲဇွဲ မြဲမြဲသာသိ၊ သစ္စကမ္မဋ္ဌာန်းအလုပ် လုပ်တဲ့အခါမှာ ဒုက္ခနဲ့ ဒုက္ခသမုဒယဆိုတဲ့ ဝဋ္ဋသစ္စာနှစ်ပါးပေါ်မှာ ဝိပဿနာအလုပ် လုပ်ရပါတယ်။ နိရောဓနဲ့ မဂ္ဂခေါ်တဲ့ လောကုတ္တရာ သစ္စာတွေပေါ်သွားပြီး ဝိပဿနာမလုပ်ရပါဘူး။ နိရောဓနဲ့ မဂ္ဂဆိုတဲ့ ဒီတရားကတော့ ဒီမဂ္ဂသစ္စာပေါ်ယင် ဒီနိရောဓသစ္စာကို မျက်မှောက်ပြု ရမယ်။ သလောက်ပဲ။ နိရောဓသစ္စာ မဂ္ဂသစ္စာ ဒီနှစ်ပါးဖြစ်ပေါ်လာပြီး တနည်းအားဖြင့် မဂ္ဂသစ္စာဖြစ်ပေါ်လို့ နိရောဓသစ္စာကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလိုက်ရယင်ဖြင့် သင်္ခါရဒုက္ခကြီး ငြိမ်းအေးမယ်၊

ဒါက အကျိုးအနေနဲ့ လှမ်းပြီးတော့ မြော်ပြီးတော့ ကိုယ့်ဝဋ္ဋ သစ္စာပေါ်မှာ လက္ခဏာယာဉ်သုံးချက်တင်၍ ဆင်ခြင်အားရှိအောင် ဝိဝဋ္ဋသစ္စာရဲ့ သုခဖြစ်ပုံ လှမ်းပြီးတော့ အာရုံပြုရမှာ။ ဝိပဿနာရှုရမှာ မှုတ်ဖူး။ ဒါ့ကြောင့် ကိုယ်ပိုင်တဲ့ ဝဋ္ဋသစ္စာတွေပေါ်မှာ ဝိပဿနာရှုဖို့ကို စီပြီးတော့ ကြည့်ရမယ်။ ဒါက စုဏ္ဏိယ စကားပြေ ကြိုက်တဲ့ ပုဂ္ဂိုလ်တွေအတွက်။

ဂါထာနှစ်သက်တဲ့ အရှင်မြတ်များအတွက် မြတ်စွာဘုရားက–

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
သဗ္ဗံ သင်္ခါရပစ္စယာ။
သင်္ခါရာနံ နိရောဓေန၊
နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

http://www.dhammadownload.com



လို့ ဟောတော်မူပါတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယံ ကိဉ္စိ=ကြွင်းမဲ့ဉသုံ့ အလုံးစုံသော။ ဒုက္ခံ=တေဘူမက ဝဋ်ဒုက္ခတရားသည်။ သမ္ဘောတိ=ဖြစ်ပွား၍နေ၏။ မရပ်မနား ဖြစ်ပွား၍နေ၏။ သဗ္ဗံ=ကြွင်းမဲ့ဉသုံ့ အလုံးသော တေဘုမ္မက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာ တရားအစုသည်။ သင်္ခါရပစ္စယာ= သင်္ခါရသုံးပါး သမုဒယသစ္စာ တဏှာလောဘတည်းဟူသော အကြောင်းတရားကြောင့်။ သမ္ဘောတိ=ဖြစ်ရွတကား။ (ဒါလဲ ဝဋ္ဋသစ္စာတို့ကို ဂါထာနဲ့ နှလုံးသွင်းပုံ)

သင်္ခါရာနံ=သင်္ခါရသုံးပါး သမုဒယသစ္စာ တရားတို့၏။ နိရောဓေန=ဝိရာဂမည်သော မဂ်လေးပါးဖြင့် အကြွင်းမဲ့ချုပ်ခြင်းဟူသော အကြောင်းကြောင့်။ ဒုက္ခဿ=စက်သံသာရ ဝဋ်ဒုက္ခ၏။ သမ္ဘဝေါ= အသစ်တဖန် ဖြစ်ပြန်ခြင်းသည်။ နတ္ထိ=တစိုးတစိ မရှိပေတကား။ (အဲဒါက ဝိဝဋ္ဋ လောကုတ္တရာ သစ္စာနှစ်ပါးရှုပုံ ဂါထာဖြင့် ဖော်ပြချက်။)

> တေမာဒီနဝံ ဉတွာ၊ ဒုက္ခံ သင်္ခါရပစ္စယာ။
> သဗ္ဗသင်္ခါရသမထာ၊ သညာနံ ဥပရောဓနာ။
> ဧဝံ ဒုက္ခက္ခယော ဟောတိ၊ ဧတံ ဉတွာ ယထာတထံ။

သင်္ခါရပစ္စယာ=သင်္ခါရသုံးပါးဟူသော အကြောင်းကြောင့်။ ဒုက္ခံ= တေဘူမက ဝဋ်ဒုက္ခတည်းဟူသော ဒုက္ခသစ္စာတရားသည်။ သမ္ဘောတိ= ဖြစ်၏။ ဣတိ=ဤသို့။ ဧတံ အာဒီနဝံ=ခိုရာ ကိုးရာမဲ့ ဖြစ်တဲ့ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးအစုကို။ ဉတွာ=ယထာဘူတ ဝိပဿနာဉာဏ် အမြင်ဖြင့် နေရာကျ သိမြင်အောင် ရှုကြည့်လတ်သည်ရှိသော်။ သဗ္ဗ သင်္ခါရသမထာ=ခပ်သိမ်းသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရတို့ ငြိမ်းသည့်အတွက်။(ဝါ)ပုညာပုညသင်္ခါရတို့ ငြိမ်းအေးခြင်းတည်းဟူသော အကြောင်းကြောင့်။ သညာနံ ဥပရောဓနာ=ကာမသညာ

http://www.dhammadownload.com



ဗျာပါဒသညာ ဝိဟိံသ သညာ အစရှိသော`ထိုထိုသညာ တရားအစုတို့ ချုပ်ငြိမ်းခြင်းကြောင့်။ ဓဝံ=ဤသို့သောနည်းလမ်းဖြင့်။ ဒုက္ခက္ခယော= သံသရာဝဋ်ဒုက္ခ၏ ကုန်ခန်း ချုပ်ငြိမ်းရခြင်းသည်။ ဟောတိ=ဖြစ်၏။ ဧတံ=ဤသဘောကို။ ယထာတထံ=မဖောက်မပြန် အမှန်အတိုင်း။ ဉတွာ=ပိုင်းခြားထင်ထင် သိမြင်၍။

ဆိုကြပါစို့။ ခုနက ပြောခဲ့တဲ့အတိုင်း သမုဒယသစ္စာ သခ်ါရသုံး ပါးကြောင့် ဒုက္ခသစ္စာခေါ်တဲ့ ဝဋ်သုံးပါးဖြစ်တယ်။ အကြောင်းသမုဒယ သစ္စာရယ်၊ အကျိုးဒုက္ခသစ္စာရယ် နှစ်ပါးစလုံး အနိစ္စ ဒုက္ခ အနတ္တပဲလို့ အဲဒီ လို ရှုကြည့်ဖန် များလို့ရှိယင်ဖြင့် ဝိပဿနာဉာဏ် ဆယ်ချက်မှာ လာ ကျေးဇူးပြုပေးသဖြင့်၊ မဂ်ဉာဏ်လေးပါး ပေါ်ပေါက်လာလိမ့်မယ်။ ပေါ် ပေါက်လာတဲ့အခါ ပုညာပုည အာနဉ္စဆိုတဲ့ သင်္ခါရသုံးပါးကို ထိုက်သလို ထိုက်သလို မဂ်လေးပါးနဲ့ ပြေပေးလိုက်တဲ့အခါ သင်္ခါရသုံးပါး ငြိမ်းအေး၊ သင်္ခါရသုံးပါး ငြိမ်းအေးလို့ရှိယင် ကာမသညာ ဗျာပါဒသညာ ဝိဟိံသသညာ အစရှိတဲ့ ထိုထို မကောင်းသော မိစ္ဆာသညာတွေ ချုပ်ငြိမ်းပြီ ဆိုလို့ရှိယင် သံသရာဝဋ်ဒုက္ခကြီး ကုန်တော့ ခန်းတော့ ငြိမ်းတော့တာပဲလို့ ဤသဘောကို ယထာဂထံ-မဖောက်မပြန် အမှန်အတိုင်း သိလာပါလိမ့်မယ်။

အဲဒီ လို သိလာပြီဆိုမှဖြင့်-

> သမ္မဒ္ဒသာ ဝေဒဂုနော၊
> သမ္မဒညာယ ပဏ္ဍိတာ။
> အဘိဘုယျ မာရသံယောဂံ၊
> နဂစ္ဆန္တိ ပုနဗ္ဘဝံ။

သမ္မဒ္ဒသာ=ကောင်းစွာ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် သစ္စာလေး အင်္ဂါအမြင်ပေါက်ရောက်တော်မူကြကုန် ပြီးတော့။ ဝေဒဂုနော=

http://www.dhammadownload.com



မဂ်ဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူကြကုန်သော။ ပဏ္ဍိတာ= အရိယာ သခင် အရှင်သူမြတ်တို့သည်၊ အရိယာသခင် ပညာရှင်တို့သည်။ သမ္မာ=ကောင်းစွာ။ အညာယ=ဒုက္ခဇာတ်သိမ်း ချုပ်ပြတ်ငြိမ်းသည် နိဗ္ဗာန် ပရမတ်ကို ပိုင်းခြားထင်ထင် အရဟတ္တဖိုလ်ပေါက် သိမြင်ကြ၍။ မာရ သံယောဂံ=မာရ်မင်း၏ အဖွဲ့အနှောင်ဖြစ်သော တေဘူမက ဝဋ်ဒုက္ခကို။ အဘိဘုယျ=မိမိက လွှမ်းမိုး အုပ်စိုးနိုင်နင်း၍။ ပုနဗ္ဘဝံ=တဖန်ဘ ဝသစ်သို့။ နဂစ္ဆန္တိ=တဖန်မလားမရောက်ကြကုန်။

အရဟတ္တဖိုလ်ပေါက် ယခုဖော်ပြတဲ့နည်းအတိုင်း သစ္စာလေးပါးကို သိပြီဆိုလို့ ရှိယင်ဖြင့် ဒုတိယဘဝမှာဖြင့် ဘယ်မှ ပဋိသန္ဓေ တဖန်အသစ် ဇာတိဒုက္ခ မဖြစ်ပြီ။ ဇာတိဒုက္ခမဖြစ်ယင် ဇရာဒုက္ခ ဗျာဓိဒုက္ခ မလာတော့ဖူး။ မရဏဒုက္ခလဲ မလာတော့ဖူး။ သံသရာ ဝဋ်ဒုက္ခ ခပ်သိမ်း အနုပါဒါ ပရိနိဗ္ဗာန်စံပြီးတော့ အကြွင်းမဲ့ ငြိမ်းခဲ့ပြီ။ အဲဒီလို အနုပါဒါ ပရိနိဗ္ဗာန် အထွတ်တပ်ပြီးတော့ သင်္ခါရပဗ္ဗဆိုတဲ့ စတုတ္ထအပိုင်း ဟောလိုက်ယင် ပရိသတ်အထဲက–

ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဤတရားဟောလိုက်တဲ့ ဤအပိုင်း လေးရောက်လျှင်ပင် တရားနာ ပရိသတ်ထဲက ခြောက်ကျိပ်သော ရဟန်းတော် အရှင်သူမြတ်များ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားကြတယ်။ အဲဒါက သမုဒယ သစ္စာကို သင်္ခါရအနေနဲ့ဟောမှ နှစ်သက်တဲ့အဇ္ဈာသယရှိတဲ့ ကိုယ် တော်တွေအတွက် ဟောတဲ့ အပိုင်း။

## ၅။ ပဉ္စမပဗ္ဗ (ဝိညာဏပဗ္ဗ–ဝိညာဉ်ပိုင်း)

တရားနာ ပရိသတ်ထဲမှာ အဘိသင်္ခါရဝိညာဏ် ဝဋ္ဋဂါမိ လောကီ ကုသိုလ် အကုသိုလ် ဝိညာဉ်တွေ သမုဒယသစ္စာ အရထားပြီးဟောမှ

http://www.dhammadownload.com



ကျွတ်မဲ့ပရိသတ်ကလဲ ဒီထဲပါတော့ အဲဒီပရိသတ်အတွက် ဘာ ဟောရ တုန်း။

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ။ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

ချစ်သားတို့၊ ဝေဒနာစစ်ဆေး မေးမြန်းတဲ့ပုဂ္ဂိုလ်တွေက "အရှင်ဘုရားတို့၊အရှင်ဘုရားတို့ သာသနာမှာ ယခုဖော်ပြတဲ့ အပိုင်း လေးပိုင်းမှ တပါး အခြားသော နည်းလမ်း အကြောင်း ဥပါယ်အားဖြင့်လဲ ဝဋ္ဋ၊ ဝိဝဋ္ဋသစ္စာနှစ်ရပ်ကို ကျပ်ကျပ်တည်းတည်း ရှုကြည့်မှုဆိုတဲ့ ဝိပ ဿနာ သဘောများ ဖြစ်နိုင်ပါသေးသလား" လို့ မေးယင် ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်လို့ ရဲရဲကြီးပြောလိုက်။

ကထဉ္စ သိယာ?=ဘယ်လိုဖြစ်နိုင်သလဲလို့ ဆက်ပြီး မေးလို့ရှိယင်။ ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဝိညာဏပစ္စယာတိ အယမေကာ နုပဿနာ။

အလုံးစုံသော တေဘူမက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာ တရားအစု ဟာဖြင့် အဘိသင်္ခါရ စိတ်ဝိညာဉ်ကြောင့် ဖြစ်တာပဲ။ တေဘူမက ဝဋ်ဒုက္ခ တည်းဟူသော ဒုက္ခသစ္စာတရားဟာ အဘိသင်္ခါရ စိတ်ဝိညာဉ်ခေါ်တဲ့ သမုဒယသစ္စာကြောင့် ဖြစ်တယ်။ ဒီတလှည့်မှာ လောကီကုသိုလ် အကုသိုလ်စိတ် အဘိသင်္ခါရစိတ် ဒီစိတ်ကို အကြောင်းသမုဒယသစ္စာ အနေနဲ့ ဘုရားဟောသတဲ့။ အဲဒီကို နှစ်သက်တဲ့ အဇ္ဈာသယဓာတ်ခံ ရှိတဲ့ ကိုယ်တော်များအတွက် ဟောခြင်း။ ဤကဲ့သို့ ရှုခြင်းသည် အနုပဿနာ တပါး။

ဝိညာဏဿ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

http://www.dhammadownload.com



အဘိသင်္ခါရဝိညာဉ် အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ချုပ်ငြိမ်းပြီ ဆိုလို့ ရှိယင်ဖြင့် သံသရာဝဋ်ဒုက္ခကြီး မငြိမ်းပါနဲ့လို့ ဆိုလို့လဲ မရဖူး။ သံသရာဝဋ် ဒုက္ခကြီး ဖြစ်ပါအုန်းလားလို့ ဘယ်လောက် တောင်းပန် တောင်းပန် မဖြစ်တော့ဖူး။ မဖြစ်တော့ပါတကား-လို့ ဤကဲ့သို့ ရှုကြည့်ခြင်းသည် ဒုတိယဝိဝဋ္ဋအနုပဿနာတဲ့။

အဲဒီလို အဘိသင်္ခါရဝိညာဉ်ကို သမုဒယသစ္စာ၊ တေဘူမကဝဋ်ဒုက္ခကို ဒုက္ခသစ္စာအနေနဲ့ ရှုကြည့်ပြီးတော့ နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးကို ဝိဝဋ္ဋာနုပဿနာနဲ့ ယခင်ကပြောခဲ့တဲ့အတိုင်း ရှုကြည့်လို့ရှိယင် ဘာအကျိုးရတုန်း။

ဇဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ -ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဤနည်းဖြင့် ဝဋ္ဋသစ္စာ, ဝိဝဋ္ဋသစ္စာ တရားနှစ်ရပ်ကို မမေ့မလျော့ မပေါ့မတန် လုံ့လ ဝီရိယပြင်းပြင်းထားပြီးတော့ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိပြီးတော့ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်နေတဲ့ သမ္မာဒွယတာနုပဿိ ရဟန်းတော်အား မျက်မှောက်ဘဝမှာပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း သို့မဟုတ် ဥပါဒါနက္ခန္ဓာ အကြွင်းရှိသေးလို့ ရှိယင်ဖြင့် ဒီဘဝမှာပင် အနာဂါမိဖိုလ်သို့ ရောက်ခြင်းဆိုတဲ့ ဖိုလ်နှစ်ပါးကို ရဖို့ရန် သေချာတယ်။ ပွားများချင်အောင် အကျိုးဖော်ပြထားတယ်။

ဘာပြုလို့တုန်း၊ ဘုရားရဲ့ အဘိဓမ္မာတရားဟာ စင်စစ်အားဖြင့် အင်မတန် ခြောက်သွေ့တာ၊ ခြောက်သွေ့တဲ့ တရားကြီးတွေ ခြောက်သွေ့တဲ့ အတိုင်း ထားလိုက်လို့ရှိယင် ဆက်ပြီးတော့ နာဖို့ရန် ခဲယဉ်းတယ်။ အဲဒါကြောင့်မို့လို့ အကျိုးကိုဖော်ပြပြီးတော့ "အေး ဒီလိုရှုယင်လေ

http://www.dhammadownload.com



မျက်မှောက်ဘဝမှာ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း ရနိုင်တယ်။ မရသေးလို့ရှိယင် စိတ်မပျက်နဲ့၊ အနာဂါမ်ဖိုလ် ရောက်တယ်။ အနာဂါမ်ဖိုလ် ရောက်တယ်ဆိုယင် ကာမဘဝ . ကာမဘုံလောက ဒုက္ခငြိမ်းကြောင်း တော့ဖြင့် ဧကန်ပေါ်ပြီ၊ ဒီအတိုင်းဖြစ်တယ် ကာမဘုံက။ အဲဒီလို အကျိုးရတယ် ဆိုပြီး ဖော်ပြပြီး ဟောရတယ်။ ဒါ စုတ္တဲ့ယ စကားပြေ နှစ်သက်တဲ့ ရဟန်းတော်များအဖို့။

ဂါထာဇန္ဒနှစ်သက်တဲ့ ရဟန်းတော်များအဖို့-

> ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
> သဗ္ဗံ ဝိညာဏပစ္စယာ။
> ဝိညာဏဿ နိရောဓေန၊
> နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

ယံ ကိဉ္စိ=ကြွင်းမဲ့ဉဿုံ အလုံးစုံသော။ ဒုက္ခံ=တေဘုမ္မက ဝဋ္ဋ ဒုက္ခ တရားအစုသည်၊ သမ္ဘောတိ=မရပ်မနား ဖြစ်ပွား၍ နေ၏။ သဗ္ဗံ= ကြွင်းမဲ့ဉဿုံ အလုံးစုံသော တေဘုမ္မက ဝဋ္ဋဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာတရား အစုသည်။ ဝိညာဏပစ္စယာ=အဘိသင်္ခါရဝိညာဉ်လျှင် အကြောင်းခံ၍။ သမ္ဘောတိ=ဖြစ်စွတကား။ (ဝဋ္ဋသစ္စာကို ဤကဲ့သို့ရှု)

ဝိညာဏဿ နိရောဓေန=အဘိသင်္ခါရ ဝိညာဉ်၏ ဝိရာဂ မည်သော မဂ်လေးပါးဖြင့် အကြွင်းမဲ့ ချုပ်ခြင်းဟူသော အကြောင်းကြောင့်။ ဒုက္ခဿ=တေဘူမက ဝဋ္ဋဒုက္ခတည်းဟူသော ဒုက္ခသစ္စာတရား၏။ သမ္ဘဝေါ=တဖန်အသစ်ဖြစ်ခြင်းသည်။ နတ္ထိ=တစိုးတစိ မရှိပေတကား။ (ဝိဝဋ္ဋ သစ္စာအနေနဲ့ တဖက်က ထားရှု)

အဲဒီလို ရှုယင် ဘာဖြစ်မလဲဆိုတော့-

http://www.dhammadownload.com



ဧတမာဒီနဝံ ဉတွာ၊
ဒုက္ခံ ဝိညာဏပစ္စယာ။
ဝိညာဏူပသမာ ဘိက္ခု၊
နိစ္ဆာတော ပရိနိဗ္ဗုတော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဒုက္ခံ ဝိညာဏပစ္စယာ= အဘိသင်္ခါရဝိညာဉ် ဟူသောအကြောင်းကြောင့် ဒုက္ခသစ္စာဖြစ်တာပဲ ဟဲ့လို့။ ဧတံ အာဒီနဝံ=ဤခိုရာမဲ့ကိုးရာမဲ့ဖြစ်တဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တရားနှစ်ပါးကို။ ဉတွာ=ဝိပဿနာ ဉာဏ်မျက်စိဖြင့် တိတိထင်ထင် လင်းလင်းမြင်လတ်သည်ရှိသော်။

မြင်လျှင် အဘိသင်္ခါရ ဝိညာဉ်တွေ ထပ်ပြီးတော့ မဖြစ်တော့ဖူး။ ဝိပဿနာဉာဏ်က ကျေးဇူးဥပကာရပြုပေးသဖြင့် မဂ်ဉာဏ်ပေါ်တဲ့အခါ နောက်ထပ်တဖန် အဘိသင်္ခါရဝိညာဉ်တွေ မဖြစ်တော့ဖူး။ အဘိသင်္ခါရ ဝိညာဉ်တွေ ငြိမ်းခဲ့တယ်။

ဝိညာဏူပသမာ=အဘိသင်္ခါရ ဝိညာဉ်သုံးပါး– ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဝိညာဉ်သုံးပါး အကြွင်းမဲ့ ချုပ်ခြင်း ငြိမ်းခြင်း ဟူသော အကြောင်းကြောင့်။ နိစ္ဆာတော=တဏှာကုန်သည် ဖြစ်၍။ ပရိနိဗ္ဗုတော=ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရလေပြီ။

အဘိသင်္ခါရ ဝိညာဉ်သုံးပါးငြိမ်းယင်တဲ့ တဏှာကင်းပြီတော့ ကိလေသပရိနိဗ္ဗာန်စံရပြီး ကိလေသပရိနိဗ္ဗာန် စံရယင် ထိုဘဝ ပရိနိဗ္ဗာန စုတိ၏အခြားမဲ့ နောက်ကာ လဝယ် ခန္ဓပရိနိဗ္ဗာန်စံ၍ ဘဝဇာတ်သိမ်း အကြွင်းမဲ့ဒုက္ခချုပ်ငြိမ်းရတယ်လို့ အနုပါဒါပရိနိဗ္ဗာန် အဟွတ်တပ်ပြီးတော့ ငါးခုမြောက်ဝိညာဏပဗ္ဗ–အဘိသင်္ခါရဝိညာဉ် အပိုင်းအခန်းကို ဘုရား ကိုယ်တော်မြတ် ဒေသနာနိဂုံး သိမ်းလိုက်ယင်ပဲ ခြောက်ကျိပ်သော ရဟန်းတော်မထေရ်မြတ်ကြီးများ အရဟတ္တဖိုလ် ပေါက်ရောက်တော်မူ သွားကြတယ်။ တစုပြီးပြန်ပြီ။

http://www.dhammadownload.com



## ၆။ ဆဋ္ဌပဗ္ဗ (ဖဿပဗ္ဗ–ဖဿပိုင်း)

ဝိညာဉ်ပြီးလျှင် နာမ်ရုပ်၊ သဠာယတန ဒါ ဟောပါလား။ အဲဒီနာမ်ရုပ်၊ သဠာယတနဆိုတဲ့ စကားမှာ နာမ်ကပင် ဒုက္ခသစ္စာလို့ ဆိုရသော်လဲပဲ ရုပ်က ဒုက္ခသစ္စာလို့ အတိအလင်း မဆိုရဖူး။ သဠာယတနမှာလဲပဲ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဆိုတဲ့ ရုပ်အာယတနငါးပါးက သမုဒယသစ္စာလို့ ဘယ်လိုနည်းနဲ့မှ မဆိုနိုင်ဖူး။ ဒါကြောင့် နာမ်ရုပ် သဠာယတနဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဤနှစ်ချက်ကိုကျော်ပြီးတော့ မြတ်စွာဘုရားသည် ဖဿပဗ္ဗ–နေကျော် ဟောရတယ်။

ဖဿကို သမုဒယသစ္စာ အနေထား ဟောကြားမှ သိတဲ့ ရဟာန်းတော်တွေအတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

ချစ်သားတို့၊ အမေးအမြန်း ထူပြောတဲ့ ဤလောကကြီးထဲမှာ စောဒနာစစ်ဆေး မေးမြန်းတဲ့ပုဂ္ဂိုလ်များက သည့်ပြင်နည်းနဲ့ကော ဒွယတာနုပဿနာ အလုပ်များ လုပ်ယင် ဖြစ်နိုင်ပါ့မလားလို့ မေးယင် ဖြစ်နိုင်ပါတယ်လို့ ရဲရဲတောက်ကြီး ပြောကြားလိုက်ပါ။

ကထဉ္စ သိယာ?=ဘယ်လိုဖြစ်နိုင်သလဲလို့ ဆက်မေးလို့ရှိယင်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဖဿပစ္စယာတိ အယမေကာနုပဿနာ။

တေဘုံမက ဝဋ်ဒုက္ခဖြစ်သမျှတွေဟာဖြင့် အဘိသင်္ခါရဝိညာဉ်နဲ့ ယှဉ်ဖော်ယှဉ်ဘက်ဖြစ်တဲ့ ဖဿခြောက်မျိုးတည်းဟူသော သမုဒယသစ္စာကြောင့် ဖြစ်တာပဲ။ ဖြစ်တာပါတကားလို့ ဤကဲ့သို့ ရှုကြည့်ခြင်းသည် အနုပဿနာ တပါး။

http://www.dhammadownload.com



ဖဿဿ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

အဘိသင်္ခါရဖဿခြောက်မျိုး မဂ်လေးပါးဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် တေဘုံမက ဝဋ်ဒုက္ခတည်းဟူသော မီးတောက်ကြီး မဖြစ်ပဲ ချုပ်ငြိမ်းခြင်းဖြင့် ငြိမ်းပါတကားလို့ ဤကဲ့သို့ နိရောဓနှင့် မဂ္ဂ ဝိဝဋ္ဋသစ္စာနှစ်ပါးကို ရှုတာက ဒုတိယာအနုပဿနာ။

ဒီ နည်းနဲ့ရှုယင် တရားသဘောက အဘိဓမ္မာမှာ ပဋိစ္စသမုပ္ပါဒ်ကိုပေါ့လေ။ ပတ်ပတ်ရိုက်မွေပြီးတော့ ချဲ့နေတာဖြစ်တော့ အင်မတန်ခြောက်သွေ့လို့ ဘယ်လိုများ အကျိုးရှိပါ့မတုန်း။ တရားကလဲ တော်တော်ခြောက်၊ အကျိုးမရယင်တော့ မပွားချင်ပါဖူးလို့ ဒီလိုဖြစ်မှာစိုးလို့ မြတ်စွာဘုရားက-

ဇဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ-ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ချစ်သားတို့၊ နောက်မဆုတ်နဲ့၊ အခုပြောတဲ့နည်း လမ်းဖြင့် ဝဋ္ဋ ဝိဝဋ္ဋ သစ္စာတရား နှစ်ပါးအစုကို ရှုတဲ့။ ဝဋ္ဋာနုပဿနာ ဝဋ္ဋသစ္စာ အနုပဿနာ၊ ဝိဝဋ္ဋသစ္စာ အနုပဿနာ-ဤ ဒွယတာနုပဿနာတရားကို ပွားများကြီးကုတ် အားထုတ်နေတဲ့ ရဟန်းအဖို့ရာမှာ ပစ္စုပ္ပန်ဘဝ အရဟတ္တဖိုလ်သို့ ရေးရှု၊ သို့မဟုတ် အနာဂါမ်ဖိုလ်သို့ဖြစ်စေ ရောက်ဖို့ရန် သေချာတယ်။

အကျိုး ဒီလို ပြပြီးတော့မှ ဂါထာဗန္ဓနှစ်သက်တဲ့ အရှင်မြတ်များ အတွက်-

http://www.dhammadownload.com



တေသံ ဖဿပရေတာနံ၊
ဘဝသောတာနုသာရိနံ။
ကုမ္မဂ္ဂပဋိပန္နာနံ၊
အာရာ သံယောဇနက္ခယော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဖဿပရေတာနံ= အဘိသင်္ခါရ ဖဿခြောက်ပါး ဤတရားတို့ အနှိပ်စက် အလွှမ်းမိုးခံ၍ နေရကုန်သော။ (အဘိသင်္ခါရ ဖဿခြောက်ပါး* အလွှမ်းမိုး အနှိပ်စက် ခံရယ်ဆိုတာ ဒီဖဿခြောက်ပါးကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာ။ ဖဿခြောက်မျိုးတို့ဖြင့် အလွှမ်းမိုး အနှိပ်စက်ခံ၍ နေရကုန်သော) ဘဝသောတာနုသာရိနံ=ဘဝတဏှာတည်းဟူသော ရေအလျဉ်သို့ အစဉ် တစိုက် မျောလျက်လိုက်လျက်ရှိကြကုန်သော။ ကုမ္မဂ္ဂပဋိပန္နာနံ=လမ်းမှားသို့ သွားလျက် ရှိကြကုန်သော။ တေသံ=ထိုသူတို့၏ အဖို့ရန်။ သံယော ဇနက္ခယော=သံယောဇဉ်ဆယ်တန် ကုန်ရာမှန်တဲ့ နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားသည်။ အာရာ=ဝေးကွာလှ၏။

ဖဿခြောက်ပါး တရားထဲသာ နေမယ်ဆိုပါင် ဖဿခြောက်ပါး ထဲသာနေလို့ ဘဝတဏှာနောက် ကောက်ကောက် လမ်းမှား လိုက်ပါသွား နေကြမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်တို့အဖို့ရန် သံယောဇဉ်ဆယ်တန်ရဲ့ ကုန်ရာဖြစ် တဲ့ နိဗ္ဗာန် နိရောဓသစ္စာနဲ့ ဝေးပြီ။

ဒီကပြန်လိုက်-

ဖဿခြောက်ပါး အလွှမ်းအမိုး မခံရအောင်နေ၊ ယင်းသို့ နေယင် ဘဝတဏှာနောက်ကို မိမိမလိုက်၊ ဘဝတဏှာနောက် မလိုက်ယင် လမ်းမှားမလိုက်၊ လမ်းမှားမလိုက်ယင် ထိုပုဂ္ဂိုလ်တို့အဖို့ သံယောဇနက္ခယ ခေါ်တဲ့ သံယောဇဉ်ဆယ်တန် ကုန်ရာမှန်တဲ့ နိဗ္ဗာန်ဟာ အနီးကလေးပဲ၊ အဝေးမဟုတ်ဖူး။ ဒီလိုအပြန်အားဖြင့် အနက်ထွက်လာပါတယ်။

http://www.dhammadownload.com



ယေ စ ဖဿံ ပရိညာယ၊
အညာယုပသမေ ရတာ။
တေ ဝေ ဖဿာဘိသမယာ၊
နိစ္ဆာတာ ပရိနိဗ္ဗုတာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယေသံ=အကြင်အမွတ်မထင် သူတော်စင်တို့သည်ကား။ ဖဿံ=ဖဿခြောက်ပါး အဘိသင်္ခါရသမုဒယသစ္စာ တရားအစုကို။ ပရိညာယ=ဉာတ, တီရဏ, ပဟာန သုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်ကြ၍။(ဝါ) သိမြင်အောင် ကြိုးကုတ်အားထုတ်ကြ၍။

ဖဿခြောက်ပါးကို ဉာတပရိညာနဲ့ နားလည်အောင် လိုက်စားကြည့်ရမယ်။ လောကီကုသိုလ် အကုသိုလ်မှာရှိတဲ့ ဖဿကို ဒွါရအနေနဲ့ ကြည့်မယ်ဆိုယင်ဖြင့် စက္ခုသမ္ဖဿ စတဲ့ မျက်စိအတွေ့, နားအတွေ့, နှာအတွေ့, လျှာအတွေ့, ကိုယ်အတွေ့, စိတ်အတွေ့လို့ အတွေ့ခြောက်မျိုး ပေါ်လာတယ်။ အဲဒီ ပေါ်လာတဲ့ ဖဿတရားကို ဒီလို ပေါ်လာအောင် ရှုလို့ အတွေ့ခြောက်မျိုးသာဟုတ်တယ်။ ငါ မဟုတ်ဖူး၊ အတ္တ မဟုတ်ဖူး၊ လိပ်ပြာ ဇီဝမဟုတ်ဖူးလို့ အဲဒီလို သိတာဟာ ဉာတပရိညာ။

ငါတွေ့တဲ့ ဒီ ဖဿခြောက်ပါးလဲပဲ ခဏဖြစ်ပြီးတော့ ခဏချုပ်တာပဲဟဲ့ အနိစ္စ၊ ဖြစ်ခြင်း ပျက်ခြင်းတွေ အစဉ်ရှိသမျှ အနှိပ်စက်ခံနေရလို့ ဒုက္ခဟဲ့၊ ခိုင်မာတဲ့ အနှစ်သာရ မရှိလို့ အနတ္တဟဲ့။ အဲဒီလို ထိန်းသိမ်းစောင့်ကြပ် ဝိပဿနာဉာဏ်ပညာမျက်စိနဲ့ ကြည့်တာကို တီရဏပရိညာ။

ဝိပဿနာဉာဏ်ဆယ်ပါးဖြင့် တီရဏပရိညာပေါက် ကြိုးစားလို့ရှိယင် မဂ်ဉာဏ်လေးပါးပေါ်၍ ပဟာနပရိညာ–လို့ အဲဒီဖဿခြောက်ပါး လိုက်စား တွယ်တာတဲ့ ဘဝတဏှာကို တခါထဲ သောတာပတ္တိမဂ်က အပယ်ဘဝတဏှာဆိုပါစို့။ သကဒါဂါမိမဂ်က ကာမဘုံမှာ ခြောက်ဘဝ

http://www.dhammadownload.com



မှုသော ဘဝတဏှာ၊ အနာဂါမိမဂ်က ကာမဘုံ လိုက်စား တွယ်တာတဲ့ တဏှာ အကုန်လုံးချုပ်တယ်။ အရဟတ္တမဂ်ကျတော့ ရူပဘဝ အရူပဘဝ လိုက်စားတွယ်တာတဲ့ တဏှာအကုန်ချုပ်ပြီးတော့ ဘဝသုံးပါး သွားစရာ တဏှာ မရှိတော့ဖူး။

ဖဿံ=ဖဿခြောက်ပါး အဘိသင်္ခါရတရားအစုကို။ ပရိညာယ= ဉာတ, တီရဏ, ပဟာနအား သုံးပါးသော ပရိညာတရားတို့ဖြင့် ပိုင်းခြားထင်ထင် သိမြင်အောင်ကြိုးကုတ် အားထုတ်ကြသည်ရှိသော်။ အညာယ=အရဟတ္တဖိုလ်တိုင်အောင်သော မဂ်ဉာဏ်လေးပါးဖြင့် ပိုင်းခြား ထင်ထင်။ ဖဿနှင့်တကွ ထိုဖဿကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာ, ဖဿတွေ ဒုက္ခတွေ ငြိမ်းရာ နိရောဓသစ္စာ၊ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်တဲ့ မဂ္ဂသစ္စာ၊ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်၍။ ဥပသမေ=ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်၌။ ရတာ=အရဟတ္တဖိုလ် ဖလသမာပတ်ဖြင့် မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူကြကုန်သည်ဖြစ်၍။ နိစ္ဆာတာ=တဏှာခပ်သိမ်း ကင်းငြိမ်းသည်ဖြစ်၍ ။ပရိနိဗ္ဗုတာ=ကိလေသ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ အအေးဆုံး ဆိုက်ကြလေကုန်ပြီ။

**ကိလေသပရိနိဗ္ဗာနဓာတ်နဲ့** ဘုရားတပိုင်း တပဗ္ဗသိမ်းလိုက်ယင်ပဲ စောစောက ပြောတဲ့အတိုင်း ကိုယ်တော်ကြီးခြောက်ကျိပ် ရဟန္တာ ဖြစ်သွားပြန်တယ်။ ခြောက်ခုမြောက် ပဗ္ဗပြီးပေါ့။

## ၇။ သတ္တမပဗ္ဗ (ဝေဒနာပဗ္ဗ–ဝေဒနာပိုင်း)

တရားနာပရိသတ်က အမျိုးမျိုးရှိတယ်။ ဖဿက သမုဒယသစ္စာ ထားပြီးတော့ ဖဿကိုနှစ်သက်ဘဲ့ ပုဂ္ဂိုလ်က တစ်မျိုး ဝေဒနာကို သမုဒယ သစ္စာထားပြီးဟောမှ နှစ်သက်တဲ့ အဇ္ဈာသယဓာတ်ခံရှိတဲ့ ကိုယ်တော်တွေအတွက် မြတ်စွာဘုရားကချော့ပြီးတော့ ခုနစ်ခုမြောက် ဝေဒနာပဗ္ဗကို ဟောပါတယ်။

http://www.dhammadownload.com



သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿ ဝစနီယာ။

ချစ်သားတို့ အမေးအမြန်းထူပြောတဲ့ ဤလောကကြီးထဲမှာ စောဒနာ စစ်ဆေးမေးမြန်းတဲ့ ပုဂ္ဂိုလ်များကသည့်ပြင် နည်းနဲ့ကော ဒွယတာနုပဿနာအလုပ်လုပ်လို့ ဖြစ်သေးရဲ့လားလို့ မေးယင် ဖြစ်တယ်လို့ ရဲရဲတောက်ပြောလိုက်။

ကထဥ္စ သိယာ=ဘယ်လိုဖြစ်သလဲလို့များ မေးပြီ ဆိုလို့ရှိယင်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဝေဒနာပစ္စယာတိ အယမေကာ နုပဿနာ။

ဒီလိုပြောရမယ်။ ဒီလိုရှုရမယ်။ ဖြစ်သမျှဥဿုံ အလုံးစုံသော တေဘုံမက ဒုက္ခသစ္စာတရားအစု ဟာဖြင့် အဘိသင်္ခါရဝိညာဉ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဝေဒနာသုံးပါး သမုဒယသစ္စာတရားကြောင့် ဖြစ်တာပါတကား–လို့ အဲဒီလို ကြည့်ခြင်း ဝဋ္ဋသစ္စာ အနုပဿနာတစ်ပါး ။

ဝေဒနာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

အဘိသင်္ခါရဝေဒနာသုံးပါး မဂ်ဉာဏ်လေးပါးဖြင့် အကြွင်းမဲ့ ချုပ်ခြင်းငြိမ်းခြင်းကြောင့် တေဘုံမက ဝဋ်ဒုက္ခတည်းဟူသော ဒုက္ခ သစ္စာတရားတို့ တဖန်နောက်ထပ် မဖြစ်တော့ပါတကားလို့ နိရောဓနဲ့ မဂ္ဂသစ္စာကို ကြည့်တဲ့ ဝိဝဋ္ဋသစ္စာ အနုပဿနာ– ဒုတိယအနုပဿနာ တပါး။ အဲဒီလိုဖြစ်ပါတယ်။ အဲဒီလိုရှုယင် ဘယ်လိုအကျိုးရတုန်း ဆိုတော့ ရှေးနည်းအတိုင်း။

ဧဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ

http://www.dhammadownload.com



အညတရံ ဖလံ ပါဋိကင်္ခံ–ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိ သေသေ အနာဂါမိတာ။

လို့ ဤနည်းဖြင့် ဝဋ္ဋသစ္စာ, ဝိဝဋ္ဋသစ္စာနှစ်ခု ရှုကြည့်နေပြီဆိုယင် ထိုရဟန်းတော်အဖို့ရန် မျက်မှောက်ဘဝ၌ အရဟတ္တဖိုလ်ကိုသော် လည်းကောင်း ရ၍ ဓာတ်သိမ်းရမယ်။ သို့မဟုတ် ဥပါဒိသေသ– ဥပါဒါနက္ခန္ဓာ အကြွင်း များ ရှိသေးလို့ ရှိယင်။ (ဝါ) ဥပါဒါန်အကြွင်းများ ရှိသေးလို့ရှိယင် အရဟတ္တဖိုလ်ပေါက် မရောက်နိုင်သေးပါဖူး။ ရှိလို့ရှိယင် ပစ္စုပ္ပန်ဘဝ၌ အနာဂါမိဖိုလ် ရောက်ဖို့အချက် ကေန်အမှန်ပင်ဖြစ်နိုင် ပါတယ်–လို့ အကျိုးနှစ်ပါးပြပြီး ဂါထာရစိက အရှင်မြတ်များအတွက်–

သုခံ ဝါ ယဒိ ဝါ ဒုက္ခံ၊
အဒုက္ခမသုခံ သဟ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊
ယံ ကိဉ္စိ အတ္ထိ ဝေဒိတံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အဇ္ဈတ္တဉ္စ=အဇ္ဈတ္တ သန္တာန်၌ ဖြစ်သည်လည်း ဖြစ်သော။ (ကိုယ့်သန္တာန်ဖြစ်တဲ့ ဝေဒနာ)။ ဗဟိဒ္ဓါ စ=သူတပါးသန္တာန်၌ဖြစ်သည်လည်း ဖြစ်သော။ အဒုက္ခမသုခံ– အဒုက္ခမသုခေန=ဥပေက္ခာဝေဒနာနှင့်။ သဟ=တကွ။ သုခံ ဝါ=သုခဝေဒနာ တရားအစုသည်လည်းကောင်း။ ဒုက္ခံ ဝါ=ဒုက္ခဝေဒနာ တရားအစုသည် လည်းကောင်း။

ဝဋ္ဋဂါမိကုသိုလ် အကုသိုလ်မှာရှိတဲ့ ဝေဒနာကို သုံးပုံ ပုံလိုက်ယင် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ သုံးမျိုးထွက်လာတယ်။

သန္တာန်နဲ့ ဝေလိုက်လို့ရှိယင် အဇ္ဈတ္တဝေဒနာ, ဗဟိဒ္ဓဝေဒနာလို့ နှစ်မျိုးထွက်လာတယ်။

http://www.dhammadownload.com



ယံ ကိဉ္စိ=အလုံးစုံသော။ ဝေဒယိတံ=ခံစားမှု သမုဒယသစ္စာ အဘိသင်္ခါရဝေဒနာ သဘောတရားအစုသည်။ အတ္ထိ=ရှိ၏။

ဧတံ ဒုက္ခန္တိ ဉတွာန၊ မောသဓမ္မံ ပလောကိနံ။

ဖုဿ ဖုဿ ဝယံ ပဿံ၊ ဧဝံ တတ္ထ ဝိဇာနတိ။

ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဧတံ=တွေဘုံမက အဘိသင်္ခါရ ဝိညာဉ်စိတ်၌ယှဉ်တဲ့ ဝေဒနာသုံးပါး တရားအစုသည်။ ဒုက္ခံ=ဒုက္ခဖြစ်ကြောင်း မကောင်းသော သမုဒယသစ္စာတရား အစုပေတည်း။ ဣတိ=ဤသို့။ ဉတွာ=ယထာဘူတ ဉာဏ်အမြင်ဖြင့် အမှန်အတိုင်း သိမြင်ကြ၍။ (ဝါ) အမှန်အတိုင်း သိမြင်ကြသည်ရှိသော်။

အဘိသင်္ခါရဝေဒနာသုံးပါး ဒီတရားအစုကို ဒုက္ခဖြစ်ကြောင်း တရားတွေပဲလို့ သိအောင်ကြည့်။ သိလာပြီဆိုယင်–

မောသဓမ္မံ=ပျက်စီးခြင်းသဘောရှိသော။ ပလောကိနံ=ဖောက်ပြန်လေ့ရှိသော ဝေဒနာသုံးပါး သင်္ခါရတရားအစုကို။ ဖုဿ ဖုဿ=ဉဒယဗ္ဗယဉာဏ်ဖြင့် တွေ့ထိ တွေ့ထိ၍။ အန္တေ=အဆုံး၌။ ဝေဒနံ=ဝေဒနာသုံးပါး အဘိသင်္ခါရ သမုဒယသစ္စာ တရားတို့၏ ပျက်ခြင်းကို။ ပဿံ–ပဿန္တော=ဝိပဿနာ ဉာဏ်စက္ခုဖြင့် ကောင်းစွာ ရှုမြင်လတ်သည်ရှိသော်။ ဧဝံ=ဤဆိုအပ်ပြီးသောနည်းဖြင့်။ တတ္ထ=ထိုဝေဒနာ သညာ တရားအစု၌။ ဒုက္ခဘာဝံ=ဆင်းရဲဒုက္ခသဘောအစုကို။ ဝိဇာနတိ=ပိုင်းခြားထင်ထင် မဂ်ဉာဏ်လေးပါးဖြင့် သိမြင်တော့၏။

ယင်းသို့ ဆိမြင်လျှင် ဘာအကျိုးရှိတုန်းဆိုတော့–

ဝေဒနာနံ=ဝေဒနာသုံးပါး တရားတို့၏။ ခယာ=ကုန်ခန်းခြင်းကြောင့်။(ဝေဒနာပေါ်မှာ ဘွယ်တာတဲ့ တဏှာတွေ ကုန်သွားလိမ့်မယ်တဲ့)

http://www.dhammadownload.com



ဝေဒနာနံ=ဝေဒနာသုံးပါးတို့ရဲ့ အပေါ်မှာ တွယ်တာလိုက်စားတဲ့ တဏှာသုံးပါးတို့၏။ ခယာ=အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ကုန်ခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခု=သံသရာဘေး ထောက်တွေး မြော်မြင် သူတော်စင်သည်။ နိစ္ဆာတော=တဏှာကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော=ကိလေသ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရပြီ–လို့။

အရဟတ္တဖိုလ်နဲ့ အထွတ်တပ်ပြီးတော့ တရားနိဂုံး အပိုင်းအခန်း ပဗ္ဗတခု အဆုံးသတ်လိုက်လျှင်ပဲ၊ အဲဒီတရားနာ ပရိသတ်ထဲက ခြောက်ကျိပ်သောရဟန်းတော်အရှင်မြတ်ကြီးများ အရဟတ္တဖိုလ်ပေါက် ကျွတ်တမ်းဝင်သွားတော်မူပါတယ်။

## ၈။ အဋ္ဌမပဗ္ဗ (တဏှာပဗ္ဗ–တဏှာပိုင်း)

အဲဒီအပိုင်းက ပြီးတော့ ဒီတရားနာပရိသတ်ထဲမှာ တဏှာကိုမှ သမုဒယသစ္စာဟောမှ ကျေနပ်တဲ့ပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေအတွက် တဏှာပဗ္ဗ ရှစ်ခုမြောက်ဖြစ်တဲ့ အပိုင်းအခန်းကို ဟောတော်မူလိုတဲ့အတွက် မြတ်စွာဘုရားက–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု၊ "သိယာ" တိဿ .ဝစနီယာ။

ချစ်သားတို့၊ တစ်ဦးတစ်ယောက် စောထောက်စစ်ဆေး မေးမြန်းတဲ့ ပုဂ္ဂိုလ်က ဒီပြင်ကော တနည်းနည်းနဲ့ ဒွယတာနုပဿနာ အလုပ်လုပ်လို့ ဖြစ်သေးသလားလို့ မေးယင် ဖြစ်နိုင်တယ်လို့ ရဲရဲကြီး ဖြေလိုက်။

ကထဉ္စ သိယာ?=ဘယ်လိုဖြစ်နိုင်သလဲလို့မေးယင်။

**ယံ ကိဉ္စိ ဒုက္ခံ** သမ္ဘောတိ, သဗ္ဗံ တဏှာပစ္စယာတိ အယမေကာနုပဿနာ။ တဏှာယ တွေ၀ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ **အယံ** ဒုတိယာနုပဿနာ။

လို့ ဒါပါဠိလို ရှုပုံနော်။

http://www.dhammadownload.com



ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ တဏှာပစ္စယာတိ=ဖြစ်သမျှသော အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာ တရားအစုဟာဖြင့် ကာမ, ဘဝ, ဝိဘဝအား သုံးထွေပြားသည့် တဏှာတည်းဟူသော သမုဒယ သစ္စာတရားကြောင့် ဖြစ်ပါတယ်။ တဏှာရဲ့ လက်ချက်တွေ။ အဲဒီ လိုရှုခြင်းဟာ ဝဋ္ဋသစ္စာအနုပဿနာ အလုပ်ဖြစ်ပါတယ်။

ကာမ, ဘဝ, ဝိဘဝအား သုံးထွေပြားသည့် တဏှာတရားတို့ မဂ်ဉာဏ်လေးပါးဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းခြင်းဟူသော အကြောင်းကြောင့် ဘုံမက ဝဋ်ဒုက္ခတို့၏ မဖြစ်ခြင်း ချုပ်ခြင်း ငြိမ်းခြင်းဆိုတဲ့ အငြိမ်း ဓာတ်ကြီးဖြစ်ပါတကားလို့ အငြိမ်းဓာတ်ကြီးပေါ်ပါတကားလို့ အဲဒီလို ရှုကြည့်ခြင်းဟာ ဝိဝဋ္ဋသစ္စာအနုပဿနာ– ဒုတိယ အနုပဿနာ ဖြစ်တယ်။

ဤကဲ့သို့ ဝဋ္ဋ ဝိဝဋ္ဋသစ္စာနှစ်ပါးကို တဏှာကို သမုဒယသစ္စာအရာ မှာ ထားပြီးတော့ ရှုကြည့်ယင် ဘာအကျိုးရမလဲ။ ရှေးနည်းအတူ မျက်မှောက်ဘဝမှာ အရဟတ္တဖိုလ်ရခြင်း သို့မဟုတ် အနာဂါမိဖိုလ် ပေါက်ရောက်နိုင်ခြင်းဆိုတဲ့အကျိုးကို မြေလက်ခတ်မလွဲ အဝသံ ဘာဝိ– လို့ ပါဠိကဲ့ကို ဖွင့်ပါတယ်။ မချွတ်ဧကန် ဖြစ်လတဲ့တဲ့။ အနာဂါမိမဂ်ဖိုလ် အဲသည်လို ထွက်လာတယ်။ အဲဒါကြောင့် အနာဂါမိဖိုလ် သို့မဟုတ် ပါရမီအထုံကြီးယင် အရဟတ္တဖိုလ်ပေါက် ရောက်၍၊ ပါရမီအထုံ သေးသွေး နုံ့သေးလို့ရှိယင်ဖြင့် အနာဂါမိဖိုလ်ပေါက် ရောက်နိုင်တယ်–လို့ အကျိုး ပြပြီးတော့ ဂါထာဗန္ဓကိုမှ နှစ်သက်တော် မူကြတဲ့ အရှင်မြတ်များအတွက်–

တဏှာ ဒုတိယော ပုရိသော၊
ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊
သံသာရံ နာတိဝတ္တတိ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ တဏှာ ဒုတိယော ပုရိသော=တဏှာကို အဖော်လုပ်မှားတဲ့ ယောကျ်ားဆိုသော ထိုသတ္တဝါသည်။ (အဖော်လုပ်ရမှာက သဒ္ဓါတို့ ပညာတို့ ဒီတရားတွေကို အဖော်လုပ်ရမှာ။ ကိုယ်က အဖော်အလုပ်မှားတာက တဏှာတို့ အဝိဇ္ဇာတို့ အဖော်အလုပ် မှားတဲ့ ထိုယောကျ်ားဆိုတဲ့ သတ္တဝါဟာ ဘာဖြစ်တတ်တုန်းဆိုတော့) ဒီဃမဒ္ဓါနံ=ရှည်လျားစွာသော သံသရာအခွင့်ပတ်လုံး။ သံသရံ -သံသရန္တော=မရပ်မနား ကျက်စားရသည်ဖြစ်၍။ ဣတ္ထဘာဝံ=ဤလူ့ဘဝ လူ့ဘုံ အဖြစ်။ အညထာဘာဝံ=တပါးသောဘဝ ကိုယ်အဖြစ်တည်းဟူသော။ သံသာရံ=သံသရာကြီးကို။ နာတိဝတ္တတိ=ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်။

တဏှာကို အဖော်အလုပ်မှားမိတဲ့ သတ္တဝါဟာဖြင့် သံသရာ အဆုံးမရှိ လည်မဲ့သာ ကြဲရော။ ဘယ်တော့မှ သံသရာကြီးကို မလွန်နိုင်ဖူးတဲ့။ တဏှာ သွားပြီးတော့ အဖော်လုပ်ယင်။

တေမာဒီနဝံ ဉတွာ၊
တဏှံ ဒုက္ခဿ သမ္ဘဝံ။
ဝီတတဏှော အနာဒါနော၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

သတော=သတိနှင့် ပြည့်စုံသော။ ဘိက္ခု=ရဟန်းသည်။ တဏှံ ဒုက္ခဿ သမ္ဘဝံ=ဒုက္ခရဲ့ဖြစ်ကြောင်း မကောင်းတာ တဏှာပဲဟဲ့လို့။ တေံ အာဒီနဝံ=ဤခိုရာမဲ့ ကိုးရာမဲ့ဖြစ်တဲ့ တဏှာတည်းဟူသော သမုဒယသစ္စာ, တေဘုံမက ဝဋ်ဒုက္ခတည်းဟူသော ဒုက္ခသစ္စာ- ဤဝဋ္ဋသစ္စာ နှစ်ပါးကို။ ဉတွာ=ပိုင်းခြား၍ထင်ထင် သိမြင်လတ်သည်ရှိသော်။

အေး...ဒုက္ခနဲ့ သမုဒယသစ္စာ တဏှာလောဘကို ဉာတ, တီရဏ, ပဟာန-ဆိုတဲ့ ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိယင် ပဟာနပရိညာ

http://www.dhammadownload.com



လဲ ဆိုက်ရောက်ကရော။

ဝီတတဏှော=ကင်းသောကာမ, ဘဝ, ဝိဘဝတဏှာရှိသည်ဖြစ်၍။ (ဝါ) တဏှာသုံးတန် အကြွင်းမဲ့ အဆက်ပြတ်ခြင်း ခံနိုင်သည်ဖြစ်၍။

တဏှာရဲ့အပြစ်ကို နှစ်နှစ်ကာကာ ရှုကြည့်မိလို့ တဏှာနဲ့တကွသော တေဘူမကဝဋ္ဋဒုက္ခ သင်္ခါရတရားတို့ကို ဉာတ, တီရဏ, ပဟာန ဆိုတဲ့ ပရိညာသုံးပါး အစဉ်အတိုင်း ပိုင်အောင်ပွားလိုက်လို့ရှိယင် ထိုပုဂ္ဂိုလ်သည် မဂ်လေးပါးဖြင့် တဏှာကို ပယ်ပြီးဖြစ်တဲ့အတွက် ဝီတတဏှ ပုဂ္ဂိုလ်ဖြစ်ကရော။

ဝီတတဏှော=မဂ်လေးတန်ဖြင့် ကာမ, ဘဝ, ဝိဘဝ တည်းဟူသော တဏှာသုံးတန်ကို ခြေကန်ကာ လွန်ပြီး ဖြစ်တဲ့အတွက် ကင်းပြီးသော တဏှာလည်းရှိပေထသော။ (ဝါ) ရှိသောကြောင့်။ အနာဒါနော=တဖန်ဘဝသစ် ပဋိသန္ဓေကို မယူသော။ ဘိက္ခု=ရဟန်းသည်။ ပရိနိဗ္ဗုတော=သံသရာဝဋ္ဋဒုက္ခမှ လုလုကြီး ထွက်မြောက်နိုင်လေရာ၏-လို့ ဂါထာနှစ်သက်တော်မူကြတဲ့ အရှင်မြတ်များအတွက် ဒေသနာနိဂုံး တရားဆုံးလိုက်တဲ့အခါ ထိုနည်းငှင်း ခြောက်ကျိပ်သော အရှင်မြတ်ကြီးများ ကျွတ်တမ်းဝင်တော်မူကြတဲ့ အကြောင်းကို-

ဣဒမဝေါစ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ ဝိရာဂါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဣဒမဝေါစ ပန ဝေယျာကရဏသ္မိံ=ဤအမေးအဖြေတည်းဟူသော တရားခပင်းကို။ ဘညမာနေ=မြတ်စွာဘုရား ဟောကြားအပ်သည်ရှိသော်။ သဋ္ဌိမတ္တာနံ ဘိက္ခူနံ=ခြောက်ကျိပ်မျှ အတိုင်းအရှည်ရှိကြသော တရားနာ ရဟန်းတော် အရှင်မြတ်တို့၏။ စိတ္တာနိ=စိတ်တို့သည်။ ဝိရာဂါယ=တဏှာ ဒိဋ္ဌိတို့ဖြင့်

http://www.dhammadownload.com



အဆွဲမခံရမူ၍။ အာသဝေဟိ=ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့မှ။ ဝိမုစ္စိံသု=ကျွတ်လွတ်တော်မူလေကုန်ပြီ။

ရှေးတုန်းကတော့ နိဗ္ဗာန်ဖြစ်သွားပြီလို့ ဒီလိုမပြောပဲနဲ့၊ အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်ဟာ တဏှာ ဒိဋ္ဌိတို့ဖြင့် အဆွဲမငင်မခံရပဲ အာသဝလေးပါးမှ ကျွတ်လွတ်တော်မူကြပြီလို့ ယဉ်ယဉ်လေးသုံးလိုက်တယ်။ ရဟန္တာဖြစ်သွားတာ အရဟတ္တဖိုလ်ပေါက်ရောက်သွားတာ။

တရားက ကြာလေ ကြာလေ ဟောလေ ဟောလေ ကြောက်ကြောက် လိုက်လာတယ်နော်။ အပိုင်းအားဖြင့်လဲ အခုရှစ်ပိုင်းရောက်ပါပြီ။ တရား တဝက်ကျိုးပါပြီ။ ဒီတော့ ဘုန်းကြီးတို့ ဒွယတာနုပဿနာသုတ် ဒီတွင်ပဲ ရပ်ပြီးတော့ ထားကြပါအုန်းစို့။

ဤတွင် တရားကပွဲရပ်နားသည်။

http://www.dhammadownload.com

# ဒွယတာနုပဿနာသုတ္တန်တရားတော်
## (တတိယပိုင်း)

သာသနာနှစ် ၂၅၁၀–ခု၊ ကောဇာသက္ကရာဇ် ၁၃၂၇–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ရက်နေ့၊ မန္တလေးမြို့ လမ်းလယ်မြတ်စွာဘုရား ဖန်သင်္ကန်း၊ မှန်သင်္ကန်း ကပ်လှူပွဲနှင့် လမ်းလယ်မြတ်စွာဘုရား သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲအတွက် ဟောကြားတော်မူသော တတိယအကြိမ် ဒွယတာနုပဿနာသုတ္တန်တရား။

ဒွယတာနုပဿနာသုတ္တန်တရားတော့ နောက်ပိုင်းမှ ဟောကြပါစို့၊ မကြာခင်ပဲ ဟောကြားပါ့မယ်။

### အနှစ်သုံးပါး

ပဥ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန အသာရဿ ဇနဿ ဒါနံ သာရော။

တခုသောဘဝက ဘုရားအလောင်းတော်သည် ကဏှမည်သော သူဌေးသား ဖြစ်တဲ့အခါ မိဖနှစ်ပါး ကွယ်လွန်သွားတော့ မိဖ ဘိုးဘွား အစဉ်အဆက် ဆင်းသက်လာသော စီးပွား ဥစ္စာ ရတနာတွေကို ဆိုင်ရာ ကိုယ်စားလှယ်လူကြီးက စာရင်းအင်းနဲ့တကွ အပ်တဲ့အခါ၊ အလောင်းတော်သူမြတ် ထိုစီးပွားဥစ္စာတွေကို ကြည့်ပြီးတော့ စဉ်းစားတဲ့အထဲမှာ တရားနဲ့ ပတ်သက်လို့ အတုယူစရာကောင်းတဲ့ အချက် သုံးချက်ရှိတယ်။

အော်...ငါ့မိ ငါ့ဖ ငါ့ဘိုး ငါ့ဘွား ဆည်းစုသွားတဲ့ စီးပွားဥစ္စာ ရတနာတွေဆိုတာ တကယ်စင်စစ်တော့–

၁။ ရေ–တည်းဟူသော ရန်သူ

၂။ မီး–တည်းဟူသော ရန်သူ

http://www.dhammadownload.com



၃။ မင်း-တည်းဟူသော ရန်သူ

၄။ ခိုးသူ-တည်းဟူသော ရန်သူ

၅။ မနှစ်သက်တဲ့ အမွေခံ-တည်းဟူသော ရန်သူ

ရန်သူမျိုးငါးပါးတို့နဲ့ အမြဲပဲ ဆက်ဆံဝန်းရံနေပါတကား။

ဒီတော့ ဒီလို အမြဲ ဆက်ဆံ ရန်သူတွေဝန်းရံနေတဲ့အတွက် ဒီစီးပွားဉစ္စာဆိုတာ တကယ်စင်စစ် အနှစ်မရှိတဲ့ ပစ္စည်းတွေပါလား။ အနှစ်မရှိသော ပစ္စည်းရဲ့ ခိုင်ခိုင်မာမာ ရန်သူမျိုးငါးပါး မဖျက်မဆီး မလုမယက် မတိုက်မညှဉ်း မလောင်ကျွမ်းနိုင်သော အနှစ်သာရအဖြစ် ရောက်အောင် စီးပွားဉစ္စာ ဘယ်လိုလုပ်ရမတုန်း စဉ်းစားတဲ့အခါကျတော့ ဒါနကောင်းမှုကို အလောင်းတော် သွားမြင်ပါတယ်။ အဲဒီလို မြင်တဲ့အတွက်လဲပဲ မိဖ ဘိုးဘေး လက်ထက်က ဆင်းသက်လာတဲ့ စီးပွားဉစ္စာတွေကို ဘုရင့်ထံ အခွင့်ပန်ပြီးတော့ အလှူကြီးပေးပြီးတော့ နောက်ဆုံးမှာ တောထွက်သွား ပါတယ်။

အလောင်းတော် ဒုတိယမြောက် စဉ်းစားမိတာက-

ဗဟုရောဂသာဓာရဏဘာဝေန အသာရဿ သရီရဿ သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော။

ငါ ယခုဘဝ ရနေတဲ့ ခန္ဓာကိုယ် တကယ်ဆို စဉ်းစားကြည့် လိုက်ယင် နေရာတိုင်း နေရာတိုင်း ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါ မဖြစ်နိုင်တဲ့ နေရာရယ်လို့ မရှိဖူး။ အပ်ဖျား တထောက်လောက်မျှ ရောဂါ မဖြစ်နိုင်ပါဖူးလို့ အာမခံနိုင်တဲ့နေရာ တစက်မှမရှိပါဖူး။

ဒီတော့ ဒီခန္ဓာကိုယ်မှာ ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါတွေ အမြဲတစေ ဝိုင်းရံ ဆက်ဆံပြီးနေတဲ့အတွက် တကယ်စင်စစ် ဒီခန္ဓာကိုယ်ဟာ အနှစ်မရှိတဲ့ ခန္ဓာကိုယ်ပဲ။ အနှစ်မရှိတဲ့ ခန္ဓာကိုယ် ရင်းနှီးပြီးတော့

http://www.dhammadownload.com



အနုစ်ရှိတာ ပြုလုပ်လိုယင် စာရိတ္တသီလခေါ်သော သက်ကြီးရွယ်အိုတို့ကို ရိုသေခြင်းအစရှိတဲ့ အမှုတွေ ကောင်းမှုတွေ၊ ဝါရိတ္တသီလမျိုးဖြစ်တဲ့ ဒုစရိုက်မှုမှ ရှောင်ကြဉ်ခြင်းဖြစ်တဲ့ သီလ မျိုးတွေ၊ ဒီသီလ နှစ်မျိုးဟာဖြင့် **ဒီခန္ဓာကိုယ်မှ အနှစ်ထုတ်၍** ရ,ရမဲ့ အနှစ်ပဲလို့ အဲဒီလိုလဲ စဉ်းစား **တော်မူတယ်**။ စဉ်းစားတော်မူတဲ့အတိုင်းလဲပဲ ကိုယ်တော်မြတ်အဖို့ရာမှာ ငါးပါး ရှစ်ပါး ဆယ်ပါးသီလကိုပေါ့လေ အမြဲပဲ လုံလုံခြုံခြုံ စောင့်ထိန်းသွား ပါတယ်။

တတိယအနှစ်အနေနဲ့ ငါ ယခုဘဝ ရနေတဲ့ အသက်ကလေးဟာ အချိန်ရှိသမျှ အနိစ္စဆိုတဲ့ စက်မီးကြီးဝါးပြီး နေပါလား။ ဘုရား အလောင်းများ ဖြစ်ထွန်းလာတဲ့အခါမှာ အနိစ္စ ဒုက္ခ လက္ခဏာနှစ်ပါးကို မြင်ရတယ်နော်။ အနတ္တလက္ခဏာကတော့ ဘုရားသဗ္ဗညုတ ပွင့်တော်မူ တဲ့အခါမှပဲ လင်းလင်းချင်းချင်း ဟောကြားလို့ သိစေနိုင်ပါတယ်။ အဲဒီတော့ အလောင်းတော်ဘဝမှာ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာတော့ မြင်ပြီ။ အဲဒီလို မြင်တဲ့အတွက် ငါ ယခုဘဝ ရနေတဲ့ ဒီအသက်ဟာ တကယ်စင်စစ် အနိစ္စစက်ကြီး အချိန်ရှိသမျှ အစားအဝါးခံနေရတဲ့ အနှစ်မရှိတဲ့ အသက်ပါတကား။ အနှစ်မရှိတဲ့ အသက်မှ အနှစ်သာရ ထုတ်ယူမယ် ဆိုယင်ဖြင့် အနိစ္စဟူ၍ နှလုံးသွင်းခြင်း၊ ဒုက္ခဟူ၍ နှလုံး သွင်းခြင်း၊ အနတ္တဟူ၍ နှလုံးသွင်းခြင်းဆိုတဲ့ ဝိပဿနာ ဘာဝနာဘိယောဂ အလုပ်ဟာဖြင့် ယခုဘဝရရှိတဲ့ အသက်ရဲ့အနှစ်ပဲ–လို့ အဲဒီလို ဆင်ခြင် တော်မူမိပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သာဝက၊ မြတ်စွာဘုရားရဲ့ တပည့်မ သာဝိကာ၊ မြတ်စွာဘုရားရဲ့ သား အရိယသာဝက၊ မြတ်စွာ ဘုရားရဲ့ သမီးတော် အရိယသာဝိကာ ဆိုတာ အနုဇာတ သားသမီးပီပီ မြတ်စွာဘုရားအလောင်းတော်ကြီး ကျင့်သုံးတဲ့ လမ်းအတိုင်း နောက်က အတုယူပြီးတော့ လိုက်နာကျင့်သုံးရတယ်။

http://www.dhammadownload.com



အခု ဘုရားအမကြီး ဒေါ်ဒေါ်တင် အနေနဲ့ လေးလေးနက်နက် တွေးယင် ငါပိုင်ဆိုင်တယ်လို့ ပညတ်အလို ခေါ်ဆိုထားတဲ့ စီးပွားဥစ္စာတွေမှာ ရန်သူမျိုးငါးပါး အမြဲတစေ ဝန်းရံနေတဲ့အတွက် တကယ်အနှစ်မရှိဖူး။ အနှစ်မရှိတဲ့ ဤစီးပွားဥစ္စာမှ ဒါနတည်းဟူသော အနှစ်သာရကို ငါထုတ်ယူမယ်။ ဒီလို ပဌမနှလုံးသွင်းချက်အတိုင်း ဒါနကောင်းမှု ပြုလုပ်တဲ့ နေရာမှာလဲပဲ ဘုန်းကြီးတို့ မဟာဝေလာမသုတ္တန်ကိုကြည့်ပါ။

မဟာဝေလာမသုတ္တန်မှာ ဆိုလို့ရှိယင် ဘုရားအလောင်း ဝေလာမ သူတော်ကောင်း နှစ်ပေါင်း ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်ကြာ ဆွဲနှစ်ယူဇနာပေါက် ဂင်္ဂါမြစ်ကမ်းတလျှောက်မှာ ဖိုခနောက်ချင်းဆက်အောင် ခင်းပြီး လှူဒါန်းတဲ့ ရွှေ ငွေ လှူတန်းတဲ့ အလှူရယ်တဲ့၊ ဒီစကြဝဠာကြီး ပြည့်သွားအောင် သောတာပန်အရိယာတွေက အတန်းတန်း၊ သကဒါဂါမ် အရိယာတွေက အတန်းတန်း၊ အနာဂါမ်အရိယာတွေက အတန်းတန်း ရဟန္တာသခင်အရှင်မြတ်တွေက သန်းပေါင်းများစွာ တန်းပြီးတော့ ဆိုကြပါစို့။ ဒီစကြဝဠာအပြည့် သောတာပန် အရိယာတွေ, သကဒါဂါမ် အရိယာတွေ, အနာဂါမ်အရိယာတွေ, ရဟန္တာအရိယာတွေ, ပစ္စေက ဗုဒ္ဓါသခင် အရှင်သူမြတ်တွေ တန်းပြီးတော့ စကြဝဠာအပြည့်ထား စမ်းပါ။ အဲဒီစကြဝဠာအပြည့်ထားတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ အဆူပေါင်းများစွာအား ပူဇော်ရ ခြင်းထက် ဘုရားသဗ္ဗညုတတစ်ဆူအား ပူဇော်ရတဲ့ ကောင်းမှုကုသိုလ် တို့က မဟပ္ဖလတရ သာ၍အကျိုးကြီးမြတ်တယ်လို့ အဲဒီလို အဋ္ဌကထာ မှာကို တိုက်ရိုက်ဖွင့်လျက်ရှိပါတယ်။ ပါဠိတော်မှာလဲ ရှိပါတယ်။

## နှလုံးသွင်းတတ်လျှင် မြတ်သည်

အဲဒီလို ပါဠိ အဋ္ဌကထာဖွင့်ပြချက်အရ စကြဝဠာအပြည့် ထိ၍ ထားသော သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



အရှင်မြတ်တို့အား လှူဒါန်းရသည်ထက် တဆူသောဘုရားရှင်အား လှူဒါန်းရခြင်းက သာလွန်မြင့်မြတ်တယ်။ မဟာပ္ဖလတရဖြစ်တယ်ဆိုတဲ့ ကောင်းမှု ကုသိုလ်မျိုး ငါးစိုက်ပျိုးရမိပြီ။ ယင်းသို့ စိုက်ပျိုးရတဲ့နေရာမှာ ဖြင့် ဘုရားသဗ္ဗညုတ သက်တော်ထင်ရှားရှိမှု မရှိမှု ဘယ်‌လောက်ပဲ ကွာခြားတုန်း။ အဲဒီလို ကွာခြားပေမဲ့ နှလုံးသွင်းကံ သက်တော်ထင်ရှား ရှိတဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဓာတ်သိမ်းတော်မူတဲ့ မြတ်စွာဘုရား အဲဒီလို ဘုရားနှစ်မျိုးမှာ–

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိ ဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

**(ဝိမာန၊ ဂါထာ။ ၈၀၆)**

လို့ မြတ်စွာဘုရားဟောထားချက်ရှိပါတယ်။

တိဋ္ဌန္တေ စာပိ=သက်တော်ထင်ထင် ဘုရားရှင်၌လည်းကောင်း။ နိဗ္ဗုတေ စာပိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဓာတ်သိမ်းတော်မူပြီးသော မြတ်စွာဘုရား၌လည်းကောင်း။ စိတ္တေ=မိမိ၏ စိတ်ထားသည်။ သမေ= ညီမျှပါမူ။ သမံ ဖလံ=ညီမျှသော အကျိုးရှိသည်။ ဟောတိ=ဖြစ်၏။ ဟိ=မှန်၏။ စေတောပဏိဓိဟေတု=စိတ်ထားကောင်းမြတ်ခြင်း အကြောင်း ကြောင့်။ သတ္တာ=သတ္တဝါတို့သည်။ သုဂ္ဂတိံ=လူ့ရွာ နတ်ရွာ ကောင်းရာ သုဂတိသို့။ ဂစ္ဆန္တိ=လားရောက်ကြရကုန်၏–လို့။

အဲဒီလို ဝိမာနဝတ္ထု ပါဠိတော်များမှာ ဟောထားချက်ရှိတဲ့အရ ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူသော်လဲပဲ ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့ မြတ်စွာဘုရားမှာပဲဖြစ်ဖြစ်၊ သက်တော်ထင်ထင် ဘုရားရှင်မှာပဲ ဖြစ်ဖြစ်၊ မိမိစိတ်က ငါသည် အရဟံ အစရှိသော ကျေးဇူးဂုဏ်အပေါင်းတို့နှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး အား အလှူဖြူဖြူပြောင်ပြောင်
တောက်လောင်ဘီခမန်း ဖန်သက်န်း, မှန်သက်န်းတို့ဖြင့် သဒ္ဓါ ပြဋ္ဌာန်း၍
ငါကား လှူဒါန်းရပြီ။

သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရား၊ အဲဒီမြတ်စွာဘုရားရဲ့
အရဟံ, သမ္မာသမ္ဗုဒ္ဓ, ဝိဇ္ဇာစရဏသမ္ပန္န, သုဂတ, လောကဝိဒူ,
အနုတ္တရ ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓ, ဘဂဝါ-
ဆိုတဲ့ ကိုးတန်သောဂုဏ် အာရုံပြုပြီးတော့ ဘုရားသဖ္ဗညုတအား
ငါသည် ဖန်သက်န်း, မှန်သက်န်းများကို လှူဒါန်းရပြီ-လို့ အဲဒီလို
စိတ်ထဲမှာ အောက်မေ့ပြီးတော့ အပရစေတနာတွေ တရွှန်းရွှန်း တဝေဝေ
ပွားနိုင်ပါစေ။

နေ့အခါ ဖြစ်စေ, ညအခါ ဖြစ်စေ, နေရောင် လျှပ်စစ်ရောင်
ကျောက်လိုက်တယ် ဆိုလို့ရှိယင် လှူဒါန်း ဆက်ကပ်ထားတဲ့ ဖန်သက်န်း,
မှန်သက်န်းတွေက နေရောင် လျှပ်စစ်မီးရောင်တို့နှင့် ပဏာကြိုက်ပြီဆိုယင်
ခပ်ဝေးဝေးက မြော်ပြီးကြည့်လိုက်-

-"အော်- သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၊
ကိုယ်တော်မြတ်မှ နီလရောင်ခြည်တော်တွေ, ပီတရောင်ခြည်တော်တွေ,
လောဟိတရောင်ခြည်တော်တွေ ဩဒါတရောင်ခြည်တော်တွေ, မဉ္ဇေဋ္ဌ
ရောင်ခြည်တော်တွေ, ပဘဿရရောင်ခြည်တော်တွေ ဒီရောင်ခြည်တော်တွေ
ယခု ငါ ပူဇော်ထားတဲ့ မြတ်စွာဘုရား ကိုယ်တော်စား စေတီတော်မြတ်
ကြီးမှာ တဖိတ်ဖိတ်ကွန့်မြူးထွက်ကြွသလိုနေမှာပဲ" ကိုယ်အလှူနဲ့
မြတ်စွာဘုရားရဲ့ သရီရဂုဏ်ဖြစ်သော ရောင်ခြည်တော်ခြောက်ပါး
မှန်းပြီးတော့ အာရုံပြုပြီးတော့ ကြည်ညိုတော့တဲ့။

ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုးများနဲ့ ကြည်ညိုချင်ယင်လဲ
ဟောဒီလို ကြည်ညိုလိုက်ပေါ့နော်။

http://www.dhammadownload.com



နီလရောင်ခြည်တော်ဘွဲ့

အဥ္ဇနာ စုဏ္ဏကိဏ္ဏံဝ၊
နိမ္မိနန္တိ ဒိသာတလံ။
နီလာ ကေသာဒိနိက္ခန္တာ၊
နီလဝဏ္ဏ နမတ္ထု တေ။

နီလဝဏ္ဏ=ညိုမှောင်စိမ်းရှင် နီလဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်တော်ဘုရား၏။ နီလာ=အောက်မဲညိုပွင့်, ကြာညိုပွင့်လို ပုဆိုးညို အလား ပတ္တမြားညိုရောင် စိမ်းညိုမှောင်သော ရောင်ခြည်အလျှံတော်တို့သည်။ ကေသာဒိနိက္ခန္တာ=ဆံတော် မျက်နက်တော် အစရှိသော ညိုရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြ ကုန်သည်ဖြစ်၍။ ဒိသာတလံ=ဝန်းကျင်ပတ်ခြံ လုံးစုံနှံ့စပ် အရပ် ဆယ်မျက်နှာအပြင်သို့။ အဥ္ဇနာစုဏ္ဏကိဏ္ဏံဝ=မျက်စဉ်းတောင့်ကျောက်ညိုမှုန့်ဖြင့် ရောထုံပြွမ်းတီးအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူကြပေ ကုန်၏။

နီလဝဏ္ဏ=ညိုမှောင်စိမ်းရီ နီလဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရိုကျိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်။ အတ္ထု=မြေလက်ခတ်နဲ မလွှဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား–လို့ နီလရောင်ခြည်တော်နဲ့ မြတ်စွာဘုရားကို အာရုံပြုနိုင်ပါစေ။

ပီတရောင်ခြည်တော်ဘွဲ့

ဟေမောဒက သိဥ္စန္တာဝ၊
နိမ္မိနန္တိ ဒိသာတလံ။
ပီတာ စမ္မာဒိနိက္ခန္တာ၊
ပီတဝဏ္ဏ နမတ္ထု တေ။

http://www.dhammadownload.com



ပိတဝတ္ထ=ရွှေရောင်ဝန်းကြည် ပိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ပီတာ=မာလာကျိုက္ကျူ သဒိသူလျှင် ယူချင် ရွှေသား လှေကားပန်းအသွင် ဝါလွင်ထိန်ပြေ ရွှန်းရွှန်းဝေမျှ ရွှေသော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ စမ္မာဒိနိက္ခန္တာ=အရေ တော် မျက်လုံးတော်အစရှိသော ရွှေရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ထွက်ကူး ကွန့်မြူးထွက်ကြွတော်မူကုန်သည်ဖြစ်၍။ ဒိသာတလံ= ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ သိဥ္စန္တာဝ=ရွှေရည်အသွင် ခြယ်တင်သွန်းလောင်းအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ= ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားပြည့်လျှံ ပြုဖန် တော်မူပါပေကုန်၏။ ပိတဝတ္ထ=ရွှေရောင်ဝင်းကြည် ပိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါ စေသား မြတ်စွာဘုရား-လို့ ပိတရောင်ခြည်တော်နဲ့လဲပဲ ဘုရားကိုယ် တော်မြတ်ကို အာရုံပြုပြီးတော့ ကြည်ညိုနိုင်ကြပါစေ။

**လောဟိတရောင်ခြည်တော်ဘွဲ့**

လာခါရသသိဥ္စန္တာဝ၊
နိမ္မိနန္တိ ဒိသာတလံ။
ရတ္တမံသာဒိ နိက္ခန္တာ၊
ရတ္တဝတ္ထ နမတ္ထု တေ။

ရတ္တဝတ္ထ=နီတွေးရောင်ပ လောဟိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ရတ္တာ=ကလျာဏီခေါင်ရမ်း ပန်းကသစ်ပမာ ကြာနီပဟင်းသပဒါး ပတ္တမြားအသွေး နီတွေးရွှန်းပြောင် ရောင်ခြည် အလျှံတော်တို့သည်။ မံသာဒိနိက္ခန္တာ=အသားတော် အသွေးတော် အစရှိ

http://www.dhammadownload.com



သော နီရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်လျှက်ကူး ကွန့်မြူး ထွက်ကြွကုန်သည်ဖြစ်၍။ ဒိသာတလံ=ဝန်းကျင်ပတ်ခြာ လုံးစုံနှံ့စပ် အရပ် ဒိသာ ဆယ်မျက်နှာအပြင်သို့။ လာခါရသသိဥ္စန္တာ၁ဝ=ချိပ်ရည်စိုရွှန်း လောင်းစုသွန်းအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူကြပါပေကုန်၏။ ရတ္တာဝန္တ= နီတွေးရောင်ပ လောဟိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင် ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ် ရှိကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား–လို့ လောဟိတရောင်ခြည်တော်နဲ့လဲ တမျိုးတဖုံ အာရုံပြုနိုင်ပါစေ။

## ဩဒါတရောင်ခြည်တော်ဘွဲ့

> ပစ္စုသက သိဥ္စန္တာ၁ဝ၊
> နိမ္မိနန္တိ ဒိသာတလံ။
> ဩဒါတဠာဒိ နိက္ခန္တာ၊
> ဩဒါတဝါ နမတ္ထု တေ။

ဩဒါတဝါ=ဖြူဖွေးသပ္ပါယ် ဆင်စွယ်ရောင်လျှပ် ဩဒါတ ဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား။ ဩဒါတာ=ငွေအိုး ငွေခွက်မှ ယိုထွက်ဆင်းသည် နို့ရည်အတူ ဘော်ကြူ စိန်တုံး ကြက်ရုန်း အသွင် ဖြူစင်ထွန်းပြောင် ရောင်ခြည်အလျှံတော်တို့သည်။ အဠာဒိ နိက္ခန္တာ=အရိုးတော် သွားတော် မျက်ဖြူတော် အစရှိသောဖြူရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော်မူကုန် သည်ဖြစ်၍။ ဒိသာတလံ=ဝန်းကျင်ပတ်ခြာ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ ပစ္စုသကသိဥ္စန္တာ၁ဝ=ငွေရည်အလျဉ်ဖြင့် သွန်း

http://www.dhammadownload.com



လောင်းအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူကြပါပေကုန်၏။ ဩဒါတဝါ= ဖြူဖွေးသပ္ပါယ် ဆင်စွယ်ရောင်လျှပ် ဩဒါတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ ဦးညွှတ်ခြင်းသည်။ အတ္ထု=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား–လို့ ဩဒါတရောင်ခြည်တော်နဲ့လဲတမျိုး ဘုရားကိုယ်တော် မြတ်ရဲ့ သရီရဂုဏ် အာရုံပြုနိုင်ပါစေ။

## မဉ္ဇေဋ္ဌရောင်ခြည်တော်ဘွဲ့

မဉ္ဇေဋ္ဌာကိဏ္ဏာသမာနံ၊
နိမ္မိနန္တိ ဒိသာတလံ။
တမှာ တမှာဝ နိက္ခန္တာ၊
မဉ္ဇေဋ္ဌဝါ နမတ္ထု တေ။

မဉ္ဇေဋ္ဌဝါ=ရောင်မောင်းလျှံပ မဉ္ဇေဋ္ဌဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ မဉ္ဇေဋ္ဌာ=ညိုရွှေနီဖြူ လေးဆူဓာတ်ပေါင်း မှည့်မောင်း ဝင်းကြည် ရောင်ခြည်အလျှံတော်တို့သည်။ တမှာ တမှာဝ= ဤသို့သော ဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွန်းစို ထိုထို ကိုယ်တော် အစိတ်မှသာလျှင်။ နိက္ခန္တာ=ကွန့်မြူးဆန်းကြယ် သွယ်သွယ်တောက်ပ ထွက်ကြွဆန်းကယ် တင့်တယ်တော်မူကြကုန်သည်ဖြစ်၍။ ဒိသာတလံ= ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်သို့။ တေန=ထို လေးဆူဆင့်လောင်း အရောင်မောင်းနှင့်။ သမာနံ=မထူးမခြား တသားတည်းတူမျှစွာ။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပါပေကုန်၏။ မဉ္ဇေဋ္ဌဝါ=ရောင်မောင်းလျှံပ မဉ္ဇေဋ္ဌဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်

http://www.dhammadownload.com



နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်း သည်။ အတ္ထု=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား–လို့ အဲဒီလို မဋ္ဌေဋ္ဌ ရောင်ခြည်တော်နဲ့လဲ တမျိုး ဘုရားကိုယ်တော်မြတ်ကို အာရုံပြုပြီး ကုသိုလ်တရား ပွားနိုင်ကြပါစေ။

## ပဘဿရရောင်ခြည်တော်ဘွဲ့

ပဘဿရာ မနာပ်ဝ၊

နိမ္မိနန္တိ ဒိသာတလံ။

တမှာ တမှာဝ နိက္ခန္တာ၊

ပဘဿရ နမတ္ထု တေ။

ပဘဿရ=ပြိုးပြက်လျှံပ ပဘဿရဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ပဘဿရာ=မီးပေါက်ရှိန်ရောင် လျှပ်ပန်းရောင်သို့ ထိန်ပြောင်ယိုးယက် ပြိုးပြိုးပြက်သော ရောင်ခြည်အလျှံတော်တို့သည်။ တမှာ တမှာဝ=ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထိုကိုယ်တော် အစိတ်မှသာလျှင်။ နိက္ခန္တာ=ဖိတ်ဖိတ် လက်လက် ပြိုးပြက်မြူးပျော် ထွန်းပေါ်ထွက်ကြွကုန်သည် **ဖြစ်၍။** ဒိသာတလံ=ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ မနာပ်ဝ=နှစ်သက်ဖွယ်သာလျှင်။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြဖန်တော်မူကြပါပေကုန်၏။ ပဘဿရ= ပြိုးပြက်လျှံပ ပဘဿရဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင် ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော= တုံ့ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=မြေလက် ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား–လို့ ပဘဿရ ရောင်ခြည်တော်နဲ့လဲပဲ ဘုရားဂုဏ် အာရုံပြုပြီးတော့ ကြည်ညို နိုင်ပါစေ။

http://www.dhammadownload.com



ပထဝါဒိ ဝိမာနဋ္ဌ၊
နိပ္ပဘန္တိ ပဘံ ကရံ။
ခဇ္ဇောတံ ဝ ရံသိမန္တေ၊
ရသ္မိ တေ ဝိရ ပဇ္ဇလိ။

ရောင်ခြည်တော်ချီးပြီး–

ဝိရ=လွန်ကဲမြင့်မြတ်သော ဝိရဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ရသ္မိ=ညိုရွှေနီမောင်း ဖြူတောင်းပြိုးပြက် တခဲနက်သော ရောင်လျှံတော်အစုသည်။ ရံသိမန္တေ=ထွန်းလင်းဝင်းပြောင် အရောင်ပဝင်း ဖြဟ္မာမင်းတို့ကိုစင်လျက်။ ခဇ္ဇောတာရိဝ=ပိုးစုန်းကြူးအတူ ပြုတော်မူကြကုန်သည်ဖြစ်၍။ ပဘံဝါ=ထွန်းလင်းထိန်ပြောင် အရောင်ရှိသည်လည်း ဖြစ်သော။ နိပ္ပဘန္တိဝါ=အရောင်မရှိသည်လည်း ဖြစ်သော။ ပထဝါဒိ=မြေထုရေထု လေထုအပြင် ဘုံနန်းတခွင်ကိုလည်းကောင်း။ ဝိမာနဋ္ဌ=ဘုံနန်းဗိမာန် နိစ္စံအစုကိုလည်းကောင်း။ ပဘံ=လက်လက်ထွန်းပြောင် အရောင်ရှိသည်ကို။ ကရံ=ပြုတော်မူသည်ဖြစ်၍။ ပဇ္ဇလိ=ရွှေကိုယ်တော်မှ ထွက်ပေါ်သည်မှ ခုတိုင်ကျအောင် တောက်ပတင့်ထွန်းတော်မူခဲ့လေပြီ။

## ဆုတောင်း

ဒယံကရ ရံသိမာလ၊
ရာဟုဂ္ဂဟောဝ စန္ဒိမာ။
အတိသမ္ဘာပေတ္တာမှ၊
ဒုက္ခာ နော ဒါနိမုဉ္စထ။

ရံသိမာလ=ရောင်တော်ခြောက်သွယ် ပန်းနွယ်ပန်းညှန့်ရှိတော်မူသော မြတ်စွာဘုရား။ ဒယံကရ=မဟာကရုဏာ လွန်စွာသနားခြင်းကို ပြုတော်မူပါဘုရား။ နော=တပည့်တော် တပည့်တော်မတို့သည်၊

http://www.dhammadownload.com



ရာဟုဂ္ဂဟော=ရာဟုလက်တွင်း သက်ဆင်းဖမ်းမိသော။ စန္ဒိမာ၀= လစကြာကဲ့သို့။ အတိသမ္ဗာဓပဋ္ဋာ=ဇာတိဘေး ဗျာဓိဘေး မရဏဘေးတို့ဖြင့် ရှုပ်ထွေးလှစွာ လွန်မင်းစွာကျပ်တည်းကျဉ်းမြောင်းခြင်းသို့ ရောက်၍ နေကုန်သည်။ အမှ=ဖြစ်ပါကုန်၏။ နော=တပည့်တော် တပည့်တော်မတို့ကို။ ဒုက္ခာ=ဇာတိ ဇရာ ဗျာဓိ မရဏ ဘေးဒုက္ခအပေါင်းမှ။ မုဉ္စထ= မှန်စွာမချွတ် လွတ်အောင်ပြုတော်မူပါကုန်ဘုရား-လို့

နောက်ဆုံးမှာ မြတ်စွာဘုရားထံ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းဘေးမှ လွတ်မြောက်ရာ နိဗ္ဗာန်ဆုတောင်းပြီးတော့ ကိုယ့် ဖန်သက်န်း မှန်သက်န်းများ ဆက်ကပ်လှူဒါန်းထားတဲ့ စေတီတော်မှသည် သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားအရောက် အရပ်ခရှိသော ကျေးဇူးဂုဏ်တွေကို အာရုံပေါက်အောင် နှလုံးသွင်းပြီးတော့ မိမိရဲ့ ကုသိုလ်ကောင်းမှုတွေကို အပရစေတနာတွေ တဝေဝေနဲ့ ဝမ်းမြောက်နိုင်ပါစေ။

အဲသည်လိုဆိုလို့ရှိယင် ဒါနရဲ့ အစိတ်အပိုင်းမှာ သုံးပိုင်းရှိတယ်။ (တစ်က) ပုဗ္ဗစေတနာ ပိုင်း၊ (နှစ်က) မုဉ္စစေတနာပိုင်း၊ (သုံးက) အပရစေတနာပိုင်း။ ဒီအပိုင်း သုံးပိုင်းမှာ မိမိအင်္ဂါညီညွတ်ယင် မိမိဖက်က ကုံလုံပြီ ပြည့်စုံပြီ။ အကျိုးပေးဖို့တော့ သူ့ဘာသာသူ ပေးလိမ့်မယ်။ ကိုယ်ရည်သန်တဲ့အတိုင်း မဂ်ဖိုလ် နိဗ္ဗာန် အကျိုးပေးဖို့က ဒီကံရဲ့တာဝန်၊ သူ ပေးသွားလိမ့်မယ်။ ဒါက ကိုယ့်တာဝန် မှုတ်ဖူး။ ကိုယ့်တာဝန်ကတော့ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ လှူဒါန်းနိုင်ဖို့ အရေးကြီးတယ်။ အထူးသဖြင့် ဒီအပရစေတနာ ပိုပြီးတော့ အရေးကြီး ပါတယ်။

ကိုင်း...ဘုန်းကြီးဟောလက်စ ဒွယတာနုပဿနာသုတ် ဆက်ပြီးတော့ ဟောကြပါအုန်းစို့။ နှစ်ကြိမ်ဟောခဲ့တာ အပိုင်းရှစ်ပိုင်း ကုန်သွားပါတယ်။

http://www.dhammadownload.com



## သဗ္ဗညုတ ရွှေဉာဏ်တော်စွမ်း

မြတ်စွာဘုရားရဲ့ ရွှေဉာဏ်တော်မှာ အစွမ်းသုံးပါးရှိပါတယ်။ ဟောရမဲ့တရားတွေရဲ့ သဘာဝသတ္တိတွေကို အကုန်အစင် သိနိုင် ခြင်း၊ ဟောဒါ သတ္တိတပါး။ သဗ္ဗညုတရွှေဉာဏ်မှာ ဒီအစွမ်းတပါး ရှိတယ်။

တခါ တရားနာကြတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါဝေနေယျတွေရဲ့ အလိုအဇ္ဈာသယဓာတ်သဘောကို နှစ်နှစ်နှောနှောသိမြင်ခြင်း-၊ ဒီအစွမ်းသတ္တိတပါး ရှိတယ်။

တရားသဘောတို့ကို အကြွင်းမဲ့သိတော်မူတဲ့ ပုဂ္ဂိုလ်ပီပီ၊ တရားနာယူမဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ အလိုအဇ္ဈာသယ ဓာတ်သဘောကို နှစ်နှစ်နှောနှော သိတော်မူတဲ့ ပုဂ္ဂိုလ်ပီပီ၊ ဒီသတ္တဝါတို့ကို ဒီတရားဆင်နည်းနဲ့ဟောမှ အဆင်ပြေမယ်၊ ဤသတ္တဝါတွေကို ဤလိုတရားဆင်ဟောမှ မဂ်ဖိုလ် နိဗ္ဗာန် ရမယ်လို့ တရားဟောနည်းကို သတ္တဝါတို့ရဲ့ စရိုက်နဲ့ လိုက်လျောသော မဂ်ဖိုလ်ရောက်ကြောင်း တရားကို ဟောတဲ့နည်းမှာ ကျွမ်းကျင်လိမ်မာ သိမြင်တော်မူခြင်း။

ဒီအစွမ်းသုံးပါးရှိတယ်။ သဗ္ဗညုတ ရွှေဉာဏ်တော်မှာ အဲဒီအစွမ်းသုံးပါးရှိတဲ့ သဗ္ဗညုရွှေဉာဏ်တော်နဲ့ ရွှေဉာဏ်တော်ရှင်ဖြစ်တော့ တရားနာပရိသတ်ကို ကြည့်လိုက်တယ်။

ဒီပရိသတ်ရဲ့ အဇ္ဈာသယ ဓာတ်ကတော့ သစ္စာအနေနဲ့ တိုက်ရိုက်ဟောမှ မဂ်ဖိုလ်ရမှာ၊ သိတဲ့ ပရိသတ်အတွက် သစ္စပဗ္ဗ-သစ္စာပိုင်းကို ဟောလိုက်တယ်။

ဟာ ဒီပရိသတ်က သစ္စာလေးချက်တော့ သစ္စာလေးချက်ပဲ။ ဒါပေမယ်လို့ ဥပမိဆိုတဲ့ အဘိသင်္ခါရကံ စေတနာနဲ့ ကိုင်ပြီး ခေါင်းတည်ပြီးတော့ သမုဒယသစ္စာဖက်က အဝိဇ္ဇာပိုင်းတည်ဟောမှ ကျွတ်မဲ့ဝေနေယျ တရားနာပရိသတ်အတွက် အဝိဇ္ဇာပဗ္ဗကို ဟောပါတယ်။

http://www.dhammadownload.com



သမုဒယသစ္စာကို သင်္ခါရနဲ့ပြ၍ဟောမှ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်မဲ့ ပရိသတ်အတွက် သင်္ခါရပဗ္ဗဟောရတယ်။

ပြီးတော့ အဘိသင်္ခါရဝိညာဉ်ကို သမုဒယသစ္စာအနေနဲ့ ဖော်ပြပြီးဟောမှ အရဟတ္တမဂ်အရဟတ္တဖိုလ်ရောက်မဲ့ ရဟန်းပရိသတ်အတွက် ဝိညာဏပဗ္ဗဟောရတယ်။

တခါ ဖဿကို သမုဒယသစ္စာဖက်က ဖော်ပြ ဟောမှ ကျွတ်မဲ့ သတ္တဝါအတွက် ဖဿပဗ္ဗ။

တခါ ကံနဲ့တကွ ဖြစ်တဲ့ ကမ္မသမ္ပယုတ္တဝေဒနာ, ကမ္မသမ္ဘာရတဏှာ– အဲဒီတရားတွေကို သမုဒယသစ္စာဖက်ကထားပြီးဟောမှ ကျွတ်တမ်းဝင်ကြမဲ့ ရဟန်းတော်များအတွက် ဝေဒနာပဗ္ဗ, တဏှာပဗ္ဗလို့ တရားနှစ်ပွဲမှာ အပိုင်းကြီး ရှစ်ပိုင်းဟောပြီးခဲ့ပြီ။ ကနေ့ ကျန်တဲ့ ရှစ်ပိုင်းပေါ့လေ သွားကြည့်ရအောင်။

## ၉။ နဝမပဗ္ဗ (ဥပါဒါန–ဥပါဒါန်ပိုင်း)

တဏှာဟောပြီးတော့ ပရိသတ်က ဘာရှိတုန်း။ ဥပါဒါန်ကို သမုဒယသစ္စာဖက်ကထားပြီးဟောမှ ကျွတ်မဲ့သတ္တဝါတွေအတွက် မြတ်စွာဘုရား တရားဦးစ လိုက်ပါတယ်။

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ “သိယာ” တိဿု ဝစနီယာ။

ချစ်သားတို့၊ အမေးအမြန်းထူပြောတဲ့ လောကကြီးထဲမှာ ဝေဒနာ စစ်ဆေးမေးတဲ့ ပုဂ္ဂိုလ်များက အရှင်ဘုရားတို့– ဆိုခဲ့ပြီးတဲ့ အပိုင်းရှစ်ပိုင်း နည်းမှတပါး အခြားနည်းနဲ့ကော ဝဋ္ဋ ဝိဝဋ္ဋ သစ္စာနှစ်ပါးကို ရှုကြည့်မှု ဆိုတဲ့ အနုပဿနာဉာဏ် မဖြစ်နိုင်ဖူးလား၊ ဖြစ်နိုင်သေးသလား မေးယင် ဖြစ်နိုင်တယ်လို့ ရဲရဲပြောလိုက်ကြ။

http://www.dhammadownload.com



ကထဉ္စ သိယာ=ဘယ်လိုဖြစ်နိုင်သလဲလို့ဆိုယင်-

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဥပါဒါနပစ္စယာတိ အယမေကာနုပဿနာ။ ဥပါဒါနာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

လို့ ဒီလိုပြောရမယ်။

ယံ ကိဉ္စိ=ခပ်သိမ်းဥသုံ အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခသည်။ သမ္ဘောတိ=ဖြစ်ပေါ်၏။ သဗ္ဗံ=ဖြစ်သမျှ ဥသုံ အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခအစုသည်။ ဥပါဒါနပစ္စယာ=ကာမုပါဒါန်, ဘဝုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန် တည်းဟူသော ဥပါဒါန်လေးပါး သမုဒယသစ္စာဟူသော အကြောင်းတရားကြောင့်။ သမ္ဘောတိ=ဖြစ်စွတကား။

ဥပါဒါန်နဲ့ သမုဒယသစ္စာကို ကိုင်ဟောမှ နှစ်သက်တဲ့ ဝေနေယျတွေ သမုဒယသစ္စာဖက်က ဘယ်လိုစဉ်းစားရမတုန်း။ ခပ်သိမ်းသော တေဘုံမက ဝဋ်ဒုက္ခဆိုတဲ့ ဒုက္ခသစ္စာတရားအစုကား တဏှာ ဒိဋ္ဌိလို့ တရားကိုယ် ကောက်ယူရတဲ့ ဥပါဒါန်လေးပါး စွဲလမ်းချက်တရားများ ကြောင့် ဖြစ်ပါတယ်-လို့ အဲဒီလို ဒုက္ခနဲ့ သမုဒယသစ္စာဖက်ကို ကြည့်။

ဒီလို ကြည့်တဲ့ နည်းအပြင် တခြားနည်းရှိသေးသလားဆိုတော့-မှန်တဲ့နည်းမှ တခြားတပါးမှားတဲ့နည်းတွေကရှိတယ်။ မှားတဲ့နည်းတွေက ဘာလဲဆိုတော့ ဒီဒုက္ခသစ္စာသည် သတ္တဝါလို့ သမုတ်ထားတဲ့ ဒီခန္ဓာ ငါးပါးဖြစ်တာကို ဗြဟ္မာဖန်ဆင်းလို့ ဗြဟ္မာကြောင့် ဖြစ်တယ်။ မဟေသရ နတ်ကြောင့်ဖြစ်တယ် စသည်ဖြင့် အကြောင်းအမျိုးမျိုး အလွဲလွဲ ပြောနေလို့ မြတ်စွာဘုရားက-မဟုတ်ဖူး၊ ဒုက္ခသစ္စာ ခန္ဓာငါးပါးဟာ ဥပါဒါန် လေးပါးတည်းဟူသော သမုဒယသစ္စာကြောင့်ဖြစ်တယ်။ ဖြစ်ပုံဘယ်လိုလဲ၊

ကာမုပါဒါန်ဆိုတာ လွယ်လွယ်ပဲကြည့်။ အာရုံ ကာမဂုဏ်

http://www.dhammadownload.com



ခုံမင်တပ်မက်စွဲလမ်းတဲ့ တဏှာလောဘဖြစ်တယ်။

အင်း…ဒါမှမဟုတ် တေဘုံမက ဝဋ်ဒုက္ခပေါ်မှာ အတ္တဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌုပါဒါန်ကြီး ဖြစ်တယ်။ ဖြစ်ပြီဆိုယင် မိမိစွဲလမ်းတဲ့ တေဘုံမက ဝဋ်ဒုက္ခ၊တဏှာအစွဲခံရ၊ဒိဋ္ဌိအစွဲခံရတဲ့ တေဘုံမက ဝဋ်ဒုက္ခကို ရရာရကြောင်း ဒုက္ခမှန်းမသိပဲနဲ့ ဘာတွေလျှောက်လုပ်တတ်တုန်းဆိုတော့ ဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ်ဆိုတဲ့ ဘဝကို တပ်မက်တတ်တယ်။ ဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ်ခေါ်တဲ့ ကမ္မဘဝကို ပြုလုပ်လို့ရှိယင် အဲဒီကမ္မဘဝ ရှိယင် အရဟတ္တမဂ်တည်းဟူသော ကုသိုလ်နဲ့သာ မပယ်ဖြတ်လို့ကတော့ သေချာ တယ်။ ဥပပတ္တိဘဝ တည်းဟူသော လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာ ဒါတွေပေါ်ဖို့ သေချာတယ်။ အကြောင်းရှိမှဖြင့် အကျိုးရတယ်။ အဲဒီလူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာပေါ်လို့ရှိယင် ဒါဒုက္ခသစ္စာကြီး ပဲ။ အဲဒါကြောင့် ဥပါဒါန်ဆိုတဲ့ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ် စွတကားလို့ အဲဒီလို ရှုတဲ့။ ဒီလိုရှုခြင်းဟာ ပဌမအနုပဿနာ။

အရဟတ္တမဂ်ဖြင့် ဥပါဒါန်လေးပါး အကြွင်းမဲ့ချုပ်လို့ရှိယင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတော့တာပဲလို့ အဲဒီလိုရှုမှုက ဒုတိယအနုပဿနာ။

ဝိပဿနာဉာဏ်ဆိုက်အောင် ကြည့်မယ် ဆိုလို့ရှိယင်တော့ ဥပါဒါန်လေးပါး သမုဒယသစ္စာတရား အစုရယ်၊ တေဘုံမက ဝဋ်ဒုက္ခဆိုတဲ့ ဒုက္ခသစ္စာ တရားအစုရယ်–ဤတရား နှစ်စုလုံးပင် ခဏဖြစ်လျက် ခဏ ပျက်၍ အနိုပ်စက်ခံရတဲ့ အခြင်းအရာ၊ အလိုမပါတဲ့အခြင်းအရာ၊ ဤသဘာဝသုံးမျိုးကြောင့် အနိစ္စကြီးပါတကား, ဒုက္ခကြီးပါတကား, အနတ္တကြီးပါတကား–လို့ အဲဒီလို ဝဋ္ဋသစ္စာနှစ်ပါးမှာ အလုပ်ဝင်ရတယ်။ ဝဋ္ဋသစ္စာနှစ်ပါးကို လက္ခဏာယာဉ် သုံးချက်တင်ပြီးတော့ ဆင်ခြင်ရတယ်။ အဲဒီကျတော့ သစ္စကမ္မဋ္ဌာန်း စီးဖြန်းတာမည်ပါတယ်။ ယင်းကဲ့သို့ ကြည့်လို့ရှိယင် အကျိုးဘယ်လိုရမတုန်းဆိုတော့–

http://www.dhammadownload.com



ဇဝံ သမ္မာ ဒွယတာနုပဿိနော ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ- ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ချစ်သားတို့၊ ဤနည်းဖြင့် ဒုက္ခသမုဒယဆိုတဲ့ ဝဋ္ဋသစ္စာ တရားအစု၊ နိရောဓ–မဂ္ဂဆိုတဲ့ ဝိဝဋ္ဋသစ္စာတရားအစု၊ ဤတရားနှစ်စုကို မှန်အောင်ရှုလေ့ရှိတဲ့ အပ္ပမာဒတရား လက်ကိုင်ထား၍၊ သမ္မပ္ပဓာန် လုံ့လထက်ထက်မြက်မြက်နဲ့ နိဗ္ဗာန်ကိုစေလွှတ်သော စိတ်ရှိပြီးတော့ ရဟန်းတရားပွားများကြိုးကုတ် အားထုတ်နေသောပုဂ္ဂိုလ်ရဲ့အဖို့ရန် အရဟတ္တ ဖိုလ်ကိုသော်လည်းကောင်း၊ သို့မဟုတ် အနာဂါမိဖိုလ်ကိုသော်လည်ကောင်း ဧကန်မချွတ်ရဖို့ အမှန်ပဲ လိုအပ်ပါတယ်။ ဧကန်ပဲ ရပါလိမ့်မယ်–လို့ မြတ်စွာဘုရားက ပါဋိကင်္ခံ–ဆိုတာက "အဝဿံ ဘာဝီ=မချွတ်ဖြစ်လတ့်" လို့ အဋ္ဌကထာများက ဖွင့်ပါတယ်။

အကျယ်ဝိတ္ထာရ စုဏ္ဏိယ စကားပြေနှစ်သက်တဲ့ ပုဂ္ဂိုလ်များအတွက် ဒီလိုဟောပြီးတော့၊ အကျဉ်းသံခေပနဲ့ ဂါထာဗန္ဓ နှစ်သက်တဲ့ ပုဂ္ဂိုလ်များအတွက်–

ဥပါဒါနပစ္စယာ ဘဝေါ၊
ဘူတော ဒုက္ခံ နိဂစ္ဆတိ။
ဇာတဿ မရဏံ ဟောတိ၊
ဧသော ဒုက္ခဿ သမ္ဘဝေါ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဥပါဒါန ပစ္စယာ=ဥပါဒါန်လေးပါး အကြောင်းတရားကြောင့်။ ဘဝေါ=ကမ္မဘဝ ဥပပတ္တိဘဝဆိုတဲ့ ဘဝနှစ်မျိုးသည်။ ဟောတိ=ပဋိစ္စသမုပ္ပါဒ် သူ့ဓာတ်သဘောအားဖြင့် ဖြစ်ပွားလေတော့၏။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ် မျက်စိနဲ့ကြည့်ယင် ဥပါဒါန်ကြောင့် ဘဝဖြစ်ပြီ။ ဘဝဖြစ်ပြီဆိုယင်–

ဘူတော=ဥပပတ္တိဘဝအား ထင်ရှားဖြစ်လာတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေခေါ်တဲ့၊ နောက်ဘဝအမျိုးမျိုးသည်။ ဒုက္ခံ=ဇာတိဒုက္ခ ဇရာဗျာဓိမရဏ ဒုက္ခအစုစုကို။ နိဂစ္ဆတိ=မြေလက်ခတ်နဲ မလွဲပုံသေ ရောက်ရချေ၏။

သတ္တဝါရယ်လို့ ဖြစ်လာ၊ ခန္ဓာရယ်လို့ ဖြစ်လာယင်တော့ဖြင့် သေချာပြီတဲ့။ ဖြစ်တဲ့အချိန် ဇာတိဒုက္ခ တကတဲ ရင်ဆိုင်တွေ့တယ်။ ဌီခေါ်တဲ့ အလယ်ပိုင်း ဇရာဒုက္ခ၊ ဘင်ခေါ်တဲ့ အဆုံးပိုင်းအချိန်မှာ မရဏဒုက္ခဖြစ်တယ်။

ဇာတဿ=ဇာတိခေါ်တဲ့ ဥပါဒ်ရှိတဲ့ တရားအစု၏။ မရဏံ=စုတိ ပြတ်ကြွေ သေလွန်ပျက်စီးခြင်းဆိုတဲ့ မရဏသဘောသည်။ ဟောတိ= ဖြစ်၏။

ဒါကြောင့် ဘုန်းကြီးတို့ နိဗ္ဗာန်အကြောင်းများပြောတဲ့အခါမှာ နိဗ္ဗာန်ဖြစ်တယ်လို့ ဘယ်တော့မှ မပြောဖူး။ ဘာပြုလို့တုန်းဆိုယင် ဖြစ်ဆိုတဲ့ စကားရဲ့ နောက်က ပျက်ဆိုတာ တခါထဲ ပါလာတာ။ အေး အဖြစ်ကို ပြောလို့ရှိယင် အပျက်က တခါထဲ အဖြစ်ရဲ့ နောက်က ပါလာတယ်။ အဲဒါကြောင့် နိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိတယ်၊ ဒီလိုပဲပြောရတယ်။ နိဗ္ဗာန်ဖြစ်တယ်လို့ မပြောရဖူး။

ဒါကြောင့် နိဗ္ဗာန် နဲ့ပတ်သက်တဲ့ ဥဒါန်းပါဠိတော်များမှာ– အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ–တဲ့။ အဲဒီလို အဇာတ အဘူတ အဖြစ်ကို ပယ်တဲ့ ဝေါဟာရတွေနဲ့ မြတ်စွာဘုရား ဟောထားတယ်။ အဲ–မဖြစ်လိုက်နဲ့၊ ဖြစ်လိုက်လို့ရှိယင် အဲဒါ သေဖို့ပြင်ရောဆိုတဲ့–

http://www.dhammadownload.com



ဇာတသ=ဇာတိဆိုတဲ့ ဥပါဒ်တရား ထင်ရှားဖြစ်ပေါ်လာတဲ့ ပုဂ္ဂိုလ် သတ္တဝါအစုဏ်။ မရဏံ=စုတိပြတ်ကြွေ သေလွန်ရခြင်းသည်။ ဟောတိ=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ရပေဏ်။ ဇသော=ဤသို့ ပဋိသန္ဓေတည်နေရခြင်း သေရခြင်းဆိုတဲ့တရားအစုသည်။ ဒုက္ခသ= သံသရာဝဋ် ဒုက္ခဏ်။ သမ္ဘဝေါ=မရပ်မနား ဖြစ်ပွား၍နေခြင်းပေ။

ဖြစ်လိုက်ပယ် ပျက်လိုက်ပယ် ဇာတိဟဲ့ ဇရာဟဲ့ ဗျာဓိဟဲ့ မရဏဟဲ့ ဖြစ်နေသမျှ ဒီတရားတွေဟာ ဒါဒုက္ခဖြစ်နေတာပဲ။ ကိုယ်ကသာ ဒါဒုက္ခအနေနဲ့ မသိတာ။ သိတော့ သိတယ်နော်၊ ဒုက္ခဒုက္ခ, သင်္ခါရ ဒုက္ခ, ဝိပရိဏာမဒုက္ခ–ဆိုတဲ့ ဒုက္ခသုံးမျိုးမယ် ဒုက္ခဒုက္ခနဲ့ ဝိပရိဏာမ ဒုက္ခကိုတော့ ကောင်းကောင်း သိကြတယ်။ ဒုက္ခဒုက္ခဆိုတာ ကိုယ်ပေါ်မှာ အပ်ကလေး စူးလို့ရှိယင် နာတယ်။ ဒါ ဒုက္ခလို့ သိတယ်။ ဝိပရိဏာမ ဒုက္ခဆိုတာ၊ ပစ္စည်းတခုခု သက်ရှိသက်မဲ့၊ ပစ္စည်းတခုခု ဖောက်ပြန် ပျက်စီးသွားယင် ဒုက္ခပဲလို့ ဒီကျတော့ ညည်းတယ်။ အဲဒါ ဝိပရိဏာမ ဒုက္ခတော့သိတယ်။ သင်္ခါရဒုက္ခမျိုးဖြစ်တဲ့ ဥပါဒ်ခဏမှာ ဇာတိမီး အနှိပ် စက်ခံနေရတယ်။ ဌီခဏမှာဇရာမီး၊ ဘင်ခဏမှာ မရဏမီး အနှိပ် စက်ခံနေရတယ်။ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်ဓမ္မတွေမှာ ဇာတိမီး ဇရာမီး မရဏမီး–ဆိုတဲ့ မီးသုံးပါး အမြဲတစေ အနှိပ်စက်ခံပြီးမှ ဒီတရား တခုတခုပျောက်သွား ချုပ်သွားရတာပဲလို့ အဲဒီလို အနှိပ်စက် ခံနေရလို့ ဒါသင်္ခါရဒုက္ခပဲလို့ အဲဒီလိုဉာဏ်အရောက်နဲ့တယ်။ အဲဒီကို ဉာဏ်ရောက်မှသာလျှင် ဒုက္ခလက္ခဏာကို ထိုးထိုးထွင်းထွင်း သိ ဖြစ်တယ်။

အိုးတလုံး ကွဲသွားလို့ ဒါအနိစ္စဟဲ့ဆိုတာ ဒါယောင်ယမ်းအနိစ္စ ခေါ်တယ်။ တစုံတခု ခိုက်မိ တိုက်မိလို့ ဒုက္ခ ဒုက္ခ ဆိုတာလဲပဲ ဒါဒုက္ခလက္ခဏာမြင်တဲ့ ဒုက္ခ မဟုတ်ပါဘူး။ ဒုက္ခဒုက္ခကို မြင်တဲ့ ဒုက္ခ၊ လက္ခဏာ ဒုက္ခကို မြင်ရာ မရောက်ဖူးနော်။ အဲဒီတော့ လက္ခဏာဒုက္ခ

http://www.dhammadownload.com



ကိုမြင်မှ, ဝိပရိဏာမဒုက္ခကို မြင်မှ, သူက ဒုက္ခဝိပဿနာဉာဏ် ဖြစ်မယ်။ ဒုက္ခဝိပဿနာဉာဏ် ဖြစ်မှသာလျှင် သူကမဂ်ဖိုလ်အား ကျေးဇူးရတယ်။ ဒါကြောင့် မြတ်စွာဘုရားက–

ဧသော ဒုက္ခဿ သမ္ဘဝေါ။

ဧသော=ဤဖြစ်သမျှ တည်သမျှ ပျက်သမျှဆိုတဲ့ ဖြစ်ခြင်း တည်ခြင်း ပျက်ခြင်းဆိုတဲ့ သဘောအစုသည်။ ဒုက္ခဿ=သံသရာဝဋ်ဒုက္ခ၏။ သမ္ဘဝေါ=မရပ်မနား ဖြစ်ပွား၍နေခြင်းပေ။

တသ္မာ ဥပါဒါနက္ခယာ၊
သမ္မဒညာယ ပဏ္ဍိတာ။
ဇာတိက္ခယံ အဘိညာယ၊
နဂစ္ဆန္တိ ပုနဗ္ဘဝံ။

တသ္မာ=ထို့ကြောင့် (ဝါ)ဖြစ်လျှင် တည်လျှင် ပျက်လျှင် ဖြစ်ခြင်း တည်ခြင်း ပျက်ခြင်းဆိုတဲ့ သဘောတွေသည်ပင်လျှင် ဒုက္ခတွေ ဖြစ်နေခြင်း ဖြစ်သောကြောင့်။ သမ္မာ=ကောင်းစွာ။ အညာယ=ဝိပဿနာဉာဏ်ပညာ, သောတာပတ္တိမဂ်ဖိုလ်, သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ် ပညာဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စဒုက္ခ အနတ္တသဘော ပိုင်းခြားထင်ထင် သိမြင်၍။ ဥပါဒါနက္ခယာ=ဥပါဒါန်လေးပါး ကုန်ခန်းခြင်း ဟူသော အကြောင်းကြောင့်။ ဇာတိက္ခယံ=ဇာတိ၏ကုန်ရာ ဇာတိက္ခယ နိဗ္ဗာန်ကို။ အဘိညာယ=အရဟတ္တဖိုလ်ပေါက် အောင်အောင်မြောက်မြောက်ရရောက်ရသည်ရှိသော်။ ပုနဗ္ဘဝံ= တဖန် ဘဝသစ်သို့။ န ဂစ္ဆန္တိ=မလာ: မရောက်ကြ ရတော့ကုန်။

ဒါတွေဟာ ဆင်းရဲ ဒုက္ခတွေပဲ။ တေဘူမက ဝဋ်ဒုက္ခ။ အဲသည်လို သိပြီးတော့ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်

http://www.dhammadownload.com



ဖန်များလို့ရှိယင် အောက်မဂ်ဉာဏ်သုံးပါးဖြင့် ထိုဥပါဒါန်တည်းဟူသော သမုဒယသစ္စာ၊ ဥပါဒါန်ကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာ– ဤသစ္စာနှစ်ပါးကို ပိုင်းပိုင်းခြားခြား ထိုးထိုးထွင်းထွင်း သိလာရော။ သိလာယင် ဥပါဒါန်ဆိုတဲ့ တဏှာဟာ ကွာသွားတယ်၊ ကုန်သွားတယ်။ အဲဒီလို ဥပါဒါန်ကုန်ယင် ဓာတိက္ခယဖြစ်သော နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် အောင်အောင်မြောက်မြောက်ကြီး မြင်ရော။ မြင်ပြီဆိုလို့ရှိယင် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်မြင်ရတဲ့ သတ္တဝါဟာဖြင့် နောက်တဖန် **ဘဝပဋိသန္ဓေ** မတည်နေတော့ဖူး။ ဘဝပဋိသန္ဓေ မတည်နေဖူးဆိုတာ **အနုပါဒါပရိနိဗ္ဗာန်** ဝင်စံချုပ်ငြိမ်း ဘုံဓာတ်သိမ်းသွားတယ်–လို့ ဒီလို ဆိုလိုပါတယ်။ အဲဒီလို ဒေသနာနိဂုံး ဆုံးလိုက်ယင်

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဒီဥပါဒါန်ပိုင်း တပိုင်းကုန်တဲ့ အဆုံးမှာလဲပဲ ရဟန်းတော် ခြောက်ကျိပ် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူကြတယ်။ တပိုင်း ပြီးသွားပြန်ပြီ။

### ၁၀။ ဒသမပဗ္ဗ (အာရမ္ဘပဗ္ဗ–အာရမ္ဘပိုင်း)

သမုဒယသစ္စာဖက်က အာရမ္ဘခေါ်သော ကံနဲ့ ယှဉ်ဖော် တွဲဖက် ဝီရိယကိုမှ အကြောင်းအနေနဲ့ မြင်နေတဲ့ အဇ္ဈာသယဓာတ်ခံရှိတဲ့ ရဟန်းတော်များအတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ကထံ စ သိယာ ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာတိ အယမေကာနုပဿနာ။ ကဿ အာရမ္ဘာနံ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

ကိုမှ မြတ်ခြင်း စ သေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ “သိယာ” တိဿု ဝစနီယာ။

ချစ်သားတို့ လောကမှာ မေးမြန်းတတ်တဲ့ ပုဂ္ဂိုလ်များက ဥပါဒါနပဗ္ဗနည်းနဲ့ မဟုတ်ပဲ၊ အခြား တနည်းနည်းနဲ့ကော ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာ နှစ်ပါးရှုလို့ ဖြစ်နိုင်သလား မေးယင်၊ ဖြစ်နိုင်တယ်–လို့ပြော။

http://www.dhammadownload.com



ကထဥ္စ သိယာ=ဘယ်လိုဖြစ်နိုင်သလဲလို့များ ဆက်မေးလို့ရှိယင်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ အာရမ္ဘပစ္စယာတိ အယမေကာ နုပဿနာ။ အာရမ္ဘာန တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

လို့ ဒီလို ပြန်ပြောရမယ်။

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ=ဖြစ်သမျှသော အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခအစုဟာဖြင့်။ သဗ္ဗံ အာရမ္ဘပစ္စယာ=အကုန်လုံး ကမ္မသဟာယဖြစ်တဲ့ လုံ့လဝီရိယဟူသော အကြောင်းကြောင့်။ သမ္ဘောတိ= ဖြစ်စွတကားလို့။

ဒုက္ခသစ္စာဂိုဏ်းဝင် သင်္ခါရတရားအစုဟာဖြင့် ကံ၏ အဖော်သဟဲ ကံနှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ လုံ့လဝီရိယကြောင့် ဖြစ်စွတကား။ သမုဒယ သစ္စာကြောင့် ဖြစ်တာပဲလို့ အဲဒီလိုရှုယင်လဲ အမှန်ရှုတဲ့ တပိုင်းဖြစ်တယ်။ ဒုက္ခသစ္စာ သမုဒယသစ္စာဆိုတဲ့ ဝဋ္ဋသစ္စာတွေကို ဒီနည်းနဲ့လဲ ရှုနိုင်တယ်။

အာရမ္ဘာနံ တွေဝ=ကမ္မသဟာယ လုံ့လဝီရိယတည်းဟူသော အာရမ္ဘ တရားတို့၏သာလျှင်။ အသေသ ဝိရာဂ နိရောဓာ=အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော အကြောင်းကြောင့်။ ဒုက္ခဿ=စက် သံသာရ ဝဋ်ဒုက္ခ၏။ သမ္ဘဝေါ=အသစ်တဖန် ဖြစ်ပြန်ခြင်းသည်။ နတ္ထိ= မရှိစွတကား။ အယံ=ဤသို့ရှုကြည့်ခြင်းသည်။ ဒုတိယာနုပဿနာ= နှစ်ခုမြောက် ဝိဝဋ္ဋသစ္စာနုပဿနာပေ။

အာရမ္ဘချုပ်ခေါ်တဲ့ ကမ္မသဟာယ လုံ့လဝီရိယများ ချုပ်လျှင် ဒုက္ခချုပ်စွတကားလို့ အဲဒီလို ရှုကြည့်ခြင်းဟာ ဝိဝဋ္ဋသစ္စာနုပဿနာ– ဒုတိယသစ္စာနုပဿနာ ဖြစ်တယ်။ အဲဒီလို ကြည့်တာက တကြိမ်တင် ကြည့်ရမှာ မဟုတ်ဘူးနော်။ အကြိမ်ကြိမ် အဖန်ဖန် ကြည့်ရမှာ။ အနုပ ဿနာဆိုတာ။ အနု=အဖန်ဖန်။ ပဿနာ=ရှုကြည့်ခြင်း–ဆိုတဲ့ အတိုင်း

http://www.dhammadownload.com



ဟာ...သိပြီး တော်ရောပေါ့ ဒီလိုမရဖူး။ ဒီဓမ္မသဘောရှုမှု- အနုပဿနာ ရှုမှုဆိုတာ မဂ်ဖိုလ်မပေါ်မချင်း ရှုစရာ။ အဲဒီလို ရှုလို့ရှိယင် ဘာအကျိုး ရတုန်း-

ဇဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟာရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ -ဒိဋ္ဌေဝဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ချစ်သားတို့- ဤကဲ့သို့ အာရမ္မဏကို သမုဒယသစ္စာ၌ ဖော်ပြ၍၊ ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါး တမျိုးရှု။ နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးကို ဝိဝဋ္ဋအနေနဲ့ ဒုတိယမြောက် ရှုလေ့ရှိသော၊အပ္ပမာဒတရားလက်ကိုင်ထား၍ သမ္မပ္ပဓာန်လုံ့လမလျှော့သော နိဗ္ဗာန်သို့ စေလွှတ်သောစိတ်နဲ့ `ရဟာန်း တရား ပွားများကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ အဖို့ရန် ဤပစ္စုပ္ပန် ဘဝမှာပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ သို့မဟုတ် အနာဂါမိဖိုလ်ကို ဖြစ်စေ ရရောက်ဖို့ရန် ဧကန်မချွတ် ဖြစ်ပါလိမ့်မယ်လို့။ အဲဒီလို စုဏ္ဏိယ စကားပြေနဲ့ ဟောပြီးတဲ့နောက် ဂါထာဗန္ဓနဲ့ အကျဉ်းချုပ် နှစ်သက်တော် ်မူကြတဲ့ ပုဂ္ဂိုလ်များအတွက်-

> ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
> သဗ္ဗံ အာရမ္ဘပစ္စယာ။
> အာရမ္ဘာနံ နိရောဓေန၊
> နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

ဒါရှုပုံ ဟောပါတယ်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ=ဖြစ်သမျှဥဿုံ အလုံးစုံသော တောဘုံ မက ဝဋ်ဒုက္ခတရားအစုသည် ရှိ၏။ သဗ္ဗံ=အလုံးစုံသော တောဘုံမက

http://www.dhammadownload.com



ဝဋ်ဒုက္ခ တရားအစုသည်။ အာရုပ္ပပစ္စယာ=ကံ၏ အဖော်သဟဲ ကံနဲ့ယှဉ်ဖော် ယှဉ်ဘက်ဖြစ်တဲ့ လုံ့လဝီရိယဟူသော အကြောင်းကြောင့်။ သမ္ဘော တိ=ဖြစ်စွတကား။

အဲဒီလို ရှုခြင်းက ဒုက္ခနဲ့ သမုဒယသစ္စာကိုရှုတဲ့ အနုပဿနာ တပိုင်းတဲ့။

အာရမ္ဘာနံ=ကံ၏ အဖော်သဟဲ ကံနဲ့ယှဉ်ဖော်ယှဉ်ဘက် လုံ့လဝီရိ ယတို့၏။ နိရောဓေန=အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ=စက်သံသာရ ဝဋ်ဒုက္ခ၏။ သမ္ဘဝေါ=အသစ်တဖန် ဖြစ်ပွားခြင်းသည်။ နတ္ထိ=မရှိစွတကား။

အဲဒီလို ရှုတာက ဒုတိယအနုပဿနာ ဝိဝဋ္ဋသစ္စာနုပဿနာလို့ ခေါ်တယ်။

ဧတမာဒီနဝံ ဉတွာ၊
ဒုက္ခံ အာရမ္ဘပစ္စယာ။
သဗ္ဗာရမ္ဘံ ပဋိနိဿဇ္ဇ၊
အနာရမ္ဘေ ဝိမုတ္တိနော။

အာရမ္ဘပစ္စယာ=ကမ္မသဟာယ လုံ့လ ဝီရိယ ဟူသော အကြောင်း ကြောင့်။ သမ္ဘဝန္တံ=ဖြစ်သော။ ဒုက္ခံ=ဒုက္ခတရား အစုဟူသော။ ဧတံ အာဒီနဝံ=ဤအပြစ်ဒေါသ အာဒီနဝကို။ ဉတွာ=ယထာဘူတ သဘာဝ ဉာဏ်ကို အမှန်အတိုင်း သိမြင်အောင်ကြိုးကုတ် အားထုတ်လေ။ ဉတွာ=သိမြင်အောင်ကြိုးကုတ် အားထုတ်လတ်သည်ရှိသော်။ သဗ္ဗာရမ္ဘံ= အလုံးစုံသော ကမ္မသဟာယ လုံ့လဝီရိယမျိုးကို။ ပဋိနိဿဇ္ဇ- ပဋိနိဿဇ္ဇ သတိ=စွန့်နိုင်လိမ့်မည်။

အဓိပ္ပါယ်က ဤနည်းကိုသာ ကြပ်ကြပ်ရှုယင် ဝဋ္ဋဂါမိကံနဲ့ အဖော်သဟဲဖြစ်တဲ့ လုံ့လဝီရိယတွေ မိမိမပြုပဲ ရှောင်လိမ့်မယ်။ ဆိုကြ

http://www.dhammadownload.com



ပါစို့–ဒုက္ခနဲ့ သမုဒယကိုပေါ့လေ။ ဒုက္ခမှန်း အပြစ်မှန်း ခိုရာကိုးရာ မရှိတဲ့ အာဒီနဝ တရားတွေပါတကားလို့ သိလာပြီဆိုတဲ့၊ အဲဒီဒုက္ခဖြစ်အောင် ဒုက္ခသမုဒယဖြစ်အောင် အားမထုတ်တော့ဖူး။ အဲဒီလို အားမထုတ်ယင် ဘာဖြစ်သလဲဆိုတော့–

အနာရမ္ဘေ=ကံနဲ့အဖော်သဟဲ ကံနဲ့ယှဉ်ဖော်ယှဉ်ဘက်ဖြစ်တဲ့ ဝဋ္ဋဂါမိ ကုသိုလ် အကုသိုလ် လုံ့လ ဝီရိယ၏ကင်းရာ နိဗ္ဗာန်ပရမတ်၌။ ဝိမုတ္တိနော=သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် တကြိမ် ညွတ်လိုက် နှလုံးသွင်းလိုက်၊ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်တကြိမ်၊ အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်၊ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဤကဲ့သို့ လေးပါးသော မဂ်ဉာဏ် လေးပါးသောဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော အနာရမ္ဘတရား၌ စိတ်ညွှတ်ပြီဆိုလို့ရှိယင်ဖြင့်–

ဥစ္ဆိန္န ဘဝတဏှာဿ၊
သန္တ စိတ္တဿ ဘိက္ခုနော။

ဥစ္ဆိန္န ဘဝတဏှာဿ=ဘဝတဏှာ အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်ပါရောတဲ့။ နိဗ္ဗာန်တည်းဟူသော အနာရမ္ဘတရားကို မဂ်ဖိုလ် မဂ်ဖိုလ် အစုံလေးချက်ဖြင့် ထိထိရောက်ရောက် မျက်မှောက်ပြုကာ ညွှတ်လိုက် ရယင် ဘဝတဏှာပြတ်သွားပြီတဲ့။

ဥစ္ဆိန္န ဘဝတဏှာဿ=ဘဝတဏှာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန် ဖြတ်တောက်ပြီး ဖြစ်သောကြောင့်။ သန္တ စိတ္တဿ=ကိလေသာ ခပ်သိမ်းမှ ငြိမ်းအေးသော စိတ်ရှိသော။ ဘိက္ခုနော=ရဟန်းအတွက်ကား။

ဝိက္ခီဏော ဇာတိသံသာရော၊
နတ္ထိ တဿ ပုနဗ္ဘဝေါ။

ဇာတိသံသာရော=ပဋိသန္ဓေ တည်နေရခြင်းဆိုတဲ့ သံသရာဝဋ်ဒုက္ခ ကြီးသည်။ ဝိက္ခီဏော=အကြွင်းမဲ့ ကုန်ခန်းလေပြီ။

http://www.dhammadownload.com



ရဟန္တာဖြစ်သွားပြီဆိုယင် ဇာတိသံသရာ၊ ဇရာသံသရာ၊ မရဏ သံသရာဆိုတဲ့ သံသရာကြီးဟာ ကုန်သွားခန်းသွားရော။

တဿ=ထိုရဟန္တာသခင် အရှင်မြတ်အား။ ပုနဗ္ဘဝေါ=တဖန် ဘဝသစ်ဝယ် ဖြစ်ရခြင်းသည်။၊ နတ္ထိ=တစိုးတစိ မရှိတော့ချေ။

တဖန်ဘဝသစ်၌ အသစ်တဖန် ရုပ်နာမ်ခန္ဓာတို့ မဖြစ်သော ချုပ်ခြင်း ငြိမ်းခြင်း အနုပါဒါပရိနိဗ္ဗာန်နဲ့ ဒေသနာနိဂုံးသိမ်းလိုက် လျှင်ပဲ ရှေးနည်းအတူ ခြောက်ကျိပ်သော ဥပါဒါန်နဲ့ သမုဒယသစ္စာကို နှစ်သက်တော်မူကြတဲ့ အရှင်မြတ်များ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားတယ်။

## ၁၁။ ဧကေဒသမပဗ္ဗ (အာဟာရပဗ္ဗ–အာဟာရပိုင်း)

ဒီပရိသတ်အထဲမှာ အာဟာရလေးပါးကို သမုဒယသစ္စာ အရာ ထားပြီး ဟောမှ အရဟတ္တမဂ် အရဟတ္တဖိုလ် ပေါက်မဲ့ ရဟန်းတော်များ အတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိစေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

စောဒနာ စစ်ဆေး မေးမြန်းတတ်တဲ့ ပုဂ္ဂိုလ်များက အာရုဗ္ဗပဗ္ဗ အာရုဗ္ဗအပိုင်းမှ တခြားတမျိုးသော နည်းနဲ့ကော ဒုက္ခ–သမုဒယဆိုတဲ့ ဝဋ္ဋသစ္စာနှစ်ပါးကို ရှုကြည့်မှု၊ နိရောဓ–မဂ္ဂဆိုတဲ့ ဝိဝဋ္ဋသစ္စာနှစ်ပါးကို ရှုကြည့်မှု မဖြစ်နိုင်ဖူးလား။ ဖြစ်နိုင်ပါသေးသလားလို့ မေးယင် ဖြစ်နိုင်ပါတယ်လို့ ရဲရဲတောက်ကြီး ဖြေလိုက်ကြ။

ကထဉ္စ သိယာ=ဘယ်ပုံဘယ်ပန်း ဖြစ်နိုင်သလဲလို ဆိုယင်–

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ အာဟာရပစ္စယာတိ အယ မေကာနုပဿနာ။

http://www.dhammadownload.com



ယံ ကိဉ္စိ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ ဒုက္ခံ=တေဘူမက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာသည်။ သမ္ဘောတိ=မရပ်မနား ဖြစ်ပွား၍ နေ၏။ သဗ္ဗံ=အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခအစုသည်။ အာဟာရ ပစ္စယာ=အာဟာရလေးပါး သမုဒယသစ္စာ အကြောင်းတရားကြောင့်။ သမ္ဘောတိ ဝတ=ဖြစ်စွတကားလို့။ အယမေကာနုပဿနာ= အဲဒီလိုရှုခြင်း ဟာတဲ့ ဝဋ္ဋသစ္စာ နှစ်ပါးကို အမှန်ရှုခြင်းပဲတဲ့။

အာဟာရာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

အာဟာရာနံ တွေဝ အသေသဝိရာဂနိရောဓာ=အာဟာရလေးပါး တို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းမှုဟူသော အကြောင်းကြောင့်။ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ=ဆင်းရဲဒုက္ခ တစိုးတစိမျှ ဖြစ်ခြင်း မရှိတော့ချေတကားလို့။ ဣတိ အယံ=ဤသို့ ရှုကြည့်ခြင်းသည်။ ဒုတိယာ နုပဿနာ=နှစ်ခုမြောက် ဝိဝဋ္ဋသစ္စာကို ရှုကြည့်ခြင်း အနုပဿနာ ပါပေ–လို့ ဒီလိုနှစ်ပိုင်းထားပြီးတော့ ရှု–တဲ့။

သို့သော် ဘုန်းကြီးတို့ ရှုရမဲ့ တစ်နံပတ်ကတော့ ဝဋ္ဋသစ္စာကိုပဲ ရှုရပါတယ်။ လူတွေ နတ်တွေ ဗြဟ္မာတွေခေါ်တဲ့ ဒီသတ္တဝါတွေဟာ တကယ်ဆိုတော့ ဒုက္ခတရားတွေပဲ နော်။ အဲဒီ ဒုက္ခသစ္စာဆိုတဲ့ ဥပါဒါ နက္ခန္ဓာမည်တဲ့ လူရဲ့ ဥပါဒါ နက္ခန္ဓာ၊ နတ်ရဲ့ ဥပါဒါနက္ခန္ဓာ၊ ဗြဟ္မာရဲ့ ဥပါဒါနက္ခန္ဓာဖြစ်တာဟာ ဘာကြောင့်ပါလိမ့်။ အကြောင်းသမုဒယသစ္စာ လိုက်ရှာတော့ အာဟာရလေးပါး အကြောင်း သမုဒယသစ္စာကို သွား တွေ့လိမ့်မယ်–တဲ့။

လူ့ပြည် နတ်ပြည်ဆိုတဲ့ ဒီကာမဘုံမှာဖြင့် ကဗဠီကာဟာရဟာ အကြီးဆုံးသော အကြောင်းပဲ့။ ဒုက္ခသစ္စာ ခန္ဓာကြီး အသက်ရှင်နေဖို့ရန် အတွက် ဒီကဗဠီကာဟာရ ရှာပြီးတော့ နေ့တိုင်း ကျွေးနေရတာ။

http://www.dhammadownload.com



နေ့တိုင်း ကျွေးလို့လဲပဲ သန္တာန်ဆက်ပြီးတော့ ရက်မှ လကူး၊လမှ နှစ်ကူး၊ နှစ်မှာလဲပဲ ခုမှ ဆယ်၊ ဆယ်မှ ရာ–အဆင့်ဆင့်ကူးပြီးတော့ ဒီဒုက္ခသစ္စာ ခန္ဓာကြီး ရှည်ရှည်နေခြင်း အကြောင်းကို ကြည့်လိုက်လို့ရှိယင် လူ့ပြည် နဲ့ နတ်ပြည်အတွက်ကြည့်ယင် အာဟာရ ကဗဠီကာဟာရဟာ အကြောင်းရင်းပဲ။

ဟို ရူပါ၀စရ ဗြဟ္မာပြည်ကျတော့ အစာ ထမင်းရယ်လို့ မရှိဖူး။ နတ်သြဇာ ဗြဟ္မာ့သြဇာလို့ မရှိဖူး။ နတ်သြဇာသာရှိတယ်၊ ဗြဟ္မာပြည်မှာ သြဇာရယ်လို့ မရှိပါဖူး။ ဒါဖြင့် သူတို့ဟာ အာဟာရကို သုံးစွဲနေတုန်းဆိုတော့ ဖဿာဟာရ–ဈာန်နဲ့ယှဉ်တဲ့ ဖဿတည်းဟူသော နာမ်အတွေ့ကို သူတို့စားသုံးနေတယ်။ ရူပါ၀စရဗြဟ္မာတွေ။

ပြီးတော့ အသညသတ်ဗြဟ္မာတွေနဲ့ အရူပါ၀စရဘုံမှာ အောက်ဆုံးဘုံကရှိတဲ့ ဗြဟ္မာတွေဟာ ဝိညာဏတနာဟာရကြောင့် သူတို့ခန္ဓာကိုယ်တွေဟာ မျှတနေတာတဲ့။ (မှတ်ဖို့ပဲ)

နေ၀သညာနာသညာယတနဆိုတဲ့ အထက်ဗြဟ္မာဘုံကျတော့ မနောသဉ္စေတနာဟာရနဲ့ မျှတနေတာတဲ့။ အဲဒီလို ရှိပါတယ်။ သလောက်ပဲ ပြောကြပါစို့။ ကျပ်ကျပ်ပြောလို့ရှိယင် တော်တော်ကြာတော့ ဟင်ထိုးသွားတတ်တယ်။ ခက်တာက ဘုန်းကြီးမှာ ပုထုဇဉ်အများ သူငါကျေနပ်နေတာက လူ့ပြည်နဲ့ နတ်ပြည်ပဲ။ ဘုံခန်းတွေ ရေးထားတာများ ကြည့်စမ်း။ ရေးထားတာကြည့်ယင် လူ့ပြည်မှာ လူ့စည်းစိမ် မင်းစည်းစိမ်, ပဒေသရာဇ်, ဧကရာဇ် စည်းစိမ်၊ ဘုံတွေရေးထားယင် မျက်လုံးနဲ့ အားမရတော့ပေါ့လေ။ မျက်လုံးနဲ့ကြည့်တာ မလောက်တော့ ပါးစပ်တောင်ဟာကြည့်တယ်။ ဒါလူ့ပြည်က လူ့စည်းစိမ်တွေကျတော့ မျက်စိနဲ့ကြည့်လို့ အားမရဖူး၊ မ၀တော့ ပါးစပ်နဲ့ ဟာကြည့်တယ်။

http://www.dhammadownload.com



ဟိုဘက်နား ရူပါဝစရဗြဟ္မာဘုံဆိုလိုက်လို့ရှိယင် ခပ်ခြောက်ခြောက် ဖြစ်သွားတယ်။ ဗြဟ္မာဘုံဆိုတာကလဲ ရေးရမှာကိုက ဖြူဖြူစင်စင်ကို၊ အဝတ်အစားကလဲ ဖြူဖြူစင်စင်ဆိုတော့ နတ်ပြည်က နတ်တွေ သိကြားတွေလောက် ပုထုဇဉ်မျက်စိက တယ်ကြည့်မကောင်းဖူး။

ရူပါဝစရဘုံ ဟိုဖက်နားက အရူပါဝစရဘုံခန်းကြည့်လိုက်လို့ရှိယင် ဟင်ထိုးပြီ။ ဘယ်မလဲ သတ္တဝါ အရူပဗြဟ္မာ။ ရှေ့ကပြတဲ့ ဦးဇင်းက အဲဒီဘုံထဲမှာ ရှိတာဗျ ပြောရတယ်။ လိုက်တဲ့လူက မယုံဖူးနော်။

အဲဒီ အရူပဗြဟ္မာဘုံကျော်လို့ ဟိုဖက်နိဗ္ဗာန်ဆိုတဲ့အနေနဲ့သာ ပန်းချီ ဆေးရေးကားနဲ့ နိဗ္ဗာန်ရေးရမယ်ဆိုယင် အလင်းဓာတ်ကြီးတခု ရေးထားရတယ်။ ဟောဒါ နိဗ္ဗာန်ပဲဗျ လို့ပြောယင် လိုချင်ပါဖူး ပြောမှာပဲ။ ဘာမှလဲ စားစရာ ကြည့်စရာ နားထောင်စရာလဲ မရှိဖူး ပြောမှာပဲ ဟုတ်လား။ အဲဒီတော့ ဒီအထက်ရောက်လေ ရောက်လေ သူ့ဟာက ဓမ္မသဘောကပေါ့လေ မလိုချင်စရာ ကောင်းသလိုလို ဖြစ်နေတယ်။ အမှန်ကတော့ ခန္ဓာငါးပါးတည်းဟူသော ရုပ်နာမ်တရား မဖြစ်တဲ့ ချမ်းသာနဲ့ ဖြစ်တဲ့ချမ်းသာ အင်မတန် ကွာတယ်နော်။ ခန္ဓာငါးပါး မပြောနဲ့ပေါ့လေ။ ခန္ဓာတပါးရဲ့ မဖြစ်မှု ချမ်းသာနဲ့ ဖြစ်မှုချမ်းသာကို လက်တွေ့စဉ်းစားကြည့်ရအောင်။

ပုဂ္ဂိုလ်တယောက်သည် ဖျားတယ် နာတယ် မျက်စိနာတယ် နားကိုက်တယ် သွားကိုက်တယ်–ဆိုတဲ့ သဘောတခုခုပေါ့လေ။ လူတိုင်းလူတိုင်းမှာ ရောဂါတခုခုတော့ ဖြစ်ဖူးတယ်။ ဒါကိုပြန်စဉ်းစားကြည့်ယင်၊ ရောဂါဖြစ်တယ်ဆိုတာ အဲဒီဖြစ်ရာဌာနမှာ ဓာတ်ခြောက်ခြားတဲ့ ဓာတုဇော်ဘာရုပ်တွေ ရူပက္ခန္ဓာတွေ ဖြစ်နေတာ။ ဓာတုဇော်ဘာ ရူပက္ခန္ဓာတွေ မရပ်မနား တစစနဲ့ ဖြစ်နေသလောက် ဆင်းရဲဒုက္ခရောက်နေတယ်။ ကြည့်ထားနော်။ အဲဒီ ဓာတုဇော်ဘာရုပ်တွေ မဖြစ်တော့ဖူး။

http://www.dhammadownload.com



သန္တာန်ပြတ်သွားပြီ မဖြစ်တော့ဖူးဆိုယင် အဲဒီမဖြစ်တာလေးက အင်မတန် သက်သာတာပဲ။ မဖြစ်ယင် သက်သာတာပဲ၊ ချမ်းသာတာပဲ။ အဲဒီ မဖြစ် သလောက်ဟာ သက်သာ ချမ်းသာနေတာ လေးလေးနက်နက် တွေးကြည့် ပေါ့။ ထို့အတူပဲ ဓာတုက္ခောဘရုပ်တွေ ဖြစ်နေသလောက် ဆင်းရဲပြီး တော့ မဖြစ်ယင် မဖြစ်သလောက် ချမ်းသာတယ်–ဆိုတဲ့ အဲဒီ သုခကို တခုထား။

လျှာပေါ်မှာ အင်မတန်နှစ်သက်တဲ့ အရသာလေးတခု တင်ပြီး တော့ ထားကြည့်လို့ သာယာလို့ ချိုမြိန်လို့ ကောင်းမြတ်လို့ ဖြစ်တဲ့ သုခဝေဒနာ ပေါ့လေ၊ စေတသိက သုခဝေဒနာပါ၊ လျှာပေါ်မှာတော့ တကယ်မဖြစ်ပါဖူး။ဟဒယဝတ္ထုပေါ်မှာသုခဝေဒနာဖြစ်တာပါ။ သို့သော် လျှာပေါ်က အကြောင်းပြုပြီးဖြစ်တဲ့ သုခဝေဒနာလေး ထားပါတော့။ ငါးမိနစ် ဟိုဖက်သန္တာန်ဆက်၍တော့ ဘယ်နည်းနဲ့မှ မတည်နိုင်ဖူး။ ငါးမိနစ်လောက်ကြာယင် ပျောက်သွားပြီ။ ဒီသုခ ဘာလို့တုန်းဆိုတော့ အဲဒီသုခက ဖြစ်တဲ့သုခကိုး။ ဥပါဒ်ရှိတဲ့ သုခသည် ဥပါဒ်ပြီး ဌီ၊ ဌီပြီးယင် ဘင်တခါထဲ ပျက်သွားတယ်။ အဲဒါကြောင့် ဝေဒယိတသုခ ဆိုကြပါစို့၊ ဝေဒယိတသုခဟာ ဘင်ကျတော့ တခါထဲ ပျောက်တာပဲ။

အဖြစ်သုခ။ အဖြစ်သုခသည် အင်မတန် တိုတောင်းတယ်။ မဖြစ်သော သုခ။ မဖြစ်ခြင်း သုခသည် မဖြစ်သမျှ သုခ ဖြစ်နေတာပဲတဲ့။ သက်သာနေတာပဲတဲ့။ ဒါကြောင့် သန္တိသုခနဲ့ ဝေဒယိတသုခ– ဆိုတဲ့နေရာ တကဲ့နိဗ္ဗာန်တည်းဟူသော ပရမတ္ထသုခကြီး မပြောနဲ့။။ဒုက္ခရောဂါရုပ်များရဲ့ မဖြစ်မှု ငြိမ်းအေးမှုတည်းဟူသော သန္တိသဘောလေးကိုပဲ ပြန်တွေး ကြည့်စမ်း။ ဘယ်လောက်ချမ်းသာတုန်း။ မဖြစ်သလောက် ချမ်းသာနေ တာပဲနော်။ မတော်တဆ ပြန်ဖြစ်ယင် ဒုက္ခ ရောက်လာပြန်ရော။

http://www.dhammadownload.com



ခန္ဓာငါးပါး မဖြစ်ဖူးဆိုတာ အဲဒီရောဂါရုပ်ကြီး မဖြစ်တာနဲ့ တူသဗျာ။ ရောဂါရုပ်ကြီး မဖြစ်ယင် ချမ်းသာသလိုပဲ ခန္ဓာငါးပါးမဖြစ်ပြီဆိုယင် အရိယာသူတော်ကောင်းတွေကတော့ ချမ်းသာနေတာပဲ။ မဖြစ်တာ မရှိတာကိုပင်လျှင် ပုထုဇဉ်အနေနဲ့ကတော့ ဟင် ထိုးပြီး နောက်ပြန်ဆုတ်သွားတတ်တယ်။ဖြစ်တာမှ ကိုယ်က ကြိုက်နေတာကိုး။ ကိုယ်က သဘောကျနေတာကိုး။ မဖြစ်တာတော့ကိုယ်ကသဘောမကျဖူး။

အဲဒါကြောင့် အစ အာဟာရလေးပါးကြောင့် ဘုံသုံးပါးမှာ ဆိုင်ရာ ခန္ဓာတွေ ဖြစ်နေတယ်။ ဒုက္ခသစ္စာတွေ ဖြစ်နေတယ်။ အဲဒီလို ကြည့်ခြင်း က ဝဋ္ဋအနုပဿနာတဲ့။ အာဟာရလေးပါး ချုပ်ငြိမ်းခြင်းကြောင့် တေဘုံမက ဝဋ်ဒုက္ခ ချုပ်ငြိမ်းတယ်လို့ အဲဒီလို ကြည့်ခြင်းက ဝိဝဋ္ဋအနုပဿနာ။

အဲသည်လို ကြည့်ပြီဆိုလို့ရှိယင် မျက်မှောက်ဘဝမှာ အရဟတ္တဖိုလ်သော်လည်းကောင်း ရောက်၍ ဘဝဇာတ်သိမ်းရလိမ့်၊ သို့မဟုတ် အနာဂါမိဖိုလ်ကိုသော်လည်းကောင်း ရောက်၍ ကာမဘုံနဲ့ အပြတ်အစဲ ဖြစ်ရလိမ့်မယ်တဲ့။ ဤကား စုဏ္ဏိယစကားပြေ နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေ အတွက် ဟောပြီးတော့ ဂါထာဗန္ဓ နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေအတွက်–

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
သဗ္ဗံ အာဟာရပစ္စယာ။
အာဟာရာနံ နိရောဓေန၊
နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

လို့ ရှုပံုဂါထာနဲ့ ဟောပါတယ်။

ဖြစ်သမျှသော အလုံးစုံသော ဒုက္ခတရားအစုသည် အာဟာရလေးပါး တည်းဟူသော အကြောင်းကြောင့် ဖြစ်စွတကား။ ဒါ ပထမနှစ်ပိုဒ်ရှေ့ဂါထာဝက်က။

http://www.dhammadownload.com



အာဟာရအကြောင်းတရား လေးပါးတို့၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းဟူသော အကြောင်းကြောင့် တောဘုံမက ဝဋ်ဒုက္ခတည်းဟူသော ဒုက္ခသစ္စာတရားတို့ ဖြစ်ပွားမှု မရှိပါတကား။ ဤကား ဒုတိယအနုပဿနာ။ ဒီအတိုင်းရှု၊ စိတ်နဲ့ပဲ အောက်မေ့ အောက်မေ့၊ နှုတ်နဲ့ပဲဆိုဆို။

ဧတမာဒီနဝံ ဉတွာ၊
ဒုက္ခံ အာဟာရပစ္စယာ။
သဗ္ဗာဟာရံ ပရိညာယ၊
သဗ္ဗာဟာရမနိဿိတော။

ဒါက အလုပ်ခန်း။

အာဟာရပစ္စယာ=အာဟာရဟူသော အကြောင်းကြောင့်။ ဒုက္ခံ= တောဘုံမက ဝဋ်ဒုက္ခအစုဖြစ်၏။ ဣတိ=ဤသို့။ ဧတံ အာဒီနဝံ=ဤ တောဘုံမက ဝဋ်ဒုက္ခတည်းဟူသော အပြစ်တရားအစုကို။ ဉတွာ=ယထာ ဘူတ သဘာဝအသိဉာဏ်ဝယ် အမှန်အတိုင်း သိမြင်အောင် ကြိုးစား အားထုတ်လေ။ ဉတွာ=သိမြင်အောင်ကြိုးကုတ် အားထုတ်လတ်သည် ရှိသော်။ သဗ္ဗာဟာရံ=အလုံးစုံသော အာဟာရလေးပါး၌ လိုက်စားတွယ် တာတဲ့ တဏှာလောဘကိုလည်းကောင်း၊ အာဟာရလေးပါးကို လည်း ကောင်း။ ပရိညာယ=ပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်ပါ လိမ့်မည်။

ဆိုကြပါစို့ရဲ့၊ အာဟာရတည်းဟူသော သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ဒီတရားနှစ်ပါးကို အနုပဿနာရှုလို့ရှိယင် တော်တော်ကြာကြာတော့ အလုံးစုံသော အာဟာရလေးပါး၊ အဲဒီအာဟာရလေးပါးကြောင့် ဖြစ်တဲ့ အာဟာရလေးပါးပေါ်မှာ လိုက်စားတွယ်တာတဲ့ တဏှာလောဘ၊ အဲဒီ တရားတွေကို ဉာတ, တီရဏ, ပဟာန-ဆိုတဲ့ ပရိညာသုံးပါးနဲ့ ပိုင်း သိပါလိမ့်မယ်။ အဲဒီ သိလာပြီဆိုယင်-

http://www.dhammadownload.com



သဗ္ဗာဟာရံ=အလုံးစုံသော အာဟာရလေးပါးကို။ အနိဿိတော= ငါ, ငါ့ဥစ္စာဟူ၍ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် အမှီမရှိလတ်သည်ရှိသော်။

အာရောဂျံ သမ္မဒညာယ၊
အာသဝါနံ ပရိက္ခယာ။
သင်္ခါယ သေဝီ ဓမ္မဋ္ဌော၊
သင်္ချံ နောပေတိ ဝေဒဂူ။

အာရောဂျံ=ကိလေသာ အနာရောဂါကင်းရာ နိဗ္ဗာန်ကို။ သမ္မာ= ကောင်းစွာ။ အညာယ=မဂ်ဉာဏ်လေးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်၍ လာပါရော။ အညာယ=ပိုင်းခြားထင်ထင် သိမြင်လတ်သည်ရှိသော်။ အာသဝါနံ=ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ–တည်းဟူသော အာသဝေါလေးပါး သံသရာဝယ်ယိုစီးတတ်တဲ့ တရားတို့၏။ ပရိက္ခယာ= ကုန်ခြင်းကြောင့်။

အာရောဂျခေါ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်လေးရပ်နဲ့ မြင်ယင် အာသဝေါလေးတန် ကုန်ရော၊ အာသဝေါလေးတန် ကုန်ပြီဆိုယင် ထိုပုဂ္ဂိုလ်သည် အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကြောင့်။

သင်္ခါယ=ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင် ဆင်ခြင်၍။ သေဝီ= သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး– ပစ္စည်းလေးပါး၌ မှီဝဲလေ့ရှိသော။ ဓမ္မဋ္ဌော=နိဗ္ဗာန်တည်းဟူသော တရား၌တည်သော။ ဝေဒဂူ=ရဟန္တာသခင် အရှင်သူမြတ်သည်။ သင်္ချံ=နောက်ဘဝဝယ် သတ္တဝါဟူသော အရေအတွက် သို့။ နောပေတိ–န ဥပေတိ=မကပ်ရောက်တော့ချေ။

အရဟတ္တဖိုလ်ပေါက် ရောက်သွားတယ်ဆိုယင်၊ ရဟန္တာဖြစ်တယ် ဆိုယင်၊ မိမိ ရရှိတဲ့ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဉာဏ် လက်မလွှတ် ပဲနဲ့ ပရိနိဗ္ဗာနစုတိမတိုင်ခင်ဖြင့် မှီတရုံသုံးစွဲ၍ ပရိနိဗ္ဗာနစုတိလဲ ပြီး ရော ထိုပုဂ္ဂိုလ်သည် ဘယ်ဘဝမှာ သွားပြီး လူဖြစ်သတဲ့၊ နတ်ဖြစ်သတဲ့၊

http://www.dhammadownload.com



ဗြဟ္မာဖြစ်သတဲ့၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်တယ် ဆိုတဲ့ ဒီစာရင်း သူ မပါဝင်တော့ဖူး။ ဘဝဇာတ်သိမ်း ငြိမ်းသွားတော့တယ်။ ဒီလိုဟောပါတယ်။

ဒီဒေသနာနိဂုံး ဆုံးတဲ့ အခါမှာလဲပဲ ခြောက်ကျိပ်သော ရဟန်းတော် အရှင်သူမြတ်တို့ အရဟတ္တဖိုလ်ပေါက် ကျွတ်တမ်းဝင်တော်မူကြတယ်တဲ့။

တပိုင်းတပိုင်းမှာ ခြောက်ကျိပ် ခြောက်ကျိပ် ကျွတ်တဲ့ သုတ္တန်။ ဒီတော့ ဘုန်းကြီးတို့ တရားနာ ပရိသတ်အနေနဲ့ ဒို့တော့ ဒီဆယ့်ခြောက်ပိုင်း တပိုင်းပိုင်းမှာ ယခုဘဝ မကျွတ်သော်လဲပဲ မဝေးတဲ့ ဘဝမှာ ဒို့ကျွတ်တမ်းဝင်နိုင်တယ်။ စိတ်ထဲ အားရှိထားရမယ်။ အားရှိပါ အားရှိပါလို့ အရှင်ဘုရားကသာ ပြောတယ်။ ဒီတရားတွေက တပည့်တော် တို့အဖို့ နက်နေတယ်ဘုရားလို့ ဒီလိုလဲ မအောက်မေ့နဲ့။

ဘုန်းကြီးတို့ ဒီဘုရားသာသနာမှာ အဘိဓမ္မာတရားကို ရှေးဦးစွာ နာကြားပြီးတော့ ကျွတ်တမ်းဝင်ကြတဲ့ လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ ရဟန်းငါးရာ ဆိုတာဟာ မဝေးတဲ့အချိန် ကဿပမြတ်စွာဘုရားလက်ထက်တုန်းက လင်းနို့သားတွေ။ အဲဒီ လင်းနို့ကလေးတွေတောင်မှ ရဟန်းတော်နှစ်ပါး ရွတ်တဲ့ အဘိဓမ္မာတရားသံ ဘာမှန်းမှ မသိဖူး။ သို့သော် သူတို့သိတာ တခု ရှိတယ်။ ဟော-ဘာညာနဲ့ ခြောက်ဝ အသံကတော့ ဒါကတော့ ကြောက်စရာ အသံပဲ။ ဘေးရန်ဖြစ်မဲ့ အသံပဲ, သလောက်တော့သိတယ်။ အဲဒီလို မဟုတ်လို့၊ ပရိတ်ရွတ်တယ် တရား ရွတ်တယ်- ဆိုလို့ရှိယင် ဒါက ဓမ္မသံ၊ ဒါ မတရားတဲ့ အသံ နှိပ်စက တဲ့ အသံ မဟုတ်ဘူးလို့ သိတယ်။ အဲဒီအပေါ်မှာ ဓမ္မလို့သိတယ် ဆိုတ ာကလဲ ဝေါဟာရပညတ် မတင် မဖြစ်လို့သာ တင်ရတာနော်။ ကနေ့ လူ ဘွသိတယ်။ ဟောဒါက တရားသံ၊ ဟော ဒါက သိချင်းသံ- ပမာစသည် ဒီလိုသိတဲ့ အသိမှုတ်ဖူး၊ အော် ဒီအသံဟာဖြင့် ငါတို့ နှိပ်စက်မဲ့ အသံ မှုတ်ဖူး၊ ဒါလောက်ပဲ

http://www.dhammadownload.com



သိတာ။ အဲသလောက်သိတဲ့ အသိဉာဏ်လေးက ဝါသနာအထုံ ပါပြီး တော့ ဒီဘုရားသာသနာမှ ရဟန်းငါးရာ ဖြစ်ပြီး အဘိဓမ္မာတရား အယင်ဆုံး နာကြားရ၍ မဂ်ဖိုလ်ရောက်တယ်။ သောတာပန် ဖြစ်ကြတယ်။ မြတ်စွာဘုရားက သာရိပုတ္တသုတ်ကို ဟောတဲ့အခါမှာ ထိုငါးရာသော ရဟန်းတို့ ရဟန္တာ ဖြစ်ကြတယ်။

အဲဒီတော့ တို့ရဲ့ အသိဉာဏ်သည် လင်းနို့ငါးရာရဲ့ အသိဉာဏ် ထက် အပြန်ပြန်သာတယ်တဲ့လို့ အဲဒီလို အောက်မေ့ထား။ မဂ်ဖိုလ်နိဗ္ဗာန်အား ဒို့ရဲ့ အသိဉာဏ်သည် ကျေးဇူးပြုဖို့မှန်တယ်။ မချွတ်ပဲလို့ အားရှိထား။ အာဟာရပဗ္ဗပြီးပြြန်။

## ၁၂။ ဒွါဒသမပဗ္ဗ (ဣဋ္ဌိတပဗ္ဗ–ဣဋ္ဌိတပိုင်း)

ဉာဏ်နည်းနဲ့ ကျွတ်တမ်းဝင်မဲ့ ကိုယ်တော်တွေ ဝင်ပြီးတဲ့နောက် ဣဋ္ဌိတတရားကို သမုဒယသစ္စာထားပြီး ဟောကြားမှ ကျွတ်တမ်းဝင်မဲ့ ရဟန်းတော်အတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

ချစ်သားတို့–မေးတဲ့ပုဂ္ဂိုလ်များက ဉာဏ်နည်းမှတပါး အခြားသော နည်းဖြင့်ကော သစ္စာနှစ်ပါး ဝဋ္ဋ, ဝိဝဋ္ဋသစ္စာနှစ်ခုကို ရှုကြည့်မှု ဖြစ်နိုင် သေးသလားမေးယင်၊ ဖြစ်နိုင်တယ်ပဲ ပြောတဲ့။

ကထဉ္စ သိယာ?။ ဘယ်လိုဖြစ်နိုင်သလဲလို့ ဆက်ပြီးတော့ မေးလို့ ရှိယင်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ, သဗ္ဗံ ဣဋ္ဌိတပစ္စယာတိ အယမေကာ နုပဿနာ။ ဣဋ္ဌိတာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။

http://www.dhammadownload.com



ဒီလို ဖြေလိုက်ပါ။

ဖြစ်သမျှဥသုံ အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခတရား အစုဟာဖြင့် တဏှာတည်းဟူသော တုန်လှုပ်မှု၊ လောဘတည်းဟူသော တုန်လှုပ်မှု၊ ဒေါသတည်းဟူသော တုန်လှုပ်မှု၊ မောဟတည်းဟူသော တုန်လှုပ်မှု၊ အဲသည် တုန်လှုပ်မှု လောဘ ဒေါသ မောဟ တရားသုံးမျိုးကြောင့် သမုဒယတရားသုံးမျိုးကြောင့် ဖြစ်တာပဲလို့– အဲဒီလို ရှုမှုက ဝဋ္ဋသစ္စာအနုပဿနာ တမျိုးတဲ့။

လောဘ ဒေါသ မောဟဆိုတဲ့ တုန်လှုပ်မှုကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်လိုက်တဲ့အတွက် ချုပ် ွားပြီဆိုလို့ရှိယင်ဖြင့် သံသရာဝဋ်ဒုက္ခဆိုတဲ့ တေဘုံမက ဝဋ်ဒုက္ခ ဒုက္ခသစ္စာတရားတို့ ဖြစ်ပါအုန်းဆိုလို့တောင် မဖြစ်တော့ဖူး။ အဲသည်လို ရှုမှုကား ဒုတိယမြောက် ဝိဝဋ္ဋသစ္စာအနုပဿနာ ဖြစ်ပါတယ်။

လောဘ ဒေါသ မောဟကို ဘာပြုလို့ ဣဉ္ဇိတတရား တုန်လှုပ်တဲ့ တရားလို့ ခေါ်ရတုန်း။ ကြည့်ပါလား၊ လောဘဖြစ်ကြည့်ပါလား။ လောဘ ဖြစ်ယင်လဲ ပကတိအနေနဲ့ကို မိမိခန္ဓာကိုယ်ကို မတားနိုင်တော့ဖူး။ ဒေါသဖြစ်ယင်လဲ ပကတိအနေနဲ့ မိမိကိုယ်ကို မတားနိုင်တော့ဖူး။ မောဟဖြစ်ယင်လဲ ပကတိအနေနဲ့ မိမိကိုယ်ကို မတားနိုင်တော့ဖူး။ ဒီက နားလည်နေတာကတော့ အကြွင်းဖြစ်တဲ့ ရူပကာယကြီး တုန်လှုပ်တာကိုမှ လှုပ်တယ်လို့ထင်တာ၊ အမှန်ကတော့ လောကဓံနဲ့ တွေ့လာလို့ရှိယင် ဘုရားရဟန္တာ မတုန်လှုပ်ဖူးဆိုတာ ဘာဖြစ်တာတုန်း။ ဣဋ္ဌလောကဓံနဲ့ တွေ့ယင် လောဘမဖြစ်တာ။ မကောင်းတဲ့ အနိဋ္ဌလောကဓံနဲ့ တွေ့ယင် ဒေါသ မဖြစ်တာ။ အဲဣဋ္ဌ,အနိဋ္ဌ ထိုထိုအာရုံတွေပေါ် မညီမညွတ် ရှုကြည့်မှုဆိုတဲ့ မောဟမဖြစ်တာ။ တွေ့သမျှ အာရုံတွေ အပေါ်မှာ လောဘ ဒေါသ မောဟ မဖြစ်တာကိုပင်လျှင်–

http://www.dhammadownload.com



ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။

ဆိုတာ လောဘ ဒေါသ မောဟ မဖြစ်တာကို မတုန်လှုပ်ဖူးလို့ ဆိုရတယ်။

ပုထုဇဉ် သူ ငါကြတော့ ကောင်းတဲ့အာရုံတွေ့ယင် လောဘဖြစ်လိုက်၊ မကောင်းတဲ့ အာရုံတွေ့ယင် ဒေါသဖြစ်လိုက်၊ ထိုထို အာရုံတွေမှာ အရှုမတတ် အကြည့်မတတ်တော့ မောဟဖြစ်လိုက်။ အဲဒီလို ဖြစ်တာကို ပင်လျှင် ဘုရားပစ္စေကဗုဒ္ဓါ အရိယာမျက်စိနဲ့ကြည့်တော့ ဒါဟာ တုန်လှုပ်တာ၊ လောဘ ဒေါသ မောဟ ဖြစ်တာကို တုန်လှုပ်တယ်လို့ ခေါ်တယ်။ အဲဒီလောဘ ဒေါသ မောဟတုန်လှုပ်ခြင်းတရားမျိုး ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာတရား ဖြစ်တာပဲ။ ဒါ ဝဋ္ဋာနုပဿနာ။

အဲဒီတုန်လှုပ်ခြင်း တရားသုံးမျိုးတို့ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်သွားယင် ဒုက္ခသစ္စာတရား မဖြစ်တော့ဖူး။ ဖြစ်ပါအုန်းဆိုတောင် မဖြစ်တော့ဖူး။ သူလဲ အကြွင်းမဲ့ချုပ်တာပဲ။ အဲဒီလိုရှုမှုကား ဝိဝဋ္ဋာနုပဿနာ– ဒုတိယအနုပဿနာတဲ့။

ဤကဲ့သို့ ရှုနေလို့ ဘာအကျိုးရမတုန်းဆိုတော့–

ဧဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ–ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ချစ်သားတို့–ဤနည်းဖြင့် ဝဋ္ဋဝိဝဋ္ဋ သစ္စာနှစ်ပါးကို နှစ်စုထား၍ ရှုကြည့်လေ့ရှိသော အပ္ပမာဒတရား သမ္မပ္ပဓာန်လုံ့လများ လက်ကိုင်ထား၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ဖြစ်ပြီးတော့ ရဟာန်းတရားပွား

http://www.dhammadownload.com



များကြီးကုတ်အားထုတ်ပြီးတော့နေတဲ့ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ မှာပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ သို့မဟုတ် အနာဂါမိဖိုလ်ကို ဖြစ်စေ ရဖို့ သေချာတယ်။ ကေန်ရတယ်။ အားထုတ်ကြည့်။ ရမယ်လို့ဟောတာ။

ဤကား စကားပြေ့ စုဏ္ဏိယနှစ်သက်တဲ့ ပုဂ္ဂိုလ်တွေအတွက်။ ဂါထာဗန္ဓနှစ်သက်တဲ့ ပုဂ္ဂိုလ်တွေအတွက်ကျတော့–

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
သဗ္ဗံ ဣဉ္ဇိတပစ္စယာ။
ဣဉ္ဇိတာနံ နိရောဓေန၊
နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

အဲဒီလို ရှုတော်မူပါလို့ ဟောပါတယ်။ ပါဠိကျွမ်းကျင်တဲ့ ဂါထာရုစိဖြစ်တဲ့ ပုဂ္ဂိုလ်သူမွန်တွေအနေနဲ့ ဤကဲ့သို့ရှုဖို့ရန် မြတ်စွာဘုရားက ဂါထာဖြင့် ဟောပါတယ်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊
သဗ္ဗံ ဣဉ္ဇိတ ပစ္စယာ–

ဒီလိုရှုတတ်ပွားနေယင် အဲဒါဟာ ဝဋ္ဋသစ္စာနုပဿနာဖြစ်သတဲ့။

ယံ ကိဉ္စိ=ကြွင်းမဲ့ဉဿုံ အလုံးစုံဖြစ်ကုန်တဲ့။ ဒုက္ခံ=တေဘုံမက ဝဋ်ဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာတရားအစုသည်။ သမ္ဘောတိ=ဖြစ်၏။ သဗ္ဗံ= ကြွင်းမဲ့ဉဿုံ အလုံးစုံသော တေဘုံမက ဝဋ်ဒုက္ခ တရားအစုသည်။ ဣဉ္ဇိတပစ္စယာ=လောဘ ဒေါသ မောဟသုံးပါး တုန်လှုပ်ခြင်း တည်းဟူသောအကြောင်း သမုဒယသစ္စာတရားကြောင့်။ သမ္ဘောတိ= သမ္ဘောတိ ဝတ=မရပ်မနား ဖြစ်ပွားကြတကား။

အဲဒီလို ရှုယင် ဒုက္ခနဲ့ သမုဒယရှုနေတာပဲတဲ့။ ဝိဝဋ္ဋာနုပဿနာ။

http://www.dhammadownload.com



ဣန္ဒြိတာနံ=ဣန္ဒြေ၃ပါး တရားတို့၏။ နိရောဓေန=အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ=တေဘုမ္မက ဝဋ္ဋဒုက္ခ၏။ သမ္ဘဝံ=မရပ်မနား ဖြစ်ပွားခြင်းသည်။ နတ္ထိ=တစိုးတစိမှ မရှိစွတကား။ ဤကဲ့သို့ ရှုခြင်းက ဝိဝဋ္ဋသစ္စာနုပဿနာ ဖြစ်ပါတယ်။

ဧတမာဒီနဝံ ဉတွာ၊ ဒုက္ခံ ဣန္ဒြိတပစ္စယာ။
တသ္မာ ဟိ ဖဲ ဝေါသဇ္ဇ၊ သင်္ခါရေ ဥပရုန္ဓိယ။
အနေဇော အနုပါဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ရှေ့ပိုင်းက ရှုပုံကို ပြောတယ်။ နောက်ပိုင်းက အဲဒီလို ရှုပြီးလာလို့ရှိယင် နိဗ္ဗာန်ထိအောင် အကျိုးရပုံကို ဟောပါတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သတော=သတိတရားလက်ရှိထားသော။ ဘိက္ခု=သံသရာဘေး ထောက်တွေးမြော်မြင် သူတော်စင်သည်။ ဒုက္ခံ ဣန္ဒြိတပစ္စယာ=လောဘ ဒေါသ မောဟ တည်းဟူသော တုန်လှုပ်ခြင်းတရား သုံးမျိုးကြောင့် ဒုက္ခသစ္စာတရား ဖြစ်ပွားတာပဲလို့။ ဧတံ အာဒီနဝံ=ကိုးရာမထင် ခိုရာမရ ဤသင်္ခါရ တရားအစုကို။ ဉတွာ=ယထာဘူတ သဘာဝဉာဏ်ဝယ် အမှန်အတိုင်း သိမြင်လာလိမ့်မယ်။ ဉတွာ=ယထာဘူတ သဘာဝဉာဏ်တွင် ကိုးရာမထင်သော တရားတွေပဲလို့ သိမြင်လတ်သည်ရှိသော်။ ဖဲ=ထိုဒုက္ခ သမုဒယတို့၌ တွယ်တာ တပ်မက်တဲ့ တဏှာလောဘကို။ ဝေါသဇ္ဇ=ပယ်စွန့်လိမ့်မယ်။ ဝေါသဇ္ဇ=စွန့်ပယ်၍လည်းကောင်း။ သင်္ခါရေ=ပုညာပုည အာနဉ္စတည်းဟူသော အဘိသင်္ခါရ သုံးမျိုးကို။ ဥပရုန္ဓိယ=ဥပရုန္ဓိသတိ=ချုပ်စေလိမ့်မည်။

ဒီဝဋ္ဋသစ္စာနှစ်ပါးကိုသာ နာနာရှုနေယင်တဲ့ တဏှာကိုလဲ စွန့်ပယ်ရပါလိမ့်မယ်။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရဆိုတဲ့ ဝဋ္ဋတရားကိုလည်စေတဲ့ အဘိသင်္ခါရသုံးမျိုးကိုလဲ ချုပ်စေပြီးသား ဖြစ်ပါလိမ့်မယ်။ အဲဒီလို ချုပ်စေပြီးသား ဖြစ်လို့ရှိယင်ဖြင့်

http://www.dhammadownload.com



သင်္ခါရေ=ပုညာပုည အာနဉ္စဟု သင်္ခါရသုံးပါး ဝဋ္ဋဂါမိတရားတို့ကို။ ဥပရုန္ဓိယ=ချုပ်စေပြီးလတ်သည်ရှိသော်၊ အနေဇော အနုပါဒါနော=ဖဇံခေါ်တဲ့ တဏှာတရားလည်း မရှိ၊ တေဘုံမက ဝဋ်ဒုက္ခကို စွဲလမ်းသည့် ဥပါဒါန်တရားလည်း မရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ=သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လေရာ၏–လို့။

တဏှာအကြွင်းမဲ့ချုပ်၊ ဥပါဒါန်အကြွင်းမဲ့ချုပ်ပြီဆိုလို့ ရှိယင် အဲသည် ပုဂ္ဂိုလ်သည် တေဘုံမက ဝဋ်ဒုက္ခမှ ထွက်မြောက်ပါလိမ့်မယ်လို့၊ ဒါနဲ့ အနုပါဒါပရိနိဗ္ဗာန် နိဂုံးသတ်ပြီးတော့ တရားနိဂုံးဆုံးယင်ပဲ ခြောက်ကျိပ်သော ရဟန်းတော်အရှင်သူမြတ်တို့ အရဟတ္တဖိုလ် ပေါက် ရောက်တော်မူကြပြီ။ ဧကာဒသမပဗ္ဗ ပြီးပြီ။

### ၁၃။ တေရသမပဗ္ဗ (စလိတပဗ္ဗ–စလိတပိုင်း)

စလိတပဗ္ဗအနေနဲ့ ဟောကြားမှ မဂ်ဖိုလ်ရမဲ့ ရဟန်းတော်များအတွက် တရားစလိုက်တယ်။

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

ချစ်သားတို့–အခြားနည်းလမ်းနဲ့ကော ဒွယတာနုပဿနာ ဖြစ်သလားလို့ ဖြစ်နိုင်ပါသလား–လို့ မေးတဲ့ ပုဂ္ဂိုလ်တွေက မေးမြန်းလို့ ရှိယင် ဖြစ်နိုင်ပါတယ်လို့ ရဲရဲကြီး ဖြေလိုက်ကြစမ်းပါ။

ကထဉ္စ သိယာ?

ဘယ်လိုဖြစ်နိုင်သလဲလို့ ဆိုတော့

နိဿိတဿ စလိတံ ဟောတီတိ အယမေကာနုပဿနာ။

နိဿိတဿ=တဏှာ ဒိဋ္ဌိ အမှီရှိတဲ့ ပုဂ္ဂိုလ်၏။ စလိတံ=လောဘ ဒေါသ မောဟဖြစ်ပွား၍ လှုပ်ရှားမှုသည်။ ဟောတိ=ဖြစ်၏။ ဣတိ အယံ=ဤသို့ရှုမှုသည်။ ဧကာနုပဿနာ=ရှုပုံတမျိုးတဲ့။

http://www.dhammadownload.com



အနိဿိတော န စလတိတိ အယံ ဒုတိယာနုပဿနာ။

အနိဿိတော=တဏှာ ဒိဋ္ဌိ အမှီမရှိတဲ့ ခီဏာသဝ ပုဂ္ဂိုလ်သူမြတ်သည်။ န စလတိ=လောဘ ဒေါသ မောဟ ဘယ်နည်းနဲ့မှ တုန်လှုပ်ခြင်း မရှိတော့ချေ။ ဣတိ အယံ=ဤသို့ ရှုမှုသည်။ ဒုတိယာနုပဿနာ=နှစ်ခုမြောက်သော ရှုမှတ်မှုပေ။

အဲသည်လို ရှုမှတ်မှု နှစ်မျိုးကို ရှင်းရှင်းပင် ပြောပြတယ်။

နိဿိတဿ စလိတံ ဟောတိ–ဆိုတာ အင်မတန်အရေးကြီးပါတယ် နော်။ ဘုရားရှင်လက်ထက်က ဆန္နမထေရ်တို့ဆိုယင် ဒီတရားကနေပြီးတော့ အရဟတ္တဖိုလ်ပေါက် ရောက်အောင် နှလုံးသွင်းသွားကြတာ။

နိဿိတဿ စလိတံ ဟောတိ–ဆိုတာ ထိုထို ဝတ္ထုအာရုံကာမဂုဏ်တွေဌ် ငါ့ဥစ္စာ ငါလို့ တဏှာဒိဋ္ဌိနဲ့ အစွဲအမှီရှိနေတဲ့ ပုဂ္ဂိုလ်ကို နိဿိတပုဂ္ဂိုလ်လို့ ခေါ်တယ်။ နိဿိတပုဂ္ဂိုလ် ဆိုလို့ရှိယင် အဲဒီအာရုံတွေပေါ်မှာ တစုံတခု ဘေးရောက်လာသော်လည်းကောင်း၊ ဘေးမရောက်လို့ ဒီအာရုံတွေ သမ္ပတ္တိဖြစ်လျှင်လည်းကောင်း၊ သမ္ပတ္တိဖြစ်ယင် တဏှာဖြစ်၍ တုန်လှုပ်တာပဲ။ ဝိပတ္တိဖြစ်ယင် ဒေါသဖြစ်၍ တုန်လှုပ်တယ်။ ဒေါသဖြစ်တာကိုပဲ တုန်လှုပ်တယ်လို့ ခေါ်တာနော်။

ဆိုကြပါစို့– မိမိတသက်လုံး ဖွေရှာစုဆောင်း ဆည်းပူးလာတဲ့ ဥစ္စာတွေကို တဏှာစွဲ စွဲပြီးတော့ နေတယ်။ တဏှာနဲ့ မှီနေတယ်။အဲဒီ တဏှာနဲ့ မှီနေတော့ ဒီပစ္စည်းတွေ သမ္ပတ္တိဖြစ်၍ မပျက်မစီးသေးသရွေ့လဲပဲ အဲဒီပစ္စည်းတွေ အာရုံပြုလိုက်ယင် လောဘတွေဖြစ်ကာဖြစ်ကာနဲ့ လောဘဖြစ်မှုတည်းဟူသော တုန်လှုပ်မှုဖြစ်တယ်တဲ့။ အဲဒီ မိမိရဲ့ ပစ္စည်းပေါ်မှာ တဏှာတည်းဟူသော အမှီရှိနေတဲ့အတွက် စီးပွားဥစ္စာတွေ ပျက်သွားယင်လဲပဲ ဒေါသ, နှလုံး မသာယာတဲ့ ဒေါမနဿဝေဒနာ

http://www.dhammadownload.com



ခေါင်းဆောင်လာပြီးတော့ အားနဲသော ဒေါသတွေ ဖြစ်ဖြစ်ပြီးတော့ တုန်လှုပ်တယ်တဲ့။ အဲဒါကြောင့် စီးပွားဥစ္စာပေါ်မှာ တဏှာ ဒိဋ္ဌိ အမှီ မရှိအောင်နေမှ မတုန်လှုပ်တာတဲ့။ ဒါ အမှန် ကြည့်ကာ။

တဏှာ ဒိဋ္ဌိအမှီရှိတဲ့ ပုဂ္ဂိုလ်အား စီးပွားဥစ္စာတို့ရဲ့ ပြည့်စုံမှု ပျက်စီးမှုကို အကြောင်းပြု၍ လောဘဖြစ်ခြင်း, ဒေါသဖြစ်ခြင်းဆိုတဲ့ တုန်လှုပ်မှုဖြစ်တတ်၏ တကားလို့ ရှုတာက ဝဋ္ဋသစ္စာနုပဿနာ။ တဏှာ ဒိဋ္ဌိ အမှီမရှိတဲ့ ခီဏာသဝပုဂ္ဂိုလ်အရှင်သူမြတ်တို့မှာတော့ စီးပွားဥစ္စာ၏ သမ္ပတ္တိ ဝိပတ္တိကြောင့် လောဘဖြစ်မှု ဒေါသဖြစ်မှုဆိုတဲ့ တုန်လှုပ်ခြင်း အလျှင်းမရှိတော့တကား-လို့ အဲဒီလိုရှုတာက ဝိဝဋ္ဋသစ္စာနုပဿနာ။ ဤကဲ့သို့ နှစ်စုထားပြီး ရှုလို့ရှိယင် ရှေးနည်းအတူ ဤဘဝမှာ အရဟတ္တဖိုလ် သို့မဟုတ် အနာဂါမိဖိုလ်သို့ ရောက်နိုင်တယ်လို့ မြတ်စွာဘုရားဟော ပါတယ်။

ဧတံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ- ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဤကဲ့သို့ အကျယ်စကားပြေ စုဏ္ဏိယ နှစ်သက်တဲ့ ပုဂ္ဂိုလ်တို့ အတွက် ဟောပြီးတဲ့နောက် ဂါထာဗန္ဓနှစ်သက်တော်မူကြတဲ့ အရှင်မြတ် များအတွက်-

> အနိဿိတော န စလတိ၊
> နိဿိတော စ ဥပါဒိယံ။
> ဣတ္ထဘာဝညထာဘာဝံ၊
> သံသာရံ နာတိဝတ္တတိ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အနိဿိတော=တဏှာဒိဋ္ဌိ အမှီမရှိတဲ့ ရဟန္တာသခင် အရှင်သူမြတ်သည်။ န စလတိ=ဣဋ္ဌအာရုံနဲ့ပဲတွေ့တွေ့၊ အနိဋ္ဌအာရုံနဲ့ပဲတွေ့တွေ့ ဘယ်လိုနည်းနဲ့မှ လောဘ ဒေါသ မောဟ ဖြစ်ပွားမှု မရှိသဖြင့် လှုပ်ရှားမှု မရှိတော့ချေ။

တဏှာဒိဋ္ဌိ အမှီမရှိတဲ့အတွက် အရိယာပုဂ္ဂိုလ်တွေမှာ လောဘအနေနဲ့လဲ မလှုပ်ရှားဖူး၊ ဒေါသအနေနဲ့လဲ မလှုပ်ရှားဖူး၊ မောဟအနေနဲ့လဲ မလှုပ်ရှားဖူး။ အရိယာပုဂ္ဂိုလ်သခင် အရှင်သူမြတ်တွေမှာ တဏှာ ဒိဋ္ဌိ အမှီ မရှိခြင်းကြောင့် လောဘ ဒေါသ မောဟ ဖြစ်ပွားပြီးတော့ လှုပ်ရှားမှုမရှိကြပါတကား။ ဒါကဝိဝဋ္ဋသစ္စာပိုင်းက။

နိဿိတော စ=တဏှာ ဒိဋ္ဌိ အမှီရှိပါမူကား။ ဥပါဒိယံ=ထိုထို သက်ရှိ သက်မဲ့ တေဘုံမက သင်္ခါရဝယ် ငါ ငါ့ဥစ္စာ တွယ်တာစွဲလမ်းမှု ရှိသည့် အတွက်။

အဲ သက်ရှိသက်မဲ့ သင်္ခါရတွေပေါ်မှာ တဏှာ ဒိဋ္ဌိနဲ့ စွဲယင် ဥပါဒါန်က နောက်ကလိုက်လာလို့ရှိယင် ဘာဖြစ်တုန်းလို့ဆိုတော့ ဥပါဒါနပစ္စယာ ဘဝေါ-အရ အဲဒီ မိမိတို့ရဲ့ သက်ရှိ သက်မဲ့ စီးပွားဥစ္စာတွေနဲ့ ယခုဘဝ ကွေကွင်း သွားရစေကာမူ နောက်ဘဝမှာ ဒီလိုဥစ္စာတွေ လိုချင်လာတယ်။ လိုချင်လာလို့ ရှာရကြောင်း ဝဋ္ဋဂါမိကံတွေ ပြုတယ်။ ပစ္စုပ္ပန်ဘဝမှာပင် ဒီလိုဟာမျိုးတွေ လိုချင်ပြန်တော့ တရားသော မတရားသော နားမလည်ဖူး၊ လောဘတိုက် ဒေါသတိုက်ပြီးတော့ မရအရ ယူယင် ဝဋ္ဋဂါမိအကုသိုလ်ကံဘဝ ပေါ်လာတယ်။ ကမ္မဘဝပေါ့။

ကမ္မဘဝပေါ်ယင် အဲဒီပေါ်တဲ့ ကမ္မဘဝဆိုတဲ့ ကုသိုလ် အကုသိုလ်ကံကို အရဟတ္တမဂ်ဉာဏ်ဆိုတဲ့ အဆိပ်ဆူးနဲ့ ထိုးနိုင်ယင် အဲဒီက စေတနာလေးက ဘဝကို ဖြစ်စေနိုင်တဲ့ သတ္တိ ချုပ်သွားတတ်တယ်။ အရဟတ္တမဂ်ဉာဏ် တည်းဟူသော ကမ္မက္ခယ အဆိပ်ဆူးနဲ့ မထိုးလို့သာဖြင့်

http://www.dhammadownload.com



အဲဒီကုသိုလ် အကုသိုလ်ကံကတော့ အခွင့်သင့်တဲ့ အချိန်မှာ ကောင်းသော ဘဝအပင်၊ မကောင်းသော ဘဝအပင်ဆိုတဲ့ သံသရာဝဋ်ဒုက္ခကြီး ပေါက်ပေးလိမ့် မယ်တဲ့။

နိဿိတော စ=တဏှာဒိဋ္ဌိ အမှီရှိသူများမှာတော့။ ဥပါဒိယံ= ဥပါဒါန်တရား ထပ်တလဲလဲ ပွားများသည်ဖြစ်၍။ ဣတ္ထဘာဝံ=ဤလူ့ဘဝ တည်းဟူသော။ အညထာဘာဝံ=အခြားသော ဗြဟ္မာဘဝ နတ်ဘဝ တည်းဟူသော။ သံသာရံ=သံသရာကြီးကို။ နာတိဝတ္တတိ=ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်။

စွဲလမ်းနေယင် နိဿိတဖြစ်နေယင် သံသရာမလွန်မြောက်တော့ ဖူးတဲ့။

တေမာဒီနဝံ ဉတွာ၊
နိဿယေသု မဟဗ္ဘယံ။
အနိဿိတော အနုပါဒါနော၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ (အကျိုးပြုပြီးတော့ ဘုရားကိုယ်တော်မြတ် တိုက်တွန်းတော်မူလိုသည်ကား)။ သတော= သတိတရား လက်ရှိထားသော။ ဘိက္ခု=သံသရာဘေး ထောက်တွေး မြော်မြင် ပညာရှင်သည်။ (သတိထားပြီး စဉ်းစား ကြည့်စမ်း၊ ဘာတွေ လာမလဲဆိုတော့) နိဿယေသု=တဏှာ ဒိဋ္ဌိတို့၏တည်ရာ သက်ရှိ သက်မဲ့ သင်္ခါရဝတ္ထုအစုစုတို့၌။ မဟဗ္ဘယံ=ကြောက်ဖွယ်မဟေး ကြီးစွာ သော ဘေးကို။

ကြည့်ပါလား၊ တေဘုံမက သင်္ခါရဆိုတဲ့ စီးပွားဥစ္စာ သင်္ခါရ သက်ရှိ သက်မဲ့ ဒီတရားတွေကို နိဿယတရားလို့ ခေါ်တယ်။ အဲဒီ နိဿယတရားတို့၌ တဏှာဒိဋ္ဌိနဲ့ သွားမှီယင် သံသရာဒုက္ခကြီး ဘယ်တော့မှ

http://www.dhammadownload.com



မလွန်မြောက်နိုင်ဖူး။ သံသရာ သွားလို့ရှိယင် သံသရာရဲ့ ဆင်းရဲဒုက္ခ ဘေးတွေနဲ့ တွေ့ရမယ်။ သည်တော့ ဆင်းရဲဒုက္ခဘေးတွေနဲ့ တွေ့ရတဲ့ အကြောင်းရင်း လိုက်ရှာယင် နိဿယဖြစ်သော တေဘုံမက သင်္ခါရ တရားတို့၌ မှီတွယ်တဲ့ တဏှာ ဒိဋ္ဌိဟာ အကြောင်းရင်းလို့ သွား တွေ့တယ်တဲ့။

နိဿယေသု=တဏှာ ဒိဋ္ဌိတို့မှီရာ တေဘုံမက သင်္ခါရတို့၌။ မဟဗ္ဘယေ=ကြောက်ဖွယ်မဟေး ကြီးစွာသော ဘေးကို။ အာဒီနဝံ= အပြစ်ဒေါသ အာဒီနဝတွေပါတကား၊ ကိုးစားရာမရှိတဲ့ တရားတွေပါ တကားဟူ၍။ ဥတွာ=ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်း သိမြင်အောင် အားထုတ်လေ။ ဥတွာ=သိမြင်အောင် ကြိုးကုတ် အားထုတ် လတ်သည်ရှိသော်။ အနိဿိတော=တေဘူမက သင်္ခါရပေါ်မှာ မှီတွယ်တဲ့ လောဘ ဒိဋ္ဌိ မဖြစ်တော့ဘူး၊ လောဘဒိဋ္ဌိမဖြစ်ယင်ဖြင့် တဏှာဒိဋ္ဌိဆိုတဲ့ ဥပါဒါန်လဲ မဖြစ်တော့ဖူး။ အနုပါဒါနော=တဏှာ ဒိဋ္ဌိ တည်းဟူသော ဥပါဒါန်နှစ်ပါး အစွဲအလမ်းမှ ကင်းသွားသည်ဖြစ်၍။ ပရိဗ္ဗဇေ= သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်နိုင်လေရာ၏။

အတိုချုပ် ဘာလဲဆိုယင် တေဘုံမက ဝဋ်ဒုက္ခပေါ်မှာ တဏှာ ဒိဋ္ဌိ အမှီမရှိအောင်နေတဲ့။ အမှီမရှိလို့ရှိယင် ဥပါဒါန် အစွဲအလမ်းလဲ မရှိဖူးတဲ့။ အမှီမရှိ ဥပါဒါန်အစွဲအလမ်းလဲ မရှိတော့ဖူးဆိုယင် သံသရာ ဝဋ်ဒုက္ခက လွတ်မြောက်နိုင်ပါတယ်။

အနုပါဒါပရိနိဗ္ဗာန် နိဂုံးသတ်၍ တရားဒေသနာအပိုင်းပဗ္ဗ တခုဆုံးယင်လဲပဲ ရှေးနည်းအတူပဲ ရဟန်းတော်ခြောက်ကျိပ် အရဟတ္တ ဖိုလ်ပေါက် ဒီတရားနာပရိသတ်ထဲက ရောက်သွားတယ်။

http://www.dhammadownload.com



## ၁၄။ စုဒ္ဒသမပဗ္ဗ (အရူပပဗ္ဗ–အရူပပိုင်း)

တပိုင်းတိုးပြီး ဟောကြားတော်မူလိုတဲ့အတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ “သိယာ” တိဿု ဝစနီယာ။

အခြားနည်းကော ဒွယတာနုပဿနာများ ဖြစ်နိုင်သေးလား၊ မေးလို့ရှိယင် ဖြစ်နိုင်တယ်လို့ ရဲရဲကြီး ဖြေလိုက်စမ်းပါ။

ကထဉ္စ သိယာ?။ဘယ်လိုရှုမှု ဖြစ်နိုင်တုန်းလို့ မေးယင်၊ ရှုချင်လို့လား၊ ရှုချင်ယင် ဟောဒီလို ရှု။

ရူပေဟိ ဘိက္ခဝေ အရူပါ သန္တတရာတိ အယမေကာနုပဿနာ။ အရူပေဟိ နိရောဓော သန္တတရောတိ အယံ ဒုတိယာနုပဿနာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ရူပေဟိ=ရူပဘဝတို့မှ (ဝါ) ရူပေဟိ=ရူပသမာပတ်တို့ထက်။ အရူပါ=အရူပဘဝတို့သည်။ (ဝါ) အရူပသမာပတ်တို့သည်။ သန္တတရာ=အထူးသဖြင့် ငြိမ်းအေးကုန်စွတကား။ ဣတိ အယံ=ဤအနုပဿနာသည်။ ဧကာနုပဿနာ=တခုသော ရှုမှတ်မှုပေ။

ရူပသမာပတ်များထက် ရူပဘဝများထက် အရူပဘဝကား အထူးသဖြင့် ငြိမ်သက်စွတကား၊ ဒီလိုရှုတဲ့။

အရူပေဟိ=အရူပဘဝ အရူပသမာပတ်တို့ထက်။ နိရောဓော=ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်သည်။ သန္တတရော=အထူးသဖြင့် ငြိမ်းအေးစွတကား။ ဣတိ အယံ=ဤအနုပဿနာသည်။ ဒုတိယာနုပဿနာ=နှစ်ခုမြောက် ရှုမှတ်မှုပေ။

အရူပဘဝ၊ အရူပသမာပတ်တို့ထက် နိရောဓသစ္စာ နိဗ္ဗာန်ကား အထူးသဖြင့် ငြိမ်သက်စွတကားလို့ ဝိဝဋ္ဋသစ္စာနုပဿနာ။

http://www.dhammadownload.com



ဤကဲ့သို့ ဝဋ္ဋသစ္စာနုပဿနာ၊ ဝိဝဋ္ဋသစ္စာနုပဿနာနှစ်ပါး မနားမနေ သမ္မပ္ပဓာန် လုံ့လနဲ့ ရှုပြီဆိုယင် ရှေးနည်းအတိုင်း မျက်မှောက်ဘဝမှာပင် အရဟတ္တဖိုလ်ပေါက် ရောက်ခြင်း၊ သို့မဟုတ် ဥပါဒါနက္ခန္ဓာ အကြွင်းရှိသေးယင် အနာဂါမိဖိုလ်သို့ ရောက်ခြင်းဆိုတဲ့ ဖိုလ်နှစ်ပါးကို ရဖို့ရန် သေချာပါတယ်တဲ့။

ဒဝံ သမ္မာ ဒွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ –ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

လို့ စုဏ္ဏိယ စကားပြေ နှစ်သက်တော်မူကြတဲ့ အရှင်တွေအတွက် ဤကဲ့သို့ ဟောပြီးတော့ ဂါထာဗန္ဓ နှစ်သက်တော်မူတဲ့ အရှင်မြတ်များ အတွက်–

> ယေ စ ရူပူပဂါ သတ္တာ၊
> ယေ စ အရူပဋ္ဌာယိနော။
> နိရောဓံ အပ္ပဇာနန္တာ၊
> အာဂန္တာရော ပုနဗ္ဘဝံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယေ စ သတ္တာ= အကြင်သတ္တဝါတို့သည်လည်း။ ရူပူပဂါ=ရူပဘဝ ရူပသမာပတ်သို့ ကပ်ရောက်ကြကုန်၏။ ယေ စ=အကြင်သတ္တဝါတို့သည်ကား။ အရူပဋ္ဌာယိနော=အရူပဘဝအရူပသမာပတ်၌ တည်ကြကုန်၏။ တေ=ထိုရူပဘဝသို့ ကပ်ရောက်, အရူပဘဝ၌တည်, ရူပသမာပတ်၌, အရူပ သမာပတ်၌ တည်ကြတဲ့ ပုဂ္ဂိုလ်တို့ ပင်သော်လဲ။ နိရောဓံ=နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရားကို။ အပ္ပဇာနန္တာ=လေးပါးသော မဂ်ဉာဏ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အသိဉာဏ်မပြောက်ကြကုန်သည်ရှိသော်။ ပုနဗ္ဘဝံ=တဖန်ဘဝ

http://www.dhammadownload.com



သစ်သို့။ အာဂန္တာရော=လားရောက်ကြကုန်၏။

တက်စမ်းပါတဲ့။ တတ်နိုင်လို့ရှိယင် ရူပဗြဟ္မာကြီး ကျအောင် တက်တက်၊ အရူပဗြဟ္မာကြီး ဖြစ်အောင်ပဲ တက်တက်တဲ့။ နိရောဓ သစ္စာဆိုတဲ့ နိဗ္ဗာန်တရား ဝိဝဋ္ဋသစ္စာတရားကို မသိသမျှသာဖြင့် သွားအုန်း တဖန်ဘဝသစ်။ ဒါကြောင့် ရှေးက စကားပုံ တခုရှိတယ်။

ဗြဟ္မာဖြစ်လို့ ပြောင်ပြောင်ဝင်း
ဝက်စာကျင်း တရှုပ်ရှုပ်။

ဇမ္ဗူမြေစိုးအုပ် မင်းလုပ်တဲ့ အိုဘယ့်လူ, အမယ့်လူ-စသည်ဖြင့် အယင်ဘဝက ဗြဟ္မာကြီး၊ အဲဒီဗြဟ္မာကြီးဘဝက ပုထုဇဉ်အဖြစ်နဲ့ စုတေလိုက်တယ်ဆိုယင်ပေါ့၊ ပုထုဇဉ်အဖြစ်နဲ့ ဗြဟ္မာပြည်တက်ပြီးတော့ သွားနေတာ အလကားအချိန်ဖြုန်းတာပဲ။ အမှန်ကတော့။ အင်း ပုထုဇဉ် အဖြစ်နဲ့ နေဝသညာနာသညာယတနဆိုတဲ့ ဘဝဂ်ထိအောင် တက်လိုက် စမ်းပါတဲ့။

ဥက္ခိတ္တာ ပုညတေဇေန၊
ကာမရူပ ဘဝံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊
ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

(အဘိဓမ္မ၊ ဝိဘင်္ဂ၊ ၄၄၁)

ရှာန်ကောင်းမှု ကုသိုလ်အရှိန်က၊ ကာမကောင်းမှု မဟာကုသိုလ် ကောင်းမှုကုသိုလ်အရှိန်က မြှောက်ပင့်ပေးလို့ ကာမသုဂတိ ရူပဈာန် ရူပဘုံ အရူပဘုံဆိုတဲ့ နတ်တွေ ဗြဟ္မာဘုံတွေ ဘယ်လောက်ပဲ တက်တက် တဲ့။ ဘဝဂ္ဂမ္ပိ သမ္ပတ္တာ=ဘဝဂ်ခေါ်သော နေဝသညာ နာသညာယတန

http://www.dhammadownload.com



ဘုံသို့ ရောက်သော်လဲပဲ ထိုပုဂ္ဂိုလ်များသည် နိရောဓသစ္စာ နိဗ္ဗာန်ကို မသိသည့်အတွက်။ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ=အပါယ်ဘူမိ ဒုဂ္ဂတိသို့ တဖန်လားရောက်ရပြန်သေး၏လို့ မြတ်စွာဘုရား ဟောထားချက်ရှိတယ်။

ဒါကြောင့် ရူပ အရူပ သမာပတ်, ရူပ အရူပ ဘဝ ဘယ်လိုရောက်ပေမယ်လို့ နိရောဓခေါ်တဲ့ နိဗ္ဗာန်ကို မသိသေးသမျှဖြင့် တဖန် ဘဝပဋိသန္ဓေ တည်ရအုန်းမယ်။

ယေ စ ရူပေ ပရိညာယ၊
အရူပေသု အသဏ္ဌိတာ။
နိရောဓေ ယေ ဝိမုစ္စန္တိ၊
တေ ဇနာ မစ္စုဟာယိနော။

ယေ စ=အကြင်သူတော်စင်တို့သည်ကား။ ရူပေ=ရူပဘဝ ရူပသမာပတ်တို့ကို။ ပရိညာယ=ပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်အောင် ကြိုးကုတ် အားထုတ်တော်မူကြကုန်၏။ (ဝါ) အားထုတ်တော်မူကြ၍လည်းကောင်း။ အရူပေသု=အရူပဘဝ အရူပသမာပတ်တို့၌။ အသဏ္ဌိတာ=တဏှာ ဒိဋ္ဌိ တို့ဖြင့် မမှီတွယ်ကြကုန်သည်ဖြစ်၍လည်းကောင်း။ နိရောဓေ=နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ပရမတ်၌။ ဝိမုစ္စန္တိ= သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တကြိမ်, သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တကြိမ်, အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် တကြိမ်, အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်တကြိမ်, တစုံလေးကြိမ် လေးစုံ လွတ်မြောက်တော်မူကြကုန်၏။ တေ ဇနာ=ထိုသို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လေးကြိမ်လေးစုံ လွတ်မြောက်တော်မူကြတဲ့ အရိယာသခင် အရှင်သူမြတ်တို့သည်။ မစ္စုဟာယိနော=သေခြင်း တရားကို ပယ်ရှားပြီး ဖြစ်တော်မူကြပေကုန်၏။

သေခြင်းတရားပယ်ရှားပြီးဆိုတာ အိုခြင်းတရားလဲ ပယ်ပြီး၊

http://www.dhammadownload.com



နာခြင်းတရားလဲ ပယ်ပြီး၊ ပဋိသန္ဓေ နေခြင်းလဲ ပယ်ပြီး–အဆုံးနဲ့ ကိုင်ပြီး ပြောလိုက်တယ်။ ပဋိသန္ဓေတဖန် မတည်ရဖူးဆိုတာနဲ့ နောက်တဖန် ဘ၀သစ်မှာ မသေရဖူးဆိုတာ၊ မသေးဖူးဆိုသဖြင့် ပဋိသန္ဓေမနေရဖူးဆိုတာ သိရတယ်။ ပဋိသန္ဓေနေယင်တော့ သေရမှာ အမှန်ပဲ။ ဒါကြောင့် အဆုံးက ဖော်ပြတဲ့ အန္တဒီပကနည်းနဲ့ ဘ၀ဇာတ်သိမ်း ငြိမ်းတော့ပြီ–လို့ ဒေသနာနိဂုံးဆုံးတဲ့အခါ ရှေးနည်းအတူ ခြောက်ကိုပ်သောရဟန်းတော် အရှင်သူမြတ်တို့ အရဟတ္တဖိုလ်ပေါက်ရောက်တော်မူကြတယ်။

## ၁၅။ ပန္နရသမပဇ္ဇ

ညဥ့်သည် တဖြေးဖြေးနက်၍လာသလို တရားသဘောကလဲ တဖြေးတဖြေးနက်၍နက်၍ လာတယ်။ ကိုင်း ဤနည်းနဲ့ ကျွတ်တမ်း ၀င်ကြတဲ့ ပုဂ္ဂိုလ်တို့မှတပါး အခြားနည်းဖြင့် ကျွတ်တမ်း၀င်ကြတဲ့ ပုဂ္ဂိုလ်တို့အတွက်–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ဣတိ စေ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ၀စနီယာ။

ဤနည်းမှတပါး အခြားနည်းနဲ့ကော ဒွယတာနုပဿ‌ ကောင်း ကောင်း ဖြစ်နိုင်ပါသလားလို့ မေးယင် ဖြစ်နိုင်တယ်လို့ပဲဖြေကြ။

ကထဉ္စ သိယာ?

ဘယ်လိုဖြစ်နိုင်သလဲလို့ဆိုတော့ ဒါက ဘုန်းကြီးတို့နဲ့ တရားနာ ပုဂ္ဂိုလ်တွေနဲ့ ဒိနစ်ခုက ပိုပြီးတော့ ဆိုင်တယ်။

ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "ဣဒံ သစ္စ" န္တိ ဥပနိဇ္ဈာယိတံ၊ တဒမရိယာနံ "ဧတံ မုသာ"တိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ။ အယမေကာနုပဿနာ။

http://www.dhammadownload.com



ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "ဣဒံ မုသာ"တိ ဥပနိဇ္ဈာယိတံ, တ,ဒမရိယာနံ "ဧတံ သစ္စ"န္တိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ၊ အယံ ဒုတိယာနုပဿနာ။

အားလုံးဘုန်းကြီးတို့တရားဟောတဲ့ ပုဂ္ဂိုလ်တွေ၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေနဲ့ အနီးကပ်ဆုံး တရားရောက်လာတော့ နဲနဲကျယ်ပါတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သဒေဝကဿ= နတ်ပြည် ငါးထပ်နှင့်တကွသော။ သမာရကံ=ဝသဝတ္တိ နတ်ပြည်နှင့် တကွသော။ သဗြဟ္မကဿ=ဗြဟ္မာပြည် နှစ်ဆယ်နှင့် တကွသော။ လောကဿ=နတ်ပြည်လောကကလည်းကောင်း။ သဿမဏဗြာဟ္မဏိယာ= သမဏ ဗြဟ္မဏ ပုဂ္ဂိုလ်နှင့်တကွသော။ သဒေဝမနုဿာယ=မင်းများ လူများနှင့် တကွသော လူ့ပြည်လောက သတ္တဝါအပေါင်းကလည်းကောင်း။ "ဣဒံ=(တေဘုံမကလို့တော့ မသိဘူးပေါ့လေ။ သို့ပေမဲ့ သူတို့စွဲထားတဲ့ တရားတွေ။ တေဘုံမက ခန္ဓာငါးပါးကို လက်ညှိုးထိုးပြ၍) ဤတရား အစုသည်။ သစ္စံ=နိစ္စဧကန် သုခဧကန် သုဘဧကန် အတ္တဧကန် မှန်၏ ဟူ၍။ ဥပနိဇ္ဈာယိတံ=ယူဆ၍ ထားအပ်၏။

ကိုင်း ဆိုကြပါစို့။ ပုထုဇဉ် သူငါတွေက အရိယာ မဟုတ်တဲ့ နတ်တွေ ဗြဟ္မာတွေ လူတွေ ရဟန်းတွေ ပုဏ္ဏားတွေ မင်းတွေ နတ်လောက လူ့လောကရှိသမျှ ပုထုဇဉ်လောကနယ်ပယ်က ပုဂ္ဂိုလ်တွေက ဟောဒီ တရားတွေဟာ နိစ္စဧကန် သုခဧကန် အတ္တဧကန် အမှန်ပါပဲလို့ ကြံဆ ထားတယ်။ ဘယ်တရားတွေကိုတုန်း?၊ တေဘုံမက ဝဋ္ဋဒုက္ခ တရားတွေကို။ ဒုက္ခတရားတွေကိုပဲ ဒီက သုခလို့ ယူဆထားတယ်။ မမြဲတဲ့ အနိစ္စတွေကိုပဲ နိစ္စလို့ ယူဆတယ်။ ဒါ အမှန်လို့ ယူဆတယ်။ နိစ္စအမှန် သုခအမှန် အတ္တအမှန်လို့ ယူဆတယ်။

http://www.dhammadownload.com



တဒံ=တံ ဣဒံ=ထိုတေဘုံမက ဝဋ်ဒုက္ခတရားအစုကို။ အရိယာနံ= အရိယာသခင် အရှင်သူမြတ်တို့ကတော့။ ဧတံ=ဤတေဘုံမက သင်္ခါရ တရားအစုသည်။ မုသာ=နိစ္စမဟုတ်ဖူး, မှားသဟဲ့ အနိစ္စ၊ သုခမဟုတ်ဖူး, သုခလို့ ဆိုတာ မှားသဟဲ့ ဒုက္ခ၊ အတ္တမဟုတ်ဖူး, အတ္တလို့ ဆိုတာမှားသဟဲ့ အနတ္တ။ ဣတိ=ဤသို့။ ယထာဘူတံ=မဖောက်မပြန် အမှန်အတိုင်း။ သမ္မာ=ကောင်းစွာ။ ပညာယ=ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာဖြင့်။ သုဒိဋ္ဌံ=ကောင်းစွာမြင်အပ်ပါပေ၏။ အယံ=ဤသို့ရှုမှုသည်။ ဧကာ နုပဿနာ=တခုသော ရှုမှတ်မှုပေ။

နတ်လောက လူ့လောက ပုထုဇဉ်လောက ရှိသမျှသော နတ်တွေက ခန္ဓာငါးပါး တေဘုံမက ဝဋ်ဒုက္ခတရားကြီးကို နိစ္စကောန် သုခကောန် အတ္တကောန် မှန်တယ်လို့ ယူဆထားတယ်။ အဲဒီ တေဘုံမက ဝဋ်ဒုက္ခတရားတွေကို နိစ္စလို့ ယူတာ၊ သုခလို့ယူတာ။ အတ္တလို ယူတာဟာဖြင့် မှားတယ်လို့ အရိယာတွေက အမှန်အတိုင်း သိထားတယ်တဲ့။ ဘယ်လောက် ရှက်စရာကောင်းတုန်း။

ဟင်...တခါ အရိယာတွေဖက်အယူကျတော့ ဒို့ပုထုဇဉ်တွေ ဖက်က ဘဲစားဘဲခြေ ဘယ်လိုပြန်ပြီးတော့ ဆိုထားတုန်း။

ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝနုဿာယ "ဣဒံ မုသာ"တိ ဥပနိဇ္ဈာယိတံ။ တဒမရိယာနံ "ဧတံ သစ္စ"န္တိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ၊ အယံ ဒုတိယာနုပဿနာ။

နတ်လောက ဗြဟ္မာလောက လူ့လောကရှိသမျှသော ပုထုဇဉ် လောကအပေါင်းက အဲဒီအရိယာတွေနယ်ပယ်က ပြောဆိုနေတဲ့ နိဗ္ဗာန် ဆိုတာဟာကွာ မရှိပါဖူး။ အမှားပြောနေတာပါလို့ အဲဒီလို ပုထုဇဉ် လောကက ယူဆထားတဲ့ နိဗ္ဗာန်တရားကို အရိယာလောကက အမှန်ရှိ

http://www.dhammadownload.com



အမှန်ကိုပဲ သူတို့က သိထားတယ်။ ဒါ ဒုတိယအနုပဿနာ။ ပုထုဇဉ်နဲ့ အရိယာနဲ့ကတော့ အဖြူနဲ့ အမဲ၊ အမဲနဲ့ အဖြူ အဲဒီလိုကွာနေကြတယ်။

ပုထုဇဉ်လောက လူနတ်ဗြဟ္မာ သတ္တဝါတွေက ခန္ဓာငါးပါးကို နိစ္စအမှန် သုခအမှန် အတ္တအမှန်လို့ ယူဆထားတယ်။ အရိယာဖက်က အဲဒါ နိစ္စ သုခ အတ္တလို့ ယူဆတာ မှားတယ်လို့ အမှန်အတိုင်းကို သူတို့က သိတာပဲ။ တခါ ပုထုဇဉ်တွေဖက်ကလဲပဲ အညှံ့ခံပါရိုးလား ဆိုပြီး သူတို့အရိယာတွေပြောတဲ့ နိဗ္ဗာန်ဟာ အလကားပါကွာ။ အမှားကြီးပါလို့ ဒီလိုပြောတယ်။ အရိယာသခင် အရှင်သူမြတ်တွေက "နိဗ္ဗာန်က မှန်လိုက်သမှ အကြွင်းမဲ့အမှန် ပရမတ္ထအမှန်" ဤအမှန်နဲ့ ယထာဘူတ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုပြီးတော့ ကောင်းကောင်းကြီး သိထားတယ်တဲ့။ အဲဒါ ဒွယတာနုပဿနာပဲ။

ဤနည်းနဲ့ အော် ဒို့ပုထုဇဉ်တွေအမြင်နဲ့ အရိယာတွေ အမြင် မတူပါလား။ အမှန်နဲ့ အမှား။ ဒို့က အမှန်ထင်တယ်၊ အရိယာတွေက အမှားလို့ ယူဆတယ်။ ဒို့က အမှားထင်တာ၊ အရိယာတွေက အမှန်လို့ သိတယ်။ ဒီလို ကွာနေတယ်။ ဤကဲ့သို့ ရှုကြည့်ယင်တဲ့ မျက်မှောက်ဘဝမှာပဲ အရဟတ္တဖိုလ် သို့မဟုတ် အနာဂါမိဖိုလ်သို့ ရောက်နိုင်တယ်။

ကိုင်း ဂါထာဗန္ဓကိုမှ နှစ်သက်တော်မူကြတဲ့ အရှင်မြတ်များအဖို့–

> အနတ္တနိ အတ္တမာနိံ၊
> ပဿ လောကံ သဒေဝကံ။
> နိဝိဋ္ဌံ နာမရူပသ္မိံ၊
> ဣဒံ သစ္စန္တိ မညတိ။

နာမရူပသ္မိံ=နာမ်ရုပ်တရား နှစ်ပါးအစု၌။ နိဝိဋ္ဌံ=အလွဲလွဲ အမှားမှား နှလုံးသွင်းသည်ဖြစ်၍။ ဣဒံ=ဤနာမ်ရုပ်တရား နှစ်ပါးအစုကို

http://www.dhammadownload.com



လက်ညှိုးထိုးပြပြီးတော့ ဒီတရားတွေဟာဖြင့်။ သစ္စတ္တိ=နိစ္စကောန် သုခ ကောန် အတ္တကောန်ဟူ၍။ မညတိ=မှတ်ထင်တတ်ပေ၏။

အနိစ္စ ဒုက္ခ အနတ္တဖြစ်တဲ့ ရုပ်နာမ်ပေါ်မှာ နှလုံးသွင်း လွဲပြီးတော့–

ဣဒံ=ဤတရားအစုသည်။ သစ္စံ=နိစ္စ သုခ အတ္တပဲလို့ အထင်လွဲ ရှာကြတယ်။

အနတ္တနိ=အတ္တမဟုတ်တဲ့ တရားပေါ်မှာ။ အတ္တမာနိ=အတ္တဟူ၍ အထင်မှားလျက်ရှိသော။ သဒေဝကံ လောကံ=နတ်ဗြဟ္မာနှင့် တကွသော သတ္တလောကကြီး တခုတလုံးကို။ ပဿ–ပဿာဟိ=ရှုစမ်းပါလော့။

ပုထုဇဉ်လောကကြီး တခုလုံး ရှုကြည့်စမ်းပါတဲ့။ အတ္တမဟုတ်တဲ့ နာမ်ရုပ်တရားပေါ်မှာ အတ္တရယ်လို့ အထင်မှား အမြင်မှား ဖြစ်နေတယ်။ သူတို့ အမြင်တွေ မှားနေတယ်။ မမှန်ဖူး။ သူတို့ကတော့ အတ္တ နိစ္စ သုခ လို့မြင်တာ မှန်တယ်လို့ ထင်တယ်။ တကယ်စင်စစ်တော့ အဲဒါ မှားနေတယ်။ ကြည့်ကြစမ်းပါ–လို့ မြတ်စွာဘုရားက တရားသဘော မိန်မိန်ကြည့်စမ်းပ။ အတ္တမဟုတ်တဲ့ ရုပ်နာမ်တရားပေါ်မှာ အတ္တလို့ ထင်နေတဲ့ နတ်ဗြဟ္မာနဲ့တကွသော ပုထုဇဉ်လောကကြီးကို ကြည့်ကြ စမ်းပါ။

ယေန ယေန ဟိ မညန္တိ၊
တတော တံ ဟောတိ အညထာ။
တဉှိ တဿ မုသာ ဟောတိ၊
မောသဓမ္မဉှိ ဣတ္တရံ။

ဟိ–သစ္စံ=မှန်၏ (ဝါ) သတ္တလောကကြီး အထင်မှား အမြင်မှား ဖြစ်နေတယ်ဆိုတဲ့ စကားက မှန်လှပါပေ၏။ (မှန်ပုံကို ဤအကြောင်း နဲ့ ဆင့်ကာဆင့်ကာ ဖော်ပြမယ်။) ယေန ယေန=အကြင် အကြင်

http://www.dhammadownload.com



အခြင်းအရာဖြင့်။ (ဝါ)=နိစ္စအခြင်းအရာ သုခအခြင်းအရာ အတ္တအခြင်းအရာဖြင့်။ မညန္တိ=ပုထုဇဉ်နတ်လူတို့က မှတ်ထင်ကြပေကုန်၏။

ရုပ်နာမ်ခန္ဓာ သင်္ခါရတွေ အပေါ်မယ် နိစ္စလို့အထင်မှား အမြင်မှား သုခလို့ အထင်မှား အမြင်မှား၊ အတ္တလို့ အထင်မှား အမြင်မှား မြင်နေ မှားနေ ထင်နေတုန်းပဲ။ တံ=ထိုရုပ်နာမ်ခန္ဓာ သင်္ခါရတရားအစုသည်။ တတော=ထိုပုထုဇဉ် သူငါတို့ ထင်မှားနေတဲ့ နိစ္စအခြင်းအရာ သုခအခြင်းအရာ အတ္တအခြင်းအရာမှ။ အညထာ=တပါးသော အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာဖြင့်။ ဟောတိ=ဖြစ်၍နေ၏။

ဒီက ထင်နေလိုက်တာ မြဲတယ် ထင်နေ၊ တရားတွေက မမြဲတဲ့ သဘော၊ သူတို့အခြင်းအရာနဲ့ ဖြစ်နေတယ်။ ဒီတော့ ချမ်းသာတယ်ထင်၊ တရားသဘောက မချမ်းသာတဲ့။ ဒီကထင်တာတလွဲ ဟိုက ဖြစ်တာတခြား။ ဒီက အတ္တလို့ ထင်တယ် ဟိုက အနတ္တအခြင်းအရာနဲ့ ဖြစ်နေတယ်။

ဟိ=မှန်၏။ တဿ=ထိုပုထုဇဉ်လောက၏။ တံ=ထိုသို့ ရုပ်နာမ်ခန္ဓာ သင်္ခါရပေါ်မှာ နိစ္စ သုခ အတ္တဟူ၍ ထင်မှားမှုသည်။ မုသာ=အမှားကြီး မှား၍နေသည်။ ဟောတိ=ဖြစ်၏။

ရုပ်နာမ်ခန္ဓာ သင်္ခါရပေါ်မှာ နိစ္စ သုခ အတ္တလို့ ယူဆနေတာဟာ ဧရာမ အမှားကြီးတဲ့ ဘုရားကိုယ်တော်မြတ်က ဘာကြောင့်လဲ ဆိုတော့–

ဟိ=မှန်၏။ ကသ္မာ=အဘဲ့ကြောင့်။ မုသာ=ဧရာမ အမှားကြီး ဖြစ်ရသနည်း ဟူမူကား။ ဧတံ=ဤရုပ်နာမ်ခန္ဓာ သင်္ခါရတရားအစုသည်။ ဣတ္တရံ=တခဏ တာဝကာလိကမျှသာ ဖြစ်ကြ၍။ မောသဓမ္မံ=ခဏအတွင်း ပျက်စီးခြင်းသဘော ရှိပေ၏။

ကြည့်စမ်းပါ။ ရုပ်ပဲ ကြည့်မလား။ ဝေဒနာ သညာ သင်္ခါရကိုပဲ

http://www.dhammadownload.com



ကြည့်မလား။ ဘာပဲ ကြည့်ကြည့် ခဏကလေး ဖြစ်ပြီးတော့ ခဏကလေး ပျက်သွားတယ်။ မောသဓမ္မဥ္စ ဣတ္တရံ ဆိုတာက– ဣတ္တရံ=တိုတိုတောင်း တောင်း ခဏကလေးအတွင်းသာဖြစ်၍။ မောသဓမ္မံ=ခဏအတွင်း ပျက်စီးခြင်းမလှ ပျက်စီး၍သွားရတယ်။ အဝေးကြီး မကြည့်နဲ့နော်။ ဘုန်းကြီး ရွတ်နေတဲ့ ဒီတရားသံလေးတွေပဲ တသံပြီး တသံခဏဖြစ်ပြီး ခဏပျောက်ပျောက်သွားတာပဲ။ အဲဒီဥစ္စာကို ဒီက နိစ္စ မှန်ပါတယ် ဆိုယင် မလွဲပါလား။ ဒီမမြဲမှု မမြဲတဲ့တရားကို ချမ်းသာလိုက်တာ ပြောလို့ ဘယ့်နှယ်လုပ်ပြီး ချမ်းသာမလဲ။ ဒီတရားကသာဖြင့် မချမ်းသာဖူး။ ဒီအသံ သဒ္ဒရုပ်က သေပဲ ချုပ်ပဲ သွားပေါ့။ ဘယ် ချမ်းသာမလဲ။ ဒီတရားကိုပဲ အတ္တငါလို စွဲအုန်းမလား။ စွဲမယ်လို့ ကြံတုန်းရှိသေး ဒီအသံတွေက ပျောက်ကုန်ပြီ။ တလုံးပြီး တလုံးပျောက် နောက်တလုံး ပေါ်ပေါက်၊ ရှေ့တလုံးပျောက်။ အသံတည်းဟူသော သဒ္ဒရုပ်သည် နောက်တလုံးပေါ်ပေါက် ရှေ့တလုံးပျောက်သလိုပဲ အဆင်းလဲပဲ ထိုနည်း လည်းကောင်း၊ အနံ့လဲပဲ။ အရသာလဲပဲ။ အတွေ့အထိလဲပဲ။ ဟာ ဘယ်တရားမဆိုပဲ သင်္ခါရတရားမှန်သမျှ နောက်သင်္ခါရတရားပေါ်ယင် ရှေ့သင်္ခါရ ပျောက်တာချည်းပဲ။ ဒါပေမယ်လို့ အသစ် အသစ်ရောက် နေတဲ့အတွက် လူကောင်ကြီး နတ်ကောင်ကြီး ပျောက်မသွားတာ။ ဧရာဝတီမြစ်ထဲက ရေတွေလို အခုဒီကလှမ်းကြည့် ဖွေးဖွေးကြီး မြင်ရတဲ့ ရေတွေက ဒီလိုပဲ လျှောက်ကြည့်သွား။ ဒီ ဖွေးဖွေး ကြီး မြင်နေရတာပဲ။ ဘယ်ဟုတ်မလဲ ခုမြင်တဲ့ရေက ခုအောက်ရောက်သွားပြီ၊ နောက်အသစ် အသစ် သန္တာန်မပြတ်ပဲ ဒီနေရာတွင် ရေတွေ ထပ်၍ထပ်၍ ရောက်လာ သောကြောင့် မြစ်ထဲမှာ ရေအလျဉ် မပြတ်ပဲနေတာ။ အဲဒါ ဒီကနေပြီးတော့ ခဏနဲ့ဖြစ်ပြီးတော့ ခဏပျက်သွားတာ။ အဲဒီလို ပျက်သွားသောကြောင့် ဒီတရားပေါ်မှာ နိစ္စ သုခ အတ္တ လို့ဆိုခြင်းဟာဖြင့် အမှားကြီးမှားပါတယ်။ ဒီလိုပြောတယ်။

http://www.dhammadownload.com



အမောသဓမ္မံ နိဗ္ဗာနံ၊
တဒရိယာ သစ္စတော ဝိဒူ။
တေ ဝေ သစ္စာဘိသမယာ၊
နိစ္ဆာတာ ပရိနိဗ္ဗုတာ။

အမောသဓမ္မံ=ဘယ်တော့မှ ပျက်စီးခြင်းသဘော မရှိသော။ ယံ နိဗ္ဗာနံ=အကြင်နိဗ္ဗာန်တရားသည်။ အတ္ထိ=ရှိ၏။ တံ နိဗ္ဗာနံ=ထိုနိဗ္ဗာန် တရားကို။ အရိယာ=အရိယာသခင် အရှင်သူမြတ်တို့သည်။ သစ္စတော= ပရမတ္ထသစ္စာ အမှန်အနေအားဖြင့်။ ဝိဒူ=မဂ်ဉာဏ်လေးရပ်ဖြင့် မည်သူ တဦးတယောက်မျှ ဖျက်မရအောင် သိရှိတော်မူကြပါပေကုန်၏။

အရိယာတွေ မျက်စိနဲ့တော့ နိဗ္ဗာန်ဟာ မှန်ကန်တယ်။ ဘာပြုလို့ တုန်း မပျက်စီးလို့။ ဘယ်တော့မှ မပျက်စီးဖူး။

"အစွန့်ရှည်စွာ၊ ဘယ်မျှကြာလဲ၊ တခါတရံ၊ မဖောက်ပြန်ပဲ၊
အစဉ်မြဲကို၊ သစ္စာဆို၏"။

ဆိုတဲ့အတိုင်း နိဗ္ဗာန်ဟာဖြစ်ခြင်းသဘောမရှိလို့ ဘယ်တော့မှ ပျက်ခြင်း သဘောမရှိဖူး။ သူ့သန္တိသဘောအနေနဲ့ အခါခပ်သိမ်း ရှိနေတယ်။ ဒါ ဘုန်းကြီး ပုထုဇဉ် နယ်ပယ်ကတော့ ဒီလောက်ပဲ ပြောမယ်။ ဒီထက်ရှေ့ကို နယ်ကျူးပြောယင် ဘုန်းကြီးတို့လဲ လွဲမယ်။

တရားနာပရိသတ်တွေ အနေနဲ့ နယ်ကျူး စဉ်းစားယင်ပေါ့လေ။ ကိုယ့်ပုထုဇဉ်နယ်က ဒီလောက်ပဲ ကောင်းတယ်။ နိဗ္ဗာန်ကို အဲဒီထက် ဟို ကျော်ကျူးပြောယင် နိဗ္ဗာန်ကို မဆိုထားနဲ့ ဒူးရင်းသီးအကြောင်း ပြောတောင် ကိုယ့်နယ်က ကျော်သွားယင် လွဲသွားတတ်တယ်။ ဒူးရင်းသီး မစားဖူးလို့ စာဖတ်ထားတဲ့လူက ကိုယ် ဖတ်ထားတဲ့အတိုင်း စာထဲက ဒူးရင်းသီးသည် အသီးက ဆူးတွေနဲ့ အဲသလောက်ပြော။ ခွဲကြည့် လိုက်သောအခါ အတွင်းမှာ အစေ့ကား အိမ် ဖွဲ့၍ နေတတ်၏။

http://www.dhammadownload.com



လေးငါးအိမ် ပါတတ်၏။ ဒီလောက်ပဲ ပြော။ ဒီထက် တိုးပြောယင် ဟို စာက ရေးထားတယ်၊ စားကြည့်လိုက်၊ အစေ့ပေါ်၌ စားသောက်ဖို့ရန် အမြွေးသြဇာကပ်၍ တည်ရှိ၏။ ဒီလို စာက ရေးတာ။ အဲဒီအတိုင်းပြော၊ အမြွေးကို စမ်းသပ် စားသည်ရှိသော် ချိုမြိန်၏။ ဒီလောက်ပဲပြော။ ဒူးရင်းသီးချိုတာ ဘယ်လိုတုန်းဗျာ၊ သကြားလိုလား ဆိုယင်၊ ဘယ်လိုမှ ပြောမဖြစ်ဖူး။ ဒါပေမဲ့ ဒူးရင်းသီးရဲ့ ချိုပုံ ကိုယ်တွေ့ အရသာ သိချင် ယင် ကိုယ်တိုင်စားမှ သိတာ။ စားပြီးသား လူကတောင်မှ ဒူးရင်းသီး အရသာကို ကိုယ်သိသလောက် မစားဖူးတဲ့ လူတယောက်ကို သဘော ကျအောင် ကိုယ်သဘော ကျသလောက် ဟိုလူတယောက် သဘောကျ ဖို့ဆိုတာ မလွယ်ဖူး။ အဲဒါကြောင့် အရိယာတွေက ဒူးရင်းသီးကို ကိုယ်တိုင်စားပြီးတော့သိတဲ့ အသိမျိုးလို နိဗ္ဗာန်ပေါ့လေ။ ကိုယ်တိုင် မျက်မှောက်ပြုပြီးတော့ သိတာ။ ပုထုဇဉ်ကတော့လေ နိဗ္ဗာန်အကြောင်းကို ဒူရင်းသီးအကြောင်းကို စာဖတ်ပြီးတော့ သိတဲ့ အသိမျိုးလောက်ပဲ ရှိတယ်။ သလောက်ပဲတော်ကြစို့။

စာက နိဗ္ဗာန်ဘယ်တော့မှ ပျက်စီးခြင်းသဘော မရှိဘူးတဲ့။ ဘာပြုလို့ မပျက်စီးတုန်းဆို ဖြစ်တဲ့ ဥပါဒ်သဘော မရှိလို့တဲ့။ ဖြစ်မှုဆိုတဲ့ ဥပါဒ်ဖြစ်တဲ့တရား မဟုတ်လို့။ ဟာ မဖြစ်ယင် နိဗ္ဗာန် မရှိဖူးလား။ အို...ရှိသမျှ အမြဲရှိတယ်။ ရှိတယ်သာပြော၊ ဖြစ်တယ် မပြောရဖူးတဲ့။ အခါခပ်သိမ်း ရှိတယ်။ နိဗ္ဗာန်က အဝေးကြီးလားဆိုတော့ အနီးလေးတဲ့။

အရိယာသခင် အရှင်သူမြတ်တွေကတော့ ဘယ်တော့မှ မပျက်စီး တဲ့ နိဗ္ဗာန်တရားကို သစ္စာလို့ သိတော်မူကြတယ်။ သစ္စာလို့ သိတဲ့ နိဗ္ဗာန်ကို ပုထုဇဉ်ဝါဒသမားတွေက အမှားပါကွာလို့ အဲဒီလို သူတို့က အဆိုခံရတယ်။ ကိုင်း...ဆိုဆို မဆိုဆို မောင်တို့နေရစ်တော့။

http://www.dhammadownload.com



တေ=ထိုအရိယာသခင် အရှင်သူမြတ်တို့သည်။ ဝေ=စင်စစ်။ သစ္စာဘိသမယာ=နိဗ္ဗာန်တည်းဟူသော ပရမတ္ထနိရောဓသစ္စာကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်သောကြောင့်။ နိဗ္ဗုတာ= တဏှာကင်းတော်မူကြကုန်သည်ဖြစ်၍။ ပရိနိဗ္ဗုတာ=ကိလေသာပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းအေးကိန်းနဲ့ ကြဲတော်မူကြရလေပြီ။

သူတို့မှာတော့ အဲဒီနိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို ပိုင်းပိုင်းခြားခြား သိတော်မူတဲ့အတွက် တဏှာတည်းဟူသော ဆာလောင်မွတ်သိပ်ခြင်းကင်းပြီးတော့ ကိလေသပရိနိဗ္ဗာန် စံတော်မူကြရပြီလို့ အရဟတ္တဖိုလ်အထွတ်တပ်၍ ဒေသနာနိဂုံး ဆုံးလိုက် သိမ်းလိုက်လျှင်ပဲ ခြောက်ကျိပ်သောရဟန်းတော်တို့ အရဟတ္တဖိုလ်ပေါက်ရောက်၍ ကျွတ်တမ်းဝင်တော်မူကြပြန်ပြီ။

## ၁၆။ သောဠသမပဗ္ဗ

နောက်ဆုံးအနေနဲ့–

သိယာ အညေနပိ ပရိယာယေန သမ္မာ ဒွယတာနုပဿနာတိ၊ ကထံ စ သိယာ ဘိက္ခဝေ ပုစ္ဆိတာရော အဿု။ "သိယာ" တိဿု ဝစနီယာ။

ချစ်သားတို့–တခြားတပါးသော နည်းပရိယာယ်နဲ့လဲပဲ ဒွယတာနုပဿနာအလုပ် လုပ်လို့ ဖြစ်သလားဆိုယင်၊ ဖြစ်တယ်လို့ပဲ ဖြေလိုက်ပါ။

ကထဉ္စ သိယာ?

ဘယ်လို ဖြစ်သလဲလို့ စစ်မေးလာယင်–

ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "ဣဒံ သုခ" န္တိ ဥပနိဇ္ဈာယိတံ၊ တ ဒမရိယာနံ "ဧတံ ဒုက္ခ"န္တိ

http://www.dhammadownload.com



ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ၊ အယမေကာနုပဿနာ။

ချစ်သားတို့၊ နတ်လောက လူ့လောကဆိုတဲ့ ပုထုဇဉ်လောကကြီး တခုလုံးက –

ဣဒံ=ဤအဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ဣဋ္ဌသဘော ရှိတဲ့ ဓမ္မရုပ်နာမ်တစုဟာ။ သုခန္တိ=သုခဟူ၍။ ဥပနိဇ္ဈာယိတံ= ယူဆထားအပ်၏။

လူရော နတ်ရော ဗြဟ္မာရောဆိုတဲ့ ပုထုဇဉ်လောကကြီးက ဣဋ္ဌဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါးကို သုခပဲလို့ ယူဆထားတယ်။

တဒမရိယာနံ "ဧတံ ဒုက္ခ"န္တိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ=ထိုပုထုဇဉ်လောကက သုခလို့ ယူထားတဲ့ ဣဋ္ဌဖြစ်သော အာရုံခြောက်ပါးဟာ အရိယာသခင် အရှင်သူမြတ်တွေကတော့ ဒုက္ခပဲလို့ ယထာဘူတ မဖောက်မပြန် မှန်ကန်တဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တွေဖြင့် အမှန်အတိုင်း မြင်တော်မူနေကြတယ်။ ဒီလို ရှုတာက အနုပဿနာ တခုတဲ့။

ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မ ကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "ဣဒံ ဒုက္ခ" န္တိ ဥပနိဇ္ဈာယိတံ၊ တ ဒမရိယာနံ "ဧတံ သုခ"န္တိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ၊ အယံ ဒုတိယာနုပဿနာ။

ချစ်သားတို့–သမဏဗြာဟ္မဏပုဂ္ဂိုလ်များနှင့်တကွ မင်း, ကြွင်းသောလူများနှင့်တကွသော လူ့ပြည်လောက ပုထုဇဉ်ဟူသမျှကလည်းကောင်း၊ အကြင်သက္ကာယ ခေါ်သော ခန္ဓာငါးပါးတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒုက္ခပဲလို့ အဲဒီလို ပြောတယ်။ အရိယာသခင် အရှင်သူမြတ်တွေက သက္ကာယရဲ့ ချုပ်ငြိမ်းခြင်းကို သုခလို အမှန်အတိုင်း သိတော်မူကြတယ်။

http://www.dhammadownload.com



ခုနကတုန်းက ပဗ္ဗက ပုထုဇဉ်က နိစ္စ သုခ အတ္တလို့ အမှား ယူဆတာကို အရိယာတွေက အဲဒီလို ယူဆချက်ဟာ မှားတယ်လို့ ဒီလို သိတော်မူကြတယ်။ တကယ်ဆိုတော့ အနိစ္စ ဒုက္ခ အနတ္တချည်းပဲ။ တခါ အရိယာတွေက မှန်ကန်တယ်လို့ ယူဆတဲ့ နိဗ္ဗာန်ကို ပုထုဇဉ်တွေက မှားတယ်လို့ အဲဒီလို ကွာနေတယ်။

အခုဟာက သုခနဲ့ ဒုက္ခ၊ ပုထုဇဉ်နယ်ပယ်က အလိုရှိအပ်တဲ့ ကာဠအာရုံခြောက်ပါးကို သုခလို့ သမုတ်တယ်။ ယင်း သမုတ်ထားတဲ့ ကာဠဖြစ်သော အာရုံခြောက်ပါးကို–အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ဓမ္မသဘောဆိုတဲ့ ခြောက်ပါးသော ကာဠအာရုံတွေကို အရိယာ သခင် အရှင်သူမြတ်တွေက ဒုက္ခပဲလို့ အမှန်အတိုင်း ဝိပဿနာဉာဏ်နဲ့ သိနေကြတယ်။ တခါ အရိယာသခင် အရှင်သူမြတ်တွေက သက္ကာယခေါ် သော ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ရဲ့ ချုပ်ရာ နိဗ္ဗာန်ကို သုခလို့ သိထားတယ်။ အဲ...ပုထုဇဉ်တွေက အဲဒါဒုက္ခပဲ ဒီလိုပဲယူဆတယ်။ ဟိုက သုခလို့ဆိုယင် ဒီက ဒုက္ခလို့ ယူဆတယ်။ တပည့်တော်တို့ မယူပါဖူးလို့ ပြောမှာပေါ့။ တပည့်တော်တို့က အန္ဓဗာလပုထုဇဉ်မှမဟုတ်ပဲ ဘယ်ယူမလဲ။ ဗုဒ္ဓဘာသာတွေကမှ ဒီလိုယူယင် ခက်ကရောပေါ့။ သက္ကာယချုပ်ငြိမ်း မှုကို ဗုဒ္ဓဘာသာကမှ ဒုက္ခပဲလို့ ပြောယင် ခက်ကရောပေါ့။ ခု ပြောနေ တာက ဝါဒတ္တရလို့ ဆိုတဲ့ ဝါဒတပါးက ပုထုဇဉ်တွေရဲ့ အယူပြောတာ။ ကိုယ်တော်ရဲ့ သာဝကဖြစ်တဲ့ ဒီဗုဒ္ဓဘာသာဝင်တွေကို ကိုယ်တော့်နောက်က အသင့်ထားတာကို ကိုယ်ကပြင်ဖက် ထွက်ထွက် မသွားနဲ့ပေါ့။

အဲဒီလို နှစ်နည်းရှုလို့ရှိယင်တဲ့ အရဟတ္တဖိုလ်ကိုဖြစ်စေ အနာဂါမိဖိုလ်ကိုဖြစ်စေ ရဖို့ရန် ဧကန်သေချာပါတယ်။

ဤကဲ့သို့ စုဏ္ဏိယစကားပြေ နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီလိုဟောပြီးတော့ နောက်ဆုံးမှာ ဂါထာဗန္ဓနှစ်သက်တဲ့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com



အတွက် ဒီတခါတော့ အပြီးအဆုံး များများဟောမှပဲ ဆိုပြီးတော့ မြတ်စွာဘုရားက ဂါထာ ရှစ်ဂါထာ ဟောပါတယ်။ ရှေးရှေး ပဗ္ဗတွေတုန်းက နှစ်ဂါထာ သုံးဂါထာ ဟောပါတယ်။ လေးဂါထာ အများဆုံး။ အခု နောက်ဆုံး တဆဲ့ခြောက်ခုမြောက် အပိုင်းကျတော့ မြတ်စွာဘုရားက ရှစ်ဂါထာ ဟောပါတယ်။

ရူပါ သဒ္ဒါ ရသာ ဂန္ဓာ၊
ဖဿာ ဓမ္မာ စ ကေဝလာ။
ဣဋ္ဌာ ကန္တာ မနာပါ စ၊
ယာဝတ, တ္ထီတိ ဝုစ္စတိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ လောကေ=လောကဥ္၌။ ဣဋ္ဌာ စ=ရှာမှီးအပ်သည်လည်း ဖြစ်ကုန်သော။ ကန္တာ စ=နှစ်သက်အပ်သည်လည်း ဖြစ်ကုန်သော။ မနာပါ စ=စိတ်နှလုံးကို ပွားတိုးစေတတ်သည်လည်း ဖြစ်ကုန်သော။ ကေဝလာ=အလုံးစုံသော။ ရူပါ စ=အဆင်းအဖုံဖုံ ရူပါရုံတို့သည်လည်းကောင်း။ သဒ္ဒါ စ=အသံမျိုးစုံ သဒ္ဒါရုံတို့သည် လည်းကောင်း။ ဂန္ဓာ စ=အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်လည်းကောင်း။ ရသာ စ=အရသာမျိုးစုံ ရသာရုံတို့သည် လည်းကောင်း။ ဖဿာ စ= အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကော င်း။ ဓမ္မာ စ=ဓမ္မသဘော၏ အလုံး စုံသော ရမ်နာမ်တရားတို့သည်လည်းကောင်း။ ယာဝတာ=အကြင်မျှ လောက်သော အတိုင်းအရှည်ဖြင့်။ အတ္ထိ=ရှိကုန်၏။ ဣတိ=ဤသို့။ ဝုစ္စတိ=ဆိုအပ်ပေ၏။

သဒေဝကဿ လောကဿ၊
ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊
တံ နေသံ ဒုက္ခသမ္မတံ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဧတေ=ဤကြွဣ ကန္တ မနာပဖြစ်တဲ့ အဆင်းအဖုံဖုံ ရူပါရုံ, အသံအဖုံဖုံ သဒ္ဒါရုံ, အနံ့ အဖုံဖုံ ဂန္ဓာရုံ, အရသာအဖုံဖုံ ရသာရုံ, အတွေ့အထိ အဖုံဖုံ ဖောဋ္ဌဗ္ဗာရုံ, ဓမ္မသဘော အဖုံဖုံ ဓမ္မာရုံဆိုတဲ့ ဤအာရုံခြောက်ပါး ဣဋ္ဌတရားတို့ကို။ သဒေဝကဿ လောကဿ=နတ်နှင့်တကွသော ပုထုဇဉ်လောကက။ သုခသမ္မတာ=သုခဟူ၍ သမုတ်ထားအပ်ကုန်၏။

ပုထုဇဉ်လောကက ဣဋ္ဌဖြစ်တဲ့ ဒီအာရုံခြောက်ပါးကို သုခလို့ ခေါ်ဝေါ်ထားတယ်။ သမုတ်ထားတယ်။

ယတ္ထ စ=အကြင်နိဗ္ဗာန်ကား။ ဧတေ=ထို ဣဋ္ဌဖြစ်တဲ့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ–ဆိုတဲ့ တဏှာရဲ့ ကျက်စားရာ အာရုံခြောက်ပါးတို့ သည်။ နိရုဇ္ဈန္တိ=အကြွင်းမဲ့ ချုပ်ကြကုန်၏။ တံ=ထိုအာရုံခြောက်မျိုးတို့၏ ချုပ်ရာတည်းဟူသော ပရမတ္ထတရားကိုတော့။ နေသံ=နတ်ဗြဟ္မာနှင့် တကွသော ထိုပုထုဇဉ်လောက ရှိသမျှနတ်လူအပေါင်းတို့က။ ဒုက္ခန္တိ= ဒုက္ခဟူ၍။ သမ္မတံ=သမုတ်၍ ထားအပ်ပါပေ၏။

ခက်တာက ဣဋ္ဌဖြစ်တဲ့ အာရုံခြောက်ပါးကို ပုထုဇဉ်လူမိုက်တွေက သုခလို့ သမုတ်ထားတယ်။ အဲဒီအာရုံခြောက်ပါးတို့ ချုပ်ရာ နိဗ္ဗာန်ကို တော့ ဒုက္ခလို့ သူတို့က ပြောင်းပြန် သမုတ်ထားတယ်။

သုခန္တိ ဒိဋ္ဌမရိယေဟိ၊
သက္ကာယဿု ပရောဓနံ။
ပစ္စနီကမိဒံ ဟောတိ၊
သဗ္ဗလောကေန ပဿတံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သက္ကာယဿ=ဥပါ ဒါနက္ခန္ဓာ ခန္ဓာငါးပါး သက္ကာယတရားအစု၏။ ဥပရောဓနံ=အကြွင်းမဲ့ငြိမ်း

http://www.dhammadownload.com



ရာချုပ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ပရမတ်ကို။ သုခန္တိ=သုခဟူ၍။ အရိယေဟိ= အရိယာသခင် အရှင်သူမြတ်တို့က။ ဒိဋ္ဌံ=မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ဖြင့် အမှန်ပင် သိမြင်အပ်ပေ၏။ ဣဒံ=ဤသက္ကာယ၏ ချုပ်ရာ နိဗ္ဗာန်တရား ကို။ သဗ္ဗလောကေန=ပုထုဇဉ်လောက တခုလုံးက။ ပဿတံ=ကြည့်ရှုလတ် သော်။ ပစ္စနီကံ=ဆန့်ကျင်ဖက်ကြီး ဖြစ်၍နေသည်။ ဟောတိ=ဖြစ်၏။

လောကဖက်က ကြည့်လို့ရှိယင် သက္ကာယချုပ်ရာဖြစ်တဲ့ နိဗ္ဗာန် ဟာတဲ့ အရိယာတွေက သုခလို့ သမုတ်ပြီး မြင်ထားပေမယ်လို့၊ မဂ် ဉာဏ် ဖိုလ်ဉာဏ်နဲ့ လင်းလင်းမြင်ထားတဲ့ ဒီနိဗ္ဗာန်ကိုပဲ ဆန့်ကျင်ဖက် ကြီးဖြစ်နေပါတယ်။

ယံ ပရေ သုခတော အာဟု၊
တဒရိယာ အာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု၊
တဒရိယာ သုခတော ဝိဒူ။

ပရေ=အရိယာမှတပါး ပုထုဇဉ်အများတို့က။ ယံ=အကြင်အာရုံ ခြောက်ပါး ကာမဂုဏ်တရားအစုကို။ သုခတော အာဟု=သုခဟူ၍ ဆိုကြကုန်၏။ တံ=ထိုကာမဂုဏ်ဖြစ်တဲ့ လောကီအာရုံခြောက်ပါး တရားအစုကို။ အရိယာ= အရိယာသခင် အရှင်သူမြတ်တို့က။ ဒုက္ခတော အာဟု=ဒုက္ခဟူ၍ ဆိုကြ ကုန်၏။ ယံ=အကြင်သက္ကာယချုပ်ရာ နိဗ္ဗာန်တရားကိုတော့။ ဒုက္ခတော= ဒုက္ခအမည်အားဖြင့်။ ပရေ=အရိယာမှတပါး ပုထုဇဉ်အများတို့က။ အာဟု= ဆိုကြကုန်ပြီ။ တံ=ထိုသက္ကာယချုပ်ရာ နိဗ္ဗာန်တရားကို။ အရိယာ= အရိယာသခင် အရှင်သူမြတ်တို့က။ သုခတော ဝိဒူ=သုခဟူ၍ မည်သူမျှ ဖျက်မရအောင် မဂ္ဂဉာဏ် ဖလဉာဏ်တို့ဖြင့် ဝေဖန်ထင်ထင် သိမြင် တော်မူကြပါပေကုန်၏။

http://www.dhammadownload.com



ပုထုဇဉ်နဲ့ အရိယာ ဘယ်လောက်ကွာခြားတုန်း။ အဲ–ပုထုဇဉ်က အာရုံခြောက်ပါးကို သုခလို့ မြင်တယ်။ အရိယာပုဂ္ဂိုလ်တို့က အဲဒီအာရုံ ခြောက်ပါးကို ဒုက္ခလို့ မဂ်ဉာဏ်နဲ့ကို ကောင်းကောင်းကြီး သိထား တယ်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတယ်ဆိုတာ ဒါပြောတာ။ ဟင်... တခါ၊ ပုထုဇဉ်တွေက သက္ကာယချုပ်ယင် ဘာကောင်းသလဲ။ နိဗ္ဗာန်ကို ဒုက္ခအနေနဲ့။ သူမှာ သက္ကာယခေါ်တဲ့ ခန္ဓာငါးပါး ဘာမှမရှိဖူးတဲ့၊ ရုပ်လဲ မရှိဖူးတဲ့။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ နာမ်လဲမရှိဖူးတဲ့။ မရှိယင် ဘာနဲ့သွား ခံစားမတုန်း၊ ဘာနဲ့သွားမှတ်သားမတုန်း စသည်ဖြင့် ဒီနိဗ္ဗာန်ကြီး ဘဲ့နယ်လုပ်ပြီး ခံစားမလဲ။ နိဗ္ဗာန်ကြီး ဒုက္ခပါပဲလို့ အဲဒီလို ဒုက္ခအနေနဲ့ ခံစားစရာမရှိတဲ့ ဒုက္ခတရားအနေနဲ့ ပုထုဇဉ်တွေက ရှုကြည့်တဲ့ သက္ကာယချုပ်ရာနိဗ္ဗာန်ကို အရိယာသခင် အရှင်သူမြတ် တွေကတော့ သုခပဲလို့ ဖျက်မရအောင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိတော်မူကြတယ်။

ပဿ ဓမ္မံ ဒုရာဇာနံ၊
သမ္မူဠှေတ္ထဝိဒ္ဒသု။
နိဝုတာနံ တမော ဟောတိ၊
အန္ဓကာရော အပဿတံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဒုရာဇာနံ=ပုထုဇဉ် လူသာမန်တို့ သိရန်ခဲယဉ်းလှစွာသော။ ဓမ္မံ=နိဗ္ဗာန်တရားကို။ ပဿ ပဿာဟိ=ရှုစမ်းပါလော့။

နိဗ္ဗာန်တရား ဘဲ့လောက်ပုထုဇဉ်တို့ အသိခက်တယ်ဆိုတာ ရှုကြည့်စမ်းပါ ချစ်သားတို့။

ဧတ္ထ=ဤနိဗ္ဗာန်တရား၌။ အဝိဒ္ဒသု=ဉာဏ်ပညာ မရှိကြတဲ့ အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။ သမ္မူဠှာ=အပြင်းအထန် တွေဝေ၍နေ ကြကုန်၏။

http://www.dhammadownload.com



ဒီနိဗ္ဗာန်တရားပေါ်မှာ ဉာဏ်ပညာ လုံး၀မရှိတဲ့ မောဟ အတိပြီးတဲ့ အန္ဓဗာလပုထုဇဉ်တွေအဖို့ အမြဲတမ်းတွေဝေမိုက်မဲနေတာပဲ။

ဘယ်လိုများတုန်းလို့ဆိုတော့–

အပဿတံ=မျက်စိနှစ်ဖက် စုံလုံးပျက်ကြတဲ့ ပုဂ္ဂိုလ်တို့အဖို့။ အန္ဓကာရော၀= အမိုက်မှောင်ကြီးကဲ့သို့။ (မျက်စိနှစ်ဖက် ပိတ်ပြီးတော့ ပျက်နေတဲ့ လူဆိုယင် အရှေ့ကြည့်ကြည့်, အနောက်ကြည့်ကြည့်, တောင်ကြည့်ကြည့်, မြောက်ကြည့်ကြည့်, ဘယ်ကြည့်ကြည့် မှောင်ပဲ။ မီးခွက်ကြီးရှိယင် ကြည့်လဲ သူ့အဖို့တော့ မှောင်ပဲ)။ မျက်စိနှစ်ဖက် စုံလုံးပျက်တဲ့ ပုဂ္ဂိုလ်တို့ အဖို့ရာမှာ အရှေ့အနောက်တောင်မြောက် ဘယ်ကိုပဲကြည့်ကြည့် အမှောင်ကြီးဖြစ်သကဲ့သို့။ နိဝုတာနံ=အဝိဇ္ဇာ တည်းဟူသော မှောင်ကြီးဖြင့် ဖုံးပိတ်၍ ထားအပ်တဲ့ အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တို့အဖို့။ နိဗ္ဗာနံ=သက္ကာယချုပ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကြီးသည်။ တမော=အမိုက်မှောင်ကြီးသဖွယ်ဖြစ်၍ နေသည်။ ဟောတိ=ဖြစ်စေ။

မျက်မမြင်လူရဲ့ ရှေ့မှာ ဟောဒီကနေပြီးတော့ ဝပ်တစ်ရာလောက် ရှိတဲ့ မီးကြီး ထိုးပေမယ်လို့ သူတော့ လင်းသလားလို့ မလင်းပါဖူး။ မှောင်နေတာပဲ။ အေး– ဒီတိုင်းပဲတဲ့၊နိဗ္ဗာန်ဆိုတဲ့ အလင်းဓာတ်တရားကြီးဟာ အန္ဓဗာလပုထုဇဉ်ရဲ့ အဖို့ဖြင့် အမှောင်တိုက်ကြီးလို ဖြစ်နေတယ်တဲ့။

> သတဉ္စ ဝိဝဋံ ဟောတိ၊
> အာလောကော ပဿတာမိဝ။
> သန္တိကေ န ဝိဇာနန္တိ၊
> မဂါ ဓမ္မဿ ကောဝိဒါ။

ပဿတာ=မျက်စိအမြင်မှန်ကြတဲ့ ပုဂ္ဂိုလ်တို့အဖို့ရာ။ အာလောကော ဣ၀=အလင်းစက်ကြီးကဲ့သို့။ သတဉ္စ=သူတော်ကောင်းတို့ရဲ့

http://www.dhammadownload.com



အဖို့ရန်မှာကား။ နိဗ္ဗာနံ=နိဗ္ဗာန်တရားကြီးသည်။ ဝိဝဋံ=ပွင့်ပွင့် လင်းလင်းကြီးရှိ၍ နေသည်။ ဟောတိ=ဖြစ်၏။

မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်တို့အဖို့ရာမှာ မိမိရှေ့က ဝပ်တစ်ရာအားတထောင်အားရှိတဲ့ မီးလုံးကြီး အလင်းဓာတ်ကြီး ထွန်းထားယင် ပွင့်လို့လင်းလို့ ဘယ်ကြည့်ကြည့် အလင်းဓာတ်ကြီး မြင်နေသလိုပဲတဲ့။ သူတော်ကောင်းများအဖို့ အရိယာများအဖို့မှာဆိုယင် နိဗ္ဗာန်ဓာတ်ကြီးဟာ အမြဲတစေပွင့်လျက်လင်းလျက်နေတယ်။

ဓမ္မသာ=သူတော်တရား၌။ အကောဝိဒါ=မလိမ်မာကြကုန်သော။ (ဥပမာနဲ့ သွားကြစို့)။ မဂါ=ရတနာမှန်း မသိကြတဲ့ တောသမင်တို့သည်။ သန္တိကေ=မိမိအနားမှာရှိနေတဲ့ အဖိုးထိုက်တန်သော ရတနာတရားကို။ န ဝိဇာနန္တိ ယထာ=မသိကြကုန်သကဲ့သို့။

တောထဲ အင်မတန် အဖိုးတန် ပတ္တမြားကျောက်ကြီးကို မျက်စိနဲ့မြင်နေရပေမယ်လို့ သမင်လေးတွေက ဒါအဖိုးတန်တာလို့ သိရဲ့လားမသိဖူး။

မဏိံ မိဂေါ ပဿန္တောပိ၊
တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊
ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

ဟိုရှေးက ဝဏ္ဏဗောဒနီတရားထဲမှာ ဂါထာနဲ့ဖွဲ့ပြီး ရေးသားဖွဲ့နွဲ့ ထားတာရှိတယ်။

မိဂေါ=တောသမင်သည်။ မဏိံ=ပတ္တမြားကို။ ပဿန္တောပိ=မျက်ဝါးထင်ထင် မြင်ရပါသော်လည်း။ တိဏံ တိဏံ ဓဝ=အဖိုးမထိုက်မြက်သရိုက်ကိုသာလျှင်။ ဘုဉ္ဇံ ဘုဉ္ဇန္တော=စားလျက်။ ဂစ္ဆတိ=မိမိနေရာ

http://www.dhammadownload.com



တောသို့ သွားချေ၏။ ဇဝံ=ဤအတူ။ လဒ္ဓကာလော=သူတော်တရား အားထုတ်ဖို့ရာ အခါအခွင့် ရရှိသူဖြစ်ပါလျက်လည်း။ ဒုပ္ပညော=ပညာ မရှိတဲ့ ပုဂ္ဂိုလ်သည်။ ကာမံ ဘုဥ္ဇိ၀=၀တ္ထုအာရုံ ကာမဂုဏ်ကို ခံစား သုံးစွဲ၍သာလျှင်။ ဂစ္ဆတိ=သေရွာခရီးသို့ ရောက်ရလေ၏။

သမင်ကလေးများဟာ ကိုယ့်မျက်မှောက် ပတ္တမြားကြီး မြင်ရပေ မယ်လို့ အဲဒီပတ္တမြားကြီး ရှောင်ကွင်းပြီးတော့ မြက်ကိုစားပြီးတော့ သူ့တောထဲ သွားသလို၊ အန္ဓဗာလပုထုဇဥ် ပုဂ္ဂိုလ်များသည်လဲပဲ သူတော်တရားတည်းဟူသော ပတ္တမြားကြီး မျက်စိအောက်မှာ မြင်နေရ ပါလျက်ကနဲ့ တနည်းအားဖြင့် တရားအလုပ် အားထုတ်ဖို့ရန် အခါအခွင့် သင့်နေပါလျက်ကနဲ့ ထိုထိုအာရုံ ကာမဂုဏ်ဆိုတဲ့ မြက်ခြောက်ကလေး စားပြီးတော့ သေရွာထိအောင် သွားကြတယ်။

မိဂါ=ရတနာကျောက်အရာ၌ မလိမ်မာကြတဲ့ သားသမင်တို့သည်။ သန္တိကေ=မိမိအနားမှာရှိတဲ့ ကျောက်ပတ္တမြားကို။ န ဝိဇာနန္တိ ယထာ= မသိကုန်သကဲ့သို့။ ဓမ္မဿ=သူတော်ကောင်းတရား အရာ၌။ အကော ဝိဒါ=မလိမ်မာ မကျွမ်းကျင်ကြကုန်သော ။ (ဝါ) မကျွမ်းကျင်ကြသဖြင့်။ မဂါ=တောက သားသမင်နှင့် တူကြကုန်သော အန္ဓဗာလ ပုထုဇဥ် ပုဂ္ဂိုလ်တို့သည်။ သန္တိကေ=မိမိအနားမှာရှိနေတဲ့ သူတော်ကောင်းတရား နိဗ္ဗာန်တရားကြီးကို။ န ဝိဇာနန္တိ=ပိုင်းခြားထင်ထင် မသိမြင်နိုင်ကြကုန်။

သမင်လို ဉာဏ်ပညာနည်းပါးတဲ့ အန္ဓဗာလ ပုထုဇဥ်ပုဂ္ဂိုလ်တို့ အဖို့ရာမှာ မိမိရဲ့အနားမှာ နိဗ္ဗာန်တရားကြီးရှိနေပါလျက်ကနဲ့ အားထုတ် ယင်''နေ့အားထုတ်ယင် ည၊ ညအားထုတ်ယင် နံနက်''အဲဒီလို မင်္ဂဖိုလ် ရပြီးတော့ နိဗ္ဗာန်ကြီးကို သွားမယ်ဆိုယင်ပေါ့လေ၊ ပဋိပတ် စရဏ ခြေကိုတပ်ပြီးတော့ နိဗ္ဗာန်သွားမယ်ဆိုယင် ရောက်နိုင်ပါလျက်ကနဲ့

http://www.dhammadownload.com



နိဗ္ဗာန်ကြီး အနီးကလေးမှာ ရှိပါလျက်ကနဲ့ ဘာမှ မသိဖူးတဲ့။ သမင်သည် ကိုယ့်အနားကရှိတဲ့ ပတ္တမြားကို မသိသလို။

ဘဝရာဂပရေတေဟိ၊

ဘဝသောတာနုသာရိဘိ။

မာရဓေယျာနုပန္နေဟိ၊

နာယံ ဓမ္မော သုသမ္ဗုဓော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ (သူတို့လဲ အပြစ်မဆို နဲ့၊ အဲဒီအန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ) ဘဝရာဂပရေတေဟိ=ဘဝသုံးရပ် ကို တွယ်တာတပ်မက်တပ်တဲ့ ဘဝရာဂတရား အပြင်းအထန်၊ အနှိပ် စက်ခံရကုန်သည်ဖြစ်၍။ (ဝါ) အနှိပ်စက်ခံရသောကြောင့်။ (သူတို့ကို ဘဝရာဂခေါ်တဲ့ ဘဝတဏှာက အမြဲတစေ နှိပ်စက်နေတယ်။ အဲဒီလို အနှိပ်စက်ခံနေရသောကြောင့် အန္ဓဗာလပုထုဇဉ်တွေရဲ့ အလားကို ကြည့်ယင်) ဘဝသောတာနုသာရိဘိ=ဘဝတည်းဟူသော ရေယဉ်ကျော မျောရ၍ နေကြကုန်လျက်။ မာရဓေယျာနုပန္နေဟိ=မာရ်မင်း၏ ကျက်စား ရာ တေဘုံမက ဝဋ်သုံးပါးတည်းဟူသော သံသရာတရားနောက်သို့ ကောက်ကောက်လိုက်ပါ၍ နေကြရကုန်သော ပုထုဇဉ်တို့အဖို့ရာ။ အယံ ဓမ္မော=ဤနိဗ္ဗာန် တည်းဟူသော တရားကြီးကို။ န သုသမ္ဗုဓော=သိဖို့ရန် မလွယ်ကူ။

ဘာလို့လဲ၊ ကိုယ်လိုက်နေတာက ဘဝတဏှာက နှိပ်စက်တဲ့ အတွက် ဘဝရေယဉ်ကျောမျောပြီးတော့ မာရဓေယျခေါ်သော တေဘုံမက ဝဋ်ဒုက္ခနောက် ကောက်ကောက်ပါအောင် လိုက်နေတဲ့ အန္ဓဗာလပုထုဇဉ် တို့အဖို့ သိဖို့ရန်မလွယ်ဖူး။ ဒါ ဓမ္မတာပဲ။ ဘယ်လိုနည်းနဲ့မှ မပြောနဲ့။

http://www.dhammadownload.com



ကောနု အညတြ မရိယေဟိ၊
ပဒံ သမ္ဗုဒ္ဓုမရဟာတိ။
ယံ ပဒံ သမ္မဒညာယ၊
ပရိနိဗ္ဗန္တိ အနာသဝါ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အရိယေဟိ=အရိယာသခင် အရှင်သူမြတ်တို့ကို။ အညတြ=ချန်လှပ်ပယ်ရှား အလွတ်ထား၍။ ကော နု=အဘယ်မည်သော သူတစ်ယောက်သည်။ ပဒံ=နိဗ္ဗာန် ပရမတ္ထတည်းဟူသော တရားအစုကို။ သမ္ဗုဒ္ဓုံ=ပဋိဝေဓဉာဏ်အမြင်ဖြင့် လင်းလင်းထင်ထင် သိမြင်အံ့သောငှာ။ အရဟာတိ=ထိုက်တန်ပါအံ့နည်း၊ မထိုက်တန်သည်သာ။

အရိယာကိုသာထား၊ ပုထုဇဉ်တို့ထဲကသာဖြင့် ဘသူမှ နိဗ္ဗာန်ကို ပဋိဝေဓသိ သိလို့မဖြစ်ပါဖူးတဲ့။

ယံ ပဒံ=အကြင်နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားအစုကို။ သမ္မာ=ကောင်းစွာ။ အညာယ=အရဟတ္တဖိုလ်ပေါက် အသိဉာဏ်ပေါက်တော်မူကြကုန်သည်ဖြစ်၍။ (ဝါ)=ပေါက်တော်မူကြကုန်သောကြောင့်။ အရိယာ=အရိယာသခင် အရှင်သူမြတ်တို့သည်။ အနာသဝါ=လေးဖြာအာသဝေါ ကွာလျှောကုန်ခန်းတော်မူကြကုန်သည်ဖြစ်၍။ ပရိနိဗ္ဗန္တိ=ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း အပူဇာတ်သိမ်းတော်မူကြလေကုန်၏။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက်ရောက်အောင် ကြိုးကုတ် အားထုတ်လို့ရှိယင်ဖြင့် အဲဒီပုဂ္ဂိုလ်မှာ အာသဝလေးပါးကုန်ပြီးတော့ ကိလေသပရိနိဗ္ဗာန်ဝင်စံဖို့ရာအတွက် သေချာပါတယ်။

ဆိုကြပါစို့ရဲ့။ အရဟတ္တဖိုလ်နိဂုံးအုပ်ပြီးတော့ တရားနိဂုံးလဲသည်မှာ ဘုရားကိုယ်တော်မြတ်ရဲ့ အသံတော်ဟာ ကောင်းကင်မြည်ဟီး

http://www.dhammadownload.com



မိုးကြီးချုန်းချုန်းရွာရာက ဖြုန်းကနဲရပ်သလို တခါထဲ တရားသံ ရပ်သွားတယ်။ ဒီမှာပဲ တရားကတော့ ဆုံးတာပဲ။ အဲဒီမှာက သံဂါယ နာတင် မထေရ်မြတ်တွေက ရှေ့နဲ့နောက် ဖြစ်ရပ်ကို စကားဆက်ပြီး တော့ ဘယ်လို ဖော်ပြရတုန်း။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

ဣဒံ=ဤဒွယတာနုပဿနာသုတ် တဆဲ့ခြောက်ပိုင်းသော တရားတော်မြတ်ကို။ ဘဂဝါ=မြတ်စွာဘုရားသည်။ အဝေါစ=စုဏ္ဏိယ ဂါထာ- စကားပြေ ဂါထာ နှစ်ဖြာအား ဟောကြားတော်မူခဲ့လေပြီ။ တေ ဘိက္ခူ=ထိုရဟန်းတို့သည်။ အတ္တမနာ=နှစ်သက်အားရမ်း ဝမ်းမြောက်သော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ ဘဂဝတော =မြတ်စွာဘုရား၏ ။ ဘာသိတံ= စကားတော်ကို။ အဘိနန္ဒုံ=နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ကြကုန်ပြီ။

အဲဒီလို သံဂီတိကာရက မထေရ်မြတ်တွေက စကားဆက်မိ စပ်မိအောင် အကြောင်းအရာ ဖော်ပြရတယ်။ ဒါဖြင့်ဘုရား အဲဒီတရားပွဲက သာဓုနဲ့ အနုမောဒနာလောက်နဲ့တင် တရားပွဲ အကျိုးရပြီး နိဂုံးသိမ်း ရတာလားလို့ ဆိုတော့၊ မဟုတ်ပါဖူး။

ဣမသ္မိံ စ ပန ဒဝယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ =အမေးအဖြေဖြစ်တဲ့ ဤတရား ဒေသနာကို။ ဘညမာနေ=သဗ္ဗညုမြတ်စွာဘုရား တဆဲ့ခြောက်ပဗ္ဗ ပဆဲ့ခြောက်ပိုင်းထား၍ ဟောကြားတော်မူအပ်သည်ရှိသော်။ သဋ္ဌိမတ္တာနံ ဘိက္ခူနံ=ခြောက်ကျိပ် အတိုင်းအရှည်ရှိသော ရဟန်းတော်တို့၏ ။ စိတ္တာနိ= စိတ်တော်တို့သည်။ အနုပါဒါယ=တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။

http://www.dhammadownload.com



အာသဝေဟိ=အာဝေါတရားတို့မှ။ ဝိမုစ္စိံ သု=လွတ်တော်မူကြလေကုန်ပြီ။

ခြောက်ကျိပ်သော ရဟန်းတော်များ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြတယ်ဆိုတဲ့ အကြောင်း။ သင်္ဂီတိကာရက မထေရ်သူမြတ်တို့၏ တရားရဲ့ အကျိုးရပုံ ဖော်ပြပြီးတော့ ဒွယတာနုပဿနာသုတ္တန်တရားကို သိမ်းခဲ့ပါတယ်။

## နိဂုံးဆုတောင်း

ဤသို့လျှင် ဒွယတာနုပဿနာသုတ္တန်ကို ပဌမ ဒုတိယ တတိယ သုံးကြိမ်ထား၍ နာကြားရခြင်းတည်းဟူသော ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ။ သရဏဂုံသီလ ဆောက်တည်ရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ။ အရပ်လေးမျက်နှာ ကုသိုလ်တရား ပွားများကြပြီးလျှင် ယင်း ဗုဒ္ဓါရမ္မဏပီတိတရားမှ ဥပနိဿရည်း ပစ္စည်းအထောက်အပံ့ရ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင်သော လောကုတ္တရာတရားတို့ကို ရရှိစေခြင်းငှာ ရွှေမြို့တော်၏အလယ် လမ်းလယ် စေတီတော်မြတ်ကို သပ္ပါယ်တင့်တယ်စွာ ပါသာဒိကဂုဏ်မြောက်အောင် ဖလ်သကၠန်း မှန်သကၠန်းတို့ဖြင့် ဖုံးလွှမ်းလှူဒါန်းရခြင်း တည်းဟူသော စီဝရပရိက် စီဝရဒါန၊ အာဒါသစီဝရဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ယနေ့မှ နောက် တတိယမြောက် ရောက်သကာလ မြို့တော်လေးပြင် သံဃာတော်အရှင်သူမြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် သပိတ်လုံးတို့နှင့်တကွ စားရေးတံမဲချ၍ ဆွမ်းအလှူ လှူဒါန်းရခြင်း တည်းဟူသော ဘောဇနဒါန သလာကဒါနကောင်းမှု ကုသိုလ်ကံ စေတနာ– ဤသို့စသည်များမြတ် ပေါင်းအပ်သော ကုသိုလ်ကံ အရပ်ရပ်ကြောင့် ဤဒွယတာနုပဿနာသုတ္တန် တရားနာခံဖြစ်တော်မူကြသော ခြောက်ကျိပ်ခြောက်ကျိပ် တဆဲ့ခြောက်လီသော မထေရ်

http://www.dhammadownload.com



သူမြတ်တို့၏ ရောက်ဆိုက်ရာ ခေမာသိဝ အမတကြငှန်း နိဗ္ဗာန်နန်းသို့ မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်, လျှင်မြန်သော အသိဉာဏ်, ရည်သန်ရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် ထိုမထေရ်မြတ် ခြောက်ကျိပ် တဆဲ့ခြောက်လီတို့အလား အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုရသည့်ကိုယ် ဖြစ်ပါစေသတည်း။

နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာန စုတိ၏ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ ဂတိ ယောနိ ဝိညာဏဋ္ဌိတိ သတ္တ ဝါသမှာမှ ရုပ်နာမ်နှစ်ဖြာ ဝဋ်မီးစာတရားတို့ တဖန်မဖြစ်သော ချုပ်ခြင်း ငြိမ်းခြင်း အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု။

ဒွယတာနုပဿနာသုတ္တန်တရားတော်ပြီး၏။

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကစရဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
ဟောကြားအပ်သော
# မဟာသုဒဿနသုတ္တန်တရားတော်

ယော ဇိနော အနေကဇာတိယံ သပုတ္တဒါရ မင်္ဂဇိဝိတမ္ပိ၊
ဗောဓိပေမတော အလဂ္ဂမာနသော အဒါသိယေဝ အတ္ထိကဿ။
ဒါနပါရမိံ တတောပရံ အပူရိ သီလပါရမာဒိကမ္ပိ၊
တာသမိဒ္ဓိယောပယာတမဂ္ဂတံ တမေကဒီပကံ နမာမိ။

မဟာနမက္ကာရ၊ ၂၀လုံးဖွဲ့ဝုတ္တဂါထာ၊ ၂၁ ။

မဟာနမက္ကာရပါဋ္ဌိက ဒါနပါရမီတော်ကို ချီးကျူးပြီးတော့ ဘုရားရှိခိုးတဲ့ ဂါထာတော်တဲ့။

ငယ်ငယ်ကတော့ ဗုဒ္ဓဝါဒီဖြစ်တဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ ဆရာသမားရှေ့မှာ မဟာနမက္ကာရကို ကိုယ်စီကိုယ်ငှ တက်ခဲ့ကြရတယ်၊ သင်ခဲ့ကြရတယ်။ အဲဒီအချိန်ကတော့ စာထဲက ဘုရားကြည်ညိုရန်ထက် ဆရာသမားကြောက်လို့ရယ်၊ ကျက်ရတာ၊ အံခဲ့ရတာ။ ဒီကနေ့ဆရာရှေ့ပြန်ပြီးယင် နက်ဖန်ခါမှာ ဒီတာဝန်ငြိမ်းသွားတယ်ဆိုယင် စိတ်ကလည်းပဲ လွတ်ပစ်လိုက်တယ်။ တန်ကြေးဘယ်လောက်ရှိမှန်း မသိဖူးနော်။

အသက်လေးဆယ်ကျော်လောက်ကျပြီဆိုလို့ရှိယင် ငယ်ငယ်က ဆရာသမားတွေရဲ့ သင်ကြားပြသထားတဲ့ မဟာနမက္ကာရတို့၊ ရတနာ

http://www.dhammadownload.com



ရွှေချိုင့်တို့၊ အတွင်းအောင်ခြင်းတို့၊ အပြင်အောင်ခြင်းတို့ ပြန်ပြီးတော့ ကြည့်စမ်းရပြန်တယ်။ ငါတို့ကို ငါတို့မိဘတွေဟာ ဤအချိန် ဤအရွယ် စဉ်းစားတတ်တဲ့ အချိန်ကျလို့ရှိယင် စဉ်းစားတတ်အောင် ဘုရားကြည်ညို တတ်အောင် ဘုရားဂုဏ်အာရုံပြုတတ်အောင် သင်ကြားပေးခဲ့တာပါလား။ ကိုယ်ကျင့်တရားဖက်က ပြည့်စုံအောင် မဟာမင်္ဂလသုတ်တို့ ငါ့ကို သင်ကြားပေးခဲ့တာပါလား။ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးတွေဟာ မေ့ပျောက် လို့ မရလောက်အောင်ပဲ ပေါ်လွင်လာလိမ့်မယ်။ အဲဒီငယ်ငယ်က ကိုယ်စီ ကိုယ်ငှ ဗုဒ္ဓဘာသာတွေ သင်ခဲ့ရတဲ့ မဟာနမက္ကာရပါဠိတော်မှာ ဒါနပါရမီကို ချီးကျူးပြီးတော့ မြတ်စွာဘုရားကို ရှိခိုးတဲ့ဂါထာတဲ့။

ကျောင်းတကာ ဦးဘဖေတို့က သူ့တို့ ဒါနပါရမီအထွတ်အထိပ် ရောက် ချီးမြှောက်ပြီးတော့ ကျောင်းလွှတ်ပူဇော်ပွဲ များစွာသော အလှူ ဝတ်တွေကို ရေစက်ချပွဲမှာ ဘုရားအလောင်းသူတော်ကောင်းတို့ရဲ့ လမ်း ဟောင်းစဉ်စီ ဒါနပါရမီတော်ကို ငါတို့ကား လိုက်ခဲ့ရပြီ။ ငါတို့ရဲ့ရှေ့သွား ဖြစ်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားလဲပဲ ဤဒါနပါရမီလမ်းစဉ်ဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ရ၍ အနုပါဒိသေသပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ။ မြတ်စွာဘုရားကိုပူဇော်သောအားဖြင့် ဒါနပါရမီချီးကျူးတဲ့ ဘုရားရှိခိုးတဲ့ စာရွက်တွေကို စက်ပိုင်ဦးချမ်းသာတို့က ဓမ္မဒါနပြုပြီးထားခဲ့တယ်။ အဲဒီထဲမှာ အိမ်ကျတော့ ကိုယ့်စာရွက်ထဲကဟာကို ကိုယ်ပြန်ပြီးတော့ စဉ်းစဉ်း စားစားဖတ်ကြ။

ယော ဇိနော=ငါးပါးမာရ်ညွှန့် ရန်အဝန့်ကို မရွံ့မထိတ် ခြသေ့်စိတ်သို့ နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင်အောင်တော်မူ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ အနေကဇာတိယံ= တစ်–နှစ်– သုံး–လေး– ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကာလအတွင်း၌။ ဗောဓိပေမတော= ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသည့် ထွတ်ထိးပြတန်(ဗိတာန်) သဗ္ဗညာဏ်ကို

http://www.dhammadownload.com



ရရန်စိတ်ထား လိုလားတောင့်တတော်မူခြင်းဟူသော အ ေ ်ဘာင်းကြောင့်။ သပုတ္တဒါရံ=ကိုယ်တော့်ရင်သွေး အသက်ပေး၍ ချစ်သွေးဖြာစည် သည်းပွတ်နှင့် ပမာမှီရသည့် ဇာလီ, ကဏှာဇိန်တို့ကဲ့သို့သော သမီးသား၊ မဒ္ဒီဒေဝီကဲ့သို့သော ဇနီးမိဖုရားနှင့်တကွသော။ အင်္ဂဇိဝိတမ္ပိ= မဟာသွေးမဟာရည် ရာဇရုပ်ဂုဏ်အင်ညီ၍ ဖြိုးစည်သပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်နှင့်တကွလှူဝယ်အမြတ် ခေါ်မှတ်တွင်ညောင်း အသက်တချောင်းကိုပင်သော်လည်း။ အလဂ္ဂမာနသော=ငါ့သား ငါ့သမီး ငါ့ဇနီးနှင့် ငါ့ထီးငါ့နန်း ငါ့ကြငှန်းက ငါ့သန်းရံရွေ ငါ့မြေငါ့ယာ ငါ့ဥစ္စာဟု တဏှာမြွေးယှက် မပေးရက်အောင် ရမ္မက်ပိတ်ပုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူသည်ဖြစ်၍။ အတ္ထိကသ= အလိုရှိအပ် ချဉ်းလာကပ်သည့် ယုတ်မြတ်မဟူ အလှူခံပုဂ္ဂိုလ် များထိုထိုအား။ အဒါသိယေဝ=သဗ္ဗညုဉာဏ် ရဖို့ရန်ကို စိတ်သန်ရှေ့ပြေး သဒ္ဓါရေး၍ လှူပေးတော်မူခဲ့သည်သာလျှင်တည်း။

ဒါနပါရမိ= အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း။ တတောပရံ=ထိုဒါနပါရမီမှ တစ်မျိုးတစား တခြားသာလျှင်ဖြစ်သော။ သီလပါရမာဒိကမ္ပိ=သီလပါရမီ, နေက္ခမ္မပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီတော် အပေါင်းကိုလည်းကောင်း။ အပူရိ=သဗ္ဗညုဉာဏ် ရဖို့ရန်ကို စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးဖြည့်ကျင့်တော်မူခဲ့လေပြီ။

တာသံ= ထိုပါရမီဆယ်ပါး အကျယ်ပွားက အပြားသုံးဆယ် နှုန်းမလွယ်တို့ ၏။ ဏ္ဍဒိယာ= တစ်စွန်းတစ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံတော်မူခဲ့ခြင်းဟူသော အကြောင်းကြောင့်။ အဂ္ဂတံ= ဗြဟ္မာနတ်လူ သုံးဘုံသူတွင် မည်သူနှင့်မျှ မယှဉ်အပ်သည့် အမြတ်ခေါင်မူး ပုဂ္ဂိုလ်ထူး အဖြစ်သို့။ ဥပယာတံ= ဆုကြီးပွင့်စည် ခါတန်ပြီဟု ပါရမီတော် ရှိုးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော်မူပြီးထသော။ကေဒိပကံ= အစမထင် ကမ်းမမြင်ပဲ သံသရာတကျော တမျောတည်းမျောခဲ့သည့်

http://www.dhammadownload.com



လူရောနတ်ပါ ဖြဟ္မာမကြွင်း သတ္တဝါခပင်းတို့ ကပ်ချဉ်းခိုမှီး တခုတည်းသော ကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူပေထသော။

တံ ဇိနံ= ငါးပါးမာရ်ညွှန့် ရန်အဝန့်ကို မရွံ့မထိတ် ခြသေ့်စိတ်သို့ နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရားကို။ နမာမိ= မင်္ဂလာစရဏ လက်ဦးစဝယ် ကြည်စွာကော်ရော် ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။

## ပါရမီဆယ်ပါး အပြားသုံးဆယ်

အားလုံးဒကာတို့ရဲ့ နှုတ်ဖျားမှာ ပါရမီဆယ်ပါးအနက် တပါးပါးလျှင် ပါရမီတဲ့၊ ဥပပါရမီတဲ့၊ ပရမတ္ထပါရမီတဲ့ သုံးမျိုးသုံးမျိုးနော်။

ဒါနပါရမီဆိုပါစို့ရဲ့– ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ–လို့ ဒါနပါရမီကို သုံးမျိုးသုံးစားထားရတယ်။

သီလပါရမီမှာလဲပဲ– သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထပါရမီ–လို့ ပါရမီသုံးမျိုးသုံးစားထားရတယ်။

အဲဒီလို ပါရမီတပါးပါးလျှင် သုံးမျိုးသုံးစားစီ ဆင့်ပွားလိုက်တော့ ပါရမီတော်ဆယ်ပါးဟာ အကျယ်အားဖြင့် အပြားသုံးဆယ်လို့ ဖြစ်ရတယ်။

ဒါနပါရမီဆိုတာ ဘာတွေခေါ်ပါသလဲလို့ဆိုတော့– ခန္ဓာကိုယ်မှ ပြင်ပဖြစ်တဲ့ အသုံးအဆောင်တွေ လှူတာတန်းဟာကို ဒါနပါရမီလို့ ခေါ်တယ်။

ဒါနဥပပါရမီဆိုတာ အသက်ကိုထား၊ မိမိခန္ဓာကိုယ်မှာရှိတဲ့ လက်ခြေအစရှိသော အင်္ဂါကို စွန့်လှူနိုင်တာကို ဒါနဥပပါရမီလို့ ခေါ်တယ်။

ဒါနပရမတ္ထပါရမီဆိုတာက အသက်ကိုပင်သော်လည်း အလှူခံပုဂ္ဂိုလ်ရှိလို့ရှိယင် ရဲရဲရက်ရက် လှူဒါန်းတာကို ခေါ်တယ်။

http://www.dhammadownload.com



ထို့အတူပဲ သီလပါရမီမှာလဲပဲ ကိုယ်မှပြင်ပ ဗာဟိရကဖြစ်တဲ့ ပစ္စည်းဥစ္စာများကို လျစ်လျူပြုစွန့်ပယ်ပြီးတော့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ဆယ်ပါးသီလ ကိုယ်စီကိုယ်ငှ ဆောက်တည်တာကတော့ သီလပါရမီ။

ခန္ဓာကိုယ်မှာရှိတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုပင်သော်လည်း မငဲ့မကွက်ပဲ ဘေးထဲရန်ထဲမှာ စွန့်စွန့်စားစား သွားပြီးတော့ သီလကို ဆောက်တည်တာကတော့ သီလဥပပါရမီ။

မိမိရဲ့ အသက်ကိုပင်သော်လဲပဲ ဖြစ်ချင်ရာဖြစ်ပစေ၊ ငါကားသီလကို ဆောက်တည်မယ်။ ဒီအကြံဖြင့်ဘုရားကျောင်းကန် တရားနာမဏ္ဍပ် အဲဒီလို အရပ်ရပ်သို့သွားပြီးတော့ သီလဆောက်တည်တာက သီလပရမတ္ထပါရမီတဲ့။

ပါရမီတစ်ပါးပါးလျှင် ဤနည်းဖြင့် သုံးပါးစီအကျယ်ပွားပြီးတော့ ဉာဏ်ထဲမှာ ကြည့်ကြပေတော့။

သဗ္ဗညုမြတ်စွာဘုရားမှာ ပါရမီဆယ်ပါး အကျယ်ပွားက အပြားသုံးဆယ် အလုံးစုံပြည့်စုံတော်မူပြီးဖြစ်တဲ့အတွက် လောကသုံးပါးမှာ အတုမရှိတဲ့ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့တယ်။ မာရ်ငါးပါးအောင်တော်မူခဲ့တယ်။ မာရ်ငါးပါး အောင်တော်မူခဲ့လို ဇိနဆိုတဲ့ ဘွဲ့တံဆိပ်ခပ်နှိပ်ပြီး လောကသုံးပါးမှာ အတုမရှိ တဲ့ ဘုရားအဖြစ်သို့ ရောက်တော်မူသောကြောင့် သဗ္ဗညုမြတ်စွာဘုရားကို တရားပွဲအစ မင်္ဂလာ စရဏအနေဖြင့် ရှိခိုးခြင်းပဏာမပြုပါ၏–လို့ ကိုယ်စီကိုယ်ငှလဲပဲ ဘုရားဂုဏ်ကို အာရုံပြု၍ ဘုရားဂုဏ်ယုံကြည်၍ ဘုရားဂုဏ်ဦးညွတ်ကိုင်းသော ပဏာမစေတနာစစ် ဖြစ်နိုင်ကြပါစေ။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ ကုသိနာရုံနောက်ဆုံးခရီး

အဲဒီကနေပြီးတော့ ဖိနဆိုတဲ့ဂုဏ်တော်ရှင် သဗ္ဗညုတဉာဏ်သခင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကို မိမိစိတ်ထဲမှာ အစဉ်လျှောက်ပြီးတော့ ပင့်ထားပေါ့။ မြင်ထား ရမယ်။ ဘယ်အနေနဲ့မြင်ထားရမလဲဆိုတော့ ယနေ့မှပြန်ပြီး ပဋိလောမအစဉ် ရေလိုက်လို့ရှိယင် အနီးဆုံးဆိုတဲ့အချိန်ကား ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်အတွင်း ပရိနိဗ္ဗာန်စံတော်မူခါနီး ပရိနိဗ္ဗာနညောင်စောင်း လျောင်းတော်မူနေတဲ့ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူတဲ့ သဗ္ဗညုတမြတ်စွာဘုရားကို စိတ်ထဲမှာ မြင်အောင်အာရုံထားကြ။

ကုသိနာရုံပြည်နဲ့ ပါဝါပြည်ဆိုတာ ခရီးအားဖြင့် သုံးဂါဝုတ်ပဲ ဝေးတယ်။ မဝေးလှဘူးနော်။

မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ပင်ကို နဂိုကရှိတော်မူတဲ့ ကာယဗလအားတော်ဆယ်ပါးဆိုတာဟာ–မဇ္ဈိမပဒေသယောကျ်ားဆယ်ယောက်အားကို ပကတိကာလာဝက ဆင်တစ်ကောင်က ဆောင်နိုင်တယ်။ဤနည်းဖြင့် ကာလာဝက ဆင်ဆယ်ကောင်ရဲ့အားကို ဂင်္ဂေယျဆိုတဲ့ဆင်မျိုးထဲက ပေါက်ဖွားတဲ့ ဆင်တကောင်က ဆောင်နိုင်တယ်၊ အဲဒီလို ဆယ်ဆဆယ်တန်တက်ပြီးတော့ ဆင်ဆယ်မျိုးမှာ ဆဒ္ဒန်ဆင်တိုင်ရောက်တယ်။ နောက်ဆုံးဖြစ်တဲ့ဆဒ္ဒန်ဆင်ဆယ်စီးရဲ့အားကို ဘုရားအလောင်းဟာ တညီတည်းနဲ့ဆောင်နိုင်တယ်။

မဇ္ဈိမပဒေသခေါ်တဲ့ အားအင်ဗလ အလယ်အလတ် ရှိတဲ့ယောကျ်ားကုဋေတသောင်းရဲ့အားကို ကိုယ်တော်တည်း ကြွားကြွားရွက်ဆောင်နိုင်တဲ့ ကာယဗလအားတော်ရှင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားဟာ ပါဝါပြည်သို့ရောက်၍ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူမဲ့နေ့ အဲဒီပါဝါပြည်မှ စုန္ဒဆိုတဲ့ ရွှေပန်းတိမ်သည်လှူတဲ့ ဝက်သား ပြွမ်းဆွမ်းကို ဘုဉ်းပေးလို့ ပြီးသည်နှင့်တပြိုင်နက်ထဲ မာရဏန္တိက စုတိပြတ်ကြွေ ပရိနိဗ္ဗာန်စံခါနီး

http://www.dhammadownload.com



အနာရောဂါရောက်တဲ့ အချိန်က စပြီးတော့ ဆဒ္ဒန်ဆင်ဆယ်စီးအားတွေဟာ ယုပစ်လိုက်သလိုကုန်သွားတယ်။

ကျန်းမာခြင်းအားလုံးသည် အနာရောဂါလျှင် အဆုံးရှိချေ၏။ ကျန်းမာခြင်းအားလုံး၏ ထိပ်မှာ ဘာရှိသလဲဆိုတော့ အနာရောဂါရရှိခြင်း၊ အနာရောဂါရောက်ခြင်းလျှင် အဆုံးရှိတယ်။ အဲဒီသဘောကို ထင်စွာ ပြပြီးတော့ ပါဝါပြည်မှ သုံးဂါဝုတ်မျှခရီးဝေးတဲ့ ကုသိနာရုံပြည်သို့ ထိုနေ့ အရောက်ကြွတဲ့ခရီးမှာ လမ်းခရီးအကြား၌ နှစ်ဆဲ့ငါးကြိမ်တိုင်တိုင် နားတော်မူခဲ့ရတယ်။ အင်မတန်မှ စွမ်းအင်ဗလနဲ့ ပြည့်စုံတော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားရှင့်မကြီးဟာ နောက်ဆုံးပရိနိဗ္ဗာန်စံတော်မူမဲ့ ကဆုန်လပြည့်နေ့မှာ ဘယ်လောက်အားအင်တွေ ကုန်ခန်းသွားသလဲဆိုယင် သုံးဂါဝုတ်မျှဝေးတဲ့ ခရီးအတွင်းမှာ နှစ်ဆယ့်ငါးကြိမ်တိုင်တိုင်နားပြီး ခဲခဲယဉ်းယဉ်း ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်အတွင်းသို့ ညနေဝင်ရီသရောမှ ရောက်တော်မူခဲ့တယ်။

**ရှင်အာနန္ဒာကကုသိနာရုံပြည်၌ပရိနိဗ္ဗာန်စံတော်မမူရန်လျှောက်ထားခြင်း**

အင်ကြင်းမြိုင်အတွင်း ရောက်တော်မူတဲ့အခါ မြောက်အရပ်သို့ ဦးခေါင်းပြုတော်မူ၍ ပရိနိဗ္ဗာနညောင်စောင်းကို ရှင်အာနန္ဒာအား ခင်းထားစေခဲ့တယ်။ ပရိနိဗ္ဗာနညောင်စောင်း လျောင်းတော်မူတဲ့အချိန်မှာ ညဦးပိုင်း ရှင်အာနန္ဒရဲ့သောက ဖြစ်ပုံတွေ၊ တရားဓမ္မတွေဟောလို့ ရှင်အာနန္ဒာက မေးမြန်းလျှောက်ထားလို့၊ "ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူတဲ့နောက် တပည့်တော်တို့ အမျိုးသမီးများအပေါ် ဘယ်လိုကျင့်ရမတုန်း? ရှင်တော်ဘုရားပရိနိဗ္ဗာန်စံတော်မူတဲ့နောက် မနောသာရဏီယခေါ်တဲ့ စိတ်ကို ကြည်ညိုသဒ္ဓါတရား ပွားစေတတ်တဲ့ ရဟန်းတော်တွေကို တပည့်တော်တို့ ဘယ်လိုမြင်ရမတုန်း?" အဲဒီလိုမေးမြန်းလျှောက်ထားတဲ့ ရှင်အာနန္ဒာရဲ့ လျှောက်ကြားချက်တွေကို ပြန်ပြီးတော့ ဖြေကြားတော်မူပြီးတဲ့အခါ ရှင်အာနန္ဒာစဉ်းစားတယ်၊ "မြတ်စွာဘုရားတော့ဖြင့် ဇကန္တ ဒီကုသိနာရုံပြည်

http://www.dhammadownload.com



မလ္လာမင်းတို့ရဲ့ အင်ကြင်းမြိုင်အတွင်းမှာ ပရိနိဗ္ဗာန်စံတော်မူတော့မှာ ကောန်ပဲ၊ သဘောမတူနိုင်ဖူးတဲ့။ ဒီကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်စံတော်မူရမဲ့ အဖြစ်ကို"သဘောမတူနိုင်သူပိပိ–

မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ ဥဇ္ဇင်္ဂလနဂရကေ သာခါနဂရကေ ပရိနိဗ္ဗာယိ။

ဘန္တေ=ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝါ=ဘုန်းတော်သခင် ရှင်တော်ဘုရားသည်။ ဣမသ္မိံ ခုဒ္ဒကနဂရကေ=ဤမြို့သိမ်မြို့ငယ်ကလေး ၌။ ဣမသ္မိံ ဥဇ္ဇင်္ဂလနဂရကေ= ဤကျပ်တီးမြေပြင်ဖြစ်တဲ့ ကုသိနာရုံမြို့ငယ်အတွင်း၌။ ဣမသ္မိံ သာခါနဂရကေ=အကိုင်းအခက် အလက်မျှလောက်ဖြစ်တဲ့ ဤကုသိနာရုံ မြို့ငယ်အတွင်း။။ မာ ပရိနိဗ္ဗာယိ= ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်တော် မသိမ်းပါနဲ့ဘုရား။မြို့သိမ်မြို့ငယ်ကလေးမှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန် မစံပါနှင့်။

သန္တိ ဘန္တေ အညာနိ မဟာနဂရာနိ။

ဘန္တေ=ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာ ဘုရာ။ အညာနိ= တစ်ပါးကုန်သော။ မဟာနဂရာနိ= မြို့ကြီးတို့သည်။ သန္တိ=အထင်အရှားရှိပါကုန်သည်ဘုရား။

ကုသိနာရုံပြည်လို မြို့ကလေးသေးသေးသိမ်သိမ်မှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန်မစံပါနဲ့၊ ဒီပြင်မြို့ကြီးတွေအများကြီးရှိပါတယ်။ ဘယ်မြို့တွေတုန်း ဆိုတော့–

စမ္ပာ ရာဇဂဟံ သာဝတ္ထိ သာကေတံ ကောသမ္ဗိ ဗာရာဏသီ။

စမ္ပာပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ သာကေတပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည်လို့ဆိုတဲ့ ဧရာမမြို့ကြီး ကြီးကြီးတွေ အထင်အရှား ရှိပါတယ်ဘုရား။

ဧတ္ထ ဘဂဝါ ပရိနိဗ္ဗာယတု။

http://www.dhammadownload.com



ဧတ္ထ= ဤမြို့ကြီးများ၌။ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ရှင်ပင်ဘုရားသည်။ ပရိနိဗ္ဗာယတု= ပရိနိဗ္ဗာန်စံတော်မူပါ။

ဧတ္ထ ဗဟူ ခတ္တိယမဟာသာလာ ဗြာဟ္မဏမဟာသာလာ ဂဟပတိမဟာသာလာ တထာဂတေ အဘိပ္ပသန္နာ၊ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တိ။

ဧတ္ထ= ဤမြို့ကြီးပြကြီးများ၌။ တထာဂတေ= ရှင်တော်ဘုရား အပေါ်၌။ အဘိပ္ပသန္နာ= အလွန်အမင်း ကြည်ညိုခြင်းရှိကြကုန်သော။ ခတ္တိယမဟာသာလာ=များသောဥစ္စာနှစ်ရှိသော မင်းတို့သည်လည်းကောင်း။ ဗြာဟ္မဏမဟာသာလာ= များသောဥစ္စာနှစ်ရှိသော ပုဏ္ဏားတို့သည် လည်းကောင်း။ ဂဟပတိမဟာသာလာ= များသောဥစ္စာနှစ်ရှိသော သူကြွယ်တို့သည်လည်းကောင်း။ ဗဟူ= အများကြီးရှိကြပါကုန်သည်ဘုရား။ တေ= ထိုခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိ မဟာသာလဂိုဏ်းဝင် ရှင်တော်ဘုရား၌ ကြည်ညိုသော ဒကာများတို့သည်။ တထာဂတဿ= ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏။ သရီရပူဇံ= ရုပ ကာယတော်အား ပူဇော်မှုကို။ ကရိဿန္တိ= ပြုကြပါကုန်လိမ့်မည်ဘုရား။

ဘာဖြစ်လို့လဲဆိုတော့–စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, ကောသမ္ဗီ, ဗာရာဏသီ– ဆိုတဲ့ အဲဒီပြည်ကြီးတွေမှာ ရှင်တော်ဘုရားကို ကြည်ညိုတဲ့ မင်းတွေ ပုဏ္ဏားတွေ သူကြွယ်တွေ အများကြီးရှိပါတယ်။ အဲဒီမြို့ကြီး ပြကြီးမှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလို့ရှိယင် ရှင်တော်ဘုရားရဲ့သရီရ ဈာပနကိစ္စကို ခတ္တိယ မဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာ သာလဆိုတဲ့ မဟာသာ လကြီးသုံးဦး ဝိုင်းဝန်းပြီးတော့ ပူဇော်ကြပါလိမ့်မယ် လို့ ရှင်အာနန္ဒ လျှောက်တယ်နော်။

မြတ်စွာဘုရားလက်ခံတော်မူရဲ့လားလို့ဆိုတော့ –

မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ

http://www.dhammadownload.com



"ခုဒ္ဒကနဂရကံ ဥဇ္ဇင်္ဂလနဂရကံ သာခါနဂရကံ"။

အာနန္ဒ= အာနန္ဒာ။ ခုဒ္ဒကနဂရကံ= မြို့သိမ်မြို့ငယ်ကလေးဟူ၍။ ဥဇ္ဇင်္ဂလနဂရကံ=ကျပ်တီးမြေပြင် မညီမညွတ်သော မြို့ငယ်ကလေးဟူ၍။ သာခါနဂရကံ= အခက်အလက်မျှသော မြို့ငယ်ကလေးဟူ၍။ ဧဝံ= ဤသို့။ မာ အဝစ= သင်ချစ်သား မဆိုမှားပါလေလင့်။ ဧဝံ= ဤသို့။ မာ အဝစ= သင်ချစ်သား မဆိုမှားပါလေလင့်-လို့ နှစ်ကြိမ်တိုင်တိုင် ဟန့်တားတော်မူခဲ့တယ်။

ဘာပြုလို့တုန်းလို့ဆိုတော့ -

အပာဟံ ဣမဿ နဂရဿ သမ္ပတ္တိံ ကထေတုံ ယေဝ အနေကဝါရံ တိဋ္ဌ နိသိန္န မဟာန္တေန ဥဿာဟေန မဟာန္တေန ပရက္ကမေန ဣဓာဂတော။

ဟိ= မှန်၏။ အပာံ= ငါဘုရားသည်။ ဣမဿ နဂရဿ ယေဝ= ဤကုသိနာရုံ မြို့ကလေး၏သာလျှင်။ သမ္ပတ္တိံ= ရေးကဖြစ်ဖူး စည်းစိမ်ထူးကို။ ကထေတုံ= အကျယ်တဝင့် ဟောကြားအံ့သောငှာ။ အနေကဝါရံ=အကြိမ်ပေါင်းများစွာ။ မဟာန္တေနဥဿာဟေန ကြီးစွာသော ဆင်းရဲဒုက္ခခံခြင်းဖြင့်။ မဟာန္တေန ပရက္ကမေန= ကြီးစွာသော လုံ့လဥဿာဟဖြင့်။ ဣဓ= ဤကုသိနာရုံပြည် အရပ်သို့။ အာဂတော= မရောက်ရောက်အောင်လာခဲ့ပြီ။

"ချစ်သား၊ ကုသိနာရုံပြည် ငါဘုရားကြွလာခြင်းဟာ လွယ်လွယ်ကူကူနဲ့ ကြွလာရခြင်းမဟုတ်ဖူး။ ပါဝါပြည်ကနေပြီး ကုသိနာရုံပြည်အကြား နှစ်ဆယ့်ငါးကြိမ်တိုင် နားပြီးတော့ ခဲခဲယဉ်းယဉ်း ဟောဒီ ကုသိနာရုံပြည်ရဲ့ ရေးကဖြစ်ဖူး သမ္ပတ္တိအကြောင်းထူးကို သင်ချစ်သားအား ဟောကြားချင်လို့ ငါဘုရားကြွလာရခြင်းဖြစ်တယ်"တဲ့။

http://www.dhammadownload.com



## ကုသိနာရုံသို့ ကြွတော်မူခြင်းအကြောင်းသုံးပါး

ဒီနေရာမှာ ရပ်ပြီးတော့ စဉ်းစားရမယ်။ ပါဝါပြည်က ဒီလောက်တောင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲကြီး ကုသိနာရုံပြည်သို့ မြတ်စွာဘုရားဘာပြုလို့ ကြွတော်မူလာရတုန်းလို့ မေးကြည့်လိုက်စမ်း။ အဖြေက သုံးပါးသောအကြောင်း ရှိတယ်။

တစ်– ကုသိနာရုံပြည်ရောက်မှ အလောင်းတော်ဘဝ မဟာသုဒဿနစကြာမင်း ဖြစ်တော်မူစဉ်ကာလက နတ်၏ စည်းစိမ်နဲ့တူတဲ့ စည်းစိမ်ချမ်းသာကို ခံစားတော်မူခဲ့တဲ့ မဟာသုဒဿနသုတ္တန်ကြီး ဟောဆိုဖို့ရန် အခွင့်ကြိုက်မယ်၊ အကြောင်းဆုံမယ်။ အဲဒီအကြောင်းကြောင့်လည်းကောင်း။

နှစ်– တကယ်လို့ သဗ္ဗညုမြတ်စွာဘုရား ကုသိနာရုံပြည် မကြွဖူးဆိုလို့ရှိယင် မြတ်စွာဘုရားရဲ့ နောက်ဆုံးသာဝကဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ်ကို ကျွတ်တမ်းဝင်အောင် တရားဟောပေးမဲ့ပုဂ္ဂိုလ် ဘယ်သူမှ မရှိဖူးတဲ့။ သုဘဒ္ဒပရိဗိုဇ်ဟာ မြတ်စွာဘုရားရဲ့ ဝေနေယျဖြစ်တယ်။ နောက်ဆုံးသာဝကဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ်ကို ချေချွတ်တော်မူလိုတဲ့အတွက်လည်းကောင်း။

သုံး– အကယ်၍ တခြားတပါးသောမြို့များ၌ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံလို့ရှိယင် အပြည်ပြည်ထောင်မင်းအပေါင်းတို့ ကိုယ်တော်မြတ်ရဲ့ သာရီရိကဓာတ်တော်တွေကို အကြောင်းပြုပြီးတော့ ခိုက်ရန်ငြင်းခုန်မှု အကြီးအကျယ် ဖြစ်လိမ့်မယ်၊ သွေးချောင်းစီးတဲ့ တိုက်ပွဲကြီး ဖြစ်ကုန်လိမ့်မယ်။ ကုသိနာရုံပြည်သို့ ကြွရောက်၍ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပါမူကား အပြည်ပြည်ထောင်မင်းတွေရဲ့ ဆရာဖြစ်တဲ့ ဒေါဏပုဏ္ဏား ကုသိနာရုံပြည်မှာ အထင်အရှား ရှိခဲ့တယ်။ အဲဒီဒေါဏပုဏ္ဏား ဦးစီးကြပ်မတ်ပြီးတော့ ကိုယ်တော်မြတ်ရဲ့ သာရီရိကဓာတ်တော်တွေကို အပြည်ပြည်ထောင်မင်းတို့အား ဝေဖန်၍ ပေးခြင်းဖြင့် ဝိဝါဒ ဘေးကြီးငြိမ်းလိမ့်မယ်။

http://www.dhammadownload.com



တို့အား ဝေဖန်၍ ပေးခြင်းဖြင့် ဝိဝါဒ ဘေးကြီးငြိမ်းလိမ့်မယ်။

အဲဒီအကြောင်းကို မြင်တော်မူသောကြောင့်လည်းကောင်း–

ဤကြောင်းသုံးပါးကြောင့် သဗ္ဗညုမြတ်စွာဘုရားဟာ ပင်ပန်းကြီးစွာ ပါဝါပြည်မှ ကုသိနာရုံပြည်အရပ်သို့ ကြွတော်မူခဲ့ရပါတယ်။

အဲဒီအကြောင်းသုံးရပ်တို့တွင် ပထမအကြောင်းဖြစ်တဲ့ မဟာသုဒဿနသုတ္တန်ကြီးကို ဟောဖို့ရန် အကြောင်းကား ယခုပေါ်ခဲ့ပြီ။

ရှင်အာနန္ဒာက လျှောက်ထားတယ်–

မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ ဥဇ္ဇင်္ဂလနဂရကေ သာခါနဂရကေ ပရိနိဗ္ဗာယိ။

"ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်တော်မြတ်ဘုရား ဤမြို့သိမ်မြို့ငယ်ကလေး၊ ကျပ်တီးမြေပြင် မညီမညွတ်လှတဲ့ ကုသိနာရုံပြည်ငယ်ကလေး၊ အခြားတပါးသော တိုင်းပြည်ကြီးတွေနဲ့ စာလိုရှိယင်ဖြင့် အကိုင်းအခက်လောက်မျှရှိတဲ့ ဒီကုသိနာရုံပြည်မှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မမူပါနဲ့။ စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, သာကေတ, ကောသမ္ဗီ, ဗာရာဏသီဆိုတဲ့ ရောမတိုင်းကြီးပြည်ကြီးတွေရှိပါတယ်။ အဲဒီတိုင်းကြီးပြည်ကြီးများမှာ ရှင်တော်ဘုရားကို ကြည်ညိုတဲ့ ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလခေါ်တဲ့ ဥစ္စာနှစ်များပြားတဲ့ ပုဂ္ဂိုလ်သုံးမျိုးတို့ဟာ အများကြီးရှိ ကြပါတယ်။

ခတ္တိယမဟာသာလ– ဆိုတာ လိုယင်ရစေလို့ မြေမှာမြှုပ်ထားတဲ့ အသပြာကိုက ကုဋေတစ်ထောင်ရှိသတဲ့။ အဲဒီလိုမင်းမျိုးမှဖြစ်တဲ့ ခတ္တိယမဟာသာလလို့ခေါ်တယ်။ ကနေ့ဗမာပြည်က ပြည်ထောင်စုမင်းများတော့ မြေမြှုပ်ထားဖို့နေနေသာသာ ကြွေးပဲနှစ်တိုင်းနှစ်တိုင်းတင်နေတော့ မဟာသာလမဟုတ်သေးဘူး။

ဗြာဟ္မဏမဟာသာလ– ဆိုတာမြေထဲမြှုပ်ထားတဲ့ အသပြာကိုက

http://www.dhammadownload.com



ကုဋေ ရှစ်ဆယ်ရှိရတယ်။

ဂဟပတိမဟာသာလ– ဆိုတာ ပိုလို့ မြေထဲမှာမြှုပ်ထားတဲ့ အသပြာကိုက ကုဋေလေးဆယ်ကို ရှိရတယ်။

ခတ္တိယမဟာသာလ–ဆိုတာ တစ်နေ့ကို အသုံးဘယ်လောက်ရှိ သလဲလို့ဆိုတော့ ငွေကျပ်ကိုပဲ လှည်းတစ်စီးတိုက်သုံးနိုင်ရတယ်၊ တစ်နေ့ တစ်စီးတိုက် သုံးလို့ရှိယင် ညနေမှာ နှစ်စီးပြန်ဝင်လာရမယ်။

ဗြာဟ္မဏမဟာသလ–ဆိုတာ တစ်နေ့ကို တစ်ကုမ္ဘသုံးငွေရှိရမယ်။ (တစ်ကုမ္ဘဆို တာ စိတ်တောင်းနဲ့ခြင်ယင် စိတ်ပေါင်းတစ်ဆယ်ရှိရတယ်)။ ပြန်ပြီးဝင်လာတဲ့ဝင်ငွေက လှည်းတစ်စီးတိုက်ရှိရမယ်။

ဂဟပတိမဟာသာလ–ဆိုတာ တစ်နေ့ တစ်နေ့ငါးအမ္ဗဏ အသုံးရှိ ရမယ်။ (စိတ်တောင်းနဲ့ခြင်လိုရှိရင် ငါးဆယ့်ငါးစိတ်သောအသပြာကို တစ်နေ့တစ်နေ့သုံးနိုင်ရမယ်)။ ညနေကျလို ဝင်ငွေကို ပြန်စစ်လိုက်တဲ့ အခါကျတော့ စိတ်ပေါင်းတစ်ရာ့တစ်ဆယ်ဝင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရတယ်၊ အဲဒါကို ဂဟပတိမဟာသာလလို့ခေါ်တယ်။

အဲဒီလို သဗ္ဗညုမြတ်စွာဘုရားအပေါ်မှာ အလွန်ကြည်ညိုတဲ့ မဟာသာလကြီးသုံးမျိုးဟာ ယခုလျှောက်ဆိုခဲ့တဲ့ စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, သာကေတ, ကောသမ္ဗီ, ဗာရာဏသီဆိုတဲ့ ပြည်ကြီးမြို့ကြီးများမှာ အများကြီးရှိပါတယ်။ သူတို့သည်ပင်လျှင် ရှင်တော် ဘုရား ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ သရီရပူဇာကိစ္စ ပြုကြပါလိမ့်မယ်လို့ ရှင်အာနန္ဒာလျှောက်ထားတဲ့အကြောင်း နိဒါန်းပေါ်ခဲ့ပြီ။

အဲဒီအကြောင်း နိဒါန်းအပေါ်မှာပဲ–

မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ "ခုဒ္ဒကနဂရကံ ဥဇ္ဇင်္ဂလနဂရကံ သာခါနဂရကံ"။

ချစ်သားအာနန္ဒာ၊ မြို့ငယ်ကလေး၊ မြေပြင်မညီမညွတ်တဲ့

http://www.dhammadownload.com



သင်ချစ်သား မဆိုမှားလိုက်ပါနဲ့။ ငါဘုရားကိုယ်တိုင်ပင် ဤကုသိနာရုံပြည်ရဲ့ ရှေးကဖြစ်ဖူး သမ္ပတ္တိအကြောင်းထူးကို ဟောကြားချင်လို့ အကြိမ်ပေါင်းများစွာ လမ်းခရီးအကြားမှာ နားကာနားကာနှင့် ကြီးစွာသော လုံ့လဥဿာဟ စိုက်ထုတ်ပြီးတော့ ဤကုသိနာရုံပြည်သို့ မရောက် အရောက်လာခဲ့ရခြင်းဖြစ်တယ်။

## မဟာသုဒဿနသုတ္တန်ဟောတော်မူခြင်း

ရှေးကဖြစ်ဖူးအကြောင်းထူးကို သင်ချစ်သားအား ယခုငါဘုရားဟောပြမယ်ဆိုတဲ့ အနေဖြင့်–

ဘူတပုဗ္ဗံ အာနန္ဒ ရာဇာ မဟာသုဒဿနော နာမ အဟောသိ ခတ္တိယော မုဒ္ဓါဝသိတ္တော စာတုရန္တော ဝိဇိတာဝီ ဇနပ္ပဒတ္ထာဝရိယပ္ပတ္တော။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ဘူတပုဗ္ဗံ= ရှေးကဖြစ်ဖူး အကြောင်းထူးကား။ မဟာသုဒဿနော နာမ= မဟာသုဒဿနအမည်ရသော။ ရာဇာ= မင်းသည်။ အဟောသိ= ဖြစ်ခဲ့ဖူးပြီ။

ရှေးကအတိတ်အကြောင်းထူး ကုသိနာရုံပြည်အရပ်မှာပင်လျှင် မဟာသုဒဿနဆိုတဲ့ မင်းတရားတစ်ဆူ ဖြစ်ခဲ့ဖူးပြီတဲ့။ အဲဒီမင်းက ဘယ်လိုမင်းတုန်းဆိုတော့ –

ခတ္တိယော= ရေမြေကိုအစိုးရသော။ မုဒ္ဓါဝသိတ္တော= ဦးထိပ်ဝယ် အဘိသိက်ရေချမ်း သွန်းဖျန်းအပ်ပြီးသော။ စာတုရန္တော= သမုဒ္ဒရာလေးစင်းလျှင် အပိုင်းအခြားရှိတဲ့ မြေအပြင်ကို အစိုးရပေသော။ ဝိဇိတာဝီ= ရန်ခပ်သိမ်းကို အောင်နိုင်တော်မူပြီးသော။ ဇနပ္ပဒတ္ထာဝရိယပ္ပတ္တော= မြဲမြဲခိုင်ခန့် လှုပ်လှုပ်ရှရှမရှိတဲ့ ဇနပုဒ်ရှိသော မင်းအဖြစ်သို့ ရောက်တော်မူသော။

တိုင်းပြည်နှစ်ခုအကြား နယ်ခြားကျောက်တိုင်စိုက်ရတဲ့ မင်းမျိုးမဟုတ်ဘူး။ သမုဒ္ဒရာကြီးလေးစင်းသည်ပင်လျှင် ထိုမဟာသုဒဿနမင်းတရားရဲ့ နယ်ခြားကျောက်တိုင်ပေပဲ။ ကျောက်တိုင်ရယ်လို့

http://www.dhammadownload.com



နယ်ကျဉ်းကျဉ်းစိုက်ရတဲ့ မင်းမျိုးမဟုတ်ဘူး။ နယ်အပိုင်းအခြားက သမုဒ္ဒရာလေးစင်းနဲ့ ပိုင်းခြားရတဲ့မင်းဖြစ်တယ်။ ရန်သူခပ်သိမ်းကို အောင်နိုင်တယ်။ တိုင်းကားပြည်ရွာ ဇနပုဒ်တွေမှာ လှုပ်လှုပ်ရွရွနဲ့ ပုံမှန်မကျ အခြေမှန်မကျပဲ ကောင်းကောင်းမစားရ ကောင်းကောင်းမအိပ်ရ ကောင်းကောင်းမနေရ မတည်မငြိမ်တဲ့ ဇနပုဒ်တိုင်းကားရှိတဲ့ မင်းမျိုးမဟုတ်ဘူး။ ငြိမ်တယ်၊ တည်တယ်၊ ခိုင်ခန့်တယ်ဆိုတဲ့ ချမ်းသာကြီးနဲ့ အမြဲတစေ ပြည့်စုံနေတဲ့ ဇနပုဒ်ရှိတဲ့မင်းအဖြစ်သို့ ရောက်တော်မူတဲ့ မဟာသုဒဿနမင်း။

## ကုသာဝတီရာဇဓာနီမင်းနေပြည်

အဲဒီမဟာသုဒဿနမင်းနဲ့ အခုကုသိနာရုံပြည်နဲ့ ဘယ်လို ဆက်စပ်သလဲ–

ရညော အာနန္ဒ မဟာသုဒဿနဿ အယံ ကုသိနာရာ ကုသာဝတီ နာမ ရာဇဓာနီ အဟောသိ။

အာနန္ဒ= အာနန္ဒ။ ရညောမဟာသုဒဿနဿ= မဟာသုဒဿနမင်းတရား၏ လက်ထက်တော်အခါက။ အယံကုသိနာရာ= ဤယခု ကုသိနာရာပြည်အရပ်သည်။ ကုသာဝတီ နာမ= ကုသာဝတီ အမည်ရှိသော။ ရာဇဓာနီ= မဟာသုဒဿနမင်းတရား၏နေရာ ရာဇဓာနီ မင်းနေပြည်သည်။ အဟောသိ= ဖြစ်ခဲ့ဖူးပြီ။

## အကျယ်အဝန်း

အကျယ်အဝန်းဘယ်လောက်ရှိသလဲလို့ဆိုတော့–

ပုရတ္ထိမေန စ ပစ္ဆိမေန စ ဒွါဒသယောဇနာနိ အာယာမေန၊ ဥတ္တရေန စ ဒက္ခိဏေန စ သတ္တယောဇနာနိ ဝိတ္ထာရေန။

ပုရတ္ထိမေန စ= အရှေ့အရပ်အားဖြင့်လည်းကောင်း။ ပစ္ဆိမေန စ= အနောက်အရပ်အားဖြင့်လည်းကောင်း။ အာယာမေန= အလျားအားဖြင့်။ ဒွါဒသယောဇနာနိ= တစ်ဆယ့်နှစ်ယူဇနာပဲ။ ဥတ္တရေန စ=

http://www.dhammadownload.com



မြောက်အရပ်အားဖြင့်လည်းကောင်း။ ဒက္ခိဏောန စ= တောင်အရပ်အားဖြင့် လည်းကောင်း။ ဝိတ္ထာရေန= အနံအားဖြင့်။ သတ္တယောဇနာနိ= ခုနစ် ယူဇနာတို့သည်။ အဟောသုံ= ဖြစ်ကုန်ပြီ။

ကုသာဝတီနေပြည်တော်ဟာ အရှေ့အနောက် အလျားအရှည် အားဖြင့် တစ်ဆယ့်နှစ်ယူဇနာရှည်လျား၍၊ တောင်မြောက်အနံအားဖြင့် ခုနစ်ယူဇနာရှိခဲ့တယ်။ မြို့ကြီးသာကျယ်ပြန့်ပြီးတော့ သာယာစည်ပင်တဲ့ မြို့ကြီးဟုတ်မထင်ပါဘူးလို့လဲ မမှတ်လိုက်နဲ့။

## ဆန်ရေစပါးပေါများခြင်း

ကုသာဝတီ အာနန္ဒ ရာဇဓာနီ ဣဒ္ဓါ စေဝ အဟောသိ ဖီတာ စ

ဗဟုဇနာ စ အာကိဏ္ဏမနုဿာ စ သုဘိက္ခာ စ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကုသာဝတီ ရာဇဓာနီ= ကုသာဝတီ မင်းနေပြည်သည်။ ဣဒ္ဓါစေဝ= ပြည့်စုံသည်လည်းကောင်း။ ဖီတာစ= ဝပြောသည်လည်းကောင်း။ ဗဟုဇနာစ=လူစည်ကား များလှသည် လည်းကောင်း။ အာကိဏ္ဏမနုဿာစ= လူမျိုးတစ်ရာ့တစ်ပါးတို့ ရောပြွမ်း သောမြို့သည်လည်းကောင်း။ သုဘိက္ခာ စ= ပေါများသောအစာ ဆန်ရေစပါးရှိသောမြို့သည်လည်းကောင်း။ အဟောသိ= ဖြစ်ခဲ့ပြီ။

အင်မတန်ကြက်ပျံမကျ စည်ကားတဲ့မြို့ကြီး၊ အစစအရာရာ လိုလေသေးမရှိပြည့်စုံတဲ့ ဝပြောတဲ့ မြို့ကြီးဖြစ်ခဲ့တယ်။ အစာဆန်ရေ ပေါများတဲ့ မြို့ကြီးဖြစ်ခဲ့တယ်။

ဥပမာအားဖြင့် ဘယ်လိုလဲဆိုတော့ –

သေယျထာပိ အာနန္ဒ ဒေဝါနံ အာဠကမန္ဒာ နာမ ရာဇဓာနီ ဣဒ္ဓါ စေဝ ဟောတိ ဖီတာ စ ဗဟုဇနာ စ အာကိဏ္ဏယက္ခာ စ သုဘိက္ခာ စ။

ချစ်သား– လောကဥပမာ နှိုင်းဖွယ်ရာညွှန်ပြရမယ် ဆိုလို့ရှိယင်

http://www.dhammadownload.com



နတ်ပြည်လောက စတုမဟာရာဇ်နတ်မင်းကြီးတို့ရဲ့ နယ်ပယ်အတွင်းမှာ အာဠကမန္ဒာလို့ခေါ်တဲ့ နတ်မင်းနေပြည်ကြီး တစ်ခုရှိခဲ့တယ်။ ကုဝေရ နတ်မင်းကြီးများ စံပျော်တဲ့မြို့ပေါ့နော်။ အဲဒီအာဠကမန္ဒာဆိုတဲ့ နတ်မြို့မှာ ပြည့်လဲပြည့်စုံတယ်၊ ဝလဲဝပြောတယ်၊ လူနေလဲများတယ်။ နတ်အမျိုးမျိုး တို့ဖြင့်လဲ ပြွမ်း၍နေတယ်။ အစာဆန်ရေစပါးလဲ ပေါများပြည့်စုံတယ်။ အဲဒီလိုပေါများပြည့်စုံသလို -

ဧဝမေဝ ခေါ အာနန္ဒ ကုသာဝတီ ရာဇဓာနီ ဣဒ္ဓါ စေဝ အဟောသိ ဖိတာ စ ဗဟုဇနာ စ အာကိဏ္ဏမနုဿာ စ သုဘိက္ခာ စ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ဧဝမေဝ= ဤအာဠကမန္ဒ အမည်ရသော နတ်မြို့အတူပင်။ ကုသာဝတိ ရာဇဓာနီ= ကုသာဝတီ မင်းနေပြည်သည်။ ဣဒ္ဓါ စေဝ= ပြည့်စုံသည်လည်းကောင်း။ ဖိတာ စ= ဝပြောသည်လည်းကောင်း။ ဗဟုဇနာ စ= ကြက်ပျံမကျ များလှသော လူနေရှိသည်လည်းကောင်း။ အာကိဏ္ဏမနုဿာစ=တစ်ရာ့တစ်ပါးသော လူမျိုးများတို့ဖြင့် ရောပြွမ်းခြင်းရှိသည်လည်းကောင်း။ သုဘိက္ခာစ= ဝပြောသောအစား ဆန်ရေစပါးထင်ရှားရှိသည် လည်းကောင်း။ အဟောသိ= ဖြစ်ခဲ့ဖူးပြီ။

## အသံဆယ်ပါးမဆိတ်ခြင်း

အင်မတန်သာယာတဲ့ အင်မတန်ဝပြောတဲ့ ကုသာဝတီ မင်းနေပြည်ကြီး။ ကုသာဝတီမင်းနေပြည်ရဲ့ ကျေးဇူးဂုဏ်ဟာ ဤမျှ လောက်လားလို့ဆိုတော့ -

ကုသာဝတိ အာနန္ဒ ရာဇဓာနီ ဒသဟိသဒ္ဒေဟိ အဝိဝိတ္တာ အဟောသိ ဒိဝါ စ ရတ္တိဉ္စ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကုသာဝတိ ရာဇဓာနီ= ကုသာဝတီမင်းနေပြည်သည်။ ဒိဝါ စ= နေ့၌လည်းကောင်း။ ရတ္တိဉ္စ= ညဉ့်၌လည်းကောင်း။ ဒသဟိ သဒ္ဒေဟိ= သာယာငြိမ့်ငြောင်း ဆယ်ပါး

http://www.dhammadownload.com



သောအသံတို့ဖြင့်။ အဝိဝိတ္တာ= ဘယ်သောအခါမှ မဆိတ်သည်။ အဟောသိ= ဖြစ်ပြီ။

အင်မတန်သာယာတဲ့ မင်္ဂလာရှိတဲ့ အသံဆယ်မျိုးတို့ဖြင့် နေ့နေ့ညည ဘယ်သောအခါမှ မဆိတ်တဲ့မြို့ကြီးဖြစ်ခဲ့ပြီ။ အဲဒီအသံဆယ်မျိုးက ဘာတွေလဲဆိုတော့–

၁။ ဟတ္ထိသဒ္ဒေန = ဆင်သံ။
၂။ အဿသဒ္ဒေန = မြင်းသံ။
၃။ ရထသဒ္ဒေန = ရထားသံ။
၄။ ဘေရိသဒ္ဒေန = စည်ကြီးသံ။
၅။ မုဒိင်္ဂသဒ္ဒေန = မုရိုးစည်သံ။
၆။ ဝီဏာသဒ္ဒေန = စောင်းသံ။
၇။ ဂီတသဒ္ဒေန = သီချင်းသံ။
၈။ သင်္ခသဒ္ဒေန = ခရုသင်းသံ။
၉။ သမ္မသဒ္ဒေန = မောင်းကြေးနင်းသံ။
၁၀။ ပါဏိတာဠသဒ္ဒေန= ဝါးလက်ခုတ်သံ။

“အသ္နာထ ပိဝထ ခါဒထာ”တိ ဒသမေန သဒ္ဒေန= စားကြပါ၊ သောက်ကြပါ၊ ခဲကြပါ– ဟု သဒ္ဒါရှင်ပျို့ အလှူပေးတဲ့ ဆယ်ခုမြောက်အသံဖြင့်။ အဝိဝိတ္တာ= မဆိတ်သည်။ အဟောသိ= ဖြစ်ခဲ့ပြီ။

## မင်္ဂလာဆင်မြင်းသံများ

ဘယ်လောက်သာယာတဲ့ မြို့ကြီးလဲဆိုလို့ရှိယင် မဟာသုဒဿနမင်းကြီးရဲ့ မင်္ဂလာဆင်တော်တွေကိုက အစီးပေါင်း ရှစ်သောင်းလေးထောင်ရှိတော့၊ တစ်စီးသော မင်္ဂလာဆင်တော်က ကြိုးကြာသံဟစ်လိုက်တယ်ဆိုလို့ရှိယင် ရှစ်သောင်းလေးထောင်သော မင်္ဂလာဆင်တော်တွေ အသံချင်းဆက်ပြီးသကာလ ကြိုးကြာသံဟစ်တဲ့ဆင်သံတွေ။

http://www.dhammadownload.com



မင်္ဂလာမြင်းတော်တွေ ရှစ်သောင်းလေးထောင်ကဟီလိုက်တဲ့ မြင်းဟီသံတွေ။

ကုသာဝတီမင်းနေပြည်တော်အတွင်းမှာ အရှေ့အနောက် တောင်မြောက်၊ အရှေ့မှအနောက်၊ အနောက်မှအရှေ့၊ တောင်မှမြောက်၊ မြောက်မှတောင်သို့ လူးလာတဲ့ခါက် မြင်းလေးကောင်ကတဲ့ သိန္ဓောမြင်းများကတဲ့ ရထားကြီးကိုယ်စီစီး၍သွားကြတဲ့ ခတ္တိယမဟာသာလတွေ၊ ဗြာဟ္မဏမဟာသာလတွေ၊ ရောမလူချမ်းသာကြီးတွေ ရဲ့ ရထားသံတွေ၊ စည်ကြီးသံတွေ၊ မုရိုးစည်သံတွေ၊ စောင်းသံတွေ၊ သာယာငြိမ့်ငြောင်းသီဆိုကြတဲ့ သီချင်းသံတွေ၊ ခရုသင်းသံတွေ၊ မောင်းကြေးနင်းသံတွေ၊ ဝါးလက်ခုတ်သံတွေ၊နေ့နေ့ညညဘယ်တော့မှ မတိတ်ဆိတ်ဖူးတဲ့။

တစ်ခြားမြို့ရွာများမှာ ဆင်းရဲတဲ့အတွက် နံနက်မိုးသောက်ရောက်လာတယ်ဆိုယင်ပဲ"ဆန်ကလေးများထုပ်ကြဟော့၊ ထမင်းကလေးများထုပ်ကြဟော့၊ စောစောစီးစီးမြို့ပြင်သွား၊ ဘယ်ရပ်ဘယ်ရွာသွားပြီးတော့စီးပွားဥစ္စာရှာကြစို့"– ဆင်းရဲတဲ့အသံတွေ။ ဒါမှမဟုတ်ယင်လဲပဲ "ဘယ်နေရာက အမှိုက်တွေ ဖယ်ပစ်စမ်းပါ၊ ဒီနေရာက အညစ်အကြေးတွေ ဖယ်ရှားပစ်စမ်းပါ"ဆိုတဲ့ ကြားရုံနဲ့ စိတ်မချမ်းသာဖွယ်အသံတွေ တခြားမြို့များမှာ ရောထွေးနေပေမယ်လို့ ကုသာဝတီမင်းနေပြည်မှာ အဲဒီအသံတွေ မရှိတော့ပဲနဲ့ မင်္ဂလာဆင်တော်သံတွေ၊ မြင်းသံတွေ၊ ရထားသံတွေ၊ စည်ကြီးသံတွေ၊ မုရိုးစည်သံတွေ၊ စောင်းသံတွေ၊ သီချင်းသံတွေ၊ ခရုသင်းသံတွေ၊ မောင်းကြေးနင်းသံတွေ၊ စားပါ–သောက်ပါ–ခဲပါ–ဆိုတဲ့ အလှူဒါနပေးတဲ့အသံတွေဟာ နေ့နေ့ညည ဆက်ပြီးတော့ နေကြတော့တာပဲ။

ဒီကုသာဝတီမင်းနေပြည်ရဲ့ အကြောင်းကိုပေါ့လေ မြတ်စွာဘုရားဟောထားတဲ့ အလောင်းတော်မဟာသုဒဿနစကြာမင်းကြီးရဲ့ စည်းစိမ်ဥစ္စာမည်မျှလောက် ကြီးကျယ်တယ်ဆိုတာ ဘယ်လောက်များသလဲဆိုတာ ဘုန်းကြီးများ စာပေအနေနဲ့ တွက်ကြည့်လိုက်မယ်ဆိုလို့ရှိယင် သင်္ဂါယနာတင်တော်မူတဲ့အခါမှာ တဘာဏဝါရခေါ်တဲ့ တစ်ကြိမ်တစ်ကြိမ်

http://www.dhammadownload.com



သံဃာတော်များ ရွတ်တော်မူရတဲ့စာပေမျှမင်းရဲ့စည်းစိမ် ချမ်းသာတွေကို ဟောပြနေတဲ့ ပါဠိတော်ကိုက။ ရှိတယ်နော်။ မဟာသုဒဿနအလောင်းတော်မင်းတရားရဲ့ စည်းစိမ်မည်မျှကြီးကျယ်တော်မူပုံ သမ္ဘတ္တိတိုက်အိမ်ကြီး ကနေ့ဆောက်ပြရမယ်ပေါ့။

## ရတနာတံတိုင်း

အဲဒီမဟာသုဒဿနမင်းတရားရဲ့ မင်းနေပြည်ဖြစ်တဲ့ ကုသာဝတီမြို့ကြီးမှာ မြို့တံတိုင်း ဘယ်နှစ်ထပ်ရှိသလဲ?

ကုသာဝတီ အာနန္ဒ ရာဇဓာနီ သတ္တဟိ ပါကာရေဟိ ပရိက္ခိတ္တာ အဟောသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကုသာဝတီရာဇဓာနီ= ကုသာဝတီမင်းနေပြည်သည်။ သတ္တဟိ ပါကာရေဟိ= တံတိုင်းကြီး ခုနစ်ထပ်တို့ဖြင့်။ ပရိက္ခိတ္တာ= ဝန်းရံအပ်သည်။ အဟောသိ= ဖြစ်ခဲ့ပြီ။

မြို့ရိုးခုနစ်ထပ်ကာလျက် ရံလျက်ရှိတယ်၊ စိတ်ထဲမှာ မြင်အောင်ကြည့်ပေါ့နော်။

၁။ ဧကော ပါကာရော သောဝဏ္ဏမယော= ပထမအပြင်ဆုံးတံတိုင်းက ရွှေတံတိုင်းကြီးတဲ့။ ၂။ဧကော ရူပိယမယော= အဲဒီရွှေတံတိုင်းကြီးရဲ့အတွင်းက ဒုတိယတံတိုင်းကတော့ ငွေတံတိုင်းတဲ့။ ၃။ ဧကော ဝေဠုရိယမယော=တတိယတံတိုင်းက ကြောင်မျက်ရွဲအတိပြီးတဲ့ တံတိုင်းတဲ့။ ၄။ ဧကော ဖလိကမယော=စတုတ္ထတံတိုင်းက ဖန်တံတိုင်းတဲ့။ ၅။ဧကော လောဟိတင်္ကမယော= ငါးခုမြောက်ဖြစ်တဲ့ ပဉ္စမတံတိုင်းကတော့ ပတ္တမြားကျောက်နီကြီးဖြင့် ပြီးတဲ့တံတိုင်းတဲ့။ ၆။ ဧကော မသာရဂလ္လမယော= ဆဋ္ဌမမြောက်ဖြစ်တဲ့ တံတိုင်းကတော့ မသာရဂလ်ဆိုတဲ့ ပတ္တမြားပြောက်ဖြင့်ပြီးတဲ့ တံတိုင်း။ ၇။ဧကော သဗ္ဗရတနမယော= ခုနစ်ခုမြောက်ဖြစ်တဲ့ အတွင်းအကျဆုံးတံတိုင်းကတော့ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ တံတိုင်းကြီးဖြစ်တယ်။

http://www.dhammadownload.com



## တံတိုင်းအဆင့်ဆင့်တည်နေပုံ

အဲဒီတံတိုင်းကြီး ခုနစ်ထပ်တည်နေပုံကို ဘယ်လိုကြည့်ရမလဲ ဆိုတော့ ပထမဆုံး အဋ္ဌကထာဆရာတော် ဖွင့်ပြတဲ့အဓိပ္ပါယ်ကတော့ –

မြို့ပြင်ကကြည့်လိုက်လို့ရှိယင် ရွှေတံတိုင်းကြီးပထမ၊ ဒုတိယ ငွေတံတိုင်း၊ ရွှေတံတိုင်းထက် ငွေတံတိုင်းကမြင့်တယ်၊ တစ်ဆင့်ထက် တစ်ဆင့်မြင့်တယ်၊ ပြင်ဘက်က တံတိုင်းကအနိမ့်ဆုံး၊ အတွင်းအကျဆုံး တံတိုင်းက အမြင့်ဆုံး။ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ အတွင်းဆုံးတံတိုင်းဟာ အတောင်ခြောက်ဆယ်မြင့်တယ်တဲ့။ အဲဒီကနေတဖြေးတဖြေး နိမ့်လာခဲ့တယ်၊ ဒါပထမဝါဒ။

ဒုတိယဝါဒက ဘယ်လိုရှိပြန်သလဲဆိုတော့ မြို့ဆိုတာတဲ့ ပြင်ဘက်ကကြည့်ကွင်း လှရမှာမဟုတ်ဘူး။ မြို့တွင်းကနေပြီး ကြည့်လို့ရှိယင် လှရမှာဖြစ်တော့ အတွင်းတံတိုင်းက အနိမ့်ဆုံးဖြစ်ရမယ်တဲ့။ အပြင်ဆုံး တံတိုင်းက အမြင့်ဆုံးဖြစ်ရမယ်။ အတောင်ခြောက်ဆယ်မြင့်တယ်ဆိုတဲ့ ရွှေတံတိုင်းဟာ အပြင်ဆုံးတံတိုင်း ဖြစ်ရမယ်တဲ့။

တတိယမြောက်ဆရာ့ဝါဒက မြို့ဆိုတာကွယ် အတွင်းကတင်ကြည့် လှရမှာမဟုတ်၊အပြင်ကတင် ကြည့်လှရမှာမဟုတ်၊အတွင်းကပဲကြည့်ကြည့်၊ အပြင်ကပဲကြည့်ကြည့်၊ ကြည့်လိုက်လို့ရှိယင် လှရမယ်။ အကယ်၍ ပထမဆရာပြောတဲ့အတိုင်း အတွင်းဆုံးတံတိုင်းက အတောင်ခြောက်ဆယ် အမြင့်ဆုံးဆိုလို့ရှိယင် ပြင်ဘက်ကတံတိုင်းတွေ ဘာမှမြင်တော့မှာ မဟုတ်ဘူး။ ဒုတိယဆရာပြောတဲ့အတိုင်း အပြင်ဆုံးတံတိုင်းက အမြင့်ဆုံး ဆိုယင် မြို့ပြင်ကကြည့်လိုရှိယင် တံတိုင်းကြီးတစ်ခုပဲမြင်မှာပေါ့။ ဒီတော့မြို့ ဆိုတာ အတွင်းကလဲကြည့်ယင်လှရမယ်၊ အပြင်ကကြည့်ယင်လဲလှရမယ်၊ ဘယ်လိုနေရမလဲ ပထမ– မြို့ပြင်ကတံတိုင်း၊ အပြင်ပထမတံတိုင်းထက် ဒုတိယတံတိုင်းကမြင့်၊ ဒုတိယတံတိုင်းထက် တတိယတံတိုင်းကမြင့်၊ တတိယတံတိုင်းထက် စတုတ္ထတံတိုင်းကမြင့်၊ ဖလ်တံတိုင်းကြီးဟာ အမြင့်ဆုံးပဲ။ အဲဒီဖလ်တံတိုင်းကြီးကနေပြီးတော့သကာလ ပဉ္စမမြောက်

http://www.dhammadownload.com



ဖြစ်တဲ့ ပတ္တမြားနီတံတိုင်းက နဲနဲလျော့သွား၊ အဲဒီအောက်ကို ဆဋ္ဌမ မြောက်ဖြစ်တဲ့ မသာရဂလ်ကျောက်ဖြင့်ပြီးတဲ့ တံတိုင်းကအနည်းငယ်နိမ့်၊ အဲဒီနောက်က ခုနစ်ခုမြောက်ဖြစ်တဲ့ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ တံတိုင်းဟာ နိမ့်ရမယ်။ ပြင်ဘက်ကကြည့်ယင်လဲ ဒါမှလှတယ်၊ အတွင်းကကြည့်ယင်လဲ ဒါမှ လှတယ်-လို့ တံတိုင်းတွင်ပဲ ဆရာသုံးပါး ဝါဒပြားနေတယ်။

## ရတနာတံခါးနှင့်တံခါးတိုင်များ

ကိုင်း... ဒါဖြင့်တံတိုင်းကြီးခုနစ်ထပ်တော့တွေ့ပြီ။ အဲဒီ ကုသာဝတီ မင်းနေပြည်မှာရှိတဲ့ မြို့တံတိုင်းကြီးတွေမှာ တပ်ထားတဲ့ တံခါးကြီး တံခါးငယ်ကတော့ ဘယ်လိုဟာတွေနဲ့လဲ ဆိုတော့ -

ကုသာဝတိယာ အာနန္ဒ ရာဇဓာနိယာ စတုန္နံ ဝဏ္ဏာနံ ဒွါရာနိ အဟေသုံ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကုသာဝတိယာ ရာဇဓာနိယာ= ကုသာဝတီ မင်းနေပြည်၏။ စတုန္နံ ဝဏ္ဏာနံ= လေးပါးသော ရတနာ အဆင်းတို့၏။ ဒွါရာနိ= တံခါးတို့သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

ကုသာဝတီမြို့တော်ကို ဝင်တဲ့တံခါးကြီးတွေဟာ အဆင်းလေးပါးရှိတဲ့ တံခါးတွေ -

ဧကံ ဒွါရံ သောဝဏ္ဏမယံ၊ဧကံ ရူပိယမယံ၊ဧကံ ဝေဠုရိယမယံ၊ ဧကံ ဖလိကမယံ။

ဧကံ ဒွါရံ သောဝဏ္ဏမယံ=တံခါးတစ်ခုက ရွှေတံခါး။ ဧကံ ရူပိယမယံ=တံခါးတစ်ခုက ငွေတံခါး။ ဧကံ ဝေဠုရိယမယံ=တံခါးတစ်ခုက ကြောင်မျက်ရွဲတံခါး။ဧကံ ဖလိကမယံ=တံခါးတစ်ခုက ဖန်တံခါး-လို့ တံခါးလေးမျိုး ပဲရှိတယ်။ သစ်သားတံခါး၊ သံတံခါးမရှိဖူး။

ဒါဖြင့်တံခါးလေးမျိုးရှိတော့ တံခါးတစ်ခုတစ်ခုမှာ တံခါးခုံတိုင်က ဘယ်နှစ်မျိုးရှိသလဲဆိုတော့ -

ဧကေကသ္မိံ ဒွါရေ သတ္တ သတ္တ ဧသိကာ နိခါတာ အဟေသုံ။

http://www.dhammadownload.com



အာနန္ဒ= ချစ်သားအာနန္ဒာ။ ဧကေကသ္မိံ ဒွါရေ= တံခါးတစ်ခု တစ်ခု၌။ သတ္တ သတ္တ ဧသိကာ= ခုနစ်ခု ခုနစ်ခုသော တံခါးတိုင်တို့ကို။ နိခါတာ= စိုက်ထားအပ်ကုန်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

တံခါးတစ်ပေါက်တစ်ပေါက်မှာ တံခါးတိုင်ခုနစ်တိုင် ခုနစ်တိုင် စိုက်လျက် ရှိတယ်။ တံခါးတိုင်တစ်တိုင်တစ်တိုင်လျှင် ဘယ်လောက်လုံးပတ် အကျယ်အဝန်းရှိသလဲလို့ဆိုတော့ –

တိပေါရိသင်္ဂါ တိပေါရိသနိခါတာ ဒွါဒသပေါရိသာ ဥဗ္ဗေဓေန။

တိပေါရိသင်္ဂါ= သုံးသူမျှ အကျယ်အဝန်း ရှိကြကုန်သော။ တိပေါရိသနိ ခါတာ= သုံးသူမျှမြေ၌စိုက်အပ်ကုန်သော။ ဥဗ္ဗေဓေန= အစောက်အားဖြင့်။ ဒွါဒသ ပေါရိသာ= တစ်ဆယ့်နှစ်သူ အတိုင်းအရှည် ရှိကုန်သော။ ဧသိကာ= တံခါးတိုင်တို့ကို။ နိခါတာ= စိုက်ထူအပ်ကုန်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

တံခါးတိုင်တစ်တိုင်တစ်တိုင်လျှင် သုံးသူမျှအကျယ်အဝန်းရှိတယ်။ သုံးသူမျှမြေထဲကို စိုက်ထားတယ်။ တဆဲ့နှစ်သူမျှ မြေပေါ်မှာ မြင့်နေတယ်။

ယောကျ်ားတသူတသူမျှဆိုတာ ဘယ်လောက်ရှိသလဲလို့ဆိုတော့ ကိုယ့်ဖာသာကို လက်တွေ့စဉ်းစားကြည့်နော်။ မတ်တပ်ရပ်၊ လက်နှစ်ဖက်ကို အထက်ကို ဖြောင့်ဖြောင့်ကြီး ဆန့်ထောင်ထားလိုက်စမ်း။ ဘယ်နှစ်တောင် ရှိမလဲတဲ့။ ငါးတောင်ရှိတယ်နော်။ အဲဒီငါးတောင်ရှိတဲ့ ယောကျ်ား အသူပေါင်း ဘယ်လောက်ကျယ်သလဲလို့ဆိုလို့ရှိယင် တံခါးတစ်တိုင် တစ်တိုင်လျှင် သုံးသူ၊ ဟိုဖက်အစွန်းနဲ့ ဒီဖက်အစွန်းဟာ ၁၅ တောင် ကျယ်တယ်လို့ ပြောချင်တာနော်။။ မြေကြီးထဲမှာ စိုက်ထားတာကလဲ ယောကျ်ားသုံးသူ– ၁၅ တောင်ပဲ။ မြေပေါ်ပေါ်တဲ့ အမြင့်အစောက်က ၁၂ သူတဲ့၊ အတောင်ခြောက်ဆယ်ရှိတယ်။

ဒီလောက် ရှည်လျားတာတွေကို သစ်သားဖြင့် မရှည်နိုင်ပါဖူး လို့ ပြောရမယ်။

http://www.dhammadownload.com



ကော သေီကာ သောဝဏ္ဏမယာ၊ ကော ရူပိယမယာ၊ ကော ဝေဠုရိယမယာ၊ ကော ဖလိကမယာ၊ ကော လောဟိတင်္ကမယာ၊ ကော မသာရဂလ္လမယာ၊ ကော သဗ္ဗရတနမယာ။

ကော= တခုသော။ သေီကာ= တံမါးတိုင်သည်။ သုဝဏ္ဏမယာ= ရွှေဖြင့်ပြီး၏။ တံခါးတိုင်တခုက ရွှေ။ ကော ရူပိယမယာ= တံခါး တိုင်တခုက ငွေ။ ကော ဝေဠုရိယမယာ=တံခါးတိုင်တခုက ကြောင်မျက်ရွဲ။ ကော ဖလိကမယာ= တံခါးတိုင်တခုက ဖန်အတိ။ ကော လောဟိ တင်္ကမယာ= တံခါးတိုင်တခုက ပတ္တမြားနီ။ ကော မသာရဂလ္လမယာ= တံခါးတိုင်တခုက မသာရဂလ်ခေါ်တဲ့ ပတ္တမြားပြောက်။ ကော သဗ္ဗရတနမယာ= တံခါးတိုင်တခုက ရတနာခုနှစ်ပါးအတိပြီးတဲ့တံခါးတိုင်။

ဘယ်လောက်ကြီးသလဲဆိုတော့ တံခါးတပေါက်တပေါက်မှာ တံခါးတိုင်ခုနှစ်တိုင်ရှိတယ်။ ဘဲ့နှယ်လုပ်ပြီးတော့ ဒီတိုင်တွေ စိုက်သလဲလို့ ဆိုတော့ တံခါးကြီးတဲ့၊ တံခါးငယ်တဲ့။ နှစ်ခုရှိကြတဲ့အနက်က တံခါးကြီးရဲ့ လက်ဝဲလက်ယာတံခါးဘောင်မှာ တံခါးတိုင်တခုစီ။ တံခါးငယ်ရဲ့ လက်ဝဲလက်ယာတံခါးဘောင်မှာ တံခါးတိုင် တခုစီ။ လေးလုံးကုန်ခဲ့ပြီ။

အဲဒီ တံခါးကြီး တံခါးငယ်နှစ်သွယ် နှစ်သွယ်တို့၏ အကြား အကြားက တံခါးတိုင် သုံးတိုင်သုံးတိုင်စီ စီလျက် တန်းလျက် စိုက်လျက် ထူလျက် ရှိပါတယ်။ ကောင်းပြီ၊ မြို့ရိုးက ခုနစ်ထပ်၊ တံခါးပေါင်းက များစွာ၊ တံခါးတခုတခုလျှင် တံခါးတိုင် ခုနှစ်တိုင် ခုနှစ်တိုင်စီရှိတော့ ဤမျှပဲလား လို့ဆိုတော့ –

**ရတနာထန်းပင်တန်း**

ကုသာဝတိ အာနန္ဒ ရာဇဓာနိ သတ္တဟိ တာလပန္တီဟိ ပရိက္ခိတ္တာ အဟောသိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ကုသာဝတိ ရာဇဓာနိ= ကုသာဝတိ မင်းနေပြည်သည်။ သတ္တဟိ တာလပန္တီဟိ= ခုနှစ်မျိုးသော ထန်းပင်အစဉ်၊

http://www.dhammadownload.com



ထန်းပင်အတန်းတို့ဖြင့်။ ပရိက္ခိတ္တာ= ဝန်းရံအပ်သည်။ အဟောသိ= ဖြစ်ပြီ။

မြို့ကိုပတ်လျက် မြို့ရိုးတံတိုင်းတွေ၏ အကြားအကြားကနေပြီးတော့ ထန်းပင်တန်းကြီးတွေကလဲပဲ ခုနစ်တန်း ခုနစ်စဉ် ဝန်းလျက် ပတ်လျက် ရံလျက်ရှိတယ်။ ထန်းပင်များစာထဲ ထည့်ဖွဲ့ရသေးလား မအောက်မေ့နဲ့။

ဧကာ တာလပန္တိ သောဝဏ္ဏမယာ၊ ဧကာ ရူပိယမယာ၊ ဧကာဝေဠု ရိယမယာ၊ ဧကာ ဖလိကမယာ၊ ဧကာ လောဟိတင်္ကမယာ၊ ဧကာ မသာရ ဂလ္လမယာ၊ ဧကာ သဗ္ဗရတနမယာ။

ဧကာ= တခုသော။ တာလပန္တိ= ထန်းပင်အစဉ် ထန်းပင်ဝိုင်းသည်။ သောဝဏ္ဏမယာ= ရွှေအတိပြီး၏။ ထန်းပင်တဝိုင်း တစဉ်က ရွှေ။ ဧကာ ရူပိယမယာ= အခြားထန်းပင်တတန်းက ငွေထန်းပင်တန်း။ ဧကာ ဝေဠုရိယမယာ= အခြားထန်းပင်တတန်းက ကြောင်မျက်ရွဲ။ ဧကာ ဖလိကမယာ= အခြားထန်းပင်တတန်းက ဖန်။ ဧကာ လောဟိတင်္ကမယာ= အခြားထန်းပင်တတန်းက ပတ္တမြားနီ။ ဧကာ မသာရဂလ္လမယာ= အခြား ထန်းပင်တတန်းက မသာရဂလ်ခေါ်တဲ့ပတ္တမြားပြောက်။ ဧကာ သဗ္ဗရတန မယာ= အခြားထန်းပင်တတန်းက ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ ထန်းပင် အတန်းတွေ။ထန်းပင်တပင်တပင်လျှင် ဘယ်လောက်မြင့်သလဲဆိုတော့ အတောင်ရှစ်ဆယ် မြင့်တယ်။ ထန်းပင်ရိုးရိုးမဟုတ်ဖူး။ ရတနာထန်းပင်တွေ၊ ရွှေထန်းပင်တွေ၊ ငွေထန်းပင်တွေ၊ ကြောင်မျက်ရွဲထန်းပင်တွေ၊ ဖန်ထန်းပင်တွေ၊ ပတ္တမြားနီထန်းပင်တွေ၊ ပတ္တမြားပြောက်ထန်းပင်တွေ၊ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ အမြင့်အတောင်ရှစ်ဆယ်စီ ရှစ်ဆယ်စီရှိတဲ့ ထန်းပင်တန်းတွေ၊ ထန်းပင်စဉ် ထန်းပင်တန်းတွေ။

ထန်းပင်တွေနေပုံကို ကြည့်အုန်းမလားလို့ဆိုတော့ –

သောဝဏ္ဏမယဿ တာလဿ သောဝဏ္ဏမယော ခန္ဓော အဟောသိ၊ ရူပိယမယာနိ ပတ္တာနိ စ ဖလာနိ စ။

http://www.dhammadownload.com



အာနန္ဒ= ချစ်သား အာနန္ဒာ။ သောဝဏ္ဏမယဿ တာလဿ= ရွှေစတိပြီးသော ထန်းပင်၏။ ခန္ဓော= ပင်စည်သည်။ သောဝဏ္ဏမယော= ရွှေစတိပြီးသည်။ အဟောသိ= ဖြစ်ပြီ။ ပတ္တာနိ စ= အရွက်တို့သည် လည်းကောင်း။ ဖလာနိ စ= အသီးတို့သည်လည်းကောင်း။ ရူပိယမယာနိ= ငွေဖြင့်ပြီးကုန်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

ရွှေထန်းပင်က ပင်စည်က ရွှေသား၊ အရွက်နဲ့ အသီးက ငွေ။ ငွေထန်းပင် ကြည့်အုန်းမလား၊ ငွေထန်းပင်ကြည့်လိုက်လို့ရှိယင် –

ရူပိယမယဿ တာလဿ ရူပိယမယော ခန္ဓော အဟောသိ၊ သောဝဏ္ဏမယာနိ ပတ္တာနိ စ ဖလာနိ စ။

ငွေထန်းပင်မှာ ပင်စည်အလုံးက ငွေသား၊ အရွက်နဲ့ အသီးများက ရွှေသား။

ဝေဠုရိယမယဿ တာလဿ ဝေဠုရိယမယော ခန္ဓော အဟောသိ၊ ဖလိကမယာနိ ပတ္တာနိ စ ဖလာနိ စ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဝေဠုရိယမယဿ တာလဿ= ကြောင်မျက်ရွဲဖြင့်ပြီးသော ထန်းပင်၏။ ဝေဠုရိယမယော= ကြောင်မျက်ရွဲဖြင့်ပြီးသော။ ခန္ဓော= ပင်စည်သည်။ အဟောသိ= ဖြစ်ပြီ။ ဖလိကမယာနိ= ဖန်ဖြင့်ပြီးကုန်သော။ ပတ္တာနိ စ= အရွက်တို့သည် လည်းကောင်း။ ဖလာနိ စ= အသီးတို့သည်လည်းကောင်း။ အဟေသုံ= ဖြစ်ကုန်ပြီ။

ကြောင်မျက်ရွဲထန်းပင်ကြီး ကြည့်လိုက်တော့ ပင်စည်က ကြောင်မျက်ရွဲ၊ အရွက်နဲ့အသီးက ဖန်တွေ။ ဖန်ဖြင့်ပြီးတဲ့ ထန်းပင်ကြီး ကြည့်အုန်းမလား၊ ပင်စည်က ဖန်သား၊ အရွက်နဲ့အသီးတွေ ကြောင်မျက်ရွဲတွေ၊ အရောင်တဖိတ်ဖိတ်တောက်လို့။ နောက် ပဒ္မမထန်းပင်ကို ကြည့်လိုက် မလား၊ ပတ္တမြားထန်းပင်ကြီး၊ ပင်စည်က နီလို့ ရဲလို့၊ အရွက်တွေ အသီးတွေက ပတ္တမြားပြောက် မသာရဂလ်ကျောက်တွေလို့။ ဆဒ္ဒမ

http://www.dhammadownload.com



ထန်းပင်ကို လှမ်းကြည့်လိုက်တော့ ပင်စည်က မသာရဂလ် ခေါ်တဲ့ ပတ္တမြားပြောက်၊ အရွက်နဲ့အသီးက ပတ္တမြားနီတွေ။ သတ္တမထန်းပင်ကို ကြည့်လိုက်အုန်း၊ ပင်စည်ကို ကြည့်ယင်လဲ ရတနာခုနှစ်ပါးတွေအတိ ပြီးနေတယ်၊ အရွက်နဲ့အသီးတွေကြည့်ယင်လဲ ရတနာခုနှစ်ပါးဖြင့် ပြီးနေတယ်။ သုံးမကုန် စားမကုန်ပေါ့နော်။

**မာန်ယစ်စေသောထန်းပင်တန်း**

ကဲဒါဖြင့်ယင် ထန်းပင်တန်း ထန်းပင်အဝိုင်းကြီး ခုနှစ်ဝိုင်းနဲ့ ပြီးပလားဆိုတော့–

တာသံ ခေါ ပနာနန္ဒ တာလပန္တီနံ ဝါတေရိတာနံ သဒ္ဒေါ အဟောသိ ဝဂ္ဂု စ ရဇနီယော စ ခမနီယော စ မဒနီယော စ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဝါတေရိတာနံ= လေတဖျတ်ဖျတ် တိုက်ခတ်အပ်ကုန်သော။ တာသံ တာလပန္တီနံ= ထိုထန်းပင်အစဉ် ထန်းပင်တန်းတို့၏။ သဒ္ဒေါ= အသံသည်။ ဝဂ္ဂု စ= သာယာသည် လည်းကောင်း။ ရဇနီယော စ= တပ်မက်ဖွယ်ရှိသည်လည်းကောင်း။ ခမနီယော စ= တနေ့လုံးနားထောင်သော်လည်း မငြီးငွေ့၊ နှစ်သက်ခြင်း ကိုဖြစ်စေတတ်သည်လည်းကောင်း။ မဒနီယော စ= မာန်ယစ်ခြင်းကို ဖြစ်စေတတ်သည်လည်းကောင်း။ အဟောသိ= ဖြစ်ပြီ။

လေတဖျပ်ဖျပ် အဲဒီထန်းပင်တောကြီးတွေကို တိုက်ခတ်တဲ့အခါ ထွက်လာတဲ့ အသံတွေက သာလဲသာယာတယ်၊ နှစ်သက်ဖွယ်လဲ ကောင်းတယ်။ တနေ့လုံး နားထောင်လို့လဲ မညောင်းအောင် ခံနိုင်တယ်၊ ခံနိုင်ရည်ရှိတယ်။ ပုရိသမဒ ဆိုတဲ့ မာန်ယစ်ခြင်းကိုလည်း ဖြစ်စေနိုင်တယ်။ ငါတို့လို ကံကောင်းတဲ့လူတွေ ဤဇမ္ဗူဒိပါမှာ ရှိသေးရဲ့လားလို့ ယောကျာ်း မိန်းမ လက်သီးလက်ရုံးတန်းယူလောက်အောင် အဲဒီ အသံကို ကြားလို့ရှိယင် မာန်မာနကိုဖြစ်စေတယ်။

လောကဥပမာအားဖြင့် ဘာလိုလဲ–

http://www.dhammadownload.com



သေယျထာပိ အာနန္ဒ ပဥ္စင်္ဂိကဿ တူရိယဿ သုဝိနီတဿ သုပ္ပဋိတာဠိတဿ သုကုသလေဟိ သမန္နာဟတဿ သဒ္ဒေါ ဟောတိ ဝဂ္ဂု စ ရဇနီယော စ ခမနီယော စ မဒနီယော စ။

အာနန္ဒ= ချစ်သာအာနန္ဒာ။သေယျထာပိ= လောကီဥပမာနှိုင်းဖွယ်ရာကား။ သုဝိနီတဿ= ကောင်းစွာညှင်းအပ်သော။ သုပ္ပဋိတာဠိတဿ= ကောင်းစွာညှိအပ်သော။ သုကုသလေဟိ= အလွန်လိမ္မာကုန်သောအတီးအမှုတ်သမားတို့သည်။ သမန္နာဟတဿ= တီးအပ်သော။ ပဥ္စင်္ဂိကဿ တူရိယဿ= တူရိယာငါးမျိုး၏။ သဒ္ဒေါ= အသံသည်။ ဝဂ္ဂုစ= သာယာသည်လည်းကောင်း။ ရဇနီယော စ= နှစ်သက်စေတတ်သည်လည်းကောင်း။ ခမနီယော စ= တနေ့လုံး နားထောင်သော်လည်း ငြီးငွေ့ဖွယ်မရှိသည်လည်းကောင်း။ မဒနီယော စ= မာန်ယစ်ခြင်းကို ဖြစ်စေတတ်သည်လည်းကောင်း။ ဟောတိယထာ= ဖြစ်စေသကဲ့သို့။ အာနန္ဒ= ချစ်သားအာနန္ဒာ။ ဧဝမေဝခေါ= ဤအတူပင်လျှင်။ ဝါတေရိတာနံ= လေတဖျတ်ဖျတ် တိုက်ခတ်အပ်ကုန်သော။ တာသံ တာလပန္တီနံ= ထိုထန်းပင်အစဉ် ထန်းပင်အတန်းတို့၏။ သဒ္ဒေါ= အသံသည်။ ဝဂ္ဂု စ= သာယာသည်လည်းကောင်း။ ရဇနီယော စ= နှစ်သက် ခြင်းကိုဖြစ်စေတတ်သည်လည်းကောင်း။ ခမနီယော စ= တနေ့လုံး နားထောင်သော်လည်း ငြီးငွေ့ဖွယ်မရှိ ခံနိုင်ရည်ရှိသည်လည်းကောင်း။ မဒနီယော စ= မာန်ယစ်ခြင်းကိုဖြစ်စေတတ်သည်လည်းကောင်း။ အဟောသိ= ဖြစ်ပြီ။

တူရိယာငါးပါး တငြိမ့်ငြိမ့်တညောင်းညောင်း တီးနေတဲ့အသံလိုပဲတဲ့။ သာလဲသာယာတယ်၊ နှစ်သက်ဖွယ်လဲကောင်းတယ်။ တနေ့လုံးနားထောင်လို့လဲမငြီးငွေ့၊ မာန်ယစ်ခြင်းကိုဖြစ်စေနိုင်တဲ့ ဂုဏ်အင်္ဂါနဲ့ပြည့်စုံတဲ့အသံတွေ။

ဘယ်လောက်များလဲဆိုလို့ရှိယင် –

http://www.dhammadownload.com



ယေ ခေါ ပနာနန္ဒ တေန သမယေန ကုသာဝတိယာ ရာဇဓာနိယာ ဓုတ္တာ အဟေသုံ သောဏ္ဍာ ပိပါသာ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ တေန သမယေန= ထိုမဟာသုဒဿန မင်းတရား ဖြစ်တော်မူစဉ်ကာလ၌။ ကုသာဝတိယာ ရာဇဓာနိယာ= ကုသာဝတီမင်းနေပြည်အတွင်း၌။ ယေဓုတ္တာ= အကြင်အန်သမားတို့သည် လည်းကောင်း။ ယေ သောဏ္ဍာ ပိပါသာ= အကြင်သေသောက်ကြူးတို့သည် လည်းကောင်း။ အဟေသုံ= ရှိကုန်ပြီ။

တေ တာသံ တာလပန္တီနံ ဝါတေရိတာနံ သဒ္ဒေန ပရိစာရေသုံ။

တေ=ထိုကြွေအန်သမား ကစားသမား သေသောက်ကြူးအပေါင်းတို့ သည်။ ဝါတေရိတာနံ= လေတဖျတ်ဖျတ်တိုက်ခတ်အပ်ကုန်သော။ တာသံ တာလပန္တီနံ= ထို ထန်းပင်အစဉ်တို့၏။ သဒ္ဒေန= အသံဖြင့် ပရိစာရေသုံ= လက်မြှောက်ခြေမြှောက် ခုန်ပေါက်၍ပျော်ကြလေကုန်ပြီ။

ဘယ်လောက် ပျော်လိုက်ကြမလဲဆိုလို့ရှိယင် အဲဒီထန်းပင်တွေ အောက်သွားပြီး အဲဒီထန်းပင်တွေက တူရိယာငါးပါးနဲ့တူတဲ့အသံကို ကြားပြီးတော့ လက်မြှောက်ခြေမြှောက် ခုန်ပေါက်မြူးပျော် ကခုန်ကြသပေါ့။

## စကြာရတနာ

ရာဇာ အာနန္ဒ မဟာသုဒဿနော သတ္တဟိ ရတနေဟိ သမန္နာဂတော အဟောသိ စတူဟိ စ ဣဒ္ဓီဟိ။ ကတမေဟိ သတ္တဟိ။

ဒီလောက်တွင်မဟုတ်သေးဘူးချစ်သား။ မဟာသုဒဿနမင်းတရား ဟာ ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့မင်းတရားဖြစ်တယ်။ အဲဒီရတနာခုနစ်ပါး ဘာတွေလဲလို့ဆိုတော့–

ဣဓာနန္ဒ ရညော မဟာသုဒဿနဿ တဒဟုပေါ သထေ ပန္နရသေ သီသံနှာတဿ ဥပေါသထိကဿ ဥပရိပါသာ ဒဝရဂတဿ ဒိဗ္ဗံ စက္ကရတနံ ပါတုရဟောသိ သဟဿာရံ သနေမိကံ သနာဘိကံ သဗ္ဗာကာရပရိပူရံ။

http://www.dhammadownload.com



အာနန္ဒ= ချစ်သားအာနန္ဒာ။ တဒဟုပေါသထေ ပန္နရသေ= တစ်ဆယ့်ငါးရက် ဥပုသ်နေ့၌။ သီသံနှာတဿ= နံ့သာရေမိုး ဦးခေါင်းနှင့် တကွ ချိုးချပြီးသော။ ဥပေါသထိ ကဿ=ဥပုသ်သီတင်းစောင့်သုံးခြင်းနှင့် ပြည့်စုံသော။ ဥပရိပါသာဒဝရဂတဿ= ပြာသာဒ် အထက်၌တည်နေသော။ ရညော မဟာသုဒဿနဿ= မဟာသုဒဿနမင်းတရားအား။ ဒိဗ္ဗံ= နတ်၌ဖြစ်သော အာနုဘော်နှင့်ပြည့်စုံသော။ သဟဿာရံ =တစ်ထောင်သော အကန့်နှင့်ပြည့်စုံသော။ သနေမိကံ= အကွပ်နှင့်ပြည့်စုံသော။ သနာဘိကံ= အချက်ပန်းတောင်းနှင့်ပြည့်စုံသော။ သဗ္ဗာကာရပရိပူရံ= အလုံးစုံသော အခြင်းအရာနှင့်ပြည့်စုံသော။ စက္ကရတနံ= စကြာရတနာသည်။ အပေါသိ= ဖြစ်ပြီ။

စကြဝတေးမင်းလောင်းများ စက္ကဝတ္တိအကျင့် တစ်ဆယ့်နှစ်ပါး ကျင့်ကြံပြီးလို့၊ စက္ကဝတ္တိ စကြဝတေးတို့ရဲ့ ကျင့်ဝတ်ပြည့်စုံပြီ ဆိုလောက်တဲ့အချိန်မှာ လပြည့်နေ့ မဟာဒါနကြီးစွာပြု၊ အလှူကြီး ကြီးစွာပေးပြီးသကာလ ဥပုသ်သီလများ ဆောက်တည်ခံယူ၊ ဖြီးတော့ စင်ကြယ်ဖြူစင်သော အဝတ်ကိုဝတ် ပြာသာဒ်အထက်သို့တက်၍ မိမိ လှူဒါန်းခဲ့ရတဲ့ အလှူဒါန၊ ဆောက်တည်တဲ့ ဥပုသ်သီလကို မကျိုးမပေါက် မပြောက်မကျားတဲ့ကျေးဇူးဂုဏ်တွေ ဆင်ခြင်စဉ်းစားပြီးတော့ မဟာ သုဒဿနစကြာမင်းလောင်း ပြာသာဒ်အထက်မှ နေတဲ့အခိုက်မှာ ဘာရောက် လာသလဲလို့ဆိုတော့ စကြာရတနာ ပေါ်ပေါက်လာတယ်။

စကြာရတနာဆိုတာ မပြည့်မစုံ မလုံမလောက်သလို မဟုတ်ဖူး။ အကန့်ပေါင်း တစ်ထောင်ပါတယ်။ အဲဒီအကန့်ဟာ ရတနာခုနှစ်ပါးနဲ့ ပြီးတဲ့အကန့်၊ ထောက်တွေပေါ့နော်။ အကွပ်ဟာ ပတ္တမြားဖြင့်ပြီးတဲ့အကွပ်။ ပန်းတောင်းက နီလာကျောက်ဖြင့်ပြီးတဲ့ ပန်းတောင်း၊ ပတ္တမြားရောင် ပတ္တမြားအဆင်းရှိတဲ့ အကွပ်။ ရတနာခုနှစ်ပါးဖြင့်ပြီးတဲ့ အထောက် အကန့်တို့နဲ့ပြည့်စုံတဲ့ စကြာရတနာပေါ်လာတယ်။

ဘယ်အချိန်တုန်းဆိုတော့ ညနေချမ်း ဒီလိုအချိန်ပေါ့၊ လပြည့်နေ့

http://www.dhammadownload.com



ညနေချမ်း မဟာသုဒဿနအလောင်းတော်မင်း ဥပုသ်သီတင်းကို ဆောက်တည်ပြီးတော့ မိမိအလျှူဒါနနဲ့ သီလရဲ့ကျေးဇူးများ ဆင်ခြင်စဉ်းစားပြီး နေတဲ့အခိုက် အရှေ့လောကဓါတ် စကြဝဠာမှ ပကတိလစကြာနဲ့ ယှဉ်တွဲပြီးတော့နော် ထွက်လာသလို စကြာရတနာကြီးထွက်ခဲ့ပြီ၊ လိုက်ခဲ့ပြီ၊ ပါခဲ့ပြီ။

ဝေပုလ္လတောင်ကနေပြီးတော့ ထွက်လာတဲ့စကြာရတနာသည် ပကတိကောင်းကင်မှာ သွားတဲ့လရထားကြီးနဲ့ယှဉ်ပြိုင်ပြီးသကာလ ကုသာဝတီနေပြည်ထက်သို့ ရှေးရှုလာခဲ့ပြီ။ အဲဒီမှာလူကြီးများက စကားနှီးနှော ပြောဆိုတုန်း၊ ကလေးများက ကစားနေတုန်း၊ဖြုန်းကနဲဆို အရှေ့လောကဓါတ် စကြာရဲ့လမ်းမှ စကြာရတနာနှင့်တကွ လစကြာကြီး ယှဉ်တွဲပြီး ထွက်လာခဲ့ကာ ဖြုန်းကနဲမသိသော်လဲပဲ တစ်ဆယ့်နှစ်ယူဇနာမြောက် ရောက်လတ်တဲ့အခါ အသံကြားရပြီ။ အကြာကြီးမြည်ပြီးလာတဲ့ အသံကြားရတော့ အားလုံးသော ကုသာဝတီနေပြည်တော်သူ နေပြည်တော်သားတွေ အရှေ့ဖက်လှည့်ပြီးသကာလ -

ကုတောနုခေါ၊ ကဿနုခေါ အယံ သဒ္ဒေါ။

ဒီအသံဘယ်ကအသံပါလိမ့်၊ ဒီအသံဘယ်သူ့အသံပါလိမ့် ဆိုပြီးတော့ အရှေ့လောကဓါတ်ဖက်သို့ မျက်နှာမူကြယင်ပဲစကြာရတနာနဲ့ လစန်းကြီး ယှဉ်တွဲပြီးသကာလ လာနေတာမြင်ရတယ်။ စကြာရတနာသံကြားလို့ တဖြေးတဖြေး အစဉ်သဖြင့် လာပြီးတော့ တစ်ယူဇနာလောက် နှစ်ယူဇနာလောက် တဖြေးတဖြေးရှေ့တိုးတိုးပြီး စကြာရတနာ ကောင်းကင်က သစ်ပင်တွေထိပ်ဖျားလောက်က လာတဲ့အခါကျတော့ အဲဒီကြည့်နေတဲ့ လူထဲမှ လူတစ်ယောက်ကပြောလိုက်တယ် -

ပဿထ ဘော အစ္ဆရိယံ။

အမောင်တို့ကြည့်စမ်းပါ၊ အံ့သြစရာကြီးပဲ။

အယံ ပုဏ္ဏစန္ဒော ပုဗ္ဗေ ဇကော၀ ဥပ္ပဇ္ဇတိ ။

http://www.dhammadownload.com



ဟောဒီလပြည့်ဝန်းကြီး ဟာ ရှေးရှေးရက်များကဖြင့် လတစ်ခုတည်းထွက်ခဲ့တက်ခဲ့တယ်။

အဇ္ဇေဝပန အတ္တဒုတိယော ဥဂ္ဂတော။

ကနေ့ဖြင့် ထူးထူးဆန်းဆန်း၊ လပြည့်ဝန်းကြီးဟာ မိမိနဲ့လပြည့်ဝန်းကြီးတစ်ခုပါပြီး လပြည့်ဝန်းကြီးနှစ်ခု ပေါ်ထွက်လာခဲ့ပြီ။

တေဥ ရာဇဟံသမိထုန်မိဝ ပုဏ္ဏစန္ဒမိထုနံ ပုဗ္ဗာပရိယေန ဂဂနတလံ အဘိလင်္ဃတိ။

ဟင်္သာမင်းအစုံ ရှေ့နောက်ပျံလာသလို စန်းစကြာရတနာနှစ်ခု ရှေ့နှင့်နောက် ယှဉ်တွဲပြီးသကာလ ကောင်းကင်ပေါ်တက်၍လာခဲ့ပြီတကား။

တစ်ယောက်ကဒီလိုပြောလိုက်တော့ နောက်တစ်ယောက်က -

ကိံ ကထေသိ သမ္မ=မိတ်ဆွေဘယ်နှယ်ပြောတာလဲ? ဘယ်တုန်းကများ လစကြာနှစ်ခုတွဲပြီးသကာလ အတူတူထွက်လာတယ်ဆိုတာ အမောင်ကြားဖူး မြင်ဖူးသလဲ။ စင်စစ်အခုလာတဲ့ အရာဝတ္ထုကား နေကြီးမောင် နေကြီး၊ နေနဲ့လနဲ့တွဲထွက်လာတာ။

ဒီတော့တတိယလူတစ်ယောက်က -

ကိံ တွံ ဥမ္မတ္တကောသိ။

ဘယ့်နှယ့်လဲသူငယ်ချင်း၊ မင်းရူးသလား။

နနု ဣဒါနေဝ ဒိဝါကရော အတ္ထင်္ဂတော။

နေမင်းက အခုပ ဝင်သွားတာမဟုတ်လား။

သော ကထံ ဣမံ ပုဏ္ဏစန္ဒံ အနုပ္ပဗန္ဓမာနော ဥဂ္ဂစ္ဆတိ။

အဲဒီခုနဝင်သွားတဲ့ နေကြီးဟာ ဘယ်လိုနည်းနဲ့များ ဒီလပြည့်ဝန်းကြီးနောက်က လိုက်ပြီးတော့ တက်လာနိုင်မှာလဲ၊ မဖြစ်နိုင်တာကွယ်။ စင်စစ်တော့ဘာလဲဆိုတော့ -

http://www.dhammadownload.com



အဒ္ဒါပနေတဲ့။

မချွတ်ကေန် အမှန်အားဖြင့် ယခုငါတို့မြင်နေရတဲ့ အရာဝတ္ထုဟာ ဘုန်းကြီးတဲ့နတ်တစ်ဦးဦးရဲ့ ဘုံဗိမာန်ဖြစ်လိမ့်မယ်တဲ့။ တတိယလူက ဒီလိုပြောတယ်။

အဲဒီလို သူတို့သုံးဦး ကိုယ်ထင်ရာကိုယ်ပြောနေတုန်းမှာပဲ တဖြေးထက်တဖြေး နီးပြီးတော့ လဗိမာန်ကြီး စွန့်ပြီးတော့– စကြာရထားကြီးက တစ်ယူဇနာအတွင်းသို့ ရောက်လာတဲ့အခါ ဉာဏ်ပညာရှိတဲ့ လူတစ်ယောက်က –

ကိံ ဘော ဗဟုံ ဝိလပထ။

ခင်ဗျားတို့ ဘာပြုလို့ စကားများနေကြသလဲ။

နာယံ ပုဏ္ဏစန္ဒော= အခုကျွန်တော်တို့မြင်ရတဲ့အရာဟာ လပြည့်ဝန်းလဲ မဟုတ်ဖူး။ န သူရိယော= နေလဲ မဟုတ်ဖူး။ န ဒေဝဝိမာနံ = နတ်ဗိမာန်လဲ မဟုတ်ဖူး။ န ဟိ ဧတေသံ ဧဝရူပါ သိရီသမ္ပတ္တိ နတ္ထိ= အကြောင်းကတော့ ခင်ဗျားတို့ပြောတဲ့ လမှာ နေမှာ နတ်ဗိမာန်မှာ ယခုမြင်ရတဲ့ ကျက်သရေမျိုး မရှိနိုင်ဘူး။ စက္ကရတနေန ပန ဧတေန ဘဝိတဗ္ဗံ = တကယ်စင်စစ် ဟုတ်တာပြောရယင်ဖြင့် ယခုကျွန်ုပ်တို့မြင်ရတဲ့အရာကား စကြာရထားကြီး ဖြစ်လိမ့်မယ်လို့ တစ်ယောက်က ပြောလိုက်တော့ –

ဒါဖြင့်ကွာ ဒီစကြာရထား ဘယ်သူ့ဖို့ရောက်လာတာလဲ။ ငါတို့ရဲ့ မဟာသုဒဿန မင်းတရားသည် စကြဝတေးမင်းတို့ရဲ့ ကျင့်ဝတ်ဖြစ်တဲ့ ကျင့်စဉ်တစ်ဆယ့်နှစ်ပါးကို ကျင့်ကြံပွားများပြီးသား မဟုတ်လား။ ငါတို့ မဟာသုဒဿနမင်းတရားအတွက် ပေါ် ထွက်လာတဲ့ စကြာရထားကြီးပေါ့– လို့ အဲဒီလိုပြောလိုက်တယ်။

ပြောနေတုန်းပဲ ကုသာဝတီပြည်သို့ရောက်၊ မဟာသုဒဿန မင်းတရားရဲ့ ဘုန်းတေဇော်အာနုဘော်ဖြင့် ပေါ်ပေါက်လာပါတယ်လို့

http://www.dhammadownload.com



ထင်ရှားသိကြပါစေသားလို့ နှုတ်ကမြွက်ပြီးပြောသည့်ပမာ စကြာရထား ကြီးက ရတနာခုနှစ်ပါးဖြင့်ပြီးတဲ့ တံတိုင်းရဲ့အပေါ်မှာ ကုသာဝတီပြည်ကြီး ကို ခုနှစ်ပတ်လက်ယာရစ်လှည့်၊ လှည့်ပြီးပြီဆိုတော့မှ မဟာသုဒဿန မင်းတရားရဲ့ စံနန်းတော်ကို ခုနှစ်ပတ်လှည့်၊ မြောက်မျက်နှာ လေသာတံခါး လောက်ညီမျှတဲ့နေရာမှာလာပြီးတော့ အဲဒီစကြာရထားကြီးဟာ ကောင်းကင် မှာပဲ ဝန်ရိုးနဲ့တပ်ပြီးထားသလို တခါထဲလာပြီးတော့ ရပ်နေတယ်။

အဲဒီအကြောင်းကို တိုင်းသားပြည်သူဗိုလ်လူတွေ တစုတရုံး နန်းရင်ပြင်မှာ စုရုံးပြီးတော့ ညီမူစည်းဝေးကြတယ်။ မင်းမှုထမ်းတွေလဲပဲ စကားလက်ဆောင်ယူပြီးသကာလ မဟာသုဒဿနမင်းတရားထံမှောက် သွားရောက်၍–

" အရှင်ဘုရား၊ စကြာရတနာဆိုက်ရောက်ပါပြီ "

အဲဒီလိုဆိုတော့ မြောက်လေသာနန်းတံခါးကို ကြည့်လိုက်တဲ့အခါ စကြာရတနာမှ ထိုးနေဟပ်နေတောက်နေတဲ့ ရတနာအရောင်တွေ နန်းတော်ကြီးတစ်ခုလုံး ပြိုးပြိုးပြောင်တာမြင်တော့ မဟာသုဒဿန မင်းတရားဟာ –

အထ ခေါ အာနန္ဒ ရညော မဟာသုဒဿနဿ ဧတဒဟောသိ။

ချစ်သားအာနန္ဒာ၊ စကြာရတနာကြီး ဆိုက်ရောက်လာတဲ့အခါ မဟာသုဒဿနမင်းတရားရဲ့ စိတ်သန္တာန်၌ ဤသို့အကြံဖြစ်တယ်။

သုတံ ခေါ ပန မေတံ။

ငါဒီအကြောင်းဒီစကားကို ကြားဖူးတယ်။ ခတ္တိယမျိုးဖြစ်၍ အဘိသိက်သွန်းလောင်းပြီးတဲ့ မင်းတရားဟာ တစ်ဆယ့်ငါးရက်ဥပုသ်နေ့ ဥပုသ်သီတင်းကျင့်သုံးပြီးသကာလ ပြာသာဒ်မအထက်မှာ နေ၍ ဥပုသ် အင်္ဂါတွေကို ဆင်ခြင်စဉ်းစားနေတုန်း စကြာရတနာ ဆိုက်ရောက်လာလို့ ရှိယင် ထိုပုဂ္ဂိုလ်ကား စကြာမင်းဖြစ်တယ်။

http://www.dhammadownload.com



အဿံ နု ခေါ အဟံ ရာဇာ စက္ကဝတ္တီ။

ငါလဲပဲ စကြဝတေးမင်းများ ဖြစ်မလားလို့ အကြံဖြစ်ပြီး မိမိနေရာမှထ အပေါ်ရုံကို သပ်သပ်ယပ်ယပ် လောဘတ်တင်၊ စပွါယ်တင်ပြီး သကာလ ရွှေကရားကို လက်ဝဲလက်ဖြင့်ကိုင် စကြာရတနာအနီးအပါးသို့ သွား၊ အနီးအပါးရောက်သကာလ –

ပဝတ္တတု ဘဝံ စက္ကရတနံ၊ အဘိဝိဇိနာတု ဘဝံ စက္ကရတနံ။

ဘဝံ စက္ကရတနံ= အရှင်စကြာရတနာသည်။ ပဝတ္တတု= လည်တော်မူ။ ဘဝံ စက္ကရတနံ= အရှင်စကြာရတနာသည်။ အဘိဝိဇိနာတု= လေးကျွန်းလုံးကိုအောင်မြင်တော်မူ။

လို့ နှုတ်ကရွတ်ဆိုပြီးသကာလ ရွှေကရားမှရေကို လက်ယာလက်ဖြင့် ခံပြီးသကာလ စကြာရတနာကြီးကို ဖျန်းလိုက် ပက်လိုက် ကျဲလိုက်လျှင်ပဲ စကြာရတနာကြီးဟာ မင်းနှင့်တကွ ပရိသတ်လေးပါးယူဆောင်၍ ကောင်းကင်သို့ သွားတော့မယ်၊ တက်တော့မယ် ဆိုတဲ့အနေနဲ့ စက်ကြီးဟာနိုးလာသပေါ့။ အသံမြည်ပြီးတော့လာတော့ (ဓါတ်ဆီတွေ ဘာတွေနဲ့ ဖွင့်နေရတာမဟုတ်ဖူးနော်)။ မဟာသုဒဿန မင်းတရား ဖျန်းလိုက်တဲ့ရေသည်ပင်လျှင် စကြာကိုနှိုးတဲ့စက်ဆီပဲဆိုပေ့ါ။ ဘုန်းတန်ခိုး တည်းဟူသော ဓါတ်ဆီရေကြည်ဖြင့် စကြာရတနာကို ဖျန်းပက်လိုက်တယ် ဆိုယင်ပဲ စကြာရတနာကြီးဟာ စက်ကြီးနိုးလာသလို ကောင်းကင်သို့ ပျံတက်မဲ့ အခြင်းအရာဖေါ်ပြတယ်။ အဲဒီအချိန်မှာ မင်းမှုထမ်းတွေက မြို့ထဲလှည့်ပြီး စည်လည်ရတယ်။

တာတာ= အမောင်တို့။ အမှာကံ= ငါတို့၏။ ရညော= မဟာသုဒဿနမင်းတရားအား။ စက္ကရတနံ= စကြာရတနာသည်။ ပါတုဘူတံ= ထင်ရှားဖြစ်ခဲ့ပြီ။

ငါတို့ရဲ့မင်းတရားမှာ စကြာရတနာကြီးပေါ်ခဲ့ပြီ၊ ရောက်ခဲ့ပြီ၊ ထင်ရှားဖြစ်ခဲ့ပြီ၊ ဆိုက်ခဲ့ပြီ။

http://www.dhammadownload.com



တုမ္ဟေ= အမောင်တို့သည်။ အတ္တနော အတ္တနော= မိမိ၏ မိမိ၏။ ဝိဘဝါနု ရူပေန= စည်းစိမ်ဥစ္စာအားလျော်သဖြင့်။ မဏ္ဍိတာ ပသာဓိကာ= တန်ဆာ ဆင်အပ်ကုန်သည်ဖြစ်၍။ သန္နိပတထ= စည်းဝေးကြပါကုန်။ လို့ မြို့လှည့်ပြီးသကာလ စည်လည်စေတယ်။

စကြာရတနာဖြင့် ေင်းပရိသတ်တို့လိုက်ပါခြင်း

ဤသို့စည်မလည်ခင်ကထဲ ဂိက စကြာရတနာကြီးရောက်လာကတဲကိုက တိုင်းသားပြည်သူဗိုလ် အပေါင်းတို့က နံ့သာပန်းမာလ်လက်စွဲပြီးသကာလ စကြာကြီးဆိုက ်က်ရာ နန်းရင်ပြင်မှာလာပြီး စည်းဝေးနေပြီ။ အဲဒီလိုစည်းဝေးနေတ့ လူထဲမှာ အပြင်ပုဂ္ဂိုလ်တို့သည် ဒီစကြာရတနာကြီးသွားရာ ကောင်းကင်ခရီ့ဖြင့် ငါတို့လိုက်လိုကြ၏။လို့ အဲဒီစိတ်အကြံဖြစ်အံ့။ အဲဒီစိတ်ရှိတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ အလိုလိုပကတိ မြေမျှော်တိုင်မှ စကြာရတနာ၏ တန်ခိုးရှိန်စော်အာနုဘော်ဖြင့် ကောင်းကင်ကို အလိုလိုတက်ပြီးတော့သွားကြတယ်။

တိုတိုပြောကြပါစို့ ဆိုလိုရှိယင် မဟာသုဒဿနစကြာမင်းဟာ တစ်ဆယ့်နှစ်ယူဇနာ အပြန့်ကျယ်သော ပရိသတ်ဗိုလ်ပုံအစုံအလင်ဖြင့် ကောင်းကင်သို့တက်သွားပြီး အမြင့်ကြီးလားလို့ဆိုတော့ လေချိန်နေရတဲ့ စကြာမဟုတ်ဖူး။ လေမရှိရင် ကျမှာစိုးရတဲ့ စကြာမျိုးမဟုတ်ဖူး။ မဟာသုဒဿနမင်းတရားရဲ့စိတ်တော်မှာ– ငါတို့ရဲ့ စကြာရတနာ စကြဝတေးမင်းအဖြစ်ကို သိကြပါစေလို့ အဲဒီလိုစိတ်ညွတ်တော့ စကြာရတနာကြီးက မနိမ့်လွန်း မမြင့်လွန်း သစ်ပင်ဖျားလောက်ကနေပြီးသကာလ သွ .းခဲ့တယ်။

အဲဒီနောက်က ပရိသတ်တွေ အစုံအညီပါခဲ့တယ်။ အတတ်သည်တွေ ပန်းချီဆေးရေးသမားတွေ ကိုယ်စီကိုယ်ငှ မင်းမှုထမ်းတွေ လိုက်လိုသူမှန်သမျှ အကုန်လုံးပါခဲ့တယ်။ ဘာပြုလို့ မမြင့်မနိမ့် သစ်ပင်ဖျားလောက်က သွားရတုန်းလို့ဆိုတော့ အဲဒီပါတဲ့လူတွေထဲက ပန်းပင်မြင်တဲ့သူက ပန်းခူးချင်တဲ့သူရှိတယ်၊ သစ်သီးမြင်လို့ သစ်သီးခူးချင်တဲ့လူရှိတယ်၊ အလိုရှိတိုင်း ပန်းသစ်သီးခူးနိုင်ကြစေ၊ အောက်မြေအပြင်မှာ ကြည့်တဲ့

http://www.dhammadownload.com



လူတွေကလဲ ဤသူကား စကြာဝတေးမင်း၊ ဤသူကအိမ်ရှေ့မင်း၊ ဤသူကားစစ်သူကြီး– ကွဲကွဲပြားပြား မြင်လောက်တဲ့နေရာမှ ကောင်းကင်ခရီးဖြင့်သွားခဲ့ပြီး ဘယ်လိုသွားသလဲလို့ဆိုတော့–

အထ ခေါ တံ အာနန္ဒ စက္ကရတနံ ပုရတ္ထိမံ ဒိသံပဝတ္တိ၊ အန္ဝဒေဝ ရာဇာ မဟာသုဒဿနော သဒ္ဓိံ စတုရင်္ဂိနိယာ သေနာယ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထ ခေါ= ထိုသို့ "ပဝတ္တတု ဘဝံ စက္ကရတနံ၊ အဘိဝိဇိနာတု ဘဝံ စက္ကရတနံ" ဟု မဟာသုဒဿနမင်း မိန့်မြွက်၍ ရေကြည်တော်ပက်ဖျန်းသောကာလ၌။ တံ စက္ကရတနံ= ထိုစကြာရတနာသည်။ ပုရတ္ထိမံ ဒိသံ= အရှေ့အရပ်မျက်နှာသို့။ ပဝတ္တိ= လည်ခဲ့လေပြီ။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿနမင်းတရားသည်။ စတုရင်္ဂိနိယာသေနာယ= စစ်အင်္ဂါလေးပါးနှင့်။ သဒ္ဓိံ= အတူတကွ။ အန္ဝ ဒေဝ= စကြာရတနာ၏နောက်မှပင်လျှင်။ အာကာသံ= ကောင်းကင်သို့။ အဘိရူဟိ= မင်းစီးရထားဖြင့်အတူလိုက်သွားခဲ့လေပြီ။

စကြာကြီးကရှေ့ကလည် မဟာသုဒဿနမင်းတရားက မင်းရထားကြီးစီးလို့ စကြာရတနာ၏နောက်ကပင်လျှင် ကောင်းကင်ခရီးသို့ တက်ခဲ့လိုက်ခဲ့လေပြီ။

## အရှေ့ကျွန်းသို့

အဲဒီလိုတက်လို့ လိုက်လို့ သွားလို့ အရှေ့တည့်တည့် အရှေ့ကျွန်းကိုပဲ ပေါက်ရောက်သွားလိုက်တယ်။ ယူဇနာခုနစ်ထောင်ကျယ်ပြန့်တဲ့ အရှေ့ပုဗ္ဗဝိဒေဟကျွန်းရောက်လို့ အဝန်းအားဖြင့် တစ်ဆယ့်နှစ်ယူဇနာ၊ တိုးလျှိုပေါက်အားဖြင့် တစ်ဆယ့်နှစ်ယူဇနာရှိတဲ့ စကြာမင်းရဲ့ ပရိသတ်စည်းဝေးလောက်တဲ့ မြေပြင်ညီညွတ်တဲ့မြေအရပ်သို့ရောက်လျှင်ပဲ စကြာရတနာကြီးဟာ ဝန်ရိုးနဲ့တပ်ပြီးသကာလ ရပ်အောင်လုပ်သလို ကောင်းကင်မှာ ရပ်နေပြီး ရပ်တဲ့နေရာမှာ မဟာသုဒဿနစကြာမင်းနှင့်တကွ ပါလာသမျှပရိသတ်တို့ စားကြ၊ သောက်ကြ၊ ရေချိုးကြ၊ ကိုယ်လက်

http://www.dhammadownload.com



ဆိုင်ရာ အမှုကိစ္စတို့ကိုပြုကြလို့ စည်းဝေးလာကြတဲ့အချိန်အခါမှာ အရှေ့ကျွန်းမှာရှိနေတဲ့ အရှေ့အရပ် အရှေ့မျက်နှာမှာရှိနေတဲ့ ဓတရာဇာ ခေါ်တဲ့ အပြိုင်အဖက်ဖြစ်တဲ့မင်းတွေ၊ အဲဒီမင်းတွေဟာ မဟာသုဒဿန မင်းကြီး ရောက်လာတယ်ဆိုယင်ပဲ၊ပရစက္ကံ အာဂတံ= သူတပါးရဲ့ စက်အာဏာ ငါတို့တိုင်းပြည် ရောက်လာပြီရယ်လို့ မခံဘူးကွ ဒီကနေ့ဖြင့် စစ်ပြင်ကြသလား၊ မပြင်ကြဘူး။

ဘယ်လိုလဲဆိုတော့-

ယေ ခေါ ပနာနန္ဒ ပုရတ္ထိမာယ ဒိသာယ ပဋိရာဇာနော၊ တေ ရာဇာနံ မဟာသုဒဿနံ ဥပသင်္ကမိတွာ ဧဝမာဟံသု။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ပုရတ္ထိမာယ ဒိသာယ= အရှေ့အရပ် မျက်နှာ၌။ ယေ ပဋိရာဇာနော= အကြင် အပြိုင်ဖြစ်တဲ့မင်းတို့သည်။ သန္တိ= ရှိကုန်၏။ တေ= ထိုပြိုင်ဖေါ်ပြိုင်ဖက်ဖြစ်တဲ့မင်းတို့သည်။ ရာဇာနံ မဟာသုဒဿနံ ဥပသင်္ကမိတွာ= မဟာသုဒဿနမင်းတရားထံမှောက်သို့ ချဉ်းကပ်၍။ ဧဝံ= ဤသို့။ အာဟံသု= လျှောက်ဆိုကြကုန်ပြီ။

မင်းတို့အားဆုံးမဩဝါဒပေးခြင်း

အရှေ့လောကဓာတ် အရှေ့မျက်နှာမှာရှိတဲ့ တစ်ရာ့တပါးသော မင်းတွေဟာ မဟာသုဒဿနမင်းတရားထံမှောက် လာရောက်ပြီးသကာလ ဤသို့လျှောက်ထားကြတယ်။

ဧဟိ ခေါ မဟာရာဇ။သွာဂတံ တေ မဟာရာဇ။

မဟာရာဇ= မြတ်သောမင်းကြီး။ ဧဟိ ခေါ= လာတော်မူ။ ကြွတော်မူ။ မဟာရာဇ= မြတ်သောမင်းကြီး။ တေ= သင်မင်းကြီး၏။ အာဂတံ= လာခြင်းကား။ သွာဂတံ-သုအာဂတံ= ကောင်းသောလာခြင်း ဖြစ်ပါပေတယ်။

သာယာညွှတ်ပြောင်းစုပြီးသကာလ နှုတ်ဆက်ကြတယ်။ လက်

http://www.dhammadownload.com



ဆောင်ပဏ္ဏာတွေ ပေးကြတယ်။

ကောင်းသောလာခြင်း ဖြစ်တော်မူပေတယ်။ ဘယ်လိုလာခြင်းကတော့ မကောင်းသလဲ? အကြင်ပုဂ္ဂိုလ် လာလို့ရှိယင် စိတ်ပျက်၊ ပြန်သွားယင် ဝမ်းသာရတဲ့ပုဂ္ဂိုလ်မျိုးရဲ့လာခြင်းမျိုးဟာ မကောင်းသောလာခြင်း။ အကြင်ပုဂ္ဂိုလ်လာလို့ရှိယင် ဝမ်းမြောက်၊ ပြန်သွားယင် ဝမ်းနည်းနေရတဲ့ အဲဒီပုဂ္ဂိုလ်မျိုးရဲ့လာခြင်းဟာ ကောင်းသောလာခြင်း။ အရှင် မဟာသုဒဿနမင်းတရားလဲပဲ လာလျှင်နှစ်သက်၍ ပြန်သွားမှာ စိုးရိမ်ရတဲ့လာခြင်းမျိုးနဲ့ လာတော်မူခြင်းဖြစ်တော်မူတယ်။

သကံ တေ မဟာရာဇ၊ အနုသာသ မဟာရာဇ။

မဟာရာဇ= မြတ်သောမင်းကြီး။ ဣဒံ= ဤအရပ်သည်ကား။ တေ= အရှင်မင်းကြီး၏။ သကံ= မိမိဥစ္စာပါတည်း။ မဟာရာဇ=မြတ်သောမင်းကြီး။ အနုသာသ= ဆုံးမ တော်မူပါ။

လို့အားလုံး တစ်ရာ့တပါးသောမင်းတို့ ဝပ်စင်းခယ ခြေတော်ရင်းမှာ ရောက်ကြရတယ်။

အဲဒီလိုရောက်တဲ့အခါ နှုတ်ဟမြွက်ပြီး "ဒီတိုင်းပြည်ဟာ အရှင်မင်းကြီးရဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဆုံးမတော်မူပါ" လို့ ကျေးတော်မျိုးကျွန်တော်မျိုး ခံကြတယ် ဆိုပါစို့။

အဲဒီလို မိမိစက်အောက်မှာ ဝင်ရောက်လာတဲ့ အရှေ့မျက်နှာကမင်းတွေကို မဟာသုဒဿနမင်းတရားက ဘယ်လိုများ ပြန်ပြောသလဲ–

ဧဝံ ဝုတ္တေ ပန ရာဇာ စက္ကဝတ္တီ။

ဧဝံ= ဤသို့။ ဝုတ္တေ ပန= ဆိုအပ်သည် ရှိသော်ကား။ ရာဇာ စက္ကဝတ္တီ= စကြာဝတေးမင်းတရားသည်။

ဣတော ပဋ္ဌာယ= ယနေ့မှစ၍။ မေ= ငါ့အား။ အနုဝဿံ=နှစ်စဉ်နှစ်တိုင်း။ ဧတ္တကံ= ဤမျှသော။ ဗလိံ= အခွန်အတုပ်ကို။ ဥပဋ္ဌာပေထ=

http://www.dhammadownload.com



ပို.ကြဆက်ကြကုန်။ ဣတိ= ဤသို့။ နာပိ ဝဒတိ= ပြောလည်းမပြော။

ငါဖြင့် ပိုင်ပြီ။ ငါ့စကားအောက်ရောက်ကြပြီလို့ မောင်မင်းတို့ ယနေ့မှ နောက် နှစ်စဉ်နှစ်တိုင်း အခွန်အတုပ် ဤရွေ့ဤမျှ ငါ့ထံမှောက် ရောက်အောင်ပို့ကြလို့ အဲဒီလိုလဲ မပြောဖူးတဲ့။

နာပိ အညဿ ဘောဂံ အစ္ဆိန္ဒိတွာ အညဿ ဒေတိ။

အညဿ= တပါးသောသူ၏။ ဘောဂံ= စည်းစိမ်ဥစ္စာကို။ အစ္ဆိန္ဒိတွာ= မင်း၏ အာဏာဖြင့် အနိုင်အထက်လုယူ၍။ အညဿ= တပါးသောသူအား။ နာပိ ဒေတိ= ပေးလည်းမပေး။

စကြာမင်းနော် ငါမင်းပဲလို့ ဆိုပြီးသကာလ ထိုသူတယောက် ပိုင်ဆိုင်တဲ့ သက်ရှိပစ္စည်းသက်မဲ့ပစ္စည်း၊ ဥပဒေအမျိုးမျိုးနဲ့ နှိပ်ကွပ်ပြီး သကာလ ထိုသူ့အပေါ်မှာ နိုင်ထက်ကလူ လုယက်ပြီးသကာလ မိမိ အပေါ်မှာ လူအများကြည်ညိုမှု ရေးရှုပြီး သူတပါးကို သွားပြီးတော့ ဒီလိုပဲမပေးဖူးတဲ့။

ဒါဖြင့် ဘယ်လိုလုပ်တုန်းဆိုတော့ -

အတ္တနော ပန ဓမ္မရာဇဘာဝဿ အနုရူပါယ ပညာယ ပါဏာတိပါတာဒီနိ ဥပပရိက္ခိတွာ။

ပန= စင်စစ်သော်ကား။ အတ္တနော= မိမိ၏။ ဓမ္မရာဇဘာဝဿ= တရားသဖြင့် မင်းဖြစ်သော ဓမ္မရာဇ်မင်းအဖြစ်အား။ အနုရူပါယ= လျော်လျောက်ပတ်သော။ ပညာယ= ပညာဖြင့်။ ပါဏာတိပါတာဒီနိ= ပါဏာတိပါတ အစရှိသည်တို့ကို။ ဥပပရိက္ခိတွာ= စဉ်းစားဆင်ခြင်တော်မူ၍။

မိမိကား ဓမ္မရာဇ်မင်း ဖြစ်သူပီပီ ဉာဏ်ပညာဖြင့် ပါဏာတိပါတ အစရှိသော ဒုစရိုက်မှုတွေကို ဆင်ခြင်စဉ်းစားပြီးတော့။ မဇုရေ မဥ္စုနာ သရေန= ချိုမြိန်သာယာသော အသံတော်ဖြင့်-

ပဿထ တာတာ ပါဏာတိပါတော နာမေသ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော။

http://www.dhammadownload.com



တာတာ= အမောင်တို့။ ပဿထ= မောင်တို့ဉာဏ်ဖြင့် ထင်ရှား စဉ်းစား၍ ကြည့်ကြပါ။ ဧသ ဧသော ပါဏာတိပါတော နာမ= ဤပါဏာတိပါတ ဒုစရိုက်အကုသိုလ်မည်သည်ကား။ အာသေဝိတော= မှီဝဲအပ်သည်ရှိသော်။ ဘာဝိတော= ဖြစ်စေ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော= ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်။ နိရယ သံဝတ္တနိကော= ငရဲ၌ ဖြစ်စေတတ်သည်။ ဟောတိ= ဖြစ်၏။

အမောင်တို့- ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်စမ်း။ ပါဏာတိပါတ ဆိုတာ လေ့လာပွါးများ အချိန်ရှိသမျှ အကြိမ်ကြိမ်အဖန်ဖန် ပြုအပ်လို့ ရှိယင် နိရယသံဝတ္တနိကငရဲ၌ ဖြစ်စေတတ်တယ်။

ဤသို့ စသည်ဖြင့် တရားကို ဟောပြီးတော့-

ပါဏော န ဟန္တဗ္ဗော။

ပါဏော= သူတပါးတို့အသက်ကို။ န ဟန္တဗ္ဗော= မသတ်အပ်၊ မသတ်ကြနဲ့။

အဒိန္နံ န အာဒါတဗ္ဗံ။

အဒိန္နံ=အရှင်မပေးတဲ့ သူတပါးဥစ္စာကို။ န အာဒါတဗ္ဗံ= မခိုးယူအပ်၊ မခိုးယူစကောင်း၊ မခိုးယူကြနဲ့။

ကာမေသု မိစ္ဆာ န စရိတဗ္ဗာ။

ကာမေသု=ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ မိစ္ဆာ န စရိတဗ္ဗာ= ဖောက်ပြန်မှားယွင်းစွာ မကျင့်အပ်၊ မကျင့်ကောင်း၊ မကျင့်ကြနဲ့။

မုသာ န ဘဏိတဗ္ဗာ။

မုသာ=ချွတ်ယွင်းတဲ့ မုသားစကားကို။ န ဘဏိတဗ္ဗာ= မပြောကြားကြနဲ့။

မဇ္ဇံ န ပါတဗ္ဗံ။

မဇ္ဇံ=သေရည်အရက်ကို။ န ပါတဗ္ဗံ= မသောက်ကောင်း၊

http://www.dhammadownload.com



မသောက်အပ်၊ မသောက်ကြနဲ့။

ယထာဘုတ္တဉ္စ ဘုဉ္ဇထ။

ယထာဘုတ္တဉ္စ= စားမြဲတိုင်းသော မြို့ရွာတိုင်းကားကိုပဲ။ ဘုဉ္ဇထ= စားကြကုန်။

လို့ မေတ္တာရှေ့ထားပြီးတော့ မဟာသုဒဿန စကြာမင်းတရားက တရားဩဝါဒကိုပဲ ပေးခဲ့တယ်။

ဒါဖြင့် ပေးတိုင်းပဲ တစ်ရာ့ တပါးသောမင်းတွေ လိုက်နာရဲ့လားလို့ ဆိုတော့ စကြဝတေးမင်း ဟောတာကို မဆိုထားနဲ့၊ ဘုရားဟောတဲ့တရား ကိုတောင်မှ ကြားတဲ့သူတိုင်း လိုက်နာတာမှမဟုတ်ပဲ။ ဘယ်မှာ သုဒဿန မင်းတရား ဟောလို့ မင်းတိုင်းမင်းတိုင်း အကုန်လုံးရာခိုင်နှုန်းပြည့် လိုက်နာတယ် ရှိမလဲ။ အဲဒီလို မလိုက်နာပေမယ်လို့ မဟာသုဒဿနမင်း တရားရဲ့ ရှေ့မှာတော့ ဘယ်သူမှ မသွားဝံ့ဖူး။ မဟာသုဒဿနမင်းတရားရဲ့ နောက်လိုက်တွေပဲ။ အားလုံး တစ်ရာ့တပါးသော မင်းတရားတို့ ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားဆက်ပြီး ဟောတာက –

ယေ ခေါ ပနာနန္ဒ ပုရတ္ထိမာယ ဒိသာယ ပဋိရာဇာနော၊ တေ ရညော မဟာသုဒဿနဿ အနုယန္တာ အဟေသုံ။

အရှေ့အရပ်မှ ပြိုင်ဖက်ဖြစ်ရမဲ့မင်းတွေ မဟာသုဒဿနမင်းတရားရဲ့ နောက်လိုက်တွေချည်းပဲ ဖြစ်ကုန်တယ်။

ဤနည်းဖြင့် အရှေ့လောကဓာတ်စကြဝဠာ အရှေ့ကျွန်းကို ရောက်လို့ သမုဒ္ဒရာဆုံးအောင် တဖန်သွားအုန်းမယ်ဆိုတဲ့ အနေဖြင့် ပရိသတ်နဲ့တကွ မဟာသုဒဿနစကြာမင်းတရား နံနက်စာစား၊ အဆုံးအမဩဝါဒများ ပေးပြီးပြီဆိုတဲ့အချိန်မှာ အခြေအနေကိုသိ၍ စကြာရတနာကြီးက ကောင်းကင်သို့ တက်ခဲ့လေပြီ။

## အရှေ့သမုဒ္ဒရာသို့

တက်ပြီး သကာလ အရှေ့သမုဒ္ဒရာထဲသို့ စကြာရတနာသည် ဓမ္မရာဇ်မင်းနှင့်တကွ သမုဒ္ဒရာထဲသို့ ဆင်းခဲ့ပြီ။ ဆင်းတဲ့သမုဒ္ဒရာကြီးက

http://www.dhammadownload.com



မာန်ဖိပြီးသကာလ ခုခံနေသလား၊ မနေဖူးနော်။ အဆိပ်ပြင်းတဲ့မြွေဟာ ဆေးနံ့နံလို့ရှိယင် ပါးပျဉ်းတဖြေးဖြေး လျော့လျော့ပြီး ကျသွားသလို၊ စကြာရတနာကြီး ရေပြင်သို့ကျတယ်ဆိုယင်ပဲ အောက်ကမဟာသမုဒ္ဒရာ မှာရှိတဲ့ လှိုင်းတံပိုး အဟုန်တွေငြိမ်ပြီး အောက်ကို ဝပ်ဝပ် ဝပ်ဝပ်ပြီးသွားတာ တယူဇနာအထိ အောက်ရေထဲကို ရောက်သွားပြီ။ ပါးပျဉ်းကို လျှော့ပေးရတဲ့ မြွေလို ရေက အောက်ကို ငုပ်ပေးရတယ်။

မဟာသုဒဿနမင်းနဲ့ ပရိသတ်တွေ အဲဒီရေထဲ တယူဇနာအနက် ရောက်တဲ့အခါ လေးမျက်နှာမှ နီလာကျောက်ညိုကြီး တံတိုင်းကာသလို ရေတံတိုင်းကြီး ကာလျက်ရှိတယ်။ အဲဒီအချိန်မှာပဲ မဟာသုဒဿန မင်းရဲ့ ဘုန်းကျက်သရေကို ကြည့်လိုတဲ့ အသွင်သဏ္ဌာန် သမုဒ္ဒရာမှာ ထိုထိုအရပ်၌ ဖြန့်ကျဲနေတဲ့ ရတနာတွေ တည်နေရာအောက်သို့ အစဉ်တစိုက် ရောက်လာကြပြီး ပါလာတဲ့ ပရိသတ်လေးပါး ရတနာ ခုနစ်ပါးကို အလိုရှိသလို ကောက်ကြ ယူကြ ငင်ကြ၊ ကောက်လို့ ယူလို့ ငင်လို့ ပြည့်စုံပြီဆိုတဲ့ အချိန်မှာပဲ တဖန် စကြာရတနာကြီး ပျံတက်ခဲ့ပြီ။

ပျံတက်တဲ့အခါကျတော့ ပရိသတ်ဗိုလ်ပါက အထက်က၊ အလယ်က မင်း၊ အောက်ဆုံးက စကြာရတနာ။ ဒီအနေဖြင့် အမျိုးမျိုး ပျံတက်တယ်။ အဲဒီလို ပျံတက်တဲ့အခါမှာ သမုဒ္ဒရာရေပြင်က စကြာရတနာကြီးကို ချစ်ခင်လို့ မခွဲနိုင်၍ အနီးအပါးကပ်လိုက်တဲ့ မိတ်ဆွေရဲ့အလား စကြာရတနာကြီးရဲ့ အစွန်းနားကပ်ပြီးတော့ ပျံတက်လိုက်ခဲ့တယ်။

## ကျွန်းကြီးလေးကျွန်းကိုကြည့်တော်မူခြင်း

ဤအနေဖြင့် အရှေ့သမုဒ္ဒရာ အပိုင်းအခြားရှိတဲ့ အရှေ့ကျွန်းကို စိုးပိုင်ပြီးပြီဆိုတဲ့အခါကျတော့၊ တောင်ကျွန်းသို့ စကြာကြီးလည်ခဲ့။ ထို့အတူပဲ တောင်ကျွန်းမှာ သမုဒ္ဒရာအပိုင်းအခြားရှိတဲ့ ယူဇနာတသောင်း ကျယ်ပြန့်တဲ့ တောင်ကျွန်းကို အစိုးရပြီးတဲ့နောက် အနောက်ကျွန်းသို့ ရှေးရှုခရီးသွား။ ယူဇနာခုနစ်ထောင်ကျယ်ပြန့်တဲ့ အနောက်ကျွန်းမှာလဲ သမုဒ္ဒရာအပိုင်းအခြားရှိတဲ့ မြေအပြင်ကို စိုးပိုင်ပြီးသကာလ၊ ယူဇနာ

http://www.dhammadownload.com



ရှစ်ထောင် ကျယ်ပြန့်တဲ့ မြောက်ကျွန်းကိုသွား။ ထို့အတူပဲ မြောက်ကျွန်းမှာ လဲပဲ သမုဒ္ဒရာအပိုင်းအခြားရှိတဲ့ မြေအပြင်ကိုစိုးပိုင်သူဆိုတဲ့ လေးကျွန်း သနင်းစကြာမင်းဖြစ်၍၊ လေးကျွန်းသခင်ဖြစ်တဲ့အခါမှာ မဟာသုဒဿန စကြာမင်းကိုယ်တော်မြတ်ရဲ့ ကုသာဝတီမင်းနေပြည်သို့ ပြန်တော်မူလိုတဲ့ စိတ်အကြံဖြစ်။

ကောင်းကင်ခပ်မြင့်မြင့်ကနေပြီးသကာလ ပဒုမ္မာကြာအိုင်ကြီး လေးအိုင်နဲ့တူတဲ့ မိမိစိုးပိုင်တဲ့လေးကျွန်းကို ကြည့်လိုတဲ့စိတ်ဖြစ်လျှင်ပဲ စကြာရတနာကြီးဟာ ပရိသတ်နဲ့တကွ ကောင်းကင်သို့ပျံတက်၊ ကောင်းကင်ကနေပြီး ရေအိုင်ကြီးလေးခုပမာ မိမိစိုးပိုင်တဲ့ကျွန်းကြီး လေးကျွန်းကိုကြည့်ခဲ့လို့၊ ကုသာဝတီနေပြည်တော်ကိုပြန်ရောက်။ မဟာ သုဒဿနစကြာမင်းရဲ့ နန်းတော်ကိုမိးမထွန်းရ၊ စကြာရတနာမှာပါတဲ့ ရတနာတို့၏အရောင်ဖြင့်ပင် လင်းလျက်ထွန်းလျက် ပြောင်လျက် မဟာသုဒဿနမင်းတရား တရားဆုံးဖြတ်ရာတံခါးဝမှာဝန်ရိုးဖြင့်တပ်ထား သလို စကြာရတနာကြီးရပ်ခဲ့ပြီ၊ တည်ခဲ့ပြီ။ တိုင်းသားပြည်သူဗိုလ်လူတို့ နေ့စဉ်လာရောက် ပူဇော်ကြပြီ၊ ပထမရတနာ။ ဒါတင်ပဲလားလို့ဆိုတော့–

## ဆင်ရတနာ

ပုန စပရံ အာနန္ဒ ရညော မဟာသုဒဿနဿ ဟတ္ထိရတနံ ပါတုရဟောသိ သဗ္ဗသေတော သတ္တပ္ပတိဋ္ဌော ဣဒ္ဓိမာ ဝေဟာသင်္ဂမော ဥပေါသထော နာမ နာဂရာဇာ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ပုန စပရံ=တဖန်တပါးဖြင့်။ ရညော မဟာသုဒဿနဿ = မဟာသုဒဿန စကြဝတေးမင်းတရားအား။ ဟတ္ထိရတနံ= ဆင်ရတနာသည်။ ပါတုရဟောသိ= ထင်ရှားဖြစ်ခဲ့ပြီ။ (မင်္ဂလာဆင်တင်းကုပ်မှာ ဆင်ရတနာပေါ်ပေါက်ခဲ့တယ်၊ ဘယ်လို ဆင်တုန်းဆိုတော့) သဗ္ဗသေတော= ကိုယ်လုံးဆွတ်ဆွတ်ဖြူတဲ့ဆင်။ သတ္တပ္ပတိဋ္ဌော= ခုနစ်ဌာန ကြံ့ကြံ့ခိုင်ကျည် တည်တဲ့ဆင်။ ဣဒ္ဓိမာ= တန်ခိုးရှိတဲ့ဆင်။ ဝေဟာသင်္ဂမာ= ကောင်းကင်သို့ပျံသွားနိုင်တဲ့ဆင်။

http://www.dhammadownload.com



ဥပေါသထော နာမ ရာဇာ= ဥပေါသထအမည်ရှိသော ဆင်မင်းသည်။ ပါတုရဟောသိ= ဆင်ဖြူရတနာအဖြစ်ဖြင့် မဟာသုဒဿနစကြာမင်းတရားအား ထ ်ရားဖြစ်ခဲ့လေပြီ။

တိုတိုပြောကြပါစို့။ဆင်တင်းကုပ်မှာ ဥပေါမျိုးဖြစ်တဲ့ဆင် ရောက်လာခဲ့ပြီ။ ဆင်ဖြူရတနာရောက်ရှိလာလျှင်ပဲ မင်းချင်းတွေကသွားရောက်ပြီး "အရှင်မင်းကြီး- ဆင်ဖြူရတနာရောက်ရှိပါပြီ"ဟု လျှောက်ထား။ ဆင်တင်းကုပ်သို့ကြွသွား၍ကြည့်။

တံ ဒိသွာ ရညော မဟာသုဒဿနဿ စိတ္တံ ပသီဒိ။

တံ= ထိုဆင်ဖြူရတနာကို။ ဒိသွာ= ပြင်တော်မူ၍။ ရညော မဟာသုဒဿနဿစိတ္တံ= မဟာသုဒဿနမင်းတရား၏ စိတ်တော်သည်။ ပသီဒိ= ကြည်လင်ပြီ။

ဆင်ဖြူရတနာမြင်ပြီး စိတ်တော်ကြည်လင်၍ စိတ်ထဲဘယ်လိုအကြံဖြစ်သလဲ ဆိုတော့ -

ဘဒ္ဒကံ ဝတ ဘော ဟတ္ထိယာနံ သစေ ဒမထံ ဥပေယျ။

ဘော= အိုအချင်းတို့။ဟတ္ထိယာနံ= ဆင်ဖြူရတနာသည်။ ဒမထံ= ယဉ်ကျေးခြင်းသို့။ သစေ ဥပေယျ= အကယ်၍ရောက်ငြားအံ့။ ဘဒ္ဒကံ ဝတ= ကောင်းလိမ့်မည်တကား။

ယခုရောက်နေတဲ့ ဆင်ဖြူတော်ရတနာဟာ ယဉ်ကျေးပြီး ဆုံးမပြီးမင်းစီးဆင်တို့၏ ဂုဏ်အင်္ဂါနဲ့ပြည့်စုံတဲ့ ဆင်ဖြူရတနာဖြစ်ပါမူကား ကောင်းလေစွ-လို့ ဤကဲ့သို့ အကြံဖြစ်လျှင်ပဲ မဟာသုဒဿနမင်း၏ စိတ်အကြံကိုသိပြီးတော့ ကျွန်ုပ်ကား လိမ္မာပြီးသားဖြစ်တဲ့ဆင်ပါလို့ ပြောဘိသကဲ့သို့ နားရွက်ကိုချပြီးတော့ ဥပေါသထဖြစ်တဲ့ ဆင်ဖြူရတနာကား မဟာသုဒဿနစကြာမင်းထံမှောက် ရှေ့ရှုလာခဲ့ပြီ။

မဟာသုဒဿနစကြာမင်းရဲ့ထံမှောက် ဆင်ဖြူရတနာရောက်လျှင်ပဲ ထိုဆင်ဖြူရတနာကိုစီးအံ့သော အခြင်းအရာကိုပြ၊ မင်းချင်းတို့က မင်းအမှု

http://www.dhammadownload.com



ထမ်းတွေက ဆင်ဖြူရတနာမှာ ဆင်ယင်ရမည့် အဆင်တန်ဆာ အပြည့်အစုံဆင်ယင်ပြီးသကာလ (တကဲ့ရွှေချည်းထဲနော်) ရွှေလှေကား၊ ရွှေပန်းတောင်းဆင်ပြီးသကာလ၊ ဆင်ဖြူရတနာပေါ်သို့ မဟာသုဒဿန စကြာမင်းတက်စီးပြီးသကာလ၊ ပရိသတ်အခြွေအရံနှင့်တကွ ကောင်းကင် ခရီးဖြင့်လေးကျွန်းကိုလှည့်ပြီး သကာလ၊ နံနက်ခင်းမှာပဲလှည့် နံနက်စာကိုကုသာဝတီမင်းနေပြည် ပြန်ပြီးစားလိုက်တယ်။ အဲဒါသည် မဟာသုဒဿနမင်းရတဲ့ ဆင်ဖြူရတနာနော်။

## မြင်းရတနာ

ဒါတင်ပဲလား-လို့ဆိုတော့ တတိယမြင်းရတနာရှိသေးတယ်။

ပုန စပရံ အာနန္ဒ ရညော မဟာသုဒဿနဿ အဿရတနံ ပါတုရဟောသိ သဗ္ဗသေတော ကာဠသီသော မုဉ္ဇကေသော ဣဒ္ဓိမာ ဝေဟာသင်္ဂမော ဝလာဟကော နာမ အဿရာဇာ။

ချစ်သားအာနန္ဒာ။ ဒီပြင်လဲပဲ မဟာသုဒဿနစကြာမင်းမှာ မြင်းရတနာပေါ်တယ်။ ဘယ်လိုမြင်းလဲ –

သဗ္ဗသေတော = တကိုယ်လုံးဆွတ်ဆွတ်ဖြူတဲ့မြင်း။ကာဠသီသော= ဦးခေါင်းပိုင်းက မည်းနေတဲ့မြင်း။ မုဉ္ဇကေသော=မြင်းရဲ့ဆံတွေက ဖြူဆံမျက်ကဲ့သို့ တင့်တယ်ပါးလျားရှိတဲ့မြင်း။ ဣဒ္ဓိမာ = တန်ခိုးရှင်ဖြစ်တဲ့မြင်း။ဝေဟာသင်္ဂမော = ကောင်းကင်ခရီး သွားနိုင်တဲ့မြင်း။ ဝလာဟကော နာမ အဿရာဇာ = ဝလာဟက အမည်ရတဲ့ မြင်းမင်းသည်။ ပါတုရဟောသိ= ထင်ရှားဖြစ်ပြီ။

ဝလာဟကမျိုးဖြစ်တဲ့ မြင်းရတနာပေါ်ခဲ့တယ်။

ရှေးနည်းအတူ မင်းချင်းတွေကလျှောက်ထား၊ မြင်းတင်းကုပ်ကိုယ်တော်တိုင် ကြွသွား၍-

ဘဒ္ဒကံ ဝတ ဘော အဿယာနံ သစေ ဒမထံ ဥပေယျ။

အမောင်တို့- ယခုမြင်းရတနာသည် ယဉ်ကျေးပြီးသားဖြစ်ပါမူ

http://www.dhammadownload.com



ကောင်းလေစွ လို့ အကြံဖြစ်လျှင်ပဲ မဟာသုဒဿနစကြာမင်းရဲ့ စိတ်နှလုံးအလိုကိုသိပြီး ရှေးနည်းအတူပင် ယဉ်ကျေးပြီးသောမြင်းတို့၏ အမှူအယာဖြင့် မဟာသုဒဿနမင်းထံမှောက် နားရွက်ကိုချပြီးသကာလ လာရောက်ခဲ့တယ်။ မြင်းတော်ကို တန်ဆာတွေဆင်ပြီးတယ်ဆိုရင်ပဲ နံနက်ကာလစောစောထ ဝလာဟကမြင်းကိုစီး၍ ကုသာဝတီနေပြည်တော်မှ အခြွေအရံပရိသတ်နှင့်တကွ ကောင်းကင်ခရီးသို့ထွက်၊ လှည့်ခဲ့ပြီ။ လေးကျွန်းပြည့်မို၍ နံနက်စာအမီ ကုသာဝတီပြည်သို့ပြန်ခဲ့တယ်။

## ပတ္တမြားရတနာ

စတုတ္ထရတနာကဘာလဲဆိုတော့ –

ပုန စပရံ အာနန္ဒ ရညော မဟာသုဒဿနဿ မဏိရတနံ ပါတုရဟောသိ။

မဟာသုဒဿနမင်းတရားမှာ ပတ္တမြားရတနာလဲပေါ်ခဲ့တယ်။

သော အဟောသိ မဏိ ဝေဠုရိယော သုဘော ဇာတိမာ အဋ္ဌံသော သုပရိကမ္မကတော အစ္ဆော ဝိပ္ပသန္နော အနာဝိလော သဗ္ဗာကာရသမ္ပန္နော။

အင်မတန်တင့်တယ်တယ်၊ အင်မတန်လှပတယ်၊ ဇာတိနဲ့လဲ ပြည့်စုံတယ်၊ အပြေအပြစ်ပြုပြီး ဖြစ်တယ်၊ ရှစ်မြှောင့်ရှိတယ်၊ ကြည်လဲ ကြည်လင်တယ်၊ ခပ်သိမ်းသော အခြင်းအရာဖြင့်ပြည့်တဲ့ ပတ္တမြားရတနာ။

ဘယ်ကလာတာလဲ ဝေပုလ္လတောင်မှပဲလာတယ်။ ဝေပုလ္လတောင်မှ ပတ္တမြားရတနာ၊ ရတနာပေါင်းရှစ်သောင်းလေးထောင် အခြံအရံရှိတဲ့ ပတ္တမြား ရတနာလာခဲ့တယ်။ အဲဒီပတ္တမြားရတနာ လုံးပတ်ဘယ်လောက် ရှိသလဲ ဆိုလို့ရှိယင် လှည်းအုပ်ဆုံလောက်ရှိတယ်။ အရှည်ကလေးတောင် ခန့်ရှိတယ်။

အဲဒီပတ္တမြားရတနာရဲ့အရောင်ကား ဘယ်လောက်ပြန့်နှံ့သလဲ ဆိုတော့–

တဿ ခေါ ပနာနန္ဒ မဏိရတနဿ အာဘာ သမန္တာ ယောဇနံ

http://www.dhammadownload.com



ဖုဋ္ဌာအဟောသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ တဿ မဏိရတနဿ= ထိုပတ္တမြားရတနာ၏။ အာဘာ= အရောင်သည်။ သမန္တာ= ထက်ဝန်းကျင်၌။ ယောဇနံ= တစ်ယူဇနာတိုင်တိုင်။ ဖုဋ္ဌာ= ပြန့်နှံ့သည်။ အဟောသိ= ဖြစ်ပြီ။

ထက်ဝန်းကျင်တစ်ယူဇနာတိုင်တိုင် အရောင်ပြန့်နိုင်တဲ့ပတ္တမြား။ ဝိပုလဇာတ်မှာ ပုဏ္ဏကလုလင် ယူဆောင်လာတဲ့ပတ္တမြား၊ အဲဒီပတ္တမြားမျိုး။ တချိန်က မဟာသုဒဿနစကြာမင်း ဒီပတ္တမြားရတနာရဲ့ တန်ခိုးရှိန်စော် အာနုဘော်ကို စုံစမ်းလိုတဲ့အတွက် –

ဘူတပုဗ္ဗံ အာနန္ဒ ရာဇာ မဟာသုဒဿနော တမေဝ မဏိရတနံ ဝီမံသမာနော စတုရင်္ဂိနိံ သေနံ သန္နယှိတွာ မဏိံ ဓဇဂ္ဂံ အာရောပေတွာ ရတ္တန္ဓကာရတိမိသာယ ပါယာသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ဘူတပုဗ္ဗံ= ရှေး၌ဖြစ်ဖူး အကြောင်းထူးကား။ ရာဇာမဟာသုဒဿနော= မဟာသုဒဿနစကြာမင်းသည်။ တမေဝ မဏိရတနံ= ထိုပတ္တမြားရတနာကို သာလျှင်။ ဝီမံသမာနော= စုံစမ်းလိုသည်ဖြစ်၍။ စတုရင်္ဂိနိံ= အင်္ဂါလေးပါးရှိသော။သေနံ သန္နယှိတွာ= စစ်ကြီးချီ၍။ မဏိံ ဓဇဂ္ဂံ အာရောပေတွာ= ပတ္တမြားရတနာကြီးကို ပုလဲခွက်ဖြင့် တံခွန်ဖျားသို့ တင်ပြီး၍။ ရတ္တန္ဓကာရတိမိသာယ= ညဉ့်မှောင်ကြီးထဲ၌။ ပါယာသိ= ထွက်ခဲ့ပြီ။

ညမှောင်ကြီးမဲမဲမှာ ပတ္တမြားရတနာကြီးကို ပုလဲခွက်ဖြင့် တံခွန်ဖျားတင်၍ စစ်အင်္ဂါလေးပါးနဲ့တကွ မဟာသုဒဿနမင်းကြီး ခရီးထွက်ခဲ့။

ယေ ခေါ ပနာနန္ဒ သမန္တာ ဂါမာ အဟေသုံ၊ တေ တေနောဘာသေန ကမ္မန္တေ ပယောဇေသုံ ဒိဝါတိ မညမာနာ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ တဒါ= ထိုသို့ထွက်သောအခါ၌။ သမန္တာ= ထက်ဝန်းကျင်မှ။ ယေ ဂါမာ= အကြင်ရွာတို့သည်။ အဟေသုံ=

http://www.dhammadownload.com



ထင်ရှားရှိကုန်၏။ တေ= ထိုရွာနေလူသူအပေါင်းတို့သည်။ တေနော ဘာသေန= ထိုပတ္တမြားရောင်ဖြင့်။ ဒိဝါတိ မညမာနာ= နေ့အခါ မှတ်ထင်ကြကုန်လျက်။ကမ္မန္တေ= မိမိတို့အမှုတို့ကို။ ပယောဇေသုံ= ယှဉ်စေကြကုန်ပြီ။

နေ့ထင်ပြီးသကာလ ထက်ဝန်းကျင်တစ်ယူဇနာအတွင်းမှာရှိတဲ့ ရွာနေလူတွေ မိမိတို့ရဲ့ ကိုယ်စီကိုယ်ငှအလုပ်တို့ကို လုပ်ကြတယ်တဲ့။ ကုန်သည်ဈေးသည်တွေကလဲ "ဟာ– နံနက်မိုးသောက်ရောက်နေပြီတကား" ဆိုပြီးတော့ ဆိုင်တွေကနားတွေဖွင့်ကြ။ ခေတာင်သူလယ်သမားတွေကလဲ နံနက်မိုးသောက်ရောက်နေပြီတကားလို့ လယ်ထွန်ကြ ယာထွန်ကြ၊ အဲဒီလောက်ပြင်ဆင်ကြတယ်တဲ့၊ အဲဒီလောက်တန်ခိုးရှိတဲ့ ပတ္တမြားရတနာ။

မိဖုရားရတနာ

ပုန စပရံ အာနန္ဒ ရညော မဟာသုဒဿနဿ ဣတ္ထိရတနံ ပါတုရဟောသိ အဘိရူပါ ဒဿနီယာ ပါသာဒိကာ ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတာ နာတိဒီဃာ နာတိရဿာ နာတိကိသာ နာတိထူလာ နာတိကာဠိကာ နာစ္စောဒါတာ အတိက္ကန္တာ မာနုသိဝဏ္ဏံ အပ္ပတ္တာ ဒိဗ္ဗဝဏ္ဏံ။

ဒီပြင်လဲဂဲ ဣတ္ထိရတနာဆိုတဲ့ မာတုဂါမ အဂ္ဂဒေဝီမဟေသီ မိဖုရားရတနာလို့ ထင်ရှားဖြစ်တယ်။ ဘယ်လိုဂုဏ်နဲ့ပြည့်စုံသလဲ –

အဘိရူပ=ရုပ်ရေအဆင်းအလွန်တင့်တယ်တယ်။ ဒဿနီယာ=ရှုချင့်ဖွယ်ရှိတယ်။ ပါသာဒိကာ =ကြည့်တိုင်းကြည့်တိုင်းစိတ်ကို ကြည်လင်စေတယ်။ပရမာယဝဏ္ဏပေါက္ခရတာယ သမန္နာဂတာ=လွန်ကဲထူးခြားတဲ့ ရုပ်ရေအဆင်းတင့်တယ်ခြင်းနဲ့ ပြည့်စုံတယ်။နာတိဒီဃာ နာတိရဿာ= ရှည်လည်းမရှည်လွန်း၊, ပုလည်းမပုလွန်း။နာတိကိသာ နာတိထူလာ= ကြုံလည်းမကြုံ လွန်း၊, ဆူလည်းမဆူလွန်း။ နာတိကာဠိကာ နာစ္စောဒါတာ= မမည်းလွန်း၊, မဖြူလွန်း၊အတိက္ကန္တာ မာနုသိဝဏ္ဏံ အပ္ပတ္တာ ဒိဗ္ဗဝဏ္ဏံ

http://www.dhammadownload.com



=ပကတိလူတို့၏ အဆင်းကိုလွန်၍ နတ်၏အဆင်းကို မမီရုံတမယ်ရှိတဲ့။ ဣတ္ထိရတနာ = ဣတ္ထိရတနာသည်။ ပါတုရဟောသိ=ထင်ရှားဖြစ်ပြီ။

ဘာလို့နတ်အဆင်းမမီသလဲဆိုတော့ နတ်ကျတော့ခရီးထင်ရှား ဝေးခြားစွာသောအရပ်သို့ ကိုယ်ရောင်ကိုယ်ဝါထွက်တယ်။ ပကတိလူကျတော့ မိမိကိုယ်မှပြင်ဖက်ကို အရောင်နဲနဲမှမထွက်ဖူးနော်။ အခုစကြဝတေးမင်းရဲ့မိဖုရားရတနာကျတော့ တစ်ဆယ့်နှစ်တောင်တိုက်ခန်းမှာ အရောင်လင်းနိုင်တယ်တဲ့။ အဲဒါကြောင့် လူမက နတ်မမီဆိုတဲ့ ကိုယ်၏အဆင်းနဲ့ ပြည့်စုံတဲ့ မိဖုရားရတနာ။

တဿ ခေါ ပနာနန္ဒ ဣတ္ထိရတနဿ ဧဝရူပေါ ကာယ သမ္ဖဿော ဟောတိ၊ သေယျထာပိ နာမ တူလပိစုနော ဝါ ကပ္ပါသပိစုနော ဝါ။

လဲဂွမ်းအတွေ့။ ဝါဂွမ်းရဲ့အတွေ့တွေ ထိုဣတ္ထိရတနာရဲ့ ကာယ သမ္ဖဿ= ကိုယ်အတွေ့ကား ထင်ရှားရှိခဲ့၏။

တဿ ခေါ ပနာနန္ဒ ဣတ္ထိရတနဿ သီတေ ဥဏှာနိ ဂတ္တာနိ ဟောန္တိ၊ ဥဏှေ သီတာနိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ တဿခေါ ဣတ္ထိရတနဿ= ထိုမိဖုရားရတနာ၏။ ဂတ္တာနိ= ကိုယ်တို့သည်။ သီတေ= မဟာသုဒဿနစကြာမင်း အေးချမ်းသောအခါ၌။ ဥဏှာနိ= ပူ၍နေကုန်သည်။ ဥဏှေ= ပူသောအခါ၌။ သီတာနိ= အေး၍ နေကုန်သည်။ ဟောန္တိ= ဖြစ်ကုန်၏။

တဿ ခေါ ပနာနန္ဒ ဣတ္ထိရတနဿ ကာယတော စန္ဒနဂန္ဓော ဝါယတိ၊ မုခတော ဥပ္ပလဂန္ဓော။

အာနန္ဒ= ချစ်သား အာနန္ဒာ။ တဿ ဣတ္ထိရတနဿ= ထိုမိဖုရားရတနာ၏။ ကာယတော စန္ဒနဂန္ဓော= ကိုယ်မှစန္ဒကူးနံ့သည်။ မုခတော=ခံတွင်းမှ။ ဥပ္ပလဂန္ဓော= ကြာညိုနံ့သည်။ ဝါယတိ= လှိုင်၍နေ၏။ မိဖုရားရဲ့ဂုဏ်ရည်တွေတဲ့နော်။

http://www.dhammadownload.com



တံ ခေါ ပနာနန္ဒ ဣတ္ထိရတနံ ရညော မဟာသုဒဿနဿ ပုဗ္ဗုဋ္ဌာယိနီ အပေဟာသိ ပစ္ဆာနိပါတိနီ ကိံကာရပဋိဿာဝိနီ မနာပစာရိနီ ပိယဝါဒိနီ။

အဲဒီမိဖုရားရတနာဖြစ်တဲ့ (နာမည်စောစောစီးစီး ဒဲ့ဒိုးပြောကြပါစို့ရဲ့၊) သုဘဒ္ဒါဒေဝီဆိုတဲ့ မိဖုရားရတနာရဲ့ ကိုယ်ကျင့်တရားကား –

၁။ မဟာသုဒဿနမင်းရဲ့ အလျင်ထခြင်း။

၂။ နောက်မှအိပ်ခြင်း။

၃။ ဘယ်အမှုကိုပြုရမလဲလို့အမြဲတစေ နားထောင်၍သာနေခြင်း။

၄။ နှစ်သက်ရာကိုကျင့်ခြင်း။

၅။ ချစ်ခင်ဖွယ်စကားပြောကြားခြင်း။

အဲဒီလို မိန်းမမြတ်တို့၏ အင်္ဂါနဲ့ပြည့်စုံတယ်တဲ့။

အဲဒီ သုဘဒ္ဒါဒေဝီဆိုတဲ့ မိဖုရားရတနာကား မဟာသုဒဿနမင်းတရားကို စိတ်ဖြင့်မျှ လွန်ကျူး၍မကျင့်။ကိုယ်ဖြင့်ကား အဘယ်မှာလျှင် ပြောဆိုဖွယ်ရှိအံ့နည်းတဲ့။ မဟာသုဒဿနမင်းတရားမှ လွန်ပြီးသကာလ အခြားတစ်ပါးသော မင်းယောကျာ်းတို့အပေါ်မှာ စိတ်ဖြင့်မျှ မကွက်ဖူးတဲ့၊ အဲသလောက်ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့မိဖုရားရတနာ မဟာသုဒဿန စကြာမင်းမှာ ထင်ရှားဖြစ်ခဲ့တယ်။

## သူဌေးရတနာ

**ဆဋ္ဌရတနာကို ပြောကြစို့.–**

ပုန စပရံ အာနန္ဒ ရညော မဟာသုဒဿနဿ ဂဟပတိရတနံ ပါတုရဟောသိ။

မဟာသုဒဿနမင်းတရားမှာ သူဌေးရတနာလဲ ထင်ရှား ဖြစ်ခဲ့တယ်။ ဘယ်လို သဘောရှိသလဲ –

တဿ ကမ္မဝိပါကဇံ ဒိဗ္ဗစက္ခု ပါတုရဟောသိ။

အဲဒီသူဌေးရတနာမှာ မဟာသုဒဿနမင်းရဲ့ ကံအကျိုးကြောင့်

http://www.dhammadownload.com



ဒိဗ္ဗစက္ခု= နတ်မျက်စိဟာ အလိုလိုဖြစ်လာတယ်တဲ့။ အဲဒီသူဌေးက ဘယ်ကသူဌေးလဲဆိုတော့ နဂိုတုန်းကရှိတဲ့သူဌေးပဲ။ စကြာရတနာ ရောက်လို့ စကြဝတေးမင်းဖြစ်သည်နှင့်တပြိုင်နက်ထဲ နတ်မျက်စိ အမြင်ရတယ်။

ယေန ဒိဗ္ဗေ ပဿတိ သဿာမိကံပိ အဿာမိကံပိ။

အဲဒီဒိဗ္ဗစက္ခုဖြင့် အောက်မြေအပြင်တစ်ယူဇနာမှာရှိတဲ့ ရွှေအိုး ငွေအိုးကို အရှင်ရှိ အရှင်မဲ့ ရွှေအိုးနှစ်မျိုးစလုံးကို မြင်နိုင်တယ်။ သူ့ရဲ့ အာနုဘော်မဖြစ်စဖူး ထူးဖြစ်လာတာကိုတွေ့တော့ စကြဝတေးဖြစ်တဲ့ မဟာသုဒဿနမင်းတရားထံမှောက် သွားရောက်ပြီးသကာလ -

အပ္ပေါဿုကော တွံ ဒေဝ ဟောဟိ၊ အဟံ တေ ဓနေန ဓနကရဏီယံ ကရိဿာမိ။

ဒေဝ= အရှင်မင်းကြီး။ တွံ= အရှင်မင်းကြီးသည်။ အပ္ပေါဿုက္ကော= ကြောင့်ကြမဲ့တော်မူသည်။ ဟောဟိ= ဖြစ်တော်မူ။ **အဟံ= အကျွန်ုပ်သည်။** တေ= အရှင်မင်းကြီး၏။ ဓနကရဏီယံ= ဥစ္စာဖြင့်ပြုဖွယ်ကိစ္စအဂပ်ကို။ ဓနေန= ဥစ္စာဖြင့်။ ကရိဿာမိ= ပြုပါအံ့။

အကျွန်ုပ်မှာဤကဲ့သို့သော တန်ခိုးအာနုဘော် ရောက်ရှိ၍လာပါ တယ်။ ဒါကြောင့် အရှင်မင်းကြီးကြောင့်ကြမဲ့သာ နေတော်မူပါ။ ဥစ္စာဖြင့် ပြုလုပ်ရမဲ့ကိစ္စ အကျွန်ုပ်ပြုပါမယ်လို့ သွားလျှောက်တယ်။

တချိန်မယ် မဟာသုဒဿနစကြာမင်းဟာ သူဌေးရတနာရဲ့သတ္တိကို စုံစမ်းလိုတဲ့အတွက် လှေကိုစီး၍ ဂင်္ဂါမြစ်အလယ်ကျော ရောက်အောင် သွားခဲ့ပြီး၊ ရေလယ်ခေါင်ရောက်တဲ့အခါကျတော့မှ ခိုင်းလိုက်တယ်

အတ္ထော မေ ဂဟပတိ ဟိရညသုဝဏ္ဏေန။

ဂဟပတိ= သေဌေးရတနာ၊ မေ= ငါ့အား၊ ဟိရညသုဝဏ္ဏေန= ရွှေငွေတို့ဖြင့်။ အတ္ထော= အလိုရှိ၏။

သူဌေးကြီး ငါရွှေနဲ့ငွေကို လိုချင်တယ်လို့ ရေလယ်ခေါင်မှာပြော

http://www.dhammadownload.com



သတဲ့။ ဒီတော့ သူဌေးရတနာက ဘာပြန်ပြောသလဲလို့ဆိုတော့ –

တေန ဟိ မဟာရာဇ ဧကံ တီရံ နာဝါ ဥပေတု။

မဟာရာဇ= မြတ်သောမင်းကြီး။ တေန ဟိ= သို့တပြီးကား။ ဧကံတီရံ= ကမ်းတစ်ခုသို့ မင်္ဂလာလှေတော်ကပ်ပါစေဘုရား– လို့ လျှောက်ထားတဲ့အခါ –

ဣဓေဝ မေ ဂဟပတိ အတ္ထော ဟိရညသုဝဏ္ဏေန။

ဂဟပတိ= သူဌေးကြီး။ ဣဓေဝ= ဤမြစ်လယ်ခေါင်မှာပင်လျှင်။ မေ= ငါသည်။ ဟိရညသုဝဏ္ဏေန= ရွှေငွေဖြင့်။ အတ္ထော= အလိုရှိ၏။

ဘယ်လောက်စမ်းလိုက်သလဲဆိုယင် ဒီရေလယ်ခေါင်မှာတင်ရွှေငွေ လိုချင်တာ၊ ကမ်းနားကပ်တာမလိုချင်ဘူးတဲ့၊ ဒီတော့ ဒီသူဌေးရတနာက ဘယ်နဲ့လုပ်သလဲ–

အထ ခေါ တံ အာနန္ဒ ဂဟပတိရတနံ ဥဘောဟိ ဟတ္ထေဟိ ဥဒကံ ဩမသိတွာ ပူရံ ဟိရညသုဝဏ္ဏဿ ကုမ္ဘိံ ဥဒ္ဓရိတွာ ရာဇာနံ မဟာသုဒဿနံ ဧတဒဝေါစ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထခေါ= ထိုသို့ မဟာသုဒဿန စကြာမင်း ရေလယ်ခေါင်မှာပင် ရွှေငွေကိုအလိုရှိသည်ဟု ပြောဆိုသောခဏ၌။တံ ဂဟပတိရတနံ= ထိုသူဌေးရတနာသည်။ ဥဘောဟိ ဟတ္ထေဟိ= လက်နှစ်ဖက်တို့ဖြင့်။ ဥဒကံ= ရေကို။ ဩမသိတွာ= ပုတ်ခတ်ရေတွင်းသို့ ချကာ ဆွဲယူခဲ့၍။ ဟိရညသုဝဏ္ဏဿ ပူရံ= ရွှေငွေဖြင့်ပြည့်သော။ ကုမ္ဘံ= အိုးကို။ဥဒ္ဓရိတွာ=ထုတ်ဆောင်၍။ရာဇာနံ မဟာသုဒဿနံ= မဟာသုဒဿန မင်းတရားကို။ ဧတဒဝေါစ= ဤစကားလျှောက်ထားလေပြီ။

ဘယ်လောက်စွမ်းရည်သတ္တိရှိသလဲဆိုတော့ မြစ်လယ်ခေါင်မှာအခုပဲ လိုချင်တယ်ဆိုတော့ ကောင်းပါပြီဘုရားလို့ မြစ်ထဲမှာပဲလက်နှိုက်ပြီးတော့ ချလိုက်တယ်။ လက်ထုတ်လိုက်တော့ လက်ထဲမှာ ရွှေတွေငွေတွေပါခဲ့ပြီ။ ပါပြီတော့ –

http://www.dhammadownload.com



အလမေတ္တာဝတာ မဟာရာဇ၊ ကတမေတ္တာဝတာ မဟာရာဇ၊ ပူဇိတမေတ္တာဝတာ မဟာရာဇ။

အရှင်မင်းကြီး ဒီလောက်ဆိုပြည့်စုံပြီလား၊ ပြည့်မြောက်ပြီလား၊ ပူဇော်အပ်သည် ဖြစ်ပါပြီလား –လို့ မေးမြန်းလျှောက်ထားတဲ့အခါ –

သူဌေးကြီး ဒီလောက်ဆိုတော်ပြီ၊ သလောက်ဆိုရင်ပြည့်လောက်ပြီ၊ လုံလောက်ပြီ၊ ပူဇော်အပ်ပြီလို့ –

အဲဒီလိုပြန်ကြားပြောဆိုရတယ်။

## သားကြီးရတနာ

သတ္တမက သားကြီးရတနာတဲ့။ နဂိုကရှိတဲ့သားကြီးပဲ။ အဲဒီသတ္တမ သားကြီးရတနာဟာနဂိုကစကြဝတေးမင်းမဖြစ်ခင်က ပကတိပညာရှိရုံပဲ ရှိသော်လဲ မဟာသုဒဿနမင်းမှာ စကြာရတနာဆိုက်ရောက်လာတဲ့အခါ ကျတော့ ပရိဏာယက–ဖြစ်တဲ့ သားကြီးရတနာကိုယ်တိုင်က တစ်ယူဇနာ အတွင်းမှာရှိတဲ့ စကြာမင်းရဲ့ ပရိသတ်ရဲ့စိတ်အကြံကိုသိလာတယ်။

ဟိုသူက ဤမည်သောစိတ်အကြံကြံနေတယ်၊ဤသူက ဤမည်သော စိတ်အကြံကိုကြံနေတယ်–အဲဒီလိုထူးထူးချွန်ချွန်အာနုဘော်ကို သူသိတော့ ခမည်းတော်ထံ သွားရောက်ပြီးသကာလ –

အပ္ပေါဿုက္ကော တွံ ဒေဝ ဟောဟိ၊ အဟမနုသာသိဿာမိ။

အရှင်မင်းကြီး၊ ခမည်းတော်ဘုရားကြောင့်ကြမဲ့နေတော်မူပါ။ အကျွန်ုပ်သည်ပင်လျှင် တိုင်းတော်ပြည်တော်ကို စောင့်ရှောက်အုပ်ချုပ်ပေး ပါမည်လို့– အဲဒီလို ပြောလိုက်တယ်။

ခွမ်းရည်သတ္တိနဲ့လဲပြည့်စုံတယ်။ အနားကပ်သင့်တဲ့လူ ခပ်ဝေးဝေးဖယ်ရှားစေသင့်တဲ့လူ၊ ရာထူးဌာနန္တရ ပေးသင့်ထားသင့်တဲ့ ပုဂ္ဂိုလ်ကိုလဲပဲ ကျွမ်းကျင်လိမ္မာစေတယ်။

မဟာသုဒဿနစကြာမင်းမှာ –

http://www.dhammadownload.com



"စက်-ဆင်-မြင်း-များ၊ မြ-ဌေး-သား၊" ဆိုတဲ့အတိုင်း စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ မိဖုရားရတနာ၊ မြရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာဆိုတဲ့ ဤရတနာခုနစ်ပါးနဲ့လဲ ပြည့်စုံတယ်။

## ဣဒ္ဓိလေးမျိုး

ဒါတင်ပဲလားဆိုတော့ -

ရာဇာ အာနန္ဒ မဟာသုဒဿနော စတူဟိ ဣဒ္ဓီဟိ သမန္နာဂတော အဟောသိ။

မဟာသုဒဿနမင်းတရားဟာ ဣဒ္ဓိလေးပါးနဲ့လဲပြည့်စုံတယ်တဲ့။ တန်ခိုးလေးမျိုးနော်။ ဣဒ္ဓိဆိုလို့ တန်ခိုးဆိုလျှင်ကောင်းကင်ပျံသွားတာ လောက်မမှတ်နဲ့။ ပြည့်စုံခြင်း မျိုးတန်ခိုးလို့ဆိုပါတယ်။ ဣဒ္ဓိလေးမျိုးက ဘာလဲဆိုတော့ -

## ရုပ်အဆင်းလှပခြင်း

ဣတာနန္ဒ ရာဇာ မဟာသုဒဿနော အဘိရူပေါ အဟောသိ ဒဿနီယော ပါသာဒိကော ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော အတိဝိယ အညေဟိ မနုဿေဟိ။

ချစ်သားအာနန္ဒာ။ မဟာသုဒဿနစကြာမင်းကြီးဟာ တခြားတပါးသောလူတို့ထက် သာလွန်တင့်တယ်တဲ့ရုပ်ရည်အဆင်းနဲ့ ပြည့်စုံတော်မူတယ်။ အဲဒါ ပဌမဣဒ္ဓိ၊ ပထမတန်ခိုး။

## အသက်ရှည်ခြင်း

ဒုတိယတန်ခိုးက -

ပုန စ ပရံ အာနန္ဒ ရာဇာ မဟာသုဒဿနော ဒီဃာယုကော အဟောသိ စိရဋ္ဌိတိကော အတိဝိယ အညေဟိ မနုဿေဟိ။

ချစ်သားအာနန္ဒာ။ မဟာသုဒဿနစကြာမင်းကြီးဟာ တစ်ခြားတစ်ပါးသောလူတို့ ထက်သာလွန်၍လဲ အသက်ရှည်တယ်။ ဒုတိယ

http://www.dhammadownload.com



တန်ခိုးပေါ့။

## အနာကင်းခြင်း

ပုန စ ပရံ အာနန္ဒ ရာဇာ မဟာသုဒဿနော အပ္ပါဗာဓော အဟောသိ အပ္ပါတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ အတိဝိယ အညေဟိ မနုဿေဟိ။

ချစ်သားအာနန္ဒာ။ မဟာသုဒဿနစကြာမင်းဟာ အညီအမျှ ကြေညက်စေနိုင်တဲ့ မအေးလွန်းမပူလွန်းတဲ့ ကမ္မဇဝမ်းမီး တေဇောဓါတ်နဲ့ သူတကာတို့ထက်သာလွန်၍ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီလိုကမ္မဇ ဝမ်းမီးကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အနာရောဂါသူတကာထက် ကင်းရှင်းတယ်။ ဤကား– တတိယတန်ခိုးတဲ့။

## မြင်မြင်သမျှချစ်ခင်ကြခြင်း

စတုတ္ထတန်ခိုးက မဟာသုဒဿနစကြာမင်းကို မြင်လို့ရှိယင် ပုဏ္ဏားမဟာသာလတွေ အင်မတန်နှစ်သက်ချစ်ခင်တယ်။ မဟာသုဒဿန စကြာမင်းကိုယ်တိုင်ကလဲပဲ ဗြာဟ္မဏာတွေ၊ ဂဟပတိတွေ၊ သူ့အခြွေအရံ ပရိသတ်တွေကို အင်မတန်ချစ်တယ်။ သားနဲ့အဖလိုပဲတဲ့။ သားကအဖကို ချစ်သလို အဖကလဲသားကိုချစ်သလို မဟာသုဒဿနစကြာမင်းကို ပုဏ္ဏား သူကြွယ်တို့ အလွန်ပဲချစ်ခင်အပ်တယ်။မဟာသုဒဿနစကြာမင်း ကိုယ်တိုင် က ပုဏ္ဏားတို့သူကြွယ်တို့အပေါ်မှာ သားအရင်းတမျှ ချစ်ခင်တော်မူတယ်။

တစ်ချိန်က မဟာသုဒဿနစကြာမင်းကြီးစစ်အင်္ဂါလေးပါးနဲ့ ဥယျာဉ်ကစားထွက်တဲ့အခါ ပုဏ္ဏားသူကြွယ်တို့သည် မင်းကြီးထံမှောက် ချဉ်းကပ်ပြီးသကာလ –

အတရမာနော ဒေဝ ယာဟိ၊ ယထာ တံ မယံ စိရတရံ ပဿေယျာမ။

ဒေဝ= အရှင်မင်းကြီး။ ယထာ= အကြင်သို့သော အချင်းအရာဖြင့် ကြွတော်မူသည်ရှိသော်။တံ= အရှင်မင်းတရားကို။မယာ=အကျွန်ုပ်တို့သည်။

http://www.dhammadownload.com



စိရတရံ= အထူးသဖြင့် ကြာမြင့်စွာ။ ပဿေယျာမ= အကျွန်ုပ်တို့ မြင်ရပါကုန်အံ့။ တထာ= ထိုသို့သောအခြင်းအရာဖြင့်။ အတရမာနော= အဆောတလျင်မဟုတ်ပဲ ဖြေးဖြေး ညင်ညင်သာသာ။ ယာဟိ= ကြွတော်မူပါ။

ဖြေးဖြေးကြွတော်မူပါဘုရား။ ဖြေးဖြေးကြွမှ အရှင်မင်းတရားကို ကျွန်ုပ်တို့ ကြာမြင့်စွာ မြင်ရပါလိမ့်မယ်လို့ ပုဏ္ဏားတွေ, သူကြွယ်တွေက လျှောက်ထားကြတယ်။

မဟာသုဒဿနစကြာမင်းကလဲပဲ အဲဒီ ပရိသတ်တွေ ဘယ်လောက် ချစ်လိုက်သလဲလို့ဆိုတော့ ရထားထိန်းကို အမိန့်ပေးတယ် -

အတရမာနော သာရထိ ရထံ ပေသေဟိ၊ ယထာ အဟံ ဗြာဟ္မဏဂဟပတိကေ စိရတရံ ပဿေယျံ။

သာရထိ= အချင်းရထားထိန်း။ အတရမာနော= ဆောဆော လျင်လျင်မဟုတ်ပဲ။ ရထံ= ရထားကို။ ပေသေဟိ= မောင်းနှင်လော့။ ယထာ= အကြင်အချင်းအရာဖြင့် မောင်းနှင်သည်ရှိသော်။အဟံ= ငါသည်။ ဗြာဟ္မဏဂဟပတိကေ= ပုဏ္ဏား သူကြွယ်ကို။ စိရတရံ= အထူးသဖြင့် ကြာမြင့်စွာ။ ပဿေယျံ= မြင်နိုင်၏။ တထာ= ထိုသို့သော အခြင်းအရာဖြင့်။ ပေသေဟိ= မောင်းနှင်။

ဗြာဟ္မဏတွေသူကြွယ်တွေကို ကြာကြာမြင်နိုင်အောင် ဖြေးဖြေး မောင်းလို့ အဲဒီလို ပြောယူလောက်အောင် ချစ်ကြခင်ကြတယ်။ အဲဒါ စတုတ္ထ ဣဒ္ဓိ။

မဟာသုဒဿန စကြာမင်းဟာ ဤဆိုအပ်ပြီးသော ဣဒ္ဓိလေးပါးနဲ့ ပြည့်စုံတဲ့အကြောင်းကို -

ရာဇာ အာနန္ဒ မဟာသုဒဿနော ဣမာဟိ စတူဟိ ဣဒ္ဓီဟိ သမန္နာဂတော အဟောသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ရာဇာ မဟာသုဒဿနော=

http://www.dhammadownload.com



မဟာသုဒဿနမင်းတရားသည်။ ဣမာဟိ စတူဟိ ဣဒ္ဓိဟိ= ဤလေးပါးသောတန်ခိုး ပြည့်ဖြိုးခြင်းတို့နှင့်။ သမန္နာဂတော= ပြည့်စုံသည်။ အဟောသိ= ဖြစ်ပြီ။

ကိုယ်တိုင်က တန်ခိုးလေးပါနဲ့ ပြည့်စုံတယ်။ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတယ်။ (ကိုယ်တွင်း အသုံးအဆောင်တွေ ဆက်ပြီးတော့)

မဟာသုဒဿန စကြာမင်းရဲ့ အကြံဖြစ်တာကို မြတ်စွာဘုရား ဘယ်လိုဟော ထားတုန်း။

## လေးထောင့်ကန်များ

အထ ခေါ အာနန္ဒ ရညော မဟာသုဒဿနဿ ဧတဒဟောသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထ ခေါ= ထိုအခါ၌။ (စကြာရတနာနှင့်တကွ ရတနာခုနစ်ပါး ပြည့်စုံပြီးသောအခါကာလ၌)။ ရညော မဟာသုဒဿနဿ= မဟာသုဒဿနစကြာမင်းအား။ ဧတံ ဧသော= ဤသို့သော အကြံအစည်သည်။ အဟောသိ= ဖြစ်ခဲ့ပြီ။

ရတနာခုနစ်ပါး ဆိုက်ရောက်ပြီးသကာလ အားလုံးသော သတ္တဝါတို့ အကျိုးရှိရန် ချမ်းသာရေးအတွက် ဤကဲ့သို့အကြံဖြစ်ခဲ့တယ်။ ဘယ်လိုလဲ လို့ဆိုတော့ –

ယံနူနာဟံ ဣမာသု တာလန္တရိကာသု ဓနုသတေ ဓနုသတေ ပေါက္ခရဏိယော မာပေယျံ။

အဟံ= ငါသည်။ ဣမာသု တာလန္တရိကာသု= ဤထန်းပင်တို့၏ အကြားအကြားတို့၌။ ဓနုသတေ ဓနုသတေ= ကုတ်လုပ်လေးတာ အပြန်တရာ အပြန်တရာတိုင်း၌။ ပေါက္ခရဏိယော=လေးထောင့်ကန်တို့ကို။ မာပေယျံ= ဖန်ဆင်းရမူကား။ ယန္နူန= ကောင်းလေစွ။

ငါ့ရဲ့ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့ ချမ်းချမ်းသာသာ ချိုးနိုင်အောင်၊ ချမ်းချမ်းသာသာ သောက်နိုင်အောင်၊ ထန်းပင်တို့ရဲ့

http://www.dhammadownload.com



အကြားအကြားမှာ ကုတ်လုပ်လေးတာ အပြန်တရာတရာလျှင် ရေကန် တကန်တကန် ဖန်ဆင်းရမူ ကောင်းလေစွလို့ ဤကဲ့သို့အကြံဖြစ် တယ်။

အဲဒီလို အကြံဖြစ်တယ်ဆိုတဲ့စိတ်နဲ့ ကုတ်လုပ်လေးတာ အပြန်တရာ တရာအရပ်မှာ လေးထောင့်ကန်ဖြစ်စေလိုတဲ့အံရပ် တရပ်တရပ်ကို ကြည့်လိုက်ယင်၊ ကြည့်လိုက်သည်နှင့် တပြိုင်နက် လေးထောင့်ကန်တွေဟာ ဘွားကနဲ ဘွားကနဲ ဘွားကနဲ မြေကြီးထဲက ဟုန်းကနဲ ပေါ်ပေါက် လာတယ်။

မာပေသိ ခေါ အာနန္ဒ ရာဇာ မဟာသုဒဿနော တာသု တာလန္တရိကာသု ဓနုသတေ ဓနုသတေ ပေါက္ခရဏိယော။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿန စကြဝတေးမင်းတရားသည်။ တာသု တာလန္တရိကာသု= ထိုထန်းပင်တို့၏ အကြား အကြားတို့၌။ ဓနုသတေ ဓနုသတေ= ကုတ်လုပ်လေးတာ အပြန်တရာ အပြန်တရာအရပ်၌။ ပေါက္ခရဏိယော= လေးထောင့်ကန်တို့ကို။ မာပေသိ= စိတ်အကြံရှိသမျှ ဖန်ဆင်းခဲ့လေပြီ။

ရှေးကသိုလ်ကံ,ဘုန်းတော်အရှိန် ဘယ်လောက်တောက်ပသလဲ ဆိုတော့ ဤနေရာ၌ ဤနေရာမှာ လေးထောင့်ကန်ဖြစ်လိုသပ စိတ် အကြံနဲ့ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ကြည့်တဲ့နေရာမှာ လေးထောင့် ကန်ဟာ ပေါက်လာတာပဲနော်။ ရေကန်တခါထဲ ဖြစ်လာခဲ့တယ်။

ကုသာဝတီနေပြည် ပတ်ဝန်းကျင်လှည့်ပြီးတော့ လေးထောင့်ကန်တွေ ဖြစ်စေချင်တဲ့ ကုတ်လုပ်လေးတာ အပြန်တရာမှာ ကြည့်တိုင်းကြည့်တိုင်း လေးထောင့်ကန်တွေ ပေါ်လာခဲ့ပြီ။ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ရှိသတဲ့။

အဲဒီ မဟာသုဒဿနစကြာမင်း ဘုန်းတော်အရှိန်ကြောင့် ပေါ်ပေါက် လာတဲ့ လေးထောင့်ကန်တွေမှာ ဘယ်လိုအုတ်တွေလဲဆိုတော့-

http://www.dhammadownload.com



## ရတနာအုတ်လေးမျိုးစီသည်

တာ ခေါ ပနာနန္ဒ ပေါက္ခရဏိယော စတုန္နံ ဝဏ္ဏာနံ ဣဋ္ဌကာဟိ စိတာ အဟေသုံ၊ ဧကာ ဣဋ္ဌကာ သောဝဏ္ဏမယာ ဧကာ ရူပိယမယာ ဧကာ ဝေဠုရိယမယာ ဧကာ ဖလိကမယာ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ တာခေါ ပေါက္ခရဏိယော= ထိုရှစ်သောင်းလေးထောင်သော ရေကန်တို့သည်။ စတုန္နံ ဝဏ္ဏာနံ= အဆင်းလေးပါးတို့ဖြင့် ပြီးကုန်သော။ ဣဋ္ဌကာဟိ= အုတ်တို့ဖြင့်။ စိတာ= စီအပ်ကုန်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

မကျက်တကျက် မြေအုတ်တွေ မဟုတ်ဖူးတဲ့။

ဧကာ ဣဋ္ဌကာ သောဝဏ္ဏမယာ= ပထမအုတ်က ရွှေအုတ်။ ဧကာ ရူပိယမယာ= နောက်တအုတ်ကျတော့ ငွေအုတ်။ ဧကာ ဝေဠုရိယမယာ= အုတ်တချပ်က ကြောင်မျက်ရွဲ။ ဧကာ ဖလိကမယာ= တခြားသော့အုတ်က ဖန်အုတ်။

ရွှေအုတ်ကယ်၊ ငွေအုတ်ကယ်၊ ကြောင်အုတ်ကယ်၊ ဖန်အုတ်ကယ် ဆိုတဲ့ အုတ်လေးမျိုး။ အလှည့်အလည်အားဖြင့် စီပြီးထားတယ်နော်။ မြေအုတ်၊ ကျောက်အုတ်မဟုတ်ဖူးတဲ့။ အဲဒီအုတ်လေးမျိုးဖြင့် လေးမျက်နှာစီပြီးဖြစ်တဲ့ လေးထောင့်ကန်ပေါင်း ရှစ်သောင်းလေးထောင် ဖန်ဆင်းခဲ့ပြီ။

## ရတနာလှေကားလေးစင်း

အဲဒီကန်ထဲ ဆင်းတဲ့ လှေကားတွေကကော –

တာသု ခေါ ပနာနန္ဒ ပေါက္ခရဏီသု စတ္တာရိ စတ္တာရိ သောပါနာနိ အဟေသုံ စတုန္နံ ဝဏ္ဏာနံ (ဣဋ္ဌကာဟိ)။

အာနန္ဒ= ချစ်သား အာနန္ဒာ။ တာသု ခေါ ပေါက္ခရဏီသု= ထိုရှစ်သောင်းလေးထောင်သော ရေကန်တို့၌။ စတုန္နံ ဝဏ္ဏာနံ(ဣဋ္ဌကာဟိ) အဆင်းလေးမျိုးရှိသော အုတ်တို့ဖြင့်ပြီးကုန်သော။ စတ္တာရိ စတ္တာရိ

http://www.dhammadownload.com



သောပါနာနိ= ရေကန်တခုတခုလျှင် လေးစင်းလေးစင်းစီသော လှေကား စောင်းတန်းတို့သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

ရေကန်တခု တခုလျှင် လေးမျက်နှာက စောင်းတန်းလေးစင်းစီ လေးစင်းစီ။

ဧကံ သောပါနံ သောဝဏ္ဏမယံ= တက်သောလှေကားက ရွှေလှေကား။ ဧကံ ရူပိယမယံ= ဟိုတဖက်က မျက်နှာက ငွေလှေကား။ ဧကံ ဝေဠုရိယမယံ= တဖက်က ကြောင်မျက်ရွဲဖြင့်ပြီးတဲ့ လှေကား။ဧကံ ဖလိကမယံ= ဟိုလှေကားအဆင်းက ဖန်လှေကား။

ရွှေလှေကား၊ ငွေလှေကား၊ ကြောင်လှေကား၊ဖန်လှေကား– ဆိုတဲ့ လှေကားကြီး လေးစင်းစီ လေးစင်းစီ ရေကန်တိုင်းမှာ အဆင့်ပါတယ်။

## ရတနာတိုင်များ

ဒါဖြင့် အဲဒီလှေကားစောင်းတန်းမှာ စိုက်တဲ့ တိုင်တွေက ဘာတွေလဲ။ ကွန်ကရိတိုင်တွေလား၊ မဟုတ်ဖူး။

သောဝဏ္ဏမယဿ သောပါနဿ သောဝဏ္ဏမယာ ထမ္ဘာ အဟေသုံ ရူပိယမယာ သူစိယော စ ဥဏှီသဉ္စ။ ရူပိယမယဿ သောပါနဿ ရူပိယမယာ ထမ္ဘာ အဟေသုံ သောဝဏ္ဏမယာ သူစိယော စ ဥဏှီသဉ္စ။ ဝေဠုရိယမယဿ သောပါနဿ ဝေဠုရိယမယာ ထမ္ဘာ အဟေသုံ ဖလိကမယာ သူစိယော စ ဥဏှီသဉ္စ။ ဖလိကမယဿ သောပါနဿ ဖလိကမယာ ထမ္ဘာ အဟေသုံ ဝေဠုရိယမယာ သူစိယော စ ဥဏှီသဉ္စ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ သောဝဏ္ဏမယဿ သောပါနဿ= ရွှေလှေကား၏။ ထမ္ဘာ= တိုင်တို့သည်။ သောဝဏ္ဏမယာ= ရွှေအတိပြီးကုန်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။ သူစိယောစ=လျှိုအပ်သော ကိုင်သားတို့သည်လည်းကောင်း။ ဥဏှီသဉ္စ=အပေါ်၌အုပ်သော သင်းကျစ် သည်လည်းကောင်း။ ရူပိယမယာ=ငွေဖြင့်ပြီးကုန်သည်။ အဟေသုံ=ဖြစ်ကုန် ပြီ။ ငွေလှေကား ကြည့်လိုက်အုန်း၊ တိုင်ကငွေတိုင်၊ မျဉ်းသားကရွှေသား၊

http://www.dhammadownload.com



အဖုံးကရွှေသား။ ကြောင်မျက်ရွဲလေ့ကားလဲကြည့်အုံး၊ တိုင်ကဖန်ကိုင်၊ မျဉ်းသားကဖန်၊ အဖုံးကလဲဖန်။ ဖန်လှေကားကြတော့ တိုင်က ကြောင်မျက်ရွဲ၊ မျဉ်းသားက ကြောင်မျက်ရွဲ အဖုံးက ကြောင်မျက်ရွဲဖြင့် ပြီးတဲ့ လှေကားတွေပေါ့။

ဒါဖြင့်ကောင်းပြီ။ အဲဒါ ရေကန်တွေ ပတ်ပတ်လည်က ဘာတွေ ရှိသလဲ–

## ရတနာပွတ်လုံးများ

တာခေါ ပနာနန္ဒ ပေါက္ခရဏိယော ဒွိဟိ ဝေဒိကာဟိ ပရိက္ခိတ္တာ အဟေသုံ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ တာခေါ ပေါက္ခရဏိယော= ထိုရှစ်သောင်းလေးထောင်သော ရေကန်တို့ကို။ ဒွိဟိ ဝေဒိကာဟိ= နှစ်ပါးသောပွတ်နန်းအဆင့်တို့ဖြင့်။ ပရိက္ခိတ္တာ= ခြံရံအပ်သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။ဘေးကဝန်းရံထားတဲ့ ပွတ်တိုင်ကနှစ်မျိုးတဲ့။

ဧကာ ဝေဒိကာ သောဝဏ္ဏမယာ= တစ်ခုကားရွှေပွတ်တိုင်။ဧကာ ရူပိယမယာ= တစ်ခုကားငွေပွတ်တိုင်။

ရွှေပွတ်တိုင်တွေ တန်းပြီးထားတဲ့ နေရာမှာ ရွှေပွတ်တိုင်တွေစီတန်းပြီး သကာလ မတ်မတ်မားမား တည်ရှိတဲ့ ဝန်းထရံပိုင်းထားမျဉ်းတန်းမှာ ငွေတန်း။ရွှေပွတ်တိုင်မှာရွှေတန်း အဲဒီလိုပြီးတဲ့ တံတိုင်းအရံအတား နှစ်ပါးရှိတယ်။ အဲဒါရေကန်တိုင်း ရေကန်တိုင်း။ အဲဒါတွေဟာ ပန်းတိမ် သည်တွေခေါ်ပြီးသကာလ ပုံသွင်း ရတယ်ဘာတယ်မဟုတ်ဘူး။ မိမိစိတ်က ဤနေရာ၌ရွှေပွတ်တန်း၊ ဤ နေရာ၌ငွေပွတ်တန်းရှိလျှင် ကောင်းလေစွလို့ မဟာသုဒဿနစကြာမင်း ကြံလိုက်သည်နှင့်တစ်ပြိုင်နက် ရွှေပွတ်တန်း ငွေပွတ်တန်းဖြင့် ရံလျက် တန်းလျက်သားဖြစ်ခဲ့ပြီ။

ရေကန်ကားပြီးခဲ့ပြီ။ အဲဒီပြီးတော့ဒီရေကန်ကို တိုင်းသားပြည်သူတွေ လာရောက်ပြီးချိုးကြတယ်၊ သောက်ကြတယ်။ ရေချိုးပြီးပြန်သွားတဲ့အခါမှာ

http://www.dhammadownload.com



မင်းကြီးနန်းတော်ပေါ်ကကြည့်တဲ့အခါ မိမိရဲ့တိုင်းသားပြည်သူတို့ ဆံပင်စုတ်ဖွားဖါးလျားချပြီးသွားကြတာမြင်တော့

ဣမေ ဥမ္မတ္တက ဝေသေနေဝ ဂစ္ဆန္တိ။

ဣမေ= ဤငါ၏တိုင်းသားပြည်သူတို့သည်။ဥမ္မတ္တက ဝေသေနေဝ= သူရူးတို့၏ အသွင်ဖြင့်သာလျှင်။ ဂစ္ဆန္တိ= သွားကြကုန်၏။

ရေချိုးပြီးတဲ့အခါ ဆံပင်တွေဖါးလျားချ၊ အဲဒီလိုချသွားတာမြင်ရတော့ ငါတိုင်းသားပြည်သူတွေဟာ သူရူးတွေပမာ ဆံပင်ကိုဖါးလျားချပြီး သွားရတယ်။ ကေန္တ- ဒီရေကန်တွေထဲမှာ ပန်စရာ ဆင်စရာပန်းမရှိလို့ ဆံပင်ကိုဖါးလျားချသွားတာပဲ၊ အဲဒီလိုစဉ်းစားမိပြီး-

## ကြာပန်းများ

ယံနူနာဟံ ဣမာသု ပေါက္ခရဏီသု ဧဝရူပံ မာလံ ရောပါပေယျံ ဥပ္ပလံ ပဒုမံ ကုမုဒံ ပုဏ္ဍရီကံ သဗ္ဗောတုကံ သဗ္ဗဇနဿ အနာဝဋံ။

အဟံ= ငါသည်။ ဣမာသု ပေါက္ခရဏီသု= ဤရှစ်သောင်း လေးထောင်သောရေကန်တို့အတွင်း၌။ ဥပ္ပလံ= ကြာညိုကိုလည်းကောင်း။ ပဒုမံ=ပဒုမ္မာကြာညိုကိုလည်းကောင်း။ ကုမုဒံ=ကုမုဒြာကြာကို လည်း ကောင်း။ ပုဏ္ဍရီကံ= ပုဏ္ဍရိက်ကြာကိုလည်းကောင်း။ သဗ္ဗောတုကံ= ဥတုသုံးပါးလုံး၌ ပွင့်သော။ အနာဝဋံ= အဟန့်အတားမရှိသော။ မာလံ= ပန်းကို။ သဗ္ဗဇနဿ= တိုင်းသားပြည်သူဗိုလ်လူအပေါင်းအတွက်။ ရောပေယျံနူန= စိုက်ရမူကောင်းလေစွ။

တိုင်းသားပြည်သူ ဗိုလ်လူတို့ ရေချိုးပြီးသကာလ ပန်သွားစရာ ဆင်သွားစရာ ဥတုသုံးပါးမှာပဲ အခါခပ်သိမ်းပွင့်လို့ ဘယ်မင်းချင်း တယောက်ကမှ မခူးရဖူး၊ မဆွတ်ရဖူး၊ မပန်ရဖူးလို့ အဟန့်အတားမရှိတဲ့ ကြာညိုပန်း၊ ပဒုမ္မာကြာပန်း၊ ကုမုဒြာကြာပန်း၊ ကြာပုဏ္ဍရိက်၊ ပန်းဆိုတဲ့ အဲဒီကြာပန်းတွေကို ငါ၏ရေကန်တော်တွေထဲမှာ အသီးသီးစိုက်ပျိုးရမူ ကောင်းလေစွလို့ အကြံဖြစ်သည်နှင့် တပြိုင်နက် စိုက်ပြီးသား ပျိုးပြီးသား

http://www.dhammadownload.com



ဖြစ်ခဲ့ပြီ။

ကိုယ်တော်ကိုယ်တိုင် ကြပ်မတ်ပြီးတော့ စိုက်နေဖို့မလိုဖူး။ ရှေးကပြုခဲ့တဲ့ ကောင်းမှုကုသိုလ်က– အကျွန်ုပ်တို့ စိုက်ပျိုးပါမယ်လို့ မဆိုသော်လဲ ဆိုဘိသည့်အလား၊ မိမိစိတ်က ဤကဲ့သို့ ကြာမျိုးငါးပါး အမြဲတစေပွင့်နေတာကို မြင်လိုသပ၊ ဤကဲ့သို့အကြံဖြစ်သည်နှင့် တပြိုင်နက်၊ ကြံတဲ့အတိုင်းပဲနော် အလုံးစုံသော ကြာပင်တွေ ဥတုသုံးပါးမှာပဲ တဖြိုင်ဖြိုင်ပွင့်ပြီး နေကြပြီ။ အဲဒီအချိန်ကစပြီး ရေကန်မယ် လာပြီးရေချိုးသမျှ လူအပေါင်းဟာရေချိုးပြီး ကြာပန်းတွေပန်လို့ နက္ခတ်သဘင် ပျော်ရွှင်မြူးတဲ့ အလား ဝမ်းမြောက်ဝမ်းသာသွားကြတယ်။ အဲဒါတွေကြည့်ပြီး မဟာသုဒဿနစကြာမင်းရဲ့ စိတ်ထဲတမျိုးအကြံဖြစ်ပြန်တယ်။

## ရေချိုးသမား

ယံနူနာဟံ ဣမာသံ ပေါက္ခရဏီနံ တီရေ နှာပကေ ပုရိသေ ဌပေယျံ၊ ယေ အာဂတာဂတံ ဇနံ နှာပေဿန္တိ။

ယေ= အကြင်အစေအပါးဖြစ်သောယောကျ်ားတို့သည်။ အာဂတာဂတံ= ဤ ရေကန်သို့ ရောက်တိုင်းရောက်တိုင်းသော။ ဇနံ= လူအပေါင်းကို။ နှာပေဿန္တိ= ရေချိုး၍ပေးကြကုန်လတ့်။ အဟံ= ငါသည်။ ဣမာသံ ပေါက္ခရဏီနံ= ဤရှစ်သောင်းလေးထောင်သောရေကန်တို့၏။ တီရေ= ကမ်းနား၌။ နှာပကေ ပုရိသေ= ရေချိုးပေးတဲ့ အစေအပါးမင်းယောကျ်ားတို့ကို။ ဌပေယျံ= ဖြစ်စေရမူ တည်ထားရမူ။ ယံနူန= ကောင်းလေစွ။

အော်– လူတွေဟာ ဒီရေကန်ထဲကို ဆင်းပြီးတော့ ခပ်ရ သယ်ရ ပင်ပန်းကြီးစွာ ရေချိုးရတယ်။ အဲဒီလိုပင်ပန်းကြီးစွာ မချိုးရပဲနဲ့ ရေလောင်းပေးတဲ့ရေချိုးသမား၊ ရေခပ်ပေးတဲ့ ရေချိုးသမား၊ ကသယ် မှုန့်ကြိတ်ပေးတဲ့ ရေချိုးသမား၊ အဲဒီလို ရေကန်တခုတခုမှာ အဝတ်တွေ သိမ်းထားတဲ့ ရေချိုးသမား၊ ရေချိုးပြီးတဲ့အခါမှာ အဝတ်ကို ပေးအပ်တဲ့

http://www.dhammadownload.com



ရေချိုးသမားလို့ အဲဒီလို ဆိုင်ရာဆိုင်ရာအလုပ်ကို ပြုလုပ်တဲ့ ရေချိုးသမား တွေကို ခန့်ထားရမှု ကောင်းလေစွ။

အဲဒီလို အကြံဖြစ်ပြီးတော့ မင်းချင်းယောကျ်ားတွေကို ရှစ်သောင်း လေးထောင်သော ရေကန်တို့၌–

အမောင်က ရေခပ်ပေး၊ အမောင်က ရေချိုးကသယ်မှုန့်ကြိတ်ပေး၊ အမောင်က ရေလောင်းပေး၊ အမောင်က အဝတ်အစားကိုသိမ်း၊ အမောင် က သိမ်းထားတဲ့ အဝတ်အစားကိုပြန်ပေး–အဲဒီလို ခိုင်းပြီးတော့ ထားခဲ့ တယ်။ ရေချိုးရတာကိုက သူ့ဟာက တခမ်းတနား ချမ်းချမ်းသာသာ အင်မတန် ရှိတာကိုး။

ဒီဟာနဲ့ပဲ ပြီးပလားဆိုတော့ မပြီးသေးဖူး။ တဆင့်တိုးပြီး တမျိုးကြံ ဖြစ်ပြန်တယ်–

## အလှူဝတ်ခုနစ်မျိုး

ယံနူနာဟံ ဣမာသံ ပေါက္ခရဏီနံ တီရေ ဧဝရူပံ ဒါနံ ပဋ္ဌပေယျံ အန္နံ အန္နဋ္ဌိကဿ ပါနံ ပါနဋ္ဌိကဿ ဝတ္ထံ ဝတ္ထဋ္ဌိကဿ ယာနံ ယာနဋ္ဌိကဿ သယနံ သယနဋ္ဌိကဿ ဣတ္ထိံ ဣတ္ထိဋ္ဌိကဿ ဟိရညံ ဟိရညဋ္ဌိကဿ သုဝဏ္ဏံ သုဝဏ္ဏဋ္ဌိကဿ။

အဟံ=ငါသည်။ ဣမာသံ ပေါက္ခရဏီနံ တီရေ=ဤလေးထောင့်ကန် တို့၏ ရေကန်ကမ်းနား၌။ ဧဝရူပံ ဒါနံ=ဤသို့သဘောရှိသော အလှူဒါန ကို။ ပဋ္ဌပေယျံ=ဖြစ်စေရမှု။ ယံနူန=ကောင်းလေစွ။

ရေချိုးဖို့တော့ပြည့်စုံပြီ။ ဒါပေမဲ့ ခုဟောဒီ ရေကန်ရဲ့ကမ်းနားမှာ ဤသို့သဘောရှိတယ်၊ အလှူဒါနကို ဖြစ်စေရန် အဝတ်တည်ထားရမှု ကောင်းလေစွ။ ဘယ်လိုအလှူဒါနတွေလဲဆိုတော့–

အန္နံ အန္နဋ္ဌိကဿ=ထမင်းအစာအလိုရှိတဲ့ပုဂ္ဂိုလ်ကို ထမင်းအလှူဒါန ပေးဖို့ရန်။ ပါနံ ပါနဋ္ဌိကဿ=အဖျော်သောက်လိုတဲ့ ပုဂ္ဂိုလ်အား အဖျော်ပေးဖို့ရန်။ ဝတ္ထံ ဝတ္ထဋ္ဌိကဿ=အဝတ်အစားအလိုရှိတဲ့ ပုဂ္ဂိုလ်အား

http://www.dhammadownload.com



အဝတ်အစားတည်းဟူသောအလှူဒါန။ ယာနံ ယာနဋ္ဌိကဿ= ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ်အစရှိတဲ့ ယာဉ်အလိုရှိတဲ့ပုဂ္ဂိုလ်အား ယာဉ်လှူဖို့ရန်။သယနံ သယနဋ္ဌိကဿ= အိပ်ရာနေရာအလိုရှိတဲ့ ပုဂ္ဂိုလ်အား အိပ်ရာနေရာပေးဖို့ရန်။ကတ္တိံ ကတ္တိဋ္ဌိကဿ= မြူးစရာ ပျော်စရာ ရွှင်စရာ ကတ္တိကို အလိုရှိတဲ့ပုဂ္ဂိုလ်အား ကတ္တိရတနာကိုပေးလှူဖို့ရန်။ဟိရညံ ဟိရညဋ္ဌိကဿ= ငွေလိုချင်တဲ့သူကို ငွေပေးဖို့ရန်။သုဝဏ္ဏံ သုဝဏ္ဏ ဋ္ဌိကဿ= ရွှေလိုချင်တဲ့ပုဂ္ဂိုလ်ကို ရွှေပေးခြင်းဆိုတဲ့ အလှူဒါနကို ဖြစ်စေရမှု ကောင်းမလေစွ။

အဲဒီလိုအကြံဖြစ်ပြီးတော့ အကြံဖြစ်တဲ့အတိုင်းပဲ ရစ်သောင်းလေးထောင်သော ရေကန်တို့၏ ကမ်းနားမှာလေ ထမင်းစားချင်တဲ့သူတွေ ထမင်းစားနိုင်ဖို့ရန် ထမင်းဆိုင်ကြီးတွေ၊ နိဗ္ဗာန်ကူးတို့ နိဗ္ဗာန်ဈေးဖွင့်လို့၊ အဖျော်သောက်လိုတဲ့သူတွေ အဖျော်ရှစ်ပါးအလိုရှိရာ သောက်နိုင်ရန်၊ အဝတ်အစားလိုချင်တဲ့ပုဂ္ဂိုလ်တွေ အဝတ်အစားအမျိုးမျိုး ဝတ်ဆင်နိုင်ရန်၊ ယာဉ်ရထားလိုချင်တဲ့ပုဂ္ဂိုလ်တွေ ယာဉ်ရထားစီးပြီးအလိုရှိသလိုသွားနိုင်ဖို့ ရန်၊ အိပ်ရာနေရာအလိုရှိသူတွေအတွက် အလိုရှိသလို ချမ်းချမ်းသာသာ သုံးနိုင်ရန်အတွက် ဒါနဝတ်တွေပြုထားခဲ့တယ်။ လောကအလျှော်က် ပျော်ပါးချင်တဲ့ပုဂ္ဂိုလ်တို့အတွက် ကတ္တိရတနာဆိုတဲ့ အလှူဒါနကိုလ ရေကန်၏အဦးမှာထားခဲ့တယ်။ ရွှေလိုချင်တဲ့ပုဂ္ဂိုလ်၊ ငွေလိုချင်တဲ့ပုဂ္ဂိုလ် တို့အတွက် ရွှေရပနာငွေရကနာ ရွှေတန်ဆာငွေတန်ဆာတွေအမျိုးမျိုးပဲ ရေကန်ရဲ့ ကမ်းနားမှာ ဒါနဝတ်ကြီး နိဗ္ဗာန်ဈေးကြီး နိဗ္ဗာန်ဆိုင်ကြီး ဖွင့်ပြီးတော့ထားခဲ့တယ်။

အဲဒီအချိန်ဟာ ကုသာဝတီနေပြည်မှာ အရပ်ရပ်ကလာရောက်၍ ရေချိုးကြတယ်၊ ရေချိုးပြီးပြီဆိုတော့ အဲဒီရေကန်ထဲက ကြာညိုပန်း၊ ပဒုမ္မာကြာပန်းတို့၊ ကုမုဒြာကြာပန်းတို့၊ ကြာပုဏ္ဍရိတ်ပန်းတို့ဆိုတဲ့ အလိုရှိရာကြာပန်းကို ပန်ကြဆင်ကြတယ်။ အဲဒီပန်းဆင်ပြီးတဲ့ကာလ အဖျော်ကိုအလိုရှိတဲ့ပုဂ္ဂိုလ်က အဖျော်ဆိုင်နိဗ္ဗာန်ဈေးတွေမှာ သွားပြီးတော့

http://www.dhammadownload.com



သောက်လို့၊ ထမင်းအလိုတဲ့ပုဂ္ဂိုလ်က အလိုရှိရာထမင်းနိဗ္ဗာန်ဆိုင်မှာ သွားပြီးစားလို့၊ အလိုရှိရာအဝတ်တွေဝ တ်လို့၊ အင်မတန်ကိုပဲ ပျော်ကြတယ်။ လှူလိုက်တယ်၊ တစ်ကြိမ်ချထားလိုက်တယ်၊ ကုန်သွားပြီ။ အလှူဝတ်တွေ တော်ပြီလားလို့ဆိုတော့ –

တမ္ပိ ဒါနံ ဥဋ္ဌာယ သမုဋ္ဌာယ ဒိယတေဝ။

တမ္ပိ ဒါနံ= ထိုအလှူရှစ်မျိုးကိုလည်း။ ဥဋ္ဌာယ သမုဋ္ဌာယ= တိုး၍တိုး၍သာလျှင်။ ဒိယတေဝ= ပေးလှူအပ်သည်သာတည်း။

နောက်ဆုတ်တယ်ကိုမရှိဖူး။ ပထမလှူဘို့ရန်ချထားတဲ့ အလှူဝတ်တွေ ကုန်သွားပြန်၊ နောက်ထပ်တိုးတိုးပြီးတော့ပဲ လှူခဲ့တယ်။

အဲဒီလာတဲ့လူတွေထဲကလဲ အဝတ်အစားတွေ၊ ရွှေတွေငွေတွေကို ဤရေကန်ရဲ့အနီးအပါးမှာ ဆင်မြန်း၊ ဝတ်ရုံပြီးသကာလ ပျော်ရွှင်မြူးတူးပြီး သကာလ အလိုမရှိတဲ့ ပုဂ္ဂိုလ်က ဒီရေကန်နားမှာပဲ ထားခဲ့ကြတယ်။ အလိုရှိတဲ့ပုဂ္ဂိုလ်က မိမိအိမ်ယူဆောင်သွားနိုင်တယ်။ ယူဆောင်၍သွားကြ တယ်။ အဲဒီလိုယူသွားလို့ကုန်သွားပြန်တော့လဲ တိုးတိုးပြီးတော့ပဲ ဒါနဝတ် တွေကိုထပ်ပြီးတော့ ထားခဲ့တယ်။ လှူခဲ့တယ်တဲ့။ ဘယ်လောက်များလဲ လို့ ဆိုတော့ –

(သကလ)ဇမ္ဗုဒီပေ ဇမ္ဗုဒီပဝါသိကာနံ အညံ ကမ္မံ နတ္ထိ၊ ရညောဒါနံ ပရိဘုဉ္ဇန္တာဝ ဝိစရန္တိ။

သကလ ဇမ္ဗုဒီပေ= ဇမ္ဗူဒီပတစ်ကျွန်းလုံး၌။ ဇမ္ဗုဒီပဝါသိကာနံ= ဇမ္ဗူဒီပါကျွန်းသူကျွန်းသားတို့အား။ အညံ= တစ်ပါးသော။ ကမ္မံ=ပြုဖွယ် ကိစ္စသည်။ နတ္ထိ= မရှိ။ (လယ်ထွန်တယ်၊ ယာထွန်တယ်ဆိုတဲ့ အဲဒီကိစ္စမှတစ်ပါး ဘာမှမလုပ်ကြပဲနဲ့)။ ရညော= မဟာသုဒဿန မင်းတရား၏၊ ဒါနံ= အလှူဒါနကို။ ပရိဘုဉ္ဇန္တာဝ= သုံးဆောင်ကြကုန် သည်ဖြစ်၍သာလျှင်။ ဝိစရန္တိ= လှည့်လည်ကျက်စားပျော်ပါး၍သာ နေကြကုန်၏။

http://www.dhammadownload.com



မဟာသုဒဿနစကြာမင်းကြီးရဲ့ အလှူတင်းကုပ်မှာ အလိုရှိသလို ဝတ်ပြီးစားပြီး မြူးတူးပျော်ပါးလှည့်လည် ကျက်စားရှုပဲနေကြတယ်။ အဲဒီလိုနေရာကများစွာသော ပုဏ္ဏားသူကြွယ်တွေ စည်းဝေးလာကြတယ်။ စဉ်းစားကြစမ်းအမောင်တို့ ... ငါတို့ရဲ့ ပြည့်ရှင်ဖြစ်တော်မူတဲ့ မဟာသုဒဿနစကြဝတေးမင်းတရားကြီးဟာ ဤမျှလောက် အလှူဒါနကြီး ပေးလှူနေပေမဲ့လို့ ငါတို့အပေါ်မှာ–မောင်တို့ ဤမျှသောဆန် ဤမျှသောဆီကို ငါထံပို့ရမယ်၊ တစ်စုံတစ်ခုမျှ ပြောဆိုခြင်း မရှိဖူး။ သူတာဝန် သူ့ဖာသာသူပဲ သူ့ဘဏ္ဍာတိုက် ကျီထဲကြထဲက ထုတ်ထုတ်ပြီးတော့ လှူတန်းနေတာပဲ။ ငါတို့ကို တာဝန်မပေးသလို ငါတို့သည် လျစ်လျူရှုပြီးတော့ မနေစကောင်း။ ငါတို့သည် တတ်နိုင်သမျှ မဟာသုဒဿနစကြာမင်းတရားရဲ့ ကုသိုလ်ဒါနထဲ ကောင်းမှုကုသိုလ် ပါဝင်ကြစို့လို့– တိုင်ပင်ညီညွတ်၍ များစွာသောဥစ္စာနှစ်ကို ကိုယ်စီကိုယ်ငှ ယူဆောင်စုဆောင်းပြီး၊ မဟာသုဒဿနစကြာမင်းကြီးထံ၌အားလုံးက တစ်သံထဲ တညီတညွတ်ထဲနဲ့–

ဣဒံ ဒေဝ ပဟူတံ သာပတေယျံ ဒေဝညေ၀ ဥဒ္ဒိဿ အာဘတံ၊ တံ ဒေဝေါ ပဋိဂ္ဂဏှာတု။

ဒေဝ=အရှင်မင်းမြတ်။ ပဟူတံ=များစွာသော။ ဣဒံ သာပတေယျံ= ဤဥစ္စာနှစ်ကို။ ဒေဝံ ယေဝ=အရှင်မင်းကြီးကိုသာလျှင်။ ဥဒ္ဒိဿ=ရည်စူး၍။ အာဘာဘတံ=ဆောင်ယူအပ်ခဲ့ပါ၏။ ဒေဝေါ=အရှင်မင်းမြတ်သည်။ တံ=ထိုအကျွန်ုပ်တို့ ဆောင်ယူခဲ့သောဥစ္စာနှစ်ကို။ ပဋိဂ္ဂဏှာတု=လက်ခံတော်မူပါ။

အရှင်မင်းကြီးအတွက် ကျွန်တော်မျိုးတို့ယူဆောင်လာတဲ့ ဥစ္စာပစ္စည်းတွေ ယူတော်မူပါလို့ လျှောက်တဲ့အခါ မဟာသုဒဿနစကြာမင်းက–

အလံ ဘောာ မမပိဒံ ပဟူတံ သာပတေယျံ ဓမ္မိကေန ဗလိနာ အဘိသင်္ခတံ၊ တဉ္စ ဝေါ ဟောတု၊ ဣတော စ ဘိယျော ဟာရထ။

http://www.dhammadownload.com



ဘော= အိုသူဌေးသူကြွယ်အပေါင်းတို့။ အလံ= တန်ပြီ။ မမပိ= ငါ့မှာလဲပဲ။ ဣဒံ သာပတေယျံ= ဤဥစ္စာနှစ်သည်။ ပဟူတံ= များလှချေ၏။ ဓမ္မိကေနဗလိနာ=တရားသောအခွန်အတုပ်ဖြင့်။ အဘိသင်္ခတံ= ပြုပြင်အပ်သည်လဲဖြစ်ပေ၏။ တဉ္စ= ထိုဥစ္စာနှစ်သည်လည်း။ ဝေါ= သင်တို့အတွက်။ ဟောတု=ဖြစ်စေ။ ဣတော= ဤဥစ္စာနှစ်ထဲမှာ။ ဘိယျော စ= များစွာသော ဥစ္စာနှစ်ကိုလည်း။ ဟရထ= ဆောင်ယူသွားကြကုန်။

ငါ့မှာလည်း တရားသဖြင့်ရသောအခွန်အတုပ်အားဖြင့် ဖြစ်ပေါ်လာတဲ့ဥစ္စာနှစ်တွေအများအပြားရှိတယ်။ အဲဒီထဲက မောင်တို့ ယူသွားကြအုန်းလို့ဆိုတော့ သူဌေးသူကြွယ်တွေလဲ ဒီငါတို့ယူလာတဲ့ ဥစ္စာတွေကိုယ်အိမ် ပြန်သယ်သွားရယင် မတော်ဖူး။

ယံနူန မယံ ရညော မဟာသုဒဿနဿ နိဝေသနံ မာပေယျာမ။

မယံ= ငါတို့သည်။ ရညော မဟာသုဒဿနဿ=မင်းကြီးအတွက်။ နိဝေသနံ= နန်းတော်ကို။ မာပေယျာမ= ဖန်ဆင်းရပါမူကား။ ယံနူနံ= ကောင်းလေစွ။

ငါတို့ယူဆောင်လာတဲ့ဥစ္စာတွေနဲ့စုပြီး မဟာသုဒဿနစကြာမင်းတရားအတွက် နန်းတော်တစ်ဆောင်ဆောက်လုပ်ရလျှင် ကောင်းမှာပဲလို့တညီတညွတ်ထဲတိုင်ပင်ကြပြီး သူဌေးသူကြွယ်အားလုံးက မဟာသုဒဿနစကြာမင်းတရားကိုအားလုံးက တသံထဲ တညီတညွတ်ထဲနဲ့ –

နိဝေသနံ တေ ဒေဝ မာပေဿာမ။

ဒေဝ= အရှင်မင်းကြီး။ တေ= အရှင်မင်းကြီးအတွက်။ နိဝေသနံ= နန်းတော်အသစ်ကို။ မာပေဿာမ= ဖန်ဆင်းပြုကုန်အံ့လို့– လျှောက်ထားတဲ့အခါ မဟာသုဒဿနစကြာမင်းကြီးရဲ့စိတ်ထဲမှာ ဘယ်လိုအကြံ ဖြစ်သလဲဆိုတော့ –

သမဏ္ဍ ဓမ္မပရိဝတ္တိကရဏောကာသော မေ ဘဝိဿတိ။

ယခုပုဏ္ဏားသူကြွယ်တို့ဆောက်လုပ်မဲ့ နန်းတော်အသစ်ဆိုတဲ့

http://www.dhammadownload.com



အဆောက်အအုံဟာ ငါ့အတွက်ရဟန်းတရားကို ကျင့်ကြံပွားများအားထုတ်ဖို့ရန်အတွက် နန်းတော်အလယ်ခေါင်က တောကျောင်းကြီးဖြစ်ပစေ ဖြစ်လိမ့်မယ်လို့– ဤအကြံနဲ့ဆိတ်ဆိတ်နေပြီးတော့သည်းခံလိုက်တယ်။ သာယာလိုက်တယ်၊ လက်ခံလိုက်တယ်။

ဒါကိုတော့မပယ်ရှားလိုက်ဘူး။ အဲဒီလို မပယ်ရှားတဲ့အကြံကို သိကြားမင်းသိ၊ ဝိသကြုံကိုခေါ် –

## ဓမ္မပါသာဒ ပြာသာဒ်တော်

ဧဟိက္ခ သမ္မ ဝိဿကမ္မ၊ ရညော မဟာသုဒဿနဿ နိဝေသနံ မာပေဟိ၊ ဓမ္မံ နာမ ပါသာဒံ။

တာတ ဝိဿကမ္မ= အမောင်ဝိသကြုံ။ ဧဟိ= လာလော့။ ရညော မဟာသုဒဿနဿ= မဟာသုဒဿနမင်းတရားကြီးအတွက်။ နိဝေသနံ= နေရာနန်းကော်အသစ်ကို။ ဓမ္မံ နာမ ပါသာဒံ= ဓမ္မအမည်ရှိသောပြာသာဒ်ဟု အမည့်တပ်၍။ မာပေဟိ= ဖန်ဆင်းပါ။

အမောင်ဝိသကြုံ ယခုပင်သွားပါ။ မဟာသုဒဿနစကြာမင်းကြီး အတွက် နန်းတော်ရာအသစ် ဓမ္မပါသာဒအမည်ရသော ပြာသာဒ်ကြီး တစ်ဆောင် အမောင်ဝိသကြုံ သွားရောက်ပြီးဖန်ဆင်းပေးပါလို့– အဲဒီလိုသိကြားမင်းက ဝိသကြုံနတ်သားအား ပြောကြားတယ်ဆိုရင်ပဲ –

ဧဝံ ဘဒ္ဒန္တာ= အရှင်သိကြားမင်းတို့ ယခုပြောကြားသည့်စကား သည် ကောင်းပါပေစွ။ ကောင်းပါပြီဟု ဝန်ခံပြီးတော့–ကွေးတဲ့လက် ဆန့်လိုက်သလို၊ ဆန့်တဲ့လက် ကွေးလိုက်သလို ဤအချိန်အတွင်းမှာ ဝိသကြုံနတ်သားကား တာဝတိံသာနတ်ပြည်၌ကွယ်ခဲ့၍ မဟာသုဒဿန စကြာမင်းရဲ့ ရှေ့မှောက်ရောက်လက်အုပ်ချီမြှောက်၍ –

နိဝေသနံ တေ ဒေဝ မာပေဿာမိ ဓမ္မံ နာမ ပါသာဒံ။

အရှင်မင်းကြီး၊ အရှင်မင်းကြီးအတွက် ဓမ္မပါသာဒအမည်ရတဲ့ နန်းမပြာသာဒ်ကြီးတစ်ဆောင် တပည့်တော်ဆောက်လုပ်ပါ့မယ်။ ဖန်ဆင်း

http://www.dhammadownload.com



ပါ့မယ်လို့ လျှောက်ထားလျှင်ပဲ၊ ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံသာယာသဘောတူညီလျှင်ပဲ၊ ဒီတစ်ခဏအတွင်း၌ ဝိသကြုံ နတ်သားဖန်ဆင်းတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးဟာခဏအတွင်းမှာပဲ မြေမှာရွှေတောင်ကြီး ပေါက်သလို ပေါ်ထွက်ခဲ့ပြီ။

အဲဒီဖန်ဆင်းတဲ့ ရွှေပြာသာဒ်ကြီးဟာ ဘယ်လောက်ကြီးသလဲလို့ ဆိုတော့ အကျယ်အဝန်းက –

ဓမ္မော အာနန္ဒ ပါသာဒေါ ပုရတ္ထိမေန ပစ္ဆိမေန စ ယောဇနံ အာယာမေန အဟောသိ။ ဥတ္တရေန ဒက္ခိဏေန စ အဍ္ဎယောဇနံ ဝိတ္ထာရေန။

အာနန္ဒ=ချစ်သားအာနန္ဒာ။ ဓမ္မောပါသာဒေါ= ဓမ္မပါသာဒပြာသာဒ် နန်းမကြီးသည်။ အာယာမေန= အလျားအားဖြင့်။ ပုရတ္ထိမေန ပစ္ဆိမေန= အရှေ့အနောက်အားဖြင့်။ယောဇနံ=တစ်ယူဇနာသည်။ အဟောသိ=ဖြစ်ခဲ့ပြီ။ ဝိတ္ထာရေန= အနံအားဖြင့်။ ဥတ္တရေန စ ဒက္ခိဏေန စ= တောင်မြောက်အားဖြင့်။ အဍ္ဎယောဇနံ= ယူဇနာဝက်သည်။ အဟောသိ=ဖြစ်ခဲ့ပြီ။

အရှေ့အနောက်အလျားတစ်ယူဇနာ၊ တောင်မြောက် အနံယူဇနာဝက်ရှိတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးဟာ အရှေ့အနောက်အားဖြင့် အလျားတစ်ယူဇနာရှည်တယ်။ တောင် မြောက်အနံအားဖြင့်ယူဇနာဝက်ရှိတယ်။ ခရီးအားဖြင့် သုံးမိုင်လောက်ရှိတယ်။ အဲဒီလောက်ရှိတဲ့ ဓမ္မပါဒပြာသာဒ်ကြီးရဲ့အောက် အသုခံ့ဟာ ဘယ်လောက်မြင့်သလဲ –

ဓမ္မဿ အာနန္ဒ ပါသာဒဿ တိပေါရိသံ ဥစ္စတရေန ဝတ္ထု စိတံ အဟောသိ စတုန္နံ ဝဏ္ဏာနံ ဣဋ္ဌကာဟိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ဓမ္မဿ ပါသာဒဿ= ဓမ္မပါသာဒအမည်ရသော နန်းမပြာသာဒ်၏။ ဝတ္ထု= အောက်ခံပလ္လင်သည် ခံ့သည်။ စတုန္နံ ဝဏ္ဏာနံ ဣဋ္ဌကာဟိ= အုတ်လေးမျိုးတို့ဖြင့်။ တိပေါရိသံ ဥစ္စတရေန= သုံးရပ် သုံးသူအမြင့်အားဖြင့်။ စိတံ= တည်အပ်သည်။

http://www.dhammadownload.com



အဟောသိ= ဖြစ်ပြီ။

ဓမ္မပါသာဒ နန်းမပြာသာဒ်ကြီးရဲ့ အောက်ခြေအုတ်မြစ်ဟာ သုံးသွယ်ရှိတယ်တဲ့။ (သုံးသွယ်ဆိုတာ တဆယ့်ငါးတောင်ရှိတယ်နော်)။ တဆယ့်ငါးတောင်ရှိတဲ့ အောက်ခြေမြေထဲမှာချခဲ့ပြီ။ အုတ်တွေဟာလဲဘဲ ရွှေအုတ် ငွေအုတ် ကြောင်မျက်ရွဲအုတ် ဖလ်အုတ်ဆိုတဲ့ အုတ်လေးမျိုးဖြင့် ပြီးတဲ့ပလ္လင်ကိုခံခဲ့ပြီ။

ကောင်းပြီ၊အဲဒီ ဓမ္မပါသာဒ ပြာသာဒ်ကြီးမှာစိုက်ထားတဲ့ တိုင်တွေက ဘယ်လောက်ရှိသလဲ-

ဓမ္မဿ အာနန္ဒ ပါသာဒဿ စတုရာသီတိ ထမ္ဘသဟဿာနိ အဟေသုံ စတုန္နံ ဝဏ္ဏာနံ၊ ဧကော ထမ္ဘော သောဝဏ္ဏမယော ဧကော ရူပိယမယော ဧကော ဝေဠုရိယမယော ဧကော ဖလိကမယော။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဓမ္မဿ ပါသာဒဿ= ဓမ္မပါသာဒ နန်းမပြာသာဒ်ကြီး၏။ စတုန္နံ ဝဏ္ဏာနံ= လေးပါးသောအဆင်းတို့နှင့် ပြည့်စုံသော။ စတုရာသီတိ ထမ္ဘသဟဿာနိ= တိုင်ပေါင်းရှစ်သောင်း လေးထောင်တို့သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

ဧကော ထမ္ဘော သောဝဏ္ဏ မယော=တိုင်တခုက ရွှေတိုင်။ ဧကော ရူပိယ မယော= တခြားတိုင်က ငွေတိုင်။ ဧကော ဝေဠုရိယ မယော= တိုင်တမျိုးက ကြောင်မျက်ရွဲတိုင်။ ဧကော ဖလိက မယော= တိုင်တခုက ဖလ်ဖြင့်ပြီးတယ်။

ရွှေတိုင် ငွေတိုင် ကြောင်မျက်ရွဲတိုင် ဖလ်တိုင်ဆိုတဲ့ တိုင်လေးမျိုးဖြင့် ပြီးတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးပါ။ တိုင်ပေါင်း ရှစ်သောင်းလေးထောင် ရှိခဲ့တယ်။

ဒါဖြင့် အဲဒီ ဓမ္မပါသာဒပြာသာဒ်ကြီးမှာ ခင်းတဲ့ပျဉ်က ဘယ်လို ပျဉ်မျိုးလဲဆိုတော့-

ဓမ္မော အာနန္ဒ ပါသာဒေါ စတုန္နံ ဝဏ္ဏာနံ ဖလကေဟိ သန္ထတော

http://www.dhammadownload.com



အဟောသိ၊ ဧကံ ဖလကံ သောဝဏ္ဏမယံ ဧကံ ရူပိယမယံ ဧကံ ဝေဠုရိယမယံ ဧကံ ဖလိကမယံ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဓမ္မော ပါသာဒေါ= ဓမ္မပါသာဒ အမည်ရတဲ့နန်းမကြီးကို။ စတူဟိ ဝဏ္ဏာနံ ဖလကေဟိ= အဆင်းလေးပါးရှိတဲ့ ပျဉ်ချပ်တို့ဖြင့်။ သန္ထတော=ခင်းအပ်သည်။ အဟောသိ= ဖြစ်ပြီ။

ဓမ္မပါသာဒပြာသာဒ်ကြီးမှာ ခင်းတဲ့ပျဉ်တွေကား အဆင်းလေးပါး ရှိတယ်။

ဧကံ ဖလကံ သောဝဏ္ဏမယံ= တခုသောပျဉ်ချပ်က ရွှေသားစတိဖြင့်ပြီး၏။ ဧကံ ရူပိယမယံ= တခုသောပျဉ်ချပ်က ငွေသားဖြင့်ပြီး၏။ ဧကံ ဝေဠုရိယမယံ= တခုသော ပျဉ်ချပ်ကား ကြောင်မျက်ရွဲဖြင့်ပြီး၏။ ဧကံ ဖလိကမယံ= တခုသော ပျဉ်ချပ်ကား ဖလ်ဖြင့်ပြီး၏။

ပျဉ်ချပ်တွေကြည့်လိုက်။ ဟော– ရွှေပျဉ်ချပ်ကြီး၊ ဒီမှာ ငွေပျဉ်ချပ်ကြီး၊ ဟိုမှာ ကြောင်မျက်ရွဲပျဉ်ချပ်ကြီး၊ ဟိုနားမှာ ဖလ်ပျဉ်ချပ်ကြီး။ တမျိုး တမျိုးပဲနော်၊ အဲဒီလို ခင်းပြီးထားခဲ့တယ်။ လှေကားတွေက ဘယ်လောက် ရှိသလဲလို့ဆိုတော့–

ဓမ္မေ အာနန္ဒ ပါသာဒေ စတုဝီသတိ သောပါနာနိ အဟေသုံ စတုန္နံ ဝဏ္ဏာနံ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဓမ္မေ ပါသာဒေ= ဓမ္မပါသာဒ နန်းပြာသာဒ်ကြီးမှာ။ စတုန္နံ ဝဏ္ဏာနံ=အဆင်းလေးပါးတို့ဖြင့်ပြည့်စုံသော။ စတုဝီသတိ သောပါနာနိ= နှစ်ဆယ့်လေးစင်းသော စောင်းတန်းလှေကား တို့သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

ဓမ္မပါသာဒနန်းပြာသာဒ်ကြီး၌ စောင်းတန်းလှေကားပေါင်း နှစ်ဆယ့်လေးစင်း တပ်လျက်ရှိတယ်။ အရှေ့မျက်နှာက ခြောက်စင်း၊ အနောက်မျက်နှာက ခြောက်စင်း၊ တောင်မျက်နှာက ခြောက်စင်း၊

http://www.dhammadownload.com



မြောက်မျက်နှာက ခြောက်စင်း- စောင်းတန်းကတမျိုး ကြည့်လိုက်တော့-

ဧကံ သောပါနံ သောဝဏ္ဏမယံ=စောင်းတန်းတခုက ရွှေစောင်းတန်း။ ဧကံ ရူပိယမယံ= တခုက ငွေစောင်းတန်း။ဧကံ ဝေဠုရိယမယံ= တခုက ကြောင်မျက်ရွဲစောင်းတန်း။ ဧကံ ဖလိကမယံ= တခုက ဖလ်စောင်းတန်း။ ရွှေစောင်းတန်းက ရွှေတိုင်၊ ငွေမျဉ်းတား၊ ငွေတိုင်ဖုံး။ ငွေစောင်းတန်းက ငွေတိုင်၊ ရွှေမျဉ်းတား၊ ရွှေတိုင်ဖုံး။ ကြောင်မျက်ရွဲစောင်းတန်းက ကြောင်မျက်ရွဲတိုင်၊ဖလ်မျဉ်းတား၊ ဖလ်တိုင်ဖုံး။ဖလ်စောင်းတန်းက ဖန်တိုင်၊ ကြောင်မျက်ရွဲမျဉ်းတား၊ ကြောင်မျက်ရွဲ တိုင်ဖုံး။ အဲဒီလိုတွေ တမျိုး တမျိုးပြောင်းပြောင်းပြီးတော့ အသင့်ဖန်ဆင်းပြီးသား ဖြစ်နေတယ်တဲ့။

ဒါဖြင့် ကောင်းပြီ။ အောက်ခြေက ကြည့်လိုက်ရတာ တိုင်ပေါင်း ရှစ်သောင်းလေးထောင်နဲ့ အဲဒီပေါ်ခင်းထားတဲ့ ကြမ်းပျဉ်တွေက ရွှေပျဉ်၊ ငွေပျဉ်၊ ကြောင်မျက်ရွဲပျဉ်၊ ဖလ်ပျဉ်။ လှေကားတွေက ရွှေလှေကား၊ ငွေလှေကား၊ ကြောင်မျက်ရွဲလှေကား၊ ဖလ်လှေကား။

အဲဒီအပေါ်မှာ တင်ထားတဲ့ တိုက်ခန်းပေါင်းက ဘယ်လောက်ရှိသလဲ ဆိုတော့-

ဓမ္မေ အာနန္ဒ ပါသာဒေ စတုရာသီတိ ကူဋာဂါရသဟဿာနိ အဟေသုံ စတုန္နံ ဝဏ္ဏာနံ။

ချစ်သား အာနန္ဒာ။ ဓမ္မပါသာဒပြာသာဒ်ပေါ်မှာ စုလစ်မွန်းချွန် အထွတ်တင်တဲ့ အခန်းပေါင်းက ရှစ်သောင်းလေးထောင်ရှိခဲ့တယ်။ အဆင်း အားဖြင့် လေးမျိုးနော်။

တခုသော တိုက်ခန်းက ရွှေတိုက်ခန်း၊ဟိုတခုက ငွေတိုက်ခန်း၊ ဟိုတခုက ကြောင်မျက်ရွဲတိုက်ခန်း၊ ဟိုတခုက ဖလ်တိုက်ခန်း။

ဒါဖြင့် အဲဒီတိုက်ခန်းတိုင်း တိုက်ခန်းတိုင်းမှာ ဘာတွေရှိသလဲလို့ ဆိုတော့-

http://www.dhammadownload.com



သောဝဏ္ဏမယေ ကူဋာဂါရေ ရူပိယမယော ပလ္လင်္ကော ပညတ္တော အဟောသိ။

သောဝဏ္ဏမယေ= ရွှေဖြင့်ပြီးသော။ ကူဋာဂါရေ= စုလစ်မွန်းချွန် အထွတ်တင်သော ပြာသာဒ်တိုက်ခန်း၌။ ရူပိယမယော= ငွေဖြင့်ပြီးသော။ ပလ္လင်္ကော= ပလ္လင်သည်။ ပညတ္တော= အသင့်ခင်းထားသည်။ အဟောသိ= ဖြစ်ပြီ။

ရွှေတိုက်ခန်း၌ ငွေပလ္လင်၊ ငွေတိုက်ခန်း၌ ရွှေပလ္လင်၊ ကြောင်မျက်ရွဲ တိုက်ခန်းမှာတော့ ဆင်စွယ်ပလ္လင်၊ ဖန်တိုက်ခန်းမှာတော့ စန္ဒကူးနှစ်ဖြင့် ပြီးတဲ့ပလ္လင်လို့၊ တိုက်ခန်းတိုင်း တိုက်ခန်းတိုင်းမှာလဲ သလွန်တွေ ရှစ်သောင်းလေးထောင် အသင့်ရှိသတဲ့။

ဒီတင်လားဆိုတော့ -

သောဝဏ္ဏမယဿ ကူဋာဂါရဿ ဒွါရေ ရူပိယမယော တာလော ဌိတော အဟောသိ။

ရွှေတိုက်ခန်းရှေ့က ငွေထန်းပင်ကြီးပေါက်လို့။ အဲဒီငွေထန်းပင်မှာ ပင်စည်ကား ငွေသား၊ အရွက်နှင့် အသီးတို့ကား ရွှေသားစတိ။ ငွေတိုက်ခန်းရဲ့ရှေ့မှာ ရွှေထန်းပင်ကြီး ပေါက်လို့၊ ပင်လုံးက ရွှေသား၊ အရွက်နဲ့ အသီးတို့ကား ငွေသား၊ ကြောင်မျက်ရွဲတိုက်ခန်းရဲ့ရှေ့မှာ ဖလ်ထန်းပင်ကြီးပေါက်လို့၊ ပင်လုံးက ကြောင်မျက်ရွဲအသား၊ အသီးတွေ အရွက်တွေက ဖန်သားတွေ။

ဒါဖြင့် ကောင်းပြီ။ ဓမ္မပါသာဒပြာသာဒ်ကြီးမှာ တိုက်ခန်းပေါင်း ရှစ်သောင်းလေးထောင်ရှိခဲ့တယ်။ အဲဒီတိုက်ခန်းတိုင်း တိုက်ခန်းတိုင်း၏ ရှေ့မျက်နှာစာက ရွှေထန်းပင် ငွေထန်းပင် ကြောင်မျက်ရွဲထန်းပင် ဖလ် ထန်းပင်ဆိုတဲ့ ထန်းပင်တွေဟာ မူတမျိုး တမျိုးနဲ့ ကြည့်ကောင်းအောင် ရှုကောင်း အောင်ပေါက်နေပြီ။ အသာက်ရှိနေပြီဆိုပါစို့။

http://www.dhammadownload.com



## ရတနာ့ထန်းတော

အဲဒီမှာ တိုးပြီးတော့ မဟာသုဒဿနမင်းတရားရဲ့ စိတ်တော်မှာ ဘယ်လိုအကြံ ဖြစ်သလဲလို့ ဆိုတော့-

ယံနူနာဟံ မဟာဝိယူဟဿ ကူဋာဂါရဿ ဒွါရေ သဗ္ဗသောဝဏ္ဏမယံ တာလဝနံ မာပေယျံ၊ ယတ္ထ ဒိဝါဝိဟာရံ နိသီဒိဿာမိ။

ယတ္ထ= အကြင် ရွှေသားစတိပြီးသော ထန်းတော၌ အဟံ= ငါသည်။ ဒိဝါဝိဟာရံ= နေ့သန့်ဖွယ်နေခြင်းကို။ နိသီဒိဿာမိ= နေထိုင်အံ့ ။။ မဟာဝိယူဟဿ= မဟာဝိယူဟအမည်ရသော။ ကူဋာဂါရဿ= ငွေပြာသာဒ်မ၏။ ဒွါရေ= တံခါး၌။ သဗ္ဗသောဝဏ္ဏမယံ= အလုံးစုံ ရွှေဖြင့်ပြီးသော။ တာလဝနံ= ထန်းတောကို။ မာပေယျံ- ဖန်ဆင်းရမူ။ ယံနူန= ကောင်းလေစွ လို့-

မဟာသုဒဿနအလောင်းတော်ရဲ့ စိတ်သန္တာန်မှာ ဤသို့အကြံ ဖြစ်တယ်။ မဟာ ဝိယူဟခေါ်တဲ့ ငွေနန်းမပြာသာဒ်တော်၏ ရှေ့တည့်တည့်မှာ ရွှေစင်ရွှေသားဖြင့်ပြီးတဲ့ ရွှေထန်းတောကြီး ဖန်ဆင်းရမူကောင်းလေစွ။ အဲဒီ ရွှေထန်းတောကြီးမှာ ငါကား နေ့သန့်၍ သူတော်တရား အားထုတ်နေမယ်။

အဲဒီအကြံဖြစ်သည်နှင့် တပြိုင်နက် မဟာဝိယူဟ ငွေပြာသာဒ်မရဲ့ ရှေ့တည့်တည့်မှာ ရွှေထန်းတောကြီး ပေါက်ခဲ့ပြီ။ နေ့စဉ်နေ့စဉ် အဲဒီထန်းတောထဲမှာ ဆင်းပြီးတော့ သူတော်တရား အားထုတ်ရင်း နေ့သန့်သတဲ့။

ကိုင်း ... ကောင်းပြီ၊ ရှေ့ကလဲပဲ ထန်းတောကြီးက ရွှေထန်းတော။ ရှေးတုန်းကတော့ စာထဲမှာ ထန်းပင်ဟာ တယ်ပြီးတော့ အရေးကြီးတယ် နော်။ အသက်လဲရှည်တယ်။ ထန်းပင်ဟာ အမှိုက်လဲ မရှုတ်ဖူးလေ။ ပြည့်ပြည့်စုံစုံ ထန်းတောကြီးနဲ့ ဆိုလို့ရှိယင် ဘေးဆီးရန်ကာလဲရတယ်။ အရိပ်လဲပဲ သူ့အထိုက်အလျောက်ပေးတယ်။ သူကကျလာတဲ့ အရွက်ဟာ

http://www.dhammadownload.com



အိမ်အမိုးအဖြစ် သုံးနိုင်တယ်။ ဘယ်နေရာမှ လွှင့်ပစ်ရတဲ့ ပစ္စည်းမဟုတ်ဖူးနော်။ ဟာ– အိမ်နား ကျောင်းနား ကပ်စိုက်ပြန်တော့၊ အမြစ်ကနေပြီး မန်ကျည်းပင် တို့လို တိုက်တွေဘာတွေ ခွဲပစ်မလား၊ ဒီလိုလဲ မရှိဖူးနော်။ သူ့အမြစ်ကလေးက ဘေးနား တတောင် နှစ်တောင် ပတ်ဝန်းကျင်လေးပဲ။ ဘေးရန်လည်း သူ့မှာမရှိဖူး။ အဲဒီတော့ ထန်းပင်ဟာ တာဝန်ပေါ့တယ်။ အင်မတန်အရေးကြီးတဲ့အပင်။

ကိုင်း ရွှေထန်းတောကြီးဖြင့် မဟာဝိယူဟာခေါ်တဲ့ ငွေပြာသာဒ်မရဲ့ ရှေ့မှာ ပေါ်ပြီးပြီ။ စိတ်ကြံတာနဲ့ အလိုလိုပေါ်လာတာပဲနော်။

### ရွှေဇာကွန်ယက်ငွေဇာကွန်ယက်

ဒါဖြင့် အဲဒီ ဓမ္မပါသာဒပြာသာဒ်မှာ ဘာတွေများရှိသေးတုန်း ဆိုတော့ –

ဓမ္မော အာနန္ဒ ပါသာဒေါ ဒွီဟိ ကိင်္ကိဏိကဇာလေဟိ ပရိက္ခိတ္တော အဟောသိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ဓမ္မော ပါသာဒေါ= ဓမ္မပြာသာဒ်ကို၊ ဒွီဟိ ကိင်္ကိဏိကဇာလေဟိ= ခြူဆွဲလဲ(ဆည်းလည်း) ကွန်ယက်နှစ်မျိုးတို့ဖြင့်။ ပရိက္ခိတ္တော= ခြံရံအပ်သည်။ အဟောသိ= ဖြစ်ပြီ။

ဧကံ ဇာလံ သောဝဏ္ဏမယံ ဧကံ ရူပိယမယံ။

ခြူကွန်ယက်တွေဟာ နှစ်မျိုးရှိတယ်။ တခုသောကွန်ယက်ကား ရွှေကွန်ယက်၊ တခုသောကွန်ယက်ကား ငွေကွန်ယက်။ ရွှေဇာဖျဉ် ငွေဇာဖျဉ် ကောင်းကင်က ဖုံးလျက်အုပ်လျက်ရှိတယ်။ ရွှေဇာဖျဉ် ရွှေကွန်ယက်မှာ ငွေခြူတွေဆွဲလျက်၊ ငွေဇာဖျဉ် ငွေကွန်ယက်မှာ ရွှေခြူတွေဆွဲလျက်။ အဲဒီရွှေခြူငွေခြူတို့မှ လေတိုက်ခတ်လို့ မြည်လာတဲ့ အသံကား တူရိယာငါးပါးရဲ့ အသံကဲ့သို့ သာလဲသာယာတယ်၊ နှစ်သက်ဖွယ်လဲရှိတယ်။ တနေ့လုံးနားထောင်သော်လဲ နားမညောင်းပဲရှိတယ်။ ကြားရသမျှ ပုဂ္ဂိုလ်တွေရဲ့ စိတ်သန္တာန်မှာ ငါလိုလူ ဇမ္ဗူမှာရှိသေးသလားလို့

http://www.dhammadownload.com



မာန်မာနယစ်ခြင်းကို ဖြစ်စေတတ်တယ်။

## မျက်စိကိုတုန်လှုပ်စေခြင်း

ဤနည်းဖြင့် ဓမ္မပါသာဒပြာသာဒ်ကြီးက ပြီးခဲ့ပြီ။ အဲဒီပြီးတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးကို အရပ်လေးမျက်နှာက ကြည့်လိုက်ပြီဆိုယင် ဘယ်လိုမြင်နေရတုန်း– လို့ဆိုတော့–

နိဋ္ဌိတော ခေါ ပနာနန္ဒ ဓမ္မော ပါသာဒေါ ဒုဒ္ဒိက္ခော အပဟာသိ မုသတိ စက္ခူနိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ နိဋ္ဌိတော= အလုံးစုံပြီးမြောက်ခဲ့သော။ ဓမ္မော ပါသာဒေါ= ဓမ္မပါသာဒပြာသာဒ်ကြီးသည်။ ဒုဒ္ဒိက္ခော= အကြည့်ရခက်သည်။ အပဟာသိ=ဖြစ်ပြီ။ (အရပ်လေးမျက်နှာကကြည့်ယင် ဘာပြုလို့ဆိုတော့) စက္ခူနိ= ကြည့်ကြည့်သမျှသော လူအပေါင်းတို့၏ မျက်စိတို့ကို။ မုသတိ= တလျှပ်လျှပ်တုန်လှုပ်စေ၏။

မျက်စိကို အငြိမ်မပေးဘူးတဲ့။ မျက်စိကိုတလျှပ်လျှပ်တုန်လှုပ်စေတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးကပြီးခဲ့ပြီ။ လောကဥပမာ ဘာလိုလဲဆိုတော့ ယခုတန်ဆောင်မုန်းလအခါ ကောင်းကင်မှာတက်တဲ့နေကို သေသေချာချာ ကြည့်စမ်း။ ကြည့်လို့အင်မတန်ခက်တယ်၊ သိပ်ပြီးရဲရဲမကြည့်ဝံ့ဖူး။ အရောင်တွေတဖျတ်ဖျတ်ထွက်နေလို့ ကြည့်တဲ့ပုဂ္ဂိုလ်တွေရဲ့ မျက်လုံးကို တုန်လှုပ်စေသလို ဓမ္မပါသာဒပြာသာဒ်လဲပဲ ကြည့်တဲ့ပုဂ္ဂိုလ်တွေအတွက် အရောင်တွေတလက်လက်ထွက်နေလို့ ကြည့်ဖို့ရန်မလွယ်ဖူးတဲ့။ ရဲရဲတင်းတင်းမကြည့်ဝံ့ဖူး။ ကြည့်ပြန်ယင်လဲမျက်စိကိုတလျှပ်လျှပ် တုန်လှုပ်စေခဲ့တယ်။

အထခေါ အာနန္ဒ ရညော မဟာသုဒဿနဿ ဧတဒဟောသိ။

အာနန္ဒ= ချစ်သားအာနန္ဒ။ အထခေါ= ဤသို့ဓမ္မပါသာဒနန်းမပြာသာဒ်ကြီးတည်ဆောက်ပြီးတဲ့အခါကာလ၌။ (တကာယ်တည်တာ တကယ်ဆောက်တာမှတ်ဖူးနော်။ ဘုန်းကံအရှိန်ဖြင့် မြေမှာပေါက်တည်

http://www.dhammadownload.com



ဆောက်ပြီးတဲ့ကာလ၌)။ ရညောမဟာသုဒဿနဿ= မဟာသုဒဿန စကြာမင်းတရားအား။တော့ ဧသော ပရိဝိတက္ကော= ဤသို့သောအကြံသည်။ အပေါဒသိ= ဖြစ်ခဲ့ပြန်ပြီ။

## ဓမ္မရေကန်တော်

ဘယ်လိုများ ဖြစ်ခဲ့ပြန်ပလဲလို့ဆိုတော့ –

ယံနူနာဟံ ဓမ္မဿ ပါသာဒဿ ပုရတော ဓမ္မံ နာမ ပေါက္ခရဏိံ မာပေယျံ။

အဟံ= ငါသည်။ ဓမ္မဿ ပါသာဒဿ= ဓမ္မပါသာဒ နန်းမပြာသာဒ်ကြီး၏။ ပုရတော= ရှေ့တည့်တည့်၌။ ဓမ္မံ နာမ ပေါက္ခရဏိံ= ဓမ္မအမည်ရှိတဲ့ရေကန်ကြီးကို။ မာပေယျံ= ဖန်ဆင်းရမူ။ ယံနူန= ကောင်းလေစွ။

ဓမ္မပါသာဒနန်းမပြာသာဒ်ကြီး၏ ရှေ့တည့်တည့်ကပြာသာဒ်နဲ့ အလျားအနံညီမျှတဲ့ ဓမ္မပေါက္ခရဏီကြီးဖန်ဆင်းရမူကောင်းလေစွ၊ ဖြစ်ပေါ်လာမူကောင်းလေစွ။

ဤအကြံဖြစ်လိုက်သည်နှင့် တပြိုင်နက် ဓမ္မပါသာဒနန်းမပြာသာဒ်၏ ရှေ့တည့်တည့်မှာဓမ္မပေါက္ခရဏီဆိုတဲ့ ရေကန်ကြီးပေါ်နော်။ ထောင့်လေးထောင့်ကျတဲ့ရေကန်ကြီး။ အလျားတစ်ယူဇနာ၊ အနံအားဖြင့် ယူဇနာဝက်။ အုတ်တွေက ရွှေအုတ်ကယ်၊ ငွေအုတ်ကယ်၊ ကြောင်မျက်ရွဲအုတ်ကယ်၊ ဖလ်အုတ်ကယ်စီလို့။ စောင်းတန်းလှေကားတွေကလဲပဲ ဓမ္မပါသာဒပြာသာဒ်ကြီးလို နှစ်ဆယ့်လေးချောင်း စောင်းတန်းလှေကားတွေတွယ်လျက်၊ ...တ်တိုင်တွေအားကပတ်လျက်ရံလျက်။ ရွှေပွတ်တိုင်၊ငွေပွတ်တိုင်ပတ်လျက် ရံလျက်၊ အဲဒီလိုရံတဲ့အပြင် ပြင်ဖက်က လှည့်ပြီးတော့ ဘာတွေပေါက်နေပြန်သလဲဆိုတော့ ထန်းပင်ကြီး ခုနှစ်စဉ်ခုနှစ်တန်း ဝိုင်းလျက်ရံလျက်၊ ပထမထန်းပင် ထန်းစဉ်အတန်းကား ရွှေထန်းပင်၊ ရွှေထန်းစဉ်။ ဒုတိယကား ငွေ။ တတိယကား ကြောင်မျက်ရွဲ။ စတုတ္ထကား ဖလ်။ ပဉ္စမမှာ

http://www.dhammadownload.com



ပတ္တမြား နီ။ ဆဋ္ဌမမှာ ပတ္တမြားပြောက်။ သတ္တမမှာ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ ထန်းပင်အစဉ်ထန်းပင်တံတိုင်းကြီး ခုနစ်ထပ်ရံလျက်ကာလျက်ရှိတယ်။ သေသောက်ကြူးတို့သည် ထိုထန်းလက်သံတို့ဖြင့် လက်မြှောက်ခြေမြှောက် မြူးပျော်ကခုန်ကြပါတယ်။

မဃပေါက္ခရဏီခေါ်တဲ့ရေကန်ကြီး ပြီးပြီဆိုတဲ့အခါ –

**မဃပါသာဒနန်းမသို့တက်တော်မူခြင်း**

နိဋ္ဌိတေ ခေါ ပနာနန္ဒ မဃေ ပါသာဒေ နိဋ္ဌိတာယ မဃာယ စ ပေါက္ခရဏိယာ ရာဇာ မဟာသုဒဿနော "ယေ တေန သမယေန သမဏေသု ဝါ သမဏသမ္မတာ ဗြာဟ္မဏေသု ဝါ ဗြာဟ္မဏသမ္မတာ" တေ သဗ္ဗကာမေဟိ သန္တပ္ပေတွာ မဃံ ပါသာဒံ အဘိရုဟိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ မဃေ ပါသာဒေ= မဃပါသာဒနန်းမပြာ သာဒ်ကြီးသည်။နိဋ္ဌိတေ စ=ပြီးလတ်သော်လည်းကောင်း။ မဃာယ ပေါက္ခရဏိယ= မဃပေါက္ခရဏီအမည်ရသော ရေကန်ကြီးသည်။ နိဋ္ဌိတာယ စ= ပြီးလတ်သော်လည်းကောင်း။ရာဇာမဟာသုဒဿနော= မဟာသုဒဿန စကြဝတေးမင်းတရားသည်။ တေန သမယေန= ထိုစဉ်ကာလ၌။ သမဏေသု=ရဟန်းတို့၌။ သမဏသမ္မတာ= ရဟန်းသူမြတ်ဟု သမုတ် အပ်ကုန်သော။ ယေဝါ= အကြင်ရဟန်းတော်တို့သည်လည်းကောင်း။ ဗြာဟ္မဏေသု= ဗြာဟ္မဏပုဏ္ဏားတို့၌။ ဗြာဟ္မဏသမ္မတာ= မြတ်သော ဗြာဟ္မဏဟု သမုတ်အပ်ကုန်သော။ ယေ ဝါ= အကြင်သူတို့သည် လည်းကောင်း။သန္တိ=ရှိကြကုန်၏။ တေ= ထိုမြတ်သောရဟန်းပုဏ္ဏားတို့ကို။ သဗ္ဗကာမေဟိ= အလုံးစုံသော ရဟန်းပရိက္ခရာ၊ ဗြာဟ္မဏပရိက္ခရာ တို့ဖြင့်။ သန္တပ္ပေတွာ= ရောင့်ရဲစေ နှစ်သိမ့်စေ ပေးလှူခဲ့မှု၍။ မဃံပါသာဒံ= မဃပါသာဒနန်းမ ပြာသာဒ်သို့။ အဘိရုဟိ= တက်ခဲ့လေပြီ။

ပြာသာဒ်တက်မင်္ဂလာပေါ့နော်။ အခုကျောင်းအပ်မင်္ဂလာ ကျောင်း တက်မင်္ဂလာလို မဃပါသာဒပြာသာဒ်မသို့ ပြာသာဒ်တက်မင်္ဂလာကျင်းပတဲ့

http://www.dhammadownload.com



အခါ၌ ထိုစဉ်ကာလက ထင်ရှားရှိကြတဲ့ သမဏဗြာဟ္မဏ သူတော်ကောင်းတွေ ပင့်ဖိတ်ပြီးသကာလ ရဟန်းသာမဏေအမည်ခံတဲ့ ပုဂ္ဂိုလ်တို့အား ရဟန်းပရိက္ခရာ ဗြာဟ္မဏပရိက္ခရာတို့ဖြင့် ရောင့်ရဲနှစ်သိမ့်အားရစေ၍ လှူဒါန်းပြီးသကာလ ဓမ္မပါသာဒပြာသာဒ်ကြီးကို ကြီးစွာသောအခမ်းအနားဖြင့် ပြာသာဒ်တက်မင်္ဂလာကျင်းပခဲ့ပြီ။ ဓမ္မပါသာဒပြာသာဒ်ကို တက်တော့ စိတ်ထဲမှာအာရုံပြုထားနော်။ မဟာသုဒဿနမင်းတရားကြီး ဓမ္မပါ သာဒ ပြာသာဒ်ကိုတက်တဲ့အခန်း မြတ်စွာဘုရားဘယ်လို သရုပ်ဖော်ထားသလဲဆိုတော့–

အထ ခေါ အာနန္ဒ ရာဇာ မဟာသုဒဿနော ဓမ္မံ ပါသာဒံ အဘိရုဟိတွာ ယေန မဟာဝိယူဟံ ကူဋာဂါရံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ မဟာဝိယူဟဿ ကူဋာဂါရဿ ဒွါရေ ဌိတော ဥဒါနံ ဥဒါနေသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထခေါ= ထိုသို့ပြာသာဒ်တက်မင်္ဂလာကျင်းပသောအခါကာလ၌။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿနမင်းတရားသည်။ ဓမ္မံ ပါသာဒံ အဘိရုဟိတွာ= ဓမ္မပါသာဒနန်းမပြာသာဒ်ပေါ်သို့တက်၍။ ယေန= အကြင်အရပ်၌။ မဟာဝိယူဟံကူဋာဂါရံ= မဟာဝိယူဟအမည်ရတဲ့ အလုံးစုံငွေဖြင့်ပြီးသော ခန်းမဆောင်သည်။ အတ္ထိ= ရှိ၏။ တေန= ထိုမဟာဝိယူဟ အမည်ရတဲ့ငွေခန်းမဆောင်သို့။ ဥပသင်္ကမိ= ကြွတော်မူလေပြီ။

ပြာသာဒ်တော်ပေါင်း ရှစ်သောင်းလေးထောင်၊ အခန်းတော်ပေါင်း ရှစ်သောင်းလေးထောင်ရှိတဲ့အနက်က မဟာဝိယူဟခေါ်တဲ့ ငွေခန်းမဆောင်သို့ ရှေးရှုကြွမြန်းခဲ့ပြီ။

ဥပသင်္ကမိတွာ= ချဉ်းကပ်၍။ မဟာဝိယူဟဿ ကူဋာဂါရဿ= မဟာဝိယူဟ အမည်ရသော ငွေခန်းမဆောင်၏။ ဒွါရေ= တံခါးဝ၌။ ဌိတော= ရပ်တည်လျက်ပင်လျှင်။ ဥဒါနံ ဥဒါနံ=ဤဥဒါန်းကို။ ဥဒါနေသိ= ကျူးရင့်ခဲ့လေပြီ။

http://www.dhammadownload.com



ငွေခန်းမဆောင် တံခါး၀ရပ်ပြီးတော့ မတ်မတ်ခိုင်ကျည် တည်တည် ကြီးဖြင့် –

"တိဋ္ဌ ကာမဝိတက္က၊ တိဋ္ဌ ဗျာပါဒဝိတက္က၊ တိဋ္ဌ ဝိဟိံသာဝိတက္က။"

ကာမဝိတက္က= ဟယ် ကာမဝိတက်။ တိဋ္ဌ= နင်ကား ရပ်လော့၊ တော်လော့။ ဗျာပါဒ ဝိတက္က= ဟယ် ဗျာပါဒဝိတက်။ တိဋ္ဌ= နင်ကား ရပ်လော့၊ တော်လော့၊ နေရစ်လော့။ ဝိဟိံသာဝိတက္က= ဟယ်ဝိဟိံ သာဝိတက်။ တိဋ္ဌ= နင်ကားရပ်ရစ်လော့၊ နေရစ်လော့၊ တော်ရစ်လော့။

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဆိုတဲ့ ဝိတက်သုံးပါး အယုတ်တရားတို့– ဤဗိမာန်ကားသင်တို့ရဲ့ စံရာမဟုတ်။ ဗျာနာဂါရခေါ်တဲ့ ဈာန်တရားပွားများအားထုတ်ဖို့ရန် ဘုံဗိမာန်ဖြစ်တယ်။ ဟောဒီ တံခါးက နေပြီး နင်တို့ နေရစ်ခဲ့တော့၊ မလိုက်ခဲ့နဲ့၊ ငါ့သန္တာန် မလိုက်ပါခဲ့နဲ့။

ဧတ္တာဝတာ ကာမဝိတက္က၊ ဧတ္တာဝတာ ဗျာပါဒဝိတက္က၊ ဧတ္တာဝတာ ဝိဟိံသာဝိတက္က။

ကာမဝိတက္က= ယုတ်မာလှစွာသော ဟဲ့ ကာမဝိတက်။ တယာ= သင်သည်။ဧတ္တာဝတာ= ဤမျှဖြင့်။ နိဝတ္တိတဗ္ဗံ= နစ်ရစ်လော့၊ နေရစ်လော့။

ဗျာပါဒဝိတက္က= ယုတ်မာလှသော ဟဲ့ ဗျာပါဒဝိတက်။ တယာ= သင်သည်။ ဧတ္တာဝတာ= ဤမျှဖြင့်။ နိဝတ္တိတဗ္ဗံ= နစ်အပ်၏၊ နစ်ရမည်၊ နေရစ်ရမည်။

ဝိဟိံသာဝိတက္က=ဟယ် ယုတ်မာလှသော ဝိဟိံသာဝိတက်။ တယာ= သင်သည်။ ဧတ္တာဝတာ= ဤမျှဖြင့်။ နိဝတ္တိတဗ္ဗံ= နစ်အပ်၏၊ နစ်ရမည်၊ နေရစ်ရမည် လို့ ကြပ်ကြပ်တည်းတည်း အမိန့်ပေးခဲ့တယ်။

ဆိုလိုရင်းက– မဟာဝိယူဟခေါ်တဲ့ ငွေပြာသာဒ်ဆောင်မ၊ ငွေခန်းမဆောင်မအဝကပင်လျှင် အသက်ရှိတဲ့ပုဂ္ဂိုလ်တွေကို အမိန့်ပေး သလို–

http://www.dhammadownload.com



"ဟယ် ကာမဝိတက်၊ဟယ် ဗျာပါဒဝိတက်၊ဟယ် ဝိဟိံသာဝိတက်– သင်တို့ကား ဤနေရာမှာပင်နေရစ်လော့။သင်တို့သည် ဤနေရာကပင် နစ်ရစ်လော့။ ငါ့နောက် မလိုက်ခဲ့ကြနဲ့။ယခု ငါဝင်မဲ့ ဘုံဗိမာန်ကား ရာနဘူမိ–ခေါ်တဲ့ရာန်အိမ်၊ သင်တို့နဲ့အတူနေမဲ့ အိမ်မဟုတ်ဖူး" လို့ ရဲရဲရင့်ရင့် ဝင့်ဝင့်စားစား ဥဒါန်းကျူးပြီးတော့ ကာမ,ဗျာပါဒ,ဝိဟိံသာဆိုတဲ့ အကုသိုလ်ဝိတက်သုံးပါးကို အဲဒီတံခါးဝကနေပြီးပယ်ရှားပစ်ခဲ့ပြီ။

## ကသိုဏ်းပွားများခြင်း

ပယ်ရှားပြီးတော့ မဟာဝိယူဟကူဋာဂါရဆိုတဲ့ ငွေခန်းမဆောင် အတွင်းဝင်ရောက်၊ ရွှေဖြင့်ပြီးတဲ့ပလ္လင်တော်ပေါ်မှာ ကြွရောက်၍ ထက်ဝက် ဖွဲ့ခွေ နေတော်မူခဲ့။

ကြည့်လိုက်တယ်ဆိုတော့ အဲဒီခန်းမပြာသာဒ်ထဲမှာ ငွေခန်းမဆောင် ထဲမှာ နီလာကသိုဏ်းခေါ်တဲ့ကသိုဏ်းဝန်း ကြည့်ချင်သပဆိုယင် နီလာကျောက်ညိုတွေကလဲ အလိုလိုပေါ်လျက်၊ပီတကသိုဏ်းကို ကြည့်ချင် တယ်ဆိုတော့ ရွှေပလ္လင်နဲ့တကွ ရွှေပန်းတွေ။ လောဟိတကသိုဏ်းကို ကြည့်ချင်တယ်ဆိုတော့ ပတ္တမြားတွေ။ဩဒါတ ကသိုဏ်းကို ကြည့်ချင်တယ် ဆိုတော့ နံရံကငွေနံရံတွေ။ဘယ်မှကသိုဏ်းအတွက် သီးခြားပရိကံအလုပ် လုပ်နေရတယ်မရှိဘူး။

## ရာန်ချမ်းသာခံစားခြင်း

မဟာသုဒဿန စကြာမင်းတရားသည် နီလကသိုဏ်း၊ ပီတ ကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်းဆိုတဲ့ ကသိုဏ်း လေးမျိုးကိုမိမိအလိုရှိရာ လှည့်ကာလှည့်ကာဖြင့်ကြည့်၍ ကသိဏပရိကမ္မ ဘာဝနာပွားများ၊ ပွားများပြီး နေထိုင်လို့ မကြာမြင့်မီကာလအတွင်းမှာပင် မဟာသုဒဿနစကြာမင်းတရားဘယ်လိုဖြစ်သွားလဲဆိုတော့ –

အထ ခေါ အာနန္ဒ ရာဇာ မဟာသုဒဿနော မဟာဝိယူဟံ ကူဋာဂါရံ ပဝိသိတွာ သောဝဏ္ဏမယေ ပလ္လင်္ကေ နိသိန္နော ဝိဝိစ္စေဝ

http://www.dhammadownload.com



ကာမေဟိဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထခေါ= ထိုသို့ဝိတက်သုံးပါး အယုတ်တရားကို မြစ်တားခဲ့ပြီးသော အခါကာလ၌။ ရာဇာ မဟာသုဒဿန နော= မဟာသုဒဿန စကြဝတေးမင်းတရားသည်။ မဟာဝိယူဟံ ကူဋာဂါရံ= မဟာဝိယူဟအမည်ရတဲ့ ငွေခန်းမဆောင်အတွင်းသို့။ ပဝိသိတွာ= ဝင်၍။ သောဝဏ္ဏမယေ ပလ္လင်္ကေ= ရွှေအတိပြီးသောပလ္လင်၌။ နိသိန္နော= ထိုင်နေတော်မူသည်ရှိသော်။ ကာမေဟိ= ဝတ္ထုကာမတို့မှ။ ဝိဝိစ္စေဝ= ဆိတ်၍သာလျှင်။ အကုသ လေဟိ ဓမ္မေဟိ= အကုသိုလ် တရားတို့မှ။ဝိဝိစ္စေဝ= ချုပ်၍သာလျှင်။ သဝိတက္ကံ သဝိစာရံ= ဝိတက်ဝိစာရဈာန်အင်္ဂါနှစ်ပါးလည်းရှိသော။ ပီတိသုခံ= ပီတိသုခနှင့်ယှဉ်ထသော။ ဝိဝေကဇံ= ကာမတရားတို့မှ ဆိတ်ခြင်းကြောင့် ဖြစ်ပွားပေထသော။ ပဌမံ ဈာနံ= ရူပါဝစရပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ= ပြည့်စုံစေ၍။ ဝိဟာသိ= နေခဲ့လေပြီ။

ဘုန်းကြီးစကားတွေ၊ စာစကားတွေ၊ တရားစကားတွေဖြစ်နေတဲ့ အတွက် ရတ်တရက် နားမလည်ဖူးတော့မရှိလိုက်နဲ့။ မဟာဝိယူဟငွေခန်းမ ဆောင်အတွင်းကို ရောက်ပြီးသကာလ ရွှေပလ္လင်ပေါ်မှာထိုင်၍ ကသိုဏ်း ပရိကံပွားများအားထုတ်တာ ခဏအတွင်းမှာပင် ပဌမဈာန်ပေါက်ခဲ့တယ်။ ပဌမဈာန်ဝင်စား၍ နေနိုင်ခဲ့တယ်။ ၎င်းနောက် ဒုတိယဈာန်၊ ၎င်းနောက် တတိယဈာန်၊ ၎င်းနောက် စတုတ္ထဈာန်ဆိုတဲ့ ရူပါဝစရပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အစဉ်အတိုင်းရပြီး ဈာန် လေးပါးကို အဲဒီမဟာဝိယူဟငွေခန်းမဆောင်၌ အားရအောင်ဝင်စား၊ အဲဒီမှာ ရူပါဝစရဈာန်လေးပါးအားရအောင် ဝင်စားပြီးသကာလ –

အထ ခေါ အာနန္ဒ ရာဇာ မဟာသုဒဿနော ယေန သောဝဏ္ဏမယံ ကူဋာဂါရံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ရူပိယမယေ ပလ္လင်္ကေ နိသိန္နော မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟာသိ။

http://www.dhammadownload.com



အာနန္ဒ= ချစ်သား အာနန္ဒာ။ အထခေါ=ထိုသို့ ငွေခန်းမဆောင်ဝယ်။ ရှုပါဝစရရျာန်လေးပါး ဝင်စား၍ပြီးသောအခါကာလ၌။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿနမင်းတရားသည်။ ယေန= အကြင်အရပ်၌။ သောဝဏ္ဏမယံ ကူဋာဂါရံ= အလုံးစုံရွှေစတိုပြီးသော ရွှေခန်းမဆောင်သည်။ အတ္ထိ= ရှိ၏။ တေန=ထိုရွှေစတိုပြီးသော ရွှေခန်းမဆောင်သို့။ ဥပသင်္ကမိ= ချဉ်းကပ်လေပြီ။ ဥပသင်္ကမိတွာ= ချဉ်းကပ်ပြီး၍။ ရူပိယမယေ= ငွေဖြင့်ပြီးသော။ ပလ္လင်္ကေ= ပလ္လင်၌။ နိသီဒ္ဓော= နေလျက်။

မဟာဝိယူဟ ငွေခန်းမဆောင်ကထွက်ခဲ့။ ရူပါဝစရရျာန်လေးပါး၊ရျာန်လေးပါး ပင်စားလို့ အားရပြီဆိုတော့ မဟာဝိယူဟငွေခန်းမဆောင်မှ ထွက်ပြီး ရွှေခန်းမဆောင်သို့ သွားခဲ့ပြီ။

## ဗြဟ္မဝိဟာရရျာန်ကိုပွားများခြင်း

ရွှေခန်းမဆောင်အတွင်းမှာ အသင့်ခင်းထားတဲ့ ငွေပလ္လင်တော်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီး သကာလ–

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟာသိ။

အပ္ပနာရျာန်ပေါက်ဖြစ်တဲ့ မေတ္တာရျာန်ဖြင့် အရှေ့အရပ်၊နောက်တဖန် အနောက်အရပ်၊ နောက်တဖန် တောင်၊ နောက်တဖန် မြောက်– အဲဒီလို တရပ်တရပ် တရပ်တရပ်နဲ့.–

တထာ ဒုတိယံ တထာ တတိယံ တထာ စတုတ္ထံ။ ဣဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဈေန ဖရိတွာ ဝိဟာသိ။

အရှေ့ အနောက် တောင် မြောက်ဆိုတဲ့ အရပ်လေးမျက်နှာ။ အထက်အရပ်၊ အောက်အရပ်၊ ဖီလာကန့်လန့်မှာ အနန္တစကြဝဠာရှိသမျှ သတ္တဝါတွေကိုမေတ္တာရျာန် စိတ္တုပ္ပါဒ်ဖြင့် ဖြန့်ဖြူး၍ နေတော်မူခဲ့တယ်။ တလှည့်။

http://www.dhammadownload.com



မေတ္တာဈာန်သမာပတ် ဝင်စားရာကထပြီးသကာလ– ကရုဏာဈာန်သမာပတ်ဖြင့် အရှေ့အနောက် တောင်မြောက် အထက်အောက် ဖီလာ– ဆိုတဲ့ အရပ်လေးမျက်နှာ၊ အရပ်ဆယ်မျက်နှာ၊ အနန္တစကြဝဠာ သတ္တဝါတွေကို ကရုဏာဈာန်သမာပတ်ဖြင့် ဖြန့်ဖြူးပြီးတော့ နေခဲ့ပြီ။

အဲဒီ ကရုဏာဈာန်သမာပတ်မှ ထတဲ့အခါ မုဒိတာ။ အဲဒီမှထတဲ့အခါ ဥပေက္ခာဈာန်သမာပတ်ဖြင့် မဟာသုဒဿနစကြာမင်းဟာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အောက်အထက်ဖီလာဆိုတဲ့ စကြဝဠာကို ဗြဟ္မစိုရ်တရားလေးပါး အပ္ပနာပေါက်တဲ့ ဈာန်တရားတို့ဖြင့် ဖြန့်ပြီးတော့ (တိုက်ရိုက်တဲ့တိုးပြောကြပါစို့လေ) ဗြဟ္မဝိဟာရတရား လေးပါးဖြင့်လဲ နေတော်မူခဲ့ပြီ။

အဲဒီအချိန်စပြီးတော့နော် ပါဠိတော်မှာတိုက်ရိုက်လာတာက ရူပါဝစရဈာန်လေးပါးနဲ့ ဗြဟ္မဝိဟာရဈာန်လေးပါးတို့လာတယ်။ အဋ္ဌကထာက ဒီနေရာမှာ ရူပါဝစရဈာန်လေးပါးတင်မဟုတ်ဖူး၊ အရူပါဝစရဈာန်လေးပါးလဲရတယ်၊ အဘိညာဉ်ငါးပါးလဲရခဲ့တယ်လို့ ဆိုတယ်။

မဟာသုဒဿနစကြာမင်းတရားကား အဲဒီဓမ္မပါသာဒပြာသာဒ်ပေါ်၌ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါး၊ ဗြဟ္မဝိဟာရဈာန်လေးပါးဖြင့် နေတော်မူခဲ့ပြီ။

## အဘယ်ကောင်းမှုအကျိုးပါနည်း

ပြန်ပြီးတော့ စဉ်းစားလိုက်အုန်းနော်။ အားလုံး တရားနာတဲ့ပုဂ္ဂိုလ်တွေ အလောင်းတော်မဟာသုဒဿနစကြာမင်းဟာ ဓမ္မပါသာဒပြာသာဒ်ပေါ် တက်တဲ့အခါ ဓမ္မပါသာဒ ပြာသာဒ်မြေကို နင်းမိသည်နှင့်တစ်ပြိုင်နက် အကြံအစည်ဖြစ်ခဲ့တယ်။ ဘယ်လိုဖြစ်ခဲ့သလဲ–

ကိဿ နု ခေါ မေ ဣဒံ ကမ္မဿ ဖလံ ကိဿ ကမ္မဿ ဝိပါကော။ ယေနာဟံ ဧတရဟိ ဧဝံမဟိဒ္ဓိကော ဧဝံမဟာနုဘာဝေါ။

ယေန= အကြင်ကောင်းမှုကုသိုလ်ကံဖြင့်။ အဟံ= ငါသည်။

http://www.dhammadownload.com



ဣဒါနိ= ယခုအခါ၌။ ဇဝံမဟိဒ္ဓိကော= ဤမျှတန်ခိုးကြီးပေ၏။ ဇဝံမဟာနုဘာဝေါ= ဤမျှကြီးသောအာနုဘော်ရှိပေ၏။ ဣဒံ ဖလံ= ဤအကျိုးသည်။ အယံ ဝိပါကော= ဤအကျိုးသည်။ ကိဿ ကမ္မဿ= အဘယ်ကောင်းမှုကုသိုလ်စု၏။ ဖလံ= အကျိုးပါလိမ့်နည်း။။ဝိပါကော= အကျိုးပါလိမ့်နည်း။

ငါ ဤမျှတန်ခိုးအာနုဘော်ကြီးရတာ ဘယ်ကောင်းမှုကုသိုလ်ရဲ့ အကျိုးများဖြစ်ပါလိမ့်– လို့ ဓမ္မပါသာဒပြာသာဒ်မသို့ တက်စဉ်ကာလက စဉ်းစားခဲ့တယ်။ အဲဒီလိုစဉ်းစားတဲ့အခါမှာ ကိုယ်တော်မြတ်၏သမ္မဇဉ် ဉာဏ်အမြင်ဖြင့် အတိတ်ဘဝဘဝကပြုခဲ့တဲ့ ဒါနကောင်းမှု၊ ဥပေါသထ သီလကောင်းမှု၊ အဲဒီကောင်းမှုနှစ်ပါးကိုမြင်ခဲ့တယ်။

အတိတ်ဘဝ

ဘယ်ဘဝက ကျင့်သုံးခဲ့တဲ့ ကုသိုလ်ကောင်းမှု၊ ဘယ်ဘဝကပြုခဲ့တဲ့ ဥပုသ်ကောင်းမှု၊ ဘယ်ဘဝက ဆောက်တည်ခဲ့တဲ့ သီလကောင်းမှုလဲလို့ ဆိုတော့ အလောင်းတော်မဟာသုဒဿနစကြဝတေးမင်းမဖြစ်မီ ကဿပမြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်က မထေရ်သူမြတ်တစ်ပါးဟာ တောကျောင်းမှာနေတော်မူခဲ့တယ်။

အဲဒီအချိန်အခါမှာ အလောင်းတော် မဟာသုဒဿနမင်းတရားရဲ့ အလောင်းဖြစ်တဲ့ ဘုရားအလောင်းသူတော်ကောင်းဟာ သူကြွယ်တစ်ယောက် အမျိုးမှာဖြစ်ပြီးတော့ တစ်စုံတစ်ခုပြုရန်ကိစ္စဖြင့် တောအရပ်သို့ သွားခဲ့တယ်။တောထဲရောက်တဲ့အခါ တောကျောင်းနေ မထေရ်သူမြတ်ကို တွေ့မြင်တော့ မထေရ်သူမြတ်ရဲ့နေရာ၊ မထေရ်သူမြတ်ရဲ့ထိုင်ရာတွေ ကြည့်ပြီးတော့ (ကျောင်းမရှိသေးဖူးနော်) မထေရ်သူမြတ်ထံ ချဉ်းကပ် ပြီးတော့ –

ဣဓေဝ ဘန္တေ အယျော ဝသတိ။

ဘန္တေ= အရှင်မြတ်ဘုရား။ အယျော=အရှင်သူမြတ်သည်။ ဣဓ=

http://www.dhammadownload.com



ဤအရပ်၌။ ဝသတိ= နေတော်မူပါသလား။

အရှင်ဘုရား ဤတောအရပ်မှာသီတင်းသုံး နေထိုင်တော်မူပါသလားလို့ မေးမြန်း လျှောက်ထားတဲ့အခါ၊ မထေရ်သူမြတ်က- အာမ ဥပါသက= ဟုတ်ပေတယ် ဒါယကာ လို့ ပြန်ကြားမိန့်ဆိုတဲ့အခါ -

အယျဿ ပဏ္ဏသာလံ ကာတုံ ဝဋ္ဋတိ။

အယျဿ= ဤအရှင်သူမြတ်အတွက်။ ပဏ္ဏသာလံ= သစ်ခက်မိုးတဲ့ကျောင်းကို။ ကာတုံ= ပြုခြင်းငှာ။ ဝဋ္ဋတိ= သင့်၏ လို့ စိတ်အကြံဖြစ်တယ်။

**သစ်ရွက်မိုးကျောင်းကလေး**

ဘာလို့လဲလို့ဆိုတော့ အဲဒီတုန်းက သစ်သားကျောင်းကြီး မဆောက်နိုင်သေးဘူးနော်။ အုတ်တိုက်ကြီးဆိုတာ အဲဒီခေတ်က ရှိနိုင်တာမဟုတ်ဘူး။ အဲဒီတော့ အဲဒီခေတ်က ရလွယ်တယ်၊ ဖြစ်လွယ်တယ်၊ မိမိရဲ့အဆင့်အတန်းနဲ့ လိုက်လျောတဲ့ဟာက သင်္ခမ်းကျောင်း၊ သစ်ရွက်မိုးတဲ့ကျောင်းကလေး တစ်ဆောင်ဖြင့် ဆောက်လုပ်လှူဒါန်းရလျှင်ဖြင့် ကောင်းလေရဲ့၊ အရှင်သူမြတ်အတွက် သစ်ရွက်မိုးကျောင်းကလေးဆောက်လုပ်ဖို့ရန် ငါသင့်တယ် တော်တယ်လို့ အကြံပြုပြီးတော့ဘုရားအလောင်းဖြစ်တဲ့ အမျိုးကောင်းသားသည် မိမိပြုလုပ်ရန်ကိစ္စကို အပထား တောထဲဝင်ရောက် ကောထဲကသစ်တို့ တောတိုင် ကလေးများခုတ်ပြီးတော့ပေါ့နော်၊ အဲဒီမထေရ်သူမြတ်အတွက် သစ်ရွက်မိုးကျောင်းကလေးဆောက်ခဲ့ပြီ။

ဘေးကထရံကိုဘိတ္တိခေါ်တဲ့ မြေညက်တို့ဖြင့် လိမ်းကျံ၍အုတ်အဟန်၊ အင်္ဂတေအဟန်ပေါက်ခဲ့ပြီ။ တံခါးလေးများလဲတပ်ခဲ့ပြီ။ သစ်သားအခင်းကလေး(ကွပ်ပျစ်ကလေး) များလဲခင်းပြီးပြီ။ခင်းပြီးတော့ မထေရ်သူမြတ်ရွာထဲ ဆွမ်းခံကြွတဲ့အချိန်မှာ သူပြုစရာရှိတဲ့သင်္ခမ်းကျောင်းပတ်ဝန်းကျင်ပြုပြုသမျှတွေ အကုန်လုံးပြုစရာရှိတဲ့ ကိစ္စအဝဝကို သင်္ခမ်းကျောင်းလေးပြီးပြီဆိုပါစို့။

ငါ့အရှင်သူမြတ်သည် ငါဆောက်တဲ့ သင်္ခမ်းကျောင်းမှာ သီတင်းသုံးမှ

http://www.dhammadownload.com



သုံးပါ့မလား။ ကရိဿတိ န ခေါ ပရိဘောဂံ၊ န ကရိဿတိ=သုံးဆောင်မှု ပြုတော်မူမှ မူပါ့မလားလို့ အကဲခတ်ပြီးတော့ သင့်အပ်လျောက်ပတ်တဲ့ အရပ်ကနေ၊ တောကျောင်းနေ မထေရ်သူမြတ် ရွာတွင်းက ပြန်လာ၊ ဘုရားအလောင်း ဆောက်လုပ်လှူဒါန်းတဲ့ သင်္ခမ်းကျောင်းလေး ထဲမှာ ခင်းထားတဲ့ ဖျာပ်ပျစ်ကလေးပေါ် ချမ်းချမ်းသာသာ မထေရ်သူမြတ် သီတင်းသုံးနေတာမြင်တော့ မထေရ်သူမြတ်ထံမှောက် ချဉ်းကပ်ပြီးတော့–

ဖာသုကာ ဘန္တေ ပဏ္ဏသာလာ။

ဘန္တေ= အရှင်မြတ်ဘုရား။ ပဏ္ဏသာလာ=တပည့်တော် ဆောက်လုပ် လှူဒါန်းတဲ့ သစ်ခက်မိုးတဲ့ကျောင်းသည်။ ဖာသုကာ= ချမ်းသာပါရဲ့လား ဘုရား။

တပည့်တော်ဆောက်လုပ်လှူဒါန်းတဲ့ သင်္ခမ်းကျောင်းဟာ ချမ်းသာရဲ့ လား– လို့ မေးတော့

ဖာသုကာ ဘဒ္ဒမုခ ပဗ္ဗဇိတသာရုပ္ပါ။

ဘဒ္ဒမုခ= မျက်နှာရွှင်ပြတဲ့ ဥပါသကာ။ဖာသုကာ= ချမ်းသာ ပါပေ၏။ ပဗ္ဗဇိတသာရုပ္ပါ= ရဟန်းတော်တို့နှင့် လျောက်ပတ်လှပါပေ၏။

ချမ်းသာပါတယ်ဒကာ၊ရဟန်းတော်တို့နဲ့ အင်မတန်လျောက်ပတ်တဲ့ ကျောင်းကလေးပါပဲလို့ အဲဒီလိုဆိုရင်ပဲ သင်္ခမ်းကျောင်းဒါယကာပြုလုပ်တဲ့ ဘုရားအလောင်းတော်က– ဝသိဿထ ဘန္တေ ဣဓ= အရှင်ဘုရား ဤကျောင်းမှာ နေမှာလားဘုရား။အာမ ဥပါသကာ။ အိမ်း နေမယ် ဥပါသကာ။

## ကျောင်းတင်မင်္ဂလာ

ဟောဒီလို ဆရာကော တိုတိုပဲနော်။ ဘယ်လောက်လွယ်ကူသလဲဆို အရှင်ဘုရား၊ တပည့်တော်ရဲ့ သင်္ခမ်းကျောင်းမှာ သီတင်းသုံးတော်မူမှာလား။ အေး– ကောင်းပြီ၊ သီတင်းသုံးမယ်။ ဒါနဲ့ပဲ ကျောင်းအပ်ခြင်းကိစ္စ ပြီးပါတယ်။

http://www.dhammadownload.com



ကနေ့ ကျောင်းအပ်တယ်ဆိုတော့ အခုမြို့မကျောင်းမှာ ဘုန်းကြီးက ကျောင်းတိုက်ထဲရောက်နေလို့ သိပ်ဒုက္ခမများဖူးနော်။ မန္တလေးကသာ ဘုန်းကြီးကို ပင့်ရမယ်ဆိုယင် ဒီဒကာတွေ ဝက်ဝက်ကွဲတယ်။ ဝက်လက် မြို့တော့ ဝက်ဝက်ကွဲရအုန်းမှာပဲ။ အင်မတန် ခဲခဲယဉ်းယဉ်းပင့်ရတယ်။

အခု တောကျောင်းကလေးဟာ ဘယ်လောက်လွယ်သလဲ။ အရှင်ဘုရား တပည့်တော်ရဲ့ကျောင်းမှာ သီတင်းသုံးတော်မူမှာလား။အာမ ဥပါသကာ=ကောင်းပြီ ဒါယကာကြီး- လို့ ဒါနဲ့ပဲ ကျောင်းတင်ခြင်း ကိစ္စ ပြီးသွားတယ်။

## ပဋိညာဉ်တောင်းခံခြင်း

ပြီးသွားပြီးတဲ့နောက် ကျောင်းဒကာက ကျောင်းက ဆရာဘုန်းကြီး အပေါ် ဘယ်လိုတာဝန်ယူလိုက်သလဲ ပဋိညာဉ် တောင်းလိုက်သလဲ ဆိုတော့-မယုံ ဃရဒွါရံ အာဂန္တဗ္ဗံ= တပည့်တော်ရဲ့ အိမ်တံခါးမှာ အမြဲမပြတ် ဆွမ်းခံကြွဖို့တဲ့။

အဲဒီလို ပဋိညာဉ်တောင်းလို့ရပြီ ဆိုတဲ့အခါမှာ-ဇက် မေ ဘန္တေ ဝရံ ဒေထ။ အရှင်ဘုရား၊ တပည့်တော်ကို ဆုတစ်ခုတော့ သနားမှပဲ။လို့ အဲဒီလို လျှောက်ထားတဲ့အခါ မထေရ်သူမြတ်က-အတိက္ကန္တ ဝရာ ဥပါသက ပဗ္ဗဇိတာ=

ဒကာ- တဲ့၊ ရဟန်းတော်ဆိုတာ ဘာဆုပေးတယ်၊ ညာဆုပေးတယ်၊ ရွာဆုပေးတယ်၊ ယာဆုပေးတယ်၊ လယ်ဆုပေးတယ်- ဆိုတဲ့ အဲဒီလို ဆုပေးခြင်းအမျိုးမျိုးမှ လွတ်မြောက်ခဲ့တယ်။ ရွာဆုပေးရအောင် ရွာလဲ မရှိ၊ ယာဆုလယ်ဆုပေးရအောင် ယာလဲမရှိ လယ်လဲမရှိ၊ ဒီတော့ ကျောင်းဒကာက-ဘန္တေ ယဉ္စ ကပ္ပတိ၊ ယဉ္စ အနဝဇ္ဇံ= အရှင်ဘုရား အပ်လဲအပ်တယ်၊ အပြစ်လဲမရှိတဲ့ဆု ပေးရမှာပါ ဘုရားလို့- လျှောက်တယ်။

ဒီတော့ တောကျောင်းနေမထေရ်သူမြတ်က-ဝဒေဟိ ဥပါသက=

http://www.dhammadownload.com



ဆိုစမ်းပါဒကာ၊ သင်လိုချင်တဲ့ဆု။

ပြောပါတဲ့ အပြစ်မရှိအပ်တဲ့ ဆုဆိုယင် ပြောပါတော့–

ဘန္တေ နိဗဒ္ဓဝသနဋ္ဌာနေ နာမ မနုဿာ မင်္ဂလေ ဝါ အမင်္ဂလေဝါ အာဂမနံ ဣစ္ဆန္တိ။

ဘန္တေ= အရှင်သူမြတ်ဘုရား။ နိဗဒ္ဓဝသနဋ္ဌာနေ နာမ= အမြဲသိတင်းသုံးရာဌာနဖြစ် မည်သည်ကား။ မနုဿာ= ကျောင်းဒါယကာဖြစ်တဲ့လူတို့သည်။ မင်္ဂလေ ဝါ= မိမိအိမ်မှာ မင်္ဂလာရှိသော အခါ၌ဖြစ်စေ။ အမင်္ဂလေဝါ= အမင်္ဂလာ ဖြစ်ပေါ်သောအခါ၌ ဖြစ်စေ။ အာဂမနံ= လာရောက်ခြင်းကို။ ဣစ္ဆန္တိ= အလိုရှိကြပါကုန်၏။

အရှင်ဘုရားလူတွေဟာ အင်မတန်မှသဘောနတယ်နော်။ အမြဲမပြတ်မိမိကျောင်း၌ နေတဲ့ပုဂ္ဂိုလ်ကို မင်္ဂလာပွဲရှိတဲ့အခါဖြစ်ဖြစ်၊ အမင်္ဂလာပွဲဖြစ်တဲ့အခါမှာဖြစ်ဖြစ်၊ မိမိအိမ်ကို လာတာကို ဖူးမြော်ချင်ကြတယ်၊ မလာလိုရင်စိတ်ဆိုးတတ်တယ်ပေါ့။

အနာဂစ္ဆန္တေ ဿ ကုဇ္ဈန္တိ။

အနာဂစ္ဆန္တေ ဿ= မင်္ဂလာအမင်္ဂလာဖြစ်ပေါ်တဲ့အခါ ကျောင်းကဆရာတော်မလာသည်ရှိသော်။ ကုဇ္ဈန္တိ= အမျက်ထွက်ကြပါကုန်၏။

ဒါဟုတ်တာပဲနော်။ ငါကဖြင့် ကျောင်းကြီးဆောက်ပြီး ကိုးကွယ်ရတာ၊ သူကဖြင့် မျက်နှာလေးမှလာမပြဖူး။ ဤအနေနှင့်အပြစ်တင်တတ်တယ်။ အမျက်ထွက်တတ်တယ် ဘုရားတဲ့။

တသ္မာ အညံ နိမန္တိတဋ္ဌာနံ ဂန္တ္ဝာပိ မယံ ဃရံ ပဝိသိတ္ဝာဝ ဘတ္တကိစ္စံ နိဋ္ဌာပေတဗ္ဗံ။

တသ္မာ = ထို့ကြောင့်။ အညံ = တစ်ပါးသော။ နိမန္တိတဋ္ဌာနံ = ဒကာတို့ ပင့်ဖိတ်တဲ့ အရပ်ဌာနသို့။ ဂန္တ္ဝာပိ=ကြွတော်မူသွားသော်လည်း။ မယံ = အကျွန်ုပ်၏။ ဃရံ = အိမ်သို့။ ပဝိသိတ္ဝာဝ = ဝင်ပြီးမှသာလျှင်။

http://www.dhammadownload.com



ဘတ္တကိစ္စံ= ဆွမ်းကိစ္စကို။ နိဋ္ဌာပေတဗ္ဗံ= ပြီးဆုံးစေသင့်ပါသည်ဘုရား။

အရှင်ဘုရား– တခြားကပင့်လို့ရှိယင် ဘုန်းကြီးမိုလို့ ပင့်ယင် ကြွပါတဲ့။ အဲဒီ တခြားကပင့်တာကို ကြွရသကောလို့ တပည့်တော် အိမ်ကိုတော့ မဝင်ပဲ မရှိပါနဲ့။ အဲဒီကိုကြွတောင်ကြွပြီးပြီ ပြန်လာပြီဆိုယင် တပည့်တော်အိမ်ဝင်ပြီးတော့ ဆွမ်းကိစ္စပြုတော်မူပါ–လို့ အဲဒီလို လျှောက်ထားတယ်။ ခတ်ပြတ်ပြတ်ပဲ။

အဲဒီတော့ မထေရ်သူမြတ်ကလဲ ကောင်းပြီဒကာကြီး။ သူ့ကျောင်းပဲ ထိုင်ပေါ့ကို ဝန်ခံရဲရတော့မှာပေါ့နော်။ ဒီနေရာ ဝန်မခံလို့ရှိယင် ဆရာဒကာ စိတ်ဝမ်းများ မတော်ကွဲသွားလို့ရှိယင် ဘဲ့နှယ်လုပ်မတုန်း။ ဒီတော့ ကောင်းပြီဒကာကြီး ဆိုတဲ့အနေနဲ့ မထေရ်သူမြတ်ကလဲ သည်းခံသာယာခဲ့။ ဆရာဒကာရင်းကြပြီ နီးကြပြီ။

## ရေကန်စသည်လှူခြင်း

အဲဒီလိုရင်းတဲ့နီးတဲ့ အချိန်ကစပြီးတော့ အလောင်းတော်မဟာ သုဒဿနမင်းနဲ့ အလောင်းအလျာဖြစ်တဲ့ အမျိုးကောင်းသားလဲ ကျောင်းဝိုင်း လှည့်ပြီး ကြည့်လိုက်တယ်။

ရေမရှိဖူး၊ ကိုင်း– ရေမရှိလဲ ဒီထဲရေကန်တူးမယ်။ ရေကန်ဖြင့် တူးလိုက်ပြီ။ သခ်မ်းကျောင်းကလေးကို လှည့်ပြီးတော့ ကြည့်လိုက်တယ်။ ဖျာမရှိဖူး၊ ဖျာခင်းခဲ့ပြီ။ ဖျာပေါ်မှာ ဒီအတိုင်း အိပ်သင့်တာမဟုတ်ဖူး။ ခုတင် ခင်းအုန်းမှ၊ဒါမှ လျောင်းနိုင်မယ် အိပ်နိုင်မယ်။ ဟင်– ခုတင်နဲ့လဲ မပြီးသေးဖူး။ ထိုင်ပြီးတော့ ဣရိယာပုထ်ကလေး မျှတဖို့ရန်အတွက် အင်းမျဉ်ခေါ်တဲ့ ကုလားထိုင်လေးလဲ လှူအုန်းမှ။ ဒါလေးလဲလှူပြီးပြီ။ သူစိတ်ကူးရတဲ့ အတိုင်းပေါ့။

အသစ်ထပ်ပြီး ကြည့်လိုက်တယ်၊ တောကျောင်းဆိုတော့ သမင်တွေ က ကျောင်းနေဆရာတော် မထေရ်မြတ် ရွာတွင်းဆွမ်းခံကြွသွားတဲ့အခါ ကျတော့ သခ်မ်းကျောင်းထဲ ဝင်။ နံရံကလေးတွေ ချိုနဲ့ခတ်၊ ရိုက်ထားတဲ့

http://www.dhammadownload.com



ဘိတ္တိခေါ်တဲ့ မြေညက်တွေ ပွတ်ကျ၊ ဒီနည်းနဲ့တော့ မဖြစ်သေးဖူး။ ဟောဒီသိမ်းကျောင်းလေးရဲ့ ပတ်ပတ်လည်အတွင်းမှာဖြင့် ဆူးရုံကလေး ကာအုန်းမှပဲလို့ ဆူးအရုံကလေး ဆူးတပ်ကလေး ကာထားခဲ့တယ်။ ဝါးရယ်၊ အသားရယ်၊ ပန်းပြားရယ်၊ မတတ်နိုင်ဖူး။

နောက်တရက်လာပြီးတော့ ကျောင်းအကဲခတ်ပြန်တော့ သိမ်းကျောင်းမြေထဲ သမင်များ တောကောင်များ မဝင်ခဲ့ဖူး။ ရေကန်ထဲ ဆင်းပြီးတော့ ရေတွေသောက်ပစ်ကြတယ်၊ ရေနောက်အောင်လုပ်ပစ်ကြတယ်။ ကိုင်း ဒါဖြင့်ယင် သူတို့မဆင်းနိုင်အောင်ဆိုပြီးတော့ လေးမျက်နှာ ကျောက်တို့ဖြင့် နံရံကာခဲ့တယ်။ ကျောက်စီရေကန်တည်ခဲ့တယ်။ အဲဒီလို ကျောက်စီရေကန်တည်ပြီးတဲ့အခါတော့– ဒီအတိုင်းဆိုလို့ရှိယင် သမင်တွေ ကိုယ်တိုင်ပင်မဆင်းနိုင်သော်လဲ ရေတော်လို့ဟောဒီလေးထောင့်ကန်ထဲ ခုန်ဆင်းမိလို့ရှိယင်ဖြင့် မတက်နိုင်တော့ဖူး။ သူတို့ အသက်အန္တရာယ် ဖြစ်ချည်ရဲ့ဆိုပြီးတော့ အဲဒီရေကန်ရဲ့ ပတ်ဝန်းကျင်က ဆူးတပ်ကလေး တခါရံပြန်တယ်နော်။

အဲဒီရေကန်ရဲ့ ပတ်ဝန်းကျင်က ဆူးတပ်ရံပြီးတဲ့နောက် နောက်တချိန်၌ ဤရေကန်မှာ ကျရောက်တဲ့ ရေတွေသည် အမြဲတစေ အေးနေပါစေ။ အရိပ်ရပြီးတော့ အေးနေပါစေ၊ သစ်ရွက်တွေကျပြီးတော့ ရေလဲမပုပ်နိုင်အောင် အရိပ်လဲရအောင် စဉ်းစားတဲ့အခါကျတော့ ထန်းပင်စိုက်မှပဲလို့ ရေကန်ရဲ့ပတ်ဝန်းကျင်က ထန်းပင်တွေ လှည့်ပြီးစိုက်ခဲ့တယ်။ သိမ်းကျောင်းလေးရဲ့ပတ်ဝန်းကျင်က ထန်းပင်တွေ လှည့်ပြီးစိုက်ခဲ့တယ်။ သိမ်းကျောင်းလေးရဲ့ ပတ်ဝန်းကျင်က ထန်းပင်တွေ လှည့်စိုက်ခဲ့တယ်။ အရိပ်လဲရစေ နေလဲကာစေ ဤအနေနဲ့ ဝန်းခြံခတ်ခဲ့တယ်။

စင်္ကြံကိုလဲ တံမြက်လှဲခဲ့တယ်။ စင်္ကြံရဲ့အတွင်းမှာ သဲတွေဖြူးခဲ့တယ်။ အဲဒီလို တညီတညွတ် တံမြက်လှဲထားတဲ့နေရာကို သမင်တွေ တောကောင်တွေ လာရောက်ပြီးသကာလ ဖျက်ဖျက်ဆီးဆီး ဒီပေါ်မှာ လျှောက်ကြတယ်။ လှုပ်လက်ကြတဲ့အခါကျတော့ ဘေးကနေပြီးသကာလ ဆူးတပ်ကာရတယ်။ အဲဒီလိုကာပြီးတော့ ပြင်ဖက်က ပြည့်စုံခဲ့ပြီ။

http://www.dhammadownload.com



## ပစ္စည်းလေးပါးလှူခြင်း

သို့သော် ငါ၏ကျောင်းနေမထေရ်သူမြတ်အား သင်္ကန်းပစ္စည်း လှူ၏။ ဆွမ်း ပစ္စည်းလှူ၏၊ ဆေးပစ္စည်းအလိုရှိသမျှ၊ ကျောင်းပစ္စည်း ပစ္စည်းလေးပါး ဒကာခံခဲ့တယ်။ ထိုမှတပါး ရဟန်းတော်၏ အသုံးအဆောင် ဖြစ်တဲ့ အယုတ်သဖြင့်ဆိုလို့ရှိယင်ဖြင့် နားဖာကလော်လေးတိုင်အောင် မျှသော ရဟန်းတော်တို့အား အပ်စပ်သောပစ္စည်းဝတ္ထု အသုံးအဆောင်တွေ လှူခဲ့ပြီ။

အဋ္ဌကထာက သရုပ်တော့ မပြောနိုင်တော့ဖူးတဲ့၊ မှတ်ချက်ချမယ် ဆိုလို့ရှိယင်–

ထေရဿ ဗောဓိသတ္တေန အဒိန္နပရိက္ခာရော နာမ နာဟောသိ။

ထေရဿ= မထေရ်သူမြတ်အား။ ဗောဓိသတ္တေန= ဘုရားအလောင်း သည်။ အဒိန္နပရိက္ခာရော နာမ= မလှူတန်းအပ်သောပရိက္ခရာမျိုးမည်သည်။ နာဟောသိ= မရှိပါ။

ရဟန်းတို့အသုံးအဆောင် ပရိက္ခရာမှန်သမျှ တောကျောင်းနေ မထေရ်သူမြတ်အား ဘုရားအလောင်းက လှူခဲ့တန်းခဲ့သည်သာ။

ဤနည်းဖြင့် အလောင်းတော်ဟာ ထိုမထေရ်သူမြတ်ထံမှာ ကျောင်း ဒကာအဖြစ်နဲ့ အသက်ရှိသမျှကာလပတ်လုံး ပဉ္စသီလကိုဆောက်တည်၊ ဥပုသ်နေ့မှာ အဋ္ဌင်္ဂဥပုသ်ကိုကျင့်သုံး၊ ထိုတောကျောင်းနေ မထေရ်သူမြတ် အား အသက်ထက်ဆုံး ပြုစုခဲ့တယ်။ တောကျောင်းနေမထေရ်သူမြတ်လဲပဲ ထိုတောကျောင်းမှာပင်နေ၍ အရဟတ္တဖိုလ်ရောက်တော်မူ၍ ထိုတော ကျောင်းမှာပဲ ပရိနိဗ္ဗာန်စံတော်မူခဲ့တယ်။

## မဟာသုဒဿနစကြာမင်းဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်ကား ထိုဘဝမှစုတေ၊ နတ်ပြည်သို့သွားရောက်၊ နတ်၏စည်းစိမ်ကိုခံစားပြီးတော့ ထိုနတ်ပြည်မှစုတေရွေ့လျော့ကျလာတဲ့ အခါ လူ့ပြည်ဘဝ၌ ကုသာဝတီနေပြည်အရပ်ဝယ် မဟာသုဒဿနမင်း

http://www.dhammadownload.com



ဖြစ်၍ ယခုပြောခဲ့တဲ့ စည်းစိမ်ဥစ္စာတွေရခဲ့တယ်။

အဲဒီစည်းစိမ်ဥစ္စာတွေရတာ တခါထဲ ဘုရားအလောင်းရဲ့ဉာဏ်ထဲမှာ လင်းလင်းထင်းထင်းကြီးမြင်ခဲ့တယ်နော်။

အော်– ငါယခု စကြာမင်းစည်းစိမ်ကိုရတာ ဘာဖြစ်လို့ပါလိမ့်။ အဲဒီဘ၀ဟုန်းက တောကျောင်းနေမထေရ်သူမြတ်အား ဤကဲ့သို့ သခ်မ်းကျောင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်း၊ ရေကန်တူးလှူခဲ့ခြင်း၊ ထန်းပင်တွေ စိုက်ပျိုးခဲ့ခြင်း၊ ရဟန်းပရိက္ခရာအသုံးအဆောင်တွေ အပြည့်အစုံလှူခဲ့တန်းခဲ့ခြင်းဟူသော ကောင်းမှုကုသိုလ်ကြောင့်လည်းကောင်း၊ ထိုမှတပါး ထိုမထေရ်သူမြတ်ထံမှာ ကျင့်သုံးဆောက်တည်ခဲ့တဲ့သီလတရား ဥပုသ်တရား ဤကောင်းမှုကုသိုလ်ကံကြောင့်လည်းကောင်း၊ ယခုစည်းစိမ်ကိုငါရတာ ပဲလို့ ပိုင်းပိုင်းခြားခြားသိမြင်တော်မူခဲ့တယ်။

ဒါဖြင့် ကုသိုလ်အရင်းခံ၍ရတဲ့ ဓမ္မပါသာဒ ပြာသာဒ်ကြီးပေါ်မှာ ကုသိုလ်ကောင်းမှုကိုပဲ ဆက်ပြီးတော့ပြုလုပ်မယ်၊ အားထုတ်မယ်။ ဤအကြံဖြင့် မဟာဝိယူဟကူဋာဂါရ ငွေနန်းမဆောင်အ၀က ရပ်ပြီးတော့ ကာမ၊ ဗျာ ပါဒ၊ ဝိဟိံ သာ ဆိုတဲ့ ဝိတက်သုံးပါးကို မင်းတို့ဒီနားကနောက် ငါ့နောက်သို့ မလိုက်ခဲ့နဲ့တော့။ ဒီနားကတင် ရပ်တန်းက မောင်တို့ရပ်ကြ။ မိစ္ဆာဝိတက် အကုသိုလ် ဝိတက်သုံးပါးကို ထိုအရပ်မှပင် ပယ်ရှားပြီးတော့ မဟာဝိယူဟကူဋာဂါရပြာသာဒ်အတွင်း၌ ရူပါ၀စရဈာန်လေးပါးရအောင် ကသိုဏ်းပရိကံပွားများအားထုတ်၊ ထိုရူပါ၀စရဈာန်လေးပါးဝင်စား၊ ဝပြီဆိုတော့မှ ရွှေနန်းမအဆောင်သို့ကြွရောက်၍ ငွေပလ္လင်ထက်၌ နေပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရအပ္ပနာဈာန်လေးပါး ပွါးများပြီးတော့ နေခဲ့တယ်။

အလောင်းတော်ဟာ နှစ်ပေါင်းများစွာ ဗြဟ္မဝိဟာရဈာန်တရား၊ အဘိညာဉ်၊ ရူပါ၀စရဈာန်၊ အရူပါ၀စရဈာန်– ဆိုတဲ့ သမာပတ်ရှစ်ပါး ဈာန်တရားတွေနဲ့ပဲ အနုလုံပဋိလုံ အစုံအဆန် ဝင်စားပြီးတော့

http://www.dhammadownload.com



နှစ်ပါင်းကြာညောင်းအောင်နေခဲ့တယ်။ ဘယ်လောက် ကြာသလဲလို့ နောက်ကျမှသိပေါ့။

## စည်းစိမ်တော်များ

ကိုင်း...အလောင်းတော်ရဲ့ စည်းစိမ်တွေကို စစ်ကြစို့။

ဘယ်လောက်ရှိသလဲဆိုတော့ မြတ်စွာဘုရားက– မဟာသုဒဿန စကြာမင်းတရား ရဲ့စည်းစိမ်ဥစ္စာတွေကို တစ်ဆယ့်လေးပုံ ပုံပြတယ်။

ရညော အာနန္ဒ မဟာသုဒဿနဿ စတုရာသီတိ နဂရသ ဟဿာနိ အဟေသုံ ကုသာဝတီရာဇဓာနိပ္ပမုခါနိ။

အာနန္ဒ= ချစ်သား အာနန္ဒာ။ ရညော မဟာသုဒဿနဿ= မဟာသုဒဿနမင်းတရား၏။ ကုသာဝတီရာဇဓာနိပ္ပမုခါနိ= ကုသာဝတီ မင်းနေပြည်အဦး ရှိသော၊ စတုရာသီတိ နဂရသဟဿာနိ= ရှစ်သောင်း လေးထောင်သောမြို့ အပေါင်းတို့သည်။ အဟေသုံ= ဖြစ်ကုန်ပြီ။

မြို့ပေါင်းရှစ်သောင်းလေးထောင်ရှိခဲ့တယ်။ အဲဒီမှာ ကုသာဝတီ မင်းနေပြည်က အဦးအစပဲ။ အဲဒီလို မြို့တိုင်းမြို့တိုင်းမှာလဲ–

ဓမ္မပါသာဒပြာသာဒ်ကြီး အဦးပြုတဲ့ ပြာသာဒ်ပေါင်းက ရှစ်သောင်း လေးထောင်ရှိခဲ့တယ်။

မဟာဝိယူဟာအမည်ရတဲ့ ငွေနန်းမဆောင်အမှူးရှိတဲ့ အဆောင်ပေါင်း က ရှစ်သောင်းလေးထောင်ရှိခဲ့တယ်။

ခင်းပြီးသား ပန်းပွတွေ ကြွရွထနေတဲ့ ဆန်းကျယ်လှသော ပလ္လင် တွေပေါင်း ရှစ်သောင်းလေးထောင်။

ရွှေတန်ဆာတွေ ရွှေကွန်ရက်တွေ အုပ်ဖုံးထားတဲ့ ဥပေါသထ ဆင်မင်း အမှူးပြုတဲ့ ဆင်တော်ပေါင်း ရှစ်သောင်းလေးထောင်။

ရွှေအဆင်းတန်ဆာတွေဆင်ယင်လို့ ရွှေကွန်ယက်တွေအုပ်လို့ ရွှေတံခွန်တွေ စိုက်ထူထားတဲ့ ဝလာဟက မြင်းရတနာ အမှူးပြုတဲ့

http://www.dhammadownload.com



မြင်းရတနာပေါင်း ရှစ်သောင်းလေးထောင်။

ခြင်္သေ့ရေခြုံရံတဲ့ ရထား၊ ကျားရေခြုံရံတဲ့ ရထား၊ သစ်ရေခြုံရံတဲ့ ရထား၊ ပဏ္ဍုကမ္ဗလာဖုံးအုပ်ထားတဲ့ ရထား၊ အဲဒီလိုလေးမျိုးလေးမျိုးသော အဖုံးအအုပ်တို့ဖြင့် လေးမျိုးစီလေးမျိုးစီပြားတဲ့ ဝေဇယန္တာရထားအမှူးပြုတဲ့ ရထားတော်ပေါင်း ရှစ်သောင်းလေးထောင်။

ပတ္တမြားရတနာတွေချည်းပဲ ကျောက်မျက်ရတနာပေါင်းရှစ်သောင်း လေးထောင်။

မဟာသုဘဒ္ဒါဒေဝီအမှူးပြုတဲ့ မိဖုရားရတနာပေါင်း ရှစ်သောင်း လေးထောင်။

သူဌေးရတနာအမှူးရှိသော သူဌေးပေါင်း ရှစ်သောင်းလေးထောင်။

သားကြီးဥပရာဇာ အမှူးပြုတဲ့ နောက်လိုက်ဗိုလ်ပါပေါင်း ရှစ်သောင်း လေးထောင်။

ညစ်တိုင်းနို့ရည်ကို အချိန်မရွေးယိုစီးစေနိုင်တဲ့ နို့တည်ရွှေခွက် အသီးသီး အသင့်ပါပြီးဖြစ်တဲ့ နို့စားနွားမပေါင်း ရှစ်သောင်းလေးထောင်။

ခေါမတိုင်းဖြစ် နူးညံ့တဲ့အဝတ်တွေ၊ ဝါချည်မျိုးထဲက နူးညံ့တဲ့ အဝတ်တွေ၊ ပိုးချည်မျိုးထဲက နူးညံ့တဲ့အဝတ်တွေဖြစ်တဲ့ ဝတ်လဲတော် အစုံပေါင်း ရှစ်သောင်းလေးထောင်။

တနေ့တနေ့လျှင် နံနက်အခါ၌ ရှစ်သောင်းလေးထောင်၊ ညအခါ၌ ရှစ်သောင်းလေးထောင်၊ ရှစ်သောင်းလေးထောင်နှစ်ပြန်ပို့ဆက်အပ်တဲ့ ထမင်းချက်အိုးပေါင်း ရှစ်သောင်းလေးထောင်ရှိတယ်။

ဒါစည်းစိမ်တော်တွေနော်။ နေ့တိုင်းနေ့တိုင်း မဟာသုဒဿန မင်းတရားစံတော်မူတဲ့ ဓမ္မပါသာဒပြာသာဒ်ရဲ့ ရှေ့မှောက်သို့ လာရောက်ပြီး သကာလ ရှစ်သောင်းလေးထောင်သော ဆင်တော်တို့ကား ဆည်းကပ် ကြတယ်၊ ခစားကြတယ်၊ အကြည့်ခံကြတယ်။ နေ့တိုင်းနေ့တိုင်း

http://www.dhammadownload.com



မနက်တခါ ညတခါ အဲဒီလို လာဖန်များတော့ ဘုရားအလောင်းတော်ဖြစ်တဲ့ မဟာသုဒဿနမင်းတရားရဲ့စိတ်ထဲမှာ အသံကညည်းငွေ့လာတယ်၊ ရျာန်ဝင်စားလို့ကောင်းကောင်းမရ၊ အသံတွေက ဆူခဲ့ညံခဲ့တော့ အလောင်းတော် မဟာသုဒဿနမင်းတရားရဲ့ စိတ်ထဲမှာ ဤသို့အကြံဖြစ်တယ်။

ဣမာနိ ခေါ မေ စတုရာသီတိ နာဂသဟဿာနိ သာယံ ပါတံ ဥပဋ္ဌာနံ အာဂစ္ဆန္တိ ။

မေ= ငါ၏အထံသို့။ ဣမာနိ စတုရာသီတိ နာဂသဟဿာနိ= ဤရှစ်သောင်း လေးထောင်သော ဥပေါသထဆင်မင်း အမှူးပြုတဲ့ဆင်ရတနာပေါင်း ရှစ်သောင်းလေးထောင်တို့သည်။ သာယံ ပါတံ= ညချမ်းအခါ နံနက်အခါ၌ ညချမ်းတကြိမ် နံနက်တကြိမ်။ ဥပဋ္ဌာနံ= ဆည်းကပ်ခစားဖို့ရန်။ **အာဂစ္ဆန္တိ** = လာကြကုန်၏။

အဲဒီလို လာတဲ့အတွက် ဆင်သံတွေ ဆူညံနေလို့ ရျာန်ဝင်စားမရတာ ဒုက္ခ။ သို့ရကား ယနေ့မှနောက် ဆင်တော်ပေါင်း ရှစ်သောင်းလေးထောင် မလာပဲနဲ့ လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်စီသည်သာလျှင် အနှစ်တရာ တရာလွန်မြောက်မှ တကြိမ်တကြိမ် ငါ့ထံမှောက်လာရောက်လျှင် ကောင်းလေစွလို့ အဲဒီလို အကြံဖြစ်တယ်။ ဒါဖြင့် စွန့်မဲ့စွန့်လို့ရှိယင်လဲ ဘယ်တော့မှ အဲဒီဆင်တွေ မလာခဲ့နဲ့တော့လို့ ပြောလိုက်ပါတော့လားတဲ့၊ ဒီလိုလဲ မကြံရက်သေးဖူး။ ဘာပြုလို့တုန်းဆိုတော့ ဒီအတိုင်း ဒီဆင်တွေ ငါအလိုမရှိတော့ဖူး၊ ဘယ်တော့မှ ငါထံမှောက် ဒီဆင်တွေ မလာနဲ့လို့ စိတ်အကြံမျိုး ကြံလိုက်လို့ရှိယင် အဲဒီဆင်တော်တွေမှာ ရနေကျဖြစ်တဲ့ အသုံးအဆောင်တွေ၊ ရိက္ခာတွေ ရတော့မှာ မဟုတ်ဘူး။ မဟာသုဒဿနစကြာမင်းက မသုံးတော့ဖူးဆိုတော့–အဲဒီဆင်တွေ ရနေကျရိက္ခာမရနိုင်မှာစိုးလို့ စိတ်ထဲမှာ ဤအကြံမျိုးဖြစ်ပြီးတော့ သားကြီးရတနာဥပရာဇာကို ရှေ့တော်မှောက်ခေါ်–

ဣမာနိ ခေါ မေ သမ္မ ပရိဏာယကရတန စတုရာသီတိ

http://www.dhammadownload.com



နာဂသဟဿာနိ သာယံ ပါတံ ဥပဋ္ဌာနံ အာဂစ္ဆန္တိ။

ချစ်သား သားကြီးရတနာ။ ဥပေါသထဆင်မင်းအမှူးပြုတဲ့ ဆင်တော်ပေါင်းရှစ်သောင်း လေးထောင်တို့သည်ကား နေ့တိုင်းနေ့တိုင်း နံနက်တစ်ကြိမ် ညတစ်ကြိမ် ငါ့ထံမှောက်အဆည်းကပ် ရောက်ကြတယ်။ အဲဒီလို ရောက်ခြင်းဖြင့် ငါ၏စျာန်တရား အနှောက်အယှက် ဖြစ်စေတယ်။

တေနဟိ သမ္မ ပရိဏာယကရတန ဝဿသတဿ ဝဿ သတဿအစ္စယေန ဒွေစတ္တာလီသံ ဒွေစတ္တာလီသံ နာဂသဟဿာနိ သကိံ သကိံ ဥပဋ္ဌာနံ အာဂစ္ဆန္တု။

ထိုသို့ ဆင်တွေ နေ့တိုင်းနေ့တိုင်းလာခြင်းဖြင့် ငါ့အတွက်စျာန်တရား အနှောင့်အယှက်ဖြစ်သောကြောင့် သားကြီးရတနာ ယနေ့က နောက်အနှစ်တစ်ရာလွန်မြောက်မှ တစ်ကြိမ်တစ်ကြိမ်သာလျှင် ဆင်တော်ပေါင်း လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင် တစ်လှည့်စီ လာရောက်၍ ငါ့ထံမှောက် အဆည်းကပ်ဝင်စေလို့ အမိန့်ချမှတ်လိုက်တယ်။

ဧဝံ ဒေဝ =ကောင်းပါပြီအရှင်မင်းတရား။ သားကြီးရတနာက ဝန်ခံ၍ ခမည်းတော်မဟာသုဒဿနမင်းတရားကြီး၏ အမိန့်တော်မြတ် အတိုင်း စီမံခဲ့လို့ နောင်တစ်ချိန်မှာ မဟာသုဒဿနမင်းတရားကြီးထံမှောက် သို့ အနှစ်တစ်ရာတစ်ရာလွန်မြောက်မှ တစ်ကြိမ်တစ် ကြိမ်သာလျှင် ဆင်တော်ပေါင်းလေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်အခစား ရောက်ခဲ့ပြီ။

## မဟာသုဘဒ္ဒါဒေဝီမိဖုရားအခစားလာခြင်း

ဤနည်းဖြင့် ဝတ္ထုအာရုံကာမဂုဏ်တို့ကို တဖြည်းဖြည်းဖြတ်လို့ အကြွင်းနေ့က မဟာသုဒဿနစကြာမင်းတရား (နတ်ရွာလားတာ မှတ်ဖူးနော်) ဗြဟ္မာ့ရွာလားမဲ့နေ့သို့ ရောက်ခဲ့ပြီ။ အဲဒီ ဗြဟ္မာ့ရွာလားမဲ့နေ့ ရောက်လျှင်ပဲ နတ်တွေကနော် –

ရာဇာ အနာထကာလင်္ကိရိယံ မာ ကရောတု။

http://www.dhammadownload.com



ရာဇာ= မဟာသုဒဿနမင်းတရားကြီးသည်။ အနာထကာ လက်ကရိယံ= ကိုးကွယ်ရာမဲ့ တစ်ယောက်အထီးတည်း စုတိပြတ်ကြွေ သေလွန်ခြင်းကို။ မာ ကရောတု= မပြုပါစေလင့်။

ငါတို့အမှတ်တမဲ့နေလို့ရှိယင် မဟာသုဒဿနစကြာမင်းတရားကား ဤဓမ္မပါသာဒပြာသာဒ်အတွင်း မဟာဝိယူဟခေါ်တဲ့ ငွေနန်းမဆောင်မှာပဲ တစ်ဦးတည်းစုတိပြတ်ကြွေ သေလွန်တော်မူရလိမ့်မယ်၊ နတ်ရွာစံရလိမ့်၊ ဗြဟ္မာ့ရွာစံရလိမ့်မယ်–လို့ အဲဒီလိုတစ်ဦးတည်း ကိုးကွယ်ရာမဲ့သလို ဗြဟ္မာရွာ နတ်ရွာမစံပါစေနဲ့။ များစွာသောသားတော်ပေါင်း၊ သမီးတော်ပေါင်း၊ မောင်းမပေါင်းခြံရံ၍ နတ်ရွာစံပါစေ။

ဤအကြံနဲ့ နှစ်ပေါင်း မြောက်များစွာလွန်လို့ နတ်ရွာစံမဲ့နေ့ ဗြဟ္မာ့ရွာစံမဲ့နေ့မှာပင် နတ်တွေက မဟာသုဘဒ္ဒါဒေဝီမိဖုရား ခန္ဓာကိုယ်ထဲ ဝင်ပူးပြီးတော့ အကြံဖြစ်စေတယ်။ ဘယ်လိုအကြံဖြစ်သလဲ။ မဟာသုဘဒ္ဒါ ဒေဝီမိဖုရားရဲ့ စိတ်ထဲမှာ –

စိရံ ဒိဋ္ဌော ခေါ မေ ရာဇာ မဟာသုဒဿနော။

မေ= ငါသည်။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿန မင်းတရားကို။ စိရံ ဒိဋ္ဌော= ဖူးမြင်အပ်ခဲ့သည်မှာကြာခဲ့လေပြီ။ မဖူးမြင်ရသည်မှာကြာသလောက် ဖူးမြင်အပ်ပြီးခဲ့သည်မှာ ကြာခဲ့လေပြီ။ ဖူးမြင်အပ်ခဲ့သည်မှာကြာခဲ့သလောက် မဖူးရသည်မှာလဲ ကြာခဲ့လေပြီ။

ယံနူနာဟံ ရာဇာနံ မဟာသုဒဿနံ ဒဿနာယ ဥပသင်္ကမေယျံ။

အဟံ= ငါသည်။ ရာဇာနံ မဟာသုဒဿနံ= မဟာသုဒဿန မင်းတရားကို။ ဒဿနာယ=ဖူးမြော်ခြင်းငှာ။ ဥပသင်္ကမေယျံ=ချဉ်းကပ်ရပါမူ။ ယံနူန= ကောင်းလေစွ– လို့။

အဲဒီလိုအကြံဖြစ်ပြီးတော့ ရှစ်သောင်းလေးထောင်သောမောင်းမ အပေါင်းကို –

ထေ တုမှေ သီသာနိ နှာယထ ပီတာနိ ဝတ္ထာနိ ပါရုပထ။

http://www.dhammadownload.com



ထေ= သွားကြကုန်။ တမ္ဗေ= သင်တို့သည်။ သီသာနိ= ဦးခေါင်းတို့ကို။ နှာယထ= ဆေးလျှော်ကြကုန်။

သွားကြရှင်မတို့၊ မိမိတို့ခေါင်းများကို ဆေးလျှော်ပစ်ကြအုန်း။ ခေါင်းလျှော်ပစ်ကြအုန်း။ မဟာသုဒဿနမင်းတရား နှစ်သက်တော်မူတဲ့ ရွှေရောင်အဆင်း ဝါဝင်းတဲ့ ဝတ်လဲတော်များကို ဝတ်ခဲ့ကြ၊ ဆင်ခဲ့ကြ၊ ရုံခဲ့ကြကုန်။

မဟာသုဘဒ္ဒါဒေဝီ မိဖုရားညွှန်ကြားတဲ့အတိုင်း မောင်းမအပေါင်း ရှစ်သောင်းလေးထောင်တို့လဲ ဦးခေါင်းဆေးလျှော်၊ ရွှေရောင်အဆင်း ဝါဝင်းတဲ့အဝတ်တွေ ဝတ်ဆင်မြန်းပြီးတော့ မဟာသုဘဒ္ဒါဒေဝီမိဖုရားထံ လာရောက်ညီမျှ စည်းဝေးမိကြပြီ။

အဲဒီအချိန်မှာ မဟာသုဘဒ္ဒါဒေဝီမိဖုရား က သားကြီးပရိဏာယကကို ခေါ်ပြီးတော့—

ကပ္ပေဟိ သမ္မ ပရိဏာယကရတန စတုရင်္ဂိနိံ သေနံ။

သမ္မ ပရိဏာယကရတန= သားချစ်သည်းချာ ပရိဏာယကရတနာ။ စတုရင်္ဂိနိံ သေနံ= အင်္ဂါလေးပါးသော စစ်ကို။ ကပ္ပေဟိ= စီရင်လော့။ စစ်အင်အားလေးပါးရှိတဲ့ စစ်တပ်ကြီးအခုခင်းလော့၊ စီရင်လော့။

စိရံ ဒိဋ္ဌော နော ရာဇာ မဟာသုဒဿနော။

ရာဇာ မဟာသုဒဿနော= မဟာသုဒဿနမင်းတရားကို။ စိရံ ဒိဋ္ဌော နော= ငါတို့ဖူးမြင်ခဲ့ရသည်မှာ ကြာပြီ။

ဖူးမြင်ခဲ့ရသည်မှာ ကြာသလောက်၊ မဖူးမြင်ခဲ့ရသည်မှာ ကြာလှပြီ။

ရာဇာနံ မဟာသဒဿနံ ဒဿနာယ ဥပသင်္ကမိဿာမ။

မဟာသုဒဿနမင်းတရားကို ဖူးမြင်ဖို့ရန် ငါတို့သွားကြမယ်၊ လို့ပြောလျှင်ပဲ၊ ဧဝံဒေဝီ= ကောင်းပါပြီမိဖုရားရတနာလို့ သားကြီးရတနာက ဝန်ခံပြီး စစ်အင်္ဂါ လေးပါးပြင်ဆင်၊ ပြင်ဆင်၍

http://www.dhammadownload.com



ပြီးပါကြောင်း။ သွားဖို့ရန် အချိန်ကို အဂ္ဂဒေဝီမဟေသီ မိဖုရားကြီး သိတော်မူပါမည့်အကြောင်း။ သားကြီးရတနာပြန်ပြောင်း လျှောက်ထားတဲ့ အခါ မဟာသုဘဒ္ဒါဒေဝီ မိဖုရားကား စစ်အင်္ဂါလေးပါး၊ မောင်းမပေါင်း ရစ်သောင်းလေးထောင် တို့နှင့်အတူတကွ ဓမ္မပါသာဒနန်းမ ပြာသာဒ်သို့ သွားခဲ့ပြီ။

ဓမ္မပါသာဒ နန်းမပြာသာဒ်သို့တက်ပြီးတော့ မဟာဝိယူဟာကူဋာဂါရ အမည်ရတဲ့ ငွေနန်းမဆောင်သို့သွား။ ဗြုန်းကနဲ နန်းမဆောင်ထဲ ဝင်မသွား ဝံ့တော့ဖူး။ အဲဒီမဟာဝိယူဟငွေနန်းမဆောင်ရဲ့အဝမှာရှိတဲ့ တံခါးဘောင် ကိုမှီပြီးတော့ ရပ်တည်နေတယ်။ မဟာဝိယူဟငွေနန်းမဆောင်ရဲ့အဝမှာ မဟာသုဘဒ္ဒါဒေဝီမိဖုရားရောက်တော့ ဓမ္မပါသာဒပြာသာဒ်ရဲ့ရှေ့မှာ စစ်အင်္ဂါလေးပါးက ဆူလျက်ညံလျက်သားရှိတော့ မဟာသုဒဿန စကြာမင်းတရားက –

ကိံ နု ခေါ မဟတော ဝိယ ဇနကာယဿ သဒ္ဒေါ။

ကိံ နု ခေါ= ဘယ့်နှယ်ပါလိမ့်။ မဟတော ဇနကာယဿဝိယ= များစွာသောလူအပေါင်း၏။ သဒ္ဒေါ= အသံပါတကား။

ဘယ့်နှယ်လဲ။ များစွာသောလူအပေါင်း၏အသံကဲ့သို့ အသံကြီး ဆူညံလှချည့်ကလား– လို့ မဟာဝိယူဟငွေနန်းမပြာသာဒ်ဆောင် ရွှေပလ္လင်တော်ပေါ်ကဆင်းပြီးတော့၊ တံခါးဝကို မဟာသုဒဿနစကြာ မင်းတရားကြွလာတဲ့အခါ မဟာသုဘဒ္ဒါဒေဝီမိဖုရား တံခါးဘောင်မှီပြီး သကာလ ရပ်တည်နေဟာမြင်တော့ –

ဧတ္ထေဝ ဒေဝိ တိဋ္ဌ မာ ပါဝိသိ။

ဒေဝီ=အဂ္ဂဒေဝီမဟေသီမိဖုရားခေါင်ကြီး။ ဧတ္ထေဝ=ဤအရပ်မှာ ပင်လျှင်။ တိဋ္ဌ=ရပ်တည်လော့။ မာပါဝိသိ=အတွင်းသို့မဝင်ခဲ့နဲ့။

သုဘဒ္ဒါဒေဝီမိဖုရားကြီး၊ အဲဒီတံခါးဘောင်မှာပဲ အဲဒီမှာပဲနေပြီး တော့ အထဲတော့ မဝင်ခဲ့နဲ့။ ဤမဟာဝိယူဟခေါ်တဲ့ ငွေနန်းမဆောင်ကြီးကား

http://www.dhammadownload.com



ရှာနဂါရခေါ်တဲ့ ငါ့ရဲ့ရှာနဝင်စားရာ ဘုံကြီးဖြစ်တယ်။သင်တို့လို အဂ္ဂဒေဝီမဟေသီမိဖုရားများ မောင်းမမိဿံများနဲ့ အတူတကွ နေစရာထိုင်စရာ ဘုံဗိမာန်မဟုတ်ဖူး။

အဲဒီလိုပြောပြီး မင်းချင်းတစ်ယောက်လာခဲ့စမ်း။ ဟောဒီမဟာဝိယူဟ ငွေနန်းမပြာသာဒ်အတွင်းမှာရှိတဲ့ ရွှေပလ္လင်ကြီးယူခဲ့။ မဟာဝိယူဟ ငွေနန်းမဆောင်ရဲ့ ရှေ့တည့်တည့်မှာရှိတဲ့ ရွှေထန်းတောထဲ သွားခင်းစမ်း။ အဲဒီလိုအမိန့်ပေးလို့ မင်းချင်းယောကျ်ား ရွှေပလ္လင်ကြီးကို မဟာဝိယူဟ နန်းမဆောင်ရဲ့ရှေ့တည့်တည့်မှာရှိတဲ့ ရွှေထန်းတောထဲမှာ သွားပြီးခင်းပြီးပြီ။ ခင်းပြီးတဲ့ရွှေပလ္လင်ပေါ်မှာ မဟာသုဒဿနမင်းတရား လက်ယာနံတောင်ဖြင့် ခြသေ့်မင်း၏ လျောင်းခြင်းမျိုးဖြင့် လျောင်းခဲ့ပြီ။

အဲဒီမှာအားလုံးဗိုလ်ညီလာစုံလို့ မဟာသုဒဿနမင်းတရားကို အားလုံး ပရိသတ်တို့ဖူးမြော်ကြတဲ့အခါ အဂ္ဂဒေဝီမဟေသီဖြစ်တဲ့ မဟာသုဘဒ္ဒါမိဖုရားကြီးရဲ့စိတ်ထဲမှာ မဟာသုဒဿန မင်းတရားကို ကြည့်ရတာ ဘယ်လိုအကြံပေါ်လာသလဲဆိုတော့–

ဝိပ္ပသန္နာနိ ခေါ ရညော မဟာသုဒဿနဿ ဣန္ဒြိယာနိ။

ရညော မဟာသုဒဿနဿ= မဟာသုဒဿနမင်းတရား၏။ ဣန္ဒြိယာနိ= မျက်စိ, နား, နှာ, လျှာ, ကိုယ်– ဆိုတဲ့ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ ခေါ= အထူးသဖြင့် ကြည်လင်တောက်ပလှကုန်၏။ (အင်မတန်ကြည်လင် တောက်ပတယ်။)

ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော။

အရေအဆင်းက နေ့တိုင်းထက် ခါတိုင်းထက် အယင်ဖူးမြော်ရတာထက် အယင်ကထက် စင်ကြယ်သန့်ရှင်းလှပေ၏။

မာ ဟေဝ ခေါ ရာဇာ မဟာသုဒဿနော ကာလမကာသိ။

မဟာသုဒဿနမင်းတရားကြီး နတ်ရွာစံတော်မမူပါစေနဲ့၊ အဲဒီလို အကြံဖြစ်တယ်။ ဘာဖြစ်လို့ဒီလိုအကြံဖြစ်ရတုန်းဆိုတော့– သိပ်ပြီးတော့

http://www.dhammadownload.com



လှလို့။

လောကေ သတ္တာနာမ မရဏာသန္နကာလေ အတိဝိယ ဝိရောစန္တိ။

လို့ အဋ္ဌကထာမှာလာတယ်။

လောကေ= လောက၌။ သတ္တာနာမ= သတ္တဝါတို့မည်သည်။ မရဏာသန္နကာလေ= စုတိပြတ်ကြွေ သေခါနီးအခါ၌။ အတိဝိယ= အလွန်လျှင်။ ဝိရောစန္တိ= တင့်တယ်လှပကြကုန်၏။

အရပ်ကတော့ ဒါကိုသေပန်းပွင့်တယ်လို့ ခေါ်တာနော်။

### စည်းစိမ်များနှင့်ဖွဲ့နှောင်စကားလျှောက်ထားခြင်း

မဟာသုဘဒ္ဒါဒေဝီက မဟာသုဒဿနမင်းတရားကို ကြည့်တဲ့အခါ ခါတိုင်းထက် ပိုမိုပြီးတော့လှပတာမြင်တော့ မတော်တဆနတ်ရွာစံသွားချည်ရဲ့။ ဒီတော့ နတ်ရွာမစံအောင်ဟာ သူ၏စည်းစိမ်တွေဖြင့် သူ့ကိုဖွဲ့မှနှောင်မှ စည်းစိမ်တွေဖက်ကို စိတ်တော်ကို ညွတ်အောင်လုပ်မှပဲလို့ ဆိုပြီးတော့ မဟာသုဘဒ္ဒါဒေဝီမိဖုရားကြီးက–

ဣမာနိ တေ ဒေဝ စတုရာသီတိ နဂရသဟဿာနိ ကုသာဝတီရာဇဓာနိပ္ပမုခါနိ၊ ဧတ္ထ ဒေဝ ဆန္ဒံ ဇနေဟိ ဇီဝိတေ အပေက္ခံ ကရောဟိ။

ဒေဝ= အရှင်မင်းကြီး။ ကုသာဝတီရာဇဓာနိပ္ပမုခါနိ= ကုသာဝတီရာဇဓာနီမင်းနေပြည်အဦးပြုကုန်သော။ ဣမာနိ စတုရာသီတိ နဂရသဟဿာနိ= ဤရှစ်သောင်းလေးထောင်သော မြို့တော်တို့သည်။ တေ= အရှင်မင်းတရား၏။ သန္တကာနိ= ဥစ္စာတို့ပါပေ။

ကုသာဝတီမင်းနေပြည်အမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သော မြို့တော်တွေဟာ အရှင်မင်းတရားရဲ့ ပိုင်ဆိုင်ရာမြို့တော်တွေပါ။

ဒေဝ= အရှင်မင်းကြီး။ ဧတ္ထ= ဤရှစ်သောင်းလေးထောင်သော မြို့တော်တို့၌။ ဆန္ဒံ= တပ်မက်တဲ့တဏှာဆန္ဒကို။ ဇနေဟိ= ဖြစ်စေတော်မူ။

http://www.dhammadownload.com



အပေက္ခ= ငဲ့ကွက်တွယ်တာတဲ့ တဏှာလောဘကို။ ကရောဟိ= ပြုတော်မူ။

အရှင်မင်းကြီး ရှစ်သောင်းလေးထောင်သော မြို့တွေကို တွယ်တာ တပ်မက်တဲ့ဆန္ဒအလိုတော်ရှိပါ။ အဲဒီရှစ်သောင်းလေးထောင်သော မြို့တော်တို့အပေါ်မှာ ငဲ့ကွက်တဲ့ စိတ်တော်ညွတ်တော်မူပါ။

ထို့အတူပဲ ဓမ္မပါသာဒအမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သော ပြာသာဒ်အပေါ်၊ မဟာဝိယူဟကူဋာဂါရခေါ်တဲ့ ငွေနန်းမဆောင်အဦးပြုတဲ့ ရှစ်သောင်းလေးထောင်သော ခန်းမဆောင်အပေါ်၊ ပလ္လင်တော်ပေါင်း ရှစ်သောင်းလေးထောင်၊ ဆင်တော်ပေါင်းရှစ်သောင်းလေးထောင်၊ မြင်းတော်ပေါင်းရှစ်သောင်းလေးထောင်၊ ရထားတော်ပေါင်းရှစ်သောင်းလေး ထောင်၊ မဟာသုဘဒ္ဒါဒေဝီခေါ်တဲ့ အတ္တုန့်ပ်မိဖုရားရတနာအမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သောမောင်းမအပေါ်၊ ဂဟပတိရတနာအမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သော သူကြွယ်အပေါ်၊ သားကြီးရတနာအမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သော နောက်လိုက် မင်းအပေါင်းအပေါ်၊ ရှစ်သောင်းလေးထောင်သော နို့ညှစ်နွားမအပေါ်၊ ရှစ်သောင်းလေး ထောင်သော ဝတ်လဲတော်အစုံအပေါ်၊ ရှစ်သောင်းလေးထောင်သော ဆွမ်းအုပ်တော် အပေါင်းတို့၌ အရှင်မင်းကြီးရဲ့စိတ်နှလုံးတော် ညွတ်တော်မူပါ။ ဘောင့်တခြင်းကို အလိုရှိတဲ့ တဏှာဆန္ဒကို ဖြစ်တော်မူပါ-လို့ စီကာပတ်ကုံးလျှောက်ထားတဲ့အခါကျတော့ အလောင်းတော် မဟာ သုဒဿနမင်းတရားက ဘာပြန်ပြီးပြောသလဲ-

ဒီဃရတ္တံ ခေါ မံ တွံ ဒေဝိ ဣဋ္ဌေဟိ ကန္တေဟိ ပိယေဟိ မနာပေဟိ သမုဒါစရိတ္ထ၊ အထ စ ပန မံ တွံ ပစ္ဆိမေ ကာလေ အနိဋ္ဌေဟိ အကန္တေဟိ အပ္ပိယေဟိ အမနာပေဟိ သမုဒါစရသိ။

ဒေဝိ= သုဘဒ္ဒါဒေဝီမိဖုရား။ တွံ= သင်သည်။ မံ= ငါ့ကို။ ဒီဃရတ္တံ= ရှည်မြင့်လှစွာသော ညဥ့်နေ့တို့ပတ်လုံး။ ဣဋ္ဌေဟိ= အလိုရှိအပ်ကုန်သော။ ကန္တေဟိ= နှစ်သက်အပ်ကုန်သော။ ပိယေဟိ=

http://www.dhammadownload.com



ချစ်နှစ်သက်ဖွယ်ကောင်းကုန်သော။ မနာပေဟိ= စိတ်နှလုံး ရွှင်ပြုံးနူးညွတ်စေတတ်ကုန်သော စကားတို့ဖြင့်။ သမုဒါစရိတ္တ= ပြောခဲ့ပြီးဖြစ်ပါ၏။ အထ စ ပန= ထိုသို့ပြောခဲ့ပြီး ဖြစ်ပါလျက်။ ပစ္ဆိမေကာလေ= ယခုနောက်အခါ၌။ တွံ= သင်သည်။ မံ=ငါ့ကို။ အနိဋ္ဌေဟိ= အလိုမရှိအပ်ကုန်သော။ အကန္တေဟိ= မနှစ်သက်ဖွယ်ကောင်းကုန်သော။ အပ္ပိယေဟိ= မချစ်ခင်အပ်ကုန်သော။ အမနာပေဟိ= စိတ်နှလုံးမပွားစေအပ်ကုန်သောစကားတို့ဖြင့်။ သမုဒါစရသိ= ပြောဆိုဘိတကား။

ရှည်လျားစွာသော နှစ်ပေါင်းရှစ်သောင်းလေးထောင်အပြန်အပြန်ဆောင်ခဲ့ကာ ထိုကာလပတ်လုံး ငါ့အပေါ်မှာ ချစ်ခင်ဖွယ်နှစ်သက်ဖွယ် အလိုရှိအပ် သာယာအပ်တဲ့စကားတွေ သင်ပြောပြီးမှ ယခုနောက်ဆုံးပစ္ဆိမကာလမှာ အလိုမရှိအပ်မနှစ်သက်အပ်တဲ့စကားတွေနဲ့ ဘာကြောင့်ပြောရတာတုန်းတဲ့။

ဒီလိုဆိုတော့ မဟာသုဘဒ္ဒါဒေဝီမိဖုရားက –

ကထံ စရဟိ တံဒေဝ သမုဒါစရာမိ။

ဒေဝ= အရှင်မင်းကြီး။ စရဟိ= ယခုပြောဆိုခဲ့အတိုင်းမှ မလျှောက်ထားရလျှင်။ ကထံ= အဘယ်သို့။ သမုဒါစရာမိ= လျှောက်ထားပြောဆိုရပါမည်နည်းဘုရား။

အခုအတိုင်းမှမပြောရယင် အရှင်မင်းတရားအပေါ်မှာဘယ်လိုပြောရမတုန်းဘုရား။ အခုပြောတဲ့စကားဟာ လောကစကား အင်မတန်ကောင်းတယ်။ ရှစ်သောင်းလေးထောင်သောမြို့တော်တွေ စိတ်မှာညွတ်တော်မူပါ။ ရှစ်သောင်းလေးထောင်သော ဓမ္မပါသာဒ ပြာသာဒ်အမှူးရှိတဲ့ ခန်းမဆောင်ပေါင်းရှစ်သောင်းလေးထောင်တို့အပေါ်မှာ အလိုရှိတဲ့ဆန္ဒကိုဖြစ်စေတော်မူပါ။ တွယ်တာတဲ့လောဘကို ပြုတော်မူပါလို့ ဆိုတာဟာလောကအလို အင်မတန်မင်္ဂလာရှိတဲ့စကားပါ။ ဒီလိုမှမပြောရလို့ ရှိယင်ဘယ်လိုပြောရမတုန်းဘုရားလို့ ဆိုတော့။

http://www.dhammadownload.com



တေန ဟိ မံ တွံ ဒေဝ ဇဝံ သမုဒါစရ။

ဒါဖြင့်ယင် သင်မိဖုရား ငါ့ကို ဤကဲ့သို့ပြော။ ဘယ်လိုပြောရမလဲ လို့ ဆိုတော့ -

သဗ္ဗေဟေဝ ဒေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ။

ဒေဝ= အရှင်မင်းကြီး။ သဗ္ဗေဟေဝ=အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ပိယေဟိ= ချစ်နှစ်သက်အပ်ကုန်သော။မနာပေဟိ= စိတ်နှလုံးကိုပွားစေအပ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့်။ နာနာဘာဝေါ= အထူးထူးအပြားပြား ကွဲပြားရခြင်းသည်လည်းကောင်း။ ဝိနာဘာဝေါ= သေကွဲကွဲရခြင်းသည် လည်းကောင်း။ အညထာဘာဝေါ= ဘဝကတ္တား ခြားသောအားဖြင့် ကွဲပြားရခြင်းသည်လည်းကောင်း။ ဘဝိဿတိ= ဖြစ်ပေလိမ့်မည်။

အကွဲကြီးသုံးမျိုးနဲ့ ချစ်နှစ်သက်အပ်တဲ့သတ္တဝါသင်္ခါရတို့နဲ့ ကွဲပြားမှုဟာ မြေလက်ခတ်မလွဲ ကွဲရမှာကေန်ပဲ။

မာ ခေါ တွံ ဒေဝ သာပေက္ခော ကာလမကာသိ။

ဒေဝ= အရှင်မင်းကြီး။ တွံ= အရှင်မင်းကြီးသည်။ သာပေက္ခော= တိုင်းတော်ပြည်တော်ကြငှန်းတော်တို့ကို မြှော်ခေါ်တောင်းတ ငဲ့ကွက်ခြင်း ရှိတော်မူသည်ဖြစ်၍။မာ ကာလမကာသိ= စုတိပြတ်ကြွေ နတ်ရွာစံတော် မမူပါလေနှင့်လို့ အဲဒီလိုပြောရမယ်။

တိုင်းတော်ပြည်တော်စည်းစိမ်တော်တွေကို မြှော်ခေါ်တဲ့ ငဲ့ကွက်တဲ့စိတ်ပြုပြီးတော့ နတ်ရွာစံတော်မမူပါနဲ့။

ဒုက္ခာ သာပေက္ခဿ ကာလံကိရိယာ။

သာပေက္ခဿ= ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ (ဝါ) ငဲ့ကွက်ခြင်း ရှိသောသူ၏။ ကာလံကိရိယာ= စုတိပြတ်ကြွေ သေလွန်ရခြင်းသည်၊ ဒုက္ခာ= ဆင်းရဲလှ၏။

http://www.dhammadownload.com



ဂရဟိတာ စ သာပေက္ခာသ ကာလံကိရိယာ။

ငဲ့ကွက်ခြင်းပြု၍ စုတိပြတ်ကြွေသေလွန်ရခြင်းကို ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်အပ်ပါပေဟယ်-လို့ပြောတယ်။ ဘာပြုလို့လဲဆိုတော့ မိမိရဲ့စီးပွားဥစ္စာတွေကို ငဲ့ကွက်ခြင်းမကင်းမူ၍ သေလို့ရှိယင် ဘာဖြစ်တတ်တုန်းဆိုတော့ –

သာပေက္ခာကာလကိရိယာ ဟိ အတ္တနောဃေဝ ဂေဟေ ယက္ခကုက္ကုရအဇဂေါဏ မဟိံသ မူသိက ကုက္ကုဋဥ္စိကာမင်္ဂုလာဒိဘာဝေန နိဗ္ဗတ္တနကာရဏာ ဟောတိ။

ဟိ= မှန်၏။(ဝါ)ဟိ= အပြစ်ကား။ သာပေက္ခကာလကိရိယာ= ငဲ့ကွက်ခြင်းမကင်းမူ၍ သေရခြင်းသည်။ အတ္တနောဃေဝဂေဟေ= မိမိ၏အိမ်၌ပင်လျှင်။ ယက္ခ=နတ်ဘီလူးလဲ ဖြစ်တတ်တယ်တဲ့။ မိမိရဲ့စီးပွားတွေကိုတွယ်တာတပ်မက်တဲ့ တဏှာလောဘမကင်းပဲ စုတိပြတ်ကြွေသေသွားလို့ရှိယင် မိမိအိမ်မှာပင်လျှင် ယက္ခခေါ်တဲ့ ဘီလူးလဲလာပြီးဖြစ်တယ်။ကုက္ကုရခေါ်တဲ့အိမ်မှာခွေးလဲဖြစ်တတ်တယ်နော်။ တောဒေယျပုဏ္ဏားကြီးဟာ သူ့အိမ်မှာပြန်ပြီးခွေးဖြစ်နေတာရှိတယ်နော်။

အဇ=ဆိတ်လဲဖြစ်တတ်တယ်။ ဂေါဏ= နွားလဲဖြစ်တတ်တယ်။ မဟိံသ=ကျွဲလဲဖြစ်တတ်တယ်။ မူသိက=မြေကြွက်ကြီးလဲဖြစ်တတ်တယ်။ ကုက္ကုဋ= ကြက် ငှက်များလဲ လာပြီးဖြစ်တတ်တယ်။ (ဒါတင်ပဲလား ဆိုတော့ ကိုယ်စွဲလမ်းတဲ့ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာလာပြီးသကာလ) ဥစ္စိကာ= သန်းကလေးများလဲ လာပြီးဖြစ်တတ်တယ်။ သန်း ပြီတ္တာပေါ့။ မင်္ဂုလာဒိ= ကြမ်းပိုးစသည်လဲဖြစ်တတ်တယ်။

ထို့ကြောင့် အဋ္ဌကထာက –

ယက္ခကုက္ကုရအဇဂေါဏမဟိံသ မူသိက ကုက္ကုဋ ဥစ္စိကာ မင်္ဂုလာဒိဘာဝေန= နတ်ဘီလူး, ခွေး, ဆိတ်, နွား, ကျွဲ, မြေကြွက်, ကြက်, သန်း, ကြမ်းပိုးစသည်တို့၏အဖြစ်ဖြင့်။ နိဗ္ဗတ္တနကာရဏ= ဖြစ်ခြင်း၏

http://www.dhammadownload.com



အကြောင်းသည်။ ဟောတိ= ဖြစ်ပါ၏–လို့ ဆိုတယ်။

အဲဒါကြောင့်မို့လို့ သုဘဒ္ဒါဒေဝီ သင်မိဖုရားကြီး၊ သာပေက္ခာကာလံ ကရောဟိ– လို့မပြောပါနဲ့။ တွယ်တာတပ်မက်ခြင်းရှိပြီးတော့ သေရခြင်းဟာ ဤအပြစ် တွေရောက်တတ်ပါတယ်။ အဲဒါကြောင့်မို့လို့ ငါပြောမယ်။

## စည်းစိမ်များမငဲ့ကွက်ရန်လျှောက်ထားခြင်း

ပြောလို့ရှိယင်ဖြင့် –

ဣမာနိ ဒေဝ ဒေဝ စတုရာသီတိ နဂရသဟဿာနိ ကုသာဝတိရာဇဓာနိပ္ပမုခါနိ၊ ဧတ္ထ ဒေဝ ဆန္ဒံ ပဇဟ ဇီဝိတေ အပေက္ခံ မာကာသိ။

ဒေဝ= အရှင်မင်းကြီး။ ကုသာဝတိရာဇဓာနိပ္ပမုခါနိ= ကုသာဝတီ မင်းနေပြည်အမှူး ပြုကုန်သော။ ဣမာနိစတုရာသီတိ နဂရသဟဿာနိ= ဤရှစ်သောင်းလေးထောင်သော မြို့တော်အပေါင်းတို့သည်။ ဟော= အရှင်မင်းတရား၏။ သန္တကာနိ= ကိုယ်ပိုင်ဥစ္စာတို့ပါတည်း၊ ဧတ္ထ= ဤရှစ်သောင်းလေးထောင်သောမြို့တော်တို့၌။ ဆန္ဒံ= တွယ်တာတပ်မက်တဲ့ တဏှာ ဆန္ဒကို။ ပဇဟ= စွန့်တော်မူ။ ဇီဝိတေ= အသက်ရှင်၍နေရခြင်း၌။ အပေက္ခံ= ငဲ့ကွက်ခြင်းကို။ မာကာရောဟိ= ပြုတော်မမူပါလင့်။

ထို့အတူ ဓမ္မပါသာဒအမှူးရှိတဲ့ ပြာသာဒ်တော်ပေါင်း ရှစ်သောင်းလေးထောင်၊ မဟာဗိယူဟဌေနန်းမဆောင်အမှူးရှိတဲ့ ခန်းမဆောင်ပေါင်း ရှစ်သောင်းလေးထောင်၊ ပလ္လင်တော်ပေါင်းရှစ်သောင်းလေးထောင်၊ ဆင်တော်ပေါင်းရှစ်သောင်းလေးထောင်၊ မြင်းတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ရထားတော်ပေါင်းရှစ်သောင်းလေးထောင်၊ ပတ္တမြား ရတနာပေါင်းရှစ်သောင်းလေးထောင်၊ မိဖုရားရတနာပေါင်း ရှစ်သောင်းလေးထောင်၊ ဂဟပတိရတနာအမည်ရှိတဲ့အသုံးအဆောင်ဖြစ်တဲ့ သူကြွယ်ပေါင်းရှစ်သောင်းလေးထောင်၊ သားကြီးရတနာအမှူးရှိတဲ့ နောက်လိုက်မင်းပေါင်းရှစ်သောင်းလေးထောင်၊ နို့စားနွားမပေါင်း ရှစ်သောင်း

http://www.dhammadownload.com



လေးဟောင်၊ ဝတ်လဲတော်အစုံပေါင်းရှစ်သောင်းလေးထောင်၊ နံနက် ရှစ်သောင်းလေးထောင်, ညရှစ်သောင်းလေးထောင်ဆိုတဲ့ အဲဒီ ရှစ်သောင်းလေးထောင်သော ထမင်းအုပ်တော်တို့၌ ဆန္ဒကို ပယ်စွန့်တော် မူပါ၊တွယ်တာတပ်မက်မှုကိုပြုတော်မမူပါနဲ့လို့ အဲဒီလိုသာ သင် လျှောက် ထားရမယ်လို့ မဟာသုဒဿနအလောင်းတော်မင်းတရား မိန့်ကြား လိုက်လျှင်ပဲ မဟာသုဘဒ္ဒါဒေဝီမိဖုရားက သည်းစွာငိုခဲ့တယ်။

မရဲတော့ဖူး။ မဟာသုဒဿနစကြာမင်းကား နတ်ရွာလားတော့မှာ အမှန်ပဲလို့သိပြီးတော့ သည်းထန်စွာငိုကြွေး၍အပြီး ကျစီးလာတဲ့မျက်ရည် တို့ကိုသုတ်လို့၊ သုတ်ပြီးတော့မဟာသုဒဿနမင်းတရား မိန့်ကြားတော်မူတဲ့ အတိုင်း –

သဗ္ဗေဟေဝ ဒေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ။

အရှင်မင်းကြီး၊ ချစ်ခင်အပ်သမျှ၊ နှစ်သက်အပ်သမျှ သတ္တဝါသင်္ခါရ အလုံးစုံတို့နှင့်ပင်လျှင် သေကွဲရှင်ကွဲ ဤနှစ်ကွဲဖြင့် ကွဲကြရမြဲ မြေလက်ခတ် မလွဲ ဖြစ်ပါတယ်။

မာ ခေါ တွံ ဒေဝ သာပေက္ခော ကာလမကာသိ။

အရှင်မင်းကြီး၊ အရှင်မင်းကြီးသည်တိုင်းတော်ပြည်တော် ကြွင်းနန်း စည်းစိမ်တော်တို့၌ တွယ်တာတပ်မက်တဲ့ တဏှာလောဘမကင်းမှု၍ စုတိပြုတ်ကြွေ သေလွန်ခြင်းပြုတော်မမူပါနဲ့။

ဒုက္ခာ သာပေက္ခဿ ကာလံကိရိယာ။

သာပေက္ခပုဂ္ဂိုလ်၏ အဖြစ်နဲ့သေရခြင်းဟာ ဆင်းရဲခြင်းရဲ့ အကြောင်းဖြစ်ပါတယ်။

ဂရဟိတာ စ သာပေက္ခဿ ကာလံကိရိယာ။

စည်းစိမ်ဥစ္စာတွေ တွယ်တာတပ်မက်ငဲ့ကွက်တဲ့ စိတ်မကင်းပဲနဲ့

http://www.dhammadownload.com



သေရခြင်းကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်မြတ်တို့ ကဲ့ရဲ့အပ်ပါတယ်။

ဣမာနိ တေ ဒေဝ စတုရာသီတိ နဂရသဟဿာနိ ကုသာဝတီ ရာဇဓာနိပ္ပမုခါနိ၊ ဧတ္ထ ဒေဝ ဆန္ဒံ ပဇဟ ဇီဝိတေ အပေက္ခံ မာကာသိ။

ကုသာဝတီမင်းနေပြည်အမှူးပြုတဲ့ ရှစ်သောင်းလေးထောင်သော အရှင်မင်းကြီး ပိုင်ဆိုင်တော်မူတဲ့မြို့တော်ပေါင်းတို့အပေါ်၌ တွယ်တာ တပ်မက်တဲ့ တဏှာလောဘကို စွန့်တော်မူပါ။ တွယ်တာတပ်မက်ခြင်း ငဲ့ကွက်ခြင်း ရှိတော်မမူပါနဲ့။ ငဲ့ကွက်ခြင်းရှိ၍ နတ်ရွာစံတော်မမူပါနဲ့။

ဤနည်းဖြင့် တစ်ဆယ့်လေးဌာနစလုံးကုန်အောင် -

ဣမာနိ တေ ဒေဝ စတုရာသီတိ ထာလိပါကသဟဿာနိ သာယံပါတံ ဘတ္တာ ဘိဟာရော အဘိဟရိယတိ၊ ဧတ္ထ ဒေဝ ဆန္ဒံ ပဇဟ ဇီဝိတေ အပေက္ခံ မာကာသိ။

ဒေဝ= အရှင်မင်းကြီး။ တေ= အရှင်မင်းကြီးအတွက်။ ဣမာနိ စတုရာသီတိ ထာလိပါကသဟဿာနိ= ဤရှစ်သောင်းလေးထောင်သော ထမင်းချက်တော်အိုးတို့ကို။ သာယံပါတံ= ညတိုင်း နံနက်တိုင်း။ ဘတ္တာဘိဟာရော= ရေးရှုဆောင်အပ်သောထမင်းကို။ အဘိဟရိယတိ= ရေးရှုဆောင်အပ်ပါ၏။ ဧတ္ထ= ဤထမင်းအုပ်ပေါင်းရှစ်သောင်းလေးထောင်၌။(ဝါ)စားတော်ပေါင်း ရှစ်သောင်းလေးထောင်၌။ ဆန္ဒံ= တပ်မက်တဲ့ တဏှာဆန္ဒကို။ ပဇဟ= စွန့်တော်မူ။ ဇီဝိတေ= အသက်ရှည်ထွေနေရခြင်း၌။ အပေက္ခံ= ငဲ့ကွက်ခြင်းကို။ မာကာသိ= ပြုတော်မမူပါနဲ့။

## မဟာသုဒဿနစကြာမင်းဗြဟ္မာ့ရွာလားခြင်း

မဟာသုဘဒ္ဒါဒေဝီမိဖုရားကြီး တစ်ဆယ့်လေးခုသော စည်းစိမ် ဥစ္စာတွေပေါ်ပြပြီးသကာလ အရှင်မင်းကြီး အဲဒီစည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာတဲ့ တဏှာလောဘကိုစွန့်တော်မူ၊ ငဲ့ကွက်ခြင်းကိုပြုတော်မမူပါနဲ့- လို့ တစ်ဆယ့်လေးခွန်းသောစကားကိုပြောကြား၍အပြီး မကြာမြင့်မီပင်လျှင်

http://www.dhammadownload.com



မဟာသုဒဿနစကြာမင်းကြီးကား –

အထ ခေါ အာနန္ဒ ရာဇာ မဟာသုဒဿနော န စိရဿေ၀ ကာလမကာသိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အထ ခေါ= ထိုသို့မဟာသုဘဒ္ဒါဒေဝီ မိဖုရား လျှောက်ထားပြီးသောကာလ၌။ ရာဇာ မဟာသုဒဿနော=မဟာ သုဒဿနမင်းတရားသည်။ န စိရဿေ၀= မကြာမြင့်မီပင်လျှင်။ ကာလ မကာသိ= စုတိပြတ်ကြွေသေလွန်ခဲ့ပြီ။

ဘယ်လောက်မှမကြာလိုက်ဖူးနော်။ စကားအပြန်အလှန်ပြော နေရင်းပဲ။ လောကဥပမာ ဘာလို့လဲလို့ဆိုတော့ –

သေယျထာပိ အာနန္ဒ ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ မနုညံ ဘောဇနံ ဘုတ္တာဝိဿ ဘတ္တသမ္မဒေါ ဟောတိ။ ဧဝမေဝ ခေါ အာနန္ဒ ရညော မဟာသုဒဿနဿ မာရဏန္တိကာ ဝေဒနာ အဟောသိ။

ချစ်သားအာနန္ဒာ၊ သူကြွယ်ရယ်လို့ သူဌေးရယ်လို့ လောကမှာ ရှိတယ်မှတ်လား။ ချစ်သား အာနန္ဒာ–လောကမှာ သောဏသူဌေးသား တို့လို ထမင်းတစ်ပွဲတစ်ပွဲလျှင်နှစ်သိန်းနှစ်သိန်း လောက်တန်တဲ့ စည်းစိမ်ကြီးရှင်ဖြစ်တဲ့ သူဌေးသားတွေရှိတယ် မဟုတ်ဖူးလား။ အဲဒီလို ထမင်းတပွဲတပွဲလျှင် နှစ်သိန်းနှစ်သိန်းလောက်တန်တဲ့ သောဏသူဌေးသား တို့လို သူဌေးသားများ အဖိုးတန်တဲ့ထမင်းကိုစားပြီးတဲ့အခါ ထမင်းဆိ ယစ်ခြင်းဆိုတဲ့ ဘတ္တသမ္မဒ- ဖြစ်သလို၊ မဟာသုဒဿနစကြာမင်းတရား အား စုတိပြတ်ကြွေ သေခါနီး ကာလ၌ ကျရောက်တဲ့ မာရဏန္တိကဝေဒနာ လဲပဲ သူဌေးသားထမင်းစားပြီးလို့ ထမင်းဆိယစ်တဲ့ ဒုက္ခလောက်ပဲရှိတယ် တဲ့။ အမေ ကယ်ပါ၊ အဖ ယူပါ– ဟစ်အော်ရတဲ့ဒုက္ခမျိုး မရှိဖူးတဲ့။ ထမင်း စားပြီးလို့ ထမင်းဆိယစ်သလောက်ပဲ မာရဏန္တိက ဒုက္ခဝေဒနာကို ခံစားရတယ်။

အဲဒီလို စုတိပြတ်ကြွေ သေလွန်ပြီးတဲ့နောက် မဟာသုဒဿန

http://www.dhammadownload.com



စကြာမင်းကား–

ကာလင်္ကတော စ အာနန္ဒ ရာဇာ မဟာသုဒဿနော သုဂတိံ ဗြဟ္မလောကံ ဥပပဇ္ဇိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကာလင်္ကတော= စုတိပြတ်ကြွေ သေလွန်ခြင်းကိုပြုသော။ ရာဇာ မဟာသုဒဿနော= မဟာသုဒဿနစကြာ မင်းတရားသည်။ သုဂတိံ= ကောင်းသောသူတို့၏လားရာဖြစ်သော။ ဗြဟ္မလောကံ= ဗြဟ္မာ့ပြည်သို့။ ဥပပဇ္ဇိ= ဘ၀ပဋိသန္ဓေကပ်ရောက်၍ နေလေပြီ။

ဒီက စုတေလိုက်တယ်လို့ ဆိုလို့ရှိယင် အိပ်ပျော်နေတဲ့ယောကျ်ား အိပ်ပျော်နေတဲ့သူဌေးသား နိုးလာတဲ့အလား၊ ဗြဟ္မာ့ပြည်မှာ သွားရောက် ပြီးတော့ ဗြဟ္မာ့ဘုံမှာ ပဋိသန္ဓေကပ်ရောက်တည်နေတယ်။ ဥပပါတ်ပဋိသန္ဓေ ဘွားကနဲ ဗြဟ္မာကြီးသွားဖြစ်တယ်။

## မဟာသုဒဿနစကြာမင်း၏အသက်တမ်း

ဒါဖြင့်ယင် မဟာသုဒဿန စကြာမင်းတရားရဲ့ အသက်တမ်းစစ်ကြ အုန်းစို့လားဆိုတော့ –

ရာဇာ အာနန္ဒ မဟာသုဒဿနော စတုရာသီတိ ဝဿသဟဿာနိ ကုမာရကီဠံ ကီဠိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ရာဇာမဟာသုဒဿနော= မဟာ သုဒဿနစကြာမင်းတရားသည်။ စတုရာသီတိဝဿသဟဿာနိ= အနှစ်ပေါင်းရှစ်သောင်းလေးထောင်တို့ပတ်လုံး။ ကုမာရကီဠံ= မင်းသား တို့၏ကစားခြင်းမျိုးကို။ ကီဠိ= ကစားခဲ့ပြီ။

မင်းသားအရွယ်ပျော်မြူးတဲ့အားကစားခြင်းဖြင့် အချိန်ပေါင်း အနှစ် ပေါင်းရှစ် သောင်းလေးထောင်ကို ကုန်စေခဲ့တယ်။

စတုရာသီတိ ဝဿသဟဿာနိ ဩပရဇ္ဇံ ကာရေသိ။

http://www.dhammadownload.com



စတုရာသီတိ ဝဿသဟဿာနိ= အနှစ်ပေါင်းရှစ်သောင်း လေးထောင်တို့ပတ်လုံး။ ဩပရဇ္ဇံ=အိမ်ရှေ့မင်းအဖြစ်ကို။ ကာရေသိ= ပြုခဲ့ပြီ။

အိမ်ရှေ့မင်းအဖြစ် တိုင်းပြည်စိုးအုပ်လာခဲ့တာဖြင့် အနှစ်ပေါင်း ရှစ်သောင်းလေးထောင်။

စတုရာသီတိ ဝဿသဟဿာနိ ရဇ္ဇံ ကာရေသိ။

အနှစ်ပေါင်းရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး မဟာ သုဒဿနမင်းအဖြစ်ဖြင့် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တော်မူခဲ့တယ်တဲ့။

စတုရာသီတိ ဝဿသဟဿာနိ ဂိဟိဘူတော ဓမ္မေပါသာဒေ ဗြဟ္မစရိယံ စရိ။

စတုရာသီတိ ဝဿသဟဿာနိ= အနှစ်ပေါင်းရှစ်သောင်းလေး ထောင်တို့ ကာလပတ်လုံး။ ဂိဟိဘူတော= လူဖြစ်၍။ သမာနော= ဖြစ်လျက်။ ဓမ္မေပါသာဒေ= ဓမ္မပါသာဒအမည်ရှိတဲ့ နန်းမပြာသာဒ်ဆောင် ကြီး၌။ ဗြဟ္မစရိယံ= မြတ်သောအကျင့်ကို။ စရိ= ကျင့်သုံးခဲ့ပြီ။

ဓမ္မပါသာဒနန်းမပြာသာဒ်ပေါ်မှာ ဗြဟ္မစရိယခေါ်တဲ့ဈာန်သမာပတ် အကျင့်ကို ကျင့်သုံးပြီးသကာလ ဈာန်သမာပတ်ချမ်းသာဖြင့်နေခဲ့တာ ဘယ်လောက်ကြာသလဲလို့ ဆိုတော့ အနှစ်ပေါင်းရှစ်သောင်းလေးထောင် ကြာခဲ့တယ်တဲ့။ဓမ္မပါသာဒပြာသာဒ်၌ အနှစ်ပေါင်းရှစ်သောင်းလေးထောင် ကြာမြင့်အောင် ဈာန်သမာပတ်ချမ်းသာဖြင့် အချိန်တွေကုန်လွန်စေ ပြီးနောက် –

သော စတ္တာရော ဗြဟ္မဝိဟာရေ ဘာဝေတွာ ကာယဿ ဘေဒါ ပရံ မရဏာ ဗြဟ္မလောကူပဂေါ အဟောသိ။

သော= ထိုမဟာသုဒဿနစကြာမင်းတရားသည်။ စတ္တာရောဗြဟ္မ ဝိဟာရေ=ဗြဟ္မဝိဟာရတရားလေးပါးတို့ကို။ ဘာဝေတွာ= ပွားများ၍။ ကာယဿ ဘေဒါ ပရံ မရဏာ= ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ

http://www.dhammadownload.com



နောက်ကာလ၌။ ဗြဟ္မလောကူပဂေါ= ဗြဟ္မာ့ဘုံသို့ ဥပပါတ်ပဋိသန္ဓေ ကပ်ရောက်၍ တည်နေသည်။ အဟောသိ= ဖြစ်ခဲ့ပြီ။

ပစ္စုပ္ပန်ဇာတ်ကြောင်း

ဒီတော့မှ မြတ်စွာဘုရားက မဟာသုဒဿနစကြာမင်းရဲ့အကြောင်း အတ္ထုပ္ပတ္တိကားပြီးခဲ့ပြီ။ အခုပစ္စုပ္ပန်အနေနဲ့ သင်ချစ်သားနဲ့ ငါဘုရား ဘယ်လိုလဲဆိုတော့–

သိယာ ခေါ ပနာနန္ဒ ဧဝမဿ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ တေ= သင်ချစ်သား၏ စိတ်သန္တာန်၌။ ဧဝံ= ဤသို့သောအကြံအစည်ယုံမှားတွေးတောချက်သည်။ သိယာ ခေါ အဿ= ဖြစ်သော်မူ ဖြစ်လေရာ၏။

ချစ်သားရဲ့စိတ်သန္တာန်မှာ ဤကဲ့သို့တွေးတောမြော်ခေါ် အကြံ ပေါ်ချင်လဲ ပေါ်လိမ့်မယ်။ ဘယ်လိုလဲ –

အညော နူန တေန သမယေန ရာဇာ မဟာသုဒဿနော အဟောသိ။

အဲဒီမဟာသုဒဿနခေတ်ဆီက ငါဘုရားမှတပါးသောပုဂ္ဂိုလ်သည် ပင်လျှင် မဟာသုဒဿနစကြာမင်းကြီးဖြစ်တယ်လို့ သင်ချစ်သားရဲ့ စိတ်သန္တာန်မှာ အကြံပေါ်ချင်လဲပေါ်လိမ့်မယ်။

န ခေါ ပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ဧတံ= ဤအကြောင်းကို။ ဧဝံ= ဤသို့။ န ခေါ ပနေတံ ဒဋ္ဌဗ္ဗံ= မမှတ်အပ် မမှတ်ရာ။

ငါဘုရားမှတပါးသောသူသည် မဟာသုဒဿနစကြာမင်းဖြစ်တယ် လို့ သင်ချစ်သားတို့ မမှတ်နဲ့။

အဟံ တေန သမယေန ရာဇာ မဟာသုဒဿနော အဟောသိ။

အဟံ= ငါဘုရားသည်ပင်လျှင်။ တေနသမယေန= ထိုအခါ၌ကာလက။

http://www.dhammadownload.com



၁ဇာ မဟာသုဒဿနော= မဟာသုဒဿနမင်းတရားသည်။ အဟောသိ= ;စ်ခဲ့ပြီ။

မမ တာနိ စတုရာသီတိ နဂရသဟဿာနိ ကုသာဝတီရာဇဓာနိပ္ပ ခါနိ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ကုသာဝတီရာဇဓာနိပ္ပမုခါနိ= ၇သာဝတီမင်းနေပြည် အမှူးပြုကုန်သော။ တာနိစတုရာသီတိ နဂရ ၁ဟဿာနိ= ထိုရှစ်သောင်းလေးထောင်သော မြို့တို့သည်။ မမ=ငါ၏။ ၁တ္တကာနိ= ဥစ္စာတို့ပင်တည်း။

အဲဒီတုန်းက ကုသာဝတီမင်းနေပြည်အမှူးပြုတဲ့ ရှစ်သောင်း ;လေးထောင်သောမြို့တွေဟာ ငါ့ဘုရား၏မြို့တွေပဲ။မွေပါသာဒအမှူးပြုတဲ့ ာသာဒ်တော်ပေါင်းရှစ်သောင်းလေးထောင်လဲပဲ ငါဘုရား၏ကိုယ်ပိုင် ;စ္စာတွေ။

မဟာဝိယူဟာဌေနန်းမဆောင်အမှူးပြုတဲ့ ခန်းမဆောင်ပေါင်း ရှစ် ;သောင်းလေးထောင်၊ ပလ္လင်တော်ပေါင်း ရှစ်သောင်းလေးထောင်၊ မြင်းတော်ပေါင်းရှစ်သောင်းလေးထောင်၊ရထားတော်ပေါင်း ရှစ်သောင်း ;လေးထောင်–(ရှစ်သောင်းလေးထောင်တစ်ဆယ့်လေးလီပေါ့နော်)နောက်ဆုံး ;ာ စားတော်အုပ်ပေါင်း ရှစ်သောင်းလေးထောင်။အဲဒီရှစ်သောင်းလေးထောင် ာစ်ဆယ့် လေးပြန်တော့ ရှစ်သောင်းလေးထောင်တို့အကုန်လုံးသည်ပင်လျှင် ငါဘုရား၏ ဥစ္စာတို့ချည်း ဖြစ်ခဲ့တယ်။

## သံဝေဂယူဖွယ်

ဒါဖြင့်ယင် ဤမျှများပြားတဲ့ စည်းစိမ်တွေကိုအကုန်လုံးအနှံ့အပြား ခံစားနိုင်ရောသလား။ အဲဒီလိုဆိုတော့ –

တေသံ ခေါ ပနနာန္ဒ စတုရာသီတိ နဂရသဟဿာနံ ဧကညေ ၁ ာံ နဂရံ ဟောတိ၊ ယံ တေန သမယေန အဇ္ဈာဝသာမိ ယဒိဒံ ာုသာဝတီရာဇဓာနီ။

http://www.dhammadownload.com



အာနန္ဒ= ချစ်သားအာနန္ဒာ။ ယဒိဒံ ယာအယံ ကုသာဝတီရာဇဓာနီ= အကြင် ကုသာဝတီမင်းနေပြည်သည်။ အတ္ထိ= ရှိ၏။ တေန သမယေန= ထိုစဉ်မဟာသုဒဿနမင်းတရားဖြစ်သောကာလ၌။ တေသံ ခေါ စတုရာ သီတိ နဂရသဟဿာနံ= ထိုရှစ်သောင်းလေးထောင်သော မြို့အပေါင်းတို့တွင်။ ယံ-ယသ္မိံ= အကြင်မြို့၌။ တေန သမယေန= ထိုစဉ်ကာလ၌။ အဇ္ဈာဝသာမိ= စိုးအုပ်၍နေ၏။ တံ= ထိုသို့စိုးအုပ်၍နေရာမြို့သည်ကား။ ဧကညေဝနဂရံ= တစ်ခုသောမြို့သည်သာလျှင်။ အဟောသိ= ဖြစ်ခဲ့ပြီ။

ဘယ်လောက်ပဲမြို့တွေရှစ်သောင်းလေးထောင် ပေါပေမယ့်လို့ ငါဘုရားမဟာသုဒဿနမင်းဘဝတုန်းက စိုးအုပ်ပြီးနေနိုင်ခဲ့တာကတော့ ကုသာဝတီမင်းနေပြည်တစ်ခုထဲပဲ။

ဒါပြောချင်တာပဲ။ ပစ္စည်းတွေဘယ်လောက်များများ သုံးနိုင် စားနိုင်တာကဒီလောက်ပဲ။ အဲဒီကပိုတာတွေ ဒုက္ခသစ္စာရဲ့အကြောင်း။ စဉ်းစားကြည့်လေ။ အဝတ်တွေဘယ်လောက်များများ၊ ဝတ်နိုင် တာကနှစ်ထည်သုံးထည်။ ဘုန်းကြီးများကော ထို့အတူပဲ သင်္ကန်းအစုံ တွေ ဘယ်လောက်များများ၊ ဝတ်နိုင်လှယင် ဒီကိုယ်တော်သုံးထည်။ ဆွမ်းအုပ်တွေဘယ်လောက်များများ စားနိုင်လှယင်တစ်အုပ်ပဲ။ ဘယ်လောက်များများ မြတ်စွာဘုရားကတာကို ဟောချင်လို့။

ချစ်သားအာနန္ဒာ၊ ရှစ်သောင်းလေးထောင်သောမြို့ထဲက ငါဘုရား မဟာသုဒဿနစကြာမင်းအဖြစ် စိုးအုပ်နေထိုင်ခဲ့တဲ့မြို့ကား ကုသာဝတီ မြို့တစ်ခုပဲတဲ့။

ဓမ္မပါသာဒပြာသာဒ်ခန်းမဆောင်ပေါင်း ရှစ်သောင်းလေးထောင်တို့ အနက်လဲပဲ မဟာဗိယူဟငွေနန်းမဆောင်တစ်ခုထဲပဲ အဲဒါပဲနေနိုင်တယ်။

ပလ္လင်တော်ပေါင်းရှစ်သောင်းလေးထောင်တို့ကို တစ်ချိန်တည်း ရှစ်သောင်းလေးထောင်လုညှ့်နေနိုင်တာမဟုတ်ဖူးတဲ့။ နေနိုင်တဲ့ တစ်ချိန် တစ်ချိန်မှာ ပလ္လင်တစ်ခုတစ်ခုပဲ အသုံးချတယ်။ ကျန်တဲ့ပလ္လင်တွေက

http://www.dhammadownload.com



သားတော်တွေ သမီးတော်တွေ ပြီးတော့သူတကာတွေသုံးကြစားကြတယ်။

ဆင်တော်ပေါင်းရှစ်သောင်းလေးထောင်တို့အနက်လဲပဲ ငါ့ဘုရားမဟာသုဒဿနစကြာမင်းအဖြစ်ဖြင့် သုံးစွဲခဲ့တဲ့ဆင်တော်က ဥပေါသထဆင်တော်တစ်ခုထဲရယ်။ မြင်းတော်ပေါင်းရှစ်သောင်းလေးထောင်တို့အထဲမှာလဲပဲဝလာဟကမြင်းတော်တစ်ခုထဲပဲ။ ရထားတော်ပေါင်းရှစ်သောင်းလေးထောင်တို့အနက်လဲ ဝေဇယန္တရထားတော်တစ်ခုပဲငါစီးခဲ့နိုင်တယ်။ ကျန်တဲ့ရှစ်သောင်းလေးထောင်တစ်ခုယုတ်ကတော့ ငါ့ရဲ့အခြွေအရံပရိသတ်တွေရဲ့ အသုံးအဆောင်ဖြစ်ခဲ့တယ်။ မိဖုရားရတနာပေါင်းရှစ်သောင်းလေးထောင်ပင်ရှိသော်လည်း ထိုစဉ်ကငါ့ကို ပြုစုလုပ်ကျွေးခဲ့တဲ့မိဖုရားက မဟာသုဘဒ္ဒါဒေဝီတစ်ဦးထည်းသာဖြစ်ခဲ့တယ်။ တစ်ချိန်တည်းမှာ မိဖုရားပေါင်းရှစ်သောင်းလေးထောင် မပြုစုမလုပ်ကျွေးနိုင်ပါဖူးတဲ့။ ထိုစဉ်ကဝတ်လဲတော်ပေါင်း ရှစ်သောင်းလေးထောင်ရှိခဲ့ပေမယ်လို့ ငါဝတ်ရုံခဲ့တဲ့ဝတ်လဲတော်ကတစ်စုံထဲပဲ၊ ကျန်တဲ့ရှစ်သောင်းလေးထောင် တစ်ခုယုတ်ကတော့ ဝတ်ရုံနိုင်တာမဟုတ်ဖူးတဲ့နော်။ ရှစ်သောင်းလေးထောင်လုံးကပ်ရုံလို့လဲ ရတာမှမဟုတ်ပဲ။ အဲဒီစဉ်ကရှစ်သောင်း လေးထောင်သောစားတော်အုပ်ပေါင်းတို့အနက် ငါစားခဲ့သုံးခဲ့တဲ့ စားတော် အုပ်ကတစ်အုပ်ပဲ။ ရှစ်သောင်းလေးထောင်တစ်ခုယုတ်ကတော့ ကျန်တဲ့ အခြွေအရံပရိသတ်ဖြစ်ကြတဲ့ ရှစ်သိန်းနဲ့လေးသောင်းသောငါ့ရဲ့ ခြွေရံပရိသတ်တွေ စားကုန်တယ်။ ဘာပြုလို့လဲ–စားတော်အုပ်တစ်အုပ် တစ်အုပ်လျှင် လူဆယ်ယောက်စားနိုင်တယ်တဲ့နော်။

တေသံ ခေါ ပနာနန္ဒ စတုရာသီတိ ထာလိပါကသဟဿာနံ ဧကောယေဝသော ထာလိပါကော ဟောတိ၊ ယတော နာဠိကောဒနပရမံ ဘုဉ္ဇာမိ တဒုပိယဉ္ဇ သူပေယျံ။

စားတော်အုပ်ပေါင်းရှစ်သောင်းလေးထောင်အနက်က စားတော်အုပ်တစ်အုပ်မှ တစ်ဇွန်းစာချက်မျှသော စားတော်ထမင်းတို့အားလျှောက်ပတ်သောဟင်းကိုသာ ငါစားသုံးခဲ့တယ်။

http://www.dhammadownload.com



## ဖောက်ပြန်သောတရားအစု

အဲဒီလိုအကြောင်းတွေပြန်ပြီးတဲ့နောက် လောကဥပမာအားဖြင့် ကလေးများဟာ လမ်းမမှာထွက်ပြီး မြေအိမ်ကြီးဆောက်လိုက်ကြတာ။ တစ်ခါသဲ အောက်ကနေအဝသည်ခံပြီးပြီ။ ဟောဒါနံရံ၊ ဒါကတိုင်၊ ဒါကအမိုးနဲ့ကြီးကြီးကျယ်ကျယ် တမနက်ခင်းလုံးဆောက်၊ တနေ့လုံး ဆောက်ပြီး၊ ညနေကျတော့ မြေအိမ်ဆောက်တမ်းကစားသလို နောက်ဆုံး တော့ ဒီမြေအိမ်ကြီးပျက်စီးတာပဲ။ အဲဒီလိုမြတ်စွာဘုရားလဲ မဟာသုဒဿန စကြာမင်းတရားရဲ့ စည်းစိမ်မြေအိမ်ကြီးဖေါ်ပြပြီးသကာလ နောက်ဆုံးမှာ ဘာတွေ့ရမလဲ ချစ်သား –

ပဿာနန္ဒ သဗ္ဗေတေ သင်္ခါရာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ပဿ= သင်ချစ်သား၏ ဉာဏ်ပညာ မျက်စိဖြင့် အထပ်ထပ်ကြည့်ရှုစမ်းပါ။ ချစ်သားရဲ့ဉာဏ်ပညာမျက်စိနဲ့ သိအောင် မြင်အောင်ကြည့်စမ်း။ သဗ္ဗေ=အလုံးစုံကုန်သော။ တေ သင်္ခါရာ= ထိုဆိုအပ်ပြီးသမျှ ကုသာဝတီမင်းနေပြည်အမှူးပြုတဲ့ မြို့တော်ပေါင်း ရှစ်သောင်းလေးထောင်အစရှိသော ရုပ်နာမ်သင်္ခါရတရားအစုတို့သည်။ အတီတာ= လွန်ခဲ့လေကုန်ပြီ။ နိရုဒ္ဓါ= ချုပ်ခဲ့လေကုန်ပြီ။ ဝိပရိဏတာ= ပကတိသဘောမှရွေ့လျောခဲ့ကြကုန်လေပြီ။ ဖေါက်ပြန်ခဲ့ကြကုန်လေပြီ။ တစ်စွန်းတစ်စမှ ပြ၍မရအောင် ဖေါက်ပြန်ကြကုန်ပြီ။

ဟုတ်ကဲ့လား။ ပြန်ကြည့်လေ၊ ဘယ်နားမှန်းလဲ မပြောနိုင်ဖူး။ ကုသာဝတီမင်းနေပြည်ဆိုတာ ကုသိနာရုံပြည်အရပ်မှာပဲဆိုပေမဲ့ အဲဒီတုန်းက မြို့တွေပြတွေ၊ အဲဒီတုန်းက ဓမ္မပါသာဒပြာသာဒ်တွေကိုများ သင်ချစ်သားတို့ ယခုတွေ့ရသေးသလား။ ဘာမှမတွေ့ရဖူး။

ဧဝံ အနိစ္စာ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ခေါ အာနန္ဒ သင်္ခါရာ။ လို့ –

လောကဥပမာအားဖြင့် အားကောင်းမောင်းကောင်း ယောကျ်ား

http://www.dhammadownload.com



တစ်ယောက်သည့် အမြင့်အတောင်တစ်ရာရှိတဲ့ စကားပင်ကြီးထက်သို့ လှေကားကြီး ဆက်ကာဆက်ကာ ချည်ချည်ပြီးတော့ စကားပင်ထိပ်ဖျား ရောက်အောင်တက် အဲဒီစကားပင်ထိပ်ဖျားကျတော့ ပွင့်နေတဲ့စကားပန်း လေးကိုခူးပြီးတော့ လှေကားကိုတဖြည်းဖြည်းဖြုတ်ပြီးတော့ မြေပြင် ဆင်းလာသလို သဗ္ဗညုမြတ်စွာဘုရားတည်းဟူသော အားကောင်းမောင်း ကောင်း လောကသုံးပါး၏ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ယောကျ်ားမြတ်ဟာ လဲပဲ မဟာသုဒဿနစကြာမင်းကြီးရဲ့ ကြီးကျယ်လှသောစည်းစိမ်တည်း ဟူသော အမြင့်အသူတစ်ရာဆောင်တဲ့စကားပင်ကြီးထက်သို့ ကြီးစွာသော ဒေသနာဉာဏ်တည်းဟူသော လှေကားဆက်ပြီးဆင်ပြီးတော့ မဟာ သုဒဿနစကြာမင်းရဲ့စည်းစိမ်တည်း ဟူသောစကားပင်ကြီး အထက်သို့ တက်လို့ ရောက်လို့အဲဒီထိပ်ဖျားမှာ နောက်ဆုံးမှာထိပ်မှာဘာသွားတွေ့ သလဲဆိုတော့ - အနိစ္စလက္ခဏာကိုသွားတွေ့တယ်။ အနိစ္စလက္ခဏာကြည်း ဟူသော ပန်းပွင့်ကြီးကိုဆွတ်ခူးပြီးတော့ ကြည့်ကြစမ်းပါလို့ ပြောပြသလို အဲဒီတုန်းကတော့ တရားနာခံအနေနဲ့ရှင်အာနန္ဒာရှိတော့-

ဧဝံ အနိစ္စာ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ခေါ အာနန္ဒ သင်္ခါရာ၊ဧဝံ အနဿာသိကာ ခေါ အာနန္ဒ သင်္ခါရာ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ သင်္ခါရာ= ရုပ်နာမ်ဓမ္မသင်္ခါရတရား မှန်သမျှတွေသည်။ ဧဝံ အနိစ္စာ ခေါ= ဤသို့ ဤပုံ မမြဲခြင်းသဘောရှိကြ ကုန်၏။ ဧဝံ အဒ္ဓုဝါ ခေါ= ဤသို့ ဤပုံ မခိုင်မာခြင်းသဘောရှိကြကုန်၏၊ ဧဝံ အနဿာသိကာ ခေါ= ဤသို့ ဤပုံ အိပ်မက်ပမာ မသက်သာခြင်း သဘောရှိကုန်ကြ၏။

ကြပ်ကြပ်တွေးလေ သက်သာစရာဘာမျှမရှိ။အနိစ္စမျိုး၊ အဒ္ဓုဝမျိုး အနဿာသိကာမျိုး- မမြဲတဲ့ရုပ်နာမ်ဓမ္မသင်္ခါရမျိုး၊ မခိုင်မာတဲ့ မသက်သာတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရမျိုးတို့သည်။

ယာဝဉ္စိဒံ အာနန္ဒ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ

http://www.dhammadownload.com



ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။

တသ္မာ= သို့ရကား။ အာနန္ဒ= ချစ်သားအာနန္ဒာ။ သဗ္ဗသင်္ခါရေသု= အတွင်းအပရှိသမျှ ဥဿုံအလုံးစုံသော ရုပ်နာမ်ဓမ္မသင်္ခါရတို့၌။ နိဗ္ဗိန္ဒိတုံ= နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် ပွားများကြိုးကုတ် အားထုတ်ခြင်းငှာ။ ဝိရဇ္ဇိတုံ= တပ်ခြင်းကင်းအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကျင့်ကြံခြင်းငှာ။ ဝိမုစ္စိတုံ= ရုပ်နာမ်ဓမ္မ သင်္ခါရတို့မှလွတ်အောင်ကြိုးကုတ် အားထုတ်ကျင့်ကြံခြင်းငှာ။ အလမေဝ= သင့်လှသည်သာ။

ချစ်သားတို့ ချစ်သမီးတို့၊ အဲဒီရုပ်နာမ်ဓမ္မ သင်္ခါရမှလွတ်အောင် အဲဒီရုပ်နာမ်ဓမ္မသင်္ခါရမတွေကို နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းအောင် အဲဒီသင်္ခါရ အနှောင်အဖွဲ့တွေမှ လွတ်အောင် သင်ချစ်သား ချစ်သမီးတို့ အားထုတ်ခြင်းငှာ သင့်လှပြီ၊ အားထုတ်ကြလို့ ဒီလို ဆိုလိုသပေါ့။

အဲဒီမဟာသုဒဿနစကြာမင်းရဲ့ ဗဟိဒ္ဓ၊ ကိုယ်မှအပကြည့်မယ်ဆိုယင် ဗဟိဒ္ဓဖြစ်တဲ့ စည်းစိမ်တွေ ပျက်နိုင်စရာ မရှိဖူးနော်။ မြေကြီးထဲမှာ သုံးသူ= တဆယ့်ငါးတောင် အခြေခံစိုက်ထားတဲ့ ဓမ္မပါသာဒပြာသာဒ်ကြီးလဲ ကနေ့မပြောနဲ့ မြတ်စွာဘုရားတို့ ထင်ရှားရှိတဲ့အချိန်က အစအနမျှ ရှာမတွေ့ဖူးနော်။ အဲဒါကြောင့် အနိစ္စပဲ၊ အဒ္ဓုဝပဲ၊ အနဿာသိကပဲလို့။

အဲဒီမဟာသုဒဿန စကြာမင်းကြီးရဲ့ စည်းစိမ်တို့တောင်မှ အနိစ္စ၊ အဒ္ဓုဝ၊ အနဿာသိက ဖြစ်သေးတာ၊ ယခုငါတို့ ရရှိနေတဲ့ အသေးအနုပ် ဖြစ်တဲ့ စည်းစိမ်တို့မှာကား ဒီဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ကိုယ်မှအပ၊ ကိုယ်၏အတွင်းဖြစ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရမှန်သမျှ တို့သည် ခဏအတွင်းချုပ်ပျောက်လေ့ရှိသောကြောင့် အနိစ္စပါတကား။ အိပ်မက်ပမာ မသက်သာတဲ့ သဘောတရားတို့ပါတကားလို့ အဲဒီလို ရုပ်နာမ်ဓမ္မသင်္ခါရကို ခဲ့ဆန်းနိုင်ကြပါစေ။ ဝိပဿနာဘာဝနာ တင်နိုင်ကြပါစေ။

http://www.dhammadownload.com



မြတ်စွာဘုရားကတော့ ဆက်ပြီးတော့ ဘာဟောသွားသလဲဆိုတော့ အဲဒီမဟာသုဒဿနစကြာမင်းရဲ့ဘဝအနေနဲ့ ကုသိနာရုံပြည်မှာ ကိုယ်တော်မြတ် ဘယ်နှစ်ကြိမ်နတ်ရွာစံခဲ့ရတယ်ဆိုတဲ့အကြောင်း ဆက်ဟောခဲ့တယ်။

**ဝသဘမင်းလက်စမောင်ခတ်သောတရား**

အဲဒီအခုနေရာမှာ သီဟိုဠ်ကျွန်းမှာ ဝသဘမင်း လက်ထက်တုန်းက ဒီဃနိကာယ်ဆောင် အရှင်သူမြတ်တွေ လောဟပါသာဒ ပြာသာဒ်ရဲ့ အရှေ့ဖက် အမ္ဗလင္ဂကာခေါ်တဲ့ သရက်ပင်ပျိုအောက်မှာ စုပြီးတော့- ယခုမဟာသုဒဿနသုတ္တန်ကြီးကို စုပြီးတော့ ရွတ်နေကြတယ်။ ဝသဘမင်းတရားလဲပဲ မထေရ်မြတ်တွေ မဟာသုဒဿနသုတ္တန်ကြီး ရွတ်နေတာကို ကြားပြီးတော့နေတော့ ရှေ့ပထမပိုင်းမှာ မဟာသုဒဿန အလောင်းတော်စကြာမင်းရဲ့ စည်းစိမ်ချမ်းသာတွေကို ဟောပြောထားတာ တွေကိုပဲကြားရတော့-

"ကိံ ဘော မယှံ အယျကေန ဧတ္ထ ဝုတ္တံ"လို့ ဝသဘမင်းက ညည်းသဟဲ့။

ဘော= အိုအချင်းတို့။ မယှံ= ငါ၏။ အယျကေန= ဘိုးကော်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ ဧတ္ထ= ဤမဟာသုဒဿနသုတ္တန်၌။ ကိံ= ဘာတွေကို။ ဝုတ္တံ= ဟောထားပါလိမ့်။

ရှေ့ပိုင်းက စည်းစိမ်တွေကို ဟောထားတာကိုး။

အတ္တနော ခါဒိတပီတဋ္ဌာနေ သမ္ပတ္တိမေဝ ကထေတိ။

အတ္တနော= ကိုယ်တော်မြတ်၏။ ခါဒိတပီတဋ္ဌာနေ ယောဝ= ခဲခဲ့ဖူး၊ သောက်ခဲ့ဖူး၊ စားခဲ့ဖူး၊ ဝတ်ခဲ့ဖူးတဲ့ အရပ်ဌာန၌ပင်လျှင်။ သမ္ပတ္တိံ= စည်းစိမ်သမ္ပတ္တိကို။ ကထေတိ= ဟောထားတာပဲ။ အဲဒီလိုနှုတ်က ပြောမိရွတ်မိတယ်တဲ့။

အဲဒီလိုနှုတ်ကပြောမိရွတ်မိရင်းက- နာလက်စနဲ့ တရားနာလို့

http://www.dhammadownload.com



ယခု မဟာသုဒဿနသုတ္တန်ကြီး ပြီးဆုံးခါနီးကျတော့မှ သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူတဲ့–

ဧဝံ အနိစ္စာ ခေါ အာနန္ဒ သင်္ခါရာ။ ဧဝံ အဒ္ဓုဝါ ခေါ အာနန္ဒ သင်္ခါရာ။ဧဝံ အနဿာသိကာ ခေါ အာနန္ဒ သင်္ခါရာ။

ဆိုတဲ့ အနိစ္စလက္ခဏာချက်ကို ပေါ်အောင်ပြလို့ ဓမ္မဒေသနာအဆုံးနိဂုံးသတ်တဲ့အခါ ကျတော့မှ–

အော်– ငါရဲ့ဘိုးတော်ဖြစ်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားဟာ ဤအနိစ္စလက္ခဏာကို စက္ခုငါးမျိုးဖြင့် မြင်တော်မူတဲ့အတွက် စောစောက အနိစ္စစကားကြီးစားပုံ အကြီးအကျယ်ဝါးပုံကိုပြချင်လို့ အကြီးအကျယ်သမ္ပတ္တိတွေ ပြတော်မူတာပါလား– လို့ သာဓုအနုမောဒနာမှ ရှိုးရှိုးမခေါ်ပဲနဲ့ ဘယ်ဖက်လက်ကိုခွေ ညာဖက်လက်ဖြင့် တဖျန်းဖျန်း လက်ခမောင်းခတ်ပြီးမှ သာဓုအနုမောဒနာခေါ်ခဲ့တယ်။

## ခြောက်ကြိမ်ခန္ဓာဝန်ချခဲ့

နောက် မြတ်စွာဘုရားက ဆက်ပြီးတော့ အဲဒီမဟာသုဒဿနသုတ္တန်ကြီးကို–

ဆက္ခတ္တုံ ခေါ ပနာဟံ အာနန္ဒ အဘိဇာနာမိ ဣမသ္မိံ ပဒေသေ သရီရံ နိက္ခိပိတုံ။

အာနန္ဒ= ချစ်သားအာနန္ဒာ။ အဟံ= ငါဘုရားသည်။ ဣမသ္မိံ ပဒေသေ= ဤ ယခု ကုသိနာရုံပြည်အရပ်၌။ သရီရံ= ငါ၏ရူပကာယကို။ နိက္ခိပိတုံ= ချအိပ်ဖူးသည်ကို။ ဆက္ခတ္တုံ ခေါ= ခြောက်ကြိမ်။ အဘိဇာနာမိ= သိခဲ့၏။

ငါဘုရားဉာဏ်နဲ့ပြန်ပြီးစဉ်းစားလိုက်တဲ့အခါ ဤကုသိနာရုံပြည်အရပ်မှာ ငါဘုရား၏ရူပကာယကို ပစ်ချခဲ့ရတာ ခြောက်ကြိမ်ရှိပြီ၊ လွန်ခဲ့တဲ့အတိတ်။

http://www.dhammadownload.com



တဋ္ဌ ခေါ် ရာဇာဝ သမာနော စက္ကဝတ္တိ ဓမ္မိကော ဓမ္မရာဇာ စတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပတ္တော သတ္တရတနသမန္နာဂတော၊

ထိုကဲ့သို့ခန္ဓာကိုယ်ပစ်ချခဲ့ရတဲ့ ခြောက်ဘဝဆိုတာလဲပဲ စကြာဝတေးမင်းဖြစ်၍ ခန္ဓာကိုယ်ပစ်ချခဲ့ရတဲ့ ခြောက်ဘဝကိုဆိုလိုတယ်။

**နောက်ဆုံးအကြိမ်ခန္ဓာဝန်ချခြင်း**

အယံ သတ္တမော သရီရနိက္ခေပေါ။

အယံ= ဤယခုခန္ဓာကိုယ်ပစ်ချရမဲ့ကိစ္စသည်ကား။ သတ္တမော= ခုနစ်ခုမြောက်ဖြစ်သော။ သရီရနိက္ခေပေါ= ငါ၏ရုပကာယကို ပစ်ချရခြင်းတည်း။

အခုအကြိမ်မှာဆိုလျှင် ဤကုသိနာရုံပြည်အရပ်မှာ ငါ၏ရုပကာယကိုပစ်ချရတာ ခုနစ်ကြိမ်ရှိတော့မယ်။

န ခေါ ပနာဟံ အာနန္ဒ တံ ပဒေသံ သမနုပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယတ္ထ တထာဂတော အဋ္ဌမံ သရီရံ နိက္ခိပေယျ။

ချစ်သားအာနန္ဒာ။ ကာမာဝစရနတ်၊ ဗြဟ္မာနဲ့တကွသော ဘုံသုံးပါးဝယ် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော သင်တို့ဆရာငါဘုရားသည် ရှစ်ကြိမ်မြောက် (ယခု ဘဝကနောက်) ရှစ်ကြိမ်မြောက်ခန္ဓာကိုယ်ကို အကြွင်းအရပ်ဒေသ၌ ချစရာနေရာရယ်လို့ ဘုံသုံးပါးမှာ ငါဘုရား၏သဗ္ဗညုတဉာဏ်၌ မမြင်တော့ မထင်တော့ပြီ မရှိတော့ပြီ။

ဘာကြောင့်လဲဘဝခန္ဓာရဲ့အကြောင်းဖြစ်တဲ့ ကိလေသာအကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သောကြောင့် ယခုဘဝခန္ဓာကိုယ်ပစ်ချရခြင်းသည် နောက်ဆုံးပဲ။ ယခုဘဝမှနောက်ကာလဝယ် အပညတ္တိကခေါ်တဲ့ ဘယ်ဘုံမှာ ဘယ်ဘဝမှာ၊ ဘယ်ဂတိမှာ သဗ္ဗညုမြတ်စွာဘုရားရဲ့ ခန္ဓာအဆက် ရှိသေးတယ်လို့ ညွှန်မပြနိုင်ပဲအခြေ အနုပါဒါပရိနိဗ္ဗာန်ငါဘုရားကစံလိမ့်

http://www.dhammadownload.com



လို့ အဲဒီလိုဟောပြီးတော့နော်။

## ရတနာခုနစ်ပါးကွယ်ခဲ့ပုံ

ချစ်သားအာနန္ဒာ၊ မဟာသုဒဿနစကြာမင်းဖြင့်နတ်ရွာစံလို့ ခုနစ်ရက်ကြာတဲ့အခါ စကြာရတနာကြီးကွယ်ပခဲ့ပြီ။ ဆင်ရတနာ၊ မြင်းရတနာတို့ကား ထုံးတမ်းစဉ်လာအားဖြင့် အသက်တမ်းကုန်လို့ရှိယင် စကြာမင်းနဲ့ပြိုင်ပြီးသကာလစုတေကြတယ်။ အသက်ကြွင်း ကျန်နေလို့ ရှိယင်လဲပဲ ဆင်ရတနာက ဥပေါသထမျိုးထဲပျံ့၊ မြင်းရတနာကဝလာဟက မြင်းမျိုးထဲ ပျံ့သွားကြတယ်။ မြရတနာခေါ်တဲ့ပတ္တမြားရတနာကား ဝေပုလ္လတောင်ကိုပျံ့ခဲ့တယ်။ မိဖုရားရတနာမှာလဲပဲ စကြာဝတေး မင်းရဲ့အစွမ်းမျိုးဖြစ်တဲ့ အစွမ်းတွေအလှဂုဏ်တွေ ပျောက်ပြီးနဂိုပကတိ အခြေအနေသို့ပြန်ရောက်တယ်။ ဂဟပတိရတနာခေါ်တဲ့ သူဌေး ရတနာမှာလဲပဲ စကြာမင်းနတ်ရွာလားပြီဆိုလို့ရှိယင် သူရဲ့ဒိဗ္ဗစက္ခု အလိုလိုကွယ်ပျောက် နဂိုသို့ရောက်ခဲ့တယ်။ သားကြီးဥပရာဇာဆိုတဲ့ ပရိဏာယကရတနာမှာလဲပဲ သူတပါးစိတ်အကြံကိုသိနိုင်တဲ့ စွမ်းရည် သတ္တိတွေပျောက်ပြီးတော့ မူလပကတိရှိတဲ့ဉာဏ်ပညာအတိုင်းပဲ ရှိတော့တယ်တဲ့။

ယခုအဲဒါတွေကိုတော့ပါဠိတော်မှာ တိုက်ရိုက်မတင်ခဲ့ဖူးတဲ့။ ပကိဏ္ဏကဓမ္မဒေသနာ အနေနဲ့ မြတ်စွာဘုရားဟောကြားခဲ့တယ်။

## ဒေသနာတော်နိဂုံး

အရပ်ရပ်ပါဠိတော်သံဂါယနာတင်တဲ့အကြောင်းတွေ မတင်တဲ့ အကြောင်းတွေ အကုန်လုံးဟောပြီးတော့ ဒေသနာတော်နိဂုံးအဆုံး သတ်သောအားဖြင့် –

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

http://www.dhammadownload.com



လို့ ဒေသနာတော်ကို မြတ်စွာဘုရား နောက်ဆုံးနိဂုံးအုပ်ပါတယ်။

အာနန္ဒ= ချစ်သားအာနန္ဒာ။ သင်္ခါရာ= ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ ယသ္မာ= အကြင်ကြောင့်။ ဥပ္ပဇ္ဇိတွာ= ဖြစ်ပြီးလျှင်။ နိရုဇ္ဈန္တိ= ခဏအတွင်း ချုပ်ပျောက်ကြကုန်၏။ တသ္မာ= ထိုသို့ဖြစ်ပြီးလျှင် ခဏအတွင်း ချုပ်ပျောက်ခြင်းဟူသောအကြောင်းကြောင့်။ ဥပ္ပါဒဝယဓမ္မိနော= ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ သဘောနှစ်မျိုးရှိကြကုန်၏။ ယသ္မာ= အကြင်ကြောင့်။ ဥပ္ပါဒဝယဓမ္မိနော= ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့သဘောနှစ်မျိုးလျှင် အဆုံးသတ်ကြကုန်၏။ တသ္မာ= ထို့ကြောင့်။ သင်္ခါရာ= ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ= အမြဲမရှိကုန်စွတကား။

ဤတလံမျှလောက်သောကိုယ်ခန္ဓာ၌ နာမ်တရား ရုပ်တရား ဤနှစ်ပါးတို့သာလျှင် ခဏအတွင်းဖြစ်၍ ခဏအတွင်းချုပ်ပျောက် ကြကုန်၏။

တေသံ= ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့၏။ ဝူပသမော= ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာသည်။ သုခေါ= ဘယ်တော့မှမပျက်စီးတဲ့ ချမ်းသာကြီး စင်စစ်ကေန်မုန်လှပါပေ၏။

အဲဒီလိုသံဝေဂဉာဏ်ဖြင့် ဝိပဿနာများတင်နိုင်အောင် အနိစ္စ လက္ခဏာနဲ့မြတ်စွာ ဘုရားဓမ္မဒေသနာနိဂုံး အဆုံးသတ်တော်မူခဲ့တယ်။

**ဤတွင်မဟာသုဒဿနသုတ္တန်ကြီး ပြီးခဲ့ပါပြီ။**